# ဇင်းမယ်ဝတ္ထုတော်ကြီး

(ဓမ္မာစရိယဦးထွန်းသိန်း)

၂

၁၅၄၆၃
၂၉၄.၃၀၉၂
~~၁၁၁၀၁၁~~ ၉မ

ထိုင်းနိုင်ငံတော်
ဇင်းမယ်မြို့၌ သီတင်းသုံးတော်မူသော
ဇင်းမယ်ဆရာတော်ဘုရားကြီးသည်
ဘုရားဟောဇာတ်ဝတ္ထု နိပါတ်တော်များကို အခြေခံ၍
ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ရတနာသုံးပါး၌
သဒ္ဓါပသန္နဖြစ်စေခြင်းငှာ
စီစဉ်ရေးသားအပ်သော

# ဇင်းမယ်ဝတ္ထုတော်ကြီး

ဒုတိယတွဲ

ဘာသာပြန်ဆိုရေးသားသူ
ဓမ္မာစရိယ-ဦးထွန်းသိန်း

ပညာရောင်ခြည်စာပေဌာန၊
ကိုးထပ်ကြီးဘုရားဈေး၊
စမ်းချောင်းစာတိုက်၊ ရန်ကုန်မြို့။
ကောဇာ ၁၃၄၃-ခုနှစ်။ သာသနာ ၂၅၂၅-ခုနှစ်။

သာသနာရေးဦးစီးဌာန

# ဓမ္မဝိနယပိဋကတော်ကြီး
## ဒုတိယတွဲ
## မာတိကာ


အကြောင်းအရာ　　　　　　　　　　　　　　　　　　စာမျက်နှာ

၂၆။ ဝိပုလရာဇဇာတ်　　　　　　　　　　　　　　　　၁—၁၄

(ဗုဒ္ဓဘုရား ရှေးကဖြည့်ကျင့်ခဲ့သော ပါရမီတရားကို အကြောင်းပြု၍ ဟောတော်မူလေသည်၊ အပြင်ဒါန လှူရတာ မကျေနပ်နိုင်လို့ နှလုံးသွေးသား ဥက္ကောင်း ခြေလက်အစရှိတဲ့ အဇ္ဈတ္တိကဒါန လှူချင်လွန်းသဖြင့် တောင်းတခိုက်မှာ အလှူခံပုဏ္ဏားရောက်လာ၍ မိဖုရား သားတော် မင်းစည်းစိမ်ကို အလှူခံရာ ကျေနပ်နှစ် သက်စွာ လှူဒါန်းပုံကို ပြဆိုထားပေသည်။)

၂၇။ မဟာပဒုမဇာတ်　　　　　　　　　　　　　　　　၁၅—၄၆

(ဤဇာတ်ကိုကား မိခင်အိုအား လုပ်ကျွေးပြုစုသော ရဟန်းကို အကြောင်းပြု၍ ဟောရာ မိမိဗုဒ္ဓ၏ပါရမီ ဖြည့်စဉ်က မိခင်အား လုပ်ကျွေးပြုစုပုံကို သရုပ်ဖော် ၍ ပြထားပေသည်၊ ကောက်ကျစ်စဉ်းလဲသော မင်း တပါးကြောင့် တောမြေသို့ ရှောင်ရှားခဲ့၍ မင်းနှစ် ပါး သစ်သီးဝလံစား တရားကျင့်နေစဉ် လင်ဖြစ်သော မင်းကြီး အနိစ္စရောက် သားတယောက်နှင့် တောတွင်း မှာ ကျန်ခဲ့၍ အရွယ်ရောက်သောသားဟာ မိခင်အား လုပ်ကျွေးပုံကို သရုပ်ဖော်ထားသည်။)

၂၈။ မဟာသုရသေနရာဇဇာတ်　　　　　　　　　　　　၄၇—၅၆

(ဗုဒ္ဓသည် မိမိ၏ဥက္ကောင်း အလှူကို အကြောင်းပြု၍ ဟောတော်မူသည်၊ ဗုဒ္ဓသည် နုစဉ်ဘဝ မဟာသုရသေ

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ

နှ မင်းကြီးဖြစ်စဉ်က လက်ခြေ ဥက္ကောင်း အစရှိသော အဇ္ဈတ္တိက ဒါနကို လှူဒါန်းလိုသော ဆန္ဒဖြင့် မျှော်တနေစဉ် ဥက္ကောင်းမဲ့လုလင် ရောက်လာ၍ ဥက္ကောင်းကို အလှူခံရာ ရက်ရက်ရောရော နှမြောမတွန့် စွန့်လှူခဲ့လေသည်၊ ဒါနဟူသည် ချမ်းသာမှုကို အလိုရှိသူတိုင်း ပြုလုပ်သင့်တဲ့ အမှုဖြစ်ကြောင်းကို ပြဆိုလေသည်။)

၂၉။ ဗြဟ္မဃောသရာဇဇာတ် — ၆၀–၇၂

(ဗုဒ္ဓသည် မိမိရှေးကပြုခဲ့သော ကုသိုလ် အဆောက်အဦကို အကြောင်းပြု၍ ဟောတော်မူသည်၊ ဗြဟ္မဃောသမင်းကြီးသည် သင်္ဂဟတရားလေးပါးနှင့်အညီ တိုင်းသူပြည်သား လူများအပေါ် ကျင့်ကြံပုံ သိကြားမင်းကြီးက မာတလိနှင့်တွဲဖက်၍ ခွေးထိန်းယောကျ်ားနှင့် ခွေးကြီးများအသွင် လူမြင်သူမြင် ဖန်ဆင်းပြီး လူတွင်းမှာ လှည့်လည်၍ အစာတောင်းပုံနှင့် လောက၌ ဒုက္ခဆိုတာ ဘယ်လိုသဘောတရားများ ဖြစ်သည်ကို ဖော်ပြထားပေသည်။)

၃၀။ သေတမူသိကဇာတ် — ၇၃–၈၈

(ဗုဒ္ဓသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ နေတော်မူစဉ် ရှေးကမိမိ၏သီလ စောင့်ထိန်းမှုစွမ်းအားနှင့် အသက်စွန့်ပုံကို အကြောင်းပြု၍ ဟောတော်မူလေသည်၊ သီလတန်ခိုး မည်မျှ လွှမ်းမိုးနိုင်စွမ်းရှိပုံ နန်းကြီးရှင်က သီလခင် ကြွက်ဖြူကို အကြောင်းပြု၍ ကြွက်ဖြူပိုင်ရှင်မှာ မည်မျှ အကျိုးကျေးဇူးရှိပုံကို ဖော်ပြထားပေသည်။)

## မာတိကာ



အကြောင်းအရာ စာမျက်နှာ

၃၁။ အရိယဆတ္တဇာတ် ၈၉–၉၇

(ရတနာသုံးပါး ကြည်ညိုလေးစားမှု မည်မျှရှိသည်ကို စမ်းသပ်သောဝတ္ထု ဖြစ်သည်၊ ဓမ္မသောနဘုရင်က ငါ့အပြင် ပြည်ခွင်မှာ ရတနာသုံးပါး ကြည်ညိုသူရှာခဲ့ရာ အရိယဆတ္တသည် သူထက်ပင် ရတနာသုံးပါး ဘုရား တရား သံဃာကို ကြည်ညို၍ လက်မြှောက်ကာ အရှုံးပေးပြီး ဥပရာဇာ (အိမ်ရှေ့မင်း)ရာထူးအပ်နှင်း ရသည့်အထိ အကျိုးရှိသည်ကို ပြဆိုထားပေသည်။)

၃၂။ သုဘဒ္ဒရာဇဇာတ် ၉၈–၁၁၀

(သုဘဒ္ဒရယ် မင်းရဲ့အလုပ်က တနေ့တနေ့မှာ ဣတိပိသော ဘဂဝါနဲ့ ကိစ္စပြီးနေတာဘဲ၊ တောသို့တက်၍ ထင်းခွေ ထင်းခုတ် အလုပ်လုပ်ရင် ငွေကြေးရ၍ မင်းရဲ့ မိန်းမက မျက်နှာသာကြည်မယ်၊ ကြိုက်ရာဝယ်စား အားရှိမယ်၊ဣတိပိသောဘဂဝါနဲ့ထမင်းငတ်တဲ့အလုပ်ကို မလုပ်ပါနဲ့လားကွယ်လို့ဆိုပြီး မိတ်ဆွေတွေရော တခြားသူတွေပါ တားမြစ်ကြသည်၊ ဒါပေမဲ့ သူကတော့ သောဘဂဝါ ဣတိပိ အရဟံ စသည်ကို တတွတ်တွတ်ရွတ်ဆိုနေသည်၊ နောက်တော့ မယားကလဲ ဝင်ငွေမရတော့မကြည်ဖြူ ဘယ်မှုနဲ့စခန်းသွားပြီးဘယ်သူ မြှောက်စားလို့ မင်းတရား ဖြစ်သွားသလဲ။)

၃၃။ ဗဟာလပုတ္တဇာတ် ၁၁၁–၁၁၈

(သည်းခံခြင်းဟာ လူတိုင်းမတတ်နိုင်ပါ၊ အရေးကြုံလျှင် ရရာလက်နက်စွဲပြီး အောင်ပွဲရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တိုက်ပွဲဝင်ကြတာပါဘဲ၊ ဤ၌ ဗဟာလနွားငယ်က သူ့အမေအတွက် ကျားကြီးနှင့် ရင်ဆိုင်ရာ ဘယ်သို့ ပြောသလဲ၊ သားအမိ နှစ်ဦးစလုံးကို ကျားကြီးမစားဘဲ ဘယ့်ကြောင့် လွှတ်လိုက်သနည်း။)

## မာတိကာ

အကြောင်းအရာ — စာမျက်နှာ

၃၄။ ဗဓိရဇာတ် — ၁၁၀–၁၂၆

(တအိမ်လုံး နားပင်းခြင်း ဖြစ်ရသည့် အကြောင်းကံ ကား မည်ကဲ့သို့သော အကြောင်းကံဖြစ်သည်ကို ပြဆို ထားပေသည်။)

၃၅။ ပဒီပဒါနဇာတ် — ၁၂၇–၁၃၄

(ဆီမီးအလှူနှင့် ဘုရားဆုယူ၍ ဗျာဒိတ်တော် ခံခဲ့ပုံကို လည်လည်ပတ်ပတ် ပြဆိုထားပေသည်၊ ဘယ်လိုအင်္ဂါ ပြည့်စုံမှ ဘုရားရှင်ကလည်း ဗျာဒိတ်ပေးနိုင်၍ ဗျာဒိတ် ခံယူသူကလည်း ခံနိုင်သည်ကို စိတ်ဝင်စားစရာဖော်ပြ ထားပေသည်။)

၃၆။ ဝေလာမဇာတ် — ၁၃၅–၁၄၀

(အလှူအရာမှာတော့ သူတကာထက်သာသော ဝေလာ မ အလှူတန်ဖိုးနှင့် အကျိုးရမကိုက်ညီဘူးတဲ့၊ ဘယ့် ကြောင့် ဤကဲ့သို့ ဖြစ်ရသနည်း။)

၃၇။ ဝဋ္ဋင်္ဂုလိရာဇဇာတ် — ၁၄၆–၁၇၃

(လက်တချောင်းအစွမ်းကောင်းပုံကိုဖော်ပြထားသည်၊ ဘယ့်ကြောင့် ဤလက်တချောင်းဟာ အစွမ်းကောင်း နေရသည်ဆိုတာကိုတော့ စာရှုသူများရဲ့ တာဝန်ထား လိုက်တော့သည်။)

၃၈။ သိရသာကုမာရဇာတ် — ၁၇၄–၂၀၆

(အဖွားနေရာမှာလို့ ပုဏ္ဏားဆရာအကွက်ဆင် ပြည်မှ နှင်ထုတ်ခံရပုံ မိသားစု စိတ်ထားဖြင့် အရွယ်မရောက် သေးသော နောင်ဘုရားက ညီဖွားအတွက် အနစ်နာ ခံပုံတို့မှာ အတုယူဖွယ် ဖြစ်ပေသည်။)

အကြောင်းအရာ စာမျက်နှာ

၃၉။ သောဏရာဇဇာတ် ၂၀၇–၂၄၁

(ပေါက်ဆိန်တခု အငှကြောင်းပြု ပြစ်မှု အထွေထွေဖြင့် ဆန်းကြယ်ပေသော အကြောင်းအရာ၊ သူဌေးကလဲ အကြပ်ကိုင် ဆင်းရဲသားကလည်း ပိုင်ကွက်ကိုရ၍ ပြန်ထုနှက်သော အကြောင်းအရာနှင့် မိန်းကလေးရဲ့ ဘဝ အလှသနှင့် မင်းသားလေးရဲ့ ဖူးဇာညိုးစုန်းရိုးကာ ပြည်မှပြေးရှောကျေးလေးလုပ်သရုပ်ဖော်ရပုံတွေပါသည်။)

၄၀။ သုဝဏ္ဏကုမာရဇာတ် ၂၄၂–၂၆၆

(ရွှေမင်းသားကလေးရဲ့ အံ့သြဘွယ် အသွယ်သွယ်ကို ပြဆိုတားပေသည်၊ မဏိမေခလာက ရွှေမင်းသားလေး အားဆင်ဖြူတော်တစီး ဆက်သသတဲ့၊ ရေနတ်က မြေရပ်က ဆင်ကို ဆက်တာ အံ့သြစရာပါဘဲ၊ ရေပြင်ကို မြေပြင်လိုထင်နေသော မင်းသားလေး သွားတယ်ဆိုရင် ရေနှစ်ကွဲက မြေအတွဲလို နှစ်ပိုင်းနှစ်ဆစ်ဖြင့်တံတိုင်းဖြစ်သွားသတဲ့၊ ရေကွဲမြေကွဲက ရတနာယူ တဆူအလောင်းကို အကောင်းဆုံး ပူဇော်ကြပါသတဲ့၊ အကျိုးပြတော့ အကြောင်းက ဘယ်လိုဆိုတာကို သိလိုကြမည်၊သိဟိုဠ်မင်းနှင့် စစ်ထိုးခဏ်းပါသည်။)

၄၁။ ဗြဟ္မကုမာရဇာတ် ၂၆၇–၂၇၅

(စေတီဟောင်း ပူဇော်ကျိုးဖြင့် တန်ခိုး ကြီးထွားသူ ဖြစ်လာရသည်၊ စေတီတော်ကို လွှမ်းငုံနေတဲ့နွယ်မြက်သစ်ချုံ အကုန်ရှင်းပြီး စေတီရင်ပြင်သဲခင်း ပူဇော်ခြင်း အဖုံဖုံကို အကုန်ပြု၍ ခံစားရသော စည်းစိမ်ဖြစ်လေသည်။)

အကြောင်းအရာ စာမျက်နှာ

၄၂။ သုစိတ္တပသဇာတ် ၂၃၆–၂၇၉
(ပြဿနာလေးချက်-အသက်ကယ်ဆေး မေးခွန်းထုတ်ချက်ဖြင့် အကွက်ဆင်ပုံ ဖြေရှင်းပုံကို ပြဆိုထားသည်၊ ဘေးနှင့်ရင်ဆိုင်လျှင် ဇဝနဉာဏ်လိုသည်။)

၄၃။ အက္ခရလိခိတဇာတ် ၂၈၀–၃၀၁
(ဗုဒ္ဓဘုရားစကားတော်မြတ်ပိဋကတ်တော်ကို ပေထက်စက္ကူထက်၊ ကျောက်ထက်အက္ခရာတင်၍ အကျိုးပေးမည်သို့ရှိသည်ကို ဖော်ပြသည်။)

၄၄။ ဝဇုနဇာတ် ၃၀၂–၃၁၁
(ဗုဒ္ဓ ရုပ်တုတော်အား လေးစား ကော်ရော် ပူဇော်သဖြင့် ရရှိသောအကျိုးများကို ဖော်ပြထားသည်။)

၄၅။ အကတညုဇာတ် ၃၁၂–၃၁၉
(ကျေးဇူးကိုသိမှ ကျေးဇူးသိတဲ့အကျိုးသည် ရှည်ကြာစွာတည်၏၊ ကျေးဇူးမသိသူမှာ ဥစ္စာစည်းစိမ်ကိုရပေမဲ့ လျှပ်တပြက် အချိန်မျှသာတဲ့။)

၄၆။ ဒုကမ္မရာဇဇာတ် ၃၂၀–၃၂၈
(ဖခင်မှာစကားကို လက်တွေ့ အကောင်အထည်ပေါ်အောင် ဖော်ဆောင်ထားသည်၊ ဖခင်၏ မှာစကားနှင့် သရုပ်ဆောင်ချက်များ။)

၄၇။ ဝိဝါဒဇာတ် ၃၂၉–၃၃၇
(အငြင်းပွားမှု မည်သို့သော အကြောင်းကြောင့် ဖြစ်ပေါ်တတ်သည်၊ ဖြစ်ပွားလာသော အငြင်း ပွားမှုကို မည်သို့ဖြေရှင်း ပြေငြိမ်းစေရ သည်ကို ဖော်ပြထား သည်။)

အကြောင်းအရာ စာမျက်နှာ

၄၈။ သိဒ္ဓိသာရစက္ကဝတ္တိဇာတ် ၃၃၈–၃၄၉

(အနိုင်ကျင့်သည်ဆိုပြီး ဖခင်ဖြစ်သူက တိုင်းပြည်မှနှင်ထုတ်၍ ပစ္စုပ္ပန်ရုပ်၌အကျိုးပေးထုံးပုံ၊ လူမင်းဘုန်းကြီးနတ်မင်းမနေနိုင်ပုံနှင့် ဘဝစွန့်စားမှု အတွေ့အကြုံတို့ကို စိတ်ဝင်စားဘွယ်ရာ ဖော်ပြထားသည်။)

၄၉။ သီလဇာတ် ၃၅၀–၃၅၅

(သီလကိုလေးစားသော် သီလက အကျိုးတရား မည်ကဲ့သို့ ပြန်လည်ပြုပုံတို့ကို ဆန်းဆန်းကြယ်ကြယ် ဖော်ပြထားသည်၊ သီလစောင့်သုံးသည့်အတွက် ရပုံ အကျိုးအာနိသင်တွေကို အစုံအလင်ဖော်ပြထားသည်။)

၅၀။ မဟာသုဒဿနဇာတ် ၃၄၆–၃၇၀

(စကြာမင်းမှာ ရတနာခုနစ်ပါး ပေါ်ပေါက်လာရာ ရတနာတဦးစီ၏ စွမ်းရည်သတ္တိရှိပုံများကို ဖော်ပြထားသည်၊ ဤရတနာများကို ဘယ်ကောင်းမှု ကုသိုလ်ကို ပြုခဲ့လို့ ရသည်ဆိုတာ ကိုလည်း ရှင်းရှင်း လင်းလင်း ဖော်ထုတ် ပြဆိုထားပေသည်။)

ဒုတိယတွဲ ဇင်းမယ်မာတိကာ ပြီး၏။

# ဇင်းမယ်ဝတ္ထုတော်ကြီး

## ဒုတိယတွဲ

---

## ၂၆-ဇိပုလရာဇဇာတ်

**ဒါနခြေခံ၊ ပွဲဖြိုးသန်၍၊ ခန္ဓာတွင်းပြင်၊ အာသာငင်က၊ ရေ့ာလျှင်ခုပေး၊ ကြာမနေ့းသည်၊ ဖြစ်ရေးဘဝ အထွတ်တည်း။**

ယောဇနော မမ သရိရံ- အစရှိသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိမိသည် ရှေးက ဖြည့်ကျင့်ထည်းပူးခဲ့သော ဒါနပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းတို့မှာ တရားသဘင်၌ ဒါနကထာကို အကြောင်းပြု၍ စကားတခုဖြစ်လာသည်ကား- ငါရှင်တို့ ငါတို့၏ မြတ်စွာဘုရားသည် ရှေးဖြစ်သော အလောင်းတော်ဘဝ၌လည်း ဒါနမှုဖြင့် အလွန်မွေလျော်တော်မူပေ၏၊ အမျိုးမျိုးသော အလှူပေးမှုဖြင့် ဖြည့်ဆည်းပူးတော်မူသော ပါရမီကို ဂုဏ်တင်ချီးမွမ်းတော်မူ၏၊ ယခု ဘုရားဖြစ်သော အခါ၌လည်း ဘုန်းကံကြီးမား- အခြံအရံများသည်ဖြစ်၍ နတ်လူတို့အား လောကီလောကုတ္တရာ နှစ်ဖြာသော ချမ်းသာသုခကို ပေးတော်မူသည်ကား အံ့ဘွယ်ရှိပေစွ-ဟု စကားကို ဖြစ်စေကုန်၏။

ထိုအခါက မြတ်စွာဘုရားသည် မိမိနေရာ ဂန္ဓကုဋိ၌ နေတော်မူလျက် ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ထိုရဟန်းတို့ ပြောစကားကို ကြားတော်မူ၍ ဂန္ဓကုဋိမှ ထွက်တော်မူကာ တရားသဘင်ကျင်းပရာ သာလာသို့ကြွလာတော်မူ၏။ ထိုသာလာဝယ် ဗုဒ္ဓအတွက် ခင်းထားအပ်သော မြတ်သော ဘုရားရှင် နေရာတော်၌ ထိုင်တော်မူပြီးလျှင် ရဟန်းတို့- သင်တို့သည် ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း ဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါသည်ဘုရား ဟု လျှောက်ထားကြလေသော်-

ချစ်သား ရဟန်းတို့- ယခုအခါ ငါသည် ဘုရားဖြစ်၍ နတ်လူတို့အား လောကီလောကုတ္တရာ နှစ်ဖြာသော စည်းစိမ်ချမ်းသာကို ပေးတော်မူသည် ပဟုတ်သေး၊ ရှေးဖြစ်သော ဘုရားအလောင်းဘဝ ဖြစ်စဉ်အခါကာလကလည်း ဒါနဖြင့် အလှူအကျူး အထူးမွေ့ပျော်လျက် ဒါနပါရမီတို့ကို ဖြည့်ကျင့်ကာ မြတ်သောအလှူကြီးကို ပေးလှူသည့်ပြင် မိမိ၏မယား သားသမီးနှင့် မိမိခန္ဓာကိုယ်ကိုပါ စွန့်ကြဲပေးလှူခဲ့ဘူးပေ၏-ဟု မိန့်ကြားတော်မူပြီး၍ ဆိတ်ဆိတ် နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ချစ်သား ရဟန်းတို့- ရှေးအတိတ်အခါက သုဝမ္မဝတီ အမည်ရှိသောမြို့၌ ဝိပုလအမည်ရှိသော မင်းသည် မင်းအဖြစ်ကို ပြုလေ၏၊ ထိုမင်း၏ မိဖုရားသည်ကား စန္ဒာအမည်ရှိ၏၊ အပျိုးသမီး ကညာတသောင်းခြောက်ထောင်တို့၏ အကြီးအမှူးဖြစ်၏၊ ထိုမင်း၏သားသည် ဝိဇလအမည်ရှိ၏။

ထိုအခါ ဝိပုလမင်းကြီးသည် မိမိ၏တိုင်းနိုင်ငံ၌ ဘုရင်လုပ် အုပ်ချုပ်နေစဉ် မြို့တံခါးလေးခု၊ မြို့လယ်၊ နန်းတော်၊ ဤခြောက်ဌာနတို့၌ သာလာကြီးခြောက်ခု ဆောက်လုပ်စေပြီးလျှင် နေ့တိုင်းနေ့တိုင်း ခြောက်သိန်းသော ဥစ္စာကို စွန့်လွှတ်၍ ဒါနသာလာသို့ ရောက်လာသမျှ လူအပေါင်းတို့အား ပေးလှူလေသည်၊ နေ့ထူးရက်မြတ်ဖြစ်သော အခါကာလ၌ကား မိုးသည်းကြီးရွာချသကဲ့သို့ ကြီးစွာသောအလှူကို ပေးလှူလေသည်။

ဝိပုလမင်းကြီးသည် နံနက်အခါ၊ ညချမ်းအခါတို့၌ အမတ်အစရှိသော လူအများတို့ကို အလှူဒါန တတ်နိုင်သမျှ လှူဒါန်းကြရန်နှင့် သီလကိုစောင့်ရှောက်ကြရန် ဥပုသ်နေ့များ၌ ဥပုသ်သီတင်းဆောက်တည်ကြရန် ဆုံးမသြဝါဒ ပေးလေသည်။

တနေ့သ၌ ဝိပုလမင်းကြီးသည် နံနက်စောစော မျက်နှာ ဆေးကြော၍ တန်ဆာဆင်ယင်ကာ အမတ်အပေါင်း ခြံရံလျက် မိမိ၏ နန်းတော်သာလာ၌ ထိုင်ပြီးလျှင်-

ယောဇနော မမ သရီရံ၊ ယာစေယျ ဒါသဘူတာယ။
တဿာဟံ မမ သရီရံ၊ ဒဿာမိ ဗုဒ္ဓဘာဝါယ။

ယောဇနော၊ အကြင်သူသည်။ မမ၊ ဝိပုလမည်သင်း ငါမင်းတရား၏။ သရီရံ၊ သုံးဆဲ့နှစ်ပြာ ကောဋ္ဌာစုဆို ငါ၏ကိုယ်ကို။ ဒါသဘူတာယ၊ လိုရာရာ အသုံးမှန်သည့် ကျွန်အစေခံအဖြစ်ဖြင့်။ ယာစေယျ၊ တောင်းလာရာ၏။ အဟံ၊ ဝိပုလမည်ငြား ငါမင်းတရားသည်။ တဿ၊ ထိုတောင်းလာသူအား။ မမသရီရံ၊ ငါပိုင်ဟုဆို ခန္ဓာကိုယ်ကို။ ဗုဒ္ဓဘာဝါယ၊ အနာဂတ်ကာလ၌ ဗုဒ္ဓစင်စစ် ဘုရားဖြစ်ရခြင်းအကျိုးငှာ။ ဒဿာမိ၊ စေတနာဖြူလျှမ်းလျက် လှူဒါန်းပေအံ့သတည်း။

ဤသို့ ပြောဆိုနေလေသည်။

ဝိပုလမင်းကြီးသည် ထိုထိုဒါနသာလာ ရောက်လာသမျှသောသူတို့အား မိမိလက်ဖြင့် အလှူခံပုဂ္ဂိုလ် အလိုရှိရာကို ပေးလှူသည့်ပြင် ဒါနသာလာ၌ အမှုထမ်းဆောင်နေသော သူတို့အားလည်း လိုအပ်ရာကိုပေးလှူရန် မှာကြား ထားလေသည်။

သုဓမ္မဝတီနေပြည်တော်၌နေသော လူအပေါင်းတို့သည် မိမိတို့၏ အမှုကို ပြုလုပ်ဆောင်ရွက်လျက် အကျိုးစီးပွားကိုလည်း စုဆောင်းကာ ဥစ္စာစပါး ရွှေငွေ အသုံးအဆောင် အထွေထွေ ပြည့်ဖြိုးကြွယ်ဝကြပေ၏၊ သီချင်းသံ တူရိယာသံတို့ဖြင့် ဆူညံပျော်ရွှင်လျက် အလိုရှိသမျှ သုခချမ်းသာ အဖြာဖြာ ကို ခံစားကြရကုန်၏။

## အဇ္ဈတ္တိက လှူဒါန ပြုရစေဘို့မြော်

တနေ့မှာ ဝိပုလမင်းကြီးသည် မိမိ၏ နန်းပြာသာဒ်ဝယ် ကျက်သရေရှိ သော နေရာ၌ ထိုင်လျက် မိမိ၏အလှူဒါနကို စိစစ်လေသည်၊ နှစ်သက်ခြင်း ပီတိ ရွှန်းအိကိုယ်လုံး လွှမ်းဖုံးဖြစ်ပေါ်လျက် ရွှေခြသေ့ခံ လေသာပြူတင်း ကိုဖွင့်ကာ လမ်းမကိုကြည့်ရှုရင်း ငါသည်ကား အပဖြစ်သော ဗာဟိယဒါန ကိုသာ ပေးလှူရပေသည်၊ ထိုဒါနဖြင့် မိမိ၏စိတ်မှာ ကျေနပ်မှုမရပေ၊ ယခု ငါသည် အတွင်းဖြစ်သော အဇ္ဈတ္တိကဒါနကို ပေးလှူလို၏၊ လူအများသည် ယနေ့ စောစောစီးစီး ငါ၏ထံသို့လာလျက် ဗာဟိယ (အပဖြစ်သော) အလှူ

ဝတ္ထုကို မတောင်းပါပဲ၊ အဇ္ဈတ္တိက (အတွင်းဖြစ်သော) အလှူဝတ္ထုကို တောင်းလာမူကား ကောင်းပေစွ၊ ထိုသူတို့အား ငါသည် ထိုအဇ္ဈတ္တိကဒါန အလှူကို ပေးလှူအံ့၊ အကယ်၍ တဦးတယောက်သောသူသည် ငါ၏ဥက္ခောင်းကို တောင်းငြားအံ့၊ ထိုသူအား ဥက္ခောင်းကို ပေးလှူအံ့၊နှလုံးသားကိုတောင်းငြားအံ့၊ နှလုံးသားကို ပေးလှူအံ့၊ မျက်စိကိုသော်၎င်း, အသွေးအသားကို သော်၎င်း, ကိုယ်တခြမ်းကိုသော်၎င်း, တကိုယ်လုံးကိုသော်၎င်း တောင်းလာငြားအံ့၊ ထိုသူအား ထိုထိုအလိုရှိရာအဖြာဖြာကို ပေးလှူအံ့၊ အကယ်၍ တစုံတယောက်သောသူသည် ဟေ- ဝိပုလမင်း သင်သည် ငါ၏လိုရာအထွေထွေ အနိုင်းအစေခံ ကျွန်ဖြစ်လေလောဟု တောင်းငြားအံ့၊ ငါသည် မိမိကိုယ်ကို ဖျောင်းဖျ၍ ထိုအလှူခံ၏ ကျွန်အဖြစ်ဖြင့် မိမိကိုယ်ကို ပေးလှူအံ့၊ အလှူခံပုဂ္ဂိုလ် အလိုရှိရာကို ပေးလှူအံ့ဟု အကြံဖြစ်လေသည်။

ဤသို့ မိမိကိုယ်တိုင် ပိုင်ပိုင်စိတ်ပြု လှူနိုင်သော သဘောကို ကြံဆနေသော ဝိပုလမင်း၏ အဇ္ဈတ္တိက (အတွင်းဒါန)ကို ပေးလှူရန် ကြံဆနေသော အာနုဘော်အစွမ်းကြောင့် မဟာပထဝီသည် အသံမြည်ဟီးလျက် လှုပ်လေသည်၊ သမုဒ္ဒရာသည် ချောက်ချား၏၊ မြင်းမိုရ်တောင်သည် ကောင်းစွာပေါင်းနှုးအပ်သော ကြိမ်ညွန့်ကဲ့သို့ သုဓမ္မာဝတီမြို့သို့ဦးညွတ်တည်၏၊ မြေသံဖြင့် မိုးယံထစ်ကြိုးလျက် မိုးသည်းကြီးရွာ၏၊ အခါမဲ့ လျှပ်စစ်ပြက်၏၊ သိကြားမင်းသည် လက်ပမ်းပေါင်းခတ်၏၊ မဟာဗြဟ္မာသည် ကောင်းချီးပေး၏၊ အလုံးစုံသော နတ်တို့သည် ထို့အတူ ကောင်းချီးပေးကုန်၏၊ မြေအပြင်မှ ဗြဟ္မာပြည်ခွင်အထိ တခုသော ကောလာဟလသည် ဖြစ်၏၊ ထိုဝိပုလမင်းကြီး၏ မိမိစိတ်ထား သဘောတရားကို ကြံစည်သော တန်ခိုးအာနုဘော်အားဖြင့် ဤပြဆိုအပ်သော အံ့ဩဘွယ်ရာများ ဖြစ်လေသည်၊ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

တို့နောက် ဝိပုလမင်းကြီးသည် ခြောက်ခုသော ဒါနသာလာကို ဆောက်လုပ်စေ၍ လူအများတို့အား မဟာဒါနကြီးကို နေ့စဉ်ပေးလှူလေသည်။

ဝိပုလမည်သော ထိုမင်းသည် တရားနှင့်အညီ ပင်းပြုလျက် မြတ်သော နေရာ၌ ထိုင်တော်မူ၍ အလှူကို ပေးလှူခြင်းငှာသာ ကြံစည်လေသည်။

ထိုအခါ ထိုဝိပုလမင်းသည် ခြသေ့ခံပြူတင်းကို ဖွင့်လျက် လမ်းမကြီးကို ကြည့်ကာ အမြဲသာ ကြံစည်နေသည်ကား–

အလှူခံသည် ငါ့ထံ လာရောက်လျက် ငါ၏ကိုယ်ကို ကျွန်ပြုလို၍ တောင်း ခံလာငြားအံ့၊ မိမိကိုယ်ကို အလိုတကျဖြစ်အောင် ဖျောင်းဖျလျက် ကျွန်လုပ်၍ ထိုသူအား လှူပါအံ့။

ဤသို့သဘော တွေးတောဆင်ခြင် နေတုန်းမှာပင် မြေပြင်အစုတ် တုန် လှုပ်လေ၏၊ တောင်မင်းရာဇာ မြင်းမိုရ်လှာလည်း ပမာယူနှောက် ဦးဆောက်ပန်းနေ ညွတ်ရှိုင်းလေ၏။

ထိုအခါတွင် မြေလွှာပထဝီ ကြောက်ဖွယ်မြည်၍ ထသည်မွေးညှင်းကြက်သီး ဖျင်းလျက် ကြံခြင်းသဘော မြေကြောထို၍ လှုပ်လေသတည်း။

ထိုသောခါဝယ် ကြောက်ရာတသင်း မွေးညှင်း ထောင်စေ ကြံလေ သဘော ရှိသောအကျိုက် အခါဋ္ဌလျှင် သံလိုက်များတု မြည်သံပြုလျက် သုဓမ္မဝတိ မင်းနေပြည်သည်၊ ရှစ်လိဘက်စုံ သံကုန်မြွမ်းသတည်း။

## သိကြားနေရာ ကျောက်ဖျာပူ

တိုခဏ ဒေဝသနင်း သိကြားမင်း၏ ဘုံဗိမာန်သည် ပူသော အခြင်းအရာ ကို ထင်စွာပြလေ၏။ သိကြားမင်းသည် ပူသော အခြင်းအရာကို ဆင်ခြင် သိမြင်၍-

ကောင်းမှုအဝ ဝ ဒါနကိုပြု ကျင့်မှုစိတ်ကပ် ထိုသူမြတ်ကား နတ်လော လူလော၊ ဘယ်သို့သောသူ ဖြစ်လေသနည်း၊ ထိုသို့သောသူ၊ စိတ်ယူ ဖောက်ပြား ငါ့အားနေရာ၊ ဝတိံသာမှ ရွှေ့ရှာစေလိုသလော ဟု ဆင်ခြင်၏။

ထိုအခါ သိကြားမင်းသည် ထိုအကြောင်းကိုသိလျှင် ကြည်ရွှင်ဝမ်းမြောက် လျက်- ယခုအခါ ဝိပုလရာဇာသည် လာသမျှ အလှူခံတို့အား ပြင်ပဗာဟိယ ဒါနကို ပေးလှူရသော်လည်း ရောင့်ရဲမှုမပြေ့တင်း အတွင်းအဇ္ဈတ္တိက မျက်လုံး စသော ဒါနမျိုးကို ပေးလှူလိုသောစိတ်ဓာတ်ဖြင့် အနာဂတ်ကာလဝယ် ဗုဒ္ဓ စင်စစ် ဖြစ်ပေလတံ့။ ယခု ငါသည် ဝိပုလရာဇာ၏ စိတ်အလိုကို ပြည့်စေအံ့ဟု ကြံ၍ နတ်ပြည်မှထွက် လူ့ပြည်သို့ ဆင်းသက်ခဲ့လေသည်။

သိကြားမင်းသည် ပုဏ္ဏားပျိုအသွင် မိမိကိုယ်ကို ထင်စေလျက် နန်းယင် ပြင်သို့ စောစောစီးစီး ခရီးပြင်ဆင် ဝင်လာ၏။ ထိုနေ့မှာ ဘုရားအလောင်း ဝိပုလ စောစောကြီးထ၍ ကိုယ်ကာယ အနေမညှိုးအောင် ရေချိုးပြီးလျှင် ချိုချဉ်ရသာ အဖြာဖြာ ကြိုက်ရာစားသုံး၍ တရားထုံးအစဉ် ဆင်ခြင်ကြံဆ

သည်ကား ငါသည်တမူ ဘုရားဆုကိုယူလို၍ ထိုထို့ဌာန ဒါနသာလာ အဖြာဖြာ ကောင်းစွာသွားရောက် ဒါနမြောက်ပစ္စည်း အသီးသီးကို စီစစ်အံ့ဟု အကြံဖြစ်လေသည်။

## ပုဏ္ဏားတယောက် ရှေမှောက်မှာမြင်

ဤသို့ ကြံစည်ပြီးကာ မင်းနှင့်ထိုက်တန်ရာ အဝတ်တန်ဆာတို့ကို ဝတ်ဆင်၍ မင်္ဂလာဆင်ယာဥ်၏ ကျောက်ကုန်းထက်၌နေလျက် အမတ်ကြီးတွေခြံရံကာ မြို့လယ်တွင်ရှိသော ဒါနသာလာသို့ ဝင်၍ ယင်းဒါနသာလာမှာ ပေးလှူသော ပစ္စည်းများကို စီစစ်နေလေသည်။

ထိုအခါ ပုဏ္ဏားပျို အသွင်ကိုဆောင်သော သိကြားမင်းသည် ဝိပုလမင်း၏ ရှေမှောက်မှာ ရပ်လျက် မိမိ၏ညာလက်ကို ဖြန့်လျက် မြတ်သောမင်းကြီး-အောင်စေသတည်း- (ဇယတံ ဘဝံမဟာရာဇ) ဟု ပုဏ္ဏားတို့၏ ထုံးစံအတိုင်း သုံးကြိမ်ဝိုင်ဝိုင် အသံပြုလျက် အောင်ဆုမြွက်ကြွေး ပေးနေလေသည်။

ဘုရားအလောင်း ဝိပုလမင်းသည် ထုတိဇယ အောင်ဆု ပေးသံကို ကြားလျှင်-

အိုပုဏ္ဏား- ငါကား သင့်ကို မေးပါသည်၊ ဘယ်အကြောင်းကြောင့် ဤအရပ်သို့လာသည်၊ ဘယ်ဟာကို လိုချင်သည်၊ ငါ့အားဖြေကြားပါ ပုဏ္ဏားပျို-ဟု မေးလေသည်။

အိုမင်းမြတ်-သင်မင်းမြတ်ကြီးသည်ကား ရေပြည့် သမုဒ္ဒရာ ဖြစ်ပါပေသည်၊ အချိန်ကာလ မည်မျှ ကြာသော်လည်း လှူဒါန်း၍ မကုန်နိုင်ပါ၊ သို့ဖြစ်၍ ရှင်မင်းကြီးကို တောင်းခံရန် လာခဲ့ပါ၏၊ ကျွန်ုပ်သည်ကား အိမ်ဖော်မမှီး တကိုယ်တည်းဖြစ်၍ ဇနီးအတွက် သင်မင်းကြီး မြတ်နိုး စုံမက်တော်မူသော စန္ဒာဒေဝီကို တောင်းရန်လာခဲ့ပါသည်။

ထိုစကားကိုကြားလျှင် ဝိပုလမင်းကြီးသည် ပီတိပြည့်လျှမ်း ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ ယနေ့လွန်မြောက် နက်ဖြန် ဘုရားအဖြစ်သို့ ရောက်မည့်သူကဲ့သို့ရှင်း, ပစ္စည်းပါးရှား ဆင်းရဲသားလက်ထဲ ရွှေထောင်ထုပ်ကို ထည့်သကဲ့သို့ရှင်း ကျေးဇူးအထူးတင်ပါသည် မြတ်သောပုဏ္ဏား- ယခုပင် သင့်အလိုကို ပြည့်စေပါအံ့-ဟု ပြောဆိုလျက် မတွန့်မဆုတ် မတုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍-

အိုပုဏ္ဏား- သင်လိုလားတောင်းခံသော အရာကို ပေးပါမည်။ တစုံတရာ ချောက်ချားခြင်း မရှိပါ၊ ထင်ရှားရှိသော ပစ္စည်းကို မလျှို့ဝှက်ပါ၊ ကျွန်ုပ်၏စိတ်သည် ပေးလှူမှု၌ မွေ့လျော်ပျော်ပိုက်ပါ၏။

ဤသို့ ပြောကြားပြီးလျှင် ဘုရားအလောင်း ဝိပုလရာဇာသည် မိမိ၏ ချစ်မိဖုရားကြီး စန္ဒာဒေဝီကို ကြည့်ရှုလျက်- ရှင်မ စန္ဒာဒေဝီ- ရွှေဆိတ်သည်သား ဤပုဏ္ဏားပျိုက တခြားကိုလို၍ ဒီကိုလာသည် မဟုတ်ပါ မိဖုရားကိုလိုချင်၍လာပါသည်တဲ့၊ ငါကလည်း သဗ္ဗညုတရွှေဉာဏ်တော်ကို ကောန်လိုချင်သည်၊ သင် စန္ဒာဒေဝီဟာ မောင်တော်ရဲ့ သဗ္ဗညုတရွှေဉာဏ်ရရန်အတွက် ဘရိယ ပရိစာဂ အမည်ရတဲ့ ဒါနပါရမီကူညီ၍ ဖြည့်ပါဦး နှမတော်-ဟု ပြောဆိုလေသည်။

ဘုရားအလောင်း ဝိပုလမင်း၏ စကားကိုကြားလျှင် စန္ဒာဒေဝီမိဖုရားသည် ဝမ်းမြောက်စွာလက်ခံလေ၏၊ ထိုအခါဘုရားအလောင်းသည် အားရ ရှင်တက် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ လျှင်မြန်စွာ နံ့သာရေတို့ဖြင့် ပြည့်သော ရွှေကရားကိုယူကာ မိဖုရားကို လက်ဆွဲလျက် မြေကြီးကို တိုင်တည် သက်သေထားကာ အလှူရေစက် သွန်းချ၍ ဤဂါထာနှစ်ပုဒ်ကို ဆို၏။

အို ပုဏ္ဏားမြတ်- နောင်သောအခါ၌ သဗ္ဗညုတရွှေဉာဏ် ကောန်ရလိုသော အကြောင်းကြောင့် ကျွန်ုပ်၏ ချစ်မယားကို သင်ပုဏ္ဏားအား ပေလှူးပါ၏၊ သင်သည် ကျွန်ုပ်၏ မိဖုရား စန္ဒာဒေဝီကို ယူပါလေလော။

အို ပုဏ္ဏားမြတ်- သင်သည် အကျွန်ုပ်၏မယား စန္ဒာဒေဝီကို သင် အလိုရှိရာသို့ ခေါ်ဆောင်သွား၍ အလိုရှိတိုင်း ချမ်းသာစွာ နေပါလေလော-ဟု ပြောဆို၏။

ဘုရားအလောင်း ဝိပုလရာဇာသည် အလွန်နှစ်သက်ဝမ်းမြောက်၍ ပုဏ္ဏားပျိုနှင့် စကားပြောဆိုလိုသောကြောင့်-

အို ပုဏ္ဏားမြတ်-ကျွန်ုပ်သည်မယားစန္ဒာဒေဝီကိုမြတ်နိုးနှစ်သက်ချစ်ခင်စုံမက်ပါ၏၊ လင်သား၏ စိတ်နှလုံးကိုလည်း ရှင်ပြုံးနှစ်သက် စေတတ်ပါ၏၊ စင်စစ်အားဖြင့် အနာဂတ်ကာလ၌ သိရမည့် သဗ္ဗညုတ ရွှေဉာဏ်ကိုကျွန်ုပ်ချစ်မယား စန္ဒာဒေဝီထက် အဆရာထောင် သိန်းသန်းမက ပိုလွန်၍ ချစ်မြတ်နိုးလှပါ၏၊ ထို့ကြောင့် ယနေ့ကျွန်ုပ်သည် ချစ်မယားစန္ဒာဒေဝီကို သင့်အား ပေးလှူသည့်အတွက် စကြဝတေးမင်းစသော လူ့စည်းစိမ်ကို မမျှော်မှန်း မတောင့်တပါ၊ နတ်မင်းစည်းစိမ်ကိုလည်း မချိန်ရွယ်ပါ၊ အနာဂတ်ကာလ သာဝကအဖြစ်ကိုလည်း မချစ်မြတ်နိုးပါ၊ ပစ္စေကဗုဒ္ဓါဘုရားဆုကိုလည်း ရည်ရွယ်၍ မပြုပါ၊ ဤသို့ ပြောဆိုပြီးလျှင် မိမိမယား စန္ဒာဒေဝီကို ပုဏ္ဏားပျိုအား ပေးအပ်လေသည်။

ထိုခေတ်၌ မြေတူးလုပ်ခြင်းစသော အံ့ဘွယ်တို့သည် အသွယ်သွယ် အမြင်ခြားအောင် ထင်ရှားစွာ ဖြစ်ကြလေကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ထိုအခါ သုဓမ္မဝတီတိုင်းသူပြည်သားတို့၏ စိတ်နှလုံးကို တိုးပွားစေတတ်သော ဝိပုလမင်းသည် သဗ္ဗညုရွှေဉာဏ် ဧကန်ရလိုသောအကြောင်းကြောင့် မိမိ၏မယား စန္ဒာဒေဝီကို ပုဏ္ဏားအားပေးလှူလေပြီ။

မိဖုရားကို ပုဏ္ဏားအား သဒ္ဒါတရားဖြင့် ပေးလှူသည် ရှိသော် မြေကြီးတုန်လှုပ်၍ မြင်းမိုရ်တောင်သည် သုဓမ္မဝတီ တိုင်းပြည်ကြီးသို့ ဦးညွှတ်လေသည်။

ထိုအခါ မိဖုရားကို စွန့်ကြဲ လှူဒါန်းသောကြောင့် မြေကြီးသည် တုန်ဟီးလျက် ကြက်သီးထဘွယ် အသံကိုကို မြည်ခါ သွက်သွက်ခါ တုန်လှုပ်လေသည်။

မိဖုရားကို စွန့်ကြဲ လှူဒါန်းသည့် အတွက် တမြို့လုံး ကြောက်ဘွယ်ကြက်သီးထဘွယ်ဖြစ်လျက် ချောက်ချားလေသည်။

ဘုရားအလောင်း ဝိပုလမင်းသည် ပုဏ္ဏားအား စန္ဒာဒေဝီ မိဖုရားကို ပေးလှူပြီး၍ လက်အုပ်ချီကာ ငါ၏အလှူသည် ကောင်းမြတ်သော အလှူပေတည်းဟု ရွှင်မြူးအားရမ်း ဥဒါန်းကျူးလေသည်ကား—

ဣမိနာ ဒေဝိဒါနေန၊ ဗုဒ္ဓေါ ဟောမိ အနာဂတေ။

ဗုဒ္ဓကမ္မံ ကရိဿာမိ၊ ပတ္တနာ မေ သမိဇ္ဈတု။

ဣမိနာ ဒေဝိဒါနေန၊စန္ဒာဒေဝီ ရွှေညီနှန်းသူ လှူရသောဤဒါနကြောင့်။ အနာဂတေ၊ ဖြစ်လတံ့ချိန်ခါ အနာဂတ် သံသရာ၌။ ဗုဒ္ဓေါ၊ သစ္စာလေးရပ် အရေးသတ်၍ တွေးမှတ်သိထင် ဘုရားရှင်သည်။ ဟောမိ၊ မုချစင်စစ် ဖြစ်ရပါစေသား အရှင်ဘုရား။ ဗုဒ္ဓကမ္မံ၊ ဘုရားဟူသမျှ မုချသင့်ရိုး အကျင့်မျိုးကို။ ကရိဿာမိ၊ မကျန်တခု အမှန်ရှု၍ ပြုကျင့်ပါတော့အံ့။ မေ၊ ဝိပုလဟု နာမတွင်လတ် ငါမင်းမြတ်၏။ပတ္တနာ၊သဗ္ဗညုရွှေဉာဏ် အခြေခံလျက် ဧကန်ကြောင်းပြုတောင်းသု ပတ္တနာသည်။ သမိဇ္ဈတု၊ သော်တာယုန်နန်း လပြည့် စန်းသို့ ရောင်ရှန်းဝေဖြာ ပြည့်ပါစေသတည်း။

## သားတော်လဲလှူ

ပုဏ္ဏားပျိုသည် မိဖုရားကိုခေါ်ဆောင်၍ တော်လောက်ရုံ သွားပြီးလျှင် သိကြားနည်းသိကြားဟန်ဖြင့် လူမမြင်ရန် ဝှက်ထားခဲ့၍ တခြားပုဏ္ဏားအသွင်

အမြင်တမျိုးလှယ်လျက် မြို့လယ်ဘက် ဒါနသာလာသို့ ကြွလာပြန်ကာ မိမိ၏ ညာလက်ကိုဆန့်တန်းလျက် အောင်ပန်းဤသို့ မြွက်ဆို၏။

အလှူဆို တမူပိုတဲ့ အိုမင်းမြတ်· သင်မင်းမြတ်သည် အတွင်းခေတ် သဒ္ဓါဂုဏ်နှင့် ပြည့်စုံလှပါ ပေ၏။ သင်မင်းမြတ်သည် အချစ်ခေတ် အလွန်ပိုတဲ့ သားကို ကျွန်ုပ်အား ပေးလှူပါလော။

ယင်းပုဏ္ဏား၏စကားကို ကြားသောအခါ ဝိပုလ မင်းကြီးသည် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မိမိ၏သား ဝိဇလ၏ ပြည့်ဝသောမျက်နှာကို ကြည့်လျက် သားတော်နှင့် စကားပြောဆိုလိုရကား ဤဂါထာကိုဆို၏။

သားမောင် ဝိဇလ· ငါသည် နောင်အခါ၌ ဘုရားဖြစ်ရန် သဗ္ဗညုတ ရွှေဉာဏ်ကို တောင့်တပါ၏။ အလိုရှိပါ၏။ ယခုအခါ အလှူခံပုဏ္ဏား သည် သားတော်ကို အလှူခံနေပါ၏၊ ငါသည် ယနေ့ သားတော်ကို လှူလိုပါသဖြင့် သားတော်သည် ငါ၏စကားကို နားထောင်ပါလော့။

အဖစကားကိုကြားလျှင် သားတော် ဝိဇလသည် ဝမ်းမြောက် ဝပ်သာ ဖြစ်လျက် အို·ခမည်းတော်မင်းကြီး· ကျွန်ုပ်သည် သင်ခမည်းတော်မင်းကြီး၏ အလိုဆန္ဒကို ပြည့်ဝစေပါအံ့·ဟုဆို၍ ခမည်းတော်မင်းကြီးနှင့်အတူ ရဲရင့်သော သီဟနာဒကို ဆိုလိုရကား ဤသို့ဆို၏။

အိုခမည်းတော်မင်းကြီး· ကျွန်ုပ်သည် ဖခင်၏သားဖြစ်၍ ခမည်းတော်သည် ကျွန်ုပ်အား ရောင်းလိုလျှင် ရောင်း သတ်လိုလျှင် သတ် အလိုရှိရာကိုပြုနိုင် ပါသည်၊ ကျွန်ုပ်သည်ခမည်းတော်၏ စကားကိုနာခံလျက် ဝမ်းမြောက်စွာဖြင့် မိမိကိုယ်ကို ပေးလှူပါအံ့။

ထိုအခါ ဝိပုလမင်းကြီးသည် မိမိ၏ ချစ်လှစွာသော ဝိဇလမင်းသားကို ရေမိုးချိုးစေ၍ မွန်မြတ်သော ဘောဇဉ်များကို ကျွေးမွေးပြီးလျှင် တန်ဆာ ဆင်ယင်စေကာ မိမိ၏ရင်ခွင်၌ နေစေ၍ သား၏ဦးထိပ်၌ နမ်းစုပ်ပြီးလျှင် ပုဏ္ဏားအား သားအလှူဟူသော ဒါနမြတ်ကို ပေးလှူလေသည်။ ထိုအကြောင်း ကိုပြလိုသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သားတော်၏စကား ကြားရပြီးနောက် မိမိ၏သားကို ရေမိုးချိုးစေကာ သန့်ရှင်းစင်ကြယ်သော အဝတ်များကို ဝတ်ဆင်စေလျက် ရင်ခွင်မှာ နေစေ၍ ဦးထိပ်၌နမ်းရှုပ်၍စုပ်လျက် မွေလျော်စေ၏။

ထို့နောက် ရတနာတို့ဖြင့် ပြုလုပ်သော နားဝတ်တန်ဆာကို ပန်ဆင် လျက် ဆင်မြန်းစရာ တန်ဆာအားလုံးတို့ကို ဆင်မြန်း ဝတ်ဆင်ထား

သော နန်းတော်ထက်ဖွား မင်းသား ဝိဇလကို ပုဏ္ဏားအား ပေးလှူ
လေသည်။

ထို့နောက် ဝိပုလမင်းကြီးသည် နတ်အပေါင်းအား မိမိအလှူကို သက်
သေထား၍ ယင်းနတ်အပေါင်းအား အနုမောဒနာ ပြုစေလိုရကား
ဤဂါထာနှစ်ပုဒ်ကို ဆိုလေ၏။

ဒိုးနတ်များတို့- သင်နတ်များတို့သည် ဤနေရာလာရောက်၍ ကျွန်ုပ်၏
အလှူကို ဝမ်းမြောက်နှမော် သာဓုခေါ်ကြ ပါကုန်၊ ကောင်းမှု၏
အကျိုးဘာဂကို ယူကြပါကုန်။

အနာဂတ်ကာလ၌ သဗ္ဗညုတညာဏ် ဧကန်ရလိုသောကြောင့် ပုဏ္ဏားအား
သားချစ်ကိုလှူပါ၏။ အမြိုက်တရားကို သိရပါစေသား။

ဤသို့ ဆုတောင်းပတ္တနာပြုပြီး၍ ဘုရားလောင်း ဝိပုလမင်းသည် မိမိ၏
ချစ်သောသား အလှူမြတ်ကို ပုဏ္ဏားအသွင်ဆောင်သော သိကြားမင်းအား
ပေးလှူလေ၏။ ထိုအခိုက်တွင် ဘုရားလောင်း၏ ဒါနတန်ခိုးကြောင့် အမျိုး
မျိုးသော အံ့ဘွယ်တို့သည် ပြန့်ကျယ်စွာ ဖြစ်ကုန်၏။ ထိုအကြောင်းကို ပြလို
သော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်တော်မူ၏။

သားချစ်လှူရာ၊ ထိုအခါဝယ်၊ ပထဗျာ မြေကြီး၊ အသံဟီးလျက်၊
ကြက်သီးတဘွယ်၊ ရပ်ရှစ်နယ်၊ သွယ်သွယ် တုန်လှုပ်သည်။

ပင်းသားလှူရာ၊ ထိုအခါ၊ မြို့မှာ ချောက်ချားသည်။

မြို့သူအားလုံး၊ စုရုံးပေါင်းစည်း၊ ကောင်းချီးဆိုလျက် သံစုံမြွက်၊
အုတ်ကျက် အုတ်ကျက် ဖြစ်လေသည်။

ကြမ်းထပ်ခက်မာ၊ ကြောက်စရာ၊ ကျယ်စွာသံလည်း ပေါ်လေသည်။
ဝိပုလမင်းကြီးသည် မိမိသားချစ်ကို ပေးလှူပြီးနောက် ဝမ်းမြောက်
ဝမ်းသာ ယိုသာလာမှာပင် နေလေသည်။

သိကြားမင်းသည် မင်းသားကို တော်ရာမှာ နတ်တန်ခိုး ဣဒ္ဓိပါဒ်ဖြင့်
ဖျောက်ပို့၍ တယောက်သော ပုဏ္ဏားအိုကြီးအသွင် ဆံပင်ဖြူဖွေး ကိုယ်မွေး
ရှည်လွင် တောင်ဝှေးကိုဆွဲငင် တငင်ငင် ရွေ့လျားလျက် အားပြု၍လာရ
သည်နှယ် ပြုလယ်သာလာ တည်နေရာသို့ ကပ်ရောက်လာလေသည်။ ပုဏ္ဏားအို
အသွင် ပုံဟန်ဆင်ယားသော သိကြားမင်းကို မြင်လျှင် ဝိပုလမင်းကြီးသည်
ပုဏ္ဏားအိုကြီးအား လာခြင်း၏အကြောင်းကို–

> အိုမြတ်သောပုဏ္ဏားကြီး- ဘယ်အကြောင်းကြောင့် ဤနေရာ၌ာနသို့ ရောက်လာပါသနည်း၊ လာခြင်းရဲ့ အကြောင်းကို ကျွန်ုပ်အား ပြော ကြားပါ။

ဝိပုလမင်းကြီး၏စကားကိုကြားလျှင် ပုဏ္ဏားအို အသွင်အမြင်ဆောင်သော သိကြားမင်းသည် မိမိဤနေရာသို့လာခြင်း၏အကြောင်းကို ဤကဲ့သို့ ပြောပြ လေသည်။

> အိုမင်းမြတ်- ကျွန်ုပ်သည် အိုမင်းရှုံတွ၍အားအင်ပလလသည်း ဆုတ်ယုတ် ပျက်စီးနေပါပြီ၊ ခရီးရှေကို သွားနိုင်သော စွမ်းရည် မရှိတော့ပါ၊ အလှူပေးမှာ သတင်းကောင်း ပြေးနေသော အသံကိုကြားရ၍ သင် မင်းကြီး၏ အထံသို့ မင်းစည်းစိမ်ကို တောင်းခံခြင်းငှာ လာခဲ့ပါ၏၊ သင်မင်းကြီးသည် ကျွန်ုပ်အား မင်းစည်းစိမ်ကို ပေးတော်မူပါလော။

ပုဏ္ဏားအိုဆိုသော စကားကိုကြားလျှင် ဘုရားအလောင်း ဝိပုလမင်းသည် ပီတိပြည့်တင်းသော နှလုံးရှိသည်ဖြစ်၍ မိမိ၏ မင်းစည်းစိမ် ကျက်သရေကို ပုဏ္ဏားအိုအသွင်ယောင် ပုံဟန်ဆောင်သော သိကြားမင်းအား ပေးလှူလို၍ ဤသို့ဆိုလေသည်။

> အိုပုဏ္ဏားအိုကြီး- စစ်သည်ဗိုလ်ပါ မြတ်နိုးဘွယ်ရာ ပေါင်းများစွာနှင့် ပြည့်စုံသော နှစ်သက်ဘွယ်ရာ မင်းစည်းစိမ်ကို ခံယူပါလော။ သင် ပုဏ္ဏားကြီး၏ အလိုဆန္ဒကို ပြည့်ဝပါစေအံ့။ ကျွန်ုပ်၏စိတ်နှလုံးသည် အလှူအတန်း ပေးကမ်းစွန့်ကြဲခြင်း၌ အမြဲတစေ မွေ့လျော်နေပါ၏။

ဤသို့ပြောဆိုပြီး ထိုခဏမှာပင် ဝိပုလ ရှင်ဘုရင်သည် နံ့သာရေစင်ပြည့် သော ရွှေကရားကိုကိုင်ယူ၍ ပုဏ္ဏားအိုကြီးအသွင်ဆောင်သော သိကြားမင်း၏ လက်၌ အလှူရေစက်သွန်းချပြီးလျှင် မိမိ၏ မင်းစည်းစိမ် ကျက်သရေကိုလှူကာ ဤဂီတိ သုံးဂါထာကို ဆိုလေသည်။

> အနာဂတ်ကာလ နောင်အခါ ဗောဓိဉာဏ်ရရန် အကြောင်းသာ၊ ကျွန်ုပ်သည်ကား အလှူကိုချစ်မြတ်နိုးပါ၊ ပြည်စည်းစိမ် အလှူမင်္ဂလာ၊ ခံယူဝမ်းမြောက်စွာ၊အိုပုဏ္ဏားအိုကြီးခင်ဗျာ၊ ဗောဓိဉာဏ်အတွက်တာ၊ ကာမဂုဏ်အာရုံခံစရာ ပြည့်စုံစွာ၊ ဤတိုင်းပြည် မဟာ၊ သဒ္ဓါဖြူဖွေး လှူပေးလိုက်ရပါ၊ ဤပုညကြောင့် မုချနောက်ခါ၊ ဗောဓိရွှေဉာဏ်၊ အမှန်ရကာ၊ လူ,နတ်,ဗြဟ္မာ၊ သတ္တဝါထွေရာ၊ နိဗ္ဗူကမ်း တင်စွမ်း နိုင်စေပါ။

## ဘုရားအလောင်း ပီပဲါပေတယ်

အို မင်းမြတ်- သင်သည်ကား ဘုရားအလောင်းစင်စစ် ဖြစ်ပေ၏၊ အနာဂတ်ကာလ၌ မချွတ်ကေန် အမှန်စင်စစ် ဘုရားဖြစ်ပါလိမ့်မည်၊ ငါသည် လူအများထင်သလို ပုဏ္ဏားအို မဟုတ်ပါ၊ အမှန်မှာတော့ နတ်တို့သနင်း သိကြားမင်းသာ ဖြစ်ပါ၏၊ သင်၏ပါရမီအကျင့် အသင့်ကုံလုံ ပြည့်စုံစေခြင်းငှာ ဤနေရာသို့ လာခဲ့ပါ၏၊ သင်လှူအပ်သော ဒါနသုံးမျိုးကို သင့်အား ပြန်လည်ပေးအပ်ပါ၏။

သက္ကောဟမသ္မိ ဒေဝိန္ဒော၊ ဒသ္သာမိ တေ ဒါနတ္တယံ။
ဒေဝိ ပုတ္တံ ရဇ္ဇံ သိရိံ၊ ဂဏှာဟိ မမ သန္တိကာ။

အဟံ၊ သင်၏ရှေ့မှောက် အတွေ့ရောက်သူ ငါတမူကား။ ဒေဝိန္ဒော၊ စတုမဟာရာဇ်နှင့် တာဝတိံသာ နတ်ရွာနှစ်ရပ် ချဉ်းကပ်လာငြား နတ်အများကို အစိုးရသော။ သက္ကော၊ သိကြားမင်းသည်။ အသ္မိ၊ ဖြစ်ပါပေ၏။ တေ၊ သင်မင်းမြတ်အား။ ဒါနတ္တယံ၊ ဒါနမျိုးစု ဤသုံးခုကို။ ဒသ္သာမိ၊ပြန်၍တမူ ပေးလှူပါ၏၊ မမသန္တိကာ၊ ပုဏ္ဏားအသွင် အမြင်ပုံလုပ် ကျွန်ုပ်၏အထံမှ။ ဒေဝိံ၊ အသက်အလား အချစ်ပွားသည့် မယားကိုင်း။ ပုတ္တံ၊ ယဉ်ကျေးလိမ္မာ သားရတနာကိုင်း။ ရဇ္ဇံသိရိံ၊ ကျက်သရေဖြိုးရှိန် မင်းစည်းစိမ်ကိုငင်း။ ဂဏှာဟိ၊ ဝမ်းမြောက်ကြည်သာ ခံယူရာသတည်း။

ဝိပုလမင်းအား မိမိ၏ သိကြားအဖြစ်ကို ပြောပြပြီးလျှင် မယားအလှူ သားအလှူ ပိုင်းပြည်အလှူကို ကြည်ဖြူဝမ်းသာ အနုမောဒနာပြု၍ မိဖုရား သားတော်နှင့် မင်းစည်းစိမ်ကို ပြန်လည်ပေးအပ်လေသည်။

မိဖုရားနှင့်၊ သားမြတ်အလှ၊ ရဇ္ဇစည်းစိမ်၊ ဂုဏ်သိရ် ကျက်သရေ၊ အထွေထွေ၊ အပ်လေ မင်းကိုတည်း။

ဤသို့လျှင် သိကြားမင်းသည် ဝိပုလမင်းအား သားနှင့်မယား မင်းနှစ်ပါးကို ဝတ်စားတန်ဆာ ပြည့်စုံစွာဖြင့် ပြန်ကာအပ်နှင်း၏၊ ထိုအခါ ဝိပုလမင်းလည်း နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ အမတ်အပေါင်းခြံရံလျက် မိမိ၏ သားမယားနှင့်အတူ ဒါနသာလာမှာ ပေးလှူလျက်နေလေသည်။

ထိုအခါ နတ်တို့သနင်း သိကြားမင်းသည် ရပ်လင်းဝန်းကျင် နေလုလင်ကဲ့သို့ ကောင်းကင်ပြင်မှာ တည်လျက် ရှင်ကြည်အားရမ်း ဝိပုလမင်းအား ဤသို့ ချီးမွမ်းလေသည်၊ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

ထိုခါမိုးဖျား၊ နတ်သိကြားလျှင်၊ မင်းဖျားအကြံ၊ စိတ်ပြောင့်မှန်ကို၊ ကေန်တိကျ၊ သိတုံကသော်၊ နှုတ်ဟရှင်မြူး၊ ချီးကာကျူး၏။
နတ်ဖြစ် လူဖြစ်၊ ရန်စစ်သွယ်သွယ်၊ အန္တရာယ်ကို၊ စွန့်ပယ်အောင်မြင်၊ တောင်တန်းစဉ်လည်း၊ မြို့တင်ဦးညွတ်၊ ဆန်းထွတ်ဖြာဖြာ၊ ဖြစ်ပေါ်လာ၏၊ မဟာပထဝီ၊ အသံမြည်လျက်၊ ဟိုဒီဖုံဖုံ၊ လှုပ်ခဲ့တုံ၏။
တိမ်ဘုံလျှပ်ပြက်၊ ရောင်မျိုးလက်၏၊ သက်မရှိတောင်၊ ဝမ်းမြောက်ယောင်သို့၊ ထိပ်ဆောင်တူးထွတ်၊ ဦးနှိမ်ညွတ်၏။
မိုးနတ်ဣန္ဒာ၊ ဗြဟ္မာပတိ၊ မည်ရှိသောမ၊ ယောမဝဿဏ်၊ ဘုန်းချွန်တေဇာ၊ နတ်ဒေဝါတို့၊ ရာဇာမင်းမြတ်၊ ပူခဲကပ်ကို၊ ပူအပ်တကား၊ ချီးမွမ်းကြား၏။
လူငြားခဲကပ်၊ ပေးလှူတတ်၍၊ ပူအပ်ခက်ခဲ၊ ပူလေနဲ၏၊ မှတ်စွဲရည်မျှော်၊ ရှေးသူတော်တို့၊ သိသော်ခဲကပ်၊ ကျင့်မြတ်တည်း။
ထို့ကြောင့်ရကား၊ နှစ်ပါးယူမျှော်၊ သူတော် မသူတော်၊ သွားသော်ဂတိ၊ ခြားပေ၏တည့်၊ မရှိကျင့်ပါ၊ သူယုတ်မာကား၊ သွားရာငရဲ၊ ကျင့်စွဲကောင်းသူ၊ နတ်ပြည်ဟူ၏။
အလှူကိုပေး၊ စိတ်တွေးသန့်စင်၊ နတ်ပြည်ခွင်ကို၊ ကျိုးလျှင်ပေးသတည်း။

သိကြားမင်းသည် ဝိပုလမင်းအား ဤသို့ ချီးမွမ်းစကား ပြောကြားပြီးလျှင် ထိုဒါနသာလာ၌ ခုနစ်ဖြာ ရတနာမိုးသည်း ရွာဖိုးစေကာ လူရွာလောက ဤ၌ဿနလာရခြင်း၏ အကြောင်းအရာကို ပြောဆိုလိုသည်ဖြစ်၍ ဤဂါထာနှစ်ပုဒ်ကို ဆို၏။

သိကြားဒေဝါ၊ ငါရာဇာလျှင်၊ သင့်မှာပါရမီ၊ ကူညီဝိုင်းဘို့၊ လူ့တိုင်းဌာနီ၊ လာခဲ့သည်။
ပါရမီပြည့်ကြောင်း၊ နှစ်ထောင်းဝမ်းသာ၊ ကူပြီးကာ၊ နတ်ရွာပြန်လိုသည်။

ဤသို့ ပြောဆို ခွင့်ပန်ပြီးလျှင် သိကြားမင်းသည် မင်းအဖြစ်ကို ဘုရင်ဝိပုလအား ပြန်လည်အပ်နှင်းပြီး ဤနေ့မှစ၍ မကင်းသောသတိ ထားရှိလျက် မင်းပြုလေလော၊ ယခု ကျွန်ုပ်သည် နတ်ပြည် ပြန်တော့မည်ဟုဆိုကာ ထိုနေရာမှာပင် ပျောက်ကွယ်၍ နတ်နယ်သို့ ကူးသွားလေသည်။

သိကြားနတ်မင်း၊ လူ့ပြည်ဆင်း၍၊ လူမင်းရာဇာ၊ ကောင်းချီးညာလျက်၊ ဒေဝါနတ်ရပ်၊ ပြန်လည်ကပ်သည်၊ ဇာက်လတ် တာဝတိံ ဟည်း။

ထိုအချိန်အခါမှစ၍ ဘုရားအလောင်း ဝိပုလမင်းသည် သားမယား အမတ်များနှင့်တကွ သုမေရုဝတီမြို့၌ မင်းစည်းစိမ်ကို ခံစားကာ သိကြားမင်း၏ ဩဝါဒ၌ တည်၍ လူအပေါင်းတို့အား ကောင်းမှုဒါနပြုလျက် အသက်ရှိသမျှ တည်နေလေသည်။

နတ်ရွာစံ ကံတော်ကုန်သောအခါ၌ နတ်ပြည်၌ ဖြစ်လေသည်၊ လူအပေါင်းတို့သည်လည်း ဒါနစသော ကောင်းမှုကုသိုလ်ကို ပြုလုပ်ကြလျက် သေသည်၏ အဆုံးမှာ နတ်ပြည်အသီးသီးမှာ ဖြစ်ကြရကုန်၏။

မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဆောင်တော်မူ၍ ဘုရားအလောင်းဘဝ၌လည်း ဘုရားဖြစ်ရန်အကျိုးငှာ သားမယားနှင့်တကွ ပြည်စည်းစိမ်ကို ပေးလှူခဲ့၏။

ဤပေးလှူခြင်းသည်သာ အံ့ဘွယ်ရှိပေ၏ဟု ဟောတော်မူပြီး၍ ဇာတ်ကို ဤသို့ ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ မင်း၏ မယ်တော်သည် ယခုအခါ မဟာမာယာ ဖြစ်လေသည်၊ မင်း၏ ဖခမည်းသည် သုဒ္ဓေါဒန၊ စန္ဒာဒေဝီမိဖုရားသည် ယသောဓရာ၊ ဝိဇလမင်းသားသည် ရာဟုလာ၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ လူအများသည် ဗုဒ္ဓ၏ သာဝကများ၊ ဝိပုလမင်းသည် ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဝိပုလဇာတ် ပြီး၏။

# ၂၇–မဟာပဒုမဇာတ်

အသည်းနှလုံး၊ အလှူသုံး၍၊ သေဆုံးမိခင်၊
အသက် ရှင်အောင်၊ ပြုဆောင် ပုဏ္ဏား၊
ရင်ကိုခွဲဖြင့်၊ ခွဲခြားနှလုံး၊ လှူခဲ့သုံး၏။

ပဿာပဟိ တံ့ မဟာရာဇ- အစရှိသော ဤဒေသနာတော်ကို ဇေတဝန် ကျောင်းတော်၌ နေတော်မူစဉ် မိမိ၏ အမိအား လုပ်ကျွေးသော ရဟန်း တပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါက ရဟန်းတပါးသည် တပါးသောသူတို့၏ အိမ်တံခါး အနီး၌ ဆွမ်းအကျိုးငှာ လှည့်လည်၍ ဆွမ်း ဘောဇဉ် ချိုချဉ် ရသာ အဖြာဖြာကို ကောင်းစွာ ရလတ်သော် မိမိ၏အမိထံသို့ သွားလျက် နေ့စဉ်နေ့တိုင်း မိမိ အမိအား ကျွေးမွေးလေ၏။

ထိုအချိန်အခါမှစ၍ ထိုရဟန်းသည် မိမိ၏အမိကို လုပ်ကျွေးလျက် မိမိသည် ရအပ်သော စာရေးတံ ဆွမ်းအစရှိသော အလှူဒါနကိုရင်း, မိုးရေခံပုဆိုးကို ရင်း, ဝါဆိုသင်္ကန်း အဝတ်ကိုရင်း, တပါးသော ဒါနဝတ္ထုကိုရင်း ရလျှင် မိမိအမိအားသာ ထိုထိုဒါနဝတ္ထုကို ပေးသည်သာတည်း။

ထိုအခါမှ နောက်အဘို့၌ ထိုရဟန်းသည် မိမိ အမိကို လုပ်ကျွေးလျက် သာလျှင် ပျားစွာအားထိုက် ပြုစုရသည်ဖြစ်၍ ကြုံလှီဖျော့တော့လာလေသည်၊ သူ့အား ရှေးက မြင်တွေ့ဘူးသော ရဟန်းတို့သည် သူ့ကိုမြင်လျှင်-

ငါ့ရှင်- ရှေးအခါက သင်၏ကိုယ်ရေအဆင်းသည် ဝါဝင်း တင့်တယ်၏၊ ယခုမူ သင် အား ကြုံလှီ ဖျော့တော့နေသည်ကား ဘယ်အကြောင်းကြောင့် ပါနည်း၊ တစုံတရာ ရောဂါ ရှိပါသလား-ဟု မေးကြကုန်၏၊ ထိုရဟန်းတို့၏ အမေးစကားကို ကြားလျှင် ဖြစ်ရပုံ အကြောင်းစုံကို ပြောပြလေသည် ကား-

အရှင်ဘုရားတို့- တပည့်တော်မှာ ရောဂါ တစုံတရာမရှိပါ၊စင်စစ်အားဖြင့် မိမိ၏မိခင်အား လုပ်ကျွေးမွေးမြူရသောကြောင့်ကြပူ ရှိပါသည်၊ထိုတာဝန်ကို ကြောင့်ကြဂရု ပြုရလွန်း၍ ဖျော့တော့ကြုံလှီပါသည်-ဟု ပြောကြား၏။

ထိုစကားကိုကြားလျှင် ထိုရဟန်းတို့က-

ငါ့ရှင်- ငါတို့အား မြတ်စွာဘုရားသည် သဒ္ဓါကြည်ညိုသဖြင့် လှူအပ်သော ပစ္စည်းဝတ္ထုကို သဒ္ဓါပြိုကွဲ ဖရိုဖရဲကျစေခြင်းငှာ တခြားသူတို့အားမပေးရပါ၊ ယခုတော့ သဒ္ဓါသဖြင့် ပေးလှူအပ်သော ပစ္စည်းဝတ္ထုကို ခံယူ၍ မိန်းမတဦး အား ပေးကမ်းစွန့်ကြဲလျက် သာသနာတော်နှင့် မသင့်တော်သော အမှုကို ပြုလေဘိ၏-ဟု ပြောဆိုကုန်၏။

ထိုရဟန်းတို့၏ စကားကိုကြားလျှင် ထိုရဟန်းသည် ရှက်နိုးသည် ဖြစ်၍ မိပိနေရာ၌သာ ပုန်းအောင်းလျက် နေလေ၏၊ ထိုအခါ ထိုရဟန်းတို့သည် မြတ်စွာ ဘုရား၏ အထံသို့သွား၍ ထို အကြောင်းကို လျှောက်ထားကြကုန်၏။

မြတ်စွာဘုရားသည်ထိုရဟန်းကိုခေါ်စေလျက် ရဟန်း-သင်သည်မိန်းမတဦး ကိုလုပ်ကျွေးသမှုပြုနေသည်ဟု ရဟန်းတို့က ပြောဆိုနေကြသည်၊ထိုစကားသည် အမှန်ပင်ဖြစ်သလော-ဟု မေးတော်မူ၏။

မိန်းမတဦးကို လုပ်ကျွေးနေသည်ဟု ရဟန်းတို့ ပြောသော စကားသည် အမှန်ဖြစ်ပါသည်ဘုရား၊ ထိုမိန်းမသည်ကား တခြား မိန်းမမဟုတ်ပါ၊ တပည့် တော်၏ ပယ်တော်ဖြစ်ပါ၏။

ထိုစကားကို ကြားလေသော် မြတ်စွာ ဘုရားသည် ထို ရဟန်းအား ကြောင့်ကြစိုက်မှု ဖြစ်စေခြင်းငှာ ကောင်းပေစွ- ကောင်းပေစွ-ဟု သုံးကြိမ် တိုင်တိုင် ကောင်းချီးပေး၍ အိုရဟန်း- သင်သည်ကား ငါသွားသော ခရီးစဉ် ၌သာ တည်ပေ၏၊ မိမိ၏ မိဘကို မွေးမြူခြင်းအမှု မည်သည်ကား ပညာရှိတို့၏ အဆက်အနွယ်ပင် ဖြစ်ပေသည်-ဟု မိန့်တော်မူ၏။

ဤသို့ ထိုရဟန်းအား မိန့်ကြားတော်မူပြီးနောက် ထိုရဟန်းတို့ကို ခေါ် တော်မူ၍ ချစ်သားရဟန်းတို့–သင်တို့သည် ဤရဟန်းကို မကဲ့ရဲ့ကြကုန်လင့်၊ ရှေးပညာရှိ ပည်သူပျားသည် ရှေးအခါကလည်း မိမိ၏မိခင် အကျိုးအတွက် ဖာသက်ကို စွန့်ခဲ့ဘူး၏- ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏။ထိုရဟန်းတို့ သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းကို ရှေးသရောအခါက အင်္ဂဝတီအမည်ရှိသော မြို့၌ အနုဂ်သေန အမည်ရှိသော မင်းကြီးသည် မင်းပြုလေ၏။ ထိုမင်း၏ မိဖုရားခေါင်ကြီးသည် ကား သုမေခလာအမည်ရှိ၏၊သုမေခလာမိဖုရားသည် အကျင့်သီလနှင့်ပြည့်စုံ၏၊

ထိုအခါ ဘုရားအလောင်းသည် တုသိတာနတ်ဘုံမှ စုတေ၍ ထိုမိဖုရား၏ ဝမ်း၌ ပဋိသန္ဓေတည်နေလေသည်။

ဘုရားအလောင်း ပဋိသန္ဓေတည်နေသော အချိန်အခါမှစ၍ သုမေဓလာမိဖုရားသည် အလွန်လျှင် မြတ်သောရုပ်သွင်ကို ဆောင်လျက် နတ်သမီးတမျှလှပချောပြေ ကြည်လင်လေသည်။

ထိုအခါ သားသန္ဓေ၏ ဘုန်းတေဇာကြောင့် နိုင်ငံရပ်ခြား လူအများတို့သည် ပဏ္ဏာလက်ဆောင် ရာထောင်မက ယူခဲ့ကြ၍ အနုဂ်သေန မင်းကြီးအား ပေးကြကုန်၏။

## နတ်သမီးတမျှ လှပသော သုမေဓလာ

တိုင်းပြည်တပါး၌နေသော ကုဋ္ဌ (ပါပ) မင်း၏ အမတ်စသော များစွာသောသူတို့သည် သုမေဓလာမိဖုရား၏ အသားအရေ စိုပြေဝင်းပ တင့်တယ်လှသော ရုပ်သွင်ကိုမြင်လျှင် မိမိအရှင်မင်းကြီးအား အနုဂ်သေနမင်းကြီး၏ မိဖုရားကြီးသည် နတ်သမီးတမျှ တင့်တယ် လှပပါပေသည် ဟူသောအကြောင်းကို တင်လျှောက်ကြကုန်၏။

ထိုစကားကိုကြားလျှင် ကုဋ္ဌ (ပါပ) မင်းသည် ထန်ပြင်းတဏှာ ဝင်လာစိတ်ထက် နှိပ်စက်အပ်သည်ဖြစ်၍ ဘယ်အကြောင်းဖြင့် ရုပ်ဆင်းကြန်အင်ပြည့်စုံလင်သော မိဖုရားသည် ငါ့အား ရောက်အံ့နည်းဟု ကြံစည်စိတ်ကူးပြီးလျှင် အမတ်များကို ခေါ်စေလျက် အိုအမတ်တို့- ငါသည် အင်္ဂဝတီမြို့၌နေသော မိန်းမသွင်ပြင် ကြန်အင်လက္ခဏာ ကောင်းစွာလောက်လုံ ပြည့်စုံသော မိန်းမရတနာကို ယူခြင်းငှာ အင်္ဂဝတီမြို့သို့ သွားအံ့ဟု ပြောဆို၏။

ကုဋ္ဌ (ပါပ) မင်း၏ မိန့်စကားကိုကြားရလျှင် အမတ်များလည်း တသားတည်း သဘောတူကြ၍ ကောင်းပါပေသည် အရှင်မင်းမြတ်-ဟု ဝန်ခံ၍ ခြံရံဗိုလ်ပါ လိုအပ်ရာစုရုံးပြီးလျှင် စစ်ထိုးစံအရ ထိုထို႐ွာနမှာ တပ်တည်ကြလေသည်။

ထိုအခါ ကုဋ္ဌရာဇာသည် အင်္ဂါလေးလီ စစ်သည်ဗိုလ်ပါ များစွာခြံရံလျက် အစဉ်အားဖြင့် ချီတက်တော်မူရာ အင်္ဂဝတီမြို့သို့ရောက်လျှင် ချမ်းသာကောင်းမွန်သော တနေရာ၌ သစ်ခက်တဲနန်း ဆောက်လုပ်၍စစ်စခန်းချနေပြီးလျှင် အနုဂ်သေနမင်းကြီးထံ တမန်ဖြင့် ရာဇသံပို့လေသည်၊ ရာဇသံကား–

သင် အနုဂ်သေနမင်းသည် ငါနှင့် စစ်ထိုးလိုသည် ဖြစ်အံ့၊ စစ်သည်ဗိုလ်ပါ ခြံရံကာဖြင့် မြို့မှ ထွက်ခဲ့ပါလော။

ကုဋ္ဌမင်း၏ တမန်ထံမှ ရာဇသံကို ကြားလျှင် အနုဂ်သေနမင်းကြီးသည် မိမိဥက္ကောင်းကို ဝါရမ်းလျက် စစ်ထိုးလျှင်တော့ လူအများ သေကြေပျက် စီးပေါ့ဘွာပါတကား-ဟု ကြံစည်၍ မိမိတရားဆုံးဖြတ်ရာ၌ ထိုင်နေ၏။

ထိုအခါ အနုဂ်သေနမင်းကြီး၏ အမတ်တို့သည် ကုဋ္ဌမင်း၏ တမန်ထံမှ ရာဇသံကိုကြားရလျှင် အမျက်ထွက်ကာ ချုပ်မိန့်ညိုကို ဖွဲ့လျက် အထူးထူး သော လက်နက်များကို ကိုင်ဆောင်၍ အနုဂ်သေနမင်းကြီး၏ အထံသို့ ကပ် ရောက်လျက် မြတ်သောမင်းကြီး ကျွန်ုပ်တို့သည် အရှင်မင်းကြီး၏ အကျိုးငှာ ကျူးကျော်စော်ကား လာသော မင်းနှင့် ယှဉ်ပြိုင်စစ်ထိုးကာ အသက်စွန့်ပါ ကုန်အံ့ဟုပြောကြား၍ ဤဂါထာကို ဆိုလေသည်။

မြတ်သောမင်းကြီး ကျွန်ုပ်တို့ရဲ့ ကြိုးစားအားထုတ်မှုကို ကြည့်တော် မူပါ၊ ကျွန်ုပ်တို့သည် သင်မင်းကြီး၏အကျိုးငှာ ထိုကုဋ္ဌမင်းနှင့် ယှဉ်ပြိုင် တိုက်ခိုက်ကြပါကုန်အံ့ဟု စစ်ထိုးခွင့်ကို တောင်းဆိုလေသည်။

အရှင်မင်းကြီးသည် အကျွန်ုပ်တို့၏ ချမ်းသာသုခ ကောင်းကျိုးအဝဝကို အမြဲတစေ ရွက်ဆောင်ခဲ့ပါပေသည်၊ သို့ဖြစ်၍ ကျွန်ုပ်တို့ အသက်ထင်ရှား ရှိနေပါလျက် သင်မင်းကြီး၏ တိုင်းပြည် နိုင်ငံသည် သူတပါး၏လက်တွင်း ကျဆင်း ဆုံးရှုံးခြင်းဖြင့် မပျက်စီးစေရပါ။

မှူးမတ်အပေါင်း စစ်သည်ကောင်းတို့၏ စကားကို ကြားရသောအခါ အနုဂ်သေနမင်းသည် မိမိ၏အမတ်အပေါင်း စစ်သည်ကောင်းတို့ကို စစ်မတိုက် ခိုက်ရန် တားမြစ်လိုရကား ဤဂါထာတို့ကို မိန့်ဆိုလေသည်။

ဒိုး-အမတ်တို့- သင်တို့သည် ကုဋ္ဌမင်းနှင့် စစ်ဖက်ပြိုင်ခြင်းကို မပြုကြပါကုန် လင့်၊ မကောင်းမှုကို မပြုလုပ်ကြလင့် အမတ်တို့။

ငါ့အတွက်နှင့် စစ်မဖက်ပါနှင့်၊ ငါ့အတွက်နှင့်၊ စစ်ဖက်လျှင် ခေတ်ပျက် မှာ ပြစ်ချက်တွေ များစွာ ဖြစ်နိုင်ပါ၍ အချင်းချင်း စစ်ဖက်ယှဉ်ပြိုင်၍ မတိုက်ကြပါလင့်၊ ပညှဉ်းသဲကြပါကုန်လင့်။

ဤသို့ ပြောဆိုပြီးလျှင် အနုဂ်သေနမင်းသည် ထိုအမတ်အပေါင်းတို့ကို ဆုံးမလိုသည်ဖြစ်၍ ဤသုံးဂါထာတို့ကို ဆိုပြန်လေသည်။

ငါတို့ပြည်ရွာ ရောက်လာသော စစ်သည်များအပေါ် မေတ္တာပွားကြပါ၊ စစ်မတိုက်ကြပါကုန်လင့်။

တပါးသော စစ်သည်တို့အား ယှဉ်ပြိုင်တိုက်ခိုက်မှုမပြုကြဘဲ ထမင်းအဖျော် စသည်များကို ကျွေးမွေးပြုစု ညှော်ခံခြင်းဖြင့် ယင်းတို့အား ကျေနပ်နှစ်သိမ့်စေကြပါကုန်လော။

ငါသည်ကား ပေးလှူမှုဒါန စောင့်ထိန်းမှုသီလ စောင့်စည်းမှု သံယမ တရားဖြင့် အလုံးစုံသော ရန်သူတို့ကို မဆုံးရှုံးစေဘဲ ရန်သူတို့ကိုတိုက်ခိုက်ခြင်း မပြုဘဲ နေပါအံ့။

## စစ်ရှုံးသဖြင့် တိုင်းပြည်မှ ထွက်ခွါရန် မိဖုရားနှင့် တိုင်ပင်ခြင်း

ဤကဲ့သို့ အနုဂ်သေနမင်းကြီးသည် မိမိအမတ်တို့ကို ထပ်တလဲလဲ တားမြစ်သော်လည်း စစ်သွေးစစ်မာန် တက်ကြွနေသည်ဖြစ်၍ တားမြစ်ခြင်းငှာ မစွမ်းနိုင်ခဲ့ပါ၊ ထိုအမတ်တို့သည် ရန်သူမင်းအား ဒေါသအမျက် ချောင်းချောင်းထွက်လျက် အလိုဆန္ဒတူဖြစ်ကာ အဂ္ဂဝတီမြို့မှထွက်၍ ကုဋ္ဌမင်း၏ စစ်သည်များနှင့် စစ်ထိုးကြကုန်၏။

စစ်ထိုးသောအခါ အနုဂ်သေနမင်း၏ အမတ်စစ်သည်တို့သည် ဘုရင်မင်း မပါဘဲ စစ်ထိုးရသည်ဖြစ်၍ စစ်ရှုံးကာ ဖရိုဖရဲ ပြိုကွဲလျက် ထွက်ပြေးကြကုန်၏၊ အနုဂ်သေနမင်းကြီးသည် မိမိ၏ စစ်သည်အပေါင်း အကြောင်းမညီ စစ်ရှုံးသည်ကို သိ၍ ဆင်းရဲကြီးအင် စိတ်မရှည်ပဲ ဖော်ငင်မဗိုး တကိုယ်တည်း ဖြင့် မိဖုရားကြီး သုမေခလာ၏ နေရာသို့ဝင်၍ မိမိ၏ဆန္ဒကို ပြောပြလေသည်။

အိုမိဖုရား- ငါတို့၏ စစ်သည်တော်များသည် ယခု ယှဉ်ပြိုင်တိုက်ပွဲမှာ ရှုံးနိမ့်သွားလေပြီ၊ သင်နှင့်အတူ ဤမြို့မှာ နေဘို့ရန် မဖြစ်နိုင်တော့ပါ။

ရှင်မ သုမေခလာ- ရှင်မ၏ဝမ်းမှာ တွယ်ကပ်လာသော ကလေးကို ယောကျ်ား မိန်းမ နှစ်ဝခွဲခြား ကွဲပြားစွာ မသိနိုင်ပါ၊ ကိုယ်ဝန်ကို အထူးစောင့်ရှောက်၍ ဤအရပ်၌ပင် နေရစ်ပေတော့။

မင်းကြီး၏ ပြောစကားကို ကြားရလျှင် သုမေခလာမိဖုရားသည် သောကတံကျင် စူးဝင်ထိတွေ့၍ နှလုံးသားကွဲသွားမတတ်ဖြစ်ကာ မိမိကိုယ်ကိုပင် ရပ်တည်ထိန်းသိမ်းခြင်းငှာ မစွမ်းနိုင်ဘဲ ငိုကြွေးမြည်တမ်းလျက် ဤသို့ဆို၏။

အသက်တမျှ ကြင်နာလှသော ပြည်မသခင် အရှင်မင်းကြီး- အရှင်မင်းကြီးသည် ယခု နှမကိုမခေါ် တကိုယ်တော်တည်း အလွတ်ရုန်းတော့မည်ဆိုသော စကားသည် မယားကို ချစ်ခင်သူတို့၏စကားမဟုတ်

ပါ၊ လောကထုံးစံလည်း မကျပါ၊ အရှင်မင်းကြီး ထွက်ခွါသွားပါလျှင် အကျွန်ုပ်သည် အရှင်မင်းကြီးနှင့်အတူ ကြည်ဖြူထက်ချပ် ကပ်၍ မခွါ လိုက်ခဲ့ပါအံ့။

ထိုစကားကိုကြားလျှင် အနုဂ်သေနမင်းကြီးသည် ရှင်မသုမေခလာ၊ 'သင်တမူကား ယခု ကိုယ်ဝန်အရင့်အမာ လွယ်ကာထားရသည်ဖြစ်၍ ငါနှင့်အတူ သွက်သွက်လက်လက် ထွက်ပြေး တိမ်းရှောင်၍ သွားခြင်းငှာ မစွမ်းနိုင်ပါ။ ငါတို့၏သားကို စောင့်ရှောက်ခြင်းငှာ ဤမြို့ သင့်တော် လုံခြုံသော နေရာ အရပ်တခုခုမှာ နေခဲ့ပါ-ဟု ပြောဆိုလို၍ ဤသုံးဂါထာတို့ကို ဆို၏။

ဒိုရှင်မ သုမေခလာ- ငါသည်သင်အား ပန်ကြား တောင်းပန်ပါ၏၊ ငါသည်ကား လူသူမနီး တောကြီးထဲသို့ သွား၍ နေပါအံ့၊ ငါ၏အတွက် ရတက်ပွေကာ မနေပါလင့်။

ဒိုရှင်မ သုမေခလာ- ကြမ်းတမ်း ရိုင်းပြသော သားရဲများရှိသော တောကြီးထဲ၌ တကိုယ်တည်းနေရသော ငါ၏အသက်သည် သေမည် ရှင်မည် မသိရပါ၊ ခြသေ့်သစ်ကျား လွန်စွာပေါများသည့် တောကြီး ထဲ၌ ဆင်းရဲစွာ နေရမည် ဖြစ်ပါသည်၊ သို့သော်လည်း ငါသည် တတ်စွမ်းသမျှ ကုသိုလ်ကောင်းမှုကို ပြုလုပ်၍နေပါအံ့၊ သင်မိဖုရားကြီး သည်လည်း ဤမြို့၌ပင် ချမ်းသာစွာနေခဲ့လျက် ကုသိုလ်ကောင်းမှုတို့ကို တတ်နိုင်သမျှ ပြုလုပ်ပါလေလော။

မင်းကြီး၏ပြောစကားကို ကြားပြန်လျှင် သုမေခလာ မိဖုရားသည် စိတ်မချမ်းသာ များစွာပြင်လျက် နှလုံးသားခုနစ်ဖြာ ကွဲအံ့သကဲ့သို့ဖြစ်၍ မိမိ၏ လင်သားနှင့်အတူ တောထဲသို့ လိုက်ပါရမည့် အကြောင်းကို အမျိုးမျိုး ပြောကြားလေ၏။

## မင်းကြီးစကား ကြင်နာတရားမဲ့တယ်နော်

ထို့နောက် သုမေခလာမိဖုရားသည် မင်းကြီး၏စကားကိုကြား၍–

အရှင်မင်းကြီး- အရှင်မင်းကြီးသည် မပြောစဘူးထူးခြားသောစကား တွေကို ပြောဆိုဘိ၏၊ ယခု ငါတယောက်တည်း လူသူမနီး တောကြီး ထဲသို့ သွားအံ့ဟူသော အရှင်မင်းကြီး၏စကားသည် မယားနှ၌ ချစ်ခင် ကြင်နာသူတို့၏ စကားမဟုတ်ပါ။

မယားကို ချစ်ခင်ကြင်နာသော သူတို့၏ သဘောသည် အကြောင်း အခွင့်ကို ပြောဆိုရှိခေါ်လျက် မယားမလိုက်လိုသော်သာ တယောက် တည်းသွားရမည် ဆိုသင့်ပါ၏။

အရှင်မင်းကြီးသည် အကျွန်ုပ်၏အလိုကိုသိသကဲ့သို့ မအပ်မရာ မှာထား ပြောဆိုသည်ကား မသင့်လျော်ပါ၊ စင်စစ်အားဖြင့် အရှင်မင်းကြီး သည် မနေသာ၍ လူသူမနီး တောကြီးထဲသို့ သွားရစေကာမူ အရှင် မင်းကြီးသွားရာ ဗဝါးမကွာ ကျွန်ုပ်လိုက်ခဲ့ပါအံ့။

အရှင်မင်းကြီးနှင့် အတူနေ၍ ယခုပင် သေရတော့မည် ဖြစ်ပါစေ၊ အရှင်မင်းကြီးနှင့် ကွေကွင်းလျက် အသက်ထက်ဆုံး နေရမည်ဖြစ်စေ၊ အရှင်မင်းကြီးနှင့် ကွေကွင်း ခွဲခွါ၍ မနေလိုပါ၊ ယခုပင်သေရမည် ဆိုသော်လဲ အရှင်မင်းကြီးနှင့် အတူနေရလျက် သေလိုပါ၏။

အသက်ရှင်လျှင်လည်း သင်မင်းကြီးလက်တွင် ရှင်စေ၊ သေလျှင်လည်း မင်းကြီးလက်တွင် သေစေ၊ အရှင် မင်းကြီးနှင့် ကွေကွင်းရသဖြင့် အသက်ရှင်၍နေရခြင်းကား အဘယ်အကျိုး ရှိပါအံ့နည်း။

အရှင်မင်းကြီး- အလုံ့ညီးညီး ရွားမီးကြီးထဲ၌ ဆင်း၍သေရသော်မှ တော်ပါသေး၏၊ အကျိုးအပြစ် စိစစ်ဆင်ခြင်နိုင်သောလူကို ထား၍ တိရစ္ဆာန်သော်မှလည်း မိမိတို့လင်သား သွားရာ ကောက်ကောက် လိုက်ပါလျက် ဆင်းရဲမကွာ ချမ်းသာရှင်ကြူ အတူတကွ ပျော်ပါးကြ ကုန်သေး၏။ ကိုယ့်အသက်နှင့်အတူချစ်၍ အကျိုးအပြစ်ကို မြင်မြော် နိုင်သော ကျွန်ုပ်သည်ကား သွားတော်မူရာနောက်တော်သို့ အဘယ့် ကြောင့် မလိုက်ပါဘဲ နေပါအံ့နည်း။

တောင်မြှောင်ချောက်ကြား သွားသော ဆင်ပြောင်ကြီး၏နောက်သို့ ဆင်မသည် အစဉ်လိုက်သကဲ့သို့ အရှင်မင်းကြီး ကြွတော်မူရာနောက်သို့ အကျွန်ုပ်လိုက်၍ အရှင်မင်းကြီးအား စိတ်ချမ်းမြေ့အောင် ရှိသေစွာ လုပ်ကျွေးပါအံ့။

ထိုစကားကိုကြားသောအခါ အနုဂ်သေနမင်းကြီးသည် မိမိမိဖုရား သုမေ ခလာကို တားမြစ်ရန်အတွက် များစွာသောစကားတို့ကို ဤသို့ဆို၏။

ရှင်မ သုမေခလာ- သင်သည် နန်းတော်ထက်၌ စန္ဒကူး နံ့သာရေဖြင့် လိမ်းကျံသောကိုယ်ရှိလျက် ယခု တောအရပ်၌ အဘယ့်ကြောင့် မြူမှုန်

ပြူချေး ကပ်တင်စေချင်ပြန်ဘိသနည်း၊ကာသိကရာဇ် တိုင်းဖြစ်ထည်မျိုးအဟုံးထိုက် ဝတ်ကောင်းတန်ဆာကိုဝတ်ဆင်ပြီးမှ ယခုအဘယ်ကြောင့်သမန်းကျစ်သက်န်းကို ဆင်မြန်းလိုပြန်ပါသနည်း။

ချစ်စွာသော မိဖုရားကြီး- တောဌ်နေရခြင်း မည်သည်ကား မင်းပြစ်မင်းဒဏ်သင့်သူ၊ ကာမဂုဏ်ကိုရှိရာသူ၊ အဝတ်အစား အိပ်ရာနေရာ၌ရောင့်ရဲလွယ်သဖြင့် ကိုယ်စိတ်ကြံ့ခိုင်သောယောကျ်ားသားတို့ သော်မှလည်း အလွန်ငြိုငြင်ဆင်းရဲသေး၏၊ သင်သည်မူကား အလွန် ကိုယ်စိတ်နူးညံ့လှ၍ ထိတ်လန့်ရွံကြောက်တတ်ပါ၏၊ တောနှင့်မတန် မလိုက်ခဲ့ပါလင့်၊ ဤမြို့မှာပင် နေခဲ့ပါလော။

မင်းကြီးစကားကို ကြားလျှင် သုမေခလာ မိဖုရားကြီးသည် မိမိ၏ လင်သားနှင့်အတူ လိုက်ပါရမည့်အကြောင်းကို တောင်းပန်ပြောဆို လိုရကား—

အရှင်မင်းကြီး- အရှင်မင်းကြီးသည် တောထဲသို့ သွားသော အခါ၊ ကျွန်ုပ်တယောက်တည်း ဤမြို့မှာ နေရပါလျှင်· အရှင် မင်းကြီးနှင့် ကွေကွင်းသဖြင့် ကျွန်ုပ်အသက် အဘယ်သို့ရှင်နိုင်ပါမည်နည်း၊သင်သည် တောထဲ၌ ဆင်းရဲငြိုငြင်စွာ တယောက်တည်း နေသကဲ့သို့ပင် ကျွန်ုပ်သည်လည်း မြို့၌ စိတ်ဆင်းရဲစွာဖြင့်ပင် နေရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် တောကြီးထဲသို့ပင် ဆင်းရဲပင်ပန်းသည်ဖြစ်စေ၊ အတူတကွ လိုက်ပါလိုပါ၏၊ဤမြို့တော်၌ ချမ်းသာစွာနေရသော်လည်း သင်မင်းကြီးနှင့် ခွဲခွါနေရသဖြင့် အကျွန်ုပ် အဘယ်မှာ စိတ်ချမ်းသာပါအံ့နည်း။

ခြင်္သေ့သစ်ကျား ပေါများသော တောကြီးထဲသို့ သင်မင်းကြီးသွားလျှင် သင်မင်းကြီး၏နောက်မှ ထက်ချပ်မကွာ လိုက်လိုပါ၏၊ သေလျှင်လည်း အရှင်မင်းကြီးလက်တွင် သေစေ၊ ရှင်လျှင်လည်း အရှင်မင်းကြီးလက်တွင် ရှင်စေ၊ ဤသို့ နေရမှသာ စိတ်ချမ်းသာမည် ဖြစ်ပါသည်၊ တောနေဘဝ၏ ဒုက္ခများပုံ အဖုံဖုံကို အကုန်အစင်ပြောပြလေသည်။

ထိုအကြောင်းကို ထင်စွာပြလို၍ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူ၏။

သုမေခလာမိဖုရား၏ စကားကိုကြား၍ အနဂ်သေနမင်းကြီးသည် မိမိ၏ မိဖုရားအား—

## တောတောင်ဆိုတာ ကြမ်းထမ်းစွာ

တောနေ ဘဝ၊ ဒုက္ခ ရောက်ပုံ၊ အလုံးစုံကို၊ အာရုံစိုက်ကာ၊ နား ထောင်ပါနော် နှမတော်။

တောအရပ်ဆိုတာ ရွှေနန်း ပြာသာဒ်လို မဟုတ်ပါ၊ ပေါက်ဖတ် ကင်းသန်း နှံ့ မှက် ခြင်ယင်များ အလွန်ပင်များတဲ့နေရာ၊ ယိုသတ္တဝါ တို့၏ ကိုက်ခဲခြင်း ဆိုတာ၊ သည်းခံနိုင်ခဲစွာ၊ ထိုသို့သော ဒုက္ခာ သင်သုမေခလာ သည်းခံနိုင်မည်မဟုတ်ပါ။

ထိုပြင် တထွေ မြစ်နား အိုင်နားမှာ နေလျက် လူတွေကို ဘေးရန် ပြုတတ်သော စပါးကြီး မြွေတို့သည်ကား အဆိပ် မရှိသော်လည်း အင်အားကြီး၍ မိမိအနီးသို့ ရောက်လာသော လူ သမင် စိုင် ဆတ် သတ္တဝါအရပ်ရပ်တို့ကို ရစ်ပတ်၍ အလိုရှိတိုင်း နှိပ်စက်တတ်ကုန်၏။

ထို့ပြင် တပါးလည်း အဆင်း မည်းနက် လိမ်ယှက်သော အမွေး ရှိသော ဝံသတ္တဝါတို့သည်ကား လူတို့အား ဆင်းရဲကို ဆောင်တတ် ကုန်၏၊ ထိုဝံနက်တို့သည် လူကိုမြင်လျှင် သစ်ပင်ထက်သို့ တက်ပြေး ပြေးသော်လည်း မလွတ်နိုင်ရာပါ။

ထိုမှ တပါးလည်း ဦးချို ထက်စွာနှင့် နှစ်ဖက်ထိခမန်း ကြမ်းထမ်း သော ကျွဲရိုင်းတို့သည် မြစ်နားဌ် များစွာရှိကုန်၏၊ ထိုသို့ သားရဲဘေး ရန် တွေ့သည်ရှိသော် သင်အဘယ်သို့ ပြုနိုင်ပါလိမ့်မည်နည်း။

လင်သားကို မတွေ့ရသော သင့်အား နွားငယ်ကို မကော်မောသော နွားမကဲ့သို့ မရှိပြီလော၊ အိုချစ်လှစွာသော မိဖုရားကြီး- သင်သည် ရွှေနန်းထက်၌နေလျက် မြေခွေးသံကို တရံတခါ ကြားရသဖြင့် သေလု နီးပါး ကြောက်ရွံ့ ထိတ်လန့်တတ်၏၊ ထိုသို့ဖြစ်လျက် တောသို့သွား ရလေသော် အဘယ်သို့ သင်ဖြစ်နိုင်ပါလိမ့်မည်နည်း။

တောကြီးထဲ၌ မွန်းတည့်ချိန် ရောက်လျှင် ငှက် အပေါင်းတို့သည် တညီတညွတ် တွန်မြည်သော အသံဖြင့် တောသံပေးသကဲ့သို့ အလွန် ကြောက်မက်ဖွယ် ရှိပါ၏၊ ထို ကြောက်မက်ဖွယ်ရှိသော တောကြီးသို့ သင်အဘယ့်ကြောင့် လိုက်ချင်ဘိသနည်း။

အနုဂ်သေနမင်းကြီး စကားကို ကြားရ၍ သုမေခလာမိဖုရားသည် မိမိ ကြိုးပမ်းမှုကို သိစေခြင်းငှာ မင်းကြီးအား အမျိုးမျိုးသော စကားတို့ကို ပြောကိုလေ၏၊ လိုအကြောင်းကို ပြလိုသောမြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

သုမေခလာ မိဖုရားသည် အရှင် ဖြစ်သော မင်းကြီး၏ စကားကို ကြားရသောအခါ ဤသို့ဆို၏။ အရှင်မင်းကြီး တောကြီးထဲ၌ ဘေး ရန်များသည်ဖြစ်စေ၊ လိုဘေးရန်ကို သည်းခံလျက် ကျွန်ုပ်လိုက်ပါအံ့၊ မြတ်သောမင်းကြီး ချမ်းသာကိုသာစံ၍ ဆင်းရဲအတူမခံသော် မယား ကောင်း၏လက္ခဏာမဟုတ် ဖြစ်ရာ၏။

ထိုတောကြီးထဲ၌ ကျုံ့ဘူခေါင်းချိတ်ပင် ပေါက်ပင် ကိုင်းပင် ဖြူသံမြက် ပန်းရင်းမြက် ပြိန်းမြက် သမန်းမြက်တို့ကို အကျွန်ုပ်သည် လင်၏ရှေ့က ရင်ဖြင့်တွန်းဖယ် လှည်းလှဲ၍ လမ်းထွင်သောအားဖြင့် သွားပါအံ့။

ရှေ့နန်းသခင် ကျေးဇူးရှင်ကို မြက်ဟပင်နွယ်တတန်မျှ မခိုက်မထိ မငြိ မငြစေဘဲ လိုက်၍လုပ်ကျွေးပါအံ့။

အရှင်မင်းကြီး- မိန်းမတို့ မည်သည်ကား လင်ကောင်းကို အလွန် ရခဲ၏၊ လင်ကောင်းကို ရလိုသောကြောင့် မီးနတ်ကို လုပ်ကျွေးခြင်း ရေငုပ်ခြင်း အရှက် အကြောက်ကို သိမ်းဆည်းခြင်း ကိုယ်ကိုပူပြင် တန်ဆာဆင်ခြင်းအစရှိသော အကျင့်အလေ့နှင့် ယှဉ်စေရာ၏။

အရှင်မင်းကြီး- လောက၌ မိန်းမတို့၏ ဆင်းရဲဟူသမျှတွင် မုဆိုးမ ဖြစ်ရခြင်းသည် အလွန်ဆင်းရဲလှ၏၊ ကျွန်ုပ်သည် လင်သွားရာ ဖဝါး ခြေထပ်မလိုက်ဘဲ အဘယ့်ကြောင့် မုဆိုးမလုပ်၍နေရပါအံ့နည်း။

မင်းစဉ်ပင်းပျိုး ထီးရိုးနန်းနွယ် မဟုတ်သော အမျိုး ယုတ်ညံ့သော သူသည် ရှေ့နန်းရှင်ပင်ဖြစ်လင့်ကစား မင်းစဉ်မင်းမျိုး ထီးရိုးနန်းနွယ် ဖြစ်သော မုဆိုးမ၏ စားကြွင်းကို စားခြင်းငှာ မထိုက်၊ ထို အမျိုး ယုတ်ညံ့သောသူသည် ငါဘုရင်ဖြစ်သည်ဟု အနိုင်အထက်ပြု၍ အလို မတူဘဲ လက်ကိုဆွဲကာ ကျီစယ်ခြင်းကို ပြုသော်လဲ ထိုထီးရိုးနန်းနွယ် မုဆိုးမသည် ဆင်းရဲတကာတို့၏အဆုံး လုံးပါးပျက်စီး အရှက်ကြီး၍ ဒုက္ခသေဘေးရောက်ရာ၏။

မြတ်သော မင်းကြီး- ခပ်သိမ်းသော အမျိုး၌ အရွယ်ရှိသေးလျက် မုဆိုးမဖြစ်ရသော မိန်းမတို့ကို လိုက်စားယဉ်ပါးလိုသော ယောကျ်ား

တို့သည် ရှက်ကြောက် ခန့်ညားခြင်းမရှိ၊ မိမိပြက်ရယ်ပြုလိုသော စကားဖြင့် ဖြားယောင်းလျက် ကျော်နင်း လွန်ကျူးတတ်ပါ၏၊ ချိန်ခါ မထောက် ရှက်ကြောက်ခြင်းကို မသိ ပိတ် စိတ်အလိုကို မချုပ်တည်း ကိုယ်နှုတ်ကို မစောင့်စည်းဘဲ ပထေပွဲမြင် ကလှင်ကပေါက် မလောက်မလေး ပြုတတ်၏၊ ခပ်သိမ်းသော အမှုတို့၌လည်း ညှဉ်းသဲကလူ ပြုမူတတ်၏။

မြတ်သော မင်းကြီး ပုံကို ဆိုပါအံ့၊ အရှယ်မှိုလျက် ပုသိုးပ ဖြစ်ရသော မိန်းမသည် ကျီးတို့အလယ် ခင်ပုတ်ငှက်သဖွယ်ဖြစ်၏၊ ယာဉ်ပါး လိုက်စားလိုသော ယောကျ်ားတို့သည် မုသိုးပကို အလိုပရှိဘဲလျက် အနိုင်အထက်ပြုလျက် ဥစ္စာ အနည်းငယ် ပေး၍ ကျော်နင်းသွင်း တတ်ကုန်၏။

ရွှေအိုးရွှေခွက် ရွှေလင်ပန်းဖြင့်သော မင်းမျိုး သူဌေးမျိုးတို့၌ ပိဘ မောင်ဖွား ဆွေမျိုးမိတ်သင်္ဂဟများတို့သည် ဤသူကား ငါတို့အပြင် ကျေးမွေးပြုစုပည့်သူ မရှိဟု သိမ်းထား အုပ်ချုပ်၍ နေသော်လည်း မတော်မမှန် အကောက်ဉာဏ်ဖြင့် ဖောက်ပြန် လွန်ကျူးလိုသော ယောကျ်ားတို့သည် ကျူးလွန်မိသဖြင့် ပိဘဆွေမျိုးတို့၏ ကဲ့ရဲ့ပြစ်တင်သည်ကိုလဲ ခံရရာ၏။

အရွယ်ရှိလျက် လင်မဲ့သောမိန်းမသည် မိမိထံသို့ ယောကျ်ားမလာ စေခြင်းငှာ ဥစ္စာပေး၍ မလာပါလင့်ဟု တားမြစ်ငြားသော်လည်း ခန့်ညားမှု မရှိခြင်းကြောင့် ထိုဥစ္စာသာ ကုန်ရာ၏၊ မလာဘဲ မနေ ပေရာ။

မြတ်သောမင်းကြီး- ဥပမာဆိုပါဦးအံ့။ ထိပ်ကမ်းကျွန်းသောင် ရှိလင့်ကစား ရေမရှိသော မြစ်သည် အချည်းနှီးသာတည်း၊ မြို့ပြ ကျုံး ပစ္စင်ရင်တား ရှိလင့်ငြားလည်း မင်းမရှိသော ပြည်သည် အချည်းနှီး သာတည်း။

အမျိုးစည်းစိမ် အရှိန်အဝါ ရှိလင့်ကစား အတတ်ပညာ မရှိသော ယောကျ်ားသည် အချည်းနှီးသာတည်း၊ အဖိုးတန်သိန်း တန်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားလင့်ကစား အကျင့်စာရိတ္တမရှိ သောသူသည် အချည်းနှီးသာတည်း၊ မောင်တကျိပ်ပင် ရှိလင့်ကစား လင်မရှိသော မိန်းမသည် အချည်းနှီးသာတည်း။

ဖြတ်သောမင်းကြီး ပုံကို ဆိုပါဦးအံ့၊ ရထား၏တန်ခိုးကား တံခွန်အောင်လံ၊ မီး၏တန်ခိုးကား အခိုးအလျှံ၊ တိုင်းပြည်၏ တန်ခိုးကား မင်း၊ ယောကျ်ားတန်ခိုးကား အဘတ်ပညာ၊ မိန်းမတို့၏ တန်ခိုးကား လင်ယောကျ်ားပါတည်း။

အရှင်မင်းကြီး- အကြင် မိန်းမသည် လင်ဆင်းရဲသောအခါ အတူဆင်းရဲ၏၊ လင်ကောင်းစားသောအခါလည်း အတူ ကောင်းစား၏၊ ယိုသို့ သဘောဖြောင့်စင်းသော မိန်းမကို နတ်သိကြား ဗြဟ္မာတို့သည်လည်း အလွန်မြတ်နိုးချစ်ခင်၍ သာဓုခေါ်ကြကုန်၏၊ စင်စစ်အားဖြင့် ကျွန်ုပ်သည် အရှင်မင်းကြီးနှင့်အတူ လိုက်၍ ဆင်းရဲအတူ အပူမရှေး အအေးမရှောင် တောမြောင် ချောက်ကြားတို့၌ သားရဲဘေးရန်များ ကြုံတွေ့လျှင်လည်း ရှေ့ကနေ၍ အရှင်မင်းကြီး၏အရင်အသေခံပါအံ့။

အရှင်မင်းကြီးနှင့်ကင်း၍ ဤမြို့၌ နေရစ်ပါဟု ဆိုသော်လည်း ကျွန်ုပ်အလိုမရှိပါ၊အရှင်မင်းကြီး- မင်းဖြစ်လျှင်လည်း ဖြစ်ချင်းအတူမကွာ ခံစံရလိုပါ၏၊ လင်ချမ်းသာခိုက် ခံစား၍ လင်ဆင်းရဲတွေ့သောအခါ အဖော်မလုပ်လိုသော မိန်းမသည် ဘီလူးမ မြေဘုတ်မတို့ကဲ့သို့ အလွန်ယုတ်မာသော မိန်းမသာ ဖြစ်၏၊ ထို့ကြောင့် ကျွန်ုပ်သည် အရှင်မင်းကြီးနှင့်အတူ လိုက်ပါရစေ။

## တောကြီးရိပ်ငြိမ်နှင့် နန်းစည်းစိမ်

ဟိုစကားကို ကြားလျှင် အနုဂ်သေန မင်းကြီးသည် မိမိ မိဖုရားအား တော၌နေရသော ဒုက္ခကြီးပုံအကြောင်းကို ပြပြန်လိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆို၏။

ရှင်မိဖုရား သင်သည် ဤရွှေနန်းစည်းစိမ်၌ ငါး အမဲ သလေးလမင်းတို့ဖြင့် ပြီန်ရှက်သော အစာကိုသာ သုံးဆောင်စားသောက်ရသူဖြစ်၍ တောမြေမှာ သစ်သီး သစ်ဖု သစ်ဥတို့ကို အဘယ်သို့လျှင် စားနိုင်ပါအံ့နည်း။

ဤနန်းစည်းစိမ်၌ အချိန်ပိုဘာရ အနားရေးတရာရှိသော ရွှေလင်ပန်း၌သာ စားရသူဖြစ်လျက် တောသို့ ရောက်သောအခါ သစ်ရွက်ထဲ၌ ထည့်၍ အဘယ်သို့ စားနိုင်ရှာလိမ့်မည်နည်း။

ကာသိကရာဇ်တိုင်း ကောတုမ္ဗရာဇ်တိုင်း၌ ဖြစ်သော အဝတ်ချောတွေကို ဝတ်သင်ပြီး၍ အဘယ်သို့လျှင် သင်မိဖုရားသည် သမန်းကျစ်အဝတ်, ရှုန့်ရင်းကြမ်းထမ်းသော အဝတ်တို့ကို ဝတ်နိုင်ပါအံ့နည်း။

ရွှေသန့်လျှင်း, ရွှေယာဉ်, ရွှေဝေါ, မြင်းရထားတို့ဖြင့်သာ နန်းတွင်း နန်းပြင် ထွက်ဝင် သွားလာ နေခဲ့ပါလျက် ခြေလျင်အဘယ်သို့ သွားနိုင်ပါလိမ့်မည်နည်း။

လေမျှ မတိုက်မခတ် ပိတ်အပ်သော တံခါးရွက်ဖြင့် ကျက်သရေရှိသော တိုက်ခန်း၌ အိပ်စက်ခဲ့ပြီးလျက် အဘယ်သို့လျှင် မြေမှုန့်ခလုတ် ဆူးငြောင့် ရှုပ်သော သစ်ပင်ရင်း၌ အိပ်နိုင်ပါလိမ့်မည်နည်း။

သားရဲရုပ်တွေ ခြူးပန်းခြူးနွယ်တွေနဲ့ ဆန်းကြယ်စွာ ခင်းထားအပ်သော မွေ့ရာရွှေသလွန်ပေါ်ဝယ် အိပ်ခဲ့ရပြီးသော ရှင်မိဖုရားသည် အဘယ်သို့လျှင် ရှန့်ရင်းကြမ်းထမ်းသော သစ်ပင်အောက်၌ အိပ်နိုင်ပါလိမ့်မည်နည်း။

အကျော် စန္ဒကူး အထူးအထွေ နံ့သာရေ အမွှေးအထုံတို့ဖြင့် အမြဲတစေ လိမ်းကျံပြီးမှ အသို့လျှင် မြူချေးညှိတို့ကို လိမ်းကျံနိုင်လိမ့်မည်နည်း။

စာမရီ သားမြီးယပ်၊ ဥဒေါင်းမြီးယပ်တို့ဖြင့် ယပ်ကာ ဘေးဥပဒ်ရှိမှန်းပင် မသိနေခဲ့ပြီးမှ တောအရပ်၌ မှက် ခြင် ယင်ရဲတို့ ကိုက်ခဲ့သော် အသို့လျှင် ခံနိုင်ရှာလိမ့်မည်နည်း။

## မိဖုရားလိုအင် ပြည့်စုံလင်

ထို့နောက် အနဂ်သေနမင်းကြီးသည် မိမိ မိဖုရား သုမေခလာအား တောသို့မလိုက်ဘဲနေရန် တားမြစ်ခြင်းငှာ မတတ်နိုင်ရကား ချစ်လှစွာသော မိဖုရားကြီး- ထိုသို့ အကြိမ်ကြိမ် အဖန်ဖန် အတန်တန် စကားပစ်လျက် တားမြစ်၍ မရပါလျှင် သင်သည် ကျွန်ုပ်နှင့်အတူ ကြည်ဖြူဝမ်းသာ လိုက်ခဲ့ပါလေ-ဟု ခွင့်ပြုရလေ၏။

ထိုအခါ မင်းမိဖုရားနှစ်ပါးတို့သည် ဆန္ဒတူစိတ်တူဖြင့် ယူသင့်သမျှ စားနပ်ရိက္ခာပစ္စည်းများကို ယူဆောင်လျက် မထင်မရှားသော အသွင်ဖြင့် အင္ဂဝတီမြို့မှထွက်ကာ ဟိမဝန္တာသို့ ရှေးရှုသွားကြကုန်၏။

ထိုသို့ သွားကြသောအခါ နန်းတွင်းသူ မိဖုရားကြီးမှာ နူးညံ့ပျော့ပျောင်းလှသဖြင့် ဖဝါး ခြေနုသွေးများပင် ဥကုန်၏၊ ဤသို့ဖြင့် ဆက်လက်ထွက်ခွါလာခဲ့ရာ မင်းမိဖုရား နှစ်ပါးတို့သည် မြစ်ဆိပ်ကမ်းတခုသို့ ရောက်ကြလေသည်။

ထိုအခါ အနဂ်သေနမင်းကြီးသည် ဂင်္ဂါမြစ်ကမ်း၌ ဖောင်တခု ပြုလုပ်၍ ချစ်လှစွာသော မိဖုရားကြီး ဤဖောင်ပေါ်သို့ တက်ပါလော၊ ငါတို့သည်

ဤဖောင်ဖြင့် ဤဂင်္ဂါမြစ်ကို ကူးကြကုန်အံ့ဟု ပြောဆိုပြီးလျှင် မိဖုရားကြီးကို ဖောင်ထက်၌ နေစေလျက် မိမိကိုယ်တိုင်သော် ဖောင်ကိုလှော်ခတ်၍ ဂင်္ဂါမြစ်ကို ကူးကြလေ၏၊ မင်းမိဖုရားတို့ လှော်ခတ်သွားသော ဖောင်သည် ဂင်္ဂါမြစ် အလယ်သို့ ရောက်သောအခါ လေပြင်းများ တိုက်ခတ်သဖြင့် လှိုင်းတံပိုးများ ထလေ၏၊ ထိုအခါ ဝါးဖောင်ဖွဲ့ချည်ထားသော ကြိုးများပြတ်၍ ဝါးများ ဖရိုဖရဲ ပြန့်ကြဲလျက် အရပ်လေးမျက်နှာတို့၌ မျောပါလေ၏။

ထိုသို့ဖြစ်စဉ် မင်းမိဖုရားနှစ်ပါးတို့သည် ကစဉ့်ကလျားဖြင့် တကွဲတပြားစီ ဖြစ်သွားကြရာ တဦး တဦး မမြင်ကြရတော့ပေ၊ သို့ရာတွင် သုမေခလာ မိဖုရားသည်ကား ဝမ်း၌တည်သော ကိုယ်ဝန်သူငယ် ဘုရားအလောင်း၏ တန်ခိုးအာနုဘော်ကြောင့်ရင်း မိမိ၏ လင်သားအပေါ်၌ ယုယကြင်နာစွာ ဝတ်ကြီးဝတ်ငယ် ပြုစုသော ကောင်းမှုကံကြောင့်ရင်း ကံအားလျော်စွာ ဂင်္ဂါမြစ် တဖက်ကမ်းသို့ ရောက်သွားလျက် မိမိလင်သား မင်းကြီးအား ကြည့်သောအခါ ဂင်္ဂါမြစ်လယ်၌ နစ်မျောနေသည်ကို မြင်ရသော် အလွန်တရာ ပိတ်မချမ်းသာလှရကား မိမိကိုယ်ကို ထိန်းသိမ်းခြင်းငှာ မတတ်နိုင်ဘဲ ငိုကြွေးမြည်တမ်းလျက် ဤဂါထာသုံးခုတို့ကို ဆိုလေ၏။

ငါ့အား လမ်းခရီးတွင် တွေ့ရသော ဒုက္ခများသည် ငါ၏အရှင် ဘုရင်မင်းကြီး ရေတွင်နစ်မျောနေသည်ကို တွေ့မြင်နေရသော ဆင်းရဲဒုက္ခနှင့် စာလျှင် ဘာမှ မပြောပလောက်ပါပေ။

ငါ၏လင် ဘုရင်မင်းကြီး ရေလယ်၌ နစ်မျောနေသည်ကို မြင်ရသော ဆင်းရဲဒုက္ခကား ကြီးမားလှပါ၏။

ငါ၏သခင် ဘုရင်မင်းမြတ်ကြီးမှာ မှီခိုအားထားရာ မရှိ ကမ်းနှင့်ခြေယံ အလွန်ဝေးလံသောအရပ်၌ နစ်မျောနေသဖြင့် သေတော့မည် အမှန် ဖြစ်ပါတော့၏။

## သုမေခလာ သစ္စာဓိဋ္ဌာန်

ဤသို့ငိုကြွေးကာ သုမေခလာ မိဖုရားသည် ငါ၏လင်သား ဘုရင်မင်းတပါးကြီးသည် ကိုးရာမဲ့ ဂင်္ဂါရေလယ်ကြောမှ နစ်မျောကာ ကြီးစွာ ဒုက္ခရောက်နေရှာပေသည်၊ ငါသည် အသို့ပြုရပါအံ့နည်း၊ ယခုအခါ ငါ၏ လင်သားအတွက် သစ္စာဓိဋ္ဌာန်ပြုပေအံ့၊ စင်စစ်အားဖြင့် ငါ့မှာ သစ္စာဓိဋ္ဌာန်မှတပါး အားထားရာမရှိပေ၊ သစ္စာဓိဋ္ဌာန်ပြု၍ ဘုရင်မင်းကြီးအား ထိုဆင်းရဲ ဒုက္ခမှ လွတ်စေအံ့ဟုကြံပြီးလျှင် မြစ်ရေကိုယူကာ ခံတွင်းဆေးကြောပြီးလျှင် သစ္စာဓိဋ္ဌာန်ပြုလိုရကား ဤဂါထာနှစ်ပုဒ်ကို ဆို၏။

ဤအရပ်သို့ ကြွလာကြသော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့- ကျွန်ုပ်၏လင်သား ဘုရင် မင်းတရားကြီးသည် တစုံတယောက်အပေါ်၌မျှ ကောင်းစေ ဆိုးစေဟု စေတနာမရှိသော မြစ်ရေလယ်၌ ကိုးရာမဲ့နစ်မျောလျက် ရှိပါ၏၊ ကျွန်ုပ်သည် သစ္စာဓိဋ္ဌာန်ပြုပါအံ့။

ကျွန်ုပ်သည် လင်သားအပေါ်၌ ဖြူဖြူဖြောင့်ဖြောင့် မကောက်မကျစ် တော်စစ်မှန်ကန်စွာ ကြင်နာခဲ့ပါသည်၊ ဤမှန်ကန်သော သစ္စာဓိဋ္ဌာန်ကြောင့် ဤဂင်္ဂါမြစ် ရေအပြင်သည် ခက်မာသော မြေအသွင်ကဲ့သို့ ဖြစ်ပါစေသတည်း။

ဤကဲ့သို့ သုမေခလာမိဖုရား သစ္စာဓိဋ္ဌာန်ပြု၍ ပြီးဆုံးသည်နှင့်တပြိုင်နက် ဂင်္ဂါမြစ်ရေသည် ခက်မာသော မြေအပြင်ကဲ့သို့ ဖြစ်သွားလေ၏။ ထိုအခါ မိဖုရားသည် မြေပြင်သဖွယ်ဖြစ်သော ဂင်္ဂါမြစ်ကိုမြင်သော် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ လျင်မြန်စွာ ထိုဂင်္ဂါမြစ်ရေပြင်၌ ခြေလျင်ပြေး၍ မိမိလင်၏ အနီး၌ ရပ်တည်ကာ မင်းကြီး၏လက်ကို ဆွဲကိုင်လျက် ယခု ကျွန်ုပ်နှင့်အတူ သွားကြစို့၊ ကျွန်ုပ်တို့နှစ်ယောက် ဤဂင်္ဂါမြစ်ကို ကူးကြကုန်စို့-ဟု ပြောလေသည်။

အနင်္ဂသေန မင်းကြီးသည် မိမိ၏ မိဖုရားကြီးကို မြင်ရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင်စိတ်သက်သာယာရလျက်မိဖုရားနှင့်အတူဂင်္ဂါမြစ်၏ တဖက်ကမ်းသို့ ရောက်သွားလေရာ၊ အိုရှင်မိဖုရားကြီး- အံ့သြဘွယ်ကောင်းပါပေစွ၊ သင်မိဖုရားကြီး ပြုလုပ်အပ်သောအလုပ်မျိုးကို ကျွန်ုပ်ရှေးက မတွေ့ခဲ့ဘူးပါ၊ ယခုမှသာ အံ့သြစွာတွေ့ရပါသည်ဟု ပြောလျက်—

န ပဿာမိ ဘဒ္ဒေ ပုဗ္ဗေ၊ ကတကမ္မံ အဘူတံ မေ။
ပတိဋ္ဌာ တွံ မဟောဒကေ၊ မောစေသိ မဉ္စ မရဏာ။

ဘဒ္ဒေ၊ အသက်အလား အချစ်ပွားတဲ့ မယားအလိမ္မာ သုမေခလာ။ ပုဗ္ဗေ၊ ငါ၏အသက် ရှေးဘက်ဘာဂီ အခါဆီက။ မေ၊ နှမမျက်ဖျော် မောင်တော်ငါ့အား။အဘူတံ၊ တခါဘူးမှ မဖြစ်စဘူးသေးသော။ ကတကမ္မံ၊ သင်ပြုပါတဲ့ ရေလွှာမှ မြေပထဗျာ တဖြာပြောင်းရိုး အမူမျိုးကို။ န ပဿာမိ၊ တကြိမ်တခါ မကြုံလာသဖြင့် မမြင်ဘူးရိုးအမှန်ပါ။ တွံ၊ မောင်၏သက်ထား မယားသက်လျှာ သင်သုမေခလာသည်။ မဟောဒကေ၊ အဟုန်ကြီးစွာ ရေပြင်လွှာ၌။ ပတိဋ္ဌာ၊ အားကိုးတခု မှီငြမ်းပြုခါ တည်ရာဖြစ်၍။ မဉ္စ၊ ငါ့ကိုလည်း။မရဏာ၊ ဇီဝိတိန္ဒြေ ရှိန်ပြေပြတ်ကင်း သေရခြင်းမှ။မောစေသိ၊ ရေလွှာကို မြေပထဗျာ ပြု၍ ယခုလွှတ်ခဲ့စေပါသတည်း။

## ဘုရားလောင်းသူငယ်ရဲ့ ဘုန်းကံ

ဤသို့ဆိုပြီးလျှင် အနုဂ်သေန မင်းကြီးသည် ချစ်လှစွာသော ရှင်မသုမေခလာ- ယခုအခါ ငါသည် ရှင်မိဖုရားကို အကြောင်းပြု၍ အသက်မသေ ရှင်ရပေသည်-ဟု ပြောဆိုကာ မိဖုရားကြီးနှင့်အတူ ဟိမဝန္တာသို့ ခရီးဆက်ကြလေသည်။

ထိုသို့ ဟိမဝန္တာသို့ သွားနေခိုက်ခဏာ၌ပင် မိဖုရား၏ဝမ်း၌ ပဋိသန္ဓေစွဲယူနေသော ဘုရားအလောင်း၏ ကောင်းမှုအာနုဘော်ကြောင့် သိကြားမင်း၏ ဘုံပိပာန်သည် ပူသောအခြင်းအရာကို ပြလေသည်။ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာသည် တင်းမာလာပေ၏။

ထိုအခါ သိကြားမင်းသည် ထိုအကြောင်းကိုဆင်ခြင်၍သိမြင်လျှင် ဝိသကြုံနတ်သားကိုခေါ်စေ၍ အမောင်နတ်သား- လူ့ပြည်သို့သွား၍ တောင်များရာဇာ ဟိမဝန္တာဝယ် မွေ့လျော်ရာအရပ် သစ်ရွက်ထပ်ကပ်ဖိ အသင့်ရှိအောင် ဆောက်ပြုး၍ ရှစ်ပါးပရိက္ခရာ ရိပ်သာအတွင်း သွင်း၍ထား စာသား၍ရေးသားအနက်ရာယ် အသွယ်သွယ် ကွယ်စေပစေ အထွေထွေ ခြေနေမယွင်း ဖန်ဆင်း၍ပြန်ခဲ့ အမောင်ဝိသကြုံ။

ဝိသကြုံနတ်သားသည် သိကြားစကားဝန်ခံပြုး၍ လူသားလူ့ရွာ ပြုစရာလုံးစုံ အကုန်ပြီးပြေစေ၍ ခရီးရှေ့ကြာမလှမ်းပဲ နတ်နန်းသို့ပြန်ခဲ့လေသည်။

ထိုအခါ အနုဂ်သေနမင်းကြီးသည် မိဖုရားကြီးနှင့်အတူ ဟိမဝန္တာတောင်ရောက် ခြေလှမ်းအတိုင်းလျှောက်ခဲ့ရာ ပဏ္ဏသာလာကိုတွေ့၍ ရေးထားသောစာကို ဖတ်ပြီးလျှင် သိကြားပေးသည်ကိုသိ၍ ပဏ္ဏသာလာ ရိပ်သာတံခါးဖွင့် အသင့်ရှိသော ရဟန်းပရိက္ခရာနှင့် ထိုင်စရာ သစ်နက်ရေ တထွေတောင်ဝှေးအတွေးနှင့်ယူပြီးလျှင် သာလာတွင်းဝင်၍ လူ့အသွင်ကိုချွတ် ရသေ့အသွင်ကို ဝတ်လို့ ချောမွတ်ညက်ပြေ သစ်နက်ရေ ဆံကေကျစ်ထုံး လက်သုံးတောင်ဝှေး ဆောင်လွယ်တောင်စွယ် နှောင်ချယ်၍ပေးပြီးလျှင် လေးလေးမှန်မှန် အတန်တန်လျှောက် ဒုက္ခတွေ အကုန်ပျောက်၍ ချမ်းသာ ရောက်ပြီ၊ လူမှု လူရာ အဖြာဖြာ ပူစရာမရှိ၊ မင်းရေလည်း ကင်းဝေးကာ ချမ်းသာဘိ-ဟု ပီတိစကား ခွန်းမြွက်ကြားပြီးလျှင် သာလာမှထွက် မိမိ၏မယားဘက်သွား၍ သက်န်းများ ဝတ်စေ ရသေ့အသွင် ယူလေဟု ပြောကြားလေသည်။ တကျောင်းတပါး တရားမွေ့ပျော် စားသော်သစ်သီးခင်းနှီးသစ်နက် ရေအတွက်ဝါးဆစ် စိတ်ညစ်မတွေး အေးဆေးစွာ စံနေကြလေသည်။

ထိုအချိန်မှစ၍ သုမေခလာသည် ပြဘွယ်ရာဝတ်စုံကို တခုမလဲ်ရအောင် အမြဲမပြတ်ပြုလေသည်။ အရှင်မင်းမြတ်အား အစဉ်မပြတ် ချမ်းသာအောင် ထားပြီး တရားအားထုတ်ခွင့် ပေးလေသည်။ အနဂ်သေန မင်းကြီးကလည်း မိဖုရားရသေ့မ၏ အပြုအစုကိုခံလျက် တရားအားထုတ်လေသည်။

သုမေခလာသည် နံနက်စောစောထ သောက်ရေ သုံးရေတွေခပ် အမှိုက်သရိုက်သိမ်းပြီးလျှင် ခြင်းတောင်းနှင့်တူရွင်း လက်တွင်းမှာကိုင် ဂနိုင်နက်ရာသို့ သစ်သီးရှာ ထွက်လေသည်။

ကောင်းနိုးရာရာ ရလာသော သစ်ဥ သစ်ဖု ရွက်နု ရွက်သစ် အမြစ်အသီးတို့ကို မင်းကြီးရသေ့အား ဆက်ကပ်၍ ပြုစုလေသည်၊ ထိုနောက်မှ မင်းကြီးရသေ့ အကျန်ကိုစား၍ တရားအားထုတ်လေသည်၊ ဤသို့သော အမှုတ်အသားဖြင့် ဝတ္တရားဆောင်ရွက် တရားဘက် နှလုံးသွင်းလျက် နေလာခဲ့ရာ နှစ်လလွန်မြောက် သုံးလသို့ရောက်သောအခါ အနဂ်သေနမင်းကြီး ရသေ့သည် အဖျားရောဂါ ဝေဒနာဖိစီး နှိပ်စက်ကြီး၍ ထိုဟိမဝန္တာတောမြေမှာပင် သေလွန်ရှာလေသည်။

## အနဂ်သေနမင်း နတ်ရွာချဉ်းတော့

ထိုအခါ သုမေခလာ မိဖုရားကြီးသည် ရာဇာမင်းတရား ဤလင်သားကိုအားပြု၍ လိုက်လာခဲ့သည်၊ ကိုယ်ဝန်အရင့်အမာနှင့် မိမိရှေ့မှောက် သခ်မ်းကျောင်း၌ပင် ကွယ်လွန်သွားရှာသော မင်းကြီးကို မြင်ရသောအခါ တွယ်စရာမရှိ ထားရက်ပါဘိ ယခုအခါ ကျွန်ုပ်မှာ တောကြီးမျက်မဲ တယောက်ထဲကိုးကွယ်ရာမဲ့ ဖြစ်ရပါပြီဟု ငိုကြွေးကာ ဤဂါထာတို့ကို ဆိုလေသည်။

တောမြေမှာ တကိုယ်ရေနဲ့ အပူသယ်မ သုမေခလာ ခိုကိုးရာမဲ့လျက် ဘယ်လိုနေရမလဲ မောင်တော်မြတ်ရဲ့၊ ဒီနေ့ကစ အရှင်မင်းမြတ်ရဲ့ အစဉ်မပြတ် အေးချမ်းတဲ့ မျက်နှာကို မမြင်ရတော့ဘူးမောင်ရေ။

ကျွန်တော်မကို ဘယ်သူသြဝါဒပေး၍ ကျွန်တော်မရဲ့ ယုံမှားခြင်းကို ကင်းအောင် ဘယ်သူ ရှင်းပေးမလဲ၊ အခုပင် မောင်တော်ကို မမြင်ရတော့ဘူး၊ ကျွန်တော်မကို ဘယ်သူပြောဆို ဆုံးမမလဲ မောင်တော်ရဲ့။

မိမိမြို့မှ ကောင်းတူဆိုးဘက် အတူထွက်ခဲ့ကြလေ၊ ဂင်္ဂါရေကြောမျောသော်လည်းမသေ၊ စိတ်မပျက်ဘဲ မောင်တော်ရဲ့နောက် ကောက်ကောက် လိုက်ခဲ့သလေ။

လမ်းမှာလေ ခြေကွဲ၍ သွေးခဲတွေ ထွက်သော်လည်း စိတ်မပျက်ပဲ မောင်တော်နောက်သို့ ကောက်ကောက်လိုက်ခဲ့သလေ၊ မောင်တော် ရဟော့အဝတ်ကို ဝတ်ပြန်တော့လဲ မောင်တော်ရဲ့စိတ်အလိုကျ ဝတ်ခဲ့ ရသလေ၊ ယခုတော့ ဟိမဝန္တာတောင်မြေ နှမတော်ကို တယောက် ယဲ ပစ်ထားခဲ့ပြီး သွားပြီလား မောင်တော်ရေ။

ဟယ်-ဟယ် အလေးအမြတ် ပြုအပ်သော ပင်းကြီး- မိမိပြုမှာသော သင်မင်းကြီးသောရင်တော့ အလုံးစုံသော ဆွေတော် မျိုးတော်တွေ စုဝေးညီညာ ရောက်လာမှာပဲ မောင်တော်ရေ။

ဟယ် ဟယ်- မြစ်မှုဖြစ်ရလေ မောင်တော်ရေ၊ ကျွန်မစိတ်နှလုံး မပြုံး နိုင်တော့ဘူးလေ၊ မြို့မှာနေ သေရင်တော့လေ တိုင်းသူပြည်သား လူအများတွေ လာကြမယ်လေ မောင်တော်ရေ။

ရတနာအသွယ်သွယ် ဆန်းကြယ်တဲ့ ရွှေခေါင်းမှာ အလောင်းတော် ကိုထားပြီး ပေါင်ဘုရားရုပ်နာမ် သုသာန်ကိုလေ ယူဆောင်ကြမှာ ပေ။

သုသာန်ကို ယူဆောင် မောင်တော်ရဲ့ရွှေခေါင်း၊ အလောင်းကိုမောင် ရေ ပြာသာဒ်ကယ် ဆောင်ဘွေမှ ယူကာလေ နံ့သာထင်းတွေနဲ့ နန်းတော်သူပျိုတသင်းတွေက မီးနှင်းမယ်လေး။

မီးတိုက်တဲ့လူတွေဟာ ကျွန်တော်မရဲ့ အနိုးအပါးလာ၊ ပစ္စည်းဥစ္စာ အဖြာဖြာပူဇော်ကာပေး၊ ဆင်းရဲကြီးစွာ ပျက်ရေဖြာ ငိုရှာမယ် ကွဲ့လေး။

အခုတော့ တောကြီးလယ် ကျွန်မ တယောက်ထဲ ဘယ်လိုနည်းနဲ့ မောင်ကြီးကိုကွယ်၊ အလောင်းကိုသယ် သင်္ဂြိုဟ်ဘွယ်ခက်သေး၊ကူမည့် သူ ဘယ်မရှိလို့ မခါတယ်လေး။

မောင်တော်ချစ်သွေး သားကလေးကို ကြည့်မသွားတော့ဘူးလား၊ တောညိုမှာ တယောက်သား ထားခဲ့ပြီလား၊ ကိုယ်ဝန်မကပ် လွတ်လပ် စွာဆို တော်ပေသေး၍၊ အခုတော့ ကိုယ်ဝန်မှာ အရင့်အမာ မို့ ထပါလဲမတော် မ,ရှာလဲမလျော် ချပါလည်းမဖြစ် အကိုချစ်တဲ့ မိအဝ့ါ ဤရိပ်သာ မောင့်ခန္ဓာဘယ်လိုချလို့ သင်္ဂြိုဟ်ရမယ်လေး။

ဤသို့လျှင်ပင် ပရိဒေဝမီး တောက်လောင်သဖြင့် ထွေရာလေးပါး ပြောကြားငိုကြွေးလျက် မင်းကြီးနေရာ သာလာမှထွက်၍ တောဘက်ကိုသွား ထင်းများကိုဆောင်ယူကာ သစ်ရွက်မိုးကျောင်း၏ မနီးမဝေးမှာ ထင်းများကို စုပုံလျက် သစ္စာဓိဋ္ဌာန်ပြုလိုရကား--

အရှင်သခင်၊ ကျွန်မလင်၊ မှန်ပင် ချစ်မြတ်နိုးပါ၏၊ သူကလည်းဆို၊ ကျွန်မကို ပိုလို့ချစ်မြတ်နိုးပါ၏၊ ဤသစ္စာစကား အမှန်အားကြောင့် မင်းကြီး၏ ရုပ်အလောင်းသည် ဖက်ရွက်ပမာ ပေါ့ပါး ပါစေသတည်း။

အရှင်မင်းကြီးသည် ဤတောနေရာသို့ ကျွန်ုပ်နှင့် အတူနှစ်ဖြာတူယှဉ်လာစဉ်တွင် ကျွန်ုပ်အား မြတ်နိုးချစ်ခင်ခဲ့ပါသည်၊ ဤသစ္စာစကားကြောင့် မင်းကြီး၏ ရုပ်အလောင်းသည် ကျောက်တုံး ကျောက်ခဲဆွဲရသည့်ပမာ မဖြစ်ပါဘဲ ပေါ့ပါးစေသတည်း။

ဤကဲ့သို့ သစ္စာဓိဋ္ဌာန်ပြုပြီးလျှင် သုမေခလာမိဖုရားသည် မိမိ၏ သစ္စာဓိဋ္ဌာန် အာနုဘော်ဖြင့် သစ်ရွက်ခြောက်ပမာ ပေါ့ပါးနေသော မင်းကြီး၏ ကိုယ်ခန္ဓာကို ချီမ၍ ထင်းပုံပေါ်တင်ပြီးလျှင် မီးရှို့၍ ပန်းများဖြင့် ပူဇော်ကာ ရှိခိုးလျက် အို အရှင်မင်းကြီး- အရှင်မင်းကြီး ကျွန်ုပ်အပေါ်၌ အပြစ်များ ရှိပါက ခွင့်လွှတ်ကျေနပ်သည်းခံတော်မူပါ၊ ယခု သင်မင်းကြီးအား မြင်ရခြင်းသည် နောက်ဆုံး မြင်ရခြင်းဖြစ်ပါ၏ဟု ပြောဆိုရှိခိုး၍ နေဝင်သည့်တိုင်အောင် မီးသင်္ဂြိုဟ်သည့်နေရာမှာ နေပြီးနောက် မိမိ၏ပဏ္ဏသာလာသို့ ပြန်လာခဲ့လေ၏။

## ပဒုမ မင်းသား

မင်းကြီး နတ်ရွာစံ ကံတော်ကုန်သည့်အချိန်မှစ၍ တကိုယ်တည်း သောကမီးတောက်လောင်လျက် တော သစ်ဖု သစ်ဥ အသီးကြီးငယ်တို့ကို ဆောင်ယူစားသောက်နေလေသည်၊ မိမိကိုယ်ကို မွေးမြူနေစဉ် ကိုယ်ဝန်မှာ ဆယ်လလွန်သဖြင့် သားကို မွေးဖွားလေသည်။

ဘုရားအလောင်းသား အမိဝမ်းမှကျွတ်ရာ အခါ၌ ထိုသား၏ တန်ခိုးအာနုဘော်ဖြင့် မြေအပြင်မှ လှည်းဘီး ပမာဏရှိသော ပဒုမာကြာပွင့်ကြီး တပွင့်သည် ထိုဘုရားအလောင်း၏ခြေ၌ ခံလေသည်။ ထိုအခြင်းအရာကိုမြင်လျှင် မိဖုရားသည် ငါ၏သားသည်ကား ဘုန်းတန်ခိုး အာနုဘော်ကြီးသော သားပေတည်း၊ အံ့ဘွယ်ရှိသောသားကို ဖွားမြင်ရပေသည်-ဟု ကြံ၍ မဟာပဒုမ

မင်းသားဟူ၍ အမည်မှည့်လေသည်။ သုမေခလာ မိဖုရားသည် သား၏ရုပ်သွင် မြင်ရသောအခါ ရှေးအဖြစ်ကိုသတိရလျက် ငိုကြွေးလေသည်။

သားလှရွှေသွေး၊ လူကလေးမောင်၊ တောမြိုင်ချောင်ဝယ်၊ မောင်ကို မေဖျား၊သန္ဓေစင်ဖွား၍၊ ဆွေသား ညာတကာ၊ မလာနိုင်ခဲ့၊ ဘုန်းလှိုင် ကြီးစွ၊နန်းထိုးကြွသည်၊ အဂ္ဂဝတီ၊ မင်းနေပြည်ဝယ်၊ တည်မှီမေ့သား၊ ဖွားတုံငြားက၊ ဆွေသား ညာတကာ၊ အစုံလာ၍၊ ဘေးမှာပတ်လည် ရံလိမ့်မည်။

သင်သားငယ်လည်း၊ ဖဝယ်မျက်နှာ၊ မမြင်ရှာတည်း၊ ပိတာဖလည်း၊ သားလှကိုပင်၊ မမြင်လေခဲ့၊ မွေးမေရင်ဦး၊ တံကျင်စူးသို၊ မေ့မူး ရင်ခုန်၊ နှလုံးတုန်၏။

ဤသို့ငိုကြွေးပြီးလျှင် သားရွှေစင်ကို ရင်ခွင်မှာပိုက် နို့တိုက်ကာကျွေး ဥကွောင်းကို နမ်းစုပ်လေသည်။ ။မိခင်၏ယုယပိုက်ထွေး ကျွေးမွေးပြုစုမှုဖြင့် သားပုလိမ္မာ မဟာပဒုမာသည် ယခုအခါ သက်လာထောက်လစ် ဆဲ့ခြောက် နှစ် ရှိခဲ့လေပြီ၊ ရှုချင်စဘွယ် သွေးရောင်ထယ်၍ ကြည်ညိုဘွယ်အဆင်းရှိသည်၊ မင်းသားသည် မိမိအမေ ဘောမြေသို့ တကိုယ်တည်း သစ်သီးအရှာသွက်ရ သည်ကိုမြင်၍ ချီသာအေးမြသောစကားဖြင့် အမိကိုမေးလေသည်ကား—

(သား) အို-မွေးသည့်မိခင် ကျေးဇူးရှင်— ကျွန်ုပ်၏ ဖခင်သည် အဘယ်သူ ဖြစ်ပါသနည်း။

(မေ) အို-ချစ်သား အနုဂ်သေနမင်းသည် သင်၏ဖခင် ဖြစ်ပေသည်။

(သား) အို-မွေးသည့်မိခင် ကျေးဇူးရှင်— ကျွန်တော်၏ ဖခင်သည် ဘယ်သို့ သွားပါသနည်း။

(မေ) အို-ချစ်သား သား၏ဖခင်သည် သေရှာလေပြီ။

ထိုစကားကိုကြားသော် မဟာပဒုမသည် ငိုကြွေး မြည်တမ်းလျက် ယခု ငါသည် အားထားမှီခိုရာမရှိ ဖြစ်ချေပြီ၊ ငါ၏ မိခင်တယောက် တည်းသာ တောမြေမှာနေရရှာ၏၊ ငါသို့သော သားတယောက် အသက်ရှိနေပါလျက် မိမိ၏ပွေ့သမိခင် ကျေးဇူးရှင်မှာ ဆင်းရဲဒုက္ခ ရောက်နေရမည် ဆိုပါလျှင် ငါအား ကျေးဇူးတရားမသိရှ ကျပေလိမ့်မည်ဟု ကြံစည်အောက်မေ့၍ မိမိ မိခင်ကို ဝမ်းမြောက်စေရန် ဤသို့ပြောကြား၏။

အိုအမိ- ဤနေ့မှစပြီး သစ်သီးဝလံရှာဖွေရန် တောသို့မသွားပါနှင့်တော့၊ ကျွန်တော်သည် တောသို့သွား၍ တောမှ သစ်သီးဝလံ ရှာဖွေဆောင်ယူလျက် နေ့စဉ်နေ့တိုင်း မိခင်အား ကျွေးမွေးပါမည်။ ဧင်စစ်အားဖြင့် ကျွန်တော်သည် မိခင်အတွက် အသက်ကိုစွန့်လွှတ်ရန်ပင် အသင့်ရှိပါ၏ဟု ပြောဆိုလေသည်။

သားငယ် ပဒုမမင်းသားစကားကိုကြားလျှင် မိခင်သုမေခလာမိဖုရားသည် စိတ်နှလုံးများစွာထိခိုက်လျက်မိမိချစ်လှစွာသောသားကိုသားမောင်-သင်သည် တောထဲသို့ မသွားပါလင့်၊ ငါသည်ပင် သီးကြီး သီးငယ် အသွယ်သွယ်ကို ဆောင်ယူကျွေးမွေးပါမည်။ ချစ်စွာသောသား—ဤတောထဲမှာ ကြမ်းထမ်း ကြောက်မက်ဘွယ်ကောင်းသော ခြင်္သေ့ သစ်ကျား သားကောင်တို့ ပေါများလှပါ၏၊ သင်တယောက်တည်း တောထဲသို့ သစ်သီးရှာသွားမည်ဆိုပါက ငါ၏ အသည်းနှလုံးများ ပျက်ပြုန်းကျေကွဲရ ပါလိမ့်မည်ဟုဆိုကာ သုမေခလာမိခင် ကြီးသည် သားတော်ပဒုမအား တောထဲသို့မသွားရန် အတန်တန် တားမြစ် ပြောဆိုလေသည်။

## အရေးကြုံလျှင် သက်လုံကောင်းဘို့

မိခင်သည် သားအား အကြိမ်ကြိမ်တားမြစ်သဖြင့် မဟာပဒုမသည် ဘာမှ မပြောတော့ပဲ တိတ်ဆိတ်စွာ နေ၏။ မိခင်သုမေခလာသည် သားပဒုမအား အဆုံးအမပေး၍ ပဏ္ဏသာလာမှာနေစေ၍ မိမိကိုယ်တိုင် တံချူခြင်းတောင်းနှင့် တူရွင်းတို့ကိုယူကာ တောသို့သွားလေ၏။

ထိုအခါ သားမဟာပဒုမသည် ဤသို့ကြံစည် တွေးတောမိလေ၏။ ငါ၏ အမိအား တောထဲ၌ တစုံတရာ အန္တရာယ်ရှိသည် ဖြစ်ငြားအံ့၊ ငါသည် ငါ့ မိခင်အား အဘယ်သို့ အန္တရာယ်မှ လွတ်မြောက် စေနိုင်မည်နည်း၊ ငါသည် မိခင်သွားရာ လမ်းခရီးကိုမသိသောကြောင့် ငါ့မိခင်၌ တစုံတရာ အရေးကိစ္စ ကြုံလာလျှင် ငါသည် အဘယ်သို့သွား၍ အဘယ်သို့ ရှာဖွေရမည် မသိချေ၊ သို့ဖြစ်၍ ငါသည် မိခင်နေ့စဉ်သွားနေသော လမ်းခရီးကို သိအောင် ပြုထား သင့်၏ဟု ကြံစည်စိတ်ကူးမိလေသည်။

ထို့နောက် မဟာပဒုမမင်းသားသည် မိမိ၏ပဏ္ဏသာလာမှထွက်၍ မိခင်၏ သွားရာလမ်းကိုသိရန် မိခင်နောက်မှ မသိမသာလိုက်သွားလေ၏၊ ထိုနောက် မိခင်သွားနေကျလမ်းကို သိပြီးသောအခါ မိခင်မသိအောင် မိမိ၏ပဏ္ဏသာ လာသို့ ပြန်လာကာ နေမြဲနေလေ၏၊ တခါတရံ၌ ဘုရားလောင်း ပဒုမမင်း

သားသည် မိမိသာလာ၌ တယောက်တည်းနေလျက် မိခင်အား လွမ်းဆွတ် သတိရသဖြင့် စိုးရိမ်ပူဆွေး ငိုကြွေး၍နေလေ၏။ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို ဆိုလေသည်။

ပဒုမမည်ငြား၊ တယောက်သား၊ နေငြား သာလာ၊ မိမာတာကို၊ တွေးကာစိတ်ရည်၊ ငိုလေသည်။

ပဏ္ဏသာလာ၊ ရပ်သာမှာနေ၊ သားသက် ဝေလျှင်၊ မေ့မေချစ်စွ၊ စိုးကြောင့်ကြဖြင့်၊ ဒုက္ခပူးဝင်၊ ကိုယ်၌ ယှဉ်၍၊ ဆင်ခြင်တွေးဆ၊ မျက်ရေကျ၏။

ထိုမင်းသားသည်၊ မယ်ဖွားပြုတုံ၊ ကျေးဇူးဂုဏ်ကို၊ အစုန်အဆန်၊ တန်တန်တွေးလျက်၊ ဟစ်ကြွေး မြည်တမ်း လေသတည်း။

ငါ၏မွေးမေ၊ တောတောင်မြေဝယ်၊ နေ့ရေစဉ်ဆက်၊ အမြဲထွက်၍၊ ချိုမြက်သစ်သီး၊ ရှာကာမှီး၍၊ လွန်ကြီးဒုက္ခာ၊ သားမောင်ငါကို၊ ကောင်းရာကျွေးမွေး၊ သက်ကိုပေးသည်၊ ဆပ်ရေးမကုန်နိုင် တကား။

ငါ့အားအမေ၊ ရကုံမြေဝယ်၊ လှည့်လေခရီး၊ နေ့စဉ်မှီးလျက်၊ သစ်သီး ကြီးငယ်၊ ဆောင်ယူသယ်၍၊ ဘေးဝယ် မတွေး၊ ကျွေးမွေး ရလေ၊ ဆင်းရဲပေစွ။

ပန်းပဲသမား၊ ဖားဖိုများလျှင်၊ တွင်းသား ကျွမ်းလျှ၊ ပြင်ဘမ်း လှုသို့၊ တူစွပုံယုံး၊ ငါ့နှလုံးလည်း၊ တွင်းပုန်းပူစွ၊ ပြင်ဘမ်းလှ၏။

ယခုအခါ၊ ငါ၏နှလုံး၊ ကြိမ်အုံးတမျှ၊ ကြောင့်ကြစိုးရိမ်၊ ပူအရှိန် နှင့်၊ အချိန်မြဲထွေ၊ ငိုရပေ၏၊ စိတ်ပွေဒုက္ခ၊ ပြည့်လျှမ်းရကား၊ သေးစွ ချောင်းငယ်၊ ခြောက်သွေ့ နှယ်သို့၊ ငါဝယ်နှလုံး၊ သွေးခြောက် သဉ်း၍၊ လောင်ဆုံးရတော့မည်တကား။

ဤသို့စသည်ဖြင့် မိမိ၏အမိအား လွမ်းဆွတ်တမ်းတ အောက်မေ့လှသဖြင့် ပဒုမမင်းသားလေးသည် ငိုကြွေးလျက်သာ ပဏ္ဏသာလာ၌ နေရလေသည်။ ထိုအခါ သုမေခလာသည် တောသို့သွား၍ စားသောက်ဖွယ် အမြစ်အသီး ကြီးငယ်တို့ကို ရှာမှီးပြီး၍ ညနေချမ်းအခါ ပဏ္ဏသာလာသို့ ပြန်လာနေကျ ဖြစ်လေသည်။

## မိခင်မြွေကိုက်၍ ကွယ်လွန်သော်

တနေ့သောအခါ သစ်သီးကြီးငယ်ကို ရှာဖွေဆွတ်ခူးပြီး၍ မိမိသာလာ သို့ ပြန်မည့်အချိန်တွင် မိုဃ်းကြီးရွာချလျက် အရပ်မျက်နှာအားလုံး မိုဃ်းတိမ် ဖုံးလျက် ရပ်လုံးရှစ်ခွင် ဘယ်မမြင်အောင် ဖြစ်နေပေသည်၊ မိဖုရားသည်

သစ်ပင်ကြီးတပင်နား ကပ်ရှား၍ ထိုင်နေရလေ၏၊ ထိုအခါ သစ်ပင်ရင်းတောင်ပို့တွင်း၌နေသော အဆိပ်ပြင်းထန်သော မြွေတကောင်သည် မိဖုရား၏ ကိုယ်မှ လူနံ့ရ၍ ဒေါသမျက်ဖြင့် တွင်းမှထွက်ကာ မိဖုရား၏ခြေကို ကိုက်ခဲလေ၏၊ မြွေကိုက်လျှင် ကိုက်ချင်းပင် အဆိပ်ပြင်းထန်လှသောကြောင့် မျက်စိမှာ မီးဝင်းဝင်းတောက်သကဲ့သို့ ဖြစ်ကာ ဝေဒနာကြီးစွာ ခံစားရလေ၏၊ ထိုဝေဒနာကို အလူးအလဲ ခံစားနေရသော်လည်း ဝေဒနာထက်ပို၍ သားဆီသို့ စိတ်ရောက်နေလျက် ငါသေသွားရင် ငါ၏သားကလေး မဟာပဒုမသည် ဘယ်သို့ အသက်မွေးမည်နည်း၊ ငါ့သားကလေး အမေသေရင် ကိုးကွယ်ရာ မရှိတော့ဘူး၊ ငါ့သားကလေးကို ဘယ်သူလာ၍ တောမှာ သစ်သီးဆောင်ကြဥ်းပေးပါလတ့်နည်းဟု အတွေးပို၍ မျက်ရေယို ငိုကြွေးလျက် ဤဂါထာတို့ကို ဆိုလေ၏။

လောကကြီးမှာ မိန်းမသားဖြစ်သော ငါ့အား မြွေကိုက်သဖြင့် အပြင်း အထန် ခံနေရသော ဆင်းရဲဒုက္ခသည်ကား ဒုက္ခမဟုတ်သေးပါ၊ ယခုအခါ ငါ့သားကို မတွေ့မမြင်ရခြင်းသည်သာ ငါ့အား အကြီး အကျယ် ဆင်းရဲလှပါ၏။

ယခုအခါ ငါ့သားလေးသည် ကိုးကွယ်ရာမဲ့ပြီး သခ်မ်းကျောင်းထဲ၌ တယောက်တည်း နေရရှာလျက် စားကောင်းရာ အမြစ်အသီးတို့ကို မစားရသဖြင့် မွတ်သိပ်ဆာလောင်လျက် နေရှာပေတော့မည်။

ငါ၏သားသည် ဆာလောင်မွတ်သိပ်သဖြင့် ကျောင်းသခ်မ်းမှထွက်၍ တောကြီးထဲသို့ လာသောအခါ ငါ့ကို မတွေ့မြင်ရပါလျှင် အသက် သေလုမတတ် ပူဆွေးသောက ရောက်ရှာပေတော့မည်။

ငါ့အတွက် ဒုက္ခရောက်နေရှာတဲ့သားကလေးဟာ ညဥ့်နက်သန်းခေါင် ကျင့်ဆောင်မှုကို မြတ်နိုးစုံမက် နှစ်သက်သည်မဟုတ်လား၊ ယခုတော့ အမေမရှိလို့ မြစ်ချောင်းလို တကိုယ်တည်း ထီးထီးကျန်ရစ်ရှာတော့ မယ်။

သတ္တဝါမျိုးစုံ နွယ်ချုံသစ်ပင်တို့ဖြင့် ပြွမ်းသော တောကြီးမှာတည် နေသော နတ်တို့ကိုရှင်း၊ ကောင်းသောရေဆိပ် အင်းအိုင်၌ တည်နေ သော နတ်တို့ကိုရှင်း ကျွန်တော်မသည် ဥက္ကောင်းဝပ်လျှို ရှိခိုးပါ၏။

ယခု ကျွန်တော်မသည် အလုံးစုံသော နတ်အပေါင်းတို့ကို ကျွန်တော် မသားအား ပြောကြားစေခြင်းငှာ ရှိခိုးပါ၏၊ ကျွန်တော်မပြော သည့်အတိုင်း ပြောကြားတော်မူကြပါ နတ်ဒေဝါတို့။

သင့်မိခင်သည် မကြာမီ သေခြင်းသို့ရောက်တော့မည်၊ သင်သည် တောတွင်းသို့ အမြန်သွား၍ သစ်ပင်ရင်း၌ လဲနေသော သင့်မိခင်၏ မျက်နှာကို နောက်ဆုံးတွေ့မြင်ရသည့် အနေဖြင့် အားရပါးရ ဝဝကြီး သွားရောက် ကြည့်ရှုပါလော့ဟု ကျွန်ုပ်၏သားတော်အား သွားရောက် ပြောကြားပေးကြပါကုန်လော။

ဤသို့ မြွေဆိပ်တက်၍ သတိမရတချက် ရတချက်ကြားမှ သားအတွက် ရဟက်ပွေကာ ငိုကြွေးမြည်တမ်းရှာလျက် သားတော်အား သတိရလွမ်းဆွတ်သည်ကတဖုံ၊ အဆိပ်ပြင်းထန်သော မြွေကိုက်သည့် ဒဏ်ရာကလည်းတချက် နှိပ်စက်လှသဖြင့် သဇ်ပင်ရင်း၌ပင် ထွက်သက်ဝင်သက် ပြတ်စဲ၍ သေပွဲဝင်ရှာလေ၏။

ထိုအခါ ဘုရားအလောင်း ပဒုမမင်းသားမှာ တိမ်လွှာက အရှိန်အဝါမြင့်၍နေလေရာ ရစ်မျက်နှာလုံးအုပ်ဖုံးမှိုင်းရည်လျက် ကျသည့်မိုဃ်းရေသံသာကြားနေရသည်၊ အမိက ပြန်မလာသေး၊ တွေးတိုင်း နှလုံးတုန် ရင်ခုန်ရှာလေသည်၊ ငါ၏ အမေသည်ကား အချိန်ကြာမြင့်လှပြီ ဖြစ်သော်လည်း ယခုတိုင် မရောက်လာသေး၊ မဟုတ်ပါမှလွဲရော ငါ၏မိခင်အား တော၌သော်၎င်း တောင်၌သော်၎င်း တနေရာရာမှာ အန္တရာယ်တခုခု တွေ့ကြုံနေပြီဖြစ်လတံ့၊ ငါသည် မိခင်အား ရှာဖွေရန် တောသို့သွားအံ့ဟုကြံစည်တွေးတောလျက် သခ်မ်းကျောင်းမှထွက်၍ မိခင်သွားနေကျ လမ်းအတိုင်းလိုက်ကာတောသို့ဝင်သွားလေ၏၊ဘုရားလောင်းသည် တောသို့သွားကာ မိခင်အား ရှာဖွေလျက် ပြောကြားနေသည်ကတော့–

ဟယ်ဟယ်· အိုချစ်လှစွာသောမိခင် သင်မိခင်သည် တောကြီးထဲမှာ ဘယ်နေရာသို့ ရောက်နေပါသနည်း၊ ကျွန်တော်သည် ယနေ့ မိခင်ကို မတွေ့ရပါလျှင် ကျွန်ုပ် အသက်သေရပါလိမ့်မည်။

ဤသို့ဆိုလျက် ညဥ့်နက်အမှောင် ကြယ်ရောင်မခ မိုးမှောင်ကျလို့ ဒေသမမြင် အထင်နှင့်မှန်း လျှပ်ပန်းအလက် အားဖက်၍ အမေကို အရှာထွက်ခဲ့ရာ လမ်းနားနီးတွင် သစ်တပင်သို့ရောက် လျှပ်ရောင်အတောက်ဖြင့် သစ်ပင်ရင်းမှာ စင်းစင်းကြီး လဲလျောင်းနေသော အမေကိုမြင်လျှင် ပြေးဝင်ထံပါး အလျင်အမြန် သွားလို့ မိခင်၏ခန္ဓာကိုယ်ကို စမ်းသပ်ကိုင်တွယ် ဆုပ်နယ်၍ ကြည့်သောအခါ အသားအရေ အနေအအေးစက် မာကြောတက်၍ သေဘက်နယ်တွင်း ကပ်ချဥ်းသွားသည်ကို သိရကား ငိုကြွေးမြည်တမ်းလျက် ဂါထာကို ဆို၏။

ယခုပေါလေ ကျွန်တော့အမေကို ရှာဖွေရည်မှတ်၍ အရပ်အထွေထွေကို လှည့်လည်ခဲ့ပါ၏၊ အမေ့ကိုတွေ့ပြီ ထပါတော့ ဘာပြုလို့ ဤနေရာမှာ အိပ်နေပါသလဲ၊ သား၏မျက်နှာကို ဝဝကြီး ထ၍ကြည့်ပါတော့လား၊ အမေ့သား အကျိုးအကြောင်း သိရအောင် အမေ့ထံလာပြီလေ၊ ကျွန်တော်ရှဲ့ရှေ့မှာ ထထိုင်ကာ တော့ရာစကား ပြောပါဦးလား အမေရှဲ့။

ဤသို့ ငိုကြွေးမြည်တမ်းကာ သေနေသော အမိကို ကြည့်လျက် မချိသော စိတ်ဒုက္ခဖြင့် အပိ၏ခြေရင်းမှာ ဝပ်စင်း၍ နေဝင်ချိန်မှ သန်းခေါင်ချိန်ကျအောင် သူ့ရှုးပမာ အမိကို ထပါ-ထပါနှင့် ပြောလျက် ငိုရှာနေလေသည်၊ အမိသည်ကား သားပဒုမာကို မသိရှာလေပြီကော။

ထိုထိုအရပ်ဒေသ လာသမျှဒေဝါ အိုနတ်များစွာတို့- သင်နတ်အပေါင်းတို့အား ရှိခိုးဝပ်တွား ဤသို့ ပန်ကြားပါ၏။

အို နတ်များအပေါင်းတို့- တန်ခိုးကြီးသော သင် နတ်အပေါင်းတို့သည် ကျွန်ုပ်၏ အမိကို ဆေးကုပေးကြပါကုန်လော၊ ကျွန်ုပ်သည်ကား မိခင်အသက်ပြန်၍ ရှင်လာရေးအတွက် ဆေးကုသရန် ကျွန်ုပ်၏ အသည်းနှလုံး မျက်လုံးအစုံနှင့် တဖုံသားသွေးဆေးခပေးဘို့ အဆင်သင့်ဖြစ်ပါ၏။

## မိခင်အသက် ပြန်ဆက်ရရေး နှလုံးသွေး

ပဒုမမင်းသားသည် နတ်များကို ဝပ်တွားပန်သ ထိုခဏ၌ပင် သိကြားမင်း၏ ပိမာန်သည် ပူသော အခြင်းအရာကို ပြ၏၊ သိကြားမင်းသည်အကြောင်းအရာကို ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ ယခု ငါသည် ထိုသူမေခလာမိဖုရား၏ အသက်ကို ရှင်အောင် ကုသပေးအံ့ဟု ကြံစည်လျက် နတ်ပြည်မှ ဆင်းသက်၍--

ပုဏ္ဏားသဏ္ဍာန် ပုံဟန်ပြုခါ-

ညချည်း သန်းခေါင် ကြယ်ရောင် မှိုဝါး ဘုရားအလောင်း၏ ရှေ့မှာ ရပ်လာ၍ ပြောဆိုသည်ကား-

(ပုဏ္ဏား) အို မြတ်သောယောကျ်ား—ဤအရပ်မှာ တယောက်တည်းထည်းသော သင်သည် အဘယ်အမည်ရှိပါသနည်း။

( သား ) အိုပုဏ္ဏားကြီး ကျွန်တော်သည်အား ပဒုမမင်းသား ဖြစ်ပါသည်။

(ပုဏ္ဏား) အိုပဒုမသတို့သား- ကျွန်ုပ်သည်ကား ဗာရာဏသီပြည်သို့ ထွက်လာခဲ့ရာ မျက်စိလည် လမ်းမှား၍ ဤနေရာသို့ ရောက်လာပါသည်၊ ဗာရာဏသီမြို့သို့ သွားရာလမ်းခရီးကို ညွှန်ကြား ပြသပါလော။

( သား ) အိုပုဏ္ဏားကြီး- ကျွန်တော့အမေသည် အဘိုပ်ပြင်းထန်သော မြွေကိုက်၍ ဤနေရာမှာ သေနေပါပြီ၊ ကျွန်ုပ်အား သနားသဖြင့် မိခင်အသက်ပြန်ရှင်ရန် ဆေးဝါးများကို ညွှန်ကြားပါလော့။

(ပုဏ္ဏား) အို ပဒုမမင်းသား- ယခု အကျွန်ုပ်မှာ ဆေးမရှိပါ၊ ဒါပေမဲ့ အကျွန်ုပ် အလိုရှိသော အရာဝတ္ထုကိုရပါလျှင်ကား သင့်မိခင်၏ ကိုယ်မှအဆိပ်များကို ကင်းစင်လွင့်ပျောက်အောင် ပြုလျက် သင့်မိခင်အသက်ရှင်လာအောင် ပြုလုပ်ပေးပါအံ့။

( သား ) အို ပုဏ္ဏားကြီး- ယခု အကျွန်ုပ်သည် ဘာကို ရှာ၍ ပေးရပါမည်နည်း။

(ပုဏ္ဏား) အမောင်ပဒုမ- အကျွန်ုပ်သည် ယခုအခါ လူ၏ အသည်းနှလုံးကို ရပါလျှင် ယင်းအသည်းနှလုံးကို မန္တန်ဖြင့် မန်းမှုတ်လျက် ဆေးစီမံပြီးနောက် ယင်းဆေးဖြင့် သင့်မိခင်၏ ခံတွင်းထဲသို့ ထည့်လိုက်ပါက သင့်မိခင်သည် အသက်ပြန်ရှင်လာပါလတ့်။

ဒိုအရှင်ပုဏ္ဏားကြီး- သင်ပုဏ္ဏားကြီးသည် ဆေးစီမံရန် အလိုရှိပါက ကျွန်ုပ်၏အသက်နှလုံးကို ပေးပါအံ့။

မင်းသားအကျွန်ုပ်သည် သင်၏ အသည်းနှလုံးကို ရပါလျှင် ယင်းအသည်းနှလုံးကိုယူ၍ မန္တန်ဖြင့် မန်းမှုတ်လျက် ဆေးစီမံ၍ သင့်မိခင်အသက်ကို ယခုချက်ချင်း ပြန်ရှင်အောင် ပြုလုပ်ပေးပါအံ့။

ပုဏ္ဏားကြီး၏ စကားကို ကြားလျှင် ပဒုမမင်းသားသည် မိမိရင်ကိုခွဲ၍ အသည်းနှလုံးကို ယူရန်အတွက် ဓားကိုရှာဖွေရရှိလိုသဖြင့် ကောင်းကင်ကို မော်ကြည့်လျက် သစ္စာဓိဋ္ဌာန်ပြုလိုရကား ဂါထာကိုဆို၏။

အကျွန်ုပ်သည် အမိအသက် ရှင်စေခြင်းငှာ အကျွန်ုပ်၏ရင်ကို ခွဲလျက်နှလုံးသားကိုဖြတ်၍ ပေးလှူပါအံ့၊ ဤနှလုံးသားကို ပေးလှူရသော ဒါနစေတနာကြောင့် ကျွန်ုပ်သည် နောင်အခါ၌ ဘုရားစင်စစ် ဖြစ်ရပါလတ့်၊ ဤသစ္စာ စကားကြောင့် ကျွန်ုပ် နှလုံးသား ဖြတ်ရန် ဓားကိုပေးကြပါ နတ်အပေါင်းတို့။

ဟု သစ္စာအဓိဋ္ဌာန်ပြုလေ၏။

မဟာပဒုမမင်းသား၏ အမှန် စကားသည် စွမ်းအားရှိသည် ဖြစ်ရကား လိုအပ်သော ခေါးငယ်ကို ကြိုးဖြင့်ချည်လျက် မင်းသား၏ အနီးအနားတွင် တွေ့မြင်ရလေသည်။

ပဒုမမင်းသားသည် ခေါးငယ်ကိုယူကာ လက်ျာလက်ဖြင့် ကိုင်လျက် အို နတ်များအပေါင်းတို့ နှလုံးသားအလှူဖြင့် ကျွန်ုပ်သည်စကြဝဠာ မင်းစည်းစိမ်ကိုရင်း၊ သိကြားမင်း စည်းစိမ်ကိုရင်း၊ မာရ်နတ်မင်း စည်းစိမ်ကိုရင်း၊ ဗြဟ္မာမင်း စည်းစိမ်ကိုရင်း၊ ပစ္စေကဗုဒ္ဓါအဖြစ်ကို ရင်း၊ သာဝကအဖြစ်ကိုရင်း မတောင့်တပါ၊ စင်စစ်အားဖြင့် ကျွန်ုပ် ၏ ဤနှလုံးသား အလှူဒါနမြတ်သည် သဗ္ဗညုတဉာဏ်ကို သိခြင်း၏ အကြောင်း ဖြစ်ပါစေသတည်း၊ ဤနှလုံးသားအလှူကြောင့် နောင် အခါ၌ သံသရာဝဋ်ဆင်းရဲမှ နတ်လူအပေါင်းကိုလွတ်မြောက်စေရန် ကယ်တင်နိုင်ပါ စေသတည်း-ဟု ဆုတောင်းပြီးလျှင် နတ်အပေါင်း တို့အား မိမိ၏နှလုံးသားအလှူကို ဝမ်းမြောက်နှမော် သာဓုခေါ်ရန် ဤသို့ ပြောဆိုလေသည်။

နတ်မြတ်နတ်ကောင်း အိုနတ်အပေါင်းတို့- အကျွန်ုပ်သည် မိခင် အသက်ရှင်ရန် အတွက် ပုဏ္ဏားအား နှလုံးသားကို လှူအပ်ပါ၏၊ ဤနှလုံးသာအလှူကို ဤနေရာသို့ ကြွလာ၍ ဝမ်းမြောက်တော်မူကြပါ ကုန်လော့။

မိခင်အတွက် အသည်းနှလုံးသားကို လှူရသော ဤ အလှူဒါနသည် ကြီးမြတ်သော အကျိုးကိုပေးလျက် နောင်အခါ၌ ဗောဓိဉာဏ်ကို ရရန် ရွယ်ကိုး အကျိုးရှိသည် ဖြစ်ပါစေသတည်း။

ကျွန်ုပ်သည်ကား ကျွန်ုပ်၏ အသည်းနှလုံးထက် သဗ္ဗညုတဉာဏ်ကို ချစ် မြတ်နိုးပါ၏၊ ထို့ကြောင့် သင်နတ်မြတ် နတ်ကောင်း နတ်အပေါင်း တို့သည် ကျွန်ုပ်၏အသည်းနှလုံးအလှူကို ကြည်ဖြူလျှမ်းတောက် ဝမ်း မြောက်တော်မူကြပါကုန်လော့။

ဤသို့ ဆုတောင်း ပတ္ထနာနှင့် အနုမောဒနာ ပေးပြီးလျှင် ဘုရား အလောင်းသည် ကိုယ်တိုင်သာလျှင် ထိုခေါးငယ်ဖြင့် မိမိရင်ကိုခွဲလျက် ရှေးဦးစွာ အမ်ဋ္ဌာန်ပါရမီကို ပြည့်စေလိုသည်ဖြစ်၍ ယခုအခါ ငါ သည် မိမိနှလုံးသားကို ဖြတ်အံ့၊ ဤကိုယ်၌ သွေးစသည်တို့သည် ရွံရှာ စက်ဆုပ်အပ်သော သဘောရှိ၍ ကျွန်ုပ်၏ကိုယ်မှ အပသို့ ထွက်မလာပါ

စေသတည်းဟု သစ္စာဆိုကာ စိတ်ကိုမြဲမြံခိုင်ခံ့စွာ ထားပြီးလျှင် မိမိ၏ နှလုံးသားကို ခါးဖြင့်ဖြတ်၍ ထုတ်ယူလျက် ပုဏ္ဏားမ၏လက်ထဲ၌ ထည့်လေသည်။

ထိုအခါ ပုဏ္ဏားသည် နှလုံးသားကို ယူ၍ ဘုရားအလောင်းကို- အို ပဒုမမင်းသား သင်၏မိခင် အသက်ရှင်ဘို့ တာဝန်သည်ကား ကျွန်ုပ်၏ တာဝန်ဖြစ်၏၊ယခု ငါသည် သင်၏မိခင်၏အသက်ကို ရှင်စေအံ့၊ ကျွန်ုပ်၏လက်မှ အသည်းနှလုံးကိုယူ၍ သင်၏မိခင်၏ ခံတွင်းဝ၌ ထားပါလော့၊ ငါသည် သင်၏ နှလုံးသားဖြင့် ကျွန်ုပ်၏ မန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်ပါအံ့ဟု ပြောလေ၏။

ပုဏ္ဏား၏ စကားကို ကြားလျှင် ဘုရားအလောင်း ပဒုမမင်းသားသည် မိမိ၏အသည်းနှလုံးကို မိခင်၏ခံတွင်းဝ၌ ထားလေ၏။

ထိုခဏ၌ ပုဏ္ဏားသည် မိမိ၏ တန်ခိုး အာနုဘော်ဖြင့် ထိုနှလုံးသားကို ကွယ်ဝှက်ဖုံးအုပ်၍ အမြိုက်ဆေးစင်ကိုယူကာ သေနေသော သုမေဓလာမိဖုရား၏ ကိုယ်ပေါ်၌ အမြိုက်ဆေးစင်ကို သွန်းလောင်းပက်ဖျန်းလေ၏။

ထိုသို့ အမြိုက်ဆေးစင် သွန်းလောင်းသော အခါ ဘုရားလောင်း ပဒုမမင်းသား၏ အမိ သုမေဓလာ မိဖုရားသည် တဖန် အသက် ရှင်လာလျက် အိပ်ပျော်သော ယောကျ်ား နိုးသော အလားကဲ့သို့ ထိုနေရာ၌ပင်ထလျက် ထိုင်လေ၏။

ထိုအခါ ဘုရားအလောင်းသည် မိခင်၏ခြေတို့ကို ရှိခိုးဦးချ၍ မယ်တော်အား မေးမြန်းလိုရကား- အိုမိခင် အကျွန်ုပ်သည် အမိကို ပန်ကြားပါ၏၊ကျွန်ုပ်သည် ပါရမီတရားကို ဖြည့်ကျင့်လျက် မိမိအသက်ကိုပေးလှူပါ၏၊ ဤ ကောင်းမှုကြောင့် အကျွန်ုပ်သည် အနာဂတ်ကာလ၌ ဘုရား ဖြစ်ရပါလို၏။

အို ချစ်လှစွာသော မိခင် ဤညဥ့်အခါတွင် ကျွန်ုပ် သေသည်ကို တွေ့မြင်ရပါလျှင် ကျွန်ုပ်၏ အသက်ရှင်လျက်ရှိသော မျက်နှာကို မမြင်ရသောကြောင့် သင်မိခင်မှာ များစွာစိုးရိမ်ပူဆွေး ငိုကြွေးခြင်းဖြစ်ရပါလိမ့်မည်။

## သားအတွက် မိခင်သောက

ဤသို့ ပြောဆိုပြီး ဘုရားအလောင်းသည် မိမိ၏မိခင်ကို ကြည့်လျက်-အပြစ်အတန်တန်ကို သည်းခံစေရန် ရှိခိုးကန်တော့ပြီးလျှင် မိမိ၏ ကိုယ်ခန္ဓာကို မထိန်းနိုင်တော့ပဲ ထိုနေရာမှာပင် လဲကျ၍ သေဆုံးလေသည်။

ထိုအခါ သုမေခလာ မိဖုရားသည် အလွန်ချစ်မြတ်နိုးသော သားသေကို မြင်လျှင် စိတ်ကိုမထိန်းနိုင်ဘဲ အရှူးမသဘွယ် ပတ်ပတ်လယ်လူး၍ကာ ငိုကြွေး မြည်တမ်းရှာလေသည်၊ ထိုနောက် ပုဏ္ဏားသည် မိဖုရားကို အို အရှင်မ ယခု အခါ သင်သည် မိမိအသက်ကို ရလေပြီဖြစ်၍ မငိုကြွေးပါနှင့်တော့ဟု ပြော လေ၏၊ ပုဏ္ဏားကြီး၏ စကားကို ကြားလျှင် မိဖုရားသည် သားသေအနီးမှာ ရပ်တည်လျက် ရင်ကို ထု၍ ကြီးကျယ်ပြင်းပြစွာ ငိုကြွေးမြည်တမ်းလျက် ဤသို့ ဆို၏။

ကောင်းကင်ပြင်၌ နေလုလင် မြေတွင်ကျသလို အမေ့ရဲ့သား မြေမှာ လဲ သေပွဲဝင်ပါပေါ့လား၊ ကောင်းကင်ဘုံမှ ငွေယုန်စန္ဒာ မြေမှာ ကျသလို အမေ့သား မြေမှာလဲ သေပွဲဝင်ပါပေါ့လား။

သားချစ်ရေ ထ၍ရှုကြည့်ပါအုံးကွဲ့ သားရဲ့၊ ငါ့အား အသည်းနှလုံး ပေးသဖြင့် သင့်အသက် သေရခြင်းဖြစ်လို့ အမေတယောက်တည်း တောကြီးအလယ် ဘယ်လို အသက်ရှင်နေနိုင်မလဲကွဲ့ သားရဲ့။

သင်သည် တောတောင်ထဲမှာ အားထားရာမဲ့ မှီခိုရာမဲ့ဖြစ်လျက် အလွန် စိတ်ဒုက္ခရောက်နေသော ငါ့အား တယောက်တည်းထားခဲ့ကာ အဘယ့် ကြောင့် အိပ်နေပါဘိသနည်း။

ယခုအခါ ငါ့မှာ သမင်အုပ်ထဲ တကောင်ကွဲ တောထဲ၌ ကျပ်လည် ထို့ကြကိုသွား ကျက်စားရသော သမင်မကဲ့သို့ ညှိုးလျစွာ ဖြစ်နေရ ပါပြီ။

အို ချစ်စွာသောသား ငါ့သားလေးဟာ အမြဲတစေ မိခင်၏ ကျေးဇူး တရားကို သိတတ်သော သားမြတ်ရတနာ ဖြစ်ပါ၏၊ယခုအိပ်ရာမှထ၍ အမေ့ရဲ့အနားမှာ ထိုင်ပါဦးလားကွဲ့ သားရဲ့။

ငါသည် ရှေးက ဒုက္ခတွေ အထွေထွေ နှိပ်စက်ခံရသောအခါ သားချစ် ရဲ့ ရွှင်ပြသောမျက်နှာကို အမေမြင်ရရင် ဒုက္ခတွေ အကုန်ပျောက်၍ ဝမ်းမြောက်ခြင်း ဖြစ်ရသကွဲ့။

အမေတော့ သားအတွက်နဲ့ တအားပျက်လို့ နားကွက်မပါ ငိုနေရ တော့မယ် သားရဲ့၊ မြစ်ကြီးတွေ ခန်းခြောက်သလို အမေ့ရဲ့ သွေး သားတွေ ခန်းခြောက်ကုန်ပြီ သားရေ။

ချောင်းငယ်တွေ ရေမရှိသလို မချိလွန်းလို့ အမေငိုရတာ မျက်ရေ တွေ အကျများ၍ ခန်းခြောက်ကုန်ပြီသားရဲ့။

သားရေ ယခုအခါ အထီးကျန်အမေမှာ သားနှင့်ကင်းကာ လွန်စွာ ကြုံလို့ တကိုယ်ရည် အဘယ်သို့လျှင် အသက်ရှင်နေရပါမည်နည်းကွဲ့ သားရဲ့။

ဤသို့ ငိုကြွေးမြည်တမ်းလျက် သုမေခလာမိဖုရားသည် သေနေသော သားတော် ပဒုမမင်းသားကို ပွေ့ဖက်လျက် မှိုင်နေရှာ၏။

ထိုအခါ ပုဏ္ဏားဟန်ဆောင်သော သိကြားမင်းသည် ထိုခနရာမှာပင် ရပ်လျက် အို အရှင်မ- သင်သည် သင့်သား၏ အသက်ကို ပြန်၍ရှင်လိုပါ လျှင် ဤသို့ မငိုကြွေးပါလင့်၊ သင်သည် ယခုအခါ သစ္စာဓိဋ္ဌာန်ကို ပြုပါ လေလော၊ သင်သည် သစ္စာဓိဋ္ဌာန်ပြုလျှင် သင်၏သားသည် တဖန် အသက် ရှင်ပေလတ့်ဟု ပြောဆို၏။

ပုဏ္ဏား၏စကားကို ကြားသောအခါ သုမေခလာမိဖုရားသည် ထိုနေရာ မှာပင် ထိုင်ကာ လက်အုပ်ချီလျက် အိုနတ်အပေါင်းတို့- ကျွန်တော်မ၏ စကားကို နားထောင်တော်မူကြပါ၊ ယခု ကျွန်တော်မသည် သားချစ်ဖြစ် သော ပဒုမ၏ တဖန် အသက်ရှင်လာရေးအတွက် သစ္စာဓိဋ္ဌာန် ပြုပါအံ့ဟု နတ်အပေါင်းအား ပန်ကြားတိုင်တည်ပြီးလျှင် သစ္စာဓိဋ္ဌာန်ပြုလိုရကား—

နားထောင်တော်မူကြပါ နတ်အပေါင်းတို့- ကျွန်တော်မ၏ အသက် ရှင်လာရေးအတွက် သားဖြစ်သော ပဒုမမင်းသားသည် ဤသို့သော အမှုကို ဤဆိုအပ်သောအတိုင်း ပြုလုပ်ခဲ့ပါသည်။

ကျွန်တော်မ အသက်ရှင်ရန်အတွက် ကျွန်တော်မ၏ သားဖြစ်သော ပဒုမသည် ဓားငယ်ဖြင့် သူ၏နှလုံးသားကိုဖြတ်သည်ကား အမှန်ဖြစ် ပါ၏၊ ဤသစ္စာဓိဋ္ဌာန်ကြောင့် ကျွန်တော်မသားသည် အသက်ရှင် ပါစေသတည်း။

သုမေခလာမိဖုရား သစ္စာဓိဋ္ဌာန် ပြုပြီးသည်နှင့်ဘပြိုင်နက် ပုဏ္ဏားအသွင် ဆောင်လာသော သိကြားမင်းသည် မိမိ၏ အစွမ်းအာနုဘော် အားဖြင့် နတ်ဆေးနှင့် အမြိုက်ရေစင်ကို ယူလျက် သေနေသော ပဒုမမင်းသား၏ကိုယ်၌ အမြိုက်ရေစင်ကို ဖျန်းပက်ပေးလေ၏၊ ထိုအခါ သိကြားမင်း၏တန်ခိုး မိဖုရား ၏ သစ္စာဓိဋ္ဌာန်တန်ခိုးများဖြင့် သေနေသော ပဒုမမင်းသားသည် အသက် ပြန်ရှင်လာလေ၏၊ အသက်ပြန်ရှင်လာသော ပဒုမမင်းသား၏ ကိုယ်အဆင်း သည် ဝါဝင်းလှပ ကျက်သရေရှိလှပေ၏၊ ထိုနောက် ပဒုမမင်းသားသည် အိပ်ရာမှထလျက် အမိကိုရှိခိုး၍ အမိ၏ကျေးဇူးကို အောက်မေ့ဆင်ခြင်လျက်

နေလေ၏၊ ထိုအခိုက်၌ မဟာပထဝီမြေကြီးတုန်လှုပ်ခြင်း အစရှိသော မဖြစ်ဖူးမြဲ ထူးကဲစွာသော အံ့ဩဘွယ်တို့သည် ဖြစ်ပေါ်လေကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူလေ၏။

နှစ်သိန်းလေးသောင်း အထုဆောင်းသည့် အပေါင်းမြေလွှာ ပထဗျာသည်၊ ဝဲယာ ယိမ်းလစ်၊ သံမြည်ဟစ်၍၊ ကြုံးညွှတ်ပြန်ငြား၊ ယန္တရားသို့၊ ထင်ရှားမသွေ၊ တုန်လှုပ်လေ၏၊ သေပြီးမင်းသား၊ သက်ရှင်ငြားလျက်၊ ဝပ်တွားမိခင်၊ ထံနီးတွင်၌၊ ကြည်လင်စွာပေ၊ ထိုင်ကာနေ၏။

ထိုမင်းသားလျှင်၊ မယ်ဖွားမိခင်၊ ကျေးဇူးမြင်၍၊ မြေလျှင်တစေ့၊ သိမှတ်လေသို့၊ သံတွေမြည်ကာ၊ ဝဲယာလိမ့်သွား၊ ယန္တရားသို့၊ တခြားရှည်တွက်၊ ဆီစက်ပမာ၊ လှုပ်လေရှာ၏။

သမုဒ္ဒရာ၊ သံဝါမြည်ငြား၊ ကွန်ချောက်ချား၏၊ ညွှတ်သွားမြင်းမိုရ်၊ မြိုက်ပိုဦးတင်။

ကောင်းကင်ပြင်မှ၊ ရောင်ရှင်ပြိုးပြက်၊ လျှပ်စစ်လက်၏၊ ထူးချက်ငွေ့ရေ၊ အပြာပြာတို့၊ မြေလွှာဝန်းကျင်၊ ဖြစ်တုံလျှင်သည်၊ လူ့နှင့်လောက-ထူးတယ်ကို။

ထိုအခါ သိကြားမင်းသည် မိမိနတ်သိကြား အသွင်ဖြင့် ရောင်ရှင်တွန်းပထွက်စနေအသွင်ကဲ့သို့ ကောင်းကင်ပြင်မှာ ရပ်တည်လျက် မိမိ၏ သိကြားအဖြစ်ကို ပြောပြလေသည်။

အိုမင်းသား- ဤဌာနသို့ရောက်လာသော ငါသည်ကား နတ်တို့သနင်း သိကြားမင်းဖြစ်၏၊ ပူလုပ်ရန်ခက်ခဲသောအမှု သင်ပြုသည်ကို တွေ့မြင်ရ၏၊ ငါသည် သင်၏ခြေအစုံကို ခိုလှုံဦးတိုက်ပါ၏။

သင်၏မိခင် နှစ်သက်သလို သင်လည်း နှစ်သက်သလော၊ သင့်အမိအတွက်လူသော သင်၏နှလုံးသားအလှူကို ကြည်ပြူဝမ်းမြောက်ပါ၏၊ သွားခွင့်ပြုပါ အရှင်မင်းသား။

ဤသို့ပြောဆိုပြီးလျှင် သိကြားမင်းလည်း အထူးထူးသော အခြင်းအရာတို့ဖြင့် ဘုရားအလောင်းကို ချီးမွမ်းထောမနာ၍ မိမိနေရာသို့ ပြန်သွားလေသည်။

ထိုအခါဝယ်၊ နတ်ရာဇာလျှင်၊ ကောင်းစွာ ဂုဏ်ချီး၊ ပူလုပ်ပြီး၍၊ ပြည်ကြီးနတ်ရွာ၊ ဖဲခွဲရှာ၏။

သိကြားမင်းနတ်ရွာသို့ပြန်သွားသောအခါ ဘုရားအလောင်းသည် မိမိ၏ မိခင်ကို ပြောကြားတိုင်ပင်၍ ပဏ္ဏသာလာသို့ ခေါ်ဆောင်သွားလေ၏။

ဤနေ့မှစပြီး မိခင်ကြီးသည် သစ်သီးကြီးငယ် စားသောက်ဘွယ်ရှာဖွေရန် တောသို့ မသွားပါနှင့်တော့ ပဏ္ဏသာလာမှာသာ နေတော်မူပါ၊ ကျွန်တော် သည်သာ တောသို့သွားကာ သစ်သီးကြီးငယ်ကို ရှာဖွေလျက် မိခင်ကြီးအား ရှိသေစွာ ကျွေးမွေးပြုစုပါတော့မည်ဟု ဆို၍ ကျွေးမွေးပြုစုလေသည်။

မိပင်နှင့်သား မင်းနှစ်ပါးတို့သည် တောရပ်မြေမှာနေကြလျက် ကောင်း သောအကျင့်တရားများကို ဖြည့်ကျင့်ကာ အသက်ရှည်သမျှတည်နေကြကုန်၏၊ အသက်သေလွန်သောအခါ နတ်ပြည်၌ ဖြစ်ကြကုန်၏။

ထိုအခါ အလွန်လောဘကြီးသော ထိုကောက်ကျစ် စဉ်းလဲသော ကုဋ္ဌ မင်းသည် အင္ဂဝတီမြို့၌နေသော လူအများကိုအာဏာဖြင့် လွှမ်းမိုးအုပ်ချုပ်၍ ပေါ်းအဖြစ်ကိုပြုကာ အသက်ရှည်သမျှတည်နေ၍- သေလွန်သောအခါ ကံအား လျော်စွာ တပါးသောလောက၌ ဖြစ်လေ၏။

မြတ်စွာဘုရားသည် ဤဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ဤသို့ ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခန်း

ထိုအခါ ပိုင်းပြည်ကိုလုယက်သော အလွန်လောဘကြီး၍ ကောက်ကျစ် စဉ်းလဲသော ကုဋ္ဌမင်းသည်-ယခုအခါ ဒေဝဒတ်၊ သိကြားမင်းသည်-အနုရုဒ္ဓါ၊ အနုဂ်သေနမင်းသည်- သုဒ္ဓေါဒန၊ သုမေခလာ မိဖုရားသည်- မဟာမာယာ၊ အင္ဂဝတီ မြို့သူမြို့သားတို့သည်- ဗုဒ္ဓသာဝက၊ ပဒုမမင်းသားသည်- ငါဘုရား ဖြစ်၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

မဟာပဒုမဇာတ် ပြီး၏။

# ၂၈-မဟာသုရသေနရာဇဇာတ်

ပိမိဥကကွာင်း၊ဖြတ်တုံရှောင်ရ၍၊ အပေါင်းကောင်းကျိုး၊
အလှူမျိုး၊ အားကြိုးပြုတော်မူ။

ယေစမိဂ ဒါနံ ဒေန္တိ-ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ရှေးအခါက မိမိ၏ဥက္ကောင်းဒါနကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ ကယောက်သော အမျိုးကောင်းသားသည် သဒ္ဓါတရားရှိ၍ ဉာဏ်ပညာ ထက်မြက်၏၊ အတိတ်အခါက ကောဏာဂုံမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုခဲ့ဘူး၏၊ ယခုအခါ ငါတို့၏ ဘုရားသာသနာတော်၌လည်း ရဟန်းပြုကာ လာဘ်ပူဇော် သက္ကာရ များ၏၊ အခြံအရံများ၏၊ များစွာသော အပေါင်းအသင်းရှိ၏၊ တပည့်အစဉ်အဆက်ကို မသိစေပဲ ယခုလည်း ငါသည် ဘုရားရတနာ တရားရတနာ ပူဇော်၍ နောက်တဖန် သံဃာရတနာကို ပူဇော်အံ့ဟု ကြံပြီးလျှင် မိမိတပည့် ကြီးငယ်တို့အား ထိုပူဇော်မှုကို သိစေလိုသော ကြောင့် ငါ့ရှင်တို့- ယခုငါသည် ရဟန်းတထောင်နှင့် သာမဏေတထောင်တို့ အား ပရိက္ခရာရှစ်ပါးကိုရင်း များစွာသော ဆွမ်းအဖျော်စသော အလှူဝတ္ထု တို့ကိုရင်း ပေးလှူ၍ လူဝတ်ကြောင်တို့အား အထူးထူးသော အဝတ်အစား အသုံးအဆောင်ပစ္စည်းများကို ပေးလှူအံ့ဟု ပြောဆို၏။

ဤသို့ပြောဆိုပြီးနောက် ထိုအမျိုးကောင်းသားသည် မိမိ၏တပည့်ကြီးငယ် တို့ကို ဤသို့ခိုင်းစေ၏။

တပည့်တို့- သင်တို့သည် မဏ္ဍပ်နှင့် ဒါန သာလာကို ဆောက်လုပ်ကြ ကုန်လော့ဟု ခိုင်းစေ၏။

တပည့်တို့သည် ဆရာခိုင်းသည့်အတိုင်း ပြုလုပ်ကြကုန်၏။

ထိုအမျိုးကောင်းသားသည် မဏ္ဍပ်နှင့် ဒါနသာလာကို ဆောက်လုပ်စေ ပြီးလျှင် ရဟန်းသာမဏေတို့ကို ပင့်ဖိတ်၍ မဏ္ဍပ်၌ သီတင်းသုံးနေထိုင်စေပြီး လျှင် ခုနစ်ရက်ပတ်လုံး ပရိက္ခရာရှစ်ပါးကိုလှူ၏၊ ခုနစ်ရက် မြောက်သောနေ့၌ ထိုမဏ္ဍပ်မှာပင် ကြွင်းကျန်သော ပရိက္ခရာရှစ်ပါးကိုရင်း ကြွင်းကျန်သော အခြားဝတ္ထုပစ္စည်းကိုရင်း ရဟန်းသာမဏေတို့အား ပေးလှူပြီး၍ ဓုတင် ၁၃-

ပါ၏ကို ဆောက်တည်ကာ အရညကင်ဓုတင် နေလိုသည်ဖြစ်၍ ထိုအရညဝါသီ ရဟန်းတို့ဖြင့် ခြံရံလျက် တောသို့သွား၍ ဝိပဿနာပွားကာ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေလျက် အသက်ထက်ဆုံး တည်နေကာ မလျော သော ချာန်ရှိသည်ဖြစ်၍ ဗြဟ္မာပြည်သို့ လားလေသည်။

ထိုအခါ တနေ့သ၌ တရားသဘင်ဝယ် ရဟန်းတို့သည် စည်းဝေးကြကုန် လျက် စကားကို ဖြစ်စေကုန်၏၊ ငါ့ရှင်တို့ ဒါနမည်သည်ကား မျက်မှောက် တမလွန် နှစ်တန်သောဘဝ၌ များစွာအကျိုး ရှိသည်ကား အံ့ဩဘွယ်ပါ တကားဟု စကားကိုဖြစ်စေကုန်၏။

ထိုအခါ ဂန္ဓကုဋီ၌ နေတော်မူသော မြတ်စွာဘုရားသည် ဒိဗ္ဗသောတအဘိ ညာဉ်ဖြင့် ထိုရဟန်းတို့ ပြောဆိုသောစကားကို ကြားသိ၍ ထိုဂန္ဓကုဋီမှထတော် မူကာ တရားသဘင်သို့ ကြွလာတော်မူလျက် ခင်းထားအပ်သော ဘုရားရှင်၏ နေရာတော်၌ ထိုင်ပြီးလျှင် ချစ်သားတို့- အဘယ်စကားဖြင့် ယခုအခါ စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၏၊ ဤမည်သောစကားဖြင့် စည်းဝေး ကြပါသည်ဘုရားဟု လျှောက်ထားလေသော်- ချစ်သားတို့- ငါဘုရားသည် ယခုအခါ၌သာ အမျိုးမျိုးသော ဒါနဝတ္ထုမည်သည်ကို ပေးလှူသည် မဟုတ် သေး၊ ရှေးကလည်း ပညာရှိတို့သည် မိမိ၏ဥစ္စာကြောင်းကိုပင် ဖြတ်၍ ပေးလှူခဲ့ ကြကုန်၏ဟု မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ချစ်သားတို့- ရှေးလွန်လေပြီးသော အခါက ဗာရာဏသီမြို့၌ မဟာသူရ သေနမည်သောမင်းသည် မင်းပြု၏၊ သူ၏မိဖုရားသည်ကား ဝိဇ္ဇုလတာအမည် ရှိ၏၊ အပတ်ကြီးသည်ကား သုစိသေနအမည်ရှိ၏။

ထိုအခါ မဟာသူရသေနမင်းကြီးသည် နံနက်အခါ၌ရင်း၊ ညချမ်းအခါ၌ ရင်းအမပတ်အစရှိသော လူအများတို့အား မမေ့မလျော့ မိမိတို့အလိုအားလျော် စွာ ကောင်းမှုကုသိုလ်ကို ပြုလုပ်ကြ၊ အလှူပေးကြ၊ သီလသတင်းဆောက်တည် ကြဟု အမြဲအမ ဩဝါဒပေးလေသည်။

ယေစ ဓိရာ ဒါနံ ဒေန္တိ၊ ယာစကာနံ ဓနေသိနံ။
ပိပုလံ သုခဂ္ဂံ လောကေ၊ တေစ လဘန္တိ သဗ္ဗဒါ။

ယေစဓိရာ၊ ကောင်းကျိုးတရား ထင်ရှားမြော်မြင် အကြင် ပညာရှင်တို့ သည်။ ဓနေသိနံ၊ ဥစ္စာကိုရှာဖွေကြကုန်သော။ ယာစကာနံ၊ တောင်းခံလာသူ

အများလူတို့အား။ ဒါနံ၊ ဆယ်ဖြာဝတ္ထု ပေးလှူမှုကို။ ဒေန္တိ၊ သဒ္ဒါဖွေးဖြူ အရေးယူ၍ ပေးလှူကြကုန်၏။ တေစ၊ ကောင်းကျိုးတရားတက်ပွားမြော်မြင် ထို ပညာရှင်တို့သည်။ လောကေ၊ လောက၌။ ဝိပုလံ၊ ကြီးကျယ်ဖွံ့ဖြိုးအကျိုးရှိသော။ သုခဂ္ဂံ၊ ချမ်းသာတကာ ယှဉ်လာထိပ်သီး ချမ်းသာမြတ်ကြီးကို။ သဗ္ဗဒါ၊ အခါ ခပ်သိမ်း။ လဘန္တိ၊ ကံအရေးမြင့် ကြုံတွေ့သင့်၍ အဆင့်ပိုင်ပိုင် ရနိုင်ကြလေ ကုန်သတည်း။

ထိုမဟာသုရသေန မင်းကြီးသည် လူအပေါင်းတို့အား အလှူပေးလိုသည် ဖြစ်၍ မြို့တံခါးလေးခု၊ မြို့လယ်၊ နန်းတော်၊ ဤခြောက်ဌာနတို့၌ သာလာကြီး ခြောက်ခု ဆောက်လုပ်စေပြီးလျှင် နေ့တိုင်းနေ့တိုင်း ခြောက်သိန်းစွန့်လှူတ်၍ ထိုထိုသာလာသို့ ရောက်လာသမျှ ဘုန်းတောင်းယာစကာ မျက်နှာကြီးငယ် မရွေး လိုအပ်သည်ကို ပေးလှူလေသည်။

ဘဆွဲလေးရက် တဆဲ့ငါးရက်ဥပုသ်နေ့များ၌ကား မင်းကြီးသည် စောစော စီးစီးထ၍ မျက်နှာဆေးကြောပြီးလျှင် အဝတ်ဘန်ဆာဝတ်ဆင်လျက် အမတ် အပေါင်းခြံရံကာ မဟာပုဏ္ဏရိက အမည်ရှိသော ဆင်တော်ကိုစီး၍ ထိုထိုဒါန သာလာသို့သွားကာ ရောက်လာသောအလှူခံတို့အား မိမိလက်ဖြင့် သာဟတ္ထိက မြောက် ပေးလှူသည့်ပြင် အမတ်တို့ကိုလည်း ပေးလှူစေ၏။

အချင်းအမတ်တို့၊ အကြင်သူသည် အကြင်ဥစ္စာစပါး အသုံးအဆောင် များတွင် လိုအပ်ရာကို ဤဒါနသာလာ၌ တောင်းလာချေ၏၊ ထိုသူ တို့အား တောင်းရာပစ္စည်းကို ပေးလှူကြကုန်။

## အဇ္ဈတ္တကိုယ်တွင်းအလှူ လှူချင်ပါဘိ

ထိုနောက် သုရသေနမင်းကြီးသည် မိမိ၏အမတ်စသော လူအများတို့အား သင်္ဂဟတရားလေးပါးနှင့်ပြည့်စုံစေလျက် မဟာပုဏ္ဏရိကမည်သော မင်္ဂလာဆင် တော်မှသက်ဆင်း၍ မိမိနန်းပြာသာဒ်သို့ တက်သွားလေ၏။

တနေ့သ၌ နံနက်စောစောအချိန်မှာ မဟာသုရသေနမင်းကြီးသည် ကျက် သရေရှိသော အိပ်ရာမှထ၍ ပလ္လင်ခွေထိုင်နေကာ မိမိ၏အလှူကို ဆင်ခြင်လျက် နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်နေ၏၊ ထိုနောက် ငါသည် ဗာဟိရက အပဖြစ် သော ဆန်ရေစပါးစသော ဒါနကိုသာ ပေးလှူရသေးသည်၊ ဗာဟိရကအပ အလှူသည် ငါ့အား နှစ်သက်ရောင့်ရဲခြင်းကိုမဖြစ်စေ၊ ယနေ့တွင်ကား ငါသည် အတွင်းဖြစ်သော အဇ္ဈတ္တိကဒါနကို ပေးလှူလို၏၊ ယနေ့စောစောလာသော

အလှူခံသည် ဗာဟိရကဖြစ်သော ပြင်ပပစ္စည်းကို မတောင်းခံဘဲ၊ အဇ္ဈတ္တိကဖြစ်သော မျက်လုံး၊ ဥကွောင်းနှလုံးသား၊ အသားအသွေး၊ ကိုယ်တဝက်နှင့် တကိုယ်လုံးကိုသော်လည်း ကြိုက်နှစ်သက်ရာ တောင်းလာလျှင် ကောင်းလေစွ၊ လိုတောင်းလာသူ၏ လက်၌ ထိုထိုအတွင်း အဇ္ဈတ္တိကပစ္စည်းကို နောင်အခါ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားဖြစ်ရန်ရည်သန်လျက် အလှူခံတို့အား ပေးလှူအံ့ဟု သဘောတရားကို ကြံစည်တွေးတောနေလေ၏၊ ယင်းသို့ မျက်လုံး ဥကွောင်းစသော အဇ္ဈတ္တိကပစ္စည်းကိုပေးလှူရန် ကြံစည်စဉ်မှာပင်လျှင် မြေတုန်လှုပ်ခြင်းစသော အံ့ဩဖွယ်တို့သည် ဖြစ်ကုန်၏၊ ယင်းအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

တို့နေ့ကတဝ မဟာသူရသေနမင်းကြီးသည် မိမိ၏နန်းပြာသာဒ်မှာ
ထိုင်၍ လူအများအား အလှူပေးရန် စိတ်ကြံတော် ဤသို့ ဖြစ်လေ
သည်။
တစုံတယောက်သော အလှူခံသည် ငါ၏ထံသို့ လာ၍ အဇ္ဈတ္တိက
အတွင်းကျသိ၊ မျက်စိကိုသော်၎င်း၊ နှလုံးသားကိုသော်၎င်း၊ ငါ၏
ကိုယ်၌ရှိသော အသွေးအသားကိုသော်၎င်း တောင်းပါစေ။
တစုံတယောက်သော အလှူခံသည် ငါ၏ကိုယ်ကို ကျွန်အစေခံပြုလို၍
အကယ်၍ တောင်းခံလာငြားအံ့၊ မိမိကိုယ်ကို ထိုလူအား ကျွန်အဖြစ်
ပေးလှူမည်သာတည်း။
ဤသို့လျှင် သူတပါးတို့ မကြံစည်ရဲသော အတွင်းအဇ္ဈတ္တိကအလှူကို
ပေးလှူရန် ကြံစည်သောအခါ မဟာပထဝီ မြေကြီးသည် ပြင်းစွာ
တုန်လှုပ်၏၊ ပြင်းပိုပ်တောင် မင်းသည် ပိုးအုံးသော ကြံပ်ညွန့်ကဲ့သို့
ပျောင်းညွတ်ပျော့ခွေလျက် ဗာရာဏသီပြည်သို့ ရှေးရှုတည်လေ၏။

ထိုအခါ သိကြားမင်း၏ ဘုံဗိမာန်သည် ပူသော အခြင်းအရာကို ပြ၏၊ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိသဖြင့် ဤဂါထာကို ဆို၏။

ကောင်းပူပူညာ၊ ဒါနအကျင့်၊ ပြည့်စေလင့်လျက်၊ နတ်မင့် ဒေဝါ၊
ပတီသာမှ၊ ရှိန်ဝါပွဲစေ၊ ငါ့ကိုလေ၊ ရွှေ့စေသဘော၊ ကျင့်သော
ဝိသူ၊ လူလောနတ်လော၊ စောကြောသမှု ကြည့်ရှုလေသတည်း။

## သိကြားမင်း အလိုဆန္ဒဖြည့်ပုံ

ထိုအခါ သိကြားမင်းသည် ဆင်ခြင်လတ်သော် မင်းတရား၏ အတွင်းသားအလှူ ကြည်ကြည်ဖြူဖြူ ပေးလှူလိုသောအကြောင်းကိုသိ၍ ရှန်းအိနှစ်သက်

ကြွတက်သောစိတ်ရှိရကား ငါသိကြားသည် ဒါနအလှူ သဒ္ဓါကြည်ဖြူလှသည့် မဟာသုရသေန မင်းတရား၏ သွင်းထားသော နှလုံးအနေကို ပြည့်စေရတော့ အံ့ဟုကြံ၍ နတ်ဘုံမှဆင်းသက်၍ ဥက္ကောင်းမဲ့ လုလင်ပုံအသွင် ဖန်ဆင်းလျက် လက်၌တောင်ဝှေးငင် နန်းယင်ပြင်သို့ ဝင်လာလေ၏။

ထိုအခါ လူအများတို့သည် ဥက္ကောင်းမဲ့လူသားကို မြင်လျှင် အလွန်ပင် ချောက်ချား ကြောက်တရားပိုကြ၍ ဟာ-ဟယ် အိုလူများအပေါင်းတို့- လူတူး လူဆန်း နန်းတော်ယင်ပြင် ဝင်၍လာ ဥက္ကောင်းမပါ၊ ရှေးအခါမမြင်ဘူး တယ်ထူးတဲ့ လုလင်ပါကလားဟု ပြောဆိုကြကုန်၏။

မဟာသုရသေန မင်းတရားသည် စောစောအိပ်ရာမှ ထ၍ နန်းပြာသာဒ် ထက်မှ ဆင်းသက်ကာ ဒါနသာလာများသို့ လှည့်လည်ရန် လူအများခြံရံကာ မင်္ဂလာဆင်တော်ပေါ်မှာထိုင်လျက် မင်းယင်ပြင်သို့ ကြွလေ၏။

ထိုအခါ ဥက္ကောင်းမဲ့သောလုလင်ပျိုသည် သူ့အသွင်ကိုအချင့်မခက်အောင် အမြင့်ထက်မှာ ရပ်တည်လျက်နေရာမှ ဘုရားအလောင်း၏ထံသို့ သွား၍ မိမိ၏ လက်ကိုဖြန့်လျက် အောင်ဆုပေးလေသည်၊ အောင်ဆုပေးသံကိုကြား၍ အသံ လာရာသို့ကြည့်လျှင် မိမိ၏မင်းယင်ပြင်၌ တောင်ဝှေးလက်စွဲလျက် ဥက္ကောင်း မရှိသော လုလင်ပျိုကိုမြင်သော် သနားကရုဏာ လွန်စွာဖြစ်လျက် မျက်ရေ များယိုဆင်းကာ ဤသို့ ကြံစည်မိလေသည်။

မင်းကြီးသည် စကားကို အကျယ် မပြောကြားတော့ဘဲ လာခြင်း၏ အကြောင်းကို တိုက်ရိုက်ပင် မေးတော့အံ့ဟု ကြံစည်ပြီးနောက် မဟာသုရ သေနမင်းကြီးသည် ကရုဏာတရား ဖြစ်ပွားသော စိတ်နှလုံးရှိသည် ဖြစ်၍ ထိုသူအား ဤနေရာသို့ လာခြင်း၏ အကြောင်းကို မေးလိုသည်ဖြစ်၍ ဂါထာ ကို ဆိုလေ၏။

> အမောင်လုလင်- သင်သည် အဘယ်အကြောင်းကြောင့် ဤဌာနသို့ ရောက်လာသနည်း၊ လာခြင်း၏အကြောင်းကို ကျွန်ုပ်အား ပြောကြား ပါလော။

ထိုသို့မင်းကြီးက မေးသောအခါ ဝေဒနာဖြင့် တကိုယ်လုံးတုန်လှုပ်လျက် လက်မြှောက်ပြီးလျှင် အရှင်မင်းကြီး ကျွန်ုပ်သည် နှနယ်ပျိုမြစ်သူဖြစ်ပါ လျက် ဥက္ကောင်းမဲ့ပါ၍ ကျွန်ုပ် ဥက္ကောင်း ရဘို့ရန်အတွက် အရှင်မင်းကြီး၏ ဥက္ကောင်းကို တောင်းခံရန် ဤနေရာသို့ လာပါ၏၊ ယခု အသင်မင်းကြီး သည် ကျွန်ုပ်၏ကိုးကွယ်ရာဖြစ်၍ ကျွန်ုပ်အား အသင်မင်းကြီး၏ ဥက္ကောင်း ကို ပေးတော်မူပါဟု ပြော၍ ဤဂါထာကို ဆို၏။

ရေကိုဆောင်ပါ၊ သမုဒ္ဒရာသည် အချင်းခပ်သိမ်း ရေဖြင့် ပြည့်ကာ မကုန်နိုင်ပါသကဲ့သို့ သဒ္ဒါတရား ဖြစ်ပွားပြည့်တင်း သင်မင်းကြီးမှာလည်း သဒ္ဒါကုံလုံ အမြဲပြည့်စုံကာ မကုန်နိုင်ပါ၍ သင်မင်းကြီးကို တောင်းရန်လာခဲ့ပါသည်၊ အလှူဒကာ သဒ္ဒါထက်လျှင်း သင်မင်းကြီးသည် ကျွန်ုပ်အား ဥက္ကောင်းကိုပေးတော်မူပါဟု တောင်းလေသည်။

ထိုစကားကိုကြားလျှင် ဘုရားအလောင်းသည် ဤနေရာသို့ လာသော ဤလုလင်ကား ဥက္ကောင်းမပါ ဒေဝ နတ်ထူးဖြစ်လေသလောဟု စဉ်းစား ဆင်ခြင်၏၊ထိုအခါ လုလင်က မြတ်သောမင်းကြီး ကျွန်ုပ်သည်ကား အသင်မင်းကြီး မြင်ရသကဲ့သို့ ကိုးကွယ်ရာမဲ့သူဖြစ်ပါ၏၊ ယခုပင်လျှင် ဥက္ကောင်း အကောင်း ပကတိဖြစ်စေခြင်းအကျိုးငှာ အလိုဆန္ဒပြည့်ဝစေဘို့ အသင်မင်းကြီးထံလာခဲ့ပါသည်၊ အသင်မင်းကြီးသည် ဤဥက္ကောင်းအလှူကို အမှီပြု၍ အသက်ရှည်ပါစေသတည်းဟု ပြောဆိုလေသည်။

လုလင်၏စကားကိုကြားလျှင် မဟာသူရသေနမင်းကြီးသည် တက်ပွားပီတိ ကိုယ်လုံးပြည့်လျက် ရွှန်းအိစိတ်ထား ဘုရားကေန် မနက်ဖြန် ဖြစ်မည်ကဲ့သို့ ရည်ရွယ်မှန်းထောက် ဝမ်းမြောက်သည်ဖြစ်၍ ဆန့်တန်းသောလက်ဝယ် ဥစ္စာယောင်ထုပ်ကို ထည့်သကဲ့သို့ အိုဥက္ကောင်းမဲ့ထင် အမောင်လုလင် သင့်အလိုကို ငါပြည့်စေအံ့ဟု ဆို၍ မတွန့်တိုသောစိတ်ရှိကာ မဟာပထဝိမြေကြီးကို ပဲ့တင်ဟည်းစေလျက်....

အိုလုလင် သင် လိုအပ်ရာ အဖြာဖြာကို သင် တောင်းသည့်အတိုင်း ပြည့်စေအံ့၊ ရှေးကလည်း အလှူပေးမှုဖြင့် အလှူခံတို့၏ အလိုဆန္ဒကို ပြည့်ဝစေခဲ့ပါပြီ၊ ငါသည် ဤကောင်းမှုကြောင့် အနာဂတ်ကာလ၌ ဘုရားစင်စစ်ဖြစ်ရပါလို၏။

အိုလုလင်-သင်တောင်းသည့် အရာဝတ္ထုကို တွန့်တိုကင်းဝေး ငါပေးလှူအံ့၊ ငါ့မှာ စိတ်နှလုံးတုန်လှုပ်ချောက်ချားခြင်း မရှိပါ၊ ငါ၏စိတ်သည် ပေးကမ်းမှု၌ မွေ့လျော်ပျော်ပိုက်ပါ၏၊ ငါသည် ဗောဓိရွှေဉာဏ်ကို ကေန်ရည်နိုး ရခြင်းအကျိုးငှာ သင်လိုသော ဥက္ကောင်းကို သင့်အားလှူပါ၏၊ ဤကုသိုလ်ကြောင့် ဘုရားစင်စစ် ဖြစ်ရလိုပါ၏ဟု ဆုတောင်း၏။

ဤကဲ့သို့ ပြောကြားပြီးလျှင် ဘုရားအလောင်း မဟာသူရသေနမင်းကြီးသည် အိုလုလင် ဤနေရာတွင်ရပ်၍ နေဦးလော၊ သင့်ကို ငါခေါ်အံ့ဟု

ပြောကြားပြီး ဝိနိစ္ဆယဌာနသို့တက်ရောက်၍ အမတ်စသည်ကို စည်းဝေးစေကာ သုစိသေနအမတ်ကို ဤသို့ စေခိုင်း၏၊ အမောင် သုစိသေန သင်သွားပြီး မင်းယင်ပြင်၌ ရပ်နေသော ဥက္ကောင်းမရှိသော လုလင်ကို ခေါ်ဆောင်ခဲ့လောဟု စေခိုင်း၏။

သုစိသေနအမတ်သည် မင်းကြီး၏ အမိန့်အတိုင်း ဥက္ကောင်းမရှိသော လုလင်ကို မင်းကြီး၏ အိမ်တော်သို့ ခေါ်ဆောင်လာ၏၊ ထိုအခါ မင်းကြီးသည် ဥက္ကောင်းမရှိသော ထိုလုလင်ကိုပလ္လင်၌ထိုင်စေ၍ ရွှေကရားကို ယူစေပြီးလျှင် မိမိ၏သား ဝရရာဇ၏လက်၌ ရေစက်သွန်းချ၍ မင်းအဖြစ်ကို အပ်နှင်းကာ မိဖုရားဝိဇ္ဇုလတာကို တိုင်ပင်လိုသည်ဖြစ်၍ ဤဂါထာကို ဆို၏။

ရှင်မဝိဇ္ဇုလတာ အကျိုးအကြောင်းနှင့် ယှဉ်၍ အနာဂတ်ကာလ၌ ငါ၏ပေါ့ဗိညာဏ် အကျိုးငှာ သင်၏အထံ၌ ကောင်းစွာ ပြောဆိုအပ်သော ငါ၏စကားကို နားထောင်ပါလော။

ယနေ့ ငါသည် သဗ္ဗညုဘဉာဏ်ရှင် ဘုရားသခင်တို့သည် စိတ်ရွှင်ကြည်နူး ဆည်းပူးအပ်သော သာမန်လူသား စိတ်ထားပွင့်ပြူ ပေးလှူနိုင်ခဲသော ဒါနပါရမီကို ဖြည့်ပေအံ့၊ ငါ၏ထိုဒါနပါရမီကိုဝမ်းမြောက်ပါလေလော။

ဤသို့ ပြောဆိုပြီး၍ ဘုရားအလောင်း မဟာသုရသေန မင်းကြီးသည် ဝိဇ္ဇုလတာမိဖုရားကြီးကို ပြောဆိုသည်ကား-

အို အရှင်မိဖုရားဝိဇ္ဇုလတာ ယခု ငါသည် ငါ၏ဥက္ကောင်းကို ဥက္ကောင်းမရှိသော လုလင်အား ကြည်ရွှင်သဒ္ဓါ ပေးလှူပါအံ့၊ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်လေလောဟု ပြောဆို၏။

မင်းကြီး၏စကားကို ကြားလျှင် မိဖုရားအမှူးရှိသော မောင်းမအပေါင်းတို့သည်၎င်း၊ သုစိသေနအမတ်အမှူးရှိသော လူအပေါင်းတို့သည်၎င်း ထိုနေရာ၌ တခဲနက် အုတ်အုတ်ကျက်ကျက် ဖြစ်၍ ဘုရားအလောင်း မင်းကြီး၏ ခြေရင်း၌ဝပ်စင်းကာ ငိုကြွေးကြလျက် မြတ်သောမင်းကြီး မသင့်သောအမှုကို အဘယ့်ကြောင့် ပြုတော်မူဘိသနည်း၊ အလုံးစုံသော ကျွန်ုပ်တို့သည် အရှင်မင်းကြီးနှင့် ကင်းကွာ၍ ကိုးကွယ်ရာမဲ့ ဖြစ်ကြပါကုန်အံ့ စသည်ဖြင့် ပြောဆိုတောင်းပန်ကုန်၏။

## ဦးခေါင်းဖြတ်လှူရန် ဥယျာဉ်တော်ထွက်

ပြည်သူပြည်သားတို့၏ ငိုကြွေးသံကို ကြားရလျှင် ဘုရားအလောင်း မဟာသူရသေနမင်းသည် ဤနေရာ၌ ဦးခေါင်းအလှူဟူသော ပရမတ္ထ ဒါနပါရမီကို ဖြည့်ကျင့်ရန် ဖြစ်နိုင်မည်မဟုတ်ပေ၊ မြို့ပြင်သို့သွား၍ လှူဒါန်းဖြစ်တော့မည်ဟု ကြံစည်၍ မိမိ၏မိဖုရား မောင်းမမိဿံ အခြွေအရံတို့နှင့်တကွ လူအပေါင်းတို့အား အဆုံးအမစကား ပြောကြား၍ သုစိသေနအမတ်အား ခေါ်၍ ရွှေနန်းချည်ကိုရင်း၊ ရာဇနာသံလျက်ကိုရင်း ဦးခေါင်းမရှိသော လုလင်ကိုရင်း ယူပင်ခေါ်ဆောင်စေလျက် ဥယျာဉ်တော်သို့ ထွက်ခွါသွားလေသည်။

ထိုအခါ အလုံးကုံသော မောင်းမအပေါင်းတို့သည်ရင်း၊ အမတ်အပေါင်းတို့သည်ရင်း၊ တိုင်းသူပြည်သား လူအများတို့သည်ရင်း ဆံပင်ကို ကျောပြင်၌ ဖြန့်ကြဲချလျက် လက်နှစ်ဖက်တို့ဖြင့် ရင်ကိုထုကာ မိမိတို့နေရာမှဆင်း၍ ဘုရားအလောင်း၏ နောက်သို့ အစဉ်လိုက်ကြကုန်၏။

ဘုရားအလောင်းသည် လိုက်လာသော ယိုသူတို့ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ထိုနေရာ၌ပင် တန့်ရပ်လျက် မိမိ၏ သုစိသေနအမတ်ကို အမတ်ကြီး သင်သည် ဤသံလျက်ဖြင့် ငါ၏ဦးခေါင်းကို ဖြတ်၍ ဤလုလင်အား ငါ၏ဦးခေါင်းကို ပေးလှူလေလော့ဟု ပြောဆို၏။

သို့ရောက်လျှင် သုစိသေနအမတ်သည် မိမိမင်းကြီး၏ ဦးခေါင်းကို ဖြတ်ရန် ဝန်လေးနေသည်ဖြစ်၍ မင်းကြီးအား လက်အုပ်ချီလျက် အကြိမ်ကြိမ် ငြင်းပယ်လေ၏၊ ထိုအခါ ဘုရားအလောင်း မဟာသူရသေနမင်းသည် အမတ်ကြီးထံမှ သံလျက်ကိုယူ၍ မိမိကိုယ်တိုင် မိမိဦးခေါင်းကို ဖြတ်လိုသည်ဖြစ်၍ ကောင်းကင်ကို မော်ကြည့်ကာ အိုနတ်အပေါင်းတို့ သင်တို့သည် ကျွန်ုပ်၏ ဒါနမြတ်ကို ရှုစားတော်မူကြပါကုန်၊ ဤဦးခေါင်းကို စွန့်လှူသဖြင့် အကျွန်ုပ်သည် လူလောက၌ စကြာမင်းစည်းစိမ်ကို မတောင့်တပါ၊ နတ်မင်းစည်းစိမ်ကိုလည်း မတောင့်တပါ၊ ဗြဟ္မာမင်းစည်းစိမ်ကိုလည်း မတောင့်တပါ၊ စင်စစ်အားဖြင့် အကျွန်ုပ်သည် နောက်အခါ၌ ဘုရားအဖြစ်ဟူသော သမ္မာသမ္ဗောဓိဆုကိုသာ တောင်းပါ၏၊ အကျွန်ုပ်၏ ဤဦးခေါင်းအလှူသည် အနာဂတ်ကာလ၌ အလုံးစုံသော လောကီစီးပွား လောကုတ္တရာ စီးပွားချမ်းသာကို ပြုတတ်သော သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ ဖြစ်ပါစေသတည်းဟု ဆိုလျက် ဤဂါထာနှစ်ပုဒ်ကို ဆိုလေသည်။

အို နတ်အမျိုးတို့ ထောင်နား စိုက်တော်မူပါ၊ ရည်ကာအမှန်၊ သမ္ဗုဉာဏ်ကို စောင့်ရသည့်၊ သိသခေါ်ရှောင်း၊ ဥကွောင်းကိုမူ၊ ကျွန်ုပ်လှူ၏။

ဤသို့ ဥကွောင်း၊ အလှူကောင်းဖြင့်၊ နောက်နှောင်းချိန်ခါ၊သံသရာဝယ်၊ သစ္စာတရား၊ သိဉာဏ်ပွားသည်၊ ဘုရားဖြစ်ရန်၊ ကျွန်ုပ်ဆုပန်၏၊ သံသရာဝဋ်၊ ကိုယ်တည်းလွတ်၍၊ မကျွတ်သသူ၊ နတ်နှင့်လူကို၊ ကယ်ယူရလို၊ ဆုပန်ဆို၏။

## နတ်ပေါင်းဒေဝါ ကောင်းချီးညာ

ဤသို့စကား မြွက်ကာကြား၍ ဘုရားအလောင်း သူတော်ကောင်းသည် ဘေးပေါင်းမဝင် ရှိကြောက်စင်လျက် စိတ်လျှင်သက်ဟန် နက်ဖြန်ဘုရားဖြစ်မည်လားသို့ တက်ပွားသောမနသ် ဇောဖြတ်ပီတိ ရှန်းရှန်းဒိ၍ မိပ်ဖာသာ ဥကွောင်းကို ဖြတ်ခြင်းငှာ ကြိုးစားလေ၏၊ ထိုသို့ ကြိုးစားသော အခိုက်မှာပင် ဥကွောင်းဒါန၏တန်ခိုးကြောင့် ရေအဆုံးရှိသော မြေအလုံးသည် မြည်ဟည်းတုန်လှုပ်လေ၏၊ နတ်အပေါင်းတို့သည် ကောင်းချီးပေး၍ ကောင်းကင်မှ ပန်းမိုးကို ရွာချစေလေသည်။

ထိုအကြောင်းကို စုပေါင်းပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို မိန့်ဆိုတော်မူ၏။

> နတ်အပေါင်းလျှင်၊ ကောင်းချီးသြဘာ၊ ထောမနာဖြင့်၊ မဏ္ဍာရဝ မည်ရနတ်ပန်း၊ ကြာနီပန်းနှင့်၊ ပွင့်လန်းကသစ်၊ ကြဲမြောက်ပစ်၏။
>
> စကားဆပ်သွား၊ တခြားကံ့ကော်၊ တဖော်ပုန်းညက်၊ ပန်းခက်ယိုထို၊ မြေကိုဖိုရီး၊ ဘုမ္မစိုးတို့၊ ရပ်မျိုးထွေလာ၊ ပစ်လွှင့်ကာဖြင့်၊ ဇေယျာပွဲကြီး ဝှဲကာချီးသည်၊ ဝေးနီးပြန့်ကျော် သတင်းတည်း။

ထို့နောက် ဘုရားအလောင်းသည် မိမိဖာသာ လကျ်ာလက်ဖြင့် သံလျက်ကိုကိုင်လျက် ဥကွောင်းကို ဖြတ်ပြီးလျှင် သွေးချင်းချင်းနီသော ဥကွောင်းကို ဘယ်လက်ဖြင့် ကိုင်ကာ ဥကွောင်းမရှိသော လုလင်ပျိုအား ပေးလေ၏၊ ထိုအခါ ဥကွောင်းမဲ့လုလင်ပျိုသည် ထိုနေရာ၌ပင် ချမ်းသာစွာ နေလေ၏၊ ထိုအခါမြေလှုပ်ခြင်း စသော အံ့သြဘွယ်တို့သည် ဖြစ်ကြကုန်၏၊ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဂါထာတို့ကို ဆို၏။

ဥကွောင်းကို စွန့်လှူသော ဘုရားအလောင်း၏ ဒါနစွမ်းကြောင့်
မြေကြီးသည်ကြောက်ဖွယ်အသံကြက်သီးထဘွယ်အသံမြည်ဟည်းလျက်
ကုန်လှုပ်လေသည်။

ဥကွောင်းစွန့်ငြား၊ မင်းတရား၏၊ စွမ်းအားဒါန၊ ကုသလကြောင့်၊
မည်ရဗာရာ၊ မြို့နေရာလည်း၊ လွန်စွာကြောက်ဖွယ်၊ သံကျယ်မြည်
ကာ၊ ချောက်ချားလာ၏။

ထိုအခါ သုစိသေနအမတ်သည် ဘုရားအလောင်း၏ အနိုး၌ ရပ်တည်
လျက် ငိုကြွေးမြည်တမ်းပြီးလျှင် သွေးများကိုယူ၍ မိမိ၏ဥကွောင်း၌ထား
ကာ မြို့သို့ ချက်ချင်းသွား၍ ဝိဇ္ဇုလတာမိဖုရားကြီးနှင့် လူအများတို့အား
ထိုအကြောင်းကို ပြောပြလေသည်။

သုစိသေနအမတ်စကားကို ကြားရလျှင် ဝိဇ္ဇုလတာမိဖုရားနှင့် မောင်းမ
အပျောကိုသည်၎င်း အပေါ်စသော မြို့သူမြို့သားတို့သည်၎င်း အကြီးအကျယ်
စိတ်နှလုံးထိခိုက်ကြလျက် ဟန်မဆောင်နိုင်ကြပဲ အသံကျယ်စွာဖြင့် ဟစ်အော်
ငိုကြွေးမြည်တမ်းကြကာ မြို့မှထွက်၍ ဥယျာဉ်တော်သို့ ဝင်ပြီးလျှင် ဘုရား
အလောင်း၏ ခြေရင်း၌ ဝပ်စင်း ဦးတိုက်လျက် ငိုကြွေးကြကုန်၏။

ထို့နောက် ဝိဇ္ဇုလတာမိဖုရားနှင့် သားတော် ဝရရာဇ မင်းသားတို့သည်
ဘုရားအလောင်းကိုပွေ့ဖက်၍ မိမိတို့၏ ဆံပင်များဖြင့်၎င်း၊ နူးညံ့သောအဝတ်
များဖြင့်၎င်း၊ ယိုစီးကျသော သွေးများကို သုတ်ပေးကြပြီးလျှင် ထိုနေရာ၌ပင်
သတိမေ့မျော မိန်းမောသွားကြကုန်၏၊ ထိုခဏ၌ နန်းတွင်းသူ အမျိုးသမီး
တို့သည် ရေအေးကိုယူလာ၍ မင်းနှစ်ပါးတို့၏ကိုယ်၌ သွန်းလောင်းပက်ဖျန်း
ပေးကြကုန်၏၊ ထိုအခါ မင်းနှစ်ပါးတို့သည် အသက်များ ပြန်ရှုလာပြီးလျှင်
သတိရလာကြကုန်၏၊ ယိုနောက် ဝိဇ္ဇုလတာမိဖုရားသည် မိမိ၏လက်နှစ်ဖက်
ကိုဖြင့်ရင်ကိုတီး၍ မြတ်သောမင်းကြီး- ယခုအခါ ကျွန်ုပ်သည် အမြဲစိတ်ဆင်းရဲ
ရလျက် အထီးကျန်သူဖြစ်ရပါတော့မည်၊ ယနေ့မှစ၍ ကျွန်ုပ်သည် မဆိုးမတို့
ခံစားရသည့် ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရပါတော့မည် စသည်ဖြင့် ပြောဆိုငိုကြွေး
လျက် ထိုနေရာ၌ပင် ရပ်တည်နေလေ၏။

## သိကြားမင်းတန်ခိုးကြောင့် နဂိုအတိုင်းဖြစ်ပုံ

ထိုခဏ၌ ဒေဝသနင်းသိကြားမင်းသည် မယွင်းရပ်ပါ ထိုနေရာမှ ခေါင်း
ပပါ လုလင်ပျိုသဏ္ဌာန်ကို ဖျောက်၍ မိမိအလှူခံခေါင်းကို နတ်တန်ခိုးဖြင့်
ကွယ်ဝှက်ထားလျက် သိကြားမင်းတန်ဆာ အစုံအလင် ဝတ်စား ဆင်ယင်၍

တက်သစ်စနေလုလင်ကဲ့သို့ အာကာပြင်ကို တင့်တယ်စေလျက် မြင့်ကျယ်သော အသံပေးဖြင့် ငိုကြွေးနေသူတို့တွင် ပူအင်ထူးခြား မိဖုရား ဝိဇ္ဇုလတာကို ရှေ့ရှုကာခေါ်လျက် စိုးရိမ်တော်မမူပါလင့် မိဖုရား၊ ငိုကြွေးတော်မမူပါလင့် မိဖုရား၊ ကျွန်ုပ်သည် သင်မိဖုရားကြီး၏ အရှင်ဖြစ်သော မဟာသုဒ္ဓရသေန မင်းကြီး၏အသက်ကို ပေးပါအံ့ဟု ပြောပြီးထိုခဏ၌ပင် လိုတရသော သိကြား အာနုဘော်ဖြင့် မကြာယခုနေ့ ပေးလှူအပ်တဲ့ ဥက္ကောင်းကိုယူ၍ သွင်မှုမပျက် ဆင်တူဆက်ပြီးလျှင် နတ်စက်ရေစင်ဖျန်း၍ ချမ်းသာခန်း ပြုလုပ်လေသတည်း။

ထိုအခါ ထိုနေရာ၌ရှိသော လူအများလည်း အနားမှာ ရပ်တည်လျက် ဥပဒ်မမို့ ပင်ကိုယ်အတိုင်း ချမ်းကြည်သော ဘုရားအလောင်းကို မြင်သော် အံ့ဩကြလျက် ကောင်းချီးပေးခြင်း ဦးရစ်ခေါင်းပေါင်းမြှောက်ခြင်းစသည် တို့ကို ပြုလုပ်ကြ ကုန်၏၊ သိကြားမင်းသည် ဘုရားအလောင်းအား ဤသို့ ချီးမွမ်းခြင်းကိုပြု၏။

ဝတိံနန်းရှင်၊ အကြံပြင်၍၊ ခေါင်းလျှင်မပါ၊ ကိုယ်ခန္ဓာဖြင့်၊ မြန်စွာ ရှေ့မှောက်၊ လှူခံရောက်၍၊ သေပျောက်စေရေး၊ ကြံမတွေးပဲ၊ လှူပေး ဥက္ကောင်း၊ ဖြတ်တုံရှောင်း၏၊ ဆိုကြောင်း စကား၊ နတ်သိကြား လျှင်၊ သင်ကားနှစ်တန်၊ နတ်လူရန်ကို၊ အမှန်အောင်ပြီ၊ အောင်ခွန်း သီလော။

မြေပထဝီ၊ သံဟည်းမြည်၍၊ တက်သည့်အသံ၊ နတ်ပြည်လျှံ၏၊ မိုးယံ ပြိုးပြက်၊ လျှပ်စစ်လက်၍၊ မြင့်တက်တောင်မင်း၊ ဦးညွှတ်ဆင်းသည်၊ ကောင်းတင်း မင်္ဂလာပါ တကား။

သင်၏ဒါန၊ နာရဒပဗ္ဗတာ၊ နေလာသူပေါင်း၊ ဝမ်းမြောက်ကြောင်း ဖြင့်၊ ကောင်းချီးနှုမော်၊ သာဓုခေါ်၏၊ တပေ်ဗိမာန်၊ စောင့်ပြန် တံခါး၊ ထိုနတ်သားလည်း၊ မခြားထပ်တူ။

ထက်မူဏ္ဍာ၊ ပြဟ္မာသောမ၊ ယမဝေဿဝဏ်၊ ထက်မိုးစံတို့၊ ပြုရန် ခဲခက်၊ ပြုမှုချက်ဟု၊ အားတက်စိတ်ရောက်၊ ဝမ်းပမ်းမြောက်၏။

ပေးနိုင်ခက်ရာ၊ ပေးပေရှာ၏၊ ပြုရာခက်ပေ၊ ပြုလုပ်လေ၏၊ စိတ်နေ မပါ၊ လူယုတ်မာတို့၊ ဘယ်ခါမပြု၊ ကောင်းမှုတရား ပြုခက်ငြား၏။ ထို့ကြောင့်သူတော်၊ မသူတော်တို့၊ နှစ်ဖော်ဂတိ၊ ကွဲတုံဘိ၏၊ မရှိ အကျင့်၊ မသင့်ကြံရှာ၊ လူယုတ်မာတို့၊ သွားရာငရဲ၊ ကျင့်စဲမှန်စွာ၊ လူလိမ္မာတို့၊ ရောက်ရာနတ်ပြည်၊ ဆိုတုံပေ၏။

အိုမင်းမြတ်- သင်မင်းမြတ်လျှင်၊ နှင်းအပ်တုံရှောင်း၊ ဥက္ကောင်းအလှူ၊
ကြည်ဖြူဒါန၊ မြတ်ပုညကြောင့်၊ ပြဟ္မာ့ပြည်တိုင်၊ ရောက်နိုင်သောမှန်၊
မနေ့သောကံလည်း၊ အမှန်ရှိ၏၊ ဘူမိဒေဝါ၊ နတ်တို့ရွာဝယ်၊ မှန်စွာမသွေ၊
ဖြစ်ပေလတ့်။

ဤသို့ပြောဆိုပြီးလျှင် သိကြားမင်းသည် အကျယ်စကား မပြောကြား
တော့ဘဲ နတ်ပြည်သို့ပြန်သင့်ပြီဟု သဘောရ၍ မိမိ၏လူသားမဟုတ် သိကြား
ဖြစ်သည်ကို ပြောကြားလို၍ ဤဂါထာကို ဆို၏။

သင်၏ထံလာ၊ ငါသည်မှာကား၊ နတ်တို့သနင်း၊ သိကြားမင်းတည်း၊
ကြံရင်းသင်သို့၊ အလိုဆန္ဒ၊ ပြည့်ဝစေရန်၊ ရည်စိတ်သန်၍၊ သင့်ထံ
မျက်မှောက်၊ ငါလျှင်ရောက်ခဲ့၊ ဖြတ်တောက်ကြည်ဖြူ၊ ခေါင်းအလှူ
ကား၊ တဆူဗောဓိ၊ ဖြစ်ဘိအရောက်၊ ပင့်ကာထောက်လိမ့်။

ဤသို့ သိကြားမင်းသည် ဘုရားအလောင်းနှင့် စကားပြောလျက် နတ်၏
အတ္တဘောဖြင့် တောက်ပကာ တက်သစ်စနေလုလင်ကဲ့သို့ ကောင်းကင်ပြင်၌
တည်ကာ မြတ်သောမင်းကြီး- အသက်ထက်ဆုံး လူများအား ထပ်ပြန်ခါခါ
အလှူပေးပါဟုဆုံးမ၍ ဤဒါနကြောင့် နောင်အခါ၌ သဗ္ဗညုတ ရွှေဉာဏ်ကို
အမှန်ရပါလတ့်၊ သင်ကဲ့သို့ သဘောရှိသော ဘုရားအလောင်း သူတော်
ကောင်းပျားလည်း ဟိုရှေးကင်္ါးဝသောစွန့်ခြင်းကြီးကိုစွန့်ပြီးကာ ဘုရားမြတ်
ဖြစ်ကြပါသည်-ဟု ပြောဆိုပြီးလျှင် ထိုနေရာမှာပင် ကွယ်ပ၍ နတ်ဌာနသို့
ပြန်လေသတည်း။

နှစ်ပါးနတ်ပြည်၊ ပျော်စံတည်သား၊ အမည်သိကြား၊ နတ်ဘုရားလျှင်၊
မင်းအားချီးမွမ်း၊ နှုတ်မြွက်ခွန်းဖြင့်၊ ကောင်းစွန်းဝေဖြာ၊ ကောင်း
တင်းညာ၍၊ နတ်ရွာ ထက်ပြည်၊ ကြွစံလည်သည်၊ မျက်ချည်ယခု
ပျောက်ပြီသော်။

ထိုအခါ မဟာသူရသေနမင်းသည် သိကြားမင်း၏အာနုဘော်ဖြင့် မိမိ၏
အသက်ကို ပြန်လည်ရရှိ၍ ထိုနေရာမှထကာ ချမ်းသာသောနေရာ၌ ထိုင်၏၊
ပိဋ္ဌလတာမိဖုရားသည်လည်း မိမိ၏ လင်ယောကျ်ားဖြစ်သော မင်းကြီး အနာ
ရောဂါမရှိ ပကတိ ပင်ကိုယ်ဖြစ်နေသည်ကိုမြင်ရ၍ ရှင်ပျသောစိတ်နှလုံးဖြင့်
ဒါနမည်သည် ချမ်းသာကိုအလိုရှိသူတို့ အမြဲမပြတ် ပေးလှူအပ်သောတရားပေ
တကားဟု ချီးမွမ်းလေသည်၊ အလုံးစုံသော အမတ်အစရှိသော မြို့သူမြို့သား
တို့သည် နှစ်သက်ဝမ်းမြောက်၍ ထိုနေရာမှာပင် ဘုရားအလောင်းကို အဘိသိက်
ရေစင်သွန်းလျက် မြို့တွင်းသို့ဆောင်ယူကုန်၏။

ထိုအချိန်မှစ၍ ဘုရားအလောင်းသည် မိမိ၏ဒါနသာလာသို့ ရောက်လာသမျှသောသူတို့အား မြတ်သော အလှူကိုပေး၍ အသက်ထက်ဆုံး တည်ကာ အသက်၏ အဆုံး၌ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏၊ ထိုမင်း၏ ဩဝါဒ၌ တည်သော မြို့သူမြို့သားတို့သည် အသက်ရှည်သမျှတည်၍ အသက်၏ အဆုံး၌ အထူးထူးသော နတ်ပြည်တို့၌ ဖြစ်ကုန်၏။

မြတ်စွာ ဘုရားသည် ဤဒေသနာတော်ကို ဆောင်တော်မူ၍ ဇာတ်ကို ဤသို့ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခန်း

ထိုအခါ သိကြားမင်းသည် ယခုအခါ- အနုရုဒ္ဓါ၊ သုစိသေနအမတ်သည် အာနန္ဒာ၊ ဝိဇ္ဇုလတာမိဖုရားသည်-ယသောဓရာ၊ ထိုအခါ အမိအဖများသည် ကား-ယခုအခါ သုဒ္ဓေါဒနနှင့်မဟာမာယာ၊ ကြွင်းသော သူများကား- ဘုရားပရိသတ်၊ မဟာသုရသေန မင်းကား- ငါဘုရား ဖြစ်တော်မူ၏-ဟု ဇာတ်ကို ပေါင်းတော်မူ၏။

မဟာသုရသေနဇာတ် ပြီး၏။

# ၂၉–ဗြဟ္မဃောသရာဇဇာတ်

ပုဗ္ဗေကတ၊ ပုညတာစက်၊ ကောင်းမှုတွက်ကြောင့်၊
နတ်ထက်ဗြဟ္မာ၊ လူ့ရွာသုခ၊ အစုံရ၍၊
ဘဝတခွင်၊ ဂုဏ်ရည်လွှင်၏။

ဒေသေတု ဘန္တေ ဘဂဝါ- ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ရှေးက ပြုခဲ့ဘူးသော ကုသိုလ်အဆောက်အဦကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြစဉ် စကားကို ဖြစ်စေကြကုန်၏၊ ဖြစ်စေပုံကား- ငါ့ရှင်တို့ ငါတို့၏ မြတ်စွာဘုရားသည် ပြုအပ်ပြီးသော ကုသိုလ် အဆောက်အဦရှိသည်ဖြစ်၍ နတ်လူတို့၏ကိုးကွယ် လည်းလျောင်းရာ လောကနာထ ဖြစ်တော်မူသည်ကား အံ့ဩဘွယ် ဖြစ်ပေသည် တကား-ဟု စကားကို ဖြစ်စေကုန်၏။

ထိုအခါ ဂန္ဓကုဋိ၌ နေတော်မူသော မြတ်စွာဘုရားသည် မိမိ၏ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ထိုရဟန်းတို့၏ စကားကိုကြား၍ ထိုင်နေတော်မူရာမှ ထပြီး တရားသဘင်သို့လာ၍ ထိုတရားသဘင် ဝယ် ခင်းထားအပ်သော မြတ်သော ဘုရားနေရာတော်၌ ထိုင်တော်မူ၍ ချစ်သားတို့ သင်တို့သည် အဘယ် စကားဖြင့် ယခုအခါ စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်သည် ဘုရားဟု လျှောက်ထားလေသော်-

ချစ်သားတို့- ယခုအခါ၌သာ ငါဘုရားသည် နတ်လူတို့၏ ကိုးကွယ်ရာ ဖြစ်၍ လောကနာထ အမည်တော်ရသည် မဟုတ်သေး၊ ရှေးအခါကလည်း ငါဘုရားသည် ရဟန်းတို့အား ဝတ္ထုပစ္စည်းများကို ပေးလှူသည်၏ အစွမ်းဖြင့် ၎င်းတို့၏ ကိုးကွယ် အားထားရာ ဖြစ်ခဲ့သည်သာတည်း-ဟု မိန့်တော်မူပြီး၍ ဆိတ်ဆိတ်နေတော်မူ၏။ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ချစ်သားတို့- ရှေးလွန်လေပြီးသောအခါက ကုသုမ္ဗပုရ မည်သော တခုသောမြို့သည် ရှိသတတ်၊ ထိုမြို့သည် ဘေးရန်ကင်းကွာ ဝပြောသာယာ၍

များစွာကော တဖက်ဆည်ကန် လေးထောင့်ကန်တို့နှင့် ပြည့်စုံသည့်ပြင် ဆင်မြင်း ရထားတို့လည်း ပေါများလျက် များစွာသော ရတနာတို့လည်း အလွန်ပေါများ၏။

ထိုမြို့၌ ဘုရားအလောင်း ဗြဟ္မဃောသအမည်ရှိသော မင်းသည် တရားနှင့်အညီ မင်းပြုလေ၏၊ ထိုမင်း၏ မိဖုရားသည်ကား နန္ဒာဒေဝီ အမည်ရှိ၏၊ ထိုမင်း၏လက်ထက်၌ ပဒုမုတ္တရ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏၊ ထိုအခါက ပဒုမုတ္တရမြတ်စွာဘုရားသည် ကုသုမ္ဗပုရမြို့၌ သီတင်းသုံး နေထိုင်တော်မူ၏။

ဗြဟ္မဃောသမင်းသည် တဆဲ့ခြောက်နှစ်တို့ပတ်လုံး ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖျော်ယမကာတို့ဖြင့် ငါးထောင်သော ရဟန်း အခြံအရံ ရှိသော ပဒုမုတ္တရမြတ်စွာဘုရားအား ပြုစုလုပ်ကျွေးလေသည်။

ထိုမင်းသည် မိမိတိုင်းနိုင်ငံ၌—

(၁) ပေးကမ်းစွန့်ကြဲခြင်း၊

(၂) ချစ်ခင်ဘွယ်သောစကားကို ပြောကြားခြင်း၊

(၃) သာတူညီမျှ ဖြစ်စေခြင်း၊

(၄) တတန်စားတည်းထား၍ ပေါင်းသင်းဆက်ဆံခြင်း-

ဟူသော သင်္ဂဟတရား လေးပါးတို့ဖြင့် တိုင်းသူပြည်သား လူအများတို့အား ကြည့်ရှု စောင့်ရှောက်လေသည်။

ထိုအခါ အလုံးစုံသောလူတို့သည် ရောဂါကင်းကွာ ချမ်းသာကုံလုံ ဖုံဖုံပစ္စည်း ပြည်ကြီးသာတွေ့ ဆန်ရေစပါး ပေါများဘိတုံ ပြည့်စုံကုန်၏၊ တနေ့သ၌ ဗြဟ္မဃောသမင်းသည် ပဒုမုတ္တရမြတ်စွာဘုရား၏ ထံတော်သို့ ချဉ်းကပ်၍ မိမိအား အမြဲမပြတ် တရားဒေသနာတော်ကို ဟောကြားတော်မူပါရန် ဤသို့ ရိုရိုသေသေ လျှောက်ထားလိုသည်ဖြစ်၍ ဂါထာကို ဆို၏။

## မြတ်စွာဘုရားအား လျှောက်ထားပုံ

ဒေသေတု ဘဂဝါ ဘန္တေ၊ သဒ္ဓမ္မ° နိရန္တရံ။
သြရောဓာနဉ္စ မေ သဒါ၊ ဟိတ သုခါယ ကာရဏာ။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား။ ဘဂဝါ၊ ကိုးဂုဏ်သခင် ဘုရားရှင်သည်။ မေ၊ အရှင့်ထံပါး ခစားလေ

ပြား တပည့်တော်အားရင်း။ ဩရောဓာနဥ၊ မင်းမောင်းမဟု စရှိထွေထွေ ဒသဖြွေအရံတို့အားရင်း။ သဒါ၊အခါခပ်သိမ်း။ ဟိတာသုခါယကာရဏာ၊စီးပွား ချမ်းသာ များပြားရာဟု ရည်ကာစုပေါင်း ဤအကြောင်းကြောင့်။ နိရန္တရ၊ အမြဲမပြတ်။ သဒ္ဓမ္မံ၊ သူတော်များမြတ် ဆည်းကပ် ကျင့်ရိုး တရားမျိုးကို။ ဒေသေတု၊ ကရုဏာရှေ့ထား ဟောကြားတော်မူပါဘုရား။

ထိုအခါ မြတ်စွာဘုရားသည် ထိုနေရာ၌ စည်းဝေး ရောက်လာသော ပြဟ္မဒေယသမင်း အစရှိသော လူအပေါင်းတို့အား သစ္စာလေးပါး တရားကို ဟောပြတော်မူ၏။

သစ္စာလေးပါးကား- (၁) ဒုက္ခသစ္စာ- ဆင်းရဲအမှန်တရား၊
(၂) သမုဒယသစ္စာ- ဆင်းရဲကို ဖြစ်စေကြောင်း ဖြစ်သောအမှန်တရား၊
(၃) နိရောဓသစ္စာ- ဒုက္ခအားလုံး ကုန်ဆုံး ချုပ်ငြိမ်း ရပ်သိမ်းရာ ဖြစ်သော အမှန်တရား၊
(၄) မဂ္ဂသစ္စာ- ဒုက္ခရပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ဖို့ရာ အကျင့် ဟူသော အမှန်တရား-

ဟူ၍ လေးပါးတည်း။ ထိုလေးပါးတွင် ဘုံသုံးပါး၌ ဖြစ်သော လောဘကြဉ်သော လောကီတရား အားလုံးသည် ဒုက္ခသစ္စာ မည်၏။ လောဘသည် သမုဒယသစ္စာမည်၏၊ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ထိုနောက် ပဒုမုတ္တရမြတ်စွာဘုရား၏ သစ္စာဒေသနာတော်အဆုံးမှာ ကုဋေရှစ်သောင်း နတ်လူအပေါင်းတို့သည် တရားရကြလေသည်၊ ပြဟ္မဒေယသမင်းနှင့် မင်းမောင်းမ အစရှိသော လူအပေါင်းတို့သည် ပဒုမုတ္တရမြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြားရ၍ နှစ်သက်မြတ်နိုးကာ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား လုပ်ကျွေးပြုစုကြကုန်၏၊ ထိုခဏ၌ သိကြားမင်း၏ ဘုံဗိမာန်သည် ပူသော အခြင်းအရာကို ပြလေသည်၊ သိကြားမင်းသည်။

ကောင်းမှုထိုထို ကုသိုလ်ကိုပြု အလှူဝတ္ထုကိုပေး ဖြူဖွေးသောအကျင့်ကိုကျင့်လျက် ငါ့အား နေရာမှရွေ့လျောစေမည့်သူကား လူလော နတ်လော-ဟု ဆင်ခြင်၏။

## လုလင်အသွင် သိကြားမင်းနှင့်ခွေးနက်ကြီး

ထိုနောက် သိကြားမင်းသည် ထိုအကြောင်းကို သိ၍ နှစ်သက်သောစိတ်ရှိသည်ဖြစ်ရကား ဤသို့ကြံစည်၏ ကြံစည်ပုံကား- ဗြဟ္မဃောသမင်းသည် တရားနှင့်အညီ မင်းအဖြစ်ကိုပြု၏၊ ယခုငါသည် ထိုမင်းကို စုံစမ်းခြင်းငှာ ကုသုမ္ဘပုရမြို့သို့ သက်ဆင်းပေအံ့ဟု ကြံစည်လေ၏၊ ဤသို့ ကြံစည်ပြီးနောက် သိကြားမင်းသည် မိမိ၏ မာတလိနတ်သားကို ခေါ်တော်မူ၍ အို မာတလိ- သင်သည် ကုသုမ္ဘပုရမြို့သို့ သွား၍ မိမိကိုယ်ကို ခွေးယောင်ဆောင်ကာ ထိုမြို့တွင်၌ လှည့်လည်ကျက်စားသွားပါလေလော၊ ငါသည်လည်း ခွေးစောင့် အသွင်ဆောင်လျက် သင်၏နောက်မှ လိုက်အံ့-ဟု ပြောဆိုလေ၏။

ဤသို့ တိုင်ပင်ပြောဆိုထားပြီးနောက် မာတလိနတ်သားနှင့်အတူ သိကြားမင်းသည် နတ်ပြည်မှ ဆင်းသက်ပြီးလျှင် ခွေးအယောင် ဆောင်သော မာတလိနတ်သားနှင့်အတူ ကုသုမ္ဘပုရမြို့သို့ ဆိုက်ရောက်လေ၏။

ထို့နောက် ခွေးကြီးသည် မြို့လယ်၌ရပ်တည်ကာ ကြောက်မက်ဘွယ်သော အသံဖြင့်သုံးကြိမ်တိုင်တိုင် ဟိန်းဟောက် အော်ဟစ်လေ၏၊ ထိုခွေးကြီး၏အသံသည်ဘုံပြည်လုံး ပျံ့နှံ့လေ၏၊ ထိုခဏ၌ နိုင်ငံ၌လည်း မြေကြီးလှုပ်၏၊ ထိုအခါ မြို့နေသူတို့သည် ကြောက်ရွံ့ထိတ်လန့်၍ ထိုမှဤမှ ပြေးကြကုန်လျက် တောင်တော ချုံ သစ်ပင်ရင်း စသည်တို့၌ ပုန်းကွယ်ကုန်၏၊ ထိုခွေးဟောင်သံကြီးကို ကြားလျှင် ထိုဗြဟ္မဃောသမင်းသည် ကြောက်ရွံ့ ထိတ်လန့်သည်ဖြစ်၍ ဘုံနန်းပြာသာဒ်၏ အထက်ဆုံးအဆောင်သို့ တက်နေပြီးကာ –

(မင်း) အို တိုင်းသူပြည်သား လူအပေါင်းတို့ ဤအသံကား ဘာအသံနည်း။

(ပြည်သား) မြတ်သော မင်းကြီး ဤအသံကား ခွေးတကောင်၏ အသံဖြစ်ပါသည်။

(မင်း) အို လူအများတို့ ထိုခွေးမှာ ခွေးစောင့်ရှိသလော၊ သို့မဟုတ် မရှိဘူးလော။

(ပြည်သား) မြတ်သောမင်းကြီး လူဘယောက်သည်ကား ထိုခွေးကြီးကို စောင့်ရှောက်လျက် ခွေးနောက်မှာ ထက်ချပ်မကွာ အစဉ်လိုက်နေပါ၏။

(မင်း) အချင်းတို့ ထိုသူသည် ခွေးစောင့်ဖြစ်ရမည်၊ သင်တို့သည် ထိုခွေးစောင့်ယောကျာ်း အထံသို့ သွား၍ ခွေးကြီးအဘယ့်ကြောင့် ဟိန်းဟောက်အော်ဟစ်သည်ကို မေးမြန်းကြကုန်လော့။

(ပြည်သား) တိုင်းသူပြည်သား လူအများတို့သည် မင်းကြီး၏စကားကို ဝန်ခံ၍ ထိုခွေးထိန်းထံသို့ သွားလျက် အိုအချင်း ခွေးထိန်း-သင်၏ခွေးသည် အဘယ့်ကြောင့် ပြင်းစွာသော အသံဖြင့် ဟိန်းဟောက်အော်ဟစ်ခြင်းကို ပြုပါသနည်း။

(ခွေးထိန်း) အိုအချင်းတို့- ကျွန်ုပ်၏ခွေးသည် ဆာလောင်သည်ဖြစ်၍ ဟိန်းဟောက် အော်ဟစ်သံကို ပြုပါသည်။

ထိုအခါ လူတို့သည် ခွေးထိန်းသူ၏စကားကို ကြားရလျှင် မင်းကြီးထံ ပြန်သွား၍ ထိုအကြောင်းကို လျှောက်တင်ကြကုန်၏။

ထိုအခါ မင်းကြီးက အချင်းတို့- ဤသို့ဖြစ်လျှင် သင်တို့သည် နေ့တိုင်း နေ့တိုင်း ယင်းခွေးကြီးအား ဆန်သုံးတင်းချက်ထမင်းကို ကျွေးကြကုန်ဟု ဆို၏၊ လူတို့သည် မင်းကြီး အမိန့်အတိုင်း ကျွေးပါမည်ဟု ဝန်ခံ၍ ဆန်သုံး တင်းချက် ထမင်းကို ခွေးကြီးအား ကျွေးကြကုန်၏။

သို့ရာတွင် ထိုခွေးကြီးသည် ယင်း ဆန်သုံးတင်းချက် ထမင်းကို တကြိမ် တည်းဖြင့် စားသောက်ပြီးနောက် အာသာမပြေသော အခြင်းအရာကို ပြ၍ နောက်ထပ်တဖန် ဟိန်းဟောက်အော်ဟစ် ပြန်၏၊ ထိုအခါခွေးထိန်းယောကျ်ား က အရှင်မင်းကြီး ကျွန်ုပ်၏ ခွေးသည် အလွန်ဆာလောင်သောကြောင့် ဤသို့ ဟိန်းဟောက်အော်ဟစ်ပါသည်ဟု မင်းကြီးအား လျှောက်ထားလေ၏။

ထိုအခါ ပြဟ္မဒတ္တသမင်းသည် လူအများတို့အား အချင်းတို့ သို့ဖြစ် လျှင် သင်တို့သည် ဤမြို့၌နေသော လူအားလုံးတို့အတွက် ချက်ပြုတ်သော ထမင်းဟင်းများကို ယူ၍ ဤခွေးအား ကျွေးကြကုန်လောဟု ပြောလေ၏။

မင်း၏စကားကို ကြားလျှင် အမလဲစသော များစွာသော သူတို့သည် မင်းကြီးပြောသည့်အတိုင်း ပြုကုန်၏၊ ခွေးကြီးသည် ထိုထမင်းတို့ကိုလည်း တကြိမ်တည်းဖြင့်စား၍ အာသာမပြေသော အခြင်းအရာကို ပြကာ နောက် ထပ်တဖန် ဟိန်းဟောက် အော်ဟစ်ပြန်လေသည်။

ထိုအခါ မင်းကြီးသည် အလွန်ကျယ်လောင်စွာ ဟိန်းဟောက်သောခွေး သံကို ကြားလျှင် အို အမောင် ခွေးထိန်း-သင်၏ခွေးကြီးသည်တမြို့လုံးမှ ချက် ပြုတ်သမျှ အစားအစာများကို ကျွေးမွေးပါသော်လည်း ဟိန်းဟောက် အော် ဟစ်ခြင်းကို ပြုမြဲပြုနေဘိ၏၊ အကြောင်း အဘယ်သို့ ရှိပါသနည်းဟု မေးမြန်း လေရာ ခွေးထိန်းယောကျ်ားက ကျွန်ုပ်၏ခွေးကြီးသည် ဤမျှများပြားသော အစားအစာများကို ကျွေးမွေးသဖြင့် စားသုံးရသော်လည်း အာသာမပြေ ဘဲ ဆာလောင်မွတ်သိပ်မြဲပင် ဖြစ်နေပါသည်၊ သင်တို့သည် ကျွန်ုပ်၏ခွေးကြီး ကို အာသာပြေအောင် ကျွေးခြင်းငှာ တတ်နိုင်မည်မဟုတ်ပါဟု ဆိုလေ၏။

ထိုစကားကိုကြားလျှင် ဗြဟ္မဃောသမင်းသည် မတတ်နိုင်သဖြင့် လက်မှိုင်ချကာ ဆိတ်ဆိတ် နေလေသည်၊ ထိုနောက် ခွေးထိန်းသည် ထိုနေရာမှာ ရပ်တည်လျက် ဗြဟ္မဃောသမင်းအား ဤသို့ ဆိုလေသည်။

အရှင်မင်းကြီး အကြင်သူတို့သည် ရတနာသုံးပါး၌ ကြည်ညိုသဒ္ဓါ မရှိကြကုန်၊ ကျင့်ဝတ်တရား၌ မတည်ကြကုန် လောဘရမ္မက် ငမ်းငမ်း တက်ကုန်၏၊ ထိုသူတို့သည် လောက၌ အခြံအရံ ပေါများခြင်း အကျိုးကို ရမှုကုန်၏။

အရှင်မင်းကြီး- အကြင်သူတို့သည် မြတ်စွာဘုရား၏ ကျောင်းတော်ကို မိမိကိုယ်တိုင်လည်း ဖျက်ဆီး၏၊ သူတပါးတို့ကိုလည်း အဖျက်ခိုင်းကုန်၏၊ ထိုသူတို့သည် အမြဲတစေ ချမ်းသာခြင်းမှိုပေကုန်၏။

အရှင်မင်းကြီး- အကြင်သူတို့သည် ဘုရားပုထိုးစေတီကိုရင်း၊ ဗောဓိပင်ကိုရင်း၊ နတ်ကွန်းနတ်နန်းကိုရင်း ဖျက်ဆီးကုန်၏၊ ထိုသူတို့သည် အမြဲတစေ ချမ်းသာရာဌာနသို့ ရောက်ကြပေကုန်၏။

မင်းမြတ်- အကြင်သူတို့သည် သူ့အသက်သတ်ခြင်းစသော ကံငါးပါးကို ကိုယ်တိုင်လည်း ပြုကုန်၏။ သူတပါးအားလည်း ပြုစေကုန်၏၊ ထိုသူတို့သည် အသက်ရှေရှေ နေကြရကုန်၏။

မြတ်သောမင်းကြီး- အကြင်သူတို့သည် ရဟန်းပုဏ္ဏားတို့ကို ကဲ့ရဲ့စကားပြောကြားကုန်၏၊ဆဲရေး ရေရွတ်ကုန်၏၊ ထိုသူတို့သည် ချမ်းသာသော လောကသို့ ရောက်ကြကုန်၏။

အကြင်သူတို့သည် လောက၌ ကိုယ်ကျင့်သီလရှိသော အကြားအမြင်များသော ရဟန်းပုဏ္ဏားတို့ကို မစောင့်ရှောက် မကြည့်ရှုကြကုန်။ ထိုသူတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်၏။

အကြင်သူတို့သည် မိမိ၏ သားမယားကိုရင်း ဆွေမျိုးတို့ကိုရင်း၊ နှလုံးထားကောင်းသော မိတ်ဆွေကိုရင်း၊အမတ်တို့ကိုရင်း လူအများကိုရင်း မစောင့်ရှောက်ကြကုန်၊ ထိုသူတို့သည် အခြံအရံများကုန်၏၊ ဥစ္စာကုံလုံ ချမ်းသာကုန်၏၊ သေသောအခါ နတ်စည်းစိမ်ကို ခံစားရကုန်၏။

ဤခုနစ်ဂါထာတို့ဖြင့် ဗြဟ္မဃောသမင်း၏ စိတ်ကိုစုံစမ်းလိုသော ခွေးထိန်းအသွင် ဆောင်သော သိကြားမင်းသည် ဂါထာကို ဤသို့ ဆက်၍ ဆိုပြန်လေသည်။

မြတ်သောမင်းကြီး- ကျွန်ုပ်ပြောကြားသော စကားများသည် မှန်ကန်ပါသောကြောင့် သင်သည် ချမ်းသာသုခ အခြေအရံ ပေါများခြင်းဟူ့ကို အလိုရှိပါလျှင် ဘုရားတရားသံဃာ ရတနာသုံးပါး၌ လှူဒါန်းပေးကမ်းခြင်းကို မပြုဘဲ တိုင်းသူပြည်သား လူအများတို့ အပေါ်၌ ပတရားသဖြင့် ပြုလုပ်ကျင့်ကြံပါလော။

ထိုစကားကို ကြားလျှင် ဘုရားအလောင်းသည် ဤဂါထာကိုဆို၏။

အိုခွေးထိန်းယောကျ်ား- ကျွန်ုပ်၏စကားကို နားတောင်ပါဦးလော့၊ သင်၏စကားများလည်း မဟုတ်မမှန်သော စကား အကျိုးမရှိသော စကား၊ သူတပါး၏ စိတ်နှလုံးကို မပွားစေတတ်သော စကားသာ ဖြစ်ပေ၏၊ သင်သည် ဤကဲ့သို့ နှစ်သက်ဘွယ်မရှိ၊ စိတ်နှလုံးထိခိုက်နာကျည်းဘွယ် ဖြစ်သော အကျိုးမဲ့သော စကားမျိုးကို မပြောကြားပါလေလင့်၊ ကျွန်ုပ်သည် ဤသို့သော စကားမျိုးကို ရှေးက တရံတခါမျှ မကြားဘူးပါချေ။

ဤသို့ပြောဆိုပြီးနောက် ဘုရားအလောင်း ဖြဟ္မဿသမင်းသည် မိမိ၏သဘောထားကို ပြောကြားပြန်လိုရကား ဤဂါထာတို့ကို ဆို၏။

အိုခွေးထိန်းယောကျ်ား – ကျွန်ုပ်သည် အမြဲအားဖြင့် ဘုရားတရားသံဃာ၌ မယုံကြည်သူမဟုတ်ပါ၊ ကျွန်ုပ်သည် အခါခပ်သိမ်း ရတနာသုံးပါး၌ ယုံကြည်သူဖြစ်၍ သဗ္ဗညုတဉာဏ် အကျိုးငှာ ပစ္စည်းဥစ္စာ ပေးလှူခြင်း အဖြာဖြာကို ပြုလုပ်ပါသည်။

သင်သည် ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရား မရှိဘဲ မိမိဆန္ဒအလျောက် ဇနလိုက နေနိုင်ပါသည်၊ ကျွန်ုသည်ကား အနာဂတ်ကာလ၌ ပေါဓိဉာဏ်အကျိုးငှာ ကောင်းမှု ကုသိုလ်တို့ကို ပြုသောကြောင့် သေသောအခါ၌ နတ်ပြည်လောကသို့ သွားရပေအံ့၊ သင်သည်ကား မကောင်းမှုကို ပြုလုပ်၍ အခါခပ်သိမ်း အပါယ်ဆင်းရဲ၌ ဖြစ်ပေလတ့်။

ထိုအခါ ခွေးကြီးသည် ဟိုဟိုဒီဒီ တမြို့လုံးလှည့်လည်လျက် လူတို့ကိုကိုက်တော့မည်ကဲ့သို့ ခြိမ်းခြောက်လျက် နေလေ၏၊ ထိုခဏ၌ ခွေးထိန်းယောကျ်ားသည် မင်္ဂလာကျက်သရေရှိသော အလုပ်ကို ပြုလုပ်ပေးမည့်ဟန် ကဲ့သို့ရင်း၊ စိတ်နှလုံးချမ်းမြေ့ဟန်ကဲ့သို့ရင်း ဖြစ်လျက် ထိုနေရာ၌ ရပ်တည်၏။

ထိုအခါ ဘုရားအလောင်းသည် ထိုနေရာ၌ စုဝေးရောက်လာသူများနှင့် သိကြားမင်းအား တရားပြလိုသည်ဖြစ်၍ ဤဂါထာတို့ကိုဆို၏။

အကြင်သူတို့သည် သဒ္ဓါတရားမရှိကုန်၊ တရားမစောင့် ခက်ထန်ကြမ်းကြုတ်ကုန်၏၊ လောဘကြီးကုန်၏၊ သူတပါး၏ အသက်ကို သက်ဖြတ်လေ့ရှိကုန်၏၊ ထိုသူတို့သည် လောက၌ ဆင်းရဲဒုက္ခ ကြီးစွာ တွေ့ရကုန်၏။

အချင်းတို့- အကြင်သူတို့သည် မြတ်စွာဘုရား သိတင်းသုံးရာကျောင်းကို ကိုယ်တိုင်လည်းဖျက် သူတပါးအားလည်း ဖျက်စီးစေကုန်၏၊ ထိုသူတို့သည် အမြဲတစေ ဆင်းရဲရပေကုန်၏။

အကြင်သူတို့သည် ယုတ်မာသော စိတ်ရှိကုန်သည်ဖြစ်၍ ဘုရား ပုထိုးစေတီများကိုရင်း ဗောဓိပင်ကိုရင်း၊ နတ်ကွန်းနက်နန်း နတ်စင်များကိုရင်း ဖျက်စီးကုန်၏၊ ထိုသူတိုသည် အပါယ်ငရဲ၌ ဖြစ်ရကုန်၏။

အကြင်သူတို့သည် သူတပါးအသက်သတ်ခြင်းစသော ကံငါးပါးတို့ကို ပြစ်မှား လွန်ကျူးကုန်၏၊ ထိုသူတို့သည် အပါယ်ဘုံ၌သာ ဖြစ်ရကုန်၏။

အကြင်သူတို့သည် ရဟန်းသံဃာများ တရားကိုကျင့်သော ပုဏ္ဏားသူတော်စင်များတို့ကို ကဲ့ရဲ့ရှုတ်ချ အမနာပသတော ပြောဆိုဆဲရေးကုန်၏၊ ထိုသူတို့သည် အမြဲတစေ ဆင်းရဲဒုက္ခ ရောက်ရပေကုန်၏။

အကြင်တို့သည် လောက၌ သီလရှိသော အကြားအမြင် ဗဟုသုတများသော ရဟန်းတို့ကို မစောင့်ရှောက်ကုန်၊ ထိုပုဂ္ဂိုလ်တို့အားလည်း အလှူဒါနကို မပေးလှူကြကုန်။

အကြင်သူတို့သည် မိမိ၏ သားမယားကိုရင်း၊ ဆွေမျိုးတို့ကိုရင်း၊စိတ်နှလုံးထားကောင်းသော မိတ်ဆွေ သင်္ဂဟတို့ကိုရင်း၊ ကျွန်မကျွန်ထီးတို့ကိုရင်း မစောင့်ရှောက် မချီးမြှောက်ကြကုန်။

ထိုသူတို့သည် လောက၌ ဘေးရန်အန္တရာယ် အသွယ်သွယ်ဖြင့် ရင်ဆိုင်တွေ့ရတတ်ကုန်၏၊ အကျော်အစောမဲ့ကုန်၏၊ ဆင်းရဲနွမ်းပါး အထီးကျန်သောလူစားသာ အမြဲအားဖြင့် ဖြစ်ရထတ်ကုန်၏။

ထိုသူတို့သန္တာန်၌ နိယံမပြတ် လောဘ,ဒေါသ,မောဟ တရားတို့သာ ဖြစ်၍ ထိုသူတို့သည် ချမ်းသာမြတ်ကို ဖျက်ဆီးတတ်ကုန်၏၊ အမြဲတမ်း အပါယ်လေးဘုံ၌ ဖြစ်ရကုန်၏။

ဤသို့ ကျွန်ုပ်ပြောကြားသောစကားတို့သည် အမှန်ကောင်းမြတ်သော စကားတို့ ဖြစ်ပေကုန်၏။ အိုလူအပေါင်းတို့- သင်တို့သည် စွမ်းအား ရှိသလောက် ရတနာသုံးပါး၌ အလှူဒါနကို ပေးလှူကြကုန်လော့။

ဘုရား,တရား,သံဃာ ရတနာသုံးစုံ၌ ကြည်ယုံလေးမြတ် သဒ္ဓါစေတ် ရှိ၍ အလှူဒါနကို ပေးလှူကြပါကုန်၊ လူအများတို့အားလည်း ထမင်း အဖျော် တော်သင့်ရာများဖြင့် နှစ်သိမ့်ရောင့်ရဲ စေကြပါကုန်၊ သင် တို့သည် နတ်ပြည်နတ်ရွာသို့ သွားကြရပေကုန်လတ့်။

ဤသို့လျှင် တဆဲ့တဂါထာတို့ဖြင့် ထိုနေရာသို့ စုဝေးညီညာ ရောက်လာ သောလူအများတို့အား တရားဓမ္မဟောပြပြီး၍ ဘုရားအလောင်းဖြူမှဲသောသ မင်းသည် ပဒုမုတ္တရမြတ်စွာဘုရား၏ သာသနာ၌ တည်မှီသော သဒ္ဓါတရား ရှိသည်ဖြစ်၍သာလျှင် နေ့တိုင်းနေ့တိုင်း အထူးထူးအပြားပြားသော ခဲဘွယ် တို့ဖြင့်၎င်း၊ ဘွမ်း,အဖျော်တို့ဖြင့်၎င်း ပဒုမုတ္တရဘုရား အမှူးရှိသော သံဃာ တော်အားပေးလှူ၍ သင်္ဂဟတရားလေးပါးတို့ဖြင့် တိုင်းသူပြည်သားတို့အား စောင့်ရှောက်လေ၏။

ထိုအခါ သိကြားမင်းသည် ခွေးထိန်းယောကျ်ား အသွင်ကို စွန့်လျက် အလုံးစုံသော နတ်တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် နတ်ပေါင်း တထောင် ခြံရံကာ နေလုလင်ကဲ့သို့ ကောင်းကင်ပြင်၌တည်၍ ထိုနတ်တို့၏၎င်း၊ မိမိ၏၎င်း အရောင်အဝါဖြင့် ကုသုမ္ဘမြို့လုံးကို ထွန်းလင်းတောက်ပစေကာ ထိုကောင်းကင် ပြင်မှာပင် နတ်ဗိမာန်တထောင်တို့ကို၎င်း၊ များစွာသော နတ်သမီးအပေါင်း တို့ကို၎င်း၊ ကခုန်သီဆိုသော နတ်သမီးတို့၏ သီဆိုသံနှင့် ငါးပါးသောတူရိ ယာသံတို့ကို၎င်း၊ နတ်စည်းစိမ် အဝဝကို၎င်း ပြပြီးလျှင် ဤနေရာ ကြွလာ ကြသော ပရိသတ်အပေါင်းတို့- သင်တို့သည် ဤသို့သော နတ်စည်းစိမ်ကို တောင့်တမျှော်မှန်းလျက် စွမ်းနိုင်သမျှ ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြလေ ကုန်ဟု ပြောဆိုပြီးလျှင် လူအပေါင်း တို့အား အဆုံး အမ ဩဝါဒစကား ပြောကြားလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆိုလေသည်။

## သိကြားမင်း၏ အဆုံးအမ

အိုလူအပေါင်းတို့- အကြင်သူ တို့သည် ယုံကြည်မှုရှိ၍ ဘုရားသာသ နာ၌ဝင်ရောက်ကာ ရှင်ရဟန်းပြုကုန်၏၊ သီလအကျင့်၌ ကောင်းစွာ တည်ကုန်၏၊ ထိုသူတို့သည် မြတ်ကုန်၏၊ အမြဲမပြတ် ချီးမွမ်းအပ်သူ ဖြစ်ကုန်၏။

အကြင်သူတို့သည် ဗောဓိပင်ကို ကိုယ်တိုင်လည်း စိုက်ပျိုးကုန်၏၊ သူတပါးတို့ကိုလည်း စိုက်ပျိုးစေကုန်၏၊ မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတုတို့ကို ထုလုပ်ကိုးကွယ် ဆည်းကပ်ကုန်၏၊ ထိုသူတို့သည် နောင်အခါ၌ အသီးသီးသော ချမ်းသာသုခကို ခံစားရကုန်၏။

လူ့ဘောင်လောက ဝတ်ကြောင်ဘဝဖြင့် နေသော အကြင်သူတို့သည် အခါခပ်သိမ်း ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစွဲစွာ စောင့်ရှောက်ကုန်၏၊ မိမိ၏အလိုဆန္ဒအားဖြင့် ကောင်းမှုကုသိုလ်ကို ပြုကြကုန်၏၊ ထိုသူတို့မှာ နောင်အခါ၌ များမြတ်သောအခြံအရံရှိကုန်၏။

အကြင်သူတို့သည် တရားသဖြင့်သာ သား မယား တို့ကိုရင်း၊ ကျွန်မိန်းမ ကျွန်ယောကျ်ား တို့ကိုရင်း၊ အမှုလုပ်ဆောင် သူတို့ကိုရင်း ကောင်းစွာဆက်ဆံ ချီးမြှောက် မွေးမြူကုန်၏၊ ထိုသူတို့သည် အခါခပ်သိမ်း နတ်ပြည်လောက နတ်ဘုံဌာန၌ ဖြစ်ရကုန်၏။

အကြင်သူတို့သည် ရတနာသုံးပါး ကိုးစားယုံကြည်သည်ဖြစ်၍ ဘုရားသားခေါ် ရဟန်းတော်တို့ကို လေးဖော်သောပစ္စည်းဖြင့် မြှောက်ချီးလုပ်ကျွေးကုန်၏၊ ထိုသူတို့သည် နတ်ပြည်၌ အမြဲတစေဖြစ်ရကုန်၏။

အကြင်သူတို့သည် ကျောင်းကိုရင်း၊ စေတီကိုရင်း၊ သံဃာအာရာမ်ကိုရင်း၊ နေရာကိုရင်း ပြုလုပ်လှူဒါန်းကုန်၏၊ ထိုသူတို့သည် နတ်ပြည်လောက၌ ဖြစ်ရကုန်၏။

အကြင်သူတို့သည် ရှိသေမှု ဂါရဝတရား ရှေ့ထား၍ မိဘ စသော ကြီးသူများကို လုပ်ကျွေး ပြုစုကုန်၏၊ ထိုသူတို့သည် မျက်မြင် ဘဝ၌ရင်း၊ တမလွန်ဘဝ၌ရင်း အမြဲတမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ရကုန်၏။

အကြင်သူတို့သည် မကောင်းတရား မပြုငြားဘဲ စိတ်ထားဖြူစင် သူတော်ကောင်း အသွင်အပြင်ရှိကုန်၍ သူတထူးပြုဘူးသောကျေးဇူးကို သိတတ်သော ဂုဏ်စသည်နှင့် ပြည့်စုံကုန်၏၊ သူတပါး ပေးကမ်းစွန့်ကြဲသည်ကိုလည်း ဝမ်းမြောက်ဝမ်းသာရှိကုန်၏၊ ထိုသူတို့သည် နတ်ပြည်သာ လည်းလျောင်းရာ ရှိကုန်၏။

အကြင်သူတို့သည် ရဟန်းပုဏ္ဏားတို့အား ထမင်းအဖျော်တို့ဖြင့် အခါခပ်သိမ်း ရောင့်ရဲနှစ်သိမ့်စေကုန်၏၊ ထိုသူတို့သည် အမြဲတစေ နတ်ပြည်၌ ဖြစ်ရကုန်၏။

အကြင်သူတို့သည် ကောင်းမှုတရား လိုလားသော စိတ်ဓာတ်ရှိသည် ဖြစ်၍ စေတီတော်ကိုဎင်း၊ ပေါဓိပင်ကိုဎင်း၊ နတ်ကွန်းကိုဎင်း စောင့် ရှောက်ကုန်၏၊ ထိုသူတို့သည် နတ်ပြည်၌ ဖြစ်ရကုန်၏။

အကြင် မိန်းမသည် ယုံမှားခြင်းကင်းသည်ဖြစ်၍ မိမိ၏လင်ယောကျ်ား ကိုဎင်း၊ ယောက္ခမတို့ကိုဎင်း အမြဲလုပ်ကျွေးပြုစု၏၊ ထိုမိန်းမသည် နတ်ပြည်နတ်ရပ်၌ ဖြစ်ရ၏။

အကြင် မိန်းမသည် သီလရှိ၏၊ သီလရှိသော ရဟန်းပုဏ္ဏားတို့၌ဎင်း မိမိ၏လင်၌ဎင်း ရိုသေမှုရှိ၏၊ ထိုမိန်းမသည် နတ်ပြည်သို့ ရောက်ရ၏။

အကြင် မိန်းမသည် ကောင်းမှုကို လိုလားသော စိတ်ရှိသည်ဖြစ်၍ ယေဘုယျ စသော ကုန်မကူးသင့်သော အရောင်းမျိုးမှ ရှောင်ကြဉ်၏၊ ငွေမ်းအားရှိသလောက် လှူဒါန်းပေးကမ်း၏၊ ထိုမိန်းမသည် နတ်ပြည်သို့ ရောက်ရ၏။

မှတ်ချက်။ ။ကုန်စည်အဖြစ် မရောင်းကောင်းသော အရောင်းမျိုးကား (၁)အများသေကြောင်းဖြစ်သော လက်နက်အမျိုးမျိုးကို ရောင်းခြင်း၊ (၂) သင်မြင်း စသော အစေခံသတ္တဝါအပေါင်းတို့ကို ရောင်းခြင်း၊ (၃) အသားကိုစားရန် ကြက် ငှက် ဘဲ စသော သားငါးတို့ကိုရောင်း ခြင်း၊ (၄) မူးယစ်ဆေးဝါးရောင်းခြင်း၊ (၅) အဆိပ်ရောင်းခြင်း တည်း။

အကြင် မိန်းမသည် သူတပါးအား အယုတ်တန်းလားဖြစ် ပွဲကြာရှဲ့ကာ စောင်းကာ ခါ့တ်ကာဖြင့် မရက်ရဲပတတ်၊ မိမိလင်ကိုလည်း သယ်ပါး သော သဲရေးခြင်းတို့ဖြင့် မဆဲရေး ပရေရွှတ်တတ်၊ ထိုမိန်းမသည် နတ်ပြည်၌ ဖြစ်ရ၏။

အကြင် မိန်းမသည် ဖြင်ပတ်ခြားသူတို့၌လည်း ဒေါသ ခက်ထန်မှုမရှိ၊ ထိုမိန်းမသည် အခြံအရံများ၏၊ အမြဲတမ်း စိတ်နှလုံးအေးချမ်း၏။

ဤကဲ့သို့ သိကြားမင်းသည် မနုဿ လူသားများအား ဆုံးမစကားပြော ကြားပြီးလျှင် မိမိ၏ သိကြားဖြစ်သည်ကို ပြောကြားလိုသည်ဖြစ်၍ ဤဂါထာ တို့ကို ဆို၏။

အိုမင်းမြတ်- သင်၏ ထံမှောက် သင်၏ ကုသိုလ်တို့ကို ဝမ်းမြောက် ဝမ်းသာ ဖြစ်ခြင်းငှာ ရောက်လာသော ငါသည်ကား နတ်တို့သနင်း သိကြားမင်း ဖြစ်ချေသည်၊ သင်သည် ကုသိုလ်ကောင်းမှုကို အမြဲပြု လေလော။

အို မင်းမြတ်- ကောင်းမှုဟူသည် နတ် လူ ဗြဟ္မာ သတ္တဝါအားလုံး တို့၏ တည်မှီရာ ဖြစ်ပေသည်၊ လောက၌ ချမ်းသာခြင်း အကြောင်း ကောင်းမြတ်သော တရားလည်း ဖြစ်၏၊ အမြဲတစေ ကောင်းမှုကို ပြုလေလော။

ထို့ကြောင့် သင်မင်းမြတ်သည် ဘောဇဉ်ခဲဘွယ် အသွယ်သွယ်သော ကောင်းမှုတို့ စိုက်ပျိုးပစ်ချရာ လယ်ယာမြေကောင်းဖြစ်သော သံဃာ တော်၌ ကောင်းမှုကုသိုလ်ကို ပြုလုပ်၍ အနာဂတ်ကာလ၌ ဗုဒ္ဓစင်စစ် ဖြစ်ရခြင်း အကျိုးငှာ အမြဲတစေ ပါရမီတို့ကို ဖြည့်ကျင့်ပါလေ လော။

မင်းမြတ် သင်သည် ပြုလုပ်ဆည်းပူးအပ်သော ပါရမီ ကုသိုလ်တို့ ကြောင့် အနာဂတ်ကာလ၌ မုချစင်စစ် ဘုရားဖြစ်ပါလိမ့်လတံ့။

ဤကဲ့သို့ သိကြားမင်းသည် မိမိ၏ ထင်မြင်ယူဆချက်ကို ပြောပြီးနောက် ဘုရားအလောင်းကို နှုတ်ခွန်း ဆက်ကာ နတ်ရွာ သို့ ပြန် သွား လေ သည်၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် မိန့်တော်မူသည်ကား—

ဤစကားကို ပြောကြားပြီးသော် အလောင်းတော် ဗြဟ္မဃောသကို ခွင့်ပြုရန် ပန်ကြားလျက် နတ်တို့ရွာသို့ ပြန်သွားလေသတည်း။

## သဒ္ဓါဖွေးဖြူ ပေးလှူကြ

ထိုအချိန်အခါမှစ၍ ဗြဟ္မဃောသမင်းသည် မိမိ၏တိုင်းနိုင်ငံ၌ မိဖုရား ကြီး နန္ဒာဒေဝီနှင့် အတူတကွ တရားသဖြင့် မင်းပြုလျက် အမတ်အစရှိသော တိုင်းသူပြည်သား လူအများတို့အား အဆုံးအမ ပေးလိုသည်ဖြစ်၍ ဤဂါထာ ကို ဆိုလေသည်။

ယထာဘောဇန္တော ဣဒါနှာဟံ၊ သမ္ပန္နောမှိ ပုရေဒါနှာ။
ယထာတုမှေ အပ္ပမတ္တာ၊ ဒါနံဒေထ ယထာဗလံ။

ဘောဇန္တော၊ တိုင်းသားပြည်သူ အိုလူအပေါင်းတို့။ အဟံ၊ ဗြဟ္မဃောသ အမည်ရသည့် သိကြပညတ် ငါမင်းမြတ်သည်။ ပုရေဒါနှာ၊ ရှေးရှေးဘဝ သဒ္ဓါလှု၍ ပုညဝတ္ထု ပေးလှူမှုကြောင့်။ ဣဒါနိ၊ ယခုဖြစ်ရ ဤလောက၌။ သမ္ပန္နော၊ အာဏာစည်းစိမ် ဂုဏ်သိရ်အဝဝ ပြည့်စုံရသည်။ အမှိယထာ၊ မလွဲမသွေ ဖြစ်ရလေသကဲ့သို့။ တထာ၊ ထိုနည်းထားယူ အလားတူသာလျှင်။

တုမှေ၊ တိုင်းသူပြည်သား သင်လူအများတို့သည်။ အပ္ပမတ္တာ၊ သတိတရား အမြဲထားကြကုန်သည်ဖြစ်၍။ ဒါန်၊ ဆယ်ဖြာဝတ္တ ပေးလှူမှုကို။ ယထာဗလံ၊ ပစ္စည်းအင်အား ပိုင်းဖြတ်ထား၍ ပုတ်သားပိုင်ပိုင် စွမ်းနိုင်သလောက်။ ဒေထ၊ သဒ္ဓါဖွေးဖြူ ရေးတယူဖြင့် ပေးလှူကြကုန်ရာသတည်း။

တိုင်းသူပြည်သား လူအများတို့သည် မင်းတရား၏ ညွှန်ကြားဆုံးမသြဝါဒ၌ တည်ကာ ပဒုမုတ္တရမြတ်စွာဘုရား သာသနာ၌ သဒ္ဓါဖွေးဖြူ ရေးတယူဖြင့် ပေးလှူပုည အဝဝပြုလျက် အသက်ရှည်သမျှ တည်နေကြကာ စုဝိ ပြတ်ကြွေ သေလွန်သောအခါ၌ နတ်ရွာအသီးသီးမှာ နန်းထိုးမိမာန်ဖြင့် ခံစံကြရကုန်၏။

ဘုရားအလောင်း ဗြဟ္မဒေဝသမင်းတရားသည် မိပိဇါမိဖုရား နန္ဒာဒေဝီနှင့် အတူ ကုသုမ္ဘပုရမြို့၌ မချိုသော ပင်းစည်းစိမ်ကို ခံစားလျက် ပဒုမုတ္တရဘုရား သာသနာမှာ ဆယ်ဖြာဝတ္တ ပေးလှူပူနှင့် စုစုကုသိုလ် ဆည်းပူးသို့ပြီးလျှင် ဝေါသိုသက်တမ်း ဘုံးခန်းတိုင် တည်ရှိလျက် အသက်၏အဆုံးမှာ နတ်ရွာ၌ ဖြစ်ရလေသည်။

ပဒုမုတ္တရမြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ စီးပွားချမ်းသာ အပြာပြာကိုပြုလျက် အသက်ရှည်သမျှ တည်နေကာ အသက်၏အဆုံး၌ အနုပါဒိသေသ နိဗ္ဗာနဓာတ်နန်း စံမြန်းတော်မူလေသတည်း။

မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဆောင်တော်မူ၍ ဇာတ်ကို ဤသို့ ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ သိကြားမင်းသည် အနုရုဒ္ဓါ၊ ပါတလိနတ်သားသည် အာနန္ဒာ၊ မင်း၏ မိတ်များသည် သုဒ္ဓေါဒနနှင့် မဟာမာယာ၊ နန္ဒာဒေဝီသည် ဥပ္ပလဝဏ်၊ တိုင်းသူပြည်သားများသည် သာဝက၊ ဗြဟ္မဒေဝသမင်းသည် ငါဘုရားဖြစ်ပေ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဗြဟ္မဒေဝသရာဇဇာတ် ပြီး၏။

# ၃၀-သေတမူသိကဇာတ်

**ကြွက်ဖြူတခု၊ အရင်းပြု၍၊ ရမူစည်းစိမ်**
**ဂုဏ်သိရ်ပြင့်ဖြိုး၊ သရေတိုး၏။**

အဟံ သင်္ကောမိ မောစိတုံ–ဤသို့ အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားသည် ကပိလဝတ်ပြည်ကို အမှီပြု၍ နိဂြောဓာရုံကျောင်း၌ နေတော်မူစဉ် ရှေးအခါက မိမိ၏ သီလစောင့်ထိန်းခြင်း တန်ခိုးအာနုဘော်ဖြင့် အသက်စွန့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌စည်းဝေးကုန်လျက် ငါ့ရှင်တို့ ငါတို့၏ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော်မူသော အခါ၌ နတ်လူတို့၏ ကိုးကွယ်အားထားရာဖြစ်သည်ကား အံ့ဩဘွယ် ရှိပေစွ-ဟု ပြောဆိုကြကုန်၏။

ဤကဲ့သို့ ရဟန်းတို့သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုလျက် နေကြရာ မြတ်စွာဘုရားသည် မိမိ၏နေရာ၌ တည်နေတော်မူလျက် ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ထိုရဟန်းတို့၏ စကားကို ကြားတော်မူ၍ နေတော်မူရာမှ ထွက်ခွာတော်မူလျက် တရားသဘင်သို့လာ၍ မြတ်စွာဘုရား အတွက်ခင်းထားအပ်သော မြတ်သောနေရာ၌ ထိုင်တော်မူပြီးလျှင် ယခုအခါ အဘယ်စကားဖြင့် စည်းဝေးနေကြကုန်သနည်း- ရဟန်းတို့ဟု မေးတော်မူလေသော် ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်သည် ဘုရားဟု လျှောက်ကြားလေလျှင်-

ချစ်သားရဟန်းတို့- ငါဘုရားသည် ယခု ဘုရားဖြစ်သော အခါမှာသာ နတ်လူတို့၏ ကိုးကွယ်ရာဖြစ်သည် မဟုတ်သေး၊ ရှေး ဘုရားအလောင်းတော်ဖြစ်သောအခါ၌လည်း ငါဘုရားသည် သီလကိုစောင့်ထိန်းလျက် မိမိအသက်ကို မငဲ့ကွက်ပဲ သူတပါး၏အကျိုးငှာ မိမိခန္ဓာကိုယ်ကို လှူခဲ့ဘူးသည်သာတည်းဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏၊ ရဟန်းအများတို့သည် လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု**

ချစ်သားတို့- ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကြွက်မျိုး၌ဖြစ်၍ ဖြူသောအဆင်းရှိလျက်

ခရသင်းပွတ်သစ်နှင့်တူသော အဆင်းရှိရကား သေတမူသိက အမည်ရှိလေသည်၊ ထိုဘုရားအလောင်းကြွက်ဖြူကလေးသည် အမြဲအားဖြင့် ငါးပါးသီလကို စောင့်ထိန်း၏။

ထိုအခါသုဓမ္မပါလိက အမည်ရှိသော သူတယောက်သည် ထိုသေတမူသိကကို မွေးမြူ၏၊ သေတမူသိကသည် ထိုသူ၏ အိမ်၌နေသောကြောင့် သုဓမ္မသေတဟု လူတို့အား ထင်ရှားလေသည်။

ထို့နောက် တနေ့သ၌ ဗာရာဏသီမြို့၌နေသော သူဌေးကြီး တယောက်သည် ဂုဏ်စောစော ဖြဟ္မဒတ်မင်းအား ခစားရန် သွား၍ နေ့လည်အချိန်၌ တစုံတခုသော အကြောင်းဖြင့် သုဓမ္မပါလိကအိမ်သို့လာ၍ သီလကိုထိန်းသိမ်းသော သုဓမ္မသေတကြွက်ဖြူကို မြင်လျှင် ဤကြွက်သည် အမြဲထာဝရ သီလကို စောင့်ထိန်း၏၊ ယနေ့ငါ့မှာ သီလမရှိ၊ ယခုသီလစောင့်အံ့ဟု ကြံစည်စိတ်ကူးမိလေသည်၊ ဤသို့ စိတ်ကူးမိသည့်အတိုင်း ထိုသူဌေးကြီးသည် သုဓမ္မပါလိကနှင့် တိုင်ပင်လိုသည်ဖြစ်၍ ဤပဌမဂါထာကိုဆို၏။

> အမောင်ယောကျာ်း- သင်၏အိမ်မှ ကြွက်ဖြူလေးကို ငါသည် ပစ္စည်းဥစ္စာပေးသဖြင့် လွတ်ချင်ပါ၏၊ ကြွက်ဖြူလေးကို ပေးပါလော့ဟု ဆို၏။

ထိုအခါ ထိုမြို့၌နေသော ပုဏ္ဏား တယောက်သည် နေ့လည်အချိန် မင်းအား ခစားရန်သွား၍ တစုံတခုသော အကြောင်းဖြင့် ထိုအိမ်သို့ ဝင်လာ၍ သီလစောင့်သော ထိုကြွက်ဖြူလေးကိုမြင်လျှင် ထိုယောကျာ်းနှင့် တိုင်ပင်လိုသည်ဖြစ်၍ နှစ်ခုမြောက်ဂါထာကို ဆို၏။

> အိုအချင်းယောကျာ်း- ငါသည် သင့်အား ပစ္စည်းဥစ္စာများစွာပေးပါအံ့၊ ငါ၏ဥစ္စာကို ယူ၍ ကြွက်ဖြူကို ငါ့အားပေးပါလော့-ဟုဆို၏။

ထိုသူနှစ်ယောက်တို့၏ စကားကိုကြား၍ သုဓမ္မပါလိကသည် ထိုသူတို့နှင့် တိုင်ပင်ပြောဆိုလိုသည်ဖြစ်၍ သုံးခုမြောက်သောဂါထာကို ဆို၏။

> အိုသူဌေးကြီးနှင့် ပုဏ္ဏားကြီးတို့ ကျွန်ုပ်သည် ကျွန်ုပ်၏ ကြွက်ဖြူကို သင်တို့အား မပေးနိုင်ပါ၊ သီလစောင့်ထိန်း၍ တည်ကြည်မှုရှိသော ကြွက်ဖြူသည် ကျွန်ုပ်၏အိမ်၌ မီးပွားဥစ္စာကို တိုးပွားစေပါ၏။

ဤသို့လျှင် ဗာရာဏသီသူဌေးနှင့်ပုဏ္ဏားတို့အား ပြောဆို၍ ကြွက်ရှင် သုဓမ္မပါလိကသည် ထိုကြွက်ဖြူလေးကိုယူလျက် နူးညံ့သောအဝတ်ဖြင့် ထွေးပိုက်ပြီးလျှင် အိမ်တွင်း၌သာ ထားလေသည်၊ ထိုအခါ ဘုရားအလောင်း ကြွက်ဖြူ

သည် ယခု ငါသည် ဤအိမ်မှာ သီလကိုသာ စောင့်ထိန်း၍ နေသဖြင့် တစုံတယောက်သောသူသည် အကယ်၍ ငါ့ကို ဖွဲ့နှောင်တုတ်ချည်ငြားအံ့၊ သို့မဟုတ် ကစား မြူးတူးငြားအံ့၊ ငါ့မှာကား သည်းခံခြင်း သီလစောင့်ထိန်းခြင်းတို့ကြောင့် ငါ၏သီလသည် မွန်မြတ်စင်ကြယ်မည်၊ သို့သော် ထိုသို့ ပြုလုပ်သူ၌ကား မကောင်းမှု အကုသိုလ်ဖြစ်ချေမည်၊ တစုံတယောက်သောသူသည် ငါ့ကို ပြင်းထန်စွာ ဆုပ်ကိုင်ပါလျှင် ငါ၌ အလွန်နာကျင်သော ဆင်းရဲ ဝေဒနာ ခံစားရပေမည်၊ ထို့ပြင် ငါ့ကို ကောင်းကင်သို့ ပစ်လွှင့်ပါလျှင် ငါသည်မြေ၌ ကျ၍ အလွန်နာကျင်သော ဆင်းရဲဝေဒနာကို ခံစားရပေမည်၊ တစုံတယောက်သောသူသည် ငါ၏ခံတွင်း မျက်နှာ ကိုယ်ခန္ဓာအပေါ်၌ တံထွေးနှပ် စသည်ကို ပစ်ချလျှင် ထို့မှတဖန် ငါ၏အစွယ်များကို နှုတ်ယူပါလျှင် ငါ၌ ကြီးစွာသော ဆင်းရဲဒုက္ခ ရောက်မည်ဖြစ်ပြီး ထိုသို့ ပြုလုပ်သူမှာလည်း ကြီးကျယ်သော မကောင်းမှုအကုသိုလ်ကို ပြုလုပ်သောကြောင့် အပါယ်ငရဲသို့ ကျရောက်ချေမည်ဟု ကြံစည်တွေးတောလေ၏၊ ထိုသို့ ကြံစည်တွေးတောပြီးနောက် ဘုရားလောင်း ကြွက်ဖြူသည် သုဓမ္မပါလိကအား စကားပြောဆိုလိုရကား—

အကြင်သူသည် ငါ့ကို တစုံတရာသော အနှောင်အဖွဲ့စသည်တို့ဖြင့် နှိပ်စက်ညှဉ်းပန်းအံ့၊ ထိုသူမှာ တမလွန်ပစ္စုပ္ပန် နှစ်တန်သော ဘဝ၌ ဒုက္ခ တိုးပွားပေမည်။

အကြင်သူသည်ကား- ထမင်းအဖျော်ပစ္စည်းတို့ဖြင့် ငါ့ကိုစောင့်ရှောက်၏၊ ထိုသူမှာ နတ်ပြည်လူ့ပြည်၌ ချမ်းသာတိုးပွားပေမည်။

အကြောင်းသော်ကား- ငါသည် သင်၏အိမ်မှာ နေခြင်းငှာ စွမ်းနိုင်ပါ၏၊ ငါ၏ သီလစောင့်ထိန်းခြင်းကြောင့် သင့်အား ပစ္စည်းဥစ္စာနှင့် ပြည့်စုံ၏ဟု ပြောဆို၏။

မိမိအိမ်၌ နေသော ကြွက်ဖြူ၏ သီလစောင့်ထိန်းခြင်း အာနုဘော်ကြောင့် ထိုသုဓမ္မပါလိကသည် အလုံးစုံသော ပစ္စည်းဥစ္စာနှင့်ပြည့်စုံ၏၊အသုံးအဆောင်နှင့်လည်း ပြည့်စုံ၏။ အခိုင်းအစေတို့ဝန်းရံအပ်သည်ဖြစ်၍ များသောအခြံအရံလည်း ရှိပေ၏။

ထိုအခါ အလုံးစုံသော လူတို့သည် အခိုင်းအစေတို့ဖြင့်ခြံရံအပ်သော ထိုသုဓမ္မပါလိကကို မြင်၍ ထိုပုဏ္ဏားအား ထိုအကြောင်းကို ဤသို့ပြောပြကုန်၏။

မြတ်သောပုဏ္ဏားကြီး- ယခုသုဓမ္မပါလိကသည် ကြွက်ဖြူလေးကို စောင့်ရှောက်အပ်သည်ဖြစ်၍ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်း အခိုင်းအစေ အခြံအရံပေါများခြင်းနှင့် ပြည့်စုံနေပါသည်၊ ထိုစကားကိုကြားလျှင် ပုဏ္ဏားသည် မနာလိုသည်ဖြစ်၍ မိမိ၏အမှုလုပ်သူကို ဤသို့စေခိုင်း၏။

ဟော့အမှုလုပ်· ထိုကြွက်ဖြူကိုသွား၍ ခိုးချေ၊ မင်းသည် ထိုကြွက်ဖြူကို ခိုးယူလာနိုင်ခဲ့အံ့၊ ငါသည် သင့်အားပစ္စည်းဥစ္စာ များစွာ ပေးမည်၊ မြန်မြန်သွား၍ ကြွက်ဖြူလေးကို ခိုးယူလာခဲ့၊ ငါ၏ထံသို့ ရောက်လျှင် ပစ္စည်းဥစ္စာ များစွာရပေလတ့်။

အမှုလုပ်သူသည် ထိုကြွက်ဖြူသည်ကား အမြဲတမ်း ငါးပါးသီလကို စောင့်ထိန်း၏၊ ထိုကြွက်ဖြူ၏ သီလတန်ခိုးကြောင့် ထိုကြွက်ပိုင်ရှင်သည် အခြံအရံများကာ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာနေ၏၊ အကယ်၍ ပုဏ္ဏား၏ ပြောစကားဖြင့် ထိုကြွက်ကို ငါခိုးအံ့၊ ငါ့မှာ ဘေးဥပဒ်အဖြာဖြာ ဖြစ်လေရာ၏၊ သေမှုလည်း သေရာ၏၊ အကယ်၍ ငါသည် ထိုကြွက်ဖြူကို မခိုးသည်ဖြစ်အံ့၊ ပုဏ္ဏားသည် ဒေါသအမျက်ထွက်၍ ငါ၏အကျိုးမဲ့ကို ပြုပေလတ့်၊ ယခုငါသည် ဘယ်သို့ပြုလုပ်ရပါအံ့နည်း·ဟု ကြံစည်စိတ်ကူး၏။

ဤသို့ ကြံစည် စိတ်ကူးပြီးနောက် ထိုပုဏ္ဏား၏ အမှုလုပ်သည် ဂိုနေရာမှ ထကာ ထိုကြွက်ဖြူရှိရာအိမ်သို့ သွား၍ ကြွက်ဖြူကိုမြင်လျှင် ခိုးယူ၍ ပုဏ္ဏား၏ အိမ်သို့ ပြေးလာခဲ့လေသည်၊ ထိုပုဏ္ဏားသည် ကိုသူ၏လက်မှ ကြွက်ဖြူကိုယူ၍ မိမိအိမ်တွင်း၌ သွင်းထားလေသည်။

ထိုအခါ သုဓမ္မပါလိက၏အိမ်၌နေသောသူကိုသည် အုတ်အုတ်ကျက်ကျက် အသံပြု၍ ထိုကြွက်ဖြူကို ခိုးသွားသူနောက်သို့ လိုက်ကြကုန်၏၊ ထိုအသံကို ကြားလျှင် ဗာရာဏသီသူဌေးကြီးသည် မိမိအိမ်မှထွက်၍ ထိုကြွက်ဖြူ သူခိုးနောက်သို့ လိုက်သူတို့ကိုမြင်လျှင် ကြောက်ရွံ့ ထိတ်လန့်သည်ဖြစ်၍ ကိုယ်မှ ချွေးယိုကျကာ မိမိကိုယ်တိုင် သံလျက်ကိုစွဲကိုင်လျက် မိမိအိမ်၏အနီး၌ရပ်၍ ထို၌ဖြစ်နေသော အကြောင်းအရာကိုသိရန် အခိုင်းအစေတဦးကို လွှတ်လိုက်လေ၏၊ အခိုင်းအစေဖြစ်သော သူသည် အလွန်လျင်မြန်စွာ ပုဏ္ဏား၏အိမ်သို့ သွား၏၊ ထိုအိမ်၌ကြွက်ဖြူကိုတွေ့လျှင် ကြွက်ဖြူကိုယူ၍ သူဌေးအိမ်သို့ ပြန်လာလေသည်။

## ကြွက်ဖြူထွက်တော့ အသက်မသေရုံ

ကြွက်ဖြူလေးသည် သုဓမ္မပါလိက အိမ်မှ ထွက်သွားသော အချိန်အခါမှ စ၍ သုဓမ္မပါလိကမှာ ပစ္စည်းဥစ္စာလျော့၍ အခိုင်းအစေများကိုပင် ရောင်းရလေ၏၊ အဝတ်ဟောင်းနှစ်ထည်မျှသာ ကျန်ရှိတော့လျက် ဆင်းရဲနွမ်းပါးကာ နေ့တိုင်းနေ့တိုင်း သူတပါးထံမှာ တောင်းရမ်းစားသောက်လျက် အသက်ကို မွေးမြူရလေသည်။

ထိုအခါ ဘုရားအလောင်း ကြွက်ဖြူသည် သူဌေးကြီး၏ အိမ်၌နေလျက် ငါ့ကိုစောင့်ရှောက်ခဲ့သော သုဓမ္မပါလိကသည် ငါ့ကိုမရှာပဲ နေလေသလော၊ ငါ ဒီမှာနေသည်ကို မသိသလော-ဟု ကြံတွေး၏၊ ဤသို့ ကြံတွေးပြီးလျှင် ကြွက်ဖြူသည် လူတဦးတယောက်မျှ မမြင်ရလေအောင် သူဌေး၏ အိမ်မှထွက်လျက် ဟိမဝန္တာသို့ဝင်လေ၏။

ဘုရားအလောင်းကြွက်ဖြူသည် ဟိမဝန္တာမှာနေလျက် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ အမြဲတစေ ငါးပါးသီလကိုစောင့်ထိန်းလျက်နေ၏၊ တနှစ်မျှ ဟိမဝန္တာ၌နေပြီးသော် သုဓမ္မပါလိကအိမ်ကို ကြည့်လိုသည်ဖြစ်၍ ဟိမဝန္တာမှ ထွက်ကာ အစဉ်အားဖြင့်လာ၍ ထိုအိမ်သို့ဝင်လျက် ထိုထိုနေရာကိုကြည့်လျှင် တစုံတခုသော ပစ္စည်းဥစ္စာကိုငှင်း သုဓမ္မပါလိက၏ သားမယားကျေးကျွန်နှင့် အသုံးအဆောင်ပစ္စည်းများကိုငှင်း မတွေ့ရဘဲ အိမ်အောက်၌ ရထားအို တခုကို သာတွေ့၍ ထိုအိမ်၌ ခွက်တခုအပြည့် ပုပ်သိုးနံစော်နေသော ထမင်းကိုတွေ့ပြီး နောက် ပုဆိုးဟောင်းနှစ်ထည်ကို ဝတ်ဆင်ထားကာ အိပ်ပျော်နေသော သုဓမ္မပါလိကကို မြင်လေသည်။

ဘုရားအလောင်းကြွက်ဖြူသည် ထိုအိမ်၌ အိပ်နေသော သုဓမ္မပါလိကကို တွေ့မြင်လျှင် စိတ်နှလုံး တုန်လှုပ်ကာ မျည်ရည်ယိုလျက် အိပ်ပျော်နေသော သုဓမ္မပါလိက၏နားအနီး၌ကပ်၍ ငိုကြွေးလျက်ပင် ထကြည့်ပါဦးလော့ အရှင် သုဓမ္မပါလိကဟု ဆိုလေသည်။

ထိုအသံကိုကြားလျှင် သုဓမ္မပါလိကသည် ယခုကျွန်ုပ်ကို စကားပြောနေသောသူကား ဘယ်သူနည်းဟု မေးလေသည်။

အိုအရှင်- ငါသည်ကား သေတမူသိကဖြစ်ပါသည်၊ ယခုသင့်ထံသို့ရောက်လာ၏ဟု ဘုရားအလောင်းကြွက်ဖြူက ပြော၏။

ထိုခဏ၌ သုဓမ္မပါလိကသည် အိပ်ရာမှထ၍ ဘုရားအလောင်း ကြွက်ဖြူကို မြင်လျှင် ဝမ်းမြောက် ဝမ်းသာဖြစ်လျက် စကြဝတေးမင်း အဖြစ်ကို ရသကဲ့သို့ငှင်း၊ ရတနာအမျိုးမျိုးတို့ကို မိမိရှေ့တွင် တွေ့မြင်ရရှိသကဲ့သို့ငှင်း၊ နှစ်သက်ဝမ်းမြောက်လှရကား- ခံစားသုံးဆောင် ခဲ့ဘူးသော စည်းစိမ်ကို အမှတ်ရကာ ဘုရားအလောင်း၏ အထံ၌ ငိုကြွေးလေ၏။

ထိုအခါ ဘုရားအလောင်းကြွက်ဖြူသည် သုဓမ္မပါလိကကို စိတ်သက်သာရာရစေရန် ဖျောင်းဖျပြောဆိုလို၍ ဤဂါထာနှစ်ပုဒ်ကို ဆို၏။

အိုအမောင် သုဓမ္မပါလိက- သင့်ကို အလုံးစုံသော ဆင်းရဲတွင်းမှ ကင်းလွတ်စေပါအံ့၊ ကျွန်ုပ်ရောက်လာသည့် အချိန်မှ စ၍ သင်သည် ဘာမျှ စိုးရိမ်ပူဆွေး မငိုကြွေးပါလင့်။

အိုအမောင် သုဓမ္မပါလိက- ကျွန်ုပ်ရောက်လာသော အချိန်အခါမှစ၍ သင်သည် ရှေးကကဲ့သို့ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ အထွေထွေတို့နှင့် ချီးပြေရွှယ်လှ ကြွယ်ဝပြည့်ငုံလျက် သင်၏ သားမယား ကျေးကျွန်များနှင့် ပျော်ပျော်ပါးပါး နေရပေလတ့်။

ဤသို့ပြောဆိုပြီးလျှင် ဘုရားအလောင်းသည် ဟိုအိမ်၌ သုဓမ္မပါလိက၏ သားမယားစသည်တို့ကို မတွေ့မမြင်ရ၍၊ အမောင် သုဓမ္မပါလိက- ရှေးက ဤအိမ်မှာနေတဲ့လူတွေ ဘယ်သို့သွားကြသနည်းဟု မေးလေ၏။

လိုအခါ သုဓမ္မပါလိကသည် လူအပေါင်းတို့ကို အကြောင်းပြု၍ ဘုရားအလောင်း၏အထံ၌ ငိုကြွေးလျက် အိုအမောင် သေတမ္မသိက- ဤအိမ်မှာ သင်တွက်သွားသော အချိန်မှ၍ ကျွန်ုပ်သည် ဆင်းရဲခြင်းသို့ရောက်၍ ထိုသူတို့ကို ရောင်းလိုက်ရပါ၏-ဟု ပြောဆို၏၊ ထိုသို့ ဖြစ်ခဲ့သော်- အိုအမောင် သုဓမ္မပါလိက- ဤသို့ဆိုလျှင် ကျွန်ုပ်ကို မင်း၏အထံ ခေါ်ဆောင်သွား၍ မင်းအားရောင်းချပါလေ့ဟု ပြော၏။

## ငါ့ကိုဆောင်ငြား မင်းအား ရောင်းစားလော

ထိုစကားကိုကြားလျှင် ဝိုန္နေည ပိုးလင်းလတ်သော် သုဓမ္မပါလိကသည် စောစောစီးစီး ကိုယ်လက် သုတ် သင် ၍ ရေမိုးချိုးပြီးလျှင် ကြွက်ဖြူကိုယူ၍ လူအများဟို၏ အထံသို့သွားကာ လူအများ ခြံရံလျက် မင်း၏နန်းတော်သို့ သွားရန်အတွက် နန်းတော်တံခါးစောင့်အိမ်သို့ ရှေးဦးစွာဝင်သွားလေ၏။

တံခါးမှူးသည် ကြွက်ဖြူကိုမြင်လျှင် အိုအချင်းလူ- ကြွက်ဖြူကို ငါ့အား ရောင်းလေလော့ဟု ဆို၏၊ ထိုစကားကိုကြားလျှင် ဘုရားအလောင်း ကြွက်ဖြူသည် ဗြဟ္မဒတ်မင်း၏အထံသို့ သွားလိုသည်ဖြစ်၍ သုဓမ္မပါလိကအား မိမိ၏ အညိုအဖြူရောသောမျက်စိဖြင့် စိုက်၍ကြည့်၏။

ထိုအခါ သုဓမ္မပါလိကသည် ကြွက်ဖြူ၏ စိတ်ဆန္ဒကို အကဲခတ်မိသဖြင့် ကြွက်ဖြူကိုအဝတ်ဖြင့် ကောင်းစွာ ထုပ်ဆောင်လျက် တံခါးမှူးအိမ်မှထွက်ခွါ လာပြီးလျှင် ဗြဟ္မဒတ်မင်း၏အထံသို့ သွားလေ၏။

ထိုအခါတွင် ဗာရာဏသီ သူဌေးကြီးသည် သုဓမ္မပါလိကကို တွေ့မြင်၍ လှမ်းခေါ်ပြီးလျှင် သုဓမ္မပါလိကအား ရွှေငွေဥစ္စာ များစွာပေးလျက် ကြက်ဖြူအား ကောင်းမွန်စွာ ပူဇာသက္ကာရပြု၍ အဝတ်၌ ကျွတ်ကျနေသော ကြက်ဖြူ၏ အမွေးနှစ်ပင်အနက်မှ အမွေးတပင်ကို သူဌေးကြီးသည် တောင်းယူလျက် အမွေးတပင်ကို သုဓမ္မပါလိကသည် ယူဆောင်၍ သူဌေးကြီးနှင့် စကားပြောလိုရကား—

သူဌေးကြီး သင်သည် ယခုပင်လျှင် ဗြဟ္မဒတ်မင်း၏ အထံသို့ ကျွန်ုပ်ကိုခေါ်ဆောင်သွားပါလော၊ မင်းကြီး၏ စည်းစိမ်ဥစ္စာ ပွားများတိုးတက်စေရန်အတွက် ကျွန်ုပ်သည် ကျွန်ုပ်၏ကြက်ဖြူကို ဘုရင်မင်းမြတ်အား ရောင်းချပါအံ့။

သုဓမ္မပါလိက၏ ပြောစကားကိုကြား၍ သူဌေးကြီးသည် ထိုသူ့ကိုခေါ်၍ ဗြဟ္မဒတ်မင်းကြီး အထံသို့ သွားရောက်ကာ ပရိသတ်အလယ်၌ ထိုင်နေလေ၏၊ ထိုအခါ မင်းကြီးသည် သူဌေးကြီးနှင့်အတူ ပါလာသော ကြက်ဖြူကို ယူဆောင်လာသော သုဓမ္မပါလိကကိုမြင်၍ အကျိုးအကြောင်းကိုမေးလိုသဖြင့် ဤဂါထာကို ဆို၏။

သူဌေးကြီး မေးပါရစေ၊ သင်နှင့်လာသော ဤသူသည် ကြက်ဖြူကို ယူဆောင်လျက် အဘယ်အကြောင်းကြောင့် ဤအိမ်တော်သို့ လိုက်ပါလာသနည်း၊ အကြောင်းအရာ အဖြာဖြာကို ရှင်းလင်းစွာ သိရအောင် သံတော်ဦးတင်ပါလော့။

ဗြဟ္မဒတ်မင်းကြီး၏ အမေးစကားကို ကြားလျှင် သူဌေးကြီးသည် မင်းကြီးအား အကြောင်းအရာ အလုံးစုံကို အကုန်အစင် လျှောက်တင်လေသည်၊ ထိုအခါ ဗြဟ္မဒတ်မင်းသည် ကြက်ဖြူပိုင်ရှင် သုဓမ္မပါလိကအား မေးမြန်းလိုသည်ဖြစ်၍ ဤဂါထာကို ဆိုလေ၏။

အမောင်လုလင် သင်သည် ဘယ်မှာနေသနည်း၊ သူဌေးကြီးနှင့် အသို တွေ့ဆုံ၍လာပါသနည်း၊ ဤကြက်ဖြူအတွက် အဖိုးအခ မည်မျှပေးရမည်နည်း။

ဟု မေးလေသည်၊ ထိုသို့မေးလျှင် ကြက်ဖြူပိုင်ရှင် သုဓမ္မပါလိကသည် လက်အုပ်ချီလျက် သံတော်ဦးတင်သည်မှာ—

မင်းကြီးဘုရား ကျွန်တော်မျိုးသည်ကား သင်မင်းကြီး၏ ဤဗာရာဏသီမြို့တော်မှာပင် နေပါ၏၊ အလုံးစုံသော စည်းစိမ်ဥစ္စာ ရတနာ

ရွှေငွေ အထွေထွေတို့ကို ပေးတတ်သော ဤကြက်ဖြူကို အရှင်မင်းကြီးအား လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သရန် လာရောက်ခြင်းဖြစ်ပါသည်၊ စည်းစိမ်ချမ်းသာ အမျိုးမျိုးတို့ကို ပေးတတ်သော ဤကြက်ဖြူကို အရှင်မင်းမြတ်သည် လက်ခံယူငင်တော်မူပါ။

လိုသို့လျှောက်တင်သော စကားကို ကြားရသောအခါ ဗြဟ္မဒတ်မင်းကြီးသည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ထိုကြက်ဖြူပိုင်ရှင်သုစမ္ပပါလိကအား ရွှေငွေဥစ္စာ ရတနာများစွာကို ပေးရန်အတွက် မိမိ၏ ပစ္စည်းဘဏ္ဍာ စီမံခန့်ခွဲ ကုပ်ချုပ်သူကို ခေါ်စေလျက် ဤဂါထာကို ဆို၏။

အို ဘဏ္ဍာရေးမှူးကြီး ဤသူအား အခိုင်းအစေ ယောကျ်ားတရာ မိန်းမတရာ နွားလားဥသဘတရာ များစွာသော ဥစ္စာပစ္စည်းထွက်သော ရွာကြီးတရွာကို ပေးရန် စီမံပါလော့။

## ကြက်ဖြူပိုင်ရှင် ပစ္စည်းဥစ္စာ များစွာရရှိ

ထိုအခါ ဘဏ္ဍာရေးမှူးကြီးသည် မင်းကြီး၏အမိန့်အတိုင်း ဝန်ခံ၍ ကြက်ဖြူပိုင်ရှင် သုစမ္ပပါလိကအား များစွာသော ဥစ္စာရွှေငွေ အခြွေအရံတို့ကိုပေးလေ၏၊ သုစမ္ပပါလိကသည် မင်းကြီးချီးမြှောက်သော များစွာသောပစ္စည်းဥစ္စာကို ရသောကြောင့် မိမိဆင်းရဲစဉ်က ရောင်းချခဲ့သော သားမယားအခိုင်းအစေတို့ကို ပြန်လည်ဝယ်ယူကာ ထိုသူတို့နှင့်အတူတကွ ချမ်းသာစည်းစိမ်တို့ကို ခံစားလျက် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူတဦးအနေဖြင့် အသက်ရှည်သမျှတည်နေကာ သေလွန်သောအခါ ကံအားလျော်စွာ လားရလေသည်။

ဘုရားအလောင်း ကြက်ဖြူသည် ဗြဟ္မဒတ်မင်း၏ အထံမှာနေလျက်မင်းကြီးအား တရားဟောလိုရကား –

ဓမ္မံစရ မဟာရာဇ၊ မာတာပိတူသု သဗ္ဗဒါ။
ပုတ္တဒါရေ မိတ္တာမစ္စေ၊ ဗလေစဝါဟနေ သဒါ။
ဣမံ ဓမ္မံ စရိတွာန၊ သဂ္ဂံယေဝ ဂမိဿသိ။

မဟာရာဇ၊ ဗာရာဏသီ ရွှေပြည်သနင်း အိုမြတ်သောမင်း။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ မာတာပိတူသုစ၊ မြင်းမိုရ်တမျှ ကျေးဇူးပြသည့် မိဘနှစ်ပါးတို့၌၎င်း။ ပုတ္တဒါရေစ၊ သားနှင့်သမီး မယားဇနီး၌၎င်း။ မိတ္တာမစ္စေစ၊ ချစ်ခင်မိတ်ဆွေ အတူနေတွေ၌၎င်း။ ဗလေစဝါဟနေ၊ စစ်သည်ဗိုလ်ပါ ပေါင်းများစွာ၌၎င်း။ ဓမ္မံ၊ မင်းတို့ကျင့်ရာ ဆယ်ဖြာထုတ်ပြ ကျင့်ဓမ္မကို။ စရ၊ မသေ့

မလုန် အမုန်ချင့်ကာ ပြုကျင့်ပါလေလော။ ဣမံမွေ၊ ဤသို့ညွှန်ကြားမင်းကျင့် တရား ဆယ်ပါးကို။ စရိတွာန၊ မကော့မထောင့် တော်ဖြောင့်မှန်စွာ ကျင့်ကြံပါသည်ဖြစ်၍။ သဂ္ဂံယေဝ၊ စည်းစိမ်ဖြိုးစည် နတ်ပြည်သို့သာလျှင်။ ဂမိဿသိ၊ မမှားအကျင့် တရားဆင့်၍ အသင့်မှန်စွာ ရောက်ရပါလိမ့်သတည်း။

အရှင်မင်းကြီး ကျေးရွာနေသူများ၌ရင်း၊ နိဂုံးနေသူ လူအများ၌ရင်း၊ တိုင်းသူပြည်သားများ၌ရင်း၊ ဇနပုဒ်နေသူ လူအများ၌ရင်း၊ သူတော်ကောင်းဖြစ်သော သီလဝန္တရဟန်းတော်များ၌ရင်း အဝါဝပ်သိမ်း မင်းကျင့်တရား ဆယ်ပါးအသင့် ကျင့်ကြံလေသောကြောင့် သင်မင်းကြီးသည် နတ်ရွာသုဂတိသို့ ရောက်ပေလတ့်။

ရထားစီးချင်း မင်းတကာတို့ထက် ပြတ်သောမင်းကြီး- မိမိထက် အသက်အရွယ်ကြီးသူ ဂုဏ်ဝါကြီးသူများ၌ရင်း၊ ပုဏ္ဏားများ၌ရင်း၊ ခြသေ့အစရှိသော သားအပေါင်း၌ရင်း၊ ဟသ်ာ အစရှိသော ငှက်အပေါင်း၌ရင်း အမြဲတစေ မင်းကျင့်တရားဆယ်ပါးညီစွာ ကျင့်ပါလေ၊ ဤမင်းကျင့် ဆယ်ဆင့် သင့်အောင် ကျင့်လေသောကြောင့် သင်မင်းမြတ်သည် နတ်ရွာသုဂတိသို့ ရောက်ပေလတ့်။

မင်းမြတ်- ဤသို့ တရားဆယ်ထွေ ဒယ်သွေမဖင့် ကျင့်လေသောကြောင့် ကောင်းစွာကျင့်သား တရားမြတ်သည် လူနတ်ချမ်းသာကို ဆောင်ရွက်ပါလိမ့်မည် ဤအကျိုး အာနိသင်သည် ကောင်းစွာ ကျင့်ကြံသော တရားကြောင့်ဖြစ်ပေသည်၊ တရားကျင့်သူသည် ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ် လေးသွယ် အပါယ်ဘုံသို့ မရောက်ရပါ။

သိကြားစသား နတ်အများတို့သည်ရင်း၊ အခြားသော နတ်ကောင်း နတ်မြတ်တို့သည်ရင်း ညဥ့်နေ့မရွေး တရားကျင့်သူထံသို့ လာရောက်စောင့်ရှောက်ကုန်၏၊ စုတေပြတ်ကြွေ သေလွန်ပြီးနောက် နတ်ပြည်ရောက်၍ အသက်ရှည်စွာ နတ်ရွာ၌ တည်နေရ၏။

မင်းမြတ်- ကုသိုလ်ကောင်းမှုတို့၌ အမြဲမပြတ် မေ့လျော့တော်မမူပါလင့်၊ ဤတရား ကျင့်တုံငြား၍ မမှားစင်စစ် နတ်ပြည်၌ ဖြစ်ရပေလတ့်။

ဟု ဆုံးမစကား ပြောကြားလေသည်။

ဤကဲ့သို့ဘုရားအလောင်းကြွက်ဖြူ၏ နည်းယူသင့်စွာ ဒေသနာကိုနာကြား၍ ဗြဟ္မဒတ်မင်းကြီးသည်စိတ်ချမ်းသာလျက်အလွန်လျှင်ဝမ်းမြောက်ပီတိရွှန်းရွှန်း အိကာ များစွာသောဥစ္စာပစ္စည်းတို့ဖြင့် ဘုရားအလောင်း သေတမူသိကအား ပူဇော်၏၊ မိမိ၏ချစ်လှစွာသော သားဖြစ်သူ ဗြဟ္မဒတ္တ မင်းသားအား မင်းအဖြစ်ကိုအပ်နှင်းပြီးလျှင် မင်းကြီးသည် အသက်ရှည်သမျှတည်နေကာ နတ်ရွာ ဝင်သောအခါ နတ်ပြည်၌ ဖြစ်လေ၏။

ထိုအခါ ဘုရားအလောင်း သေတမူသိကသည် ဗြဟ္မဒတ္တမင်းသား အမှူးရှိသော သူအပေါင်းအား အဆုံးအမ ဩဝါဒကို ပေးလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏။

ပညာရှိလျှင်၊ အမြဲပင်၊ သူတော်ကောင်ကို မှီဝဲရာ။
တရံခါသော်၊ မသူတော်၊ မှီသောရှိရာ။
မသူတော်မှာ၊ အပါယ်ရွာ၊ လားရာ ဂတိပါ။
သူတော်ကောင်းမူ၊ နတ်ပြည်ဟူ၊ ရယူသေချာစွာ။

## ဘုရားလောင်းကြွက်ဖြူ ဟိမဝန္တာသို့

ဘုရားအလောင်း သေတမူသိကသည် မင်းအမှူးရှိသော လူအပေါင်း တို့အားဆုံးမ၍ အိုအချင်းလူအများတို့- ဤအချိန်အခါမှ စ၍ ဒါနစသော ကုသိုလ်ကောင်းမှုကို မမေ့မလျော့ စွမ်းအားရှိသမျှပြုကြကုန်ဟု ဆုံးမပြီးလျှင် ဗာရာဏသီပြည်မှထွက်၍ဟိမဝန္တာသို့သွားကာ ချမ်းသာရာအရပ်၌နေလေသည်၊ ထိုအခါ ဘုရားအလောင်း သေတမူသိကသည် မိမိ၏ ချမ်းသာရာအရပ်၌ နေလျက် ငါးပါးသီလ အမြဲဘမ်းစောင့်ထိန်း၏၊ ရှစ်ရက်နေ့များ၌ ရှစ်ပါး သီလကို စောင့်ထိန်း၏၊ ၁၄-ရက် ၁၅-ရက် ဥပုသ်နေ့များ၌ ဥပုသ် သီလကို စောင့်ထိန်း၏၊ တရံတခါ ဆယ်ပါးသီလကို စောင့်ထိန်း၏။

ထိုသို့ သီလစောင့်ထိန်းနေစဉ်အခါ သီလ၏ တန်ခိုး အာနုဘော်ကြောင့် သိကြားမင်း၏ဘုံဗိမာန်သည် ပူသောအခြင်းအရာကို ပြလေသည်၊ ထိုအခါ သိကြားမင်းသည် အကြောင်းကိုဆင်ခြင်လိုသည်ဖြစ်၍ ဤဂါထာကို ဆို၏။

ဒါန, သီလ, ဘာဝနာကို၊ ကောင်းစွာ ကျင့်ကြံ အဆင့်မှန်လျက်၊ သင့်တန်ဂုဏ်ပြည့်၊ ငါ၏နေရာ၊ နတ်ဘုံဝါမှ၊ ငါ့ကို ရွှေ့လျောစေလို သလော၊ ထိုသူမြတ်ကား၊ နတ်လော- လူလော၊ ဘယ်သို့သောသူ ဖြစ်လေသနည်း။

ထိုအခါ သိကြားမင်းသည် သေတမှူသိက၏ သီလတန်ခိုးအစွမ်းကိုသိလျှင် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဥဒါန်းကျူးလိုသည်ဖြစ်ရကား ဤနှစ်ဂါထာကို ဆို၏။

သတ္တဝါ အပေါင်း၊ ချမ်းသာကြောင်းဖြင့်၊ 'ကောင်းသော မိုရော၊ ရပေသည်တကား၊ ငရဲမြေ လူတွေဆိတ်သုဉ်းလို့၊ လုံးလုံး နတ်ရွာ ပြည့်စုံတော့မှာပါ တကား။

ဘုရားအလောင်း အကျင့်ကောင်းတဲ့ ကြွက်ဖြူ ငယ်၊ သီလကိုလေ ဖြည့်ကျင့်ပွားလို့၊ ဘုရားဖြစ်လိမ့်မယ်၊ တိုင်းပြည်သူတွေ ယူလေကျင့် တော့၊ ကောင်းကျိုးအဆင့် ရောက်နိုင်တယ်။ သီလဆိုတာ ကိုယ်ကျင့် တရားမို့၊ ပိုဆင့်တခြား မဟုတ်ဘူးကွယ်။ ခါးဝတ်ပုဆိုး၊ ပုံစံမျိုး၊ အားကျိုးကျင့်ရာတယ်၊ အဲဒါမှ လောက သံသရာ၊ နှစ်ဖြာကောင်း လိမ့်မယ်။

ဤသို့ဥဒါန်း ချီးမွမ်းစကား ပြောကြားသော သိကြားမင်းသည် တရားရင်းအခြေမူ ထိုကြွက်ဖြူလောင်းဗုဒ္ဓ၊ ကြောင်းဟုတ်စွ ညီမျှကိန်းဖြင့် သီလထိန်းသည်ကား သိကြားဖြစ်ကိန်းကို မမျှော်ရှာ၊ ဗြဟ္မာဖြစ်မှုကို မချစ်၊ ပစ္စေကဗုဒ္ဓါအဖြစ်ကိုလည်း မရှုယ်ဆ၊ သာဝက အဖြစ်ကိုလည်း မတောင့်တပါချေ၊ စင်စစ်အနေသော် ထိုရော်ကာလ အချိန်မှုစ၍ ထိန်းလာသမျှ သီလပါရမီ ဂုဏ်ရည်မှန်းသန် စွမ်းအန်တန်ခိုးကြောင့် ဘုန်းမိုးဖြာလတ် အနာဂတ် ထိုအခါမှာ ဗုဒ္ဓမြတ်စွာ အဖြစ်ကိုသာ နှစ်လိုတောင့်တပေသည်ဟု ကြောင့်ကြ တွေရှုပ်သိမ်း၍ မဟုတ်ကိန်းအချက်အားဖြင့် အတွက်မှားခဲ့သော ငါသိကြားသည် ယခုမမှား လောင်းဘုရားကြွက်ဖြူ၏ စောင့်ထိန်းယူ သီလ ပါရမီဂုဏ် ပြည့်စေရမည်ဟု ကြံစည်၍-

ထက်နတ်ပြည်ဝတီံသာမှ ငါ့ကြွန္ဒာ သက်ဆင်းပြီးလျှင် ပုဏ္ဏားရင်း သွင် အထားဖြင့် လောင်းဘုရားထံပါးသို့ ကပ်ချဉ်းလေသတည်း။

ထံပါးတွင် ဟန်ထားသွင် စံရှားဝင်တဲ့ ပုဏ္ဏားကို မြင်တော့ ကြည်လင် လျှမ်းတော်က် ဝမ်းမြောက်လှသည်ဖြစ်၍-

မဟာဗြဟ္မ စာပေယုံစား အိုပုဏ္ဏား- လူသား မလာ ဤ နေရာ ကြောင်းရာဘယ်ပုံ ရှိလေတုံ၍ ခိုလှုံတောကြီး လာသနည်း၊ လာခြင်း ကြောင်းရာ ပြောပါယခု တောင်းပန်ပုံ၏။

ပုဏ္ဏားအသွင်ယူငင်ကာထား ထိုသိကြားမင်းသည်—

အိုသေတမူသိက- လပြည့်ဥပုသ် ဟုတ်မှန်သော ဤနေ့မှာ ကျွန်ုပ်သည် အသားတစုံတရာ မရပါ၊ အသားကို စားလိုသောဆန္ဒရှိ၍ ဤနေရာ လာခဲ့ရပါသည်။

အိုသေဘမူသိက- ယနေ့ကျွန်ုပ်သည် တစုံတရာအသားကို မစားရလျှင် ဤဌာနမှာဘဲ သေရွာစခန်း လှမ်းရပါတော့မည်၊ ကျွန်ုပ်အား အသား ပေးပါ။

ယနေ့သင့်ထံမှာအသားမရှိရင် ကျွန်ုပ်၏အလိုဆန္ဒအားဖြင့် သင့်ကိုယ်ကို တောင်းပါ၏၊ ကျွန်ုပ်စားဘို့အတွက် သင့်ကိုယ်ကို ပေးပါ-

ဟု ပြောလေသည်။

ထိုစကားကိုကြားလျှင် ဘုရားအလောင်း သေတမူသိကသည် အူကလ်ကြွ ဝိတ်မှုပြင်၍ ဉာဏ်သဗ္ဗင်ကို နက်ဖြင်ရမည်ကဲ့သို့ ဟဒယမနသိ နှလုံးသားလျက် သုံးဂါထာ မိန့်ဟကျူး၍ အလူးဖိတ်မန့်လေသည်ကား—

ငါ၏အသား၊ စားလိုငြားတဲ့ အိုပုဏ္ဏား၊ သင့်အားယခု၊ ငါ့သားဝိုလို၊ ညွှန်းပြုစေဟနာ၊ ပေးလှူပါအံ့၊ ဒါနဒ္ဒလျှင်၊ ငါ့စိတ်ဇောသည်၊ ကြည်ရွှင်မွေလျော်၊ နှောင်းသောကာလ၊ ဗုဒ္ဓဖြစ်မူ၊ ရည်ရွယ်ပြု၏။

ငါ၏ကိုယ်၊ ရှာကြံသွယ်ထား၊ အသားတစိ၊ မရှိလေခဲ့၊ သို့ပ အသား၊ မရှိငြားလည်း၊ စားလိုဆန္ဒ၊ ရှိလေကမူ၊ ငါ့ဖြစ်ပွား၊ ငါ့အသားကို၊ စားပါတုံလော။

သင်ကားတင်းဝု၊ မီးကျီးပြု၍၊ ပြီးမှုထိုခါ၊ ခုန်ချပါအံ့၊ ကျက်လာသောအသား၊ သင်ယူစားလော၊ ငါကားဖွေးဖြူ၊ ပေးကာလှူ၏၊ နှောင်းမူနာဂတ်၊ ဉာဏ်တော်မြတ်ကို၊ ရည်မှတ်၍သာ၊ ဆုတောင်းပါ၏။

ဘုရားအလောင်း၏မမှားမဖောင်းသော စကားကိုကြားလျှင် ပုဏ္ဏားအသွင် ဆောင်သော သိကြားမင်းသည် ထင်းကိုစုသယောင် ဟန်ဆောင်လေကာ ထို နေရာ၌ နီတျာရဲရဲမီးကျီခဲ ခုဘဲပန်ဆင်း အချင်းသေတမူသိက- ခုရပြီမီးကျီးဟု ပြောကြားလေသည်။

ဘုရားအလောင်းသည် စေတနာကောင်း စင်ဖြူလှသည့် မိမိဒါနကို ဒေဝ ဒေဝါ ပြဟ္မာအပေါင်း ဝမ်းမြောက်စေလို၍—

အိုနတ်အပေါင်းတို့- အနာဂတ်ကာလ၌ သဗ္ဗညုတရွှေဉာဏ်ကို ကေန် ရဖို့သိရန်အကျိုးငှာ ကျွန်ုပ်သည် မြတ်သော အသားအလှူကို ကြည်ဖြူ ဝမ်းသာ လှူအပ်ပါ၏၊ ထိုအလှူကို ဝမ်းမြောက်ကြပါကုန်လော။

အိုနတ်အပေါင်းတို့- ကျွန်ုပ်သည် အသက်ကိုချစ်မြတ်နိုးပါ၏၊ အနာဂတ်ကာလ၌ သဗ္ဗညုတဉာဏ်ကိုရခြင်း အကျိုးငှာသာလျှင် ဤပုဏ္ဏားအား ဤကိုယ်ကို စွန့်လှူပါ၏၊ ကျွန်ုပ်၏ အလှူကို ဝမ်းမြောက်တော်မူကြပါကုန်။

ကျွန်ုပ်သည် ဤကိုယ်ကို မုန်း၍ ပေးလှူသည်မဟုတ်ပါ၊ ဤကိုယ်ထက် သဗ္ဗညုတရွှေဉာဏ်ကို ကေန်ချစ်ပါ၏၊ ထို့ကြောင့် အသက်ကိုပေးလှူပါ၏၊ ထိုအလှူကို ဝမ်းမြောက်တော်မူကြပါကုန်။

ဤသို့ ပြောကြားပြီးလျှင် ကြောက်ရွံ့မရှိ ပကတိပုံဟန် မနက်ဖြန်ဘုရားဖြစ် စင်စစ်ထင်မှတ်လျက် အရှင်ခတ်စိတ်စောလျက် အိုပုဏ္ဏားကြီး သင်သည် ငါ၏ ကိုယ်မှ အသားကိုယူ မီးကျီတွင်းမှာဖုတ် ကျိုက်ရာကို နိူက်ခါသာ ပရိဘုတ်ပေတော့ဟု ပြောပြီး ရဲရဲငြိသော မီးကျီးအလယ်၌ အတွယ်မပါ ကိုယ့်ဖာသာ ခုန်ချလေ၏။

ထိုခဏ သီလ၏တန်ခိုး ဒါန၏တန်ခိုးကြောင့် ရတနာမျိုး ချယ်စီကာဖြင့် လှည်းဘီးမျှ ပမာဏရှိသော ရွှေပဒုမာကြာကြီး ပေါ်လာလျက် ခံယူလေသည်၊ အမွေးတပင်မှ မီးမလောင် ပူယောင်ပင် မပြချေ၊ မြေလှူပ်ခြင်းစသော အံ့ဘွယ်ရာတို့သည် ဟိမဝန္တာတခိုမှာ ထင်ရှားဖြစ်ကုန်၏။

သီလစောင့်ထိန်း၍ အလှူပေးခြင်း၌ မွေ့လျော်သော ထိုသေတမူသိကသည် ဗောဓိဉာဏ်ဟူသော အကြောင်းကြောင့် သိကြားမင်းအား အသက်ကို အလှူပေးလေသည်။

ထိုအခါ ကြောက်ဖွယ် ကောင်းသော ကြက်သီးထဖွယ် ဖြစ်သော မြေကြီးတုန်လှုပ်ခြင်းသည် မိမိအသက်ကို စွန့်လှူသောအခါ၌ ဖြစ်လေ၏။

မိမိအသက်ကို စွန့်လှူသောအခါ၌ ကြောက်ဖွယ် ကြက်သီးထဖွယ် အသွယ်သွယ်ဖြစ်၍ ထိုဟိမဝန္တာတောသည် ချောက်ချားလေ၏။

မိမိအသက်ကို စွန့်လှူသောအခါ၌ ဟိမဝန္တာတတောလုံး အသံမျိုးစုံ ရောဖွေး သွားလေသည်၊ သိကြားမင်းအား လှူသောအလှူသည် မြတ်သောအလှူ ဖြစ်ပေ၏။

သီလဒါန နှစ်ဝသော တန်ခိုးအစွမ်းကြောင့် သမုဒ္ဒရာသည် လှိုင်းတံပိုးကြွ၏၊ မြင်းမိုရ်တောင်မင်းသည် ဦးဆောက်ပန်းပမာ ဟိမဝန္တာတောသို့ ညွတ်လေ၏။

ထိုအလှူပွဲ၌ မြေကြီးသည် တောက်ပ၏၊ ကောင်းချီးသံပြု၏၊ ဟိမဝန္တာ
၌ ထက်ဝန်းကျင်မှ မြေသံကြီး မြည်ဟည်းလေသည်။

သိကြားမင်းသည် ဘုရားအလောင်း၏ မွန်မြတ်သော စိတ်ဆန္ဒကို သိ၍ ချီးကျူးခြင်းကို ပြုလေ၏။

သေတမူသိက၏ စိတ်သဘောကိုသိ၍ သိကြားမင်းသည် နတ်လူ၌
ဖြစ်သော ဒါနအန္တရာယ် အသွယ်သွယ်တို့ကို အောင်မြင်လေပြီ။
မြေကြီးမြည်သံသည် နတ်ထံသို့တက်၏၊ ထက်ဝန်းကျင်မှ လျှပ်စစ်
လက်၏၊ မြင်းမိုရ်တောင်မင်းသည် ဟိမဝန္တာသို့ ညွှတ်၏။
ထိုသေတမူသိကအား နာရဒတောင်၌ နေသော နတ်နှစ်ပါးတို့သည်
မိမိ၏ဗိမာန်တံခါး၌ ရပ်လျက် ဝမ်းမြောက်ကုန်၏။
သိကြားမင်း၊ ဗြဟ္မာမင်း၊ သောမနတ်မင်း၊ ယမနတ်မင်း၊ ဝေဿဝဏ်
နတ်မင်းတို့သည် ပြုနိုင်ခဲသည်ကို ပြုပေ၏ဟု ဝမ်းမြောက်ကုန်၏။
ဒါနမြတ်ဖြစ်သော ထိုဇီဝိတဒါနကို ပေးလှူ၏၊ ဗြဟ္မာပြည်သို့ရောက်
ရာဖြစ်၏၊ နတ်ပြည်၌ အကျိုးပေးနိုင်၏။

ဤသို့ ပြောကြားပြီး၍ သိကြားမင်းသည် ဤသေတမူသိကသည် ဤသီလ စောင့်ယှဉ်းခြင်း အသက်ကို ပေးလှူခြင်းဟူသော ပရမတ္ထဒါနနှစ်မျိုးကြောင့် ဘုရားလောင်းစစ် ဖြစ်ပေလိမ့်မည်၊ ယခုပါသည် ဤသေတမူသိကကို နတ်ပြည်သို့ ပေါ်သွား၍ နတ်အများအား ပြအံ့ဟု ကြံစည်စိတ်ကူးပြီးလျှင် သိကြားမင်းသည် မိမိ၏လက် အပြင်၌ ဘုရားအလောင်းကို တင်ထား၍ တာဝတိံသာ နတ်ပြည်သို့ ဆောင်ယူသွားကာ နတ်တို့အား ပြသလျက် ဤသေတမူသိက သည် အနာဂတ်ကာလ၌ ဘုရားဖြစ်၍ သံသရာဆင်းရဲမှ သတ္တဝါတို့ကိုလွတ် စေကာ နိဗ္ဗာန်ဟူသော ကိလေသာ အညစ်အကြေး ကင်းဝေး ဖြူစင်သော မြို့တော်၌ ထားပေလတ္တံ့ဟု ပြောဆို၏၊ ဤသို့ ပြောဆိုပြီး သိကြားမင်းသည် မိမိ၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဘုရားအလောင်း ကြွက်ဖြူအား ထား လေ၏။

အလုံးစုံသော နတ်တို့သည် မြကျောက်ဖျာလာပြီးလျှင် ဘုရားအလောင်း သေတမူသိကကို ကြည့်ရှုလျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၏၊ ဘုရား အလောင်း ကြွက်ဖြူသည် မြကျောက်ဖျာ၌ တည်နေလျက် စည်းဝေးရောက် လာသော သိကြားအမှူးရှိသော နတ်တို့အား ဤသို့ တရားဟောကြား လေသည်။

နတ်ပြည်နေငြား၊ နတ်အများတို့၊ ငါးပါးပဉ္စသီ၊ ကိုယ်၌တည်ခဲ့လို့၊
သက်ရှည်နတ်ရွာ နတ်ကညာနှင့် ပျော်ရွှာရကုန်၏။

သိကြားအစ၊ သဗ္ဗဒေဝါ၊ နတ်တကာလည်း၊ နတ်ရွာပျော်မွေ့၊ ကျင့်
စလေ့ကြောင့်၊ မမေ့ကောင်းရာ၊ နတ်တို့ရွာ၌၊ ဖြစ်လာတုံကြ။

လောကလူ့ရွာ၊ ဖြစ်၍လာသား၊ လူအများတို့၊ ကြီးသားရိုသေ၊
စောင့်ထွေသီလ၊ ပြုတုံကြသော်၊ ပရလောကာ၊ တပါးရွာ၌၊ ချမ်းသာ
သုခ၊ ရတုံကြ၏။

လောကလူ့ရွာ၊ လူလိမ်မာတို့၊ များစွာကောင်းမှု၊ နေ့စဉ်ပြု၍၊
ပေးမှုမဖင့်၊ ကျင့်မှုမယိမ်း၊ စောင့်ထိန်းသံယမ၊ မြဲဆုံးမသား။

ဥစ္စာပွား၍၊ များသားရံရွေ၊ သက်ရှေကျန်းမာ၊ ဘုန်းကံသာသည်၊
ကျင့်ရာကောင်းကျိုးတည်း။

လောကဖြစ်လာ၊ သတ္တဝါကား၊ ငါးဖြာသီလ၊ စောင့်ထိန်းကြသော်၊
ဒုက္ခလွတ်ကာ၊ သက်ရှည်ကြာလျှင်၊ ချမ်းသာ ပွင့်စည်၊ တည်ပေ
သတည်း။

ထို့ကြောင့်ရကား၊ ကောင်းမှုများကို၊ ပြုငြားပါလေ၊ ပေးဝေပုညာ၊
ကောင်းချီးပြသော်၊ ဘဝနောင်ခါ၊ သံသရာဝယ်၊ ချမ်းသာသုခ၊
ကောင်းကျိုးရ၏၊ မုချစင်စစ်၊ သီလချစ်သည် ဖြစ်စေသတည်း။

ဘုရားအလောင်း၏ တရားဒေသနာကို ဒေဝါအများ နာကြား၍
ကောင်းချီးပေးကာ နတ်ဝတ်တန်ဆာတို့ဖြင့်၎င်း၊ နတ်ပန်းနတ်နံ့သာ
အဖြာဖြာတို့ဖြင့်၎င်း ပူဇော်ကုန်၏။

ဘုရားအလောင်းသည် ထိုနတ်အပေါင်းတို့ဖြင့် ခြံရံသော သိကြားမင်း
ကို-

အိုနတ်တို့သနင်း သိကြားမင်း မယွင်းမသွေ လူ့ပြည်လူ့ထံ ပြန်လို
ပါပြီ၊ သီလစပြု ကောင်းမှုအတန်တန်ပြုရန် အလိုရှိပါ၏၊ ထိုကောင်း
မှုကြောင့် သင်၏ အထံမှာ ဖြစ်ရပါလို၏ဟု ပြောဆို၏။

ဘုရားအလောင်း ကြွက်ဖြူ၏စကားကို ကြားသောအခါ သိကြားမင်း
သည် မိမိလက်ဖြင့် ဘုရားအလောင်းကို ယူဆောင်၍ လူ့ပြည်သို့ သက်ဆင်း
ဟိမဝန္တာတောအတွင်း ချိုမြိန်သော သီးပင် ငါးအင်သော ကြာမျိုး လွှမ်း
မိုးသော ရေကန် မွေ့ပျော်ရန် ကောင်းသောဌာနကို ကျနစွာ ဖန်ဆင်း၍
ထိုနေရာ၌ ဘုရားလောင်း ကြွက်ဖြူကို နေစေကာ သိကြားမင်းသည် ပန်ကြား
၍ ထက်ဖျားဘုံယံ ပြန်လေသတည်း။

ထိုနောက် သိကြားမင်းသည် ဝမ်းမြောက်စွာ မိမိလက်ဖြင့် ကိုင်၍ လူ့ပြည်သို့ သေတမူသိကကို ဆောင်ယူခဲ့လေသည်။

သိကြားမင်းသည် ဟိမဝန္တာတောပြေဝယ် ပျော်မွေ့ဘွယ် ကောင်း သောနေရာ၌ ထားခဲ့၍ ပန်ကြားကာ နတ်ပြည်သို့ ပြန်ခဲ့လေသည်။

ထိုအချိန်အခါမှစပြီး ဘုရားအလောင်းသည် သိကြားမင်းထားခဲ့ရာ ထိုနေရာ၌ ပေါ်ရှိ ကြွေကျသော သီးကြီး သီးငယ် အသွယ်သွယ်တို့ဖြင့် မိမိ၏အသက် ကို မွေးမြူကာ အသက်ရှည်သမျှ တည်နေ၍ အသက်၏အဆုံး၌ ထိုမှစုတေ၍ နတ်ပြည်၌ ဖြစ်လေ၏၊ မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကိုဆောင် ၍ ဇာတ်ကို ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ ဗြဟ္မဒတ်မင်းသည် ယခုအခါ ရှင်သာရိပုတ္တရာ၊ ဗာရာဏသီ သူဌေးသည် ရှင်မောဂ္ဂလ္လာန်၊ ပုဏ္ဏားသည် ရှင်မဟာကဿပ၊ တံခါးမှူး သည် အမ္ဗဋ္ဌေ၊ သုဇမ္ပပါလိကသည် ရှင်အာနန္ဒာ၊ သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ လူအပေါင်းသည် ဘုရားပရိသတ်. သေတမူသိကသည် ငါဘုရား ဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

သေတမူသိကဇာတ် ပြီး၏။

# ၃၁-အရိယဆတ္တဇာတ်

**အသက်သတ်စေ၊ ဥပဒေဖြင့်၊ ထုတ်လေကျေညာ၊**
**ရှိတုံပါလည်း၊ သုံးဖြာရတန၊ ကိုးကွယ်ရလိမ့်။**

နကမ္ပါမိ ကုဒါစန်-ဟူသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ အပေါင်းအဖော် ထေရ်သံဃာတော်တို့နှင့် ပျော်ရွှင်စွာ နေတော်မူခိုက် မိမိ၏ရှေးကပြုခဲ့သော ကုသိုလ် အဆောက်အဦကို အထောက်အကူပြုရန် ဟောတော်မူ၏၊ တနေ့သ၌ ရဟန်းတို့သည် တရားသဘင် ဝယ် အချင်းချင်း စကားကို ဖြစ်စေကုန်၏။

ငါ့ရှင်တို့- ငါတို့၏ ဘုရားသခင်သည် ဘုရားဖြစ်တော်မူသောအခါ အလုံး စုံသော သတ္တလောက စီးပွားချမ်းသာကိုပြုလျက် လောကနာထ အမည်တော် ရသည်ကား အံ့ဩဘွယ်ရာ ရှိပါပေတကားဟု- စကားကိုဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့ ပြောသောစကားကို ဒိဗ္ဗသောတ အဘိညာဉ် အားဖြင့် ကြားတော်မူ၍ ဂန္ဓကုဋီမှ ထွက်တော်မူကာ တရားသဘင်သို့ လာ၍ ထိုတရားသဘင်ဝယ် ဘုရားရှင်အတွက် ခင်းထားအပ်သော နေရာ၌ ထိုင်တော် မူလျက် ချစ်သားတို့- အဘယ်စကားဖြင့် ယခု စည်းဝေးကြကုန်သနည်း-ဟု မေးတော်မူလျှင် ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်သည်ဘုရားဟု လျှောက်ထားလေသော်- ချစ်သားတို့ ငါဘုရားသည် ယခု ဘုရားအဖြစ်ရမှ လောကနာထ အမည်ရသည် မဟုတ်သေး၊ ရှေးအခါ၌လည်း များစွာသော ဒုက္ခအတန်တန်ကို သည်းခံခဲ့သဖြင့် လောကနာထ အမည် ရခဲ့သေးသည်သာ တည်းဟု ဟောတော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်း ပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု**

အိုရဟန်းများတို့-ရှေးအတိတ်အခါက ပါတလိပုတ်မြို့၌ ဓမ္မသောန အမည် ရသောမင်းသည် မင်းပြုလေ၏၊ ထိုမင်း၏ မိဖုရားသည်ကား ဓမ္မသောန် အမည်ရှိ၏။ ထိုမင်း၏အမတ်သည်ကား သောန အမည်ရှိ၏။

ထိုအခါ ထိုဓမ္မသောနမင်းကြီးသည် သုမေဓာမြတ်စွာဘုရား၏ သာသနာ၌ မတုန်မလှုပ်သော သဒ္ဓါရှိ၏။ ကိုယ်ကျင့်သီလနှင့် ပြည့်စုံ၏။ ပညာ အပြော် အမြင်နှင့်လည်း ပြည့်စုံ၏၊ ဓမ္မသောနမင်းသည် အလွန်ကြည်ညိုသည် ဖြစ်၍

သုမေဓာမြတ်စွာဘုရား၏ သာသနာ၌ သားနှင့်သမီးကို ရှင်ရဟန်းပြု၍ သာသန အပေါ်ကို ခံယူကာ ဝပ်သာလှသည် ဖြစ်၍ ရှေးဦးစွာသော ဂါထာကို ဆို၏။

နှ ကပ္ပါမိ ကုဒါစနံ၊ သဒ္ဓေါဝါဟံ ဗုဒ္ဓေ ဓမ္မေ။
သံဃော ဒိန္န ဒါနေနှ၊ သဒ္ဓါပေ သီလပူရိယာ။

အဟံ၊ ဝမ္မသောန အမည်ရသည့် ဒေါ်ကြပညတ် ငါမင်းမြတ်သည်။ ဗုဒ္ဓေ၊ သစ္စာလေးမြင် ဘုရားရှင် ကိုယ်တော်မြတ်၌၎င်း။ ဓမ္မေ၊ ဘုရားဟော ကြား ကောင်းကျိုးပွားသည့် တရားတော်မြတ်၌၎င်း။ သံဃေ၊ ဘုရားသား ကျော် သံဃာတော်မြတ်၌၎င်း။ သဒ္ဓေါ၊ ဗိုခိုစရာ ကြည်ညိုသဒ္ဓါ ရှိ၍သာ ဖြစ်၏။ ဒိန္နဒါနေနှ၊ သဒ္ဓါဖွေးဖြူ အလေးမူလျက် ပေးလှူအပ်သော ဒါန ကြောင့်၎င်း။ ပေ၊ ဝမ္မသောန ဒေါ်ကြပညတ် ငါမင်းမြတ်၏ သဒ္ဓါ၊ နေ့ ညဥ့်မပြတ် အခါခပ်သိမ်း။ သီလပူရိယာ၊ သီလစောင့်လင့် ဖြည့်ကျင့်ခြင်း ကြောင့်၎င်း။ ကုဒါစနံ၊ အဖုန့်မလာစ် တရံဘသစ်မျှ။ နကပ္ပါမိ၊ ဟိက်ထား တဖုံ မိဟ်သွားခုန့်၍ မတုန်လှုပ်ခဲ့ပါ။

ဤသို့ စကားပြောကြားပြီးလျှင် ဝမ္မသောနမင်းသည် သုမေဓာဘုရားရှင်၏ သာသနာ၌ လွန်စွာ ကြည်ညိုသဒ္ဓါပိုလျက် ဗာဟိယသာသနာ ဝန်ထမ်းကာ နေသော ပရိဗိုဇ်တို့ကို ရှုန့်ပယ်လျက် ရှစ်သောင်းလေးထောင် ကျောင်းဆောင် ဆောက်လုပ် သုမေဓာဘုရား အမှူးထားသော သံဃာတော်များအားလှူဒါန်း၍ ယိုကျောင်းတို့၌ သီတင်းသုံးစေတော်မူကာ အလုံးဝုံသောသံဃာကို နေ့စဉ် သာ သဒ္ဓါညွတ်လျက် ဆွမ်းဝတ်တို့ဖြင့် လုပ်ကျွေးလေသည်။

ကနေ့သ၌ ထိုမင်းကြီးသည် ညချမ်းအခါ ကျက်သရေဖြာသော အိပ်ရာ ၌ပင် အိပ်လျက် ဤဝိုင်းတော်ပြည်တော်၌ ငါနှင့်အတူ သာသနာကြည်ညိုသူ ရှိလေသလော၊ ယာ ငါသည် ဝံစမ်းရာဖွေကုံဟု ကြံစည်စိတ်ကူး၍ မိမိဖာသာ နှုတ်လှာလှုတ်၍ တိုင်ပင်လိုသည်ဖြစ်၍ ဒုတိယဂါထာကို ဆို၏။

ရတနာသုံးဆင့်၊ အဆုံးမြှင့်၊ နှုန်းပွင့်ကြည်ညို၊ ငါနှင့်တူငြား၊ ယိုလူသား
ရှိသလားဆို၊ ဘယ်လိုတဲ့လေး၊ တပုံတရာ ဝိုးပြေရှာ တွေ့ပါစေမေး။

မိဟ်တွေးနှင့်နှုတ်လှာ ထုတ်ဖော်မိန့်ပြီး စောစောကြီးထ ကိုယ်လက်ကိုသုတ် သင် ရုပ်စဉ်ကိုသပြီးလျှင် တရားခွင်ဌာန လူအများ စုဝေးစေကြလျက် မိန့် ဟသော နှုတ်ခွန်းသက်စကားသည်ကား ဤသို့တည်း။

အိုတိုင်းသူပြည်သား၊ လူအများတို့၊ မှုထားသွင်ကြည်၊ ဤတိုင်းပြည်၌၊
တည်မှီနေငြား၊ သင်လူအများတို့သည်၊ ဘုရားသာသနာ၊ ကြည်ညို

စွာဖြင့်၊ လှူဒါပုညု၊ ပြုကုန်ကြလော၊ မေ့ထသတိ၊ မရှိစေမျိုး၊ နောင်
မျှော်ကိုး၍၊ ကြိုးစားကြကုန်။

ဤသို့စကား၊ မြွက်ကြား၍အပြီး မှူးကြီးတလျှောက် ရှောက်ကာရှောက်ကာ သာသနာ၌ သဒ္ဓါခိုတည် ယုံကြည်သူများ အများပုံဖမ်း စုံစမ်းသောအားဖြင့် လူနှစ်စားစလုံးသိစေ မိန့်ဆိုလေသည်ကား ဤသို့ဖြစ်သတည်း။

အိုတိုင်းသူပြည်သား လူအများတို့- ငါ၏တိုင်းပြည်၌ နေသူတို့သည် ရတနာသုံးပါး၌ ယုံကြည်ခြင်းသဒ္ဓါတရားရှိလျှင် ထိုသူသည် မှားယွင်းသော မိစ္ဆာအယူရှိသူဖြစ်၏၊ ထိုသူတို့သည် ငါ၏တိုင်းပြည်မှာနေလျက် အမှားကြီးမှားကုန်၏။

ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရားဖြင့် အလှူအတန်း ပေးကမ်းသောသူတို့ကို မင်းပြစ်မင်းဒဏ်ပေး၍ သတ်ပါအံ့ဟု မိန့်ဆိုတော်မူ၏။

ဤအမိန့်တော်ကို တမြို့လုံး စည်တီးမောင်းခတ် နေရာမလပ်သိအောင်ကျေညာစေ၏၊ အိုအချင်းတို့- မောင်းသတင်း ကြောင်းအခင်းကြောင့် ကောင်းခြင်းကိုးကွယ်ရာမှရပ်၊ အလှူပေးခြင်းမှ ဆုတ်ကုန်လော၊ မဆုတ်လျှင် ကားစင်ဓားတင်၍ သတ်စေ။

ဤစည်သံကို ကြားသော် တချို့သောသူများက ရတနာသုံးပါးမှ ဖယ်ရှားကုန်၏၊ အချို့တို့ကား သတ်ပစေ အသေခံမည် ဟူသော သဘောထားဖြင့် ရတနာသုံးပါး ကိုးစားယုံကြည်ခြင်းမှ မဖယ်ရှားကြကုန်။ ထိုအခါ ပါတလ်ပုတ်မြို့တော်၌ တခုသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်လေသည်။

ထိုအချိန် ဘုရားအလောင်းသည် အရိယဆတ္တ အမည်ရှိသော လူသားတယောက် ဖြစ်လေသည်၊ သူသည် သုမေဓာ မြတ်စွာဘုရား၏ သာသနာ၌ အလွန်ကြည်ညို၏၊ သဒ္ဓါတရားနှင့်ပြည့်စုံလျက် ရတနာသုံးပါးဂုဏ်ကို ယုံကြည်လေးမြတ်သူလည်း ဖြစ်၏၊ ထိုကြွေးကြော်သံကို ကြားလျှင် ယခု ငါသည် အလုံးစုံသော သတ္တလောက စီးပွားချမ်းသာကို ပြုတတ်သော ရတနာသုံးပါး ထင်ရှားမျက်မြင် ရှေ့တွင် ရှိနေပါလျက် ထိုရတနာသုံးပါးနှင့် ခွဲခြားမဖြစ်နိုင်ပါ၊ ထိုမင်း၏ သတ်ညှဉ်းပြုဖန် နှိပ်စက်ဒဏ်ကို မကြောက်ပါ၊ အခွင့်မသာ တခါတရံ၌သာ ငါသည် ကိုးကွယ်အားထားရာ ရတနာသုံးဖြာမှ ဆုတ်ယုတ်ခဲ့သည်ဟု ကြံစည်ကာ မိဘများနှင့် တိုင်ပင်လိုသည်ဖြစ်၍-

အိုမိဘနှစ်ပါးတို့- ကျွန်တော်၏စကားကို အသိဓမ္မထားပြီး နားထောင်တော်မူပါ၊ ကျွန်ုပ်သည်ကား တိုင်းပြည်သခင် ဘုရင်မင်းတရား ဒဏ်

ထားမည်ကို လုံးဝမကြောက်ပါ၊ ရတနာသုံးထွေနှင့် ကင်းကွေနေရမည်ကိုသာ ကြောက်ပါ၏။
လောက၌ ဘုရား တရား သံဃာ ဤသုံးပြာသည် အလွန်ရခဲစွာသော အရာဖြစ်ပါ၏၊ကျွန်ုပ်သည် ရဘနာသုံးပါးနှင့် ကင်းကွာ၍ တခါတရံမှ မဖြစ်ပါ။
လောက၌ သီလတရား ဘာဝနာတရား တို့သာ တွေ့ခဲကြုံခဲ ရခဲသည် မဟုတ်ပါ၊ ဘုရား တရား သံဃာ ရတနာ သုံးပါးသည်လည်း တွေ့ခဲကြုံခဲ ရခဲလှပါသည်-

ဟု ဆိုလေ၏။

ထိုစကားကိုကြားလျှင် အရိယဆတ္တ၏ မိဘနှစ်ပါးတို့သည် သားဖြစ်သော အရိယဆတ္တကို တားမြစ်လိုသည်ဖြစ်၍ ချစ်လှစွာသော သားမောင် သင်သည် မောင်းကြေးနင်း ခတ်ထားသော ဘုရင့်အမိန့်တော်ကို ကြားသည်ပြီး မဟုတ်ပါလား၊ မင်းတို့စကားသည် မိုးကြိုးသွားကဲ့သို့ ထက်မြက်လှပါသည်၊ သင်သည် မင်းပြစ်မင်းဒဏ်သင့်၍ သင့်အား သေဒဏ်ပေးလိမ့်မည်၊ ချစ်လှစွာသော သားမောင် သင်သည် မင်း၏အမိန့်အတိုင်း ရတနာသုံးပါးကို မဆည်းကပ် မကိုးကွယ်ဘဲသာ နေပါလော့၊ သင်သည် ဘုရင်မင်းမြတ်နှင့် ဆန့်ကျင်ဘက် မပြုပါလင့်၊ မင်းလိုက်၍ မင်းကြိုက်နေခြင်းသည်သာ အသက်ဘေးမှ ကင်းဝေးပါမည်၊ မင်း၏အမိန့်အတိုင်း မလိုက်နာပါက သင်သည် မင်းပြစ်မင်းဒဏ်သင့်၍ သင့်အား ဖမ်းဆီးချုပ်နှောင်ကာ ညှဉ်းဆဲသတ်ဖြတ်ပါလိမ့်မည်၊ သို့မဟုတ် တိုင်းပြည်မှသော်လည်း နှင်ထုတ်ပါလိမ့်မည်ဟု ဆိုကြကုန်၏။

ထိုစကားကို ကြားလျှင် အရိယဆတ္တသည် မိမိ၏ဆန္ဒကို မိဘတို့အား ထင်စွာ ပြလိုသည်ဖြစ်၍-

အို မိခင် ဖခင် ကျေးဇူးရှင် ကျွန်ုပ်အား ဖမ်းဆီးချုပ်နှောင်၍ သတ်ဖြတ်လိုက သင်ဖြတ်ပါစေ၊ ကျွန်ုပ်သည် ရတနာသုံးပါးကို မစွန့်လွှတ်မပစ်ပယ်ဘဲ ဆည်းကပ်ကိုးကွယ်မြဲ ဆည်းကပ်ကိုးကွယ်ပါအံ့၊ ယင်းသို့ ကိုးကွယ်ဆည်းကပ်ခြင်းသည် နောင်အခါ၌ ဘုရားဖြစ်ရန် စိတ်ရည်သန်၍ ကိုးကွယ်ဆည်းကပ်ခြင်း ဖြစ်ပါ၏ဟု ပြောဆိုလေ၏။

ဤသို့ ပြောဆိုပြီးလျှင် ဘုရားအလောင်း အရိယဆတ္တသည် မိဘနှစ်ပါးကို ခွင့်ပန်ပြီးနောက် ဘုရားရှင်၏ သာသနာ၌ ယုံကြည်ခြင်း သဒ္ဓါတရားကို

မြဲစွာပြုလျက် ဓမ္မသောနမင်းကြီး၏ အထံသို့ သွား၍ မိမိ၏ ရတနာသုံးပါး၌ ကြည်ညိုမြတ်နိုးပုံကို မင်းကြီးအား လျှောက်ထားလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏။

မြတ်သောမင်းကြီး- ရတနာသုံးရပ်ကို ဆည်းကပ် ကိုးကွယ်သူအား သတ်ဖြတ်မည်ဟု အရှင်မင်းကြီး အမိန့်ရှိသည့်အတိုင်း ကျွန်ုပ်အား သတ်ဖြတ်လိုက သတ်ဖြတ်ပါလော့၊ ကျွန်ုပ်သည်ကား ရတနာသုံးရပ်ကို မဆည်းကပ် မကိုးကွယ်ဘဲ မနေနိုင်ပါ၊ ရတနာသုံးရပ်ကိုဆည်းကပ် ကိုးကွယ်မည်သာ ဖြစ်ပါ၏။

ဟု လျှောက်ထား သံတော်ဦး တင်လေသည်။

## ရတနာသုံးရပ် ဆည်းကပ် အန္တရာယ်

ထိုအခါ ဓမ္မသောနမင်းသည် ထိုနေရာ၌ပင် လူသတ်သမားတို့ကိုခေါ်၍ အိုလူသတ်သမားတို့ သင်တို့သည် ဤအရိယသတ္တကို လက်နှစ်ဖက် ခြေနှစ်ဖက် လည်ပင်းတို့၌ ဖွဲ့ချည် တုတ်နှောင်၍ အချက်ပေါင်းများစွာ ရိုက်နှက်ပြီး မြို့ပြင် သင်းချိုင်း၌ လှံတံကျင်ထက်တွင် ထား၍ ယနေ့ပင်သတ်ကြကုန်လော့ဟု အမိန့် ပေးလိုက်၏။

လူသတ်သမားတို့သည် ဘုရင်မင်းမြတ်၏ အမိန့်အတိုင်း ဖွဲ့ချည်တုတ်နှောင် ခေါ်ဆောင်သွားကြကုန်၏၊ ထိုသို့ ဘုရားလောင်းအား လူသတ်သမားတို့ သည် ဖွဲ့ချည်တုတ်နှောင် ခေါ်ဆောင်သွားသောအခါ အရိယသတ္တသည် "ငါ ယခု ခံစားရသော ဆင်းရဲဒုက္ခသည်ကား ငါ၏မိဘ ဆွေမျိုးတို့ကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခမဟုတ်၊ လူသတ်သမားတို့ကြောင့် ဖြစ်ပေါ် လာသော ဆင်းရဲဒုက္ခလည်း မဟုတ်ချေ၊ အမှန်အားဖြင့် ငါသည် ရှေးက ပြုခဲ့သော အကုသိုလ်ကံ၏ အစွမ်းအားဖြင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခ သာ ဖြစ်ပါချေသည်၊ သံသရာဝဋ်ဆင်းရဲ ဟူသည်မှာ မည်သူမျှ ရှောင်လွှဲ၍ မရသော အရာသာ ဖြစ်ပေသည်တကားဟု ကြံစည်တွေးတောမိလေ၏၊ ထိုခဏ ၌ ပါတလိတ်ပုတ်မြို့၌ နေကြကုန်သော လူအပေါင်းတို့သည် အုတ်အုတ်ကျက် ကျက် တခဲနက် အသံဖြစ်ပေါ်ကြကုန်၏။

ထိုအခါ အရိယသတ္တ၏ မိဘနှစ်ပါးတို့သည် ယင်းသတင်းစကားကိုကြား သိကြသဖြင့် မိမိတို့အိမ်မှ ထွက်လာလျက် ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ထုနှက် ပြီးလျှင် မျက်ရေတဖြိုင်ဖြိုင် မဆည်နိုင်အောင် ကျဆင်းလျက် သုသာန်သင်း ချိုင်းသို့ လိုက်လာကြသောအခါ မိမိတို့၏သား အရိယသတ္တကို မြင်ရသဖြင့် ဦးထိပ်၌ နမ်းရှုပ်ငိုကြွေးကုန်လျက်=

အသက်တမျှ ချစ်ခင်လှတဲ့ သားမောင်- သင်သည် ရတနာသုံးဖြာကို ယုံကြည်ကိုးကွယ် ဆည်းကပ်ခြင်းမှ ဆုတ်နစ်ပါလော၊ သို့မှသာ သင်သည် အသက်ဘေးမှ ချမ်းသာရ၍ မိဘနှစ်ဖြာလည်း စိတ်ချမ်းသာမည် ဖြစ်ပါသည်။

ချစ်လှစွာသော သားမောင်-ဆင်းရဲဒုက္ခမှုရင်း၊ကြောက်ဘွယ်ရာ အဖြာဖြာမှုရင်း၊ကပ်၍နှိပ်စက်တတ်သောဥပဒ္ဒဝေါမှုရင်းအခါခပ်သိမ်း ကင်းလွတ်၍ ချမ်းချမ်းသာသာ နေရရန်အတွက် ဘုရင့်အမိန့်အတိုင်း မင်းလိုလိုက်၍ မင်းကြိုက်ကိုသာ ပြုပါလော့၊ ရတနာသုံးရပ်ကို ဆည်းကပ်ကိုးကွယ်ခြင်းမှ စွန့်လွှတ်ပါလော့ဟု ဆိုကြကုန်၏။

## သတ်လိုလျှင်သတ် ရတနာသုံးရပ်ကို မစွန့်နိုင်

ထိုစကားကြားလျှင် အရိယဆတ္တသည် မိဘနှစ်ပါးကျေးဇူးရှင်တို့ငါဗျား- ကျွန်တော့ကို မတားမြစ်ကြပါနှင့်၊ ကျွန်တော်သည်ကား အသက်သေသော်လည်း ရတနာသုံးရပ်ကို ကိုးကွယ်ဆည်းကပ်ခြင်းမှ နောက်မဆုတ်ပါဟု ပြောဆိုလေ၏၊ ထို့နောက် အရိယဆတ္တသည် သူစိမ်းပစ် သုသာန်သို့ ရောက်ရသောအခါ ဂုဏ်ကျင်တိုင် (ကားငင်တိုင်)ကို ကြည့်၍၊ ယင်းကားစင်တိုင်သစ်သားကို ကိုင်တွယ်လျက် အိုမရိုးပင် သင်သည်ကား မကောင်းသော သစ်ပင်ပေတည်း၊ လူသားတို့သည် အခြားသစ်ပင်တို့ကိုယူ၍ ဘုရားအစရှိသော ရတနာသုံးပါးအား ပေးလှူခြင်းငှာ ကျောင်း စကြံစသည်ကို ပြုကုန်၏၊ သင်မရိုးပင်သည်သာ ဘုန်းကံမရှိ၍ ဤဌာန၌ တည်နေရပေသည်ဟု ပြောဆိုလေသည်။

အိုမရိုးပင်- သင်ဟာမူကား မတူနိုင်နိုင်းစံ ဘုန်းကံနည်းပေစွ၊ ပန္နသာ လူသားတို့သည် သင်မှတပါး အခြားသစ်ပင်တို့ကို ဘုရားစသား ရတနာသုံးပါး တည်ထားရည်သန် ကျောင်းတော် ဆောက်ရန်အတွက် အသုံးပြုခံကြရကုန်၏၊ သင်သည် ဤသုသာန်သင်းချိုင်း၌ မစင်မကြယ် စက်ဆုပ်ရွံရှာဘွယ် အနံ့တို့ဖြင့် မသတိစရာ နေရရှာ၏ဟု ဆိုလေ၏။

ထို့နောက်လူသတ်သမားတို့သည် ဘုရားအလောင်းအားဝန်းရံ၍ ကားစင်တင်ရန် အားတုတ်ကြကုန်၏၊ ထိုအခိုက်တွင်ဓမ္မသောန မင်းကြီးသည် မင်းချင်းတယောက်အား အိုအချင်း-သင်သည်မြင်းဖြင့်လျင်မြန်စွာသွား၍သုသာန် သင်းချိုင်း၌သတ်ရန်ခေါ်သွားသော အရိယဆတ္တအား ငါ၏အမိန့်ဖြင့်ခေါ်ဆောင်၍ အလျင်အမြန် ငါ၏အထံသို့ ဆောင်ယူခဲ့ပါလော၊ ငါကိုယ်တိုင် အရိယဆတ္တအား မေးမြန်းအံ့ဟု စေခိုင်းလိုက်၏၊ ဘုရင်မင်းမြတ် စေလွှတ်လိုက်သော

မင်းချင်းယောကျ်ားသည် ကားစင်တင်မည့်အချိန်တွင် ရောက်ရှိလာပြီး ဘုရင့်အမိန့်ကို ပြ၍ လူသတ်သမားတို့ထံမှ အရိယဆတ္တကို ခေါ်ယူလျက် မြင်းဖြင့်တင်ဆောင်ကာ ပြန်လာလေ၏၊ ထိုအခါ ဓမ္မသောနမင်းသည် အရိယဆတ္တအား တွေ့မြင်သဖြင့်=

အို အရိယဆတ္တ သင်သည် ရတနာသုံးစုံ ကြည်ညိုမှုတွယ် ကိုးကွယ်ခြင်းမှ ဆုတ်လိုက်ပါ၊ သင်သည် အကယ်မယုတ် ကိုးကွယ်မှုမှ ဆုတ်လိုက်မည်ဆိုလျှင် ဥစ္စာများစွာ ပေးပါမည်။

ရတနာသုံးစုံ ကြည်ညိုမှုတွယ် ကိုးကွယ်ခြင်းမှ ဆုတ်လိုက်ပါ၊ ကိုးကွယ်ခြင်းမှ အတင်းမယုတ် မဆုတ်ဘူး ဆိုရင်တော့ ဟောဒီက ကျုပ်သန်လျက်နှင့် ရုပ်နာမ် အဟုတ်အမှန်ပျက်အောင် သင့်ရဲ့ အုတ်ဆက်ကို ပြုတ်ထွက်အောင် ဖြတ်ပေအံ့ဟု ပြောဆိုလေသည်။

ကျွန်ုပ်၏ ကိုယ်ကိုခုနစ်ပိုင်းဖြတ်စေဦးတော့ ရတနာသုံးသွယ် ကိုးကွယ်ဆည်းကပ်ခြင်းကို မစွန့်လွှတ်နိုင်ပါ အရှင်မင်းမြတ်။

အို မင်းမြတ်- လောက၌ ဘုရား တရား သံဃာ ဤသုံးဖြာသော ရတနာသည် အလွန်တရာ ရခဲပါသည်၊ ကျွန်တော်မျိုးမှာ ပစ္စည်းဥစ္စာဆိုသည်ကား အခက်အခဲမပါ ရလွယ်ပါသည်။

ထိုစကားကိုကြားလျှင် ဓမ္မသောန မင်းကြီးသည် ပီတိပြည့်လျှမ်း ရွှင်လန်းသော နှလုံးရှိသည်ဖြစ်၍—

အို အရိယဆတ္တ သင်သည် သဒ္ဓါသီလနှင့် ပြည့်စုံသကဲ့သို့ ကျွန်ုပ်သည်လည်း သဒ္ဓါသီလနှင့်ပြည့်စုံသူ ဖြစ်ပါသည်။

သင်သည် ဘုရား တရား သံဃာကို မြတ်နိုးသကဲ့သို့ ကျွန်ုပ်သည်လည်း ရတနာသုံးပါး ဘုရား တရား သံဃာကို မြတ်နိုးပါ၏။

သင်သည် ရတနာသုံးပါးအား ပေးလှူခြင်း၌ မွေ့လျော်သကဲ့သို့ ကျွန်ုပ်သည်လည်း ရတနာသုံးပါးအား ပေးလှူခြင်း၌ မွေ့လျော်ပါ၏။

အို အရိယဆတ္တ သင်သည်ကား ကျွန်ုပ်၏ ကောင်းသော မိတ်ဆွေဖြစ်ပေ၏၊ အဖော်သဟဲလည်းဖြစ်ပေ၏၊ အလွန် ချစ်မြတ်နိုးအပ်သူလည်းဖြစ်ပေ၏၊ ငါသည်လည်း ရတနာသုံးပါး၌ ယုံစားလေ့ပျော်မွေ့လျော်ပါ၏၊ သင်နှင့်မခြား ပေးလှူစိတ်များသူလည်း ဖြစ်ပါ၏။

ကျွန်ုပ်တို့နှစ်ဦးသည် ကြည်နူးသော သဒ္ဓါ သုံးဖြာသော ရတနာ၌ မြဲစွာရှိကြပါ၏၊ ဘုရားမြတ်၏ ရှစ်ရပ်အံ့ရာ သာသနာ၌ မြဲစွာယခု ဒါနမှုကို ပြုကြပါကုန်စို့။

ဒို့နှစ်ဦးမူ၊ ဆန္ဒတူ၏၊ ကြည်ဖြူသဒ္ဒါ၊ သာသနာ၌၊ ပေးရာတမူ၊
မခြားတူ၏၊ စောင့်ယူသီလ၊ အတူမျှ၍၊ သဂ္ဂနတ်ပြည်၊ ကြွလှမ်းချီ
တူညီသွားကြစို့။

ဓမ္မသောနမင်းကြီး၏စကားကို ကြားလျှင် ဘုရားအလောင်း အရိယဆတ္တာသည် နှစ်သက်ဝမ်းမြောက်၍ မင်္ဂလာမြွက်တို့ကို အစဉ်မကွာညှပ်ပြီး အရှင်ဆရာတရပ်ကဲ့သို့ ပြောကြားလေသည်ကား–

သဒ္ဒါသီလ၊ သုတစာဂ၊ ဟိရောတ္တပ္ပါနှင့်၊ ပညာမန်၊ ခုနစ်ဖော်ကား၊
သူတော်ဥစ္စာအမှန်၊ အမြဲသို၍ ကိုယ်မှာရှိစေဖန်။

အကြင်လူသား၊ ယောကျ်ားမိန်းမ၊ ထိန်းယရှုပြန်၊ သက်မွေး ဆက်
တေး၊ မခက်သေးဟန်၊ မဆင်းရဲလို့ ခေါ်မြဲကေန်၊ ပညာရှိ အသိပြု
ခဲ့ပြန်။

ပညခေတ်ဟု သုံးဆစ်ရတနာ၊ စွမ်းနိုင်သလောက် အားစိုက်လှူကာ၊
ပယသိဒ္ဓိ ကိတ္တိလျှံဖြာ၊လူအပေါင်း ချစ်ကြောင်း နှဆေးပါ။

စွမ်းနိုင်သမျှ၊ သီလဆောက်တည်၊ အသက်ရှည်သော ရုပ်ချောပေ
မည်၊ ဖြစ်လေရာရာ၊ ရုပ်လှာအလီလီ၊ သီလမျိုး အကျိုးရှိပေသည်။

မကောင်းမှုဟို့ ပြုဘိုရှက်သည်၊တွေးကြောက်လန့်ထိတ်၊စိတ်မရောက်ပြီ။
ကောင်းမှုဆယ်ဖြာ လိမ္မာပေသည်၊ ထိုလူမျိုး ကောင်းကျိုးဝေဝေစီ။

အကြင်သူကား ကြားမြင်ငုံစုံ၊ ဟုတ်မှန်တရား သိပြားတဖုံ။
ထိုသူလောက ဖြစ်ရလေတုံ၊ ချမ်းသာမြွတ် ရောက်တတ်ဤလူ့ဘုံ။

အကြင်သူသည် ပေးလှူစွန့်ကြဲ အမြဲလိုက်လျော သဘောရှိ၍ သီလ
ဝန္တပုဂ္ဂိုလ်အား ကြည်ညိုသဒ္ဓါ ကောင်းစွာ ပေးလှူ၏၊ ထိုသူသည်
စည်းစိမ်ဥစ္စာ အခြံအရံများ တတ်ပေသည်။

အကြင်သူကား သိညာဏ်ထား၍ တောင်းငြားယာစကာ မြွတ်သဒ္ဓါ
ဖြင့် ပေးလှူ၏၊ ရဟန်းပုဏ္ဏားတို့အားလည်း လေးစားကြည်ဖြူ ပေး
လှူ၏။

ထို့ကြောင့်မင်းမြတ် ပေးလှူတတ်၍ လူ့ရပ်လူ့ရွာ ဖြစ်သောခါ
ဝယ်၊ ဥစ္စာပေါများ၊ ချမ်းသာပွားသည်၊ သင်ကား သိလေလော၊
သင်မင်းကြီးသည်ကား ချမ်းသာသောကြောင့် ရတနာသုံးပါးအား
ကောင်းမှုပြုခြင်း၌ အမြဲတစေ မွေ့လျော်လေလော။

ဘုရားအလောင်း အရိယဆတ္တာ၏ စကားကိုကြားလျှင် ဓမ္မသောနမင်းကြီးသည် ပီတိရွှမ်းအိ ပြည့်သော နှလုံးရှိသည်ဖြစ်၍ အိုအရိယဆတ္တာ· သင်သည်ကား ယောကျ်ားမြတ်ပေတည်း၊ ကျွန်ုပ်၏အထံ ခစားပါလော၊ ယခုအခါ

ငါသည် သင့်အား အိမ်ရှေ့မင်းအဖြစ်ကို ပေးပါအံ့၊ ဤနေ့မှစ၍ အိမ်ရှေ့မင်း ဖြစ်လေလောဟု ဆို၍ ဘုရားအလောင်းအား များစွာသော ပစ္စည်းဥစ္စာ အဝက်တန်ဆာတို့ကိုပေး၍ ဥပရာဇအဖြစ် အဘိသိက်သွန်းလေသည်၊ ထိုအချိန် မှစ၍ ဗမ္မဒတ္တမင်းကြီးသည် ပါတလိပုတ်ပြည်၌ မိမိ၏မိဖုရားကြီး ဗမ္မဒေဝီ နှင့်အတူ ပင်းစည်းစိမ်ကို ခံစားလျက် ဘုရားသာသနာ၌ ဒါနစသော ကောင်း မှုသိုလ်ကုသိုလ်ကိုပြုကာ အသက်ရှည်သမျှ တည်နေလေသည်၊ ထိုလူ့ရွာမှ စုတေ သော် နက်ပြည်အသီးသီး၌ ဖြစ်ကြလေ၏။

ထိုအခါ သုမေဓာမြတ်စွာဘုရားသည် သစ္စဝါဒတို့၏ ချမ်းသာစီးပွားကို ပြုလျက် အသက်ရှည်သမျှတည်နေ၍ အသက်၏အဆုံး၌ ပရိနိဗ္ဗာန် ပြုလေသည်၊ မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဆောင်၍ ဇာတ်ကို ပေါင်းတော် မူ၏။

## ဇာတ်ပေါင်းခန်း

ထိုအခါ ဗမ္မဒတ္တမင်းသည် ယခု ရှင်သာရိပုတ္တရာ၊ ဗမ္မဒေဝီသည် ဥပ္ပလဝဏ်၊ ဘောနသည် ဆန္နအမတ်၊ ထိုအခါ ပိဘုနှစ်ပါးသည် ယခု သုဒ္ဓေါဒနနှင့် မယ်တော်မာယာ၊ ကြွင်းသော သူများသည် ယခု ဘုရား ပရိသတ်၊ အရိယသစ္စသည် ငါဘုရား ဖြစ်ပေသည်ဟု ဇာတ်ကို ပေါင်းတော် မူ၏။

အရိယသစ္စဇာတ် ပြီး၏။

# ၃၂-သုဘဒ္ဒရာဇဇာတ်

ရတနာသုံး၊ ပုလဲကုံးသို့၊ ရှင်ပြုံးပန်ဆင်၊ သံသာခွင်ဝယ်၊
ကျင်လည်လေငြား၊ ထိုသူအားကား၊ ငါးပါးရန်ဝေး၊
ချမ်းသာရေးဖြင့်၊ ဘေးလည်းကင်းပ၊ နိဗ္ဗာန်ရ၏။

ယောဇနော ဝေ တိရတန်-ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ရှေးအခါက မိမိပြုခဲ့သော ကောင်းမှုအသောက်အဉီဟုံကို အကြောင်းပြု၍ဟောတော်မူ၏။

တနေ့သ၌ အရှင်သာရိပုတ္တရာထေရ်သည် မြတ်စွာဘုရား၏အထံသို့ချဉ်းကပ်၍ရည်းဝေးမိသော ရဟန်းတို့၏စိတ်၌ ထင်ထင်ရှားရှားဖြစ်စေခြင်းအကျိုးငှာ ဘုန်းတော်ကြီးသောအရှင်မြတ်ဘုရား- လောကလူသားတို့ပြုအပ်သောကံသည် အကျိုးပေးပါသလားဟု ပြဿနာတခုကို မေးလျှောက်လေသည်။

ဤသို့ မေးလျှောက်သောအခါ မြတ်စွာဘုရားသည် ချိုမြိန်သောအသံဖြင့် ငါ့ရှင် သာရိပုတ္တရာ- အလုံးစုံသော သတ္တဝါတို့ ပြုအပ်သောကံသည် အချည်းနှီးမဖြစ်ပေ၊ ရှေးက ပညာရှိသောသူသည် ကိုယ်ဝိုင်ရဘနာ သုံးပါးအား ကိုးကွယ်ဆည်းကပ်မှု ပြုခြင်းမျှသာဖြစ်သော ကောင်းမှုကိုပြုလျက် ကြီးကျယ်သော ချမ်းသာကို ရဘူးပေသည်ဟု မိန့်မြွက်တော်မူကာ ဆိတ်ဆိတ် နေတော်မူ၏။ အရှင်သာရိပုတ္တရာသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရှင်သာရိပုတ္တရာ- အတိတ်အခါက ကောဏာဂုံ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ထိုဘုရားရှင်၏ သာသနာသည် လူသားတို့၏ စီးပွားချမ်းသာဖြစ်စေခြင်းအကျိုးငှာ လောက၌ တည်ရစ်လေသည်။

ထိုအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလျက် ဘုရားအလောင်းသည် လုလင်တယောက်ဖြစ်၍ သုဘဒ္ဒအမည်ရှိ၏၊ သုဘဒ္ဒလုလင်သည် နေ့စဉ်စောစောထ၍ ကိုယ်လက်သုတ်သင်ခြင်းကိုပြုပြီးကာ လက်အုပ်ချီလျက် ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်တို့ကို အထပ်ထပ် အောက်မေ့လေသည်၊ တပါးသော သူတို့သည် သုဘဒ္ဒလုလင်၏ အပြုအမူကို ကြည့်၍ ကဲ့ရဲ့သဂြိုဟ် စကားတင်း ဆိုကြကုန်၏။

အချင်းသုဘဒ္ဒ· သင်သည် သစ်ရွက်ကိုသော်ငှင်း၊ ထင်းကိုသော်ငှင်း၊ငါး သားကိုသော်ငှင်း အကယ်၍ ရှာငြားအံ့၊ သင့်အား အသက်မွေးဝမ်းကျောင်း မှုသည်ဖြစ်လေရာ၏၊ ထို့ကြောင့် သင်သည် ဤသို့သောအမှုကို မပြုလုပ်သင့်ဟု ကဲ့ရဲ့ကုန်၏။

သူတို့ပြောသော်လည်း သုဘဒ္ဒသည် မကြားချင်ယောင် ဆောင်၍ ထပ် တလဲလဲ ရတနာသုံးပါးဂုဏ်ကို အာရုံပြုလျက် နေသည်သာတည်း။

ယောဇနော ဝေ တိရတနံ၊ အတ္တနော သရဏံဂတော။
သောဇနော ဝိမုတ္တောဒုက္ခာ၊ သဗ္ဗာဝေရာ ဘယာတိတော။

ယောဇနော၊ မျိုးဇာတ်မထင် အကြင်သူတယောက်သည်။ တိရတနံ၊ဘုရား တရား သံဃာ သုံးဖြာသော ရတနာကို။ အတ္တနော၊ မိမိ၏။ သရဏံ၊ ဘေးရန် အသွယ်သွယ် အန္တရာယ် ကွယ်ပျောက်အောင် ပယ်ဖျောက်တတ်ပေ၏ ထူ၍။ ဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ဂတော၊ အာပုံမှီးလတ် ဆည်းကပ်ပါ ပေ၏။ သောဇနော၊ ရတနာသုံးရပ် စိတ်ဆုံးဖြတ်၍ ဆည်းကပ်လေမူ ထိုသူ သည်ကား။ သဗ္ဗာဝေရာစ၊ ကြောက်စရာအတန်တန် ရန်အလုံးစုံမှငှင်း။ သဗ္ဗာ ဘယာစ၊ ဘေးဆိုးဘေးဒဏ် အတန်တန်မှငှင်း။ အတီတော၊ မမှီလောက် အောင် လွတ်မြောက်သည်ဖြစ်၍။ ဒုက္ခာ၊ ကိုယ်ရောစိတ်ပါ ချမ်းသာကင်းရှဲ ဆင်းရဲ အပေါင်းမှ။ ဝိမုတ္တော၊ မချွတ်မကင်းကျွတ် ကင်းလွတ် ရလေတော့ သတည်း။

တပါးသော အခါ၌ သုဘဒ္ဒသည် စစ်သူကြီးတဦး၏ အထံ၌နေလျက် အမှုကြီးငယ်ကိုပြု၏၊ သုဘဒ္ဒလုလင်၏ မယား သုဘဒ္ဒါသည် ဆင်းရဲစွာ အသက် မွေးရသည်ဖြစ်၍ လင်၏လုပ်ပုံကို ကြည့်ကာစက်ဆုပ်ရွံရှာလေသည်။

သုဘဒ္ဒလုလင်သည် ဆင်းရဲဒုက္ခကြုံတွေ့ရသဖြင့် ဘုံဝလေ့မှရိပ်ပန်းအဖြာ ကို စိတ်တန်းကာ မချမ်းသာသော်လည်း ပို့ငြမ်းရာ ရတနာသုံးပါးကို မှန်း ထားသော ရွှေစင်ရုပ်ကဲ့သို့ တနေဝင် တမိုးချုပ် ကြိုးကုတ်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်လေသည်။

နောက်အဘို့၌ ဘုရားအလောင်းသုဘဒ္ဒသည် မိမိ၏ဘိမ်၌ အမှုကိစ္စ အဝဝ ပြုငြားသဖြင့် မနှစ်မြို့စိတ်ထား မယားကနှိပ်စက် စိတ်ပျက်လို့မချ ဒုက္ခရောက် ရသည်ရှိသော် အထောက်ပြ တိတ်အပြန်ဖြင့် အမိဋ္ဌာန်ပြုလေသည်ကား·

ဘုရား တရား သံဃာအားဖြင့်၊ သုံးပါးရတနာ၊ ဆည်းကပ်ပါငြား၊
ထိုလူသားကား၊ မပွားဒုက္ခ· ကင်းလွတ်ရ၍၊ သုခချမ်းသာ ဖြစ်လေ
ရာ၏။

နှုတ်လှာမြွက်ကြား၊ ဤစကားသည်၊ မမှားစင်စစ်၊ အကယ်ဖြစ်အံ့၊ နှုန်းလှစ်မြွက်ကြား၊ ဤစကားကြောင့်၊ နေ့မျှားမပြု၊ ဤယခုလျှင် အဂုဒုက္ခာ၊ ကြောက်ဖွယ်ရာမှ၊ မြန်စွာမချွတ် လွတ်ရပါစေသား အရှင်ဘုရား။

သစ္စာအဆုံး ဖြုန်းဆိုသိကြားမင်း စံရင်းဘုံကမှလာ ပူစွာသော အခြင်းအရာကို ပြလေသည်။

သယ်ခက်ပါကလား- ငါသိကြား မမှားဆင်ခြင် အကြောင်းအရာ ကောင်းစွာမြင် လုလင်သုဘဒ် ဆည်းကပ်သည် ရတနာအကျိုး အပြာပြာတိုးရအောင် နတ်တန်ခိုးမူတည်၍ လူ့ပြည်ဆင်းဦးမှတော်မည်ဟု ကြံစည်ကာ ဟန်ရည်ပါ ပုဏ္ဏားအသွင်ဖြင့် လုလင်ထံချဉ်းကပ်လေသည်၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤသို့မိန့်ဆိုတော်မူ၏။

ညဉ့်မှောင်ဆုံးလို့၊ နေလုံးအပေါ်ဝယ်၊ မိုးပျော်သိကြား၊ ပုဏ္ဏားအသွင်ဖြင့်၊ သုံးအင်အမြတ်၊ ရတနာကို ဆည်းကပ်သည့်၊ သုဘဒ် လုလင်ထံပါး ကပ်သွားလေသည်။

သုဘဒ်လုလင်သည် ထိပ်ခွင်မှာ လက်ထား ရှက်သား၍ဦးတင် အထူးပင် ဂုဏ်တော် အစုံမြဲဆင်ခြင်လျက် မိမိနေရာမှာပင် တည်နေလေသည်။

တရားမယွင်း အမှားကင်းတဲ့ သိကြားမင်းသည် ဘုရားအခပ်း အမှုကင်းသည့် သုဘဒ်လုလင်ကို-

အမောင်သုဘဒ်- ဘယ်သူမှတ် ဦးကပ်လက်မိုး ရှိခိုးသနည်း၊ ရှိခိုးဦးချ၊ အကျိုးရ ဖြိုးစွာဘယ်သို့ရှိသနည်း၊ သိချင်လို့မေး၊ ထိုအရေး ဖြေပေးမောင်သုဘဒ်။

ဒိုပုဏ္ဏား- အစုံကြားဖွံ့၊ ဂုဏ်အားကြီးစွာ ဘုရား ရတနာသည် လောကမှာ အမြတ်ဆုံး၊ သံသရာဒုက္ခတုံးအောင် ဖြတ်တတ်ပေသည်။ ထိုဘုရားကို ညွတ်တွားရိုကျိုး ကျွန်ရှိခိုး၏။

ဒိုပုဏ္ဏား- တဖုံကြားအံ့၊ ဆယ်ပါးသချ်ာ၊တရားရတနာသည် လောကမှာအမြတ် ထူးရပ်မမြင် သံသရာသဘောပြ ဝဲဩဃရေအယဉ်မှ အစဉ်လွတ်မြောက် စေတတ်၏၊ ရေရပ်မှာ ပေါ်မျော သဘောကြီးပမာ သတ္တဝါဝေနေယျကို အခြေအနေမလှ ဒုက္ခဆင်းရဲမှ မုချကင်းစဲအောင် ကယ်တင်တတ်ပေ၏၊ လူသတ္တဝါကို သံသရာမှ တင်ဆောင်ရာမှာ အမြတ်တခုဖြစ်သော ထိုတရားမြတ်ကို အမြဲမပြတ်ရှိခိုးပါ၏။

စင်ပြူသီလ၊ ဒါနအလှူ၊ခံယူထိုက်ပေ၊ ဇလန္ဒြေမြိမ်သက်၊ မဖောက်ညှင်ကျူ၊
အပပြူသား၊ ဂုဏ်မြောက်မြားသည့်၊ ရှစ်ပါးသံဃာ၊ အရိယာကို၊
ဆယ်ပြာလက်စုံ၊ ဦးထိပ်ပုံ၍ ကြည်ယုံသဒ္ဓါ ရှိခိုးပါ၏။

ပုဏ္ဏားက အစုံကြားသော်လည်း မယုံစားရှာသေး၊ စာကလေးနှစ်ပုဒ်
ကဗျာရေးတုတ်၍ လာသေးသည့် ပုဏ္ဏာကား-

အိုသုဘဒ်၊ တောရပ်ကို ယခုပင်သွား ထင်းများကိုဆောင်ယူ၍ အိမ်သူ
ကိုပေး မျက်နှာလေး ရွှင်ပြုံးပြုံးနဲ့ ဘဝင်ကျအောင် သွင်လှလှ မြင်ရ
လိမ့်မယ်။

မယုံကြည် လက်တွေ့စမ်း၊ ထင်းထမ်းလို့ အိမ်ကိုပြန် အမှန်ပင် ဘမ်း
သာ၍ အလျှမ်းပြာလျက် ချမ်းသာပေလတ့်။

ရတနာသုံးပါး၊ ဝပ်တွားရိုကျိုး၊ ရှိခိုးအမူ၊စဉ်ဆက်ပြူ၏။ ယနေ့မှပြစ်၊
လက်သစ်မဟုတ်၊ ကျွန်ုပ်သည်ကား၊ ယုံကြည်ငြား၍၊ သုံးပါးရတနာ၊
ပစ္စနှိပါဘည့်၊ မြဲတွာမသွေ၊ ရှိခိုးပေ၏။

အိုအချင်းသုဘဒ်၊လူ့ရပ်လူ့ယဲ မင်းကားဆင်းရဲခွမ်းပါးလှသည်၊အလုပ်
အကိုင်ရှာကြံ၍လုပ်ပါ ကိုသုဘဒ်၊ မင်းမယားကလည်း၊ မင်းအလုပ်
မကိုသုပ်သည်၊ မင်းပိုကလည်း၊ ဘုရားဂုဏ် တရားဂုဏ်နဲ့ ဖင်မလုံဘူး၊
အင်ဖက်ဖြစ်စေ၊ ဘဏ္ဍာဖက် ဖြစ်စေ၊ မြက်ဖြစ်စေ၊ ထင်းဖြစ်စေ၊
ဘယ်ဟာမဆို ပြူကိုရောက်ရင် ရောင်းရဒါချည်းပဲ။

ငွေစငွေစ အရင်းအနှီးရတော့ ကြိုက်ရာစားသောက် အားရောက်ရော
မျိုးကိုကျွေး ချမ်းချမ်းသာသာ ကိုယ့်အသက်ကို မွေးနိုင်တာပေါ့၊ ဘာ
လုပ်ဖို့ စိတ်ကူးသလဲ။

သံသရာမှာ အထပ်ထပ်အခါခါ လည်နေရသော ကျွန်တော့အတွက်
ဗုဒ္ဓရပ်သွင်တော်ဟာ အရခဲဆုံးပါ အရှင်ပုဏ္ဏား။

လူဖြစ်၍ လူ့ဘဝအသက်မွေးမှုဟာ အရေးပြုလောက်စရာ မဟုတ်ပါ၊
ကျွန်ုပ်အတွက် ခက်ခဲစွာကြားနာရသည်ကား တရားတော်မြတ်ပါ။

ငွေ ငွေ ရတနာ ဝတ်စားတန်ဆာ အပြာပြာသည် ရခဲတာမဟုတ်ပါ၊
သံဃာရတနာသည်သာ ရခဲပါသည်။

ရတနာသုံးပါး အပထား၍ ခုနစ်ပါး ရတနာ ပြည့်စုံသူတွေမှာကား
လူဆင်းရဲတွေသာ ဖြစ်ပါကုန်၏။

အကြင်သူတို့သည် ပစ္စည်းဥစ္စာအားဖြင့် ဆင်းရဲခွမ်းပါးကုန်၏၊ ရတနာ
သုံးပါးကို ဆည်းကပ် ကိုးကွယ်ကုန်၏၊ ထိုသူတို့သည်ကား ကြွယ်ဝ
ချမ်းသာသူ မည်ကုန်၏။

အကြင်သူတို့မှာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ၊ ဟီရိဩတ္တပ္ပဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ပါးရှိ၏၊ ထိုသူတို့သည် လူ့ပြည်နတ်ပြည်၌ ကြွယ်ဝချမ်းသာသူ မည်ကုန်၏။

အမောင်သုဘဒ္ဒ- ဘုရားမြတ်၏သာသနာ၌ သဒ္ဓါယုံကြည်ရှိပေ၏၊ ထိုသင်သည် ပြုနိုင်ခဲ့သောအမှုကို ပြုပေသည်တကား။

ဤသို့ပြောဆိုပြီး သိကြားမင်းသည် ရှိတားရင်းနတ်တန်ခိုးဖြင့် ရောင်မျိုးပြောင်လှင်းလျက် နေလုလင်ကဲ့သို့ ကောင်းကင်ပြင်၌ ရပ်တည်လေသည်။

ဘုရားအလောင်းသုဘဒ္ဒသည် ခုဖြတ်ဆို တရပ်ပြောင်းသွားသော်ကြား ကိုမြင်လျှင် အသွင်တခြား အံ့မြင်ပွားသည်ဖြစ်၍—

ကောင်းကင်ယံ အခံအခု ကြည့်ရှုသတ်မှတ် အစပ်မရှိ၊ ရပ်နိုင်သော မွမ်းအင်ပြည့်သော သင်သည်ကား ဂန္ဓဗ္ဗမျိုးမှပွားတဲ့ နတ်သားလေလော၊ သို့မဟုတ် ဝတိံသာထက်ဖျားက သိကြားလေလော၊ ဤကဲ့သို့ ပြိုးပြိုးပြောင်ပြောင် တိုးတိုးတောင်ယောင် အရောင်ရှိသူကို မမြင်စဘူး မကြားစဘူး ဝကားပူး အကျယ်မပွားဘဲ ဘယ်လိုလူစားဖြစ်သည်ကို ပြောကြားပါလေလောဟု မေးလေသည်။

အချင်းသုဘဒ္ဒ- ယခုရပ်နေသူကား ဝတိံဖျားက သိကြားနတ်၊ သင်အထင်ကပ်သည့် ဂန္ဓဗ္ဗမဟုတ်၊ မယုတ်ဆန္ဒ အမှန်ရဘို့ ဌာနလူ့ပြည် အပူဟည်၍ သင့်သိလာခဲ့သည်။

လုလင် သုဘဒ္ဒသည် ယုမြတ်ကို ဤသို့တောင်းဆို၏။

နှပ်ပို့ကိုအစိုးရဲ့ ဒေဝါသနင်း ဒိုသိကြားမင်း- ဆုများပေးမယ် ပြုရင်တော့ ဤဆုကိုပေးတော်မူပါ။

ကျွန်ုပ်သည် သရဏဂုံသုံးပါး ကိုးစားယုံကြည် အလီလီပွားများသော ဤကုသိုလ်ကြောင့် လိုဆုမရသေးပါ၊ သံသရာဌာန ဘဝအလီလီ၌ ဟည်ပိုကာ ကျင်လည်ရသည်ရှိသော် ဆင်းရဲသော အမျိုး၌ မဖြစ်ရပါလို၊ လူဘွယ်ဥစ္စာ အဖြာဖြာ မြဲစွာရလိုပါ၏။

အမောင်သုဘဒ္ဒ- တမလွန်လောကဘ၌ရင်း၊ သို့မဟုတ် ပစ္စုပ္ပန်လောကဘ၌ရင်း၊ ဥစ္စာပြည့်စုံမှုကို ဘယ်လိုပြုရမည်လဲ၊ ကျွန်ုပ်ကို ပြောပြစမ်းပါ။

အရှင်သိကြားမင်း- တမလွန်လောက၌ ပြည့်ပြည့်ဝဝဖြစ်ရမှုကို တောင့်တသည့်ပြင် နောင်အခါ နိဗ္ဗာန်ချမ်းသာ ရရာအကြောင်း ဗောဓိဉာဏ်ကောင်းကို တောင့်တပါ၏။

အမောင်သုဘဒ်- ဤပစ္စုပ္ပန်လောက၌ သင်သည် ကိုယ်တွေ့ချမ်းသာ မြတ်ကို ရရှိနေပေ၏၊ ငါသည် သင့်အား ထိုချမ်းသာကို ကြိုက်နှစ်သက်မှု ပေးပါအံ့။

အရှင်သိကြားမင်း- ကျွန်ုပ်ယခု ရနေသောချမ်းသာကား မျက်မှောက်ချမ်းသာဖြစ်ပါ၏၊ ဤဘဝ၌ပင် ကျွန်ုပ်သည် အကြင်ချမ်းသာဆုကို တောင်း၏၊ ထိုဆုကိုပေးပါလော။

ထိုဘုရားအလောင်း ဆုတောင်းစကားကို ကြားလျှင် သိကြားမင်းသည် အမောင်လူသား- ယခု ဘယ်ဆုတောင်းသနည်းဟု မေး၏။

အရှင်သိကြားမင်း- အကျွန်ုပ်သည် ယခုအခါ တပါးသူ၏စကားကို နားမထောင်ပဲ အရာဌာနအားလျော်စွာ ကောင်းမှုကုသိုလ်ကို ပြုရလိုပါ၏၊ စိတ်နှလုံးကို ရွှင်ပြုံးစေတတ်သော ပစ္စည်းဝတ္ထုကိုရလိုပါ၏၊ ကျွန်ုပ်အသက်ရှည်သမျှကာလ ဤဆုကိုသာ ပေးတော်မူပါ အရှင်သိကြားမင်းဟု ပြောကြားလေသည်။

အမောင်သုဘဒ္ဒ- ငါသည် အချိန်ကာလ ရှည်ကြာလှစွာ သင့်အားဆုပေးနေခြင်းငှာ မတတ်နိုင်ပါ။

အရှင်သိကြားမင်း- သင်သိကြားမင်းသည် ကျွန်ုပ်အသက်ရှည်သမျှ ဆုပေးမနေဘူးဆိုပါရင် ခုနစ်နှစ်လောက်ပေးပါ။

ခုနစ်နှစ်တာကာလပတ်လုံး အချိန်ဖြုန်းခံပြီး ဆုပေးမနေနိုင်ပါ အမောင်သုဘဒ္ဒ။

ထိုအခါ သုဘဒ္ဒလုလင်သည် သိကြားမင်းအား ၆-နှစ်၊ နောက် ၅-နှစ်၊ နောက် ၄-နှစ်၊ နောက် ၃-နှစ်၊ နောက် ၂-နှစ်ပေးပါရန် တောင်းလေသည်။

အမောင်သုဘဒ္ဒ- သင်တောင်းသော ခုနစ်ခုသောနှစ်တို့ တိုင်အောင်လည်း ပေးမနေနိုင်ပါ။

အဲဒီလောက်နှစ်မှ မပေးနိုင်ဘူးဆိုရင် တနှစ်လောက်တော့ ပေးပါအရှင်သိကြားမင်း။

တနှစ်မျှပင်မပေးနိုင်ပါ အမောင်သုဘဒ္ဒ။

တနှစ်မျှပင် မပေးနိုင်ဘူးဆိုရင် အဘယ်မျှ အတိုင်းအတာ အချိန်ကာလလောက် ပေးနိုင်ပါသနည်း အရှင်သိကြားမင်း။

အိုသုဘဒ္ဒ-ယနေ့နံနက် နေအမြင့်မှ နက်ဖြန်နံနက်နေအမြင်ထိတည်၌တနေ့မျှ ဆုပေးမည်ဆို၍ ဤဂါထာကို ဆို၏။

အိုလူသား မာဏဝသုဘဒ္ဒ၊ တွက်ဆတည်ဦ၊ တနေ့ဖြင့်လျှင်၊ များလင့်သုခ၊ အဝဝကို၊ အားရဝမ်းသာ၊ ဝံစားပါလော၊ ယူပါငါမှ-သုဘဒ္ဒ။ ကျေးဇူးကင်စွာ ချီးပြောက်တာကိုယူပါပည် အရှင်သိကြားမင်း။

သိကြားမင်းသည် ဘုရားအလောင်း သုဘဒ္ဒလုလင်အား လိုချင်သောဘုကို တနေ့တည်ဦပေ ပြီးလျှင် ပိမိဗြာနိဝတီပြည်သို့ အချိန့်မှီ ခပ်းဆန့်လေသတည်း။

ဝတိဖျား၊ သိကြားတဲ့နတ်ရာဇာ၊ အလောင်းတော် မောင်သုဘဒ်၊ ဘဲမြတ်ပေးကာ ကာလကိုချင့်ပြန်တော့ တနေ့နှင့်တည်ဦတာ၊ ရတနာသုံးပါး လှူ့ကိုးစား၊ တိုးပွားအကျိုးသာ၊ လူတိုင်းလူတိုင်းဤပုံနှိုင်း၊ ...ိုင်းငှိုင်းကြုလေပါ။ အဲဒါမှသိကြားက အပျားရအောင် မပည်သာ။

အလောင်းတော်သုဘဒ္ဒသည် တခုပလပ်ရ သိကြားမဆုကိုယူ၍ ပြုဘွယ်မှုကိစ္စတရပ်ဖြင့် တောရပ်သို့သွား၊ လမ်းမှားပြန်လေသည်။

ထိုအချိန်မှာ ဗာရာဏပြည့်ရှင် ဘုရင်မင်းမြတ်သည် အပြင်းကပ်သောရောဂါဖြင့် နတ်ရွာစံကံတော်ကုန်လေသည်၊ တိုင်းသူပြည်သား ခေါင်းဆောင်ပျားသည် မင်းတရား၏မသာကိစ္စ အဝဝပြီးပြတ်အောင် ဆောင်ရွက်ပြီးနောက် ခုနစ်ရက်မြောက်သောနေ့မှာ ဇည်းဝေးတိုင်ပင် ကြကုန်၏။

အိုလူကြီးပင်အပေါင်းတို့- တိုင်းပြည်ဟူသည် မင်းမရှိက ပျက်စီးပေလတ့်၊ ယခုငါတို့သည် ဖုတ်သွင်းရထားဖြင့် မင်းတရားကို ရှာကြကုန်စို့။

ထိုနေ့မှာပင်ဘုရားအလောင်းသုဘဒ် တောရပ်မှာလမ်းမှား အမှန်းအတားနှင့်သွား ဗာရာဏသိပြည် အနီးအပါးသို့ရောက် သစ်တပင်အောက်မှာ အိပ်လေသည်။

ထိုညဉ့်၌ နတ်ရွာစံလေပြီးသောမင်းကြီး၏ မင်္ဂလာမြင်းသည် ကျယ်လောင်စွာဟီလေသည်၊ မြင်းဟီသံကိုကြား၍ အမတ်တို့သည် အိုအချင်းတို့- ငါတို့၏မင်း နတ်ရွာစံကံတော်ကုန်သည့်နေ့မှစ၍ ဤမင်္ဂလာမြင်းသည် တစုံတရာအသံမပြုချေ၊ ယခုမင်္ဂလာမြင်းသည် ကျယ်စွာသောအသံကိုပြုလေသည်၊ ငါတို့သည် တန်ခိုးအာနုဘော်ကြီးမြတ်သောမင်းကို ရပေလိမ့်မည်ဟု ပြောဆိုကုန်၏။

နောက်နေ့၌ ထိုအမတ်တို့သည် ကုမုဒြာကြာ အဆင်းရှိသော မင်္ဂလာရထားကို မြင်းလေးကောင်ကစေ၍ ထိုရထား၌ မင်းမြောက်ဘန်ဆာ ငါးဖြာတင်လျက် နံ့သာရေဇင်ဖြင့် ရထားအစပ်နှင့် တပ်ကြိုးများကို သွန်းလောင်း၍ မင်းဖြစ်ထိုက်သော ဘုန်းကံရှိသော သူ၏အထံသို့ သင်ရထားသည် သွားစေသတည်းဟု အဓိဋ္ဌာန်၍ လွှတ်ကုန်၏။

အလုံးစုံသောအမတ်တို့သည် များစွာသောတူရိယာတို့ကိုယူစေ၍ ထိုရထားကိုခြံရံကုန်၏၊ ထိုဇာတ်၌ပင် သုဘဒ္ဒလုလင်သည် မိမိ၏ရတနာသုံးပါး လေးစား သမှု ရေးထားပြီး၍ ကိုးကွယ် ဆည်းကပ်သော တန်ခိုးမှုတော် အာနုဘော်ကြောင့် ပင်ကိုယ်ရုပ်သွင်ကွယ်ပျောက် အလှရုပ်ရောက်ကာ နတ်သားလေးပမာ သစ်ပင်ရင်းမှာ အိပ်ပျော်ရှာလေသည်။

ဖုတ်သွင်းရထားသည် ဗာရာဏသီမြို့မှထွက် သစ်ပင်ရင်းတခုမှာ အိပ်စက်နေသောသုဘဒ္ဒကို လက်ျာရစ်လှည့်ပတ်လျက်–

တက်ကြွပါ အရှင်သခင်- အစိပ္ပါယ်ပါသောအသွင်ကို ပြလေသည်။

ထိုသစ်ပင်ရင်း၌ မောပန်းခြင်း နှိပ်ချက်ဖြင့် အိပ်စက်နေသော သုဘဒ္ဒကိုမြင်လျှင် အမက်တို့သည် မင်းအဖြစ်နှင့် အပ်မအပ်ကို အတပ်ပုံဖမ်း၍ စုံစမ်းခြင်းငှာ တပြိုင်နက်သာ တူရိယာမျိုးစုံကို မြေတုန်အောင် တီးခတ်ကြကုန်၏။

ဘုရားအလောင်း သုဘဒ္ဒသည် ထိုတူရိယာသံဖြင့် နိုး၍ မျက်စိဖွင့်လျက် လူအများကိုမြင်လျှင် တဖက်ကို လှည့်စောင်း၍ အိပ်ပြန်၏၊ အမက်တို့သည် ခြေနှစ်ရပ်၌ အမှတ်လက္ခဏာကို ကြည့်ကုန်၏၊ လက္ခဏာဖြစ်ချက် နှစ်သက်သဘောကျ၍ အိုအရှင်မင်းသား. ထတော်မူပါ၊ ကျွန်ုပ်တို့၏ တိုင်းငှာနှ၌ မင်းအဖြစ်ကို ယူတော်မူပါဟု ပြောဆိုကုန်၏။

ထိုစကားကိုကြားလျှင် ဘုရားအလောင်း သုဘဒ္ဒသည် အိပ်ရာမှ ထလျက် အိုအမတ်တို့ သင်တို့၏ မင်းမြတ်သည် ဘယ်အရပ်သို့ သွားလေသနည်းဟုမေးလေသည်။

ကျွန်ုပ်တို့၏ ဘုရင်မင်းမြတ်သည် နတ်ရပ်ခိုလှုံ၍ နတ်ဘုံစံသွားပါပြီ အရှင်မင်းသား။

သို့ဖြစ်လျှင် ထီးမွေကိုခံသော သားသော်ရင်း၊ သမီးသော်ရင်း မရှိသလော အမတ်တို့—

တစုံတယောက်မျှ မရှိပါ အရှင်မင်းသား။

အိုအမတ်တို့- ဤလိုသိုရင် ကျွန်ုပ်သည် သင်တို့ တောင်းပန်သော စကားအတိုင်း မင်းပြုအံ့ဟု ဘုရားအလောင်းက ပြောဆို၏။

မင်းအဖြစ်ကို ငြင်းဂလှစ်ပဲ ချစ်သျှစ်ခင်ခင် မင်ပင်မက်မက် လက်ခံမယ်ဆိုရင်တော့ အရှင်မင်းမြတ် ဆင်မြင်း စသော ယာဉ်တခုခုစီး၍ မြို့တော်သို့ဝင်ပါဟု လျှောက်တင်ကုန်၏။

ထိုအခါ ဘုရားအလောင်းမှာ ဤသို့ အကြံဖြစ်၏၊ တည၌ တနေ့မျှဖြင့် သိကြားမင်းသည် ငါ့အား သုမြတ်ကို ပေးအပ်ပေသည်၊ ငါသည် ဆင်ယဉ် စသည်ဖြင့် မြို့သို့ အကယ်၍ သွားပါအံ့၊ ငါ၏ကောင်းမှုအရှိန်ကုန်သောအခါ မှ မြို့သို့ရောက်၍ ဤစည်းစိမ်မှ လျှောကျရာသည်၊ အရှက်တော်ကွဲ၍ အကဲ့ရဲ့ ခံရပေလတ့်ဟု ကြံစည်၏။

ဤသို့ ကြံစည်ပြီးသည့်အတိုင်း ဘုရားအလောင်းသည် ဆင်ယာဉ် စသည်ကို မစီးမူ၍ ယာဉ်ငယ်ကိုစီးကာ ဗာရာဏသီမြို့တော်သို့ ဝင်လေသည်။

ဘုရားအလောင်းသည် မြို့သို့ဝင်ကာ စပိုသည်၏ အိမ်မှာနေလျက် စစ်သူကြီး ရာထူး စသည်ဖြင့် အသီးသီးခွဲဝေခန့်ထားပြီးလျှင် ရက္ခစိုးနတ် စသည်တို့အား ဗလိနတ်စာပေး၍ ဘဏ္ဍာတိုက်တို့ကို ဖွင့်စေကာ သင့်လျော်သောအဝတ်အထည် တန်ဆာများကို ယူစေပြီး အမတ် အစရှိသော သူတို့အားရင်း၊ တသောင်း ခြောက်ထောင်ကုန်သော နန်းတွင်းသူတို့အားရင်း ပေးစေ၏၊ အကြီးအမှူး လေးယောက်တို့ကိုရင်း၊ အလုံးစုံသော ပရိသတ်တို့ကိုရင်း သင့်လျော်ရာကိုယူစေ၍ မိမိ၏ ဆွေမျိုးများထံသို့လည်းပို့စေ၏၊ ဗာရာဏသီမြို့တော်ကို တန်ဆာဆင်စေပြီးလျှင် နေအိမ်တော်သို့တက်၍ ထီးဖြူမိုးသော ရာဇပလ္လင်၌ ထိုင်လေ၏။

ထိုအခါ အမတ်တို့သည် သုဘဒ္ဒကို အဘိသိက်သွန်း၍ မင်းအဖြစ်ကို အပ်နှင်းပြီးလျှင် ဗြဟ္မဒတ်မင်းဟူသော အမည်ကို ပေးကြကုန်၏။

သုဘဒ္ဒသည် မင်းအဖြစ်ကို ရပြီးနောက် ဤသို့ ကြံစည်၏ ငါ၏ မင်းစည်းစိမ်သည် ယနေ့ပင်လျှင် ဖြစ်၏၊ ဤည၌လွန်သဖြင့် မနက်ဖြန် အရုဏ်ကျင်း လင်းရောင်ခြည်ရောက်သော် ဤမင်းစည်းစိမ်မှ အလုံးစုံသောဥစ္စာကို ပေးလှူမှု၌သာ ဖြစ်စေအံ့ဟု ကြံစည်၏၊ ဤသို့ ကြံစည်ပြီးလျှင် ဘုရားအလောင်းသည် ဘဏ္ဍာတိုက်တို့၌ ဥစ္စာတို့ကို ယူစေပြီးလျှင် လူအပေါင်းတို့အား ပေးလှူ၏၊ ကောဏာဂုံ မြတ်စွာဘုရား၏ သာသနာ၌ အလှူကြီးပေး၏၊ ရဟန်းတော်များ အပါးသို့ ချဉ်းကပ်၍ တရားနာ၏၊ ရဟန်းသံဃာများကို ပင့်ဖိတ်၍ မိမိ၏ နန်းတော်၌ ပွန်မြတ်သော ဘောဇဉ်တို့ကို ကျွေးမွေးလှူဒါန်း၏၊ မိမိကိုယ်တိုင် ရေစက်သွန်းချ၏၊ ရဟန်းတပါးတပါးအား သင်္ကန်းချုပ်လောက်သော အဖိုး တထောင် ထိုက်တန်သော ကာသိတိုင်းဖြစ် ဝတ်စုံပေါင်း တသိန်းကျော် လှူ၏။

အလုံးစုံသော ပစ္စည်းစုကို ပေးလှူဘို့ရန် ဦးတည်ထား၏၊ ဒါနပေးလှူသည့် အတွက် ရသော ကုသိုလ်ကို မိဘနှစ်ပါး ဆွေမျိုးများနှင့် များပြား စကြဝဠာ

သတ္တဝါတို့အားရင်း၊ တသောင်းသော စကြဝဠာ၌ နေသော နတ်တို့အား ရင်း၊ အခြံအရံနှင့်တကွ လောကပါလ နတ်မင်းကြီး လေးဦးတို့အားရင်း၊ သိကြားစသော ကာမာဝစရနတ်တို့အားရင်း၊ အလုံးစုံသော ဗြဟ္မာတို့အား ရင်း အမျှအတန်းဝေပြီးလျှင် ဤသို့ကြုံစည်၏၊ ထိုဒါန၏ အကျိုးဖလသည် တညဥ့်တနေ့မျှသာဖြစ်၏၊ ဤညဥ့်လွန်သဖြင့် မနက်ဖြန်ဆိုရင် ငါ၏ကောင်း မှုသည် ကုန်ပေလတံ့ဟု ကြုံစည်၏။

ထိုအခါ အလုံးစုံသောနတ်တို့သည် ဘုရားအလောင်း၏ ပူဇော်သက္ကာရ အလှူ ဝတ္ထုကို ယူကာ မိမိတို့အား ဘုရားအလောင်းသည် ရည်ရွယ်၍ ပြုအပ်သောဒါန၏ အကျိုးကိုယူ၍ ဘုရားအလောင်း၏ ကောင်းမှုကျိုးကုန် ဆုံးသောအချိန်၌ ဤသို့ တိုင်ပင်ကြကုန်၏၊ အိုအချင်း နတ်အပေါင်းတို့- အလုံးစုံသော ငါတို့သည် ကောင်းမှုကုန်ဆုံးသောအခါ ဤလုလင်ကိုစွန့်ပယ် ကုန်ငြားအံ့၊ ငါတို့သည် ကျေးဇူးမသိရာကျပေလိမ့်မည်၊ ထို့ကြောင့် အလုံး စုံသော ငါတို့သည် အလွန်အချိန်ကြာမြင့်သောအခါတိုင်အောင် စည်းစိမ်ဥစ္စာ တို့ဖြင့် ထိုလုလင်ကို တည်စေခြင်းငှာ သိကြားမင်း၏အထံသို့ သွားကြကုန်အံ့ဟု တိုင်ပင်ကုန်၏။

ဤသို့ တိုင်ပင်ကြပြီးနောက် နတ်အပေါင်းတို့သည် သိကြားမင်း၏ အထံ သို့သွား၍ ထိုအကြောင်းကို ပြောကြားလိုရကား ဤဂါထာကိုဆို၏။

> အို ရှင်သိကြားမင်း- မပယ်င်းသရဏဂုံ ပြည့်စုံလူသား မင်းဖြစ်ငြား၏၊ သူ့အားကောင်းမှု၊ ယခုကုန်ပြန်၊ လျင်မြန်သွားရောက်၊ စောင့်ရှောက် တော်မူပါလော—

ဟု ပြောကြားကုန်၏။

ဤသို့ ပြောဆိုကြပြီးလျှင် ထိုနတ်အပေါင်းတို့သည် ထပ်ကာ ထပ်ကာ ဘုရားအလောင်းအားစောင့်ရှောက်ပါရန် သိကြားမင်းကို တောင်းပန်လိုကုန် သည်ဖြစ်၍ ဤဂါထာကို ဆိုကုန်၏။

> အို သိကြားမင်း- ဤလုလင်သည် ယနေ့မင်းစည်းစိမ်မှ လျှောကျပေ လတံ့၊ ထိုလုလင်အား စောင့်ရှောက်တော်မူပါ၊ ထိုလုလင်အား လျင် လျင် မြန်မြန် ကောင်းကျိုးပေးတော်မူပါ၊ ထိုလုလင်အား ပေးအပ် သော အကျိုးဖြင့် ကျွန်ုပ်တို့၏ စိတ်သည်လည်း ဖြူစင် ဝမ်းသာပါ ၏။

ထိုစကားကို ကြား၍ သိကြားမင်းသည် ဂါထာကို ဆို၏။

အို နတ်အများတို့· ငါသည် ထိုလုလင်အား အနည်းငယ်သော ညဥ့်မျှပင် မြတ်သောဘုန်းကိုပေးအံ့၊ ယနေ့ အရုဏ်တက်မှ မနက်ဖြန် အရုဏ်တက်တိုင်အောင် ဆုကိုပေးဘို့ ဤနေရာလာခဲ့သည်။

ထိုစကားကိုကြား၍ အလုံးစုံသော နတ်အပေါင်းတို့သည် ဤဂါထာကိုဆိုကုန်၏။

သိကြားမင်းရောက်၊ လာပြီးနေသော်၊ ညဥ့်မပေါက်ကုန်ဆုံး၊ နေလုံးပေါ်လာ၊ ချိန်အခါ၊ စွဲကာဆုပေး၊ လာရေးနက်ဖြန်၊ ကုန်လေပြန်၏၊ တဖန်ပြုငြား၊ ရှင်သိကြား၊ မမှားစောင့်ရှောက်၊ ချီးမြှောက်တော်မူ။

ထိုအခါ သိကြားမင်းသည် ဤဂါထာကို ဆို၏။

ယခုပင်လျှင်၊ ထိုလုလင်၊ ဆုပင်မြွက်ကြား၊ စကားဆိုသည် ဖြစ်အံ့၊ သင်တို့လက်ကို၏ ဘုန်းကံနှင့်၊ ကျွန်ုပ်၏ဘုန်းကံ၊ ဤနှစ်တန်ကြောင့်၊ အလုံးစုံသော ငါတို့သည် ထိုလုလင်အား ချမ်းသာကြောင်း ဥစ္စာ ကောင်းတို့ကို ပေးပါကုန်အံ့။

ထိုအခါ ပဉ္စမယာမ်၏ အခြားမဲ့၌ သိကြားစသော နတ်တို့သည် ကောင်းကင်မိုးအားဖြင့် ဘုရားအလောင်းထံ လာ၍ မိမိတို့၏ ကုသိုလ်ကံမှ ကောင်းကျိုးကို ထိုဘုရားအလောင်းအား ပေးလိုကုန်သည်ဖြစ်၍ ဤဂါထာတို့ကို ဆိုကုန်၏။

သင်၏ ဘုန်းကံသည် နှုန်းစံလွတ်သော် မချွတ်ချော်သည် ဖြစ်ငြားအံ့၊ ငါတို့၏ဘုန်းကံကြောင့် နှုန်းစံဖြစ်ကာ နှစ်တရာချမ်းသာသုခ ဤနေ့မှ၍ တည်စေသတည်း။

ရတနာသုံးပါး၊ ကိုးစားယုံကြည်၊ ခက်သည်အမှု၊ ပြုခဲ့ပေ၏၊ သုံးတွေ့ သရဏဂုံ၊ အာရုံပြုရိုး၊ ချမ်းသာကျိုး၊ ပွားတိုးစေသတည်း။

ဥစ္စာမြောက်မြား၊ သင်ကားတမူ၊ ပေးလှူပေ၏၊ များထွေနတ်ပေါင်း၊ ပူဇော်ရှောင်း၏၊ ထိုကောင်းမှုကြောင့်၊ ပေါင်းစုချမ်းသာ၊ မြဲစွာဖြစ်စေသတည်း။

ဥစ္စာတွေများပြားနှံ့၊ လှူသားကိုတဲ့ ပြုစုပေ၊
ထိုကုသိုလ်နဲ့သော်စွမ်း လွှမ်းပြည့်လို့နေ။
ရက်လရှည်ကြာ၊ တည်တံ့ကာ နေပါလုလင်ဆွေ၊
သရဏဂုံ၊ စိတ်မှာထုံ၊ အာရုံအကျိုးပေ။

အနှစ်ငါးရာ၊ သက်ရှည်ကြာအောင်၊ ပြည်ကျိုးဆောင်လျက်၊ လူ့ဘောင်လူသား၊ ကြီးပွားစေငှာ၊ ကျင့်ဆယ်ဖြာ၊ ညီညာ မင်းပြုစေ။

သင်တို့တတွေ၊ မြတ်ကောင်းမှု ပြုကြလေ၊
ကောင်းမှုက အကြောင်းပြုမှ ကောင်းသုခရမလေ။
မှန်ပေ တိုင်းပြေ၊ မင်းအဖြစ် ပြုရစ်ပါတော့လေ။

ဤသို့ နတ်အပေါင်းတို့သည် အလောင်းတော်မြတ် ရည်မှတ်ပေါင်းစု အကြောင်းပြု ကောင်းမှုကျိုးများ တိုးပွားစေခြင်းအကျိုးငှာ ကောင်းမှုပြုကံကို ပြောကြား၍ ချီးမွမ်းစကားပြောပြီး အသီးသီးပန်ကြားကာ နတ်ရွာထက်ပြေ ပြန်ကြလေကုန်သတည်း၊ ထိုအကြောင်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ဤဂါထာကို မိန့်တော်မူ၏။

နတ်အများ၊ ကပ်ရှားလို့ လူတို့ရွာ၊
ကောင်းမှုစဉ် ပြောကာကြား မင်းဖျား ထောမနာကြောင်း၊ ကောင်း
ပြော၍သာ၊ နတ်တို့ရွာ၊ ပြန်ရှာဘို့ပန်ကြား၊ သုဘဒ္ဒါ ရတနာမြတ်
ကပ်တဲ့တရား။

အကြင်သူ တဦးတယောက်သည် သရဏဂုံသုံးပါး၌ လေးစား ကြည်ညိုခိုလှုံဆည်းကပ်၏၊ ထိုသူအား ရတနာသုံးစုံ၌ ခိုလှုံဆည်းကပ် ဂုဏ်သကတ်နှင့် ပြည့်စုံသည်ဖြစ်၍ အာနိသင်များပြားအကျိုးတရားသည် ထင်ရှားစွာ ဖြစ်ပေါ်လေသည်၊ ထိုအကြောင်းကို မြတ်စွာဘုရားသည် ဤသို့ ပြတော်မူ၏။

ယောစဇနော လောကေ ဇာတော၊ သဒ္ဓါယ ဗုဒ္ဓံ ဓမ္မဉ္စ။
သံဃဉ္စ သရဏံဂတော၊ သောစဇနော သုခေ ဌိတော။
ပဟာယ မာနုသံ ဒေဟံ၊ သဂ္ဂံ ဂစ္ဆတိ သဗ္ဗဒါ။

လောကေ၊ လူ့ဘုံဌာန လူ့လောက၌။ ဇာတော၊ သန္ဓေမှီကာ ဖြစ်၍လာသော။ ယောဇနော၊ အမျိုးလေးပါး ဖြစ်ပွားလာသူ အကြင်သူသည်။ ဗုဒ္ဓဉ္စ၊ သစ္စာလေးအင် သိမြင်ပိုင်းခြား မြတ်ဘုရားကို၎င်း။ ဓမ္မဉ္စ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားမှန်ကို၎င်း။ သံဃဉ္စ၊ ရှစ်ပေါ်သံဃာ အရိယာကို၎င်း။ သရဏံ၊ ဘေးရန် အန္တရာယ် အသွယ်သွယ်ကို ကာကွယ်ပေရှာ ဆည်းကပ်ရာဟူ၍။ ဂတော၊ ရိုသေလေးမြတ် ကပ်ရောက်ပေ၏။ သောဇနော၊ လူ့ဘုံဖြစ်ငြား ထိုလူသားသည်။ သုခေ၊ လူတို့ရွာမှာ ဖြစ်လာသုခ အဝဝ၌။ ဌိတော၊ စိတ်အေးချမ်းမြတည်နေရသည်ဖြစ်၍။ မာနုသံဒေဟံ၊ လူ၌ဖြစ်လာ ရုပ်ခန္ဓာကို။ ပဟာယ၊

စုတိပြက်ကြွေ သေလွန်သောအခါ စွန့်ပယ်ခွါ၍။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဂ္ဂ၊ နတ်တို့စံရာ နတ်ပြည်ရွာသို့။ ဂစ္ဆတိ၊ အမှန်မသွေ လားရောက်ရပေသတည်း။

ထိုအချိန်အခါမှစ၍ ဘုရားအလောင်းသည် နတ်အပေါင်းတို့၏ ကောင်းမှုတေဇော် အာနုဘော်ဖြင့်ရင်း မိမိ၏ ကောင်းမှုကျိုးဖြင့်ရင်း အနှစ်ငါးရာ အသက်ရှည်လျက် ဆယ်ချက်မင်းကျင့် ပျက်ခွင့်မပေးဘဲ အေးဆေးချမ်းသာ ရတနာသုံးပုံ ခိုလှုံအားပြု ပေးမှုပြည့်မှီ ဗာရာဏသီမင်းဖြစ်၍ မင်းစည်းစိမ်ကို ခံစားကာ နတ်ရွာစံသောအခါ တုသိတာနတ်ရပ် ရွှေဗိမာန်ပြာသာဒ်၌ ဖြစ်ရလေသည်၊ မြတ်စွာဘုရားသည် ဤဒေသနာကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ သိကြားမင်းသည် ယခုအခါ ရှင်အနုရုဒ္ဓါ၊ မိဘာနှစ်ပါးတို့သည် သုဒ္ဓေါဒနနှင့် မဟာမာယာ၊ သုဘဒ္ဒါသည် ယသောဓရာ၊ လူအများနှင့် နတ်အပေါင်းသည် ဘုရားပရိသတ်၊ သုဘဒ္ဒမင်းသည် ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုဘဒ္ဒရာဇဇာတ် ပြီး၏။

# ၃၃–ဗဟာလပုတ္တဇာတ်

**သည်းခံတရား၊ မြတ်ဘုရားသည်၊ အများထက်ပင်၊ သည်းခံကျင်၍၊ လူတွင်ထင်ရှား၊ ဦးဆောင်ပြောခဲ့။**

မှသာမေကထာနတ္ထိ ဗျဋ္ဌ-ဟူသော ဤဒေသနာကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိမိရှေးက ဖြည့်ကျင့်ခဲ့သော ခန္တီပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏၊ တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် စည်းဝေးကြလျက် အချင်းချင်း စကားဖြစ်စေကုန်၏။

ငါ့အရှင်တို့- ငါတို့ မြတ်စွာဘုရားသည် ရှေးအခါက သံသရာဆင်းရဲကို သည်းခံတော်မူလျက် ခန္တီပါရမီကိုဖြည့်ကျင့်ကာ အလုံးစုံသော သတ္တဝါတို့၏ စီးပွားချမ်းသာ ဖြစ်စေခြင်းအကျိုးငှာ လောက၏ မြတ်သောအားထားမှီခိုရာ ဖြစ်လေသည်ကား အံ့ဘွယ်ရာပင်တည်း-ဟု စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ရဟန်းတို့ပြောသောစကားကိုကြား၍ မိမိနေရာမှထကာ ဓမ္မသာလာသို့ ကြွချီတော်မူပြီးလျှင် ဘုရားသခင်နေရာတွင် ထိုင်တော်မူလျက် အဘယ်စကားဖြင့် စည်းဝေး ပြောကြားကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် ပြောကြားပါကုန်၏ဟု လျှောက်ထားလေသော်၊ ရဟန်းတို့- ယခုဘုရားဖြစ်ခါမှ သည်းခံသည်မဟုတ် ရှေးက ငါသည် တိရစ္ဆာန်အမျိုး၌ ဖြစ်လျက်လည်း မိမိ၏ မရဏဒုက္ခကို သည်းခံလျက် မိမိမိခင်၏ အသက်အတွက် မိမိ၏အသက်ကို ရက်ရက်မတွန့်စွန့်ဘူးသည်သာတည်းဟု ဟောတော်မူပြီး ဆိတ်ဆိတ်နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့- ရှေးအတိတ်အခါက ကောသလတိုင်း၌ သူဌေးတဦး၏အိမ်အနီးမှာ ဗဟာလအမည်ရှိသော နွားမတကောင်ရှိလေသည်၊ ထိုနွားမ၏သားကား ဗဟာလပုတ္တအမည် ရှိ၏။

အခါတပါး ဗဟာလအမည်ရှိသော နွားမသည် မိမိသားနှင့်အတူ နေရာမှ ထွက်၍ နံနက်စောစော မိမိနှင့်အတူတကွ သွားသော နွားအုပ် အလယ်၌ သားငယ်ကိုထားခဲ့၍ မိမိချမ်းသာစွာ စားရခြင်းအကျိုးငှာ တောအလယ်၌

မြက်ကိုရှာဖွေရန် တကောင်တည်းဝင်လေသည်၊ ထိုထိုနေရာမြေမှာပေါက်သော မြက်ကို စားနေသော ထိုနွားမကိုမြင်၍ ယခုအခါ ငါသည် ဤနွားမကိုဖမ်းသိမ်း၍စားအံ့ဟုကြံပြီးလျှင် ကျားကြီးသည် နွားမ၏အနီးသို့ကပ်သွားလေ၏။ ထိုခဏ၌ ထိုနွားမသည် တကောင်တည်းတောလယ်၌ မြက်စားနေစဉ် မိမိထံပါးကပ်လာသောကျားကိုမြင်လျှင် မော့ကြည့်၍၊ အိုကျားရဲ- သင်သည် အဘယ်အကျိုးငှာ ငါ၏ထံပါးသို့ လာသနည်းဟု မေး၏၊ ထိုစကားကို ကြားလျှင် ကျားကြီးသည် ထိုနွားမကို-

အိုအရှင်နွားမ- သင့်ကိုကိုက်စားခြင်းငှာ ဤနေရာသို့ ငါသည်လာ၏-ဟု ကျားကပြော၏။

ထိုစကားကိုကြားသော် နွားမသည် ကျားကြီးကို-

အိုကျားရဲ- သင်သည် ငါ့ကို အကယ်၍စားသည် ဖြစ်အံ့၊ ဤနေရာမှာ အနည်းငယ်စောင့်လင့်ပါဦး၊ ငါ၏ သားငယ်သည် နွားအုပ်အလယ်၌ ရှိနေပါသည်။

ထိုနွားငယ်ထံသို့သွား၍ နို့ချိုတိုက်ပြီး လျင်လျင်မြန်မြန် သင့်ထံသို့ပြန်လာခဲ့ပါမည်၊ ထိုအခါမှ သင်သည် ငါ၏အသားအသွေးကို စားပါဟု ပြော၏။

ထိုစကားကိုကြားသောအခါ ကျားကြီးသည် အိုနွားမ- သင်ပြောသောစကားသည် အကယ်၍မှန်ပါအံ့၊ ယခုငါသည် သင့်အား သား၏အထံသို့သွားခြင်းငှာ ခွင့်လွှတ်အံ့ဟု-ဆို၏။

ကျား၏စကားကို ကြားလျှင် နွားမသည် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ထိုနေရာ၌ တည်နေသော ကျားနှင့်တိုင်ပင် ဆွေးနွေးလိုသည် ဖြစ်၍ ပဌမဂါထာကို ဆို၏။

> အိုကျားကြီး ကျွန်ုပ်၏ ပြောစကားသည် လိမ်လည်လှည့်ဖျား မမှန်သောစကား မဟုတ်ပါ၊ မှန်သောစကားသာဖြစ်ပါသည်၊ ငါ၏သားထံသို့ သွားခွင့်ပြုပါ။

ဤသို့ပြောဆိုပြီး နွားမသည် ကျားကြီးကို ပန်ကြားလိုသည်ဖြစ်၍ ဤဒုတိယဂါထာကို ဆို၏။

> အိုကျားကြီး ပန်ကြားပါ၏၊ ငါ၏ သားထံသွား၍ နို့တိုက်ပြီးလျှင် သင်၏ထံ အမြန်ပြန်ခဲ့ပါမည်။

ထိုနွားမ၏စကားကို ကြားသောအခါ ကျားကြီးသည် နွားမအား . ခွင့်ပြုလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏။

အိုနွားမ- လျင်စွာသွား၍ သင်၏ သားငယ်ကို နို့တိုက်ပါ၊ သင်၏ပန်ကြားချက်ကို လက်ခံ၍ ဝမ်းသာဝမ်းမြောက် ဖြစ်ပါလေလော။
ဝမ်းသာစွာ သင်သည် သင်၏သားနှင့်အတူ ငါ၏ထံ ပြန်လာခဲ့ပါ၊ သင်၏ကိုယ်ကို စားပေအံ့။

ကျား၏ပြောစကားကိုကြား၍ နွားမသည် ကျားကိုပန်ကြားပြီးလျှင် မိမိသားရှိရာနွားအုပ်သို့သွား၍ သားကိုနို့တိုက်ပြီးသော် သားငယ်အား ပန်ကြားလို၍ ဤသို့ဆို၏။

ချစ်သားငယ်- သင်သည်ကား ငါ၏ချစ်ခင်ဖွယ်ဖြစ်သော စိတ်နှလုံးကိုပွားစေတတ်သော တဦးတည်းသော သားငယ်သာဖြစ်ပေသည်၊ ငါ၏အသက်သဖွယ်လည်း ဖြစ်ပေ၏။

ဤသို့ပြောဆိုပြီးနောက် နွားမသည် မိမိကိုယ်တိုင် ကျားအား အသားအသွေးကိုစားစေခြင်းငှာ ဝန်ခံကတိပြုခဲ့သည်ကို သားအား ဤသို့ပြော၏။

အိုချစ်သားငယ်- ငါသည် တောတွင်း၌ ငါ၏ကိုယ်ကိုစားစေခြင်းငှာ ကျားကြီးအား ဝန်ခံကတိ ယခုပင်ပြုခဲ့သည်၊ ကျားကြီးကိုပန်ကြား၍ သင်၏ထံသို့ငါလာခဲ့၏၊ ငါ့သား လိမ္မာစွာနေလော၊ အမေ ကျားကြီးထံသို့ ပြန်၍သွားတော့အံ့ဟု ပြောဆို၏။

အမိပြောသောစကားကို ကြားရလျှင် နွားငယ်သည် မိမိ၏အမိဖြစ်သောနွားမကို အိုမိခင်- ဘာပြုလို့ဤစကားကိုပြောနေပါသလဲဟု မေး၏၊ ထိုအခါ နွားမသည် မိမိ၏သားနှင့် တိုင်ပင်လိုသည်ဖြစ်၍ ဤသို့ပြောဆို၏။

ငါသည် သစ္စာကတိ ဝန်ခံချက် ရှိသည့်အတိုင်း ပြုအံ့၊ မိမိကိုယ်ကိုကျားစားခံခြင်းငှာ တောတွင်းရှိကျား၏ထံသို့သွားအံ့၊ ယနေ့အငမေ၏အသက်သည်မရှိတော့ပြီ၊နွားအုပ်နှင့်မခွဲခွါဘဲ ဤနေရာမှာချမ်းသာစွာနေရစ်ပေတော့ သားရေ့။

ထိုစကားကိုကြားလျှင်- ဘုရားအလောင်း နွားငယ်သည် မိမိ၏ အမိကိုတားပြစ်လိုသည်ဖြစ်ရကား-

အိုမိခင်- ကျွန်တော့ကို စွန့်ကာထား ကျားစားခံအပေ မသွားပါနဲ့၊ သွားရင်တော့ မေ့သားနွားငယ် မွေးမယ်ရှဲမျက်နှာကို မမြင်ရလို့ သေရတော့မယ်။

အိုမိခင်-ကျွန်တော့ကို စွန့်ကာထား မသွားပါနဲ့၊ သွားရင်တော့ မေ့သားသေတော့မယ်၊အမေရှဲနို့ကိုစား အသားလုပ်နေရတဲ့ ကျွန်တော်ဟာ အသက်ရှည်ကြာ နေရှာနိုင်လိမ့် ဦးမည်ဟု မမျှော်လင့်နဲ့တော့ အမေ၊ ကျွန်တော်သေမှာ အမှန်ဘဲအမေရှဲ။

ထိုအခါ နွားမသည် မိမိ၏သား နွားငယ်ကို ပန်ကြားလိုသည် ဖြစ်၍ ဤ နှစ်ဂါထာကို ဆို၏။

သားရေ- အမေရဲ့အသား ကျားစားခံရန် ကျားကြီးထံ အမေသွား ကော့မယ်၊ အနာဂတ်အချိန်မှာ အမေ့ရဲ့ ကုသိုလ်ရှိန် တရားစုကို သခု ဝေါ်ပေါ်ပါသားရယ်။

နောင်ခါမှာ သားကလေး ချမ်းသာရအောင် အမေ့ရဲ့ကုသိုလ်ကို ဝမ်း မြောက်ပေတော့ သားရေ၊ အမေဟာဘယ်အချိန်မှာမှ လိမ်မပြောခဲ့ဘူး၊ အမေဟာ အမှန်ကိုသာ ပြောပါတယ်၊ အမေဟာ ကျားကြီးထံမှာ ဝန်ခံကတိ ထားမှုခဲ့တဲ့ အတိုင်း သစ္စာပါရမီ ဖြည့်ရန် သွားမယ် သားရေ။

## အမေ့အစား ကျားစားကျွန်တော်ခံပါရစေ

အမိ၏စကားကို ကြားလျှင် ဗဟုလပုတ္တ နွားငယ်သည် မိမိ၏ အမိ နွားမ ကြီးအား အရိုအသေပြု၍ အမိကို အလွန်ချစ်မြတ်နိုးသည် ဖြစ်၍ရှင်း၊ ပြုဘူး သော ကျေးဇူးကို သိတတ်၍ရှင်း- အိုအမိ- အမိအတွက် ကျွန်တော် ကျား၏ အစား ခံပါအံ့ဟု ပြောဆို၏။

ထိုစကားကို ကြားသော် ထိုဗဟုလာနွားမသည် မိမိ၏ သားကို ဤသို့ ပြော၏။

ချစ်သား အမေဟာ ကျားကြီးအား မိမိ၏ကိုယ်ကို ပေးရန် ပဋိညာဉ် ပြုခဲ့ပါသည်၊ ငါ၏ စကားဟာ အမှန်ဖြစ်ပါသည်၊ မုသားစကား အမေ့မှာ တကြိမ်တခါမျှ မရှိခဲ့ဘူးပါ၊ အမှန်စကားသည်ကား ပြည့်စုံမှုအရပ်ရပ်ကို ပေး တတ်ပါသည်၊ နတ်လူတွေလည်း ချီးမွမ်းပါသည်၊ မုသားစကား သည်ကား အလွန်တရာ မကောင်းသောအမှုဖြစ်ပါသည်၊ နတ်လူတို့လည်း ကဲ့ရဲ့ပါ၏၊ ထို ကြောင့် အမေသည် အမှန်စကားကို မစွန့်ပါ။ အမေ့ရဲ့ကိုယ်ကိုသာ ပေးခြင်း ငှာ ကျားကြီးထံသွားပါအံ့ဟု နွားမက ပြောလေသည်။

ဤသို့ပြောဆိုပြီးလျှင် ထိုနွားမသည် မိမိ၏သားကို ပန်ကြား၍ ထိုတော လယ်၌ နေရစ်ခဲ့သော ကျားကြီးထံသို့ ချဉ်းကပ်၍ သွားလေသည်၊ ထိုအခါ ဘုရားအလောင်း နွားငယ်သည် ထိုအဖြစ်ကိုကြည့်၍ မိမိအမိနွားမနောက်မှ ငို၍ လိုက်လာကာ ထိုတောလယ်၌ ရပ်နေသော ကျားကိုမြင်လျှင်—

အိုကျားကြီးခင်ဗျား- သနားသဖြင့် ကျွန်ုပ်၏ အသွေးအသားကို စားပါ၊ ကျွန်ုပ်၏အမေအတွက် သင့်အား ကျွန်ုပ်၏ အသွေးအသားကို ကျွေးမွေးပါ သည်၊ ကျွန်ုပ်ကိုသာ စား၍ ကျွန်ုပ်အမေကို လွှတ်ပါ၊ ကျွန်ုပ်အမေ အတွက်

ကျွန်ုပ်၏အသားတို့ သင့်အား စားစေခြင်းဖြင့် ကျွန်ုပ်၏အမေအသက် ချမ်းသာပါစေ၊ ကျွန်ုပ်၏အမေအတွက် ကျွန်ုပ်၏ခန္ဓာကိုယ် အသားအသွေးကို စားသောက်ရသဖြင့် ချမ်းသာစွာ အသက်ရှည်ပါစေ၊ ယခု ကျွန်ုပ်သည် အနာဂတ်ကာလ၌ ဘုရားဖြစ်စေခြင်းအကျိုးငှာ လွန်ကဲပြင်းထန်သော ဆင်းရဲကိုခံသဖြင့် ခန္တီပါရမီကို ပြည့်စေပါအံ့ဟု ပြော၏။

ဤသို့ပြောဆိုကာ ဘုရားအလောင်းသည် အိုကျားကြီး- ကျွန်ုပ်၏ ခန္တီပါရမီကို ပြည့်စေခြင်းအကျိုးငှာလည်း၊ ပြုဘူးသော ကျေးဇူးကို ဆပ်ပေးရခြင်းငှာလည်း၊ မျက်မှောက်သံသရာကျိုးနှစ်ဖြာ ဖြစ်စေခြင်းငှာလည်း အမိ အစား ကျားစားခံခြင်းသည် အလုံးစုံသော စည်းစိမ်ချမ်းသာကို ပေးတတ်ပါ၏၊နတ်လူတို့လည်း ချီးကျူးပါ၏၊ ကျွန်ုပ်အမိ၏ သစ္စာစကားသည် အခါခပ်သိမ်း သာလျှင် ပြည့်စုံမှုအရပ်ရပ်ကို ပေးတတ်ပါ၏၊ နတ်လူတို့သည် ချီးမွမ်းအပ်ပါ၏။ ဤသို့ပြောဆိုပြီးလျှင် ဤသုံးဂါထာတို့ကို ဆို၏။

မုဥ္စာဟိတံ မဟာဗျဂ္ဃ၊ မာတရံ မမ ဝါစာယ။
မာတုယာ ဟိ ဇိဏ္ဏံ ဟောတိ၊ အမဓုရာဝ မံသိကာ။

မဟာဗျဂ္ဃ၊ အိုကျားကြီး။ မမ၊ ကျွန်ုပ်၏။ ဝါစာယ၊ အမှန်ပြောကြားတောင်းပန်စကားဖြင့်။ တံမာတရံ၊ ကျေးဇူးအရှင် ထိုမိခင်ကြီးကို။ မုဥ္စာဟိ၊ သနားငဲ့ညှာ အစားလာသဖြင့် လွှတ်လိုက်ပါလော။ မာတုယာ၊ ကျေးဇူးရှင်မိခင်ကြီး၏။ မံသံ၊ အသားသည်။ ဇိဏ္ဏံဟိ၊ အသက်ကြီးမြင့်၍ စားခွင့်မလျော်ရင့်ယော်သည်သာ။ ဟောတိ၊ အမှန်စင်စစ် ဖြစ်နေပါ၏၊ အမဓုရာဝမံသိကာ၊ ချိုမြိန်ကင်းငြား အသားတွေရှိသည်။ ဟောတိ၊ စင်စစ် ဖြစ်ပါသတည်း။

> အိုကျားကြီး-ကျွန်ုပ်သည်နုပျို၍ ကျွန်ုပ်၏အသားသည် ချိုပါ၏၊ကျွန်ုပ်၏အသားကို အလိုရှိတိုင်းစားပါ၊ယခုကျွန်ုပ်၏ ကောင်းမှု အတွက်လည်း ခန္တီပါရမီကို ပြည့်စေရန်အတွက်လည်း ကျွန်ုပ်၏အမေကို လွှတ်ပါ၊ ကျွန်ုပ်သည်ကား ငယ်ရွယ်၍ အမိကိုမှီတွယ်ကာ မိမိအသက်ကို မွေးမြူနေရပါ၏၊ အမိသေလျှင် ကျွန်တော်မျိုးကို သတ်သည်ပင် ဖြစ်ပါ၏၊ သို့ဖြစ်ပါ၍ ကျွန်တော့်ကိုစား အမိကို သနားညှာတာသော အားဖြင့် လွှတ်လိုက်ပါ။

ဘုရားအလောင်း နွားငယ်၏ သနားစဖွယ် ပြောကြားသော စကားကို ကြားလျှင် ကျားကြီးသည် ယခုပင် လျှင် နွားငယ်သည် ငါနှင့်ချစ်စဖွက်စကား ပြောကြားဘိ၏၊စိတ်နှလုံးကောင်း၏၊မိမိ၏အသက်ကိုအမိအတွက်ပေးလိုသဖြင့် စကားဆို၏၊ ငါသည် သားအမိ နှစ်ဦးစလုံးကို စားလျှင် အပါယ်ခွင်သို့လားရ

ချေမည်၊ ယခုပင်လျှင် ဤသားအမိဟိုကို သေခြင်းဆင်းရဲမှ လွတ်စေအံ့ဟု အကြံအစည်ဖြစ်၏၊ ဤသို့ကြံစည်ပြီးနောက် ထိုကျားသည် ဘုရားအလောင်းနှင့် တိုင်ပင်လို၍ ဤသို့ ဆို၏။

> အိုနွားငယ်· သင်သည် သည်းခံ၏၊ သင်တို့နှစ်ဦးစလုံးကို မစားတော့ပါ၊ ဒါနရ်၏ ကောင်းမှု အကျိုးငှာ သင်တို့နေရာရွာသို့ သွားကြပါကုန်လော။

ထိုအခါ ထိုနေရာ၌ သတ္တဝါသုံးဦးတို့သည် အချင်းချင်း ဝမ်းမြောက်ကြည်နူးလျက် နေကုန်၏၊ ထိုနွားမ၏ အမှန်စကား ပြောကြားသောတန်ခိုးကြောင့်၎င်း၊ ဘုရားအလောင်း၏ ခန္တီပါရမီ ကျင့်သော တန်ခိုးကြောင့်၎င်း ကျေးဇူးသိတတ်သော တန်ခိုးကြောင့်၎င်း သိကြားမင်း၏ ဘုံဗိမာန်သည် ပူသော အခြင်းအရာကို ပြလေသည်၊ သိကြားမင်းသည် ထိုအကြောင်းကိုဆင်ခြင်၍ မိမိဟာသာကြံစည်ကာ ဤဂါထာကိုဆို၏။

> ကောင်းမှုဒါန၊ အကျင့်လှကို၊ မြင့်ကြွစေမူ၊ ပြုကျင့်ပေတတ်၊ ဤသူမြတ်ကား၊ နတ်လော လူလော၊ ငါ့သဘောမှ၊ ရွှေ့လျော စေလိုသလော။

ထိုအခါ၌ သိကြားမင်းသည် ထိုအကြောင်းကို ကောင်းစွာသိ၍ နှစ်သက်သောစိတ်ရှိရကား ယနေ့ပင်လျှင် ဗဟုလာနွားမ, ဗဟုလနွားငယ်, နွားသားစားပည့်ကျား၊ ဤသုံးဦးသားတို့သည် များစွာခံမင်ဂုဏ်တင်လျက် အချင်းချင်းဝမ်းမြောက်ကြကုန်၏၊ ယခုငါသည် ထိုသုံးဦးတို့၏ အထံသို့သွား၍ တရားဟောအံ့ဟုကြံပြီးလျှင် ဤသုံးဂါထာတို့ကို ဆို၏။

> ယခုဗဟုလာအမည်ရှိ နွားမသည် အမှန်စကားကိုပြော၍၊ ဗဟုလပုတ္တ ခေါ် နွားငယ်သည်လည်း ဗောဓိဉာဏ်ရကြောင်းဖြင့် သည်းခံသော ခန္တီပါရမီကို ဖြည့်ကျင့်ပေ၏။
>
> ကြမ်းကြုတ်ခက်ထန်သော သားသမင်တို့၏ အသားကိုစားသော ကျားသည်လည်း ယနေ့ သူ့ကျေးဇူးကိုသိတတ်လျက် ချစ်ဖွယ်သောစကားတို့ကိုပြောလျက် နွားသားအမိနှင့်အတူ ကြည်ဖြူဝမ်းသာ ပျော်ရွှင်စွာ နေပေ၏။
>
> ယသတ္တဝါသုံးဦးတို့၏ အမှန်စကားကိုပြောကြားခြင်း သစ္စာဂုဏ်, မိမိကိုယ်ခန္ဓာကို စားလိုက စားပေစေ၊ ပေးလှူအံ့-ဟူသော သည်းခံခြင်း ခန္တီဂုဏ်,အကျိုးအကြောင်းကို ပြောဆိုညွှန်ကြားပေသည်ဟု သူ့ကျေးဇူးသို့သိသော ကတညုတာဂုဏ်တို့သည် ဤသတ္တဝါသုံးဦးတို့၌ ရှိကြပေကုန်၏-ဟု ပြောဆိုလေ၏။

ဤသို့ပြောဆိုပြီးလျှင် သိကြားမင်းသည် နတ်ပြည်မှ ဆင်းသက်၍ ထို သတ္တဝါသုံးဦးတို့၏ အထံသို့သွားလျက် တောကြီးအလယ်၌ ရပ်တည်လေ၏၊ ထို့နောက် သိကြားမင်းသည် သိကြားမင်း၏ ကိုယ်ရောင် ကိုယ်ဝါတို့ဖြင့် ထွန်းလင်းတောက်ပလျက် တက်သစ်စနေဝန်းအသွင် ကောင်းကင်၌ရပ်တည်၍ ထိုသတ္တဝါသုံးဦးတို့အား တရားစကားပြောကြားလိုရကား–

လောကဥ္စတွင်၊ ကောင်းမှုပင်၊ ခေါ်တွင်သစ္စာ တူမပါ။
အမှန်စကား၊ ပြောလေငြား၊ နွားမသက်ချမ်းသာ။
ခန္တီ,ဓမ္မ၊ ဤလောက၊ ပြောပြရှိလေပါ။
ပါရမိမြောက်၊ ဂုဏ်တူးရောက်၍၊ နောက်နောင်ဘုရား၊ အချိန်များ၊ မမှားဖြစ်နိုင်ပါ။
လောကဥ္စတွင်၊ သိမှုပင်၊ လွန်လျှင် ရေးကြီးပါ။
မိမိအတွက်၊ သနားဖက်၊ သိချက် ကျေးဇူးပါ။
သစ္စာဟူဘိ၊ ကောင်းမှုရှိက၊ ချမ်းသာရကြောင်း၊ အမှန်ကောင်း၊ အပေါင်းဖြည့်ကျင့်ရာ။
ခန္တီတရား၊ တည်တံ့ငြား၊ ပွားများစိတ်ချမ်းသာ။
မိမိကောင်းကျိုး၊ ခန္တီမျိုး၊ အားကြိုးဖြည့်ကျင့်ပါ။
မိမိဂုဏ်ကို၊ သိဘို့လို၊ ထိုထိုလူများမှာ၊ ကျေးဇူးသိတတ်၊ တရားမြတ်၊ မှတ်အပ်အကျင့်ပါ။
သစ္စာခန္တီ၊ တလီကတည်၊ ဤသုံးခုကား၊ မှတ်ရှုမြတ်စွ၊ ဤလောကဥ္စ၊ ဖြစ်ကြများစွာ၊ သတ္တဝါတို့၊ တည်ရာစင်စစ်၊ ကေန်ဖြစ်၍၊ မလစ်ပုံသေ၊ ဖြည့်ပါလေ၊ အဆွေလူတိုင်းသာ။
အမှန်တရား၊ မပြောကြားဘဲ၊ များပြားကောင်းမှု၊ အကျိုးပြု၊ ရမှု နည်းလေသည်။
ခန္တီမထား၊ ဒါနအား၊ မများ အကျိုးနည်းလေသည်။
သူတပါးပြု၊ ကျေးဇူးမှု၊ မပြုပြန်လှန်သည်။
အကတည၊ အတည်ပြု၊ ခေါ်မှု တွင်လေသည်။
ထိုသည်သူကား၊ ချမ်းသာများ၊ မပွား ရှိလေသည်။
ယုတ်ညံ့ဇာတိ၊ မျိုးရိုးရှိ၍၊ မပြည့်သုခ၊ လာဘနည်းပါး၊ ဆင်းရဲ ပွား၊ အများကဲ့ရဲ့သည်။

ထို့ကြောင့်ရကား လူအများတို့ ရည်ငြားသုခ၊ ရကြကြည်နူး ပြောဦး စကား၊ နားထောင်ငြား၍၊ သုံးပါးတရားကိုယ်၊ ⁄အမြဲသို၊ ထိုထိုနတ်လူရွာ။

ထိုသုံးဦးသော သတ္တဝါတို့အား တရားဓမ္မဟောပြပြီးလျှင် နတ်တွင်ဖြစ်ဘိ မိမိအာနုဘော်ဖြင့် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်၍ နတ်နန်းပြာသာဒ် အသီးအသီးမှာ ထားပြီး နတ်သွီးတထောင် အပြည့်အစုံ ပါဝင်သော နတ်ပြည်နတ်ရွာတွင်ဖြစ်သော စည်းစိမ်တို့ဖြင့် ပြည့်ဝ၍ ကခြင်း သီခြင်း တီးမှုတ်ခြင်း အမှုံ နတ်တူရိယာစုံဖြင့် အာရုံစိတ်လယ် မွေ့လျော်ဘွယ်ရာကောင်းစွာ မှန်းတင်ယျက် ငါးအင်အစုံ နတ်ကာမဂုဏ်နှင့် ပြည့်စုံ ရတနာခုနစ်ပုံဖြင့် သန်းကြယ်သော ရွှေနန်းပြာသာဒ်ကို ပေးလေသည်၊ ထိုခဏ၌ ထိုသုံးဦးသော သတ္တဝါတို့သည် နတ်ဗိမာန်ပြာသာဒ်၌ တည်လျက် ထိုနတ်ပြည်၌ပင် မိမိတို့၏ အတ္တဘောအသွင်ကို စွန့်၍ နတ်သားအဖြစ်ရကြကာ မိမိတို့ရလာဗိမာန်မှာ နတ်စည်းစိမ်ကို ခံစားကြကုန်၏၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ထိုအခါ ထိုသတ္တဝါသုံးဦးတို့သည် စင်ကြယ်သောတရား၌ တည်ရှိကုန်သည်ဖြစ်၍ လူလောကတောမြေမှာပင် အချင်းချင်း စကားမြွက်ကြားပြောဆိုကုန်၏။

သိကြားမင်းသည် နတ်ပြည်မှာ နေလျက် လူတို့၏ အကျင့်တရားဖြင့် ရှင်အားလျှမ်းတောက် ဝမ်းမြောက်သည်ဖြစ်၍ နတ်ပြည်သို့ဆောင်ယူခဲ့ကာ။

နတ်ပြည်၌ဖြစ်သော ဗိမာန်၌တည်နေစဉ်မှာပင် မိမိတို့၏အတ္တဘောကို ငွန့်ကြ၍ နတ်ဘာဝကို ရကြကုန်၏။

နတ်ဘာဝရကြလျှင် နတ်၌ဖြစ်သော စည်းစိမ်ကို ခံစားကာ နတ်အပေါင်းတို့ဖြင့် ပျော်ပိုက် မွေ့လျော်ကြကုန်၏။

ထိုတိရစ္ဆာန်သတ္တဝါ သုံးဦးတို့သည် တာဝတိံသာ နတ်ရွာလောက နတ်ဗိမာန်၌ စည်းစိမ်ကို မြိန်မြိန်ကြီး ခံစားကြရကုန်၏။

မြတ်စွာဘုရားသည် သစ္စာခန်း ကတညုတာ ဤသုံးပြာသောတရားဒေသနာတော်ကို ဆောင်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ သိကြားမင်းသည် ယခု အနုရုဒ္ဓါ၊ ဗဟာလာနွားမသည် မယ်တော်မာယာ၊ ကျားသည် သုဒ္ဓေါဒန၊ နွားအပေါင်းနတ်အပေါင်း ပရိသတ်လေးပါးသည် ဘုရားပရိသတ်၊ ဗဟာလနွားငယ်သည် ယခု ငါဘုရားဖြစ်တော်မူလေသည်ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဗဟာလပုတ္တဇာတ် ပြီး၏။

# ၃၄-ဗဓိရဇာတ်

**အတိတ်ကံကြောင့်၊ အရိပ်ဟန်သာ မြင်၊ နားတွင် မကြား၊ မိသားစု။**

မူဠွေန ဟိမူဠွမာဂမိ-ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် နားပင်းသူ လေးယောက်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းတို့သည် နံနက်စောစောထ၍ ဆွမ်းအလို့ငှာ ဖြစ်သော ခရီးစဉ်အားဖြင့်ကြွသွားကြလေရာ သာဝတ္ထိမြို့တော်၏ အနီးအပါး ဆင်ခြေဖုံး ရွာတရွာ၌ ဆွမ်းခံလှည့်လည်လေသော် နားပင်းသူလေးဦးတို့၏ရွာ၌ ဆွမ်းခံ ဝင်မိလေကုန်၏။

ထိုအခါ နားမပင်းသော သားတယောက်သည်သာလျှင် ထိုရွာသို့ ဝင်လာသော ရဟန်းတော်တို့အား လုပ်ကျွေးပြီး၍ အရှင်မြတ်ဘုရား ဤအိမ်မှာနေတဲ့ အမေ အဖေ နှမ တပည့်တော်ရဲ့မယား ဤသူလေးယောက်တို့သည်နားပင်းကြပါသည်ဘုရားဟု လျှောက်ကြား၏။

ထိုယောက်ျား၏ လျှောက်ထားသော စကားကို နားထောင်ပြီးလျှင် ထိုရဟန်းတို့သည် ဆွမ်းခံရွာမှ ဖဲကုန်လျက် နေရာကျောင်းသို့ ပြန်ခဲ့ကုန်၏။

တချိန်မှာ ထိုရဟန်းတို့သည် တရားသဘင်၌ ဆုံစည်းမိ၍ အချင်းချင်းပြောရာမှ စကားဖြစ်လာကုန်၏၊ ငါ့ရှင်တို့ ထိုရွာမှာ နားပင်းသူ လေးယောက် တအိမ်တည်း နေကြသည်၊ တအိမ်တည်းမှာ လေးယောက် ဘယ်ကံကြောင့် နားပင်းသူတွေ ဖြစ်နေကြသည် ဆုံတာကတော့ အံ့စရာတခုဘဲ ဟူသော စကားကို ဖြစ်စေကုန်၏။

ထိုအခါ ဘုရားမြတ်စွာသည် နားကပ်ခါပြောသကဲ့သို့ ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ထိုရဟန်းတို့ ပြောစကားကို ကြား၍ ကြွသွားတော်မူကာ ဘုရားအတွက် သက်သက်ခင်းထားအပ်သော နေရာ၌ တင်ပလ္လင်ခွေကာ ထိုင်ပြီးလျှင် အိုရဟန်းတို့ တင်စမ်းကွဲ့မများ အဘယ်စကားဖြင့် အကျယ်ပွားနေကြသနည်းဟု ဘုရားရှင် အမေးပြုတော့ အလေးဂရု အနေအထားနဲ့ ဤမည်သောစကားဖြင့် အကျယ်ပွားကြပါသည်ဟု လျှောက်ထားလေသော်- ဘုရား

သဗ္ဗညုသည် ယခုအခါ လေးဖြာနားပင်း ဖြစ်လာခြင်းကား အံ့ဩခြင်းဖြစ်ဖွယ်ရာမဟုတ်၊ ဟိုရှေးပိုင်းအတိတ်ကလည်း ထိုသူတို့သည် ကိုယ်တိုင်ပြုဖန် အကုသိုလ်ကံကြောင့် အသံမကြား နားပင်းသူများ ဖြစ်ခဲ့ဘူးကုန်ပြီဟု သံရှစ်ရုံပြက်ကြားမျှ ကောသမသက်သဲ ဿတ်နေတော်မူ၏။

ရဟန်းအများတို့သည် ဟောကြားတော်မူပါဘုရားဟု လျှောက်ထားကောင်းပန်သောကြောင့် အကြောင်းပြန်ပြလိုစိတ်ဖြင့် အတိတ်ကို ဆောင်တော်မူလေသတည်း။

## အတိတ်ဝတ္ထု

သံသရာဘား မြန်မကြာအေး ဖန်ခါခါတွေးကြတဲ့ ချစ်လေးတစု မောင်ဘိက္ခုတို့ ရှေးလေအတိတ် နိမိတ်ကြောင်းမြွတ် ငါအလောင်းတော်သည်ကောင်းသောကြမ္မာ တည်ပြန်လာမှ ဗာရာဏသီပြည်ကြီး စည်ယိးခရိုင် နိုင်ငံအုပ်ချုပ် ပင်းလုပ်ရလေသည်၊ အမည်ကား၊ ဗြဟ္မဒတ် နှင်းအပ်တောင်ညာ ပဟာဒေဝီသည်ကား ဗြဟ္မနာမံ အမည်မှုပေ၏။

ထိုအခါ ပြည်ဗာရာနှင့် ပကွာမဝေး ရွာကလေးတရွာရှိလေသည်၊ ထိုရွာမှာ ဖပိတာဆိုသူမှာ နားပင်း၊ အမိရင်းဆိုသူကလည်း နားမကြား၊ သမီးနှင့် ချွေးမကလည်း တိုနည်းမခြား လေးယောက်သား တအိမ်တည်း ချိန်မှီးကြာ ရှေ နေကြလေကုန်၏။

လယ်ယာမှာ လယ်ထွန်ရန် အချိန်အခါရောက်တော့ ဒါးအောက်မှာအချိုးပြေ ပုဒိုးလေဒိုင်ဒိုင်ဝတ် ပလတ်အောင် နွားကိုသဲ့ ထွန်ကိုလဲအပါယူ လယ်တောသို့ ရှေ့ရှုမျှသွားလေသည်၊ အရုဏ်ကျင်း လင်းရောင်ခြည်မြင် လယ်တောသို့ဝင်လို့ လယ်ထွန်ခြင်းအမှုကို ပြုလေသည်၊ နွားနှစ်ကောင် တကောင်ကအနက် တဖက်ကအဖြူ ပေွးရှေပျက်ပြဲ၊ထွန်လဲကြည့်ဦးစို့၊ကြို့သားနှင့်လုပ်ထားသည်၊လယ်ကား ဗာရာဏသီမြို့ရိုး လမ်းအနီးမှာရှိသည်၊ရိုးဝေးကွာ ဇနပုဒ်ရွာတရွာမှ လူသုနစ်ယောက် ဗာရာဏသီ ရွှေပြည်လမ်း လှမ်းလျှောက်၍လာလယ်ယာ၌ ထွန်ယက်နေသော ယောကျ်ားကိုမြင်= အိုအရှင်- ဤလမ်းစဉ်သည်ကား ပြည်နှင်ဗာရာ ဆိုက်ဆိုက်သာ ရောက်ပါသလော-ဟု သိလိုဇောနှင့် မေးလေသော်—

ထိုပိတာခေါ်သား အဖယောကျ်ားသည် ငါ့သားနွားနက် ပဲနောက်ဖတ်ကျေး ငါမွေးမြူ၏၊အဖြူပျက်ကျယ် မွေးရှေသွယ် နွားငယ်ကိုလေး နှမ်းဖတ်ကျွေး မွေးခဲ့၏ဟု ပြောဆိုလေ၏။

လယ်ထွန်သမား နွားရှင်၏ စကားကိုကြားရသော် ခုနစ်ယောက်သော ခရီးသည် ယောကျ်ားတို့သည် လယ်နားကလမ်းပေါ် ရပ်တည်သော်အချင်းချင်း စကားရင်း ကောက်သား၍- အိုအချင်းယောကျ်ား- ကျွန်ုပ်တို့မေးထားသည်ကား နွားမွေးစကားမဟုတ်၊ ဗာရာဏသီ နေမှီအောင်သွား ရောက်မရောက် မေးတဲ့ ခရီးစကားသာ ဖြစ်ပေသည်၊ လယ်ထွန်သမားက ဘာပြုလို့ နွားမွေး စကား ပြောပါလိမ့်ဟု အချင်းချင်း ပြောကြား၍ ဟားတိုက်ကာ ရယ်မောကြလေသည်။

ထိုအခါ လယ်ထွန်ယောကျ်ားသည် နားမကြားသော်လည်း နှုတ်ခမ်းသား အလှုပ်ကို ကြည့်၍- အိုမိတ်ဆွေများ နွားနက်ကို ပဲဖတ်ဖက်၍ မွေးသည်၊ မွေးရှေမျက်ကျယ်ကို နှမ်းဖတ်ကျွေး၍မွေးသည်ဟု ပြောပြန်လေသည်၊ နားပင်းလယ်သမားစကားကို ကြားလျှင် ခုနစ်ယောက်သား ခရီးသည်တို့သည် တချီရယ်ကြပြန်လေသည်၊ ထိုခုနစ်ယောက်တွင် အသိဉာဏ်ပေါက် တယောက် ခရီးသည်က-

ခရီးမှားသွားနေသော သင်တို့သည် ခရီးမှားကိုပင် ဆက်၍ သွားနေကြသည်၊ လယ်ထွန်သမား ပြောစကားကို ကြားငြားခုပင် သင်တို့ တတွေ ဘယ်သို့နားလည်သနည်း။

ဟု မေးလေရာ ကြွင်းသော ခရီးသည် ခြောက်ယောက်က သဘောမပေါက်သဖြင့် ဤသို့ပြောကြား၏။

အိုအမောင်- လယ်ထွန်သမား ပြောစကားကို ငါတို့ကား မသိကြကုန်၊ ဤမည်သော အစာကို ကျွေးကာ မွေးရသည် ဆိုတာကိုသာ သိကုန်၏ဟု ပြောကြားလေသည်။

ဤလယ်ထွန်ယောကျ်ားသည် ထိုသူတို့၏ပြောစကားကို လုံးဝ မကြားဘဲ နှုတ်ခမ်းသားကိုကြည့်ပြီး- အိုအရှင်တို့- ဟောဒီနွားနှစ်ကောင် သင်တို့အား မပေးနိုင်ပါဟု ပြောလေသည်။

ထိုစကားကိုကြားလျှင် အိုလယ်ထွန်ယောကျ်ား ကျွန်ုပ်တို့ကား သင်၏ နွားနှစ်ကောင်ကို မယူဆောင်ပါ၊ ဗာရာဏသီပြည်သို့သွားလမ်း မှန်မမှန်ကိုသာ မေးပါသည်ဟု ပြောဆိုကုန်၏။

ထိုအခါ ထိုနားပင်း လယ်သမားသည် ထိုသူတို့၏စကားကို မကြားသည် ဖြစ်၍ လယ်ကိုများတောင်းလေသလား၊ အမှန်းအထားဖြင့် အိုအမောင်တို့- ကျွန်ုပ်လယ်ကိုတော့ ယူမယ်မကြံပါနှင့်၊ မိသားစုမြိုင်မြိုင် လုပ်ကိုင်စားသောက်နေရသည်မို့ မပေးနိုင်ပါ၊ ဤမည်သော မြေပိုင်ရှင်ထံမှ ဤမျှပစ္စည်းပေး၍ ဝယ်ယူထားရပါသည်ဟု ဆိုလေသည်။

## နွားကိုလဲမလို လယ်ကိုလဲမလို

အိုလယ်သမား- ကျွန်ုပ်တို့သည် သင့်လယ်ကိုလဲမယူပါ၊ ဗာရာဏသီ သွားလမ်းကိုသာ မေးမြန်းပါသည်ဟု ဆိုလေသည်။

နွားပင်းလယ်သမားက ထမ်းပိုးမေးသည်ထင်၍ ဤထမ်းပိုးကတော့ ကြို့သားနဲ့ လုပ်ထားတာပါ၊ တောဝင်ခုတ်လုပ်၍ ပြုရသော အစိအစဉ်ကိုပါ ပြောကြားနေပြန်လေသည်၊ သူကခိုးလိုသော စိတ်ထားဖြင့် အမိုးရ သစ်တော ကြိုးဝိုင်းမှာ ကြို့ပင်ကို မဖြတ်ပါဘူးတဲ့။

အိုလယ်သမား ကျွန်ုပ်တို့သည် ထမ်းပိုးကို မေးနေတာမဟုတ်ပါဘူး၊ဗာရာဏသီသို့ သွားရာလမ်း ဟုတ်မဟုတ်ကိုသာ မေးပါသည်ဟုဆိုလျှင် လယ်သမားသည် ယိုသူတို့၏ နှုတ်ခမ်းအလှုပ်ကိုကြည့်၍ အိုအရှင်တို့- အသင်တို့ လာကြကုန်၊ ကျုပ်နွားပြိုင်တော့ အဘယ့်ကြောင့် ငြင်းခုံနေကြပါသနည်း အဆုံးအဖြတ်ပေးရန် ရွာသူကြီး၏ သွားကြစို့။

နွားပင်းလယ်သမား၏ စကားကို ကြားလျှင် ခရီးသွား ခုနစ်ဦးတို့သည် အချင်းချင်း ဤသို့ တိုင်ပင်ကုန်၏။

ဤအချင်းတို့ မိမိ၏လယ်ကို ထွန်နေသော ဤသူသည်ကား စင်စစ် နားပင်းသူရူးဖြစ်ရမည်၊ ဤနားပင်းသူရူးနှင့် ပြိုင်ပူးငြင်းပို စကားဆိုသဖြင့် အကျိုးဘယ်သို့ ရမည်နည်း၊ ယခု တို့တတွေ ကိုအနေနှင့် ခရီးဆက်ကြကုန်စို့။ ဤသို့ တိုင်ပင်၍ ခရီးစဉ်ဆက်ကြကုန်၏။

> ထိုအခါ ခုနစ်ယောက်သား ခရီးသွားတို့သည် လယ်သမားစကားကြားလျှင် အချင်းချင်း တိုင်ပင်၍ ခရီးဆက်ကြကုန်၏။
>
> ထိုအခါ ထိုခရီးသည်တို့သည် ချပ်ဖွယ်စကား အချင်းချင်း ပြောကြားလျက် ဝမ်းပန်းတသာ အလိုရှိရာခရီးသို့ ရောက်ကြကုန်၏။

ထိုအချိန်၌ ယိုနားပင်း၏မယား အိမ်ရှင်မသည် နေမွန်း တည့်လတ်သော် ထမင်းပို့သွားလေသည်၊ ထိုလယ်အနီးမှာ သီးဖြူပင်တပင်ရှိရာ ထိုနားပင်းသော အိမ်ရှင်မသည် သီးဖြူပင်ရင်း၌ ထမင်းတောင်းကိုထား၍ မိမိ၏လင်ထံသို့သွားလေသည်။

ထိုအခါကျီးတို့သည် ထမင်းဟင်းပျားကိုစားလိုသည်ဖြစ်၍ ထမင်းတောင်းသို့ ဝိုင်းအုံကျရောက်လာကုန်၏၊ ထိုခဏ လယ်သမားနားပင်းသည် ထိုနေရာ၌ ကျီးတို့ကို မြင်၍ နှင်တံကိုမြှောက်ကာ ကျီးတို့ကို ချောက်လေသည်။

အိမ်ရှင်မနားပင်းသည် နှင်တံမြှောက်လျက် ချောက်သော လင်ကို မြင်လျှင် ကျယ်စွာသောအသံကို ပြုလေသည်၊ ဤလင်ယောကျ်ားသည် ငါလာသည်ကို မြင်၍ ယခု ငါ့ကို ရိုက်ပေလတ့ံ၊ သူကား ဘယ်လောက် လယ်ထွန်လို့လဲ၊ထိုနားပင်းသည် မယားနားပင်း၏ပြောစကားကို မကြားရ၍ နွားတ်ခမ်းသားအလှုပ်ကို ကြည့်ပြီးလျှင် ရှင်မရေ- ခရီးသည် ခုနစ်ယောက် ဤလယ်သို့ ရောက်လာပြီး ငါနှင့်အငြင်းအခုံဖြစ်သည်ဟု ပြောဆိုလေသည်။

မယားနားပင်းက လင်နားပင်း၏ နှုတ်ခမ်းသားအလှုပ်ကို ကြည့်ကာသူဟာ ငါ့ကိုဆဲတာဘဲ၊ ငါ့ကို ရိုက်တော့မည်၊ ယခု သူဟာ ချစ်သူ မိန်းမတဦးထံသို့ သွားချင်၍ ငါ့အား ဤသို့သောအပြုအမူလုပ်ပေသည်ဟု ပြောဆို ရန်တွေ့လေ၏၊ ဤသို့ ပြောဆိုပြီး စိတ်မကျေနိုင်၍ မိမိ၏ရွာသို့ပြန်သွားပြီးလျှင် သမီးအား အကြောင်းအရာ အလုံးစုံကို အကုန်မကျန် ပြောပြလေသည်။

ထိုအခါ သမီးနားပင်းသည် မိမိအမေ ပြောလေသော စကားကို မသိသည် ဖြစ်၍ အမိ၏ နှုတ်ခမ်းသား လှုပ်ရှားမှုကို ကြည့်ပြီးလျှင် အမေ နားပင်းကို ဤသို့ ပြောဆို၏၊အမေ ဒိန်နှေးရက်သေစာများနှင့်အတူ၊ကြက်သားဟင်းချက်ပြီး အဖေ့ထံပေးလိုက်ပါသည်၊ မေ့နေသလားအမေ။

အိမ်ရှင်မနားပင်းသည် မိမိ၏ သမီးစကားကို မကြားရဘဲ နှုတ်ခမ်းသား လှုပ်သည်ကိုကြည့်၍ ဤသမီးသည် ငါ့ကိုဆဲသည်၊ ငါ၏အကျိုးမဲ့ကို ယခုပြုလေလတ့်ဟု ဆိုလေသည်၊ ဤသို့ပြောဆိုပြီးလျှင် အိမ်ရှင်မ နားပင်းသည် မိမိ၏ ရင်ကိုထု၍ အော်ဟစ်ငိုကြွေးလျက် မျက်ရေပြည့်လျှံသော မျက်လုံးများဖြင့် ချွေးမအနီးမှာရပ်ကာ အိုချွေးမ- နင်၏အဖေ ယောက္ခမသည်ရင်း သမီးသည် ရင်း ယခုငါ့ကိုဆဲသည်၊သူတို့နှစ်ယောက်လုံးသည် ငါ၏အကျိုးမဲ့ကို ပြုလုပ်ရန် ကြံစည်ကြလည်ဟု ပြော၏။

ထိုအခါ ချွေးမနားပင်းသည် မိမိ၏ယောက္ခမစကားကိုမကြားဘဲ နှုတ်ခမ်းသားအလှုပ်ကိုကြည့်၍ ဤသို့ကြံစည်မိလေ၏၊ ဤယောက္ခမမိန်းမသူသည် သူ၏ ရင်ကိုထု၍ငိုကာ ငါ၏အထံသို့လာလျက် စိတ်ဆိုးသည် အဋ္ဌမ်းဖြင့် ငါ့ကိုဆဲ ရေးပြီး အိမ်မှ နှင်ထုတ်သည်၊ ဤသို့ ကြံစည် ပြီးလျှင် ချွေးမနားပင်းသည် မိမိ၏လင်အထံ၌ရပ်ဘည်လျက် အိုအမောင်- ရှင့်အမေသည် ကျွန်မကို ဆဲရေး သည်၊ အိမ်မှလဲနှင်ထုတ်သည်၊ ထိုစကားကိုကြားလျှင် သားဖြစ်သူသည် ဤသို့ ကြံစည်၏၊ ဤအိမ်၌နေသူ လေးယောက်စလုံး နားပင်းများသာ ဖြစ်ကြသည်၊ သူတို့ ပြောစကားဖြင့် လိုက်လုပ်နေလျှင် ငါ့မှာဘာအကျိုးမျှမရှိ၊ ယခုငါသည် ဤအိမ်မှထွက်ခွါ၍ ဗာရာဏသီမြို့သို့ သွားပြီး မင်းကြီးထံခစားဆည်းကပ်လျက်

မင်းကြီးကိုရှိခိုးဦးတင်ကာ ဤသူတို့ နားပင်းဖြစ်ရခြင်းအကြောင်းကို မေးအံ့၊ ဤသို့ကြံစည်ပြီးလျှင် ထိုသားသည် အိမ်မှထွက်ကာ ဗာရာဏသီမြို့သို့ သွား၏၊ ထိုအခါ ထိုယောကျာ်း ခုနစ်ယောက်တို့သည်လည်း အစဉ်အားဖြင့် သွားကြလေရာ ဗာရာဏသီမြို့သို့သွားသော ခရီးလမ်းမှာ ဆုံမိကြကုန်၏။

ထိုအခါ ထိုယောကျာ်း ရှစ်ယောက်တို့သည် ခရီးသွားရင်း အချင်းချင်း ပြောဆိုတိုင်ပင်လျက် မင်းကြီးထံသွားကာ ရှိခိုးဦးတင်ပြီး ထိုင်နေကုန်၏၊ ထိုရှစ်ယောက်တို့တွင် နားပင်းမိသားစု၏သားသည် ဗာရာဏသီ မင်းကြီးအား ရှိခိုးဦးတင်၍ ဆွေမျိုးနားပင်းတစုတို့၏ နားပင်းရသောကံ အကျိုးဝိပါက်ကို ဤသို့မေးမြန်းလေသည်။

အရှင်မင်းကြီးဘုရား သနားသဖြင့် မေးခွင့်ပြုတော်မူပါ၊ ကျွန်တော်မျိုး၏ ဆွေမျိုးလေးယောက်စလုံး နားပင်းနေကြပါသည်၊ အဘယ်အကြောင်းကြောင့် နားမကြားသည်ကို သူတို့၏ အကျိုးဝိပါတ်အနေအထားဖြင့် ဖြေကြားတော်မူပါ၊အရှင်ပင်းကြီး၏ အဖြေစကားကို နားသောတဆင်လျက် ရှိပါ၏။

မင်းကြီးဗြဟ္မဒတ်သည် လျှောက်တင်အပ်သော စကားကိုကြားလျှင် ဤသို့ကြံစည်လေ၏၊ ဤသူ၏ဆွေမျိုးဖြစ်သော နှစ်ပါးမိဘ နှမမယား လေးဦးသားတို့သည် ရှေးကပြုထား ဘယ်ကံများကြောင့် နားပင်းများဖြစ်ကြကုန်သနည်း၊ ဤသို့ကြံစည်စဉ် ဇာတိဿရ ဘဝထိုထို အသိပိုသောဉာဏ်သည် အမှန်ဖြစ်ပေါ်လာလေ၏၊ သို့ဖြစ်လာသည့်အလျှောက် ရှေးကောက်ကာ မဟုင်းမှားရအောင် နားပင်းသူ၏သားအား ဤသို့မြွက်ကြား ပြေဆိုလေသည်။

အိုအချင်းယောကျာ်း- မှတ်သားနာယူ ဤသူ လေးယောက်တို့သည် ရှေးအထက်လောက် ပွင့်ငြား ကဿပ မြတ်စွာဘုရား၏ သာသနာမှာ တရားနာကျောင်းအသွား ကျောင်းပါကဓမ္မာရုံ နေတုံအနီး ရပ်တည်ပြီးလျှင် တရားမနာ တိုင်ပင်ကာ အချင်ချင်း သားကလေးကိုမြှူရင်း ရယ်မောခြင်းပြု ဆန့်မှုခြေလက် ပစ်လျက်ထိုင်ကုန်၏။

ထိုသူလေးဦးသားတို့သည် တရားမနာ သုံးပါးရတနာ ဂုဏ်ဝါကိုစိတ်မထား ပိတ်ပိတ်သားနေကြကုန်၏၊ ထို့ကြောင့် ယခု ဤသူတစုတို့သည် နားပင်းကြကုန်၏၊ ရှေးကလည်း ထိုရသောဘဝမှ စုတေ၍ ဘဝရေငါးရာ ငရဲမှာဖြစ်ရလေသည်၊ ငရဲကတက် လူ့ပြည်ဆက်ပြန်တော့ ဘဝသက်ငါးရာ နားပင်းသာ ဖြစ်ကြကုန်သည်-ဟု ပြောဆိုပြီးလျှင် တရားဓမ္မကို ဟောပြလေသည်။

ယောစနုရော ပုညစိတ္တော၊ ပဟာယ အတ္တနော ကမ္မံ။
သက္ကစ္စံ ဓမ္မဒေသနံ၊ သုဏာတိ ဝိဟာရေ သဒါ။
သောစနုရော လောကေဇာတော၊ အမုကော စ ကမ္မဒေါ။
နရဒေဝါနဥ္စ သဒါ၊ သံသာရေဟောတိ တေဇဝါ။

ယောနုရော၊ အကြင်သူ သည်ကား။ ပုညစိတ္တော၊ ကောင်းမှုဟိတ်ကြွား ရိပ်ရိပ်ပွားဘို့ စိတ်ထားရှိသည်ဖြစ်၍။ အတ္တနောကမ္မံ၊ မိမိပြုရ အလုပ်ကိစ္စကို။ ပဟာယ၊သံသရာနောင်ရေး ဆောင်တွေးကျယ်စွာ ပယ်ကာထား၍။ဝိဟာရေ၊ သံဃာတော်များ မှီငြားနေပျော် ကျောင်းတိုက်တော်၌။ သဒါ၊ တရားဒေသ နာ ဟောရာမတိမ်း အခါခပ်သိမ်း။ သက္ကစ္စံ၊ ကိုယ်ထားဟန်နေ ရိုရိုသေသေ။ ဓမ္မဒေသနံ၊ ရှင်တော်ဘုရား မြင်မြော်ထားတဲ့ တရားရွှေစာ ဒေသနာတော်ကို။ သုဏာတိ၊ အာရုံစိုက်ကာ လိုက်နာပေ၏။

လောကေဇာတော၊ လူ့လောကမှာ ကံမ၍နေ ဖြစ်ပေါ် လာသော။ အမုကော၊ဤအမည်ဖြင့် ရှင်ကြည်သတ်မှတ် ခေါ်ဆိုအပ်သော။ သောစနုရော၊ တရားဒေသနာ သေချာနာကြား တိုလူသားသည်။ ကမ္မဒေါ၊ ယုံမှားတွေ့ ထွေ ပျောက်နိုင်ပေသည်ဖြစ်၍။ နရဒေဝါနံ၊ လူရောနတ်ပါ နှစ်ဖြာတွေ့ပြား လောကသား တို့ထက်။ သဒါ၊ အခါခပ်သိမ်း။ သံသာရေ၊ ဘဝသံသရာ ဖြစ်လေရာ၌။ တေဇဝါ၊ ဣဒ္ဓိဖွံ့ဖြိုး တန်ခိုးမောက်ပြူ တယောက်သူသည်။ ဟောတိ၊ တရားထောက်ပင့် ကြွားမောက်ဝင့်၍ မလင့်ပုံသေ ဖြစ်ရပါပေ သတည်း။

ပညာရှိစွာ၊ တရားနာ၊ သံသာလောက ညစ်ကြေးပ၏။
မတွေ့ဝေပါ၊ တရားနာ၊ ဖြစ်လာဘဝ အပှားပ၏။
မရှိမသေ၊ ကျောင်းတော် မြေဝယ်၊ အနေဖောက်ကာ တရားနာ၊ နားမှာပင်းတတ်သည်။
ဆန္ဒလျှင်ကား၊ မရှိငြား၍၊ တရားဒေသနာ၊ နာတုံပါ၊ များစွာလူတို့ ကဲ့ရဲ့သည်။
တရားဒေသနာ၊ ဟောသောခါ၊ ဝမ်းသာပီတိ၊ မဖြစ်ရှိ၊ ဖြစ်ဘိမှုအ နားပင်းသည်။
မရိုသေစွာ၊ တရားနာ၊ ဖြစ်ရာ လူမုန်းသည်။
ထို့ကြောင့်ဟူဘိ၊ ပညာရှိလျှင်၊ ဖြစ်မည့်ကောင်းကျိုး၊ ဉာဏ်ရှုနှိုး၍၊ ဖွံ့ဖြိုးကြည်သာ၊ စိတ်ထားကာလျှင်၊ ဓမ္မာအမြတ်၊ ခါမပြတ်၊ နာအပ် ပါပေသည်။

ဥစ္စာစည်းစိမ်၊ ဂုဏ်သိရ်ဆွေမျိုး၊ ပွားတိုးကျေးကျွန်၊ ရည်ညွှန်ဆန္ဒ၊ ပျော်တုံကသော်၊ တောင့်တလုံးစုံ၊ အဖုံဖုံလျှင်၊ ကောင်းဂုဏ်ပုည၊ ချီထောက်မ၍၊ ပုညစင်စစ်ရသတည်း။

ဤသို့လျှင် မင်းတရားသည် နှလုံးသွင်းမမှားရအောင် တရားဓမ္မ ဟောပြပြီးလျှင် ဆယ်ဝမင်းကျင့် ယွင်းမဖင့် လင်းပွင့်စွာကျင့်ဆောင် တိုင်းပြည်ဘောင် ပွားစည်သက်ရှည်သမျှ တည်နေရပျက် ဘဝနောင်ခါ နတ်တို့ရွာ ပြောင်းကာ ဖြစ်လေသတည်း။

ဘုရားအလောင်း မင်းတရား၏ ရှင်းကြားသောဩဝါဒ၌ သဘောတခါ ကျပျက် ပမော့ပသာဒ အပြစ်မောက်သည့် ရှစ်ယောက်သော ယောကျ်ားတို့သည် မှောက်မှားသောတရားကိုပယ်ရှား၍ ကောင်းမှုတရား၌ဆောက်တည်ကြကာ အသက်သေဆုံးသောအခါဝယ် နတ်ရွာ၌ ဖြစ်ကြရကုန်၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ ဗာရာဏသီမင်း၏ မိဘနှစ်ပါးသည် ယခု သုဒ္ဓေါဒနနှင့် မဟာမာယာ၊ ပညာရှိခရီးသည်သည်ကား- အာနန္ဒာ၊ နွားပင်းသူ၏ သားကား- ဘကျွဒါန့၊ ပြဟ္မနာရီကား- ယသောရော၊ နွားပင်းလေးယောက်ကား- ယခု နွားပင်းသူလေးယောက်၊ ကြွင်းသူများကား- ဘုရားပရိသတ်၊ ဗာရာဏသီမင်းကား- ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဗဓိရဇာတ် ပြီး၏။

# ၃၅-ပဒီပဒါနဇာတ်

**ဆီမီး လှူဒါန်း၊ ကုသိုလ်စွမ်း ကြောင့်၊ ဉာဏ်ပန်း ထူးပွင့်၊ နောင်ခါချင့်သော်၊ ရှင်ပင့်ဘုရား၊ လှူနတ်များ၏၊ ကိုးစား ဆရာ၊ ဖြစ်၍လာ၏။**

ဤမိန့်ဘုရား ပဒီပဒါနေန-ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဆီမီး အလှူဒါနကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းများစွာတို့သည် ဇေတဝန်ကျောင်းသို့လာ၍ မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်ဦးချလျက် ဘုရားရှင်၏ ထံပါး၌ ထိုင်နေကုန်၏၊ ထိုရဟန်းတို့သည် မြတ်ဘုရားထံပါး၌ ထိုင်နေစဉ် အရှင်မြတ်ဘုရား-အဘယ် အကြောင်းကြောင့် လူအများတို့သည် ဘုရားစသော ရတနာအား ဆီမီးများ ပူဇော်၍ နောင်အခါ၌ ဖြစ်ပါလျှင် အဘယ်သို့ ဖြစ်ကြပါသနည်း- ဟု မေးလျှောက်ကုန်၏။

ရဟန်းတို့ လျှောက်ထားစကားကို ကြားလျှင် မြတ်ဘုရား သဗ္ဗညုသည် ရဟန်းတို့- ယခုအခါ၌သာ လူများစွာတို့သည် ဘုရားစသော ရတနာ၌ ဆီမီး ညှိထွန်းပူဇော်ကြသည် မဟုတ်သေး၊ ရှေးအခါကလည်း ဆီမီးညှိထွန်းပူဇော် ကြသည်သာတည်း၊ ရှေးအခါက ပေါရာဏဒီပင်္ကရာဘုရားအား ဆီမီးလှူ သော ပစ္ဆိမဒီပင်္ကရာဘုရားကဲ့သို့ ဖြစ်ပေသည်ဟု မိန့်တော်မူပြီးလျှင် သိတ်ဆိတ် နေတော်မူ၏။

ထိုရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော် မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့- ရှေးအခါက ဤဘဒ္ဒကမ္ဘာမှ ကမ္ဘာတသိန်း အလွန်ပျံသော သင်္ချေနှစ်ဆယ်တို့၏ အထက်၌ ပေါရာဏ ဒီပင်္ကရာ မည်သော မြတ်စွာဘုရား သည် ဤလောက၌ ထင်ရှားပွင့်တော်မူ၏၊ ထိုလောက၌ ပစ္ဆိမဒီပင်္ကရာ မြတ်စွာဘုရားသည် အလောင်းတော်မျှဖြစ်၍ အမရဝတီအမည်ရှိသော ဗြာဟ္မဏ မဟာသာလမျိုး၌ ဖြစ်လေသည်၊ ရာမပုဏ္ဏားဟု အမည်ရှိ၏။

ရာမပုဏ္ဏားသည် သရာဝါသ ဂါစွပြားမြောင် လူတို့ဘောင်၌ နေလျက် ကာပဂုဏ်၌ အာရုံမပင် အပြစ်မြင်၍ ရသေ့အဖြစ်၌သာ အကျိုးမြင်ကာ မိပိပိုင်ဥစ္စာနှင့်တကွ အိမ်ထောင်မှုအာဝဝကို စွန့်၍ ပေါရာဏဒီပင်္ကရာ မြတ်စွာဘုရား၏ သာသနာ၌ ဖန်ဝါတင်လွှမ်း ရဟန်းပြုကာ တိပိဋကဓရထေရ်ဟု ထင်ရှားလေသည်၊ ထိုမထေရ်သည် အဘိညာဉ်ငါးရပ်နှင့် သမာပတ် ရှစ်သွယ်ကို ဖြစ်စေကာ အရာဌာနအားလုံးမှာ ထင်ရှားလေသည်။

တနေ့၌ထိုမထေရ်သည်ပေါရာဏဒီပင်္ကရာမြတ်စွာဘုရားအထံသို့ကပ်၍ဘုရားရှင်၏ ရုပ်သွင်တော်ကို ဖူးမျှော်လျက် အထူးကြည်လင်သောစိတ်ရှိသည်ဖြစ်၍ သပိဝ်ကိုပိုက်ကာ စငမွယျမြို့သို့ သိဘွမ်း အလှူခံကြွလေသည်၊ ဆိမျှားစွာရ လျှင် ပေါရာဏဒီပင်္ကရာ မြတ်စွာဘုရားအား ဆိမီးပူဇော်လျက် ဘုရားဆုကို တောင်းလေသည်။

> ဣမိနာ ပဒီပ ဒါနေန၊ သစိတ္တေ ဝိပ္ပသန္နော သဒါ။
> သဗ္ဗလောက ဟိတတ္ထာယ၊ ဗုဒ္ဓေါ ဟေဿာမိ နာဂတေ။

အဟံ၊ ငါပုဏ္ဏား အမည်သားသော ငါသည်။ ဣမိနာပဒီပ ဒါနေန၊ မြတ်ဘုရားအား သဒ္ဓါထား၍ ကျိုးပွားလွန်ကြူး ဤဆီမီးအလှူကြောင့်။ သစိတ္တေ၊ မိမိ၏စိတ်၌။ သဒါ၊ အခါခပ်သိမ်း။ ဝိပ္ပသန္နော၊ အထူးကဲလွှင် ကြည်လင်သောစိတ် ရှိသည်ဖြစ်လျက်။ အနာဂတေ၊ လာလတံ့သံသရာ နောင် သောအခါ၌။ သဗ္ဗလောကဟိတတ္ထာယ၊ ကာမရူပ အရူပဟု လောကသုံးပါး အကျိုးများဘို့ တိုးပွားဆောင်ရွက်ခြင်းငှာ။ ဗုဒ္ဓေါ၊ သစ္စာလေးပါး အရေး ထား၍ ပိုင်းခြားသိမြင် ဘုရားရှင်သည်။ ဟေဿာမိ၊ အမှန်စင်စစ် ဖြစ်ရပါ လို၏ အရှင်ဘုရား။

ဤကဲ့သို့ဆီမီးအလှူဖြင့်ဘုရားဆုကိုတောင်းလျက် ပေါရာဏဒီပင်္ကရာမြတ်စွာ ဘုရား၏ အထံတော်၌နေကာ ဝန္ဒနာမှုအစဉ်ဖြင့် ဦးထက် လက်တင်၍ ဤသို့ လျှောက်ထားပြန်လေသည်။

> ဝီရိယကဲ့မြင့် ရဲရင့်တော်မူသော မြတ်စွာဘုရား လူအများတို့၏ရှေ့ဆောင် သစ္စာလေးရပ် တရားမြတ် အသိဓာတ်ခြည်ရောင်ဖြင့် ရိမ့်မှောင်ခွင်း၍ အလင်းဆောင်တော်မူသော အရှင်မြတ်ဘုရားသည် ယခုအခါ လောကတွင် အမြတ်ဆုံး အကြီးဆုံး တုဘက်သုဉ်း၍ လောကအားလုံး၏ ကိုးကွယ်ရာ ဖြစ်တော်မူပါသကဲ့သို့—

ထို့အတူ ဘုရားဘပည့်တော်သည် လောကဌ် လေးဝသစ္စာ သိမြင်တော်မူကာ အတုမရှိ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်လျက် အနာဂတ်ကာလ သတ္တလောကဌ် မင်ဖိုလ်ဓမ္မကို သိရပါလို၏ အရှင်ဘုရား။

ဤသို့လျှောက်ထား စကားကိုကြားတော်မူပါလျှင် ပေါရာဏဒီပင်္ကရာ မြတ်စွာဘုရားသည် အနာဂတံသဉာဏ်ကို စေလွှတ်ကြည့်၍ ထိုမထေရ်၏ဘုရားဖြစ်မူ တောင်းဆုပြည့်စုံသည်၏ အဖြစ်ကိုမြင်လျှင် ရဟန်းတို့အလယ်၌ ဗျာဒိတ်စကားကို ဤသို့ကြားတော်မူ၏။

အိုရဟန်းတို့- ယခု ဤနေရာမှာ ငါဘုရားအား ဆီမီးညှိထွန်းသဖြင့် ပူဇော်ခြင်းအမှု ပြုနေသော ဤရဟန်းကို ရှုစမ်းကြကုန်လော့။

ဤရဟန်း၏ ရည်မှန်းဟုတ်စွ ဗုဒ္ဓပတ္တနာသည် ဤကမ္ဘာမှ တသဲ့ခြောက်အသင်္ချေ လွန်လေကမ္ဘာ တသိန်းကျော်သော အနာဂတ် အခါ၌ ကောင်းစွာကိုလုံ ပြည့်စုံပေလတ့်။

ထိုအခါ ဆီမီးပူဇော်နေသော ရဟန်းသည် ဒီပင်္ကရာဟူသောအမည်ဖြင့် လောကသုံးပါး၏ ကိုးစားရာဖြစ်၍ များသော အခြံအရံရှိသော သစ္စာသိမြင် ဘုရားရှင်သည် လောကဌ် ဖြစ်ပေလတ့်။

ဤကဲ့သို့ ပေါရာဏဒီပင်္ကရာ မြတ်စွာဘုရား၏ အထံတော်၌ မိမိ၏ ဘုရားဖြစ်ရိပ် ဗျာဒိတ်စကားကို ကြားရ၍ နှစ်သက်ဝမ်းမြောက်လျက် ဆီမီးညှိထွန်းပူဇော်လေသည်၊ ထိုအခါမှစ၍ ထိုမထေရ်သည် ဆီကိုရလျက် နေ့စဉ်ဆီမီးပူဇော်လေသည်။

ဤသို့ အတိတ်ဝတ္ထုကို ပြပြီး၍ ယခု ထိုရဟန်းတို့၏ အတိတ်ဝတ္ထုကို ပြပြန်တော်မူလိုရကား အတိတ်ကို ဆောင်တော်မူပြန်၏။

## အတိတ်တဖန် ဆောင်လေပြန်

ရဟန်းတို့- အတိတ်အခါ ပေါရာဏ ဒီပင်္ကရာ မြတ်စွာဘုရား၏ လက်ထက်ငါသည်ကား ပုထုဇဉ်လူသားအဖြစ်၌ တည်လျက် နှမ၏သားကို မိမိစော်ကားပြုကျင့်ခဲ့ဘူးသော အကုသိုလ်ကံကြောင့် ပေါရာဏ ဒီပင်္ကရာဘုရား၏ ညီမငယ်ဖြစ်လျက် မင်းမျိုး၌ ဖြစ်ရလေသည်။

တနေ့သောအခါ ထိုပိဋကတော်ဆောင် မထေရ်သည် မြို့၌ ဆီအတွက်လှည့်လည်ရာ တစုံတခုသော ဆီကိုမျှ မရရှိ၍ မင်းယင်ပြင်၌ ဝင်လျက် ရပ်လေ

သည်၊ ထိုခဏ ထိုမင်းသမီးသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ် အထက်ဆုံး အထပ် ရတနာပလ္လင်၌နေလျက် မိမိလေသာ ပြူတင်းပေါက်ဖြင့် မင်းယင်ပြင်ကိုကြည့်သော် ထိုမင်းယင်ပြင်၌ရပ်နေသောမထေရ်ကိုမြင်လျှင်၊ယခုရပ်နေသော မထေရ်သည် အဘယ်အကျိုးငှာ ရပ်လေသနည်းဟု ကြံစည်၍ မိမိ၏ အလုပ်အကျွေး မိန်းမကို မထေရ်အထံသို့ စေလွှတ်၍ မေးလျှောက်စေ၏၊ မထေရ်က သိအလိုရှိသော အကြောင်းကို ပြောကြားလျှင် မင်းသမီးထံသို့ ပြန်လာ၍ မထေရ် ပြောကြားသော စကားကိုပြန်လည်ပြောပြလေသည်။

မင်းသမီးသည် အလုပ်အကျွေးမ ပြောသော စကားကို ကြားလျှင် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ထိုမထေရ်ကို ပြာသာဒ် အထက်ထပ်သို့ ပင့်စေလျက် နေရာထိုင်ခင်းပေးပြီးလျှင် ရွှေခွက်တခုအပြည့် သိထည့်ပြီး ဥက္ကောင်းတက်တင် စိတ်တွင်မှန်းပြု ယခုမောင်တော်သည် လောကသုံးပါး၌ ဘုရားဖြစ်သလို ထို့အတူ ကျွန်ုပ်သည် အနာဂတ်ကာလ၌ ဘုရားဖြစ်ရပါလို၏၊ ဤမုံညှင်းဆီဒါနကြောင့် ငါ၏အမည်သည် သိဒ္ဓတ္ထဖြစ်ပါစေသတည်းဟု စိတ်ကရည်စူးလေသည်။

ဤကဲ့သို့ စိတ်ဖြင့် ဘုရားဖြစ်ကြောင်း ဆုပန်တောင်းလျက် ဥက္ကောင်းမှ ဆီဥက်ကိုချ မထေရ်၏ သပိတ်တွင်းသို့ လောင်းထည့်ပြီး အရှင်ဘုရား- အရှင်မြတ်သည် ဤမုံညှင်းဆီဖြင့် တပည့်တော်မ၏ မောင်တော်ဘုရားအား ဆီမီးပူဇော်ပါလော့၊ ပူဇော်ပြီးတော့ တပည့်တော်မရဲ့ မောင်တော်ဘုရားအား ကိုးဂုဏ်သခင် ဘုရားရှင် အရှင်မြတ်ဖျား၏ ညီမတော်အရင်း မင်းသမီးက ဤဆီကိုလှူဒါန်း၍ အနာဂတ်ကာလ၌ ဘုရားဖြစ်လိုပါသည်ဟု လျှောက်ထားတော်မူလိုက်ပါဘုရား။

မထေရ်သည် ဆီအလှူခံပြီးလျှင် ကျောင်းသို့ ပြန်ကြွ၍ သိရခဲ့ပုံနှင့် မင်းသမီး မှာကြားလိုက်သော စကားများကို လျှောက်ကြားလေသည်။

မြတ်စွာဘုရားသည် မထေရ် တင်လျှောက်သောစကားကို ကြားလျှင် အိုရဟန်း- ငါသည် ငါ့ညီမတော်အား ဗျာဒိတ်စကား ပြောကြားဘို့ အချိန်မကျရောက်သေးဟု မိန့်တော်မူ၏။

ဘယ့်ကြောင့်ညီမတော်အားဗျာဒိတ်စကားမပြောကြားနိုင်ပါသလဲဘုရား။

မိန်းမဖြစ်နေလို့ ဗျာဒိတ်စကား မပြောကြားနိုင်သေးပါ၊ ဘုရား ဗျာဒိတ်ခံပိုင်ခွင့်ယူရသူမှာ တရားရှစ်ပါးနှင့် ပြည့်စုံမှဖြစ်သည်။

## ဗျာဒိတ်ရခြင်း တရားရှစ်တွေ

တရားရှစ်ပါး ပြတော်မူပါဘုရား။

၁။ လူဖြစ်ရခြင်း၊ ၂။ ယောကျ်ားဖြစ်ရခြင်း၊

၃။ တိဟိတ်ပဋိသန္ဓေနေသူဖြစ်ရခြင်း၊ ၄။ ဘုရားကိုဖူးတွေ့ရခြင်း၊

၅။ ရဟန်းဖြစ်ရခြင်း၊ ၆။ အဘိညာဉ်သမာပတ် ကျေးဇူး၏ ပြည့်စုံခြင်း၊ ၇။ ဘုရားတို့အား ကိုယ့်အသက်ကိုစွန့်ခြင်း၊

၈။ ဘုရားအဖြစ်ကို ပြုတတ်သော အကြောင်းပါရမီတို့ကို ဖြည့်ခြင်း၌ လွန်မင်းသော သမာဆန္ဒ၊

ဤရှစ်ပါး တရားအစုတို့ ဖြစ်၏။

အကြင် ပုဂ္ဂိုလ်မှာ ဤရှစ်ပါး တရားအစု မရှိ၊ ခုနစ်ပါးသာ ရှိ၍ မြတ်စွာဘုရားအထံ၌ ဗျာဒိတ်မရပေ။

ဤရှစ်ပါး တရားအစုရှိမှ ဘုရားအထံ၌ ဗျာဒိတ်ရနိုင်၏။

ဗျာဒိတ်ရလျှင် အနာဂတ်ကာလ၌ ဘုရားစင်စစ်ဖြစ်ပေလတ့်၊ ငါ့ရှင် ရဟန်း- ထိုမင်းသမီး၏ သဖ္တာန်တွင်းမှာ ဤတရားရှစ်ပါး မပြည့်စုံသောကြောင့် မိန်းမ ဖြစ်သူအား ဗျာဒိတ်စကား မပြောကြားပေဟု မိန့်တော်မူပေ၏။

၁။ လူသားစင်စစ်ဖြစ်ခြင်း၊ ၂။ တိဟိတ်ပဋိသန္ဓေတည်နေသူဖြစ်ခြင်း ၃။ သက်တော်ထင်ရှား ဘုရားကိုဖူးတွေ့ရခြင်း၊ ၄။ အဘိညာဉ်သမာပတ် ကျေးဇူးနှင့်ယှဉ်ခြင်း၊ ၅။ ဘုရားတို့အား ကိုယ့်အသက်စွန့်ခြင်းဟု ဆိုအပ်သော လွန်ကဲသော ကုသိုလ်၊ ၆။ ဘုရားအဖြစ်ကို ပြုတတ်သော အကြောင်းပါရမီတို့ကို ဖြည့်ကျင့်ခြင်း၌ လွန်မင်းသော သမ္မာဆန္ဒ၊ ဤခြောက်ဝသော တရားတို့သည်ရှိကုန်သော်လည်း ထိုမင်းသမီးသည် ငါဘုရား၏အထံမှ အနာဂတ်ကာလ၌ ဘုရားဗျာဒိတ်ကို ခံယူခွင့် မရပေ။

ဤသို့ဆိုလျှင် ဘုရား- အရှင်ဘုရားရဲ့ ညီမတော်၏ ဆုတောင်းပတ္တနာသည် ပြည့်စုံပါမည်လော၊ သို့မဟုတ် မပြည့်စုံပါသလော။

## ဘုရားနှမတော် ဘယ်ခါသော် ညွန်းဖော်ဗျာဒိတ် ရမည်နည်း

ထိုအခါ ပေါရာဏ ဒီပင်္ကရာ မြတ်စွာဘုရားသည် အတိတ်ဘဝ၌ အစဉ်အားဖြင့် ဉာဏ်ကို စေလွှတ်၍ သုံးပါးသော အတ္တဘောတို့၌ ထိုမင်းသမီး၏ စိတ်အတွင်း၌ ဘုရားဆုပန်ခြင်းကို သိတော်မူ၍ ထို့နောက် အနာဂတံသ အဘိညာဉ်ကို စေလွှတ်၍ ထိုမင်းသမီး၏ အနာဂတ်ဘဝ၌ ဘုရားအဖြစ်ကို ပြုတတ်သော တရားကို ပြုကျင့်မှုနှင့် ပြည့်စုံသော အဖြစ်ကို မြင်တော်မူကာ-

အိုတိပိဋကဓရေရဟန်း- အကြင်အခါ သင်သည် အနာဂတ်ကာလ၌ ဘုရားဖြစ်လတ္တံ့၊ ထိုအခါကာလ ဤမင်းသမီးသည် သင်၏အထံ၌ ဘုရားဗျာဒိတ်ရပေလတ္တံ့ဟု မိန့်တော်မူ၏၊ ၎င်းပြင် ချစ်သားရဟန်း ဤမင်းသမီးသည် ဤမုံညှင်းဆီ လှူရသောအကျိုးဖလဖြင့် မိန်းမအဖြစ်မှ စုတေ၍ တုသိတာနတ်ပြည် နတ်ဗိမာန်၌ ရွှေအဆင်းရှိသော နတ်သားဖြစ်လတ္တံ့ဟု မိန့်တော်မူပြန်၏။

အိုရဟန်း သင်သည်ကား လူ့ပြည်မှစုတေ၍ မယုတ်မလျော့သော စျာန်ရှိသည်ဖြစ်၍ ဗြဟ္မာပြည်၌ ဖြစ်လတ္တံ့၊ ဗြဟ္မာပြည်မှ စုတေသည့်အခါ လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်၍ ဤကမ္ဘာမှ ကမ္ဘာတသိန်းအလွန်ရှိသော တဆဲ့ခြောက်သင်္ချေတို့ တိုင်အောင် အလုံးစုံသော ပါရမီတို့ကို ဖြည့်ကျင့်၍ တုသိတာနတ်ပြည်၌ ဖြစ်လတ္တံ့၊ တုသိတာနတ်ပြည်မှတဖန် စုတေ၍ ရမ္မဝတီမြို့၌ ဒေဝနာမိကမင်း၏ တောင်ညာစံဒေဝီ မဟေသီဖြစ်သော သုမေဓာမိဖုရား၏ဝမ်း၌ပဋိသန္ဓေနေ၍ ဆယ်လပြည့်သော် အမိဝမ်းမှထွက်ကာ အစဉ်အားဖြင့် အရွယ်သို့ရောက်သော်အနှစ်တသောင်းကာလပတ်လုံး ဃရာဝါသကိစ္စမြားမြောင်လူတို့ဘောင်၌နေ၍ သူအို, သူနာ, သူသေ,ရဟန်း လေးခန်းသော နိမိတ်ကြီးတို့ကို မြင်လျက် သံဝေဂဖြစ်ကာ တောဝနာသို့မှိုး၍ ဆယ်လတိုင်တိုင် တရားအားထုတ်မှုကို ပြုလုပ်ပြီးလျှင် အစဉ်အားဖြင့်လေးပါးသစ္စာကို သိမြင်ပေလတ္တံ့။

ဤသို့ အတိတ်အကြောင်းကို ဆောင်တော်မူ၍ ငါတို့ဂေါတမ မြတ်စွာဘုရားသည် ဘုရားဖြစ်၍ ယခုဇေတဝန်ကျောင်းတော်၌ စည်းဝေးလာသော ရဟန်းတို့အား ထင်ရှားစေခြင်း အကျိုးငှာ ဆီမီးအလှူ၏ အကျိုးအာနိသင်ကို ဤသို့ ဟောတော်မူ၏။

> ဒီပင်္ကရာ မြတ်စွာဘုရားသည် ရှေးက ဆီမီးအလှူကို ပေးလှူခဲ့၏၊ ဤဆီမီးအလှူကြောင့် လောက၌ ဘုရားဖြစ်တော်မူ၏။

ဒီပင်္ကရာမြတ်စွာဘုရားသည် အတောင်ရှစ်ဆယ် အရပ်တော် မြင့်၏၊ ဆီမီးဒါန ပေးလှူခဲ့သောကြောင့် ဆီမီးတိုင်ကြီးသဖွယ် ဖြစ်၏။

ထိုဘုရားရှင်၏ အရောင်တော်ကား- တဆဲ့နှစ်ယူဇနာ အထက်အောက် ဖီလာ လင်းတော်မူ၏။

သက်တော်တသိန်း ရှည်၏၊ ထိုမျှလောက် အရောင်တော် ဝင်းပ၏၊ သံသရာမှ သတ္တဝါတို့ကို ကယ်တင်တော်မူ၏။

ဤဒီပင်္ကရာ မြတ်စွာဘုရားသည် လောက၌ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်၍ တန်ခိုးကြီး၏၊ အခြံအရံများ၏၊ လူတို့၏စီးပွားချမ်းသာကို ရှာမှီး လေ့ရှိ၏၊ သူတော်ကောင်းတရားကို ထွန်းလင်း တောက်ပစေ၏။

ဤမြတ်စွာဘုရားသည် သတ္တဝါအများကို သံသရာမှ ကယ်တင်တော်မူကာ လောကမှာ အသက်ရှည်သမျှ တည်နေတော်မူလျက် မီးပုံကြီးငြိမ်းစဲသွားသလို ပရိနိဗ္ဗာန် စံဝင်တော်မူ၏။

ထို့ကြောင့် ပညာရှိသည် မိမိ၏ ကောင်းကျိုးချမ်းသာကို ကြည့်၍ ရတနာသုံးပါး၌ ရိုသေစွာ ဆီမီးပူဇော်ရာ၏။

အကြင်သူတို့သည် ရတနာသုံးပါး၌ နေ့ညဉ့်မပြတ် ဆီမီးပူဇော်ခြင်းဖြင့် စွမ်းဆောင်နိုင်သလောက် ရောင့်ရဲတင်းတိမ်မှုမရှိဘဲ ရိုသေစွာ ပူဇော်ကုန်၏။

ထိုသူတို့သည် လူ့ပြည်နတ်ပြည်၌ သက်ရှည် ချမ်းသာကုန်၏၊ ဤအကျိုးသည် ဆီမီးလှူခြင်း၏ အကျိုးပေတည်း။

ထိုသူတို့သည် လူ့လောက၌ ဖြစ်ရသော် ပညာရှိ၏၊ တန်ခိုးကြီး၏၊ ရောဂါ ကင်း၏၊ ဤသည်လည်း ဆီမီးလှူခြင်း၏ အကျိုးတည်း။

ထိုသူတို့သည် လူ့လောက၌ ဖြစ်ရသော် မြတ်သော အမျိုး၌ ဖြစ်ရ၏၊ တန်ခိုးကြီး၏၊ ကိုးဆဲ့ခြောက်ဖြာရောဂါကင်းဝေး၏။

ဆွေမျိုးမိတ်သင်္ဂဟတို့ဖြင့် ထွန်းပ ထင်ပေါ်၏၊ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝ၏။

အနာဂတ်ကာလမှာ မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို ရ၏။

ဤကဲ့သို့ အကျိုးတရားများကို မြင်၍ ရတနာသုံးပါး၌ သဒ္ဓါထားလျက် ဆီကိုရင်း၊ ဆီမီးကိုရင်း ပေးလှူလျှင် ချမ်းသာကို အမြဲတစေ ရှာက်ဆောင်တတ်ပေ၏။

သို့မို့ကြောင့်ပင် ပညာရှင် အစဉ်သုခ ဆုပန်သလျက် သုံးဝရတနာ ယုံကြည်စွာဖြင့် လှူရာဆိန္ဒင့် ဆိမ်းတည်း။

ထိုအခါ ထိုပေါရာဏဒီပင်္ကရာ ဘုရားသည် အသက်ရှည်သမျှ တည်နေတော်မူလျက် အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏၊ မှုံညှင်းဆိလှူသော မင်းသမီးသည် အသက်ရှည်သမျှ တည်နေလျက် သေလွန်သောအခါ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

မြတ်စွာဘုရားသည် ဤဒေသနာတော်ကို ဆောင်တော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

တိပိဋကဓရရဟန်းသည် ပစ္ဆိမဒီပင်္ကရာဘုရား၊ ကောင်းမှုကိုပြုသော ပရိသတ်လေးပါးသည် သာဝက၊ မှုံညှင်းဆိလှူသော မင်းသမီးသည် ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ပဒိပဒါနဇာတ် ပြီး၏။

# ၃၆-ဝေလာမဇာတ်

**ဝေလာမ-ဒါနနဲ့မွမ်းတင်၊ သီလမှုအကျင့်ဝင်၊ လှူခံတွင်မရှိ၊ မြတ်ကြပုံ မှတ်ကြစုံ အဆင့်ဆင့်၊ ဖွင့်ပြလေဘိ။**

ပဏ္ဍိတောဒေဝလောကေစ-ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိမိရှေးက ဖြည့်ကျင့်ခဲ့သော ဒါနပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ အနာထပိဏ်သူဌေးသည် မိမိဆောက်လုပ် စေအပ်သော ဇေတဝန်ကျောင်းတော်ကြီးကို အကြောင်းပြု၍ မိမိစိတ်တွင်းမှာ လွန်စွာနှစ်သက်မှု ဖြစ်လေသည်။

အနာထပိဏ်သူဌေးသည် အသပြာငွေ ငါးဆယ့်လေးကုဋေဖြင့် ဇေတဝန်ကျောင်းကြီးကို ဆောက်လုပ်စေ၏၊ သူသည် မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်ဝယ် သီတင်းသုံးတော်မူစဉ် နေ့စဉ်နေ့တိုင်း ဇေတဝန်ကျောင်းတော်သို့ သုံးကြိမ်သွားလေသည်။

၁။ နံနက်စောစောတကြိမ်၊

၂။ ဆွမ်းစားပြီးတကြိမ်၊

၃။ ညချမ်းအခါတကြိမ်-

အားဖြင့် သုံးကြိမ် ပီတိရှိန်လွှမ်းတက် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍ ဇေတဝန်ကျောင်းတော်သို့ သွား၏၊ ဇေတဝန် ကျောင်းတော်သို့ သွားသောအခါ ဤသို့ကြံစည်မိ၏၊ ငါသည် ကျောင်းတော်သို့သွားသောအခါ သာမဏေငယ် ရဟန်းငယ်တို့သည် ငါ၏ဘာမှမပါသောလက်ကို ကြည့်ကုန်ရာ၏၊ လက်ချည်းသက်သက် မည်သည့်အခါမျှမသွားဟု ကြံစည်မိ၏၊ ဤသို့ကြံစည်ပြီး၍ အနာထပိဏ်သူဌေးကြီးသည် နံနက်စောစော ဇေတဝန်ကျောင်းသို့ သွားလျှင် ထမင်းယာဂုဘောဇဉ် တမျိုးမျိုးယူ၍ရင်း၊ ဆွမ်းစားပြီးမှသွားလျှင် ထောပတ် ဆီဦး၊ ပျား၊ တင်းလဲစသည် တမျိုးမျိုးယူ၍ရင်း၊ ညချမ်းအခါ ကျောင်းသို့ သွားလျှင် ပန်း နံ့သာစသည်ကိုယူလျက်ရင်း သွား၏၊ ဤသို့ နေ့တိုင်းနေ့တိုင်း သုံးကြိမ် ဇေတဝန်ကျောင်းသို့ အလွန် ဝမ်းမြောက်လျက် သွားလေသည်၊ နေ့စဉ် သူဌေးကြီး၏ လှူဒါန်းစွန့်ကြဲသော ဥစ္စာသည် များလှချေ၏၊ မြို့နေသူတို့သည် သူဌေးကြီးထံမှ ချေးငှားသောငွေကြေးကား တစ်ဆယ့်ရှစ်ကုဋေမျှ ရှိ၏၊ ချေးငှားပြီးကြေးငွေများကို တောင်းယူခြင်းမပြုပေ၊ ထိုသူဌေးကြီး၏

သေတ္တပျိုးပိုင်ဆိုင်သော တစ်ဆယ့်ရှစ်ကုဋေသော ဥစ္စာစုတို့သည် ကြေးအိုးကြီးတို့၌ ထည့်၍ တံဆိပ်ရိုက်ကာ အစိရဝတီမြစ်ကမ်း အနီး၌ မြှုပ်ထားကုန်၏၊ မြစ်ရေပြည့်လတ်သော် ဧရာအယဉ်ကြီးတိုက်စား၍ ကမ်းပြိုပျက်လျက် ထိုဥစ္စာထည့်ထားသောကြေးအိုးကြီးတို့သည် တံဆိပ်ရိုက်နှိပ်ထားသည့်အတိုင်း မဟာသမုဒ္ဒရာသို့ ပျောပါကုန်လျက် မဟာသမုဒ္ဒရာရေဝမ်း၌ တည်ကုန်၏။

## နေ့စဉ်လှူဒါန်း ရဟန်းငါးရာ

ထိုသူဌေးကြီး အိမ်၌ ရဟန်းငါးရာတို့အား ဆွမ်းအလှူသည် အမြဲတမ်းဖြစ်လေသည်၊ သူဌေးကြီး၏အိမ်သည်ကား ရဟန်းသံဃာတော်များအတွက် လေး လမ်းဆုံမှာ တူးထားသော ရေကန်ကြီးနှင့် တူလေသည်၊ သူဌေးကြီးသည် ရှင်ရဟန်း သိက္ခမာန်တို့၏ မိဘအရာ၌ တည်လေသည်၊ ထို့ကြောင့် သူ၏အိမ်သို့ ဘုရားရှင်သည်လည်း ကြွတော်မူ၏၊ ရှစ်ဆယ်သော မထေရ်တို့ သည်လည်း ကြွတော်မူ၏၊ကြွလာသောရဟန်းတို့၏ အတိုင်းအတာ သင်္ချာပမာဏသည်ကား များပြားလှပေ၏၊ နေ့စဉ်နေ့တိုင်း အမြဲမပြတ် စိတ်ဝတ်စင်ဖြူ လှူဒါန်းနေသောသူဌေးကြီးအား ကုန်သွယ်မှုကိုပြုလုပ်ရန် အတိုးအပွားပစ္စည်းကုန်လေ၏၊ ထိုအခါ ထိုအနာထပိဏ်သူဌေးကြီးသည် ဆင်းရဲခြင်းသို့ ရောက်သော် အသုံးအဆောင်ပစ္စည်းများ ဟောင်နွမ်းရှားပါးလာလေရာ အခြေအနေမသာယာသော်လည်း ရဟန်းတော် များအား ပအုန်းရည်ဟင်းနှင့် ဆန်ကွဲဆွမ်းကို လှူဒါန်းလေသေးသည်။

တနေ့သ၌ အနာထပိဏ် သူဌေးကြီးသည် ဇေတဝန် ကျောင်းတော်သို့ သွား၍ ဘုရားကိုရှိခိုးပြီးလျှင် သင့်လျော်သောနေရာ၌ ထိုင်နေ၏၊ ထိုအခါ မြတ်စွာဘုရားသည် သူဌေးကြီးကို အိုသူဌေးကြီး- သင်၏အိမ်မှာ ပေးလှူသင့်တဲ့ ဒါနကို နေ့တိုင်းနေ့တိုင်း သံဃာတော်များအား လှူရပါရဲ့လားဟု မေးတော်မူ၏။

အရှင်မြတ်စွာဘုရား- တပည့်တော်၏အိမ်၌ လှူသင့်သောဒါနကို နေ့တိုင်းနေ့တိုင်း သာသနဝန်ထမ်း ရဟန်းတော်များအား လှူရပါသေးသည်၊ တပည့်တော်၏အလှူသည် ဆန်ကွဲဆွမ်းနှင့် ပုန်းရည်ဟင်းဖြစ်ပါ၏။

ဒကာတော်- ငါဘုရား၏သာသနာ၌ သင်လှူအပ်သောအလှူသည် မွန်မြတ်သောအလှူကတော့ မဟုတ်ပေ၊ သို့သော်လည်း ငါဘုရားသာသနာမှာ ရဟန်းသံဃာများအားလှူအပ်သော အလှူဖြစ်၍ အလွန်ကြီးကျယ်သော အကျိုးကို ပေးသည်သာတည်း ဒကာတော်၊ အလှူဝတ္ထု မွန်မြတ်သည်ဖြစ်စေ၊ အလွန်

အရသာရှိသည်ဖြစ်စေ မယုံကြည်မှု၊ မရိုသေမှု၊ ကိုယ်တိုင်လက်ထိ လက်ရောက် မရှိမှုဖြင့် ပေးလှူသော်ငြား၊ ကံနှင့်ကံ၏ အကျိုးကို မယုံကြည်ဘဲ သူ၏ဟာပါး စေခိုင်းတိုက်တွန်း ညွှန်းပြမှုဖြင့် သော်ငြား ပေးလှူအံ့၊ ထိုဒါနသည် အလှူရှင် အား အနည်းငယ်သော အကျိုးကိုသာ ပေး၏။

ဤသို့ အလှူပေးမှု အကျိုးရမှုနှင့် စပ်သောစကားကို ပြောကြားပြီး၍ ဒကာတော် သင်သည် ယခုအခါ ရဟန်း သံဃာအား ဝေါင်းပါးသော အလှူဒါနကို ပေးလှူရသည်-ဟူသော အမှတ်ဖြင့် စိတ်ဓာတ်မကျပါလင့်၊ ငါ ဘုရားသာသနာ၌ သင်ဒကာ၏ အလှူသည် မှန်မြတ်သောအလှူသာ ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သင်လှူနေရသော အလှူသည် ပုဂ္ဂိုလ်အနေအားဖြင့် အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့အား လှူနေရ၍ အကျိုးကြီးမြတ်သောကြောင့် ဖြစ်လေသည်။

ရှေးအခါ ဝေလာမပုဏ္ဏားဘဝ ဖြစ်ရသောငါဘုရားသည် ဇမ္ဗူဒိပ်ကျွန်း၌ နေသူ လူအားလုံးတို့အား ရတနာခုနစ်ပါးတို့ကို မြစ်ကြီးငါးတန် ရေပြည့်လျှံ သကဲ့သို့ အလျှံပယ်ပေးလှူသော်လည်း သရဏဂုံသုံးပါး မျှကိုရင်း၊ ငါးပါး သီလမျှကိုရင်း သိတဲ့အလှူခံပုဂ္ဂိုလ်ကို မရခဲ့ပါ။ (အလှူဝတ္ထုမည်မျှအဘိုးတန် သော်လည်း အလှူခံပုဂ္ဂိုလ်ကောင်းကိုမရ၍ အကျိုးကြီးဟု ဆိုလို၏။) ဘုရား ရှင်၏ သာသနာဝန်ထမ်းနှင့် မြတ်သောအလှူကိုခံထိုက်သော အရိယာပုဂ္ဂိုလ်တို့ မည်သည် ဤသို့ရခဲသည်။ (ရခဲသော အလှူခံကိုရ၍ လှူဒါန်းရသဖြင့် အလှူ ဝတ္ထုက မမွန်မြတ်သော်လည်း ပုဂ္ဂိုလ်က အရိယာပုဂ္ဂိုလ်အလှူခံကို ရနေသော ကြောင့် အကျိုးကြီးမြတ်သည်သာတည်း)ဟု မိန့်တော်မူပြီးလျှင် သိတ်ဆိတ် နေတော်မူ၏၊ ထိုအနာထပိဏ်သူဌေးသည် သောင်းပန်အပ်သည်ဖြစ်၍ အတိတ် ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ဒကာတော်- ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု သည်ရှိသော် ဘုရားအလောင်းသည် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏား မယား ၏ဝမ်းဗိုက်၌ ပဋိသန္ဓေနေလေသည်၊ ပုဏ္ဏေးမသည် ကိုယ်ဝန်ဆောင်၍ ဆယ်လ ပြည့်သော် သားကိုဖွားမြင်လေ၏။

ဘုရားအလောင်းသည် အမိဝမ်းမှ ထွက်လာသော် အလွန် စင်ကြယ်၏၊ သူသည် အစဉ်သဖြင့် အရွယ်သို့ရောက်လတ်သော် မိမိ၏အမျိုးအနွယ် ရုပ်ဝယ် ကြီးထိန် စည်းစိမ်သဒ္ဓါ ပညာဝီရိယ အပိုင်းအခြားကို လွန်သော ကြီးမြတ်

 တင်အောင်စာပေဖြန့်ချီရေး

သော ဂုဏ်ပုဒ်နှင့် ပြည့်စုံ၏၊ ထို့ကြောင့် ပုရောဟိတ်ပုဏ္ဏားဘုရားအလောင်း ၏ဖခင်သည် သားကိုနာမည်ယူသောနေ့၌ ဝေလာမဟူသော အမည်ကို ပြုလေသည်။

ဘုရားအလောင်း ဝေလာမသူငယ်သည် အစဉ်သဖြင့် အရွယ်သို့ရောက်လေသော် တဆဲ့ခြောက်နှစ်အရွယ် တင့်တယ်ရုပ ဆင်းရောင်ပြလျက် သိကြား လိပ်မာသော အဖြစ်သို့ရောက်လျှင် ဗာရာဏသီရွှေပြည်သခင် ဘုရင်၏ သားတော်နှင့်အတူ အတတ်ပညာ သင်ယူခြင်းငှာ တက္ကသိုလ်ပြည်သို့ သွားလေသည်။

ထိုသူငယ် နှစ်ယောက်တို့သည် တက္ကသိုလ်ပြည် ရောက်၍ ဒိသာပါမောက္ခ ဆရာကြီးထံ၌ သိပ္ပံပညာအဖြာဖြာကို ကောင်းစွာသင်ယူကုန်၏၊ သူတို့နည်းတူ ကျွန်းဇမ္ဗူဖွား ရှစ်သောင်း လေးထောင်သော မင်းသားတို့သည်လည်း ဒိသာပါမောက္ခဆရာကြီးထံ၌ ပညာသင်ယူကုန်၏။

ထိုအခါ ဘုရားအလောင်းသည် မိမိဆရာ၏ အထံ၌ လက်ထောက်ဆရာ ဖြစ်၍ ရှစ်သောင်းလေးထောင်သော မင်းသားတို့ကို မိမိသင်ကြားပြီးသော သိပ္ပံပညာကို သင်ကြားပေးရလေသည်၊ ဘုရားအလောင်းသည် တပါးသူတို့ အားယူကဲမောက် တဆဲ့ခြောက်နှစ် သင်ယူရသော သိပ္ပံပညာကို သုံးနှစ်ဖြင့်ပင် သင်ယူလေသည်။

ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးသည် မိမိတပည့် ဝေလာမ သတို့သား အား သိပ္ပံပညာ ကောင်းစွာ နှုတ်ရောက် တတ်မြောက်သည်ကို သိ၍ အို မင်းသားတို့ ဟောဒီ ဝေလာမအမည်ရှိသော တပည့်သည် ငါသိအပ်သော သိပ္ပံ ပညာအဖြာဖြာကို ကျန်ရာမရှိ သိပေ၏၊သင်တို့သည် စုံညီကောင်းစွာ ဝေလာမ ၏အထံသို့သွား၍ သိပ္ပံပညာကို သင်ယူကြကုန်လောဟု ဆို၍ ထိုမင်းသားတို့ ကို ဘုရားအလောင်းအား အပ်နှင်းလေသည်။

ထိုအခါ ဘုရားအလောင်းသည် မိမိ၏ဆရာကို ရှိခိုး၍ မင်းသားပေါင်း ရှစ်သောင်းလေးထောင် ခြံရံလျက် တက္ကသိုလ်မြို့မှ ထွက်၍ အစဉ်သဖြင့် သွား လျှင် အနီးမြို့တမြို့သို့ရောက်၍ ထိုမြို့၏အရှင်ဖြစ်သော မင်းသားအား သိပ္ပံပညာ အဖြာဖြာကို သင်ပေးပြီးလျှင် ဆုံးမစကား ပြောကြားလိုရကား—

ပဏ္ဍိတော ဒေဝ လောကေစ၊ မာနုသေစ သုခေသိနော။
သဒ္ဒါယ ဒါနံ ဒဒေယျ၊ ယာစကာနံ ရာဇပုတ္တာ။

ရာဇပုတ္တာ၊ သိပ္ပံပညာ ကောင်းစွာတတ်ငြား အိုမင်းသားတို့။ ပဏ္ဍိတော၊ ပညာတတ်မြောက် အကဲမောက်သည့် လူတယောက်သည်။ ဒေဝလောကေစ၊

ငါးဝအာရုံ ကာမဂုဏ်ပွားစည် နတ်တို့ပြည်၌ရှင်း။ မာနုသေစ၊ ကောင်းစုနှစ်စုံ ကာမဂုဏ်ဖြင့် အာရုံထွေလီ လူတို့ပြည်၌ရှင်း။ သူခေသိနော၊ ချမ်းသာရမှု ရွှေရှုဗျာသီး ရှာမှီးလိုသည်ရှိသော်။ ယာစကာနံ၊ ကံကြမ္မာတို့ ဖန်လာမကောင်း ဘုန်းတောင်း ယာစကာတို့အား။ သဒ္ဓါယ၊ ကံနှင့်ကံကျိုး ပွားတိုးခံတည် ယုံကြည်မှုဖြင့်။ ဒါနံ၊ တတ်အားသမျှ ဘဝကြောင်းပြု ကောင်းမှုဒါနကို။ ဒဒေယျ၊ သံသရာ ခရီး ရိက္ခာကြီးဘို့ အားသည်း ရေးပါ ပေးလှူရာ သတည်း။

ဤသို့ တပည့် မင်းသားများအား ဆုံးမစကား ပြောကြားပြီးနောက် ဘုရားလောင်း ဝေလာမသည် ပြည့်ဌာနပာရာဏသီသို့ ပြန်သည်ရှိသော် ပာရာဏသီမင်းသားကို ခေါ်လျက် ထိုမင်းသားနှင့် တိုင်ပင်စကား ပြောကြား လေသည်။

> အိုမင်းသား- ရှေးများအချိန်၊ အလှူရှိန်ကြောင့်၊ ဂုဏ်သိရ်ပြည့်စွာ၊ ဤအခါ၌၊ ကောင်းစွာဖြစ်ရ၊ ပြုဆင်ကြလို့၊ ဘဝနောင်မှန်း၊ ငွေမ်းနိုင် သမျှ၊ လှူဒါနကို၊ မေ့ထမမူ၊ သတိယူလျက်၊ ကြည်ဖြူကောင်းစွာ၊ ပေးလှူပါလေ။

ဘုရားလောင်း၏ အကြောင်းမှန်သော စကားကို ကြားလျှင် မိမိ၏သရော ဘုရားအလောင်းနှင့် တရားအကြောင်းအပိုင်တင်၍ ဤသို့ တိုင်ပင်လေသည်။

> အိုဆရာမြတ်- ခါမပြတ်မှုတွင်၊ စိပ်ပါဝင်၍၊ အရှင်ကျွန့်ကို၊ သုံးပ ဆိုလျက်၊ စွန့်လိုစိတ်မှာ၊ မရှိပါလင့်၊ ခါခါမပြတ်၊ နန်းရပ်သို့လာ၊ စောင့်ရှောက်ပါလော့။

မင်းသားသည် ဘုရားအလောင်းကို ပန်ကြားလျက် မိမိ၏ဖခင် ပင်းကြီး ၏အထံ၌ အိမ်ရှေ့မင်း အဖြစ်သို့ ရောက်လေသည်။

## အပမင်းတရား နတ်ရွာလားသော်

ဗြဟ္မဒတ်မင်းကြီး ခရီးနတ်ရွာ ကပ်ခါစံလေသော် အမတ်စသောလူအများ တို့သည်အိမ်ရှေ့မင်းသားကို ဗာရာဏသီမင်းများအဖြစ်သို့ တင်မြှောက်ကုန်၏၊ ပာရာဏသီမင်းသား မင်းများအဖြစ်သို့ ရောက်သော် ဘုရားအလောင်းအား ပုရောဟိတ်ရာထူးကို ပေးလေသည်၊ ထိုအချိန်၌ ရှစ်သောင်း လေးထောင် သော မင်းသားတို့သည် မိမိတို့၏တိုင်းပြည်၌ ရှင်ဘုရင်အဖြစ်သို့ရောက်၍ နှစ် စဉ်နှစ်တိုင်း ဗာရာဏသီမင်းအား လာရောက်ဆည်းကပ်လျက် မင်းကိုတွေ့ပြီး လျှင် ဘုရားအလောင်း ပုရောဟိတ်ထံသို့သွား၍ အိုဆရာ- မိမိတိုင်းပြည်၌

ပင်းစည်းစိမ် ဟည်သည်ရှိသော် ကျွန်ုပ်တို့အားငင်း, ဆရာအားငင်း, အကျိုးရှိပေ၏၊ ကျွန်ုပ်တို့အား ဆုံးမစကား မြွက်ကြားပါဟုဆို၍ ဘုရားအလောင်းနှင့် အတူ ကြည်ဖြူဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍–

ဤအချိန်အခါမှစ၍ အကြင်အကြောင်းဖြင့်ဆရာအားအကျိုးရှိပေ၏၊ ထိုအကြောင်းကို ကျွန်ုပ်တို့အား ပေးပါလော၊ ကျွန်ုပ်တို့သည်လည်း ဆရာအား ပေးပါအံ့။

ဤသို့ ဆရာအား ပြောကြားပြီးလျှင် ထိုမင်းတို့သည် မိမိတို့၏ တိုင်းနိုင်ငံသို့ သွားကုန်သည်ရှိသော် အချင်းချင်းတိုင်ပင်၍ ဤဂါထာနှစ်ပုဒ်ကို ဆိုကုန်၏။

အိုအချင်းတို့- ငါတို့သည် ဆရာအား အမြဲတစေ သတိထားကြပါကုန်စို့၊ အမှုကိစ္စအားဖြင့်ငင်း၊ပေးလှူစရာ ပစ္စည်းဥစ္စာအားဖြင့်ငင်း ဆရာအား ပေးကမ်း ထောက်ပံ့ကြပါကုန်စို့။

အိုအချင်းတို့- ငါတို့သည် ဆောင်ရွက်စရာကိစ္စကို ဆရာအား ပေးကုန်အံ့၊ နှစ်စဉ်နှစ်ပိုင်း ဆရာအား ချမ်းသာစီးပွား များပြားစေခြင်းငှါ ကန်တော့ကုန်အံ့။

ဤသို့ ပညာသင်ကြားဘူးသောမင်းများ အချင်းချင်းတိုင်ပင်၍ ပြည်ခွင်သို့ပြန်ကြလေသည်၊ ထိုမင်းတို့ လာနေစဉ်အတွင်း ထိုမင်းတို့၏ နောက်ပါလူတို့သည် နှိပ်စက်အပ်သည်ဖြစ်၍ နွားကြက် ငှက် စသည်တို့သည် များစွာသေကြရကုန်၏၊ ဗာရာဏသီပြည်၌ ဇနပုဒ်ကျေးရွာသည် အလွန် ဥပဒ်တူပြောလေ၏၊ လူအပေါင်းတို့သည် စည်းဝေး၍ မင်းယင်ပြင်၌ ငိုကြွေးလျက်လျှောက်တင်ကြလေသည်ကား=

အရှင်မင်းကြီး နှစ်စဉ်နှစ်တိုင်း ဤမြို့သို့လာသော မင်းသားများ၏ ပရိသတ်တို့သည် နှိပ်စက်၍ ကျွန်ုပ်တို့တိုင်းပြည်၌ ချမ်းသာသုခကို မရကြပါကုန်၊ သူတို့နောင်အခါ မလာစေရန် တစုံတခုသော အမှုကိုပြုပါဟု ဝိုင်းဝန်းဆန္ဒပြု ပြောဆိုကြကုန်၏။

ထိုအခါ လူများစွာတို့၏ ဆန္ဒပြု ပြောဆိုကြသောစကားကိုကြား၍ ဗာရာဏသီမင်းသည် မိမိ၏ပုရောဟိတ် ဝေလာမပုဏ္ဏားကို ခေါ်စေလျက် အိုဆရာ တိုင်းတပါးမှ လာရောက်ကြသော မင်းသားများ၏ မင်းချင်းတို့သည် နှိပ်စက်အပ်သည်ဖြစ်၍ ကျွန်ုပ်တို့၏ဇနပုဒ်ကျေးရွာများသည် အလွန်ဘေးဥပဒ်များနေပါသည်၊ ထိုမင်းတို့ လာရာအချိန်အခါ၌ ထိုမင်းချင်း ယောကျ်ားတို့သည် ရွာသူရွာသားတို့ကို အကြီးအကျယ် ညှဥ်းဆဲ ဖျက်ဆီးပါကုန်၏၊ ယင်းသို့ ညှဥ်းဆဲဖျက်ဆီးသောကြောင့် ကျွန်ုပ်တို့၏ ဇနပုဒ်ကျေးရွာ၌ နေသူတို့သည်

အကြီးအကျယ် မခံမရပ်နိုင်အောင် ရှိနေကြပါကုန်၏၊ ထို့ကြောင့် ယခုဆရာသည် ကျွန်ုပ်တို့၏ဇနပုဒ်ကျေးရွာများ အနှိပ်စက်ခံရမှု ငြိမ်းစေရန် အကြောင်း ဥပါယ်တခု ပြုပါလော့ ဆရာပုရောဟိတ်-ဟု ပြောဆို၏။

ဗာရာဏသီမင်း၏ စကားကို ကြားသောအခါ ဘုရားအလောင်းသည် ကောင်းပါပြီ အရှင်မင်းမြတ်၊ ကျွန်ုပ်သည် တိုင်းသူပြည်သားတို့ အနှိပ်စက်ခံရခြင်းဘေးမှ ကင်းဝေးအောင် အကြောင်း ဥပါယ်တခု ပြုပါအံ့မင်းကြီး၊ အရှင်မင်းမြတ်သည် အရှင်မင်းမြတ်၏ စိတ်ဆန္ဒအတိုင်း ကျေးရွာ ဇနပုဒ်ကို ပိုင်းခြားသတ်မှတ်ပါလော့ဟု လျှောက်တင်လေ၏။

## သတ္တဝါများ ချမ်းသာရန် ပညာရှိအကြံ

မင်းကြီးသည် ပုရောဟိတ်ဆရာ ပြောသည့်အတိုင်း ပြုလုပ်စေ၏၊ ထိုအခါ ဘုရားအလောင်းသည် ရှစ်သောင်းလေးထောင်သော မင်းတို့ ဇနပုဒ်ကျေးရွာတို့ကို သွားလာလှည့်လည်သော အခါ အချင်းချင်း မရောယှက်စေရန် စီစဉ်၍ အမှတ်အသား ကျောက်တိုင်တို့ကို စိုက်ထူထားစေ၏၊ ထိုအချိန်မှစ၍ ထိုမင်းတို့သည် ဗာရာဏသီပြည်သို့လာကုန်သော်လည်း မိမိတို့အတွက် သတ်မှတ်ထားသော ဇနပုဒ်ကျေးရွာတို့၌သာ လှည့်လည်လျက် တပါးသော မင်းတို့ ပိုင်ဆိုင်သော ဇနပုဒ်ကျေးရွာများကို မဖျက်ဆီးကြကုန်။

ထိုအခါကျမှ ဗာရာဏသီ ပြည်သူပြည်သားများနှင့်တကွ လေးသောင်းသော မင်းတို့သည်လည်း အလွန်နှစ်သက် ဝမ်းမြောက်ကြကုန်၏၊ ကျောက်တိုင်များစိုက်ထူ၍နယ်များကို သတ်မှတ်လိုက်သောအခါ လေးသောင်းသော မင်းတို့မှာလည်း အချင်းချင်း အငြင်းမပွားပဲ ပြေလည်ကြကုန်၏။

> ဤအချိန်မှသာ ရှေးအခါ တို့မှာနားချမ်းသာ ကောင်းစွာမရကုန်၊ ယခုအခါ နားချမ်းသာ ကောင်းစွာ ရကုန်၏။

> ဤဆရာသည်ကား တို့အများ လေးစား ပူဇော်ထိုက်ပေ၏။

ဤသို့ အချင်းချင်း ပြေလည်ကြပြီးလျှင် ထိုမင်းတို့သည် မိမိတို့တိုင်းပြည်၌ မင်းစည်းစိမ်ကို ချမ်းသာအေးချမ်းစွာ ခံစားရကုန်၏၊ ထိုအခါ ဘုရားအလောင်းသည် မိမိအိမ်မှာနေလျက် ပုရောဟိတ် စည်းစိမ်ကို ခံစားရ၏။

## ဝေလာမ ပုဏ္ဏားကြီး အလှူပေး

တနေ့သ၌ ဘုရားအလောင်းသည် ဥက္ကောင်းလျှော် ရေချိုးပြီးလျှင် နန်းတော်တွင်း၌ နေလျက် မိမိ၏ ရတနာခုနစ်ပါး ထည့်ထားရာ ရတနာတိုက် ခန်းကိုဖွင့်စေပြီးလျှင် အမျိုးခုနစ်ဆက်မှ သိမ်းဆည်းထားသော ဥစ္စာစုကိုကြည့် ရှု၍ မိမိ၏ ဉာဏ်၌ ဤပစ္စည်းများသည် ငါသေသောအခါ၌ ငါ၏ နောက် သို့ ပါကြမည်မဟုတ်ဟု သဘောပေါက်လျက် ငါသည် ဇမ္ဗူဒိပ်ကျွန်းလုံး၌ နေကြသော လူအပေါင်းတို့အား အလှူကြီးကို ပေးလှူအံ့ဟု ကြံစည်၍ ပသာဒသိပ်အား ထိုအကြောင်းကို ပြောကြားလေ၏၊ မိမိ၏စိတ်၌ ဖြစ် ပိတ်ရှန့်သိ ဂွမ်းသိယ်သို့ ပါတိကို ဖြစ်စေကာ ဂင်္ဂါမြစ်ကမ်း အနီး ဆယ့် ခြစ်ယူဇနာ မျှလောက်သော အရပ်ကို ရှင်းလင်းစေ၍ ထိုထို အရပ်၌ ထော ပတ်များ၊ ဝင်လဲ၊ ဆီ၊ သန် စသည်တို့ ထားဘိုရန် ဂိုဒေါင်ကြီးများကို ဆောက်လုပ်စေ၍ ဒါနသာလာကြီးများကို ပြုလုပ်စေပြီးလျှင် မိမိ၏ တပည့် လက်သားတို့အား ခိုင်းစေလေ၏၊ ခိုင်းစေပုံကား- အိုတပည့်တို့ သင်တို့သည် ငါ၏ အလှူသာလာတို့၌ အလုံးစုံသော လူအပေါင်းတို့အား အလှူကြီးကို ပေးရန် စီမံကြကုန်၊ ငါ၏အလှူ၌ လိုအပ်သောအရာ ဟူသမျှကိုရရှိရန် ငါ့အား ပြောကြားကြကုန်လောဟု မှာကြားထားလေ၏။

ဤသို့ အပ်နှံပေးပြီးလျှင် ဘုရားလောင်း ဝေလာမပုရောဟိတ်သည် ဗာရာ ဏသီတမြို့လုံးကို စည်လည်စေ၏၊ အိုလူအများတို့- ဤမည်သော နေ့မှစ၍ ဤပါရာဏသီမြို့၌ နေသောသူတို့သည်ရင်း၊ တခြားမြို့၌နေသော သူတို့သည် ရင်း ဝေလာမပုဏ္ဏား၏ အလှူကို လာရောက်၍ လိုအပ်သော အစားအစာ အရာဝတ္ထု အငွေတို့ကို အလှူခံလျက် သုံးဆောင်ကြရန် ကြွရောက်ကြပါကုန်ဟု စည်လည်စေ၏။

ထိုအခါ ဒါနမှုကို စီရင်ဆောင်ရွက်သော သူတို့သည် ဘုရားအလောင်း အား အရှင်ပုဏ္ဏား- သင်၏ မြတ်သော အလှူတင်းကုပ်ကို ကျွန်ုပ်တို့ အကုန် အလုံးစုံ လိုအပ်သည်မရှိအောင် ပြုလုပ်၍ပြီးပါပြီဟု ပြောကြားကုန်၏။

ယင်းစကားကို ကြားလျှင် ဘုရားအလောင်းသည် အဖိုး တထောင် တန် သော အဝတ်ကို ဝတ်၍ ငါးရာတန် အဝတ်ကို ပုခုံး၌ တင်လျက် ဝတ် စား တန်ဆာများ ဆင်ပြီးလျှင် အလှူ တင်း ကုပ် များသို့ သွား ၍ ယာဂု သောက်ချိန်မှာ ယာဂု၊ ခဲဘွယ် စားချိန်မှာ ခဲဘွယ်၊ ထမင်း စား ချိန် မှာ ထမင်းတို့ကို ကိုယ်တိုင်ကိုယ်ကျ ပေးလှူပေ၏၊ဤအမှတ်အသားအတိုင်း ဘုရား လောင်းသည် လူများစွာတို့အား နေ့တိုင်း နေ့တိုင်း ကြီးစွာသောအလှူကို

ပေးလှူလေသည်၊ ထိုထိုအလှူ တင်းကုပ်၌ ဤအရာကားရှိ၏၊ ဤအရာကား မရှိဟု ဆိုဘွယ်မရှိအောင် အားလုံး စုံလင်ပြည့်ဝစွာ စီမံထားပေ၏၊ ဘုရားအလောင်းသည် ဤမျှလှူဒါန်းရခြင်းဖြင့် အားမရသေးဘဲ ရွှေငွေရတနာတို့ကို ဘဏ္ဍာတိုက်မှထုတ်စေ၍ ရွှေခွက်လေးသောင်းတို့ကို ပြုလုပ် လှူဒါန်းရန် စိတ်အကြံဖြစ်လေ၏၊ ထို့နောက် မိမိ၏ တပည့်လေးသောင်းတို့ထံ ရွှေခွက်များပြုလုပ်ပေးပို့ကြရန်အကြောင်းကြားလိုက်ရာ တပည့်ရှစ်သောင်းတို့သည် ဘုရားအလောင်းပုဏ္ဏား အလိုရှိသော ရတနာရွှေခွက်များကိုပြုလုပ်၍ အသီးအသီးပို့ကြကုန်၏၊ ယင်းသို့ နေ့စဉ်မပြတ်ပေးလှူသော ဘုရားအလောင်း၏ အလှူကြီးသည် ခုနစ်နှစ် ခုနစ်လကျော်လာပြီဖြစ်၏၊ထို့နောက်ဘုရားလောင်းသည်—

အကြင်သူတို့သည် အစားအစာ စပါးဥစ္စာ အသုံးအဆောင် အဝတ်မှစ၍ လိုအပ်ရာ အပြင်ပစ္စည်းဝတ္ထုကို တောင်းကုန်၏၊ ထိုသူတို့အား ထိုပစ္စည်းဝတ္ထုကို ပေးအံ့။

ဤသတ်မှတ်ချက်ဖြင့် အလှူခံပုဂ္ဂိုလ်တို့ကို ထမင်းအဖျော် ဥစ္စာရွှေငွေ အထွေထွေ အသီးသီးသောပစ္စည်းတို့ကို ပေးလှူခြင်းဖြင့် အမြဲတစေ ရောင့်ရဲစေပါအံ့။

ဟု ပြောဆို၏၊ ဘုရားအလောင်းသည် ရတနာအပြည့် ထည့်ထားသော ရှစ်သောင်းလေးထောင်သော ရွှေခွက်များကိုငင်း၊ ရွှေများအပြည့် ထည့်ထားသော ရှစ်သောင်းလေးထောင်သော ငွေခွက်များကိုငင်း၊ ရတနာခုနစ်ပါးအပြည့်ထည့်ထားသော ရှစ်သောင်းလေးထောင်သော ကြေးခွက်များကိုရင်း၊ ရွှေငွေရတနာတို့ ထည့်ထားသော ခွက်ကြီးခွက်ငယ် အသွယ်သွယ်တို့ကိုရင်း ဇမ္ဗူဒီပါတကျွန်းလုံး၌ရှိသောလူတို့အား လှူဒါန်းလေ၏။

ထိုမျှသာမကသေး ဘုရားအလောင်းသည် တကေမျှပမာဏရှိသော မြေအပြင်၌ အမျိုးမျိုးသောရတနာတို့ဖြင့် ပြည့်သော ရွှေအိုးကြီး သုံးလုံးတို့ကိုထား၏၊ ယင်းရွှေအိုးကြီးတို့ကား ရွှေခွက်တခုတခု၏ ထိပ်ဖျားအဖူးအငုံသည် ကိုးတောင်အမြင့်ရှိ၍ ရွှေခွက်၏ လည်ပင်းအရေးသည် ရှစ်တောင် ကျယ်၏၊ ရွှေခွက်၏အလယ်၌ မြင်းလှည်းတစီး လှည့်လည်သွားလာနိုင်၏၊ ယင်းရွှေခွက်ကြီးများ၌ ရွှေငွေရတနာခုနစ်မျိုးတို့ကို အပြည့်ထည့်ထားပြီးလျှင် လာသမျှအလှူခံတို့အား လှူဒါန်းလေ၏၊ယင်းသို့ ပေးလှူပြီးနောက် ဘုရားလောင်းသည် လွန်စွာရွှင်လန်းသက်ဝမ်းမြောက်ခြင်းရှိ၍ အလှူကိုအနုမောဒနာပြုလိုရကား-

ဤနေရာကြွရောက်လာသောအလှူခံအပေါင်း အိုသူတော်ကောင်းတို့-ရကြောင်းမြတ်ဆု၊ ဤလှူမှု၊သာဓုနှုမော်ခေါ်စေသော်၊ သုံးဘော်စေ တနာ ထားရှိကာ ကြီးစွာလှူပေးသည်။

ငါ၏ကြီးစွာ၊ လှူမဟာ၊ ဝမ်းသာမောင်တို့ ရှိစေသော။
ဗောဓိဉာဏ်ကို၊ ဆုပန်ဆို၊ ရလိုစိတ်စော ပေးလှူသော။
ကြီးစွာလှူပါ၊ ဤဒါနာ၊ မှန်းရာမဟုတ်သော။
သဗ္ဗညုဉာဏ်၊ ချမ်းစိတ်လျှံ၊ အမှန်လှူပါသော။
ထို့ကြောင့်ပေးလှူ၊ များဗိုလ်လူ၊ ငါတူရစေသောဝ်။

## အလှူခံမှာ သီလရှိသူမပါ

ဘုရားလောင်းသည် ရှစ်သောင်းလေးထောင်သော မင်းတို့အား ရွှေကွန်ယက် ရွှေတန်ဆာတို့ဖြင့် တန်ဆာဆင်ယင်ထားသော ရှစ်သောင်းလေးထောင်သော ဆင်တို့ကိုရင်း၊ ရှစ်သောင်းလေးထောင်သောအမတ်တို့အား ငွေအဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ထားသော မြင်းရှစ်သောင်း လေးထောင်တို့ကိုရင်း၊ ရှစ်သောင်းလေးထောင်သော သူဌေးတို့အား ခြသေ့်ရေစသည်ဖြင့် ဆန်းကြယ်စွာပြုလုပ်ထားသော ရွှေဖြင့်ပြုလုပ်ထားသော ပန်းတံခွန်တို့ဖြင့်ဆင်ယင်ထားသော လှည်းရထားရှစ်သောင်းလေးထောင်တို့ကိုရင်း၊ ရှစ်သောင်းလေးထောင်သော သူကြွယ်တို့အား ရွှေငွေဖြင့်ပြီးသော နို့ညှစ်ခွက်များနှင့် တကွ နို့စားနွားမပေါင်း ရှစ်သောင်းလေးထောင်တို့ကိုရင်း၊ ရွာအုပ်ပေါင်း ရှစ်သောင်းလေးထောင်တို့အား ဦးချိတို့၌ရွှေအဖုံး လည်ပင်း၌ ရွှေခြူဆွဲလဲ ရွှေပန်းဆိုင်ကျောက်ကုန်း၌ ကောင်းမွန်သောအဝတ်များ ဝတ်ရုံထားသော ခြေလေးဘက်တို့၌ တန်ဆာအမျိုးမျိုးတို့ဖြင့် ဆင်ယင်ထားသော ရှစ်သောင်းလေးထောင်သော နွားတို့ကိုရင်း၊ မြို့သူမြို့သားတို့အားလည်း လည်ဆွဲပတ္တမြား နားဒေါင်းများဆင်ယင်ထားသော ရှစ်သောင်းလေးထောင်သော အပျိုကညာတို့ကိုရင်း၊ မြို့သူမြို့သားတို့အား ရွှေချည် ငွေချည် များဖြင့် ပြုလုပ်ထားသော အခင်းအမျိုးမျိုး ကော်ဇော အပျိုးပျိုး စသော အခင်းပေါင်း ရှစ်သောင်းလေးထောင်တို့ကိုရင်း၊ အဝတ်အထည်အမျိုးမျိုး ရှစ်သောင်းလေးထောင်တို့ကိုရင်း ပေးလှူ၏။

မှတ်ချက်။ ။မိန်းမအလှူ၊ နွားအလှူ၊ ပွဲသဘင်အလှူ၊ သေရည်သေရက်အလှူ ဤအလှူများကား ပေးလှူအပ်သော အလှူများမဟုတ်၊ သို့တစေ ဤလေးမျိုးတို့ကိုလှူသော ဝေလာမပုဏ္ဏားသည် အလှူတင်းကုပ်ကြီး၌ ဤအရာကား မရှိဟု ဆိုသောသူတို့၏ အပြောအဆိုကို ဖြတ်ခြင်းငှာရင်း၊ မိမိ၏မဟာဒါန အခြံအရံ ဖြစ်စေခြင်းငှာရင်း ပေးလှူလေသည်။

ဤသို့ ဝေလာမပုဏ္ဏားမျိုး၌ ဖြစ်သော ဘုရားအလောင်းသည် အလုံးစုံသော ဇမ္ဗူဒိပ်၌နေသော သူတို့အား မိမိ၏ အလှူတင်းကုပ်၌ ကြီးစွာသော အလှူကို ပေးလှူလျက် အလှူခံပုဏ္ဏားများတွင် သီလတပါးစောင့်ထိန်းသူများပင် မရရှိသည်ဖြစ်လျက် ယင်းသို့သော အလှူကြီးကို ပေးလှူခြင်းဖြင့် အလှန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်၍ ဥဒါန်းကျူးလေသည်ကား—

အထက်ကောင်းကင် ပစ်တင်ဒုတ်သည်၊ မြေမှာကျမြဲ မလွဲဖြစ်လည်။
ထို့တူဒါန ငါလှူရသည်၊ သေ့မလွဲ့အမြဲကျိုးပေးမည်။
ကံကော်ပင်မှ ကြွေကျသီးတွေ၊ မြေမှာဝဲလို့ ကျမြဲမသေ့။
ထိုနည်းပုံတူ ငါ့အလှူတွေ၊ အကျိုးရ မုချဖြစ်မည်လေ။
သစ်ပင်အထက် ယော်ရွက်ဝါရွှေ၊ ပထဗျာမြေထဲ ကျမြဲမှန်ပေ။
ထို့တူဒါန ငါလှူသမျှတွေ၊ အကျိုးရ မုချဖြစ်မည်လေ။
ငါ၏ဒါန စိုးရဂုဏ်ရည်၊ စည်းစိမ်တိုးပွား ကျိုးများစေသည်။
သံသရာတလျှောက် စောင့်ရှောက်ကိုယ်ထည်၊ အမြတ်ဆုံး ပေးအုံးပါလိမ့်မည်။
ငါပေးတဲ့အလှူ ခြံရံမြောက်မြား တက်ပွားဖြိုးလူ၊ ချမ်းသာတစ်ပေးကြွယ်ငွေဇမ္ဗူ။
သူငွေးဖြစ်လို့ ကြွေးဟစ်နိုင်သူ၊ ချမ်းသာမျိုး ကောင်းကျိုးတလူလူ။
လာသမျှလူ ပုဂ္ဂိုလ်မရွေး လှူပေးစိတ်ဖြူ၊ ဘယ်သူမသာ ညီညာထားလှူ။
ဝမ်းမြောက်ကြ အမျှအမျှ ယူတော်မူ။
မြစ်ကြီးတမူ တူသည်ငါ့အလှူ၊ ထာဝရပစ္စည်း သိမ်းဆည်းသည်သူ။
လူရောနတ်ရော သောသောညံဆူ၊ ငါ့အသက် စောင့်လျက်နေကြမူ။
မင်းနှင့်ရန်သူ မီးဟူရေလေ၊ ဒါနအစွမ်း မလှမ်းနိုင်ပေ။
နိုင်ထက်ပိုင်နက် ဆိုင်လျက်ခါလေ၊ မယူဝံ့ နောက်တွန့်သွားကြပေ။
ရေပြည့်သမုဒ္ဒရာ ဘယ်ခါချိန်လေ၊ သုံးစွဲဖိုဖို မကုန်နိုင်ပေ။
ထိုတူပါလေး ငါပေးလှူတွေ၊ ငါ့အတွက် ကုန်ရက်မရှိပေ။
ရပ်ခါသွားခါ ထိုင်ခါငိုင်ခါ မှိုင်ရှာအိပ်နေ့၊ ဒါနကတော့ မုချမနေ။
ငါ့အတွက်ကိုဖြင့် ရောက်လျက်ရှေပေ၊ ဖျော်တမင်း အော်ဟင်းစားမို့ သောက်ဖို့လေ။
လုံးစုံလူများ လှူငြားငါလေ၊ အကျိုးကြီးလို့ ခရီးမရှေ။
ဘုရားဖြစ်ကြောင်း ဆုတောင်းပန်ထွေ၊ ဖောင်တော်ကြီး စီးစို့ပျော်ပျော်လေ။

ပစ္စည်းထွေပြား ငါကားပေးလှူ၊ ပျော်စွပျော်စွ အရတော်သူ။
ကုသိုလ်ဟုန်စွမ်း ဘုန်နန်းအဆူဆူ၊ လှူတော်ခန်း မှော်ကွန်းတံခွန်ထူ။
နာဂတ်ချိန်မှာ ရှိန်ဝါမြင့်လွင်၊ သစ္စာလေးပါး တရားသိထင်။
ဘုရားဖြစ်ဖို့ ချစ်လို့လှူခင် သဒ္ဒါပြည့် တည်ရှိ ကျွန်တော်ပင်။

ဤကဲ့သို့ ဥဒါန်းကျူးပြီးလျှင် ဝေလာမဘုရားအလောင်းသည် နေ့တိုင်းနေ့တိုင်း လူအပေါင်းတို့အား ပေးလှူသည်၏အစွမ်းဖြင့် မရေတွက်နိုင်အောင် ပြန့်နှံ့ကျယ်ပန်းသော ယမင်းအဖျော် ခဲဘွယ်ဘောဇဉ်စသော လှူဘွယ်ဝတ္ထုအမျိုးမျိုးတို့ကို ပေးလှူလေသည်၊ ဗာရာဏသီမြို့မှာနေ၍လျက် မင်းပုရောဟိတ်ရာထူးကို ထမ်းဆောင်ကာ ပိမိ၏စည်းစိမ်ချမ်းသာကို ငံစားလျက် လူအပေါင်းအား ကောင်းကြောင်း ဩဝါဒပေးလျက် နေလေသည်။

## ဩဝါဒများ

ရှေးလူကလို့ပြည့်စုံ မမေ့ရာတုံ လှူကြတန်းကြ။
အလှူအတန်း ရှင်လန်းပျော် ငါတို့လိုနော် ဖြစ်ကြစမ်းပ။
ကာလသုံးခန်း လှူတန်းလို ဒါနလှူကို့ ပေးကြကမ်းကြ။
သဒ္ဒါသီလ ပြည့်စုံကြွယ် ငါ၏တူကွယ် လှူလိုက်စမ်းကြ။

(၃၁-၃၂-၃၄ ဂါထာတို့သည် အရိယဇာတ် ၂၆-၂၇-၂၈ ဂါထာတို့ ပုံစံကူ အနက်အဓိပ္ပါယ် ဖြစ်သည် ပြန်ကြည့်ပါ)။

သဒ္ဒါသီလ နှစ်ဝကုံလုံ ပြည့်ကာဖုံ ရုပ်ပုံလှပ သက်ရှေရ။
သုတဖုံဖုံ ပြည့်ကာသုံ ဖြစ်ဝံ့လောက မျိုးမြတ်မှ သုခခေါင်ထိရောက်။
အကျိုးမီးပွား ပြုတုံဌြား၍ စွန့်စားဥစ္စာ ဇွမ်းရာလှူပေး ဖြစ်ရေး
တဝ ပေါကြွယ်ရ၊ ပျားလုခြံရံခ။
ပညာဉာဏ်ပျဉ်၊ လှူတန်းလျှင်၊ ပွားအင်ဝန၊ ခြံရံရ။
ယို့ကြောင့်ရကား၊ အိုလူများ၊ မခြားငါတူ၊ ပေးလှူကြလော၊ဘဝ
နောင်ခါ၊ဖြစ်လေရာတွင်၊ ဥစ္စာဓန၊ ပေါကြွယ်ဝ၊ မုချဖြစ်မည်တည်း။

ဤသို့ ဘုရားလောင်း၏ ဩဝါဒစကားကို ကြားနာပြီးလျှင် နှစ်သက်အားရမ်း ရှင်လန်းဝမ်းမြောက်သည်ဖြစ်၍ အချင်းချင်း ဝမ်းမြောက်ဘွယ်စကား ပြောကြားကြပြီးလျှင် ဤအချိန်အခါမှစပြီး ပညာရှိကြီး ပုရောဟိတ်၏ အမိန့်ဩဝါဒ၌ တည်ကြကာ ကောင်းမှုအဖြာဖြာကို ပြုကြပါကုန်စို့။

ငါတို့ဆရာ၊ မိန့်ဩဝါဒ- လိုက်နာခံတည်၊ယုံကြည်မှုလုပ်၊ ကျိုးမယုတ်၊
အဟုတ်တို့မှာရှိ။ အချင်းတို့ရေ၊ ဒို့တတွေ၊ အိမ်နေကိစ္စ၊ ပြုလုပ်ကြ
လျက်၊ ဒါန လှူရေး၊ ကောင်းစွာပေးချက်၊ ထိုကံတွက်ကြောင့်၊
နောက်ဖက်ဘဝ၊ ချမ်းသာရ၊ မုချဖြစ်လေဘိ။

ဤသို့အချင်းချင်း ကောင်တင်းကျေညာ လူများစွာတို့သည် လောင်းလျာ ဝေလာမဩဝါဒခံတည် ဒါနစသည်ပြု၊အသက်ရှည်မှုအလျောက်တည်၍ စုတေသည်၏အခြားမဲ့ဝယ် နတ်ပြည်၌ ဖြစ်ကြကုန်၏၊ ထို့တူရင်း ဘုရားလောင်းသည်လည်း သေသည်၏အခြားမဲ့ဝယ် နတ်ပြည်၌ပင် ဖြစ်လေ၏။

ဤဆိုခဲ့သောအတိုင်း စိတ်ပိုင်းပြ၍ ထိုအနာထပိဏ်သူဌေးအား ဝေလာမဇာတ်ကို ဟောတော်မူ၏။

အတိတ်ကာလက ဖြစ်ခဲ့သော ဝေလာမပုဏ္ဏားသည် ဇမ္ဗူဒိပ်ကျွန်းနေသူအားလုံးတို့အား ဤဆိုခဲ့ပြီးသည့်အတိုင်း ခိုင်းနှိုင်းမရ အလှူဒါနကြီးကို ပေးလှူသော်လည်း ထိုအချိန်က သီလဝန္တအလှူခံ ပုဂ္ဂိုလ်တယောက်မျှကိုပင် မရရှာပေ၊ သီလကင်းသူ လူအလှူခံတို့အားသာ ပေးလှူခဲ့ရသည်၊ ထိုသို့ ဖြစ်သောကြောင့် မျက်မြင်ဘဝ ငါဘုရားသာသနာ အရိယာသာဝကတို့ကို ထာဝရ ရေးယူ ပေးလှူနေရ ပါလျက် သင်သူဌေးသည် အဘယ့်ကြောင့် ဤလိုညဏ်သီ၍ ကြံစည်ရလေသနည်းဟု မိန့်တော်မူကာ ဒေသနာကိုချဲ့ပွား၍ ဟောကြားတော်မူသည်ကား=

## တဆင့်ထက်တဆင့် မြင့်မြတ်သည့်ကုသိုလ်

အိုသဒ္ဒါမပျိန်တဲ့ အနာထပိဏ်-အကြင်သူသည် တဦးတယောက်သော သောတာပန်အား အလှူကို ပေးလှူ၏၊ ထိုသူ၏ဒါနသည် လောကီလူသား ပုထုဇဉ်အများအား ခုနစ်နှစ် ခုနစ်လ ရွှေငွေစသော ပစ္စည်းကို စွန့်၍ ငါအလောင်းတော် လှူအပ်သော အလှူထက် အကျိုးကြီးပေးသည်၊ သကဒါဂါမိ ပုဂ္ဂိုလ်အား လှူအပ်သောအလှူသည် သောတာပန်အား လှူရသော အလှူထက် အကျိုးကြီး၏၊ အနာဂါမ်အား လှူရသော အလှူသည် သကဒါဂါမိ ပုဂ္ဂိုလ်အား လှူရသည်ထက် အကျိုးကြီး၏၊ ရဟန္တာပုဂ္ဂိုလ်အား လှူရသော အလှူသည် အနာဂါမ်ပုဂ္ဂိုလ်အား လှူရသော အလှူထက် အကျိုးကြီး၏၊ ပစ္စေကဗုဒ္ဓါအား လှူရသော အလှူသည် ရဟန္တာပုဂ္ဂိုလ်အား လှူရသည်ထက် အကျိုးကြီး၏။ မြတ်စွာဘုရားအား လှူရသောအလှူသည် ပစ္စေကဗုဒ္ဓါအား လှူရသည်ထက် အကျိုးကြီး၏၊ ဘုရားအမှူးရှိသော သံဃာအား လှူရသော အလှူသည် ဘုရားတဦးတည်းအား လှူရသည်ထက် အကျိုးကြီး၏။

စဝုဒိသာသံဃာအား ကျောင်းတော်ဆောက်လုပ်လှူဒါန်းခြင်းသည်ဘုရား တပါးတည်း လှူရသည်ထက်အကျိုးကြီး၏။

ကြည်ညိုသောစိတ်ထားဖြင့် သရဏဂုမ်သုံးပါးအား ဆည်းကပ်ခြင်းသည် စတုဒိသာသံဃာအား လှူရသည်ထက် အကျိုးကြီး၏။

ကြည်ညိုသောစိတ်ထားဖြင့် ငါးပါးသီလကို စောင့်ထိန်းခြင်းသည် သရဏဂုမ်တည်သည်ထက် အကျိုးကြီး၏၊ မေတ္တာပွားများ လက္ခဏာရေးသုံးပါးကို လက်နှစ်ချောင်းဖြင့် နို့သာချောင်းကိုကော်၍ နှာခေါင်းအပေါ် ကပ်လျက် လှုက်ဝင်လေ ရာတ်အစုံ နမ်းရှုံမျှအချိန် တကြိမ်ပွားသည်က ငါးပါးသီလ ဆောက်တည်သည်လက် အကျိုးကြီး၏။

(၄၁·၄၂·၄၃· ၄၄· ၄၅· ၄၆· ၄၇· ဂါထာများ နောက်က ပါနဲ့ပြီ၊ မြန်ကြည့်)။

ဤနှစ်ဂါထာတို့ဖြင့် အနာထပိဏ်သူဌေးအား ဟာရာမမှဟောပြပြီးဆုံး စေ၍ ယခုအခါ ငါဘုရားသာသနာ၌ ရဟန်းသံဃာအား လှူအပ်သောအလှူ သည် ခေါင်းပါးသော မည်သည် မရှိ၊ ထိုဒါနသည် သင့်အား ကြီးမြတ်သော အကျိုးကို ပေးမည်သာတည်းဟု မိန့်တော်မူကာ ဤဒေသနာကို ဆောင်မှတ်၍ ငှတ်ကို ပေါင်းတော်မူသည်။

ဇာတ်ပေါင်းခဏ်း

ထိုအခါ မိဘာနှစ်ပါးသည် ယခုအခါ မာယာဒေဝီနှင့် သုဒ္ဓေါဒန၊ ပာရာ ဏသိမင်းသည် ရှင်သာရိပုတ္တရာ၊ မင်း၏သားသည် အာနန္ဒာ၊ ဗာရာဏသီမြို့သူ မြို့သားအပေါင်းသည် ဘုရားပရိသတ်၊ တိုင်းတပါးက မင်းသား အပေါင်း သည် သာဝက၊ ဝေလာမပုဏ္ဏားသည် ငါဘုရားဖြစ်၏-ဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ဝေလာမဇာတ် ပြီး၏။

—·—

# ၃၇—ဝဋ္ဋဂုလိရာဇဇာတ်

ရုပ်တုကိုယ်စား၊ ထုလုပ်ငြွေား၍၊ ဝပ်တွားပူဇော်၊ ကောင်းကျိုးမော်၊ ရှင်တော် ဟောခဲ့၏။

ယော နရော ပဏ္ဍိတော ဘောန္တာ-ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိမိ၏ပုဗ္ဗကမ္မ၏အစွမ်းဖြင့် ပူအပ်ခဲ့သော ဘုရားရုပ်တုတော်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ မြတ်စွာဘုရားသည် ဤလောက၌ ဝေနေယျပုဂ္ဂိုလ်တို့ကိုကြည့်၍ ဆုံးမခြင်းငှာ ဒေသစာရီ လှည့်လည်တော်မူ၏၊ ထိုအခါ ပသေနဒီကောသလ မင်းကြီးသည် လူပေါင်းများစွာခြံရံလျက် မြတ်စွာဘုရားကို ဖူးမျှော်လိုသည် ဖြစ်၍ မိမိ၏အမှုထမ်းများကို နံ့သာပန်းစသော ပူဇော်ဘွယ် ပစ္စည်းများကို ယူစေလျက် မိမိ၏မြို့တော်မှထွက်၍ ဇေတဝန်ဉယျာဉ်၌တည်သော ကျောင်းတော်သို့ လာလေသည်၊ ပရိသတ် အခြံအရံနှင့် တကွသော မင်းကြီးသည် ဇေတဝန်အရာမ် ဘုရားကျောင်းတော်၌ မြတ်စွာ ဘုရားကို မဖူးတွေ့ရသည် ဖြစ်၍ များစွာထိတ်လန့်တုန်လှုပ်သော စိတ်နှလုံးရှိလျက် အချင်းချင်းတိုင်ပင် ကြကုန်၏၊ အိုအချင်းတို့- ဤလောကကြီးသည် ဘုရားနှင့်ကင်းလျှင်တော့ တရားစမ္မတွေ ဆိတ်သုဉ်းတော့မှာပါတကား၊ လည်းပျောင်းရာ ကင်းတော့မှာပါတကား၊ ကိုးကွယ်ရာမဲ့ ဖြစ်တော့မှာပါတကား။

ဤသို့တိုင်ပင်ကြပြီးလျှင် မင်းမှုထမ်းတို့သည် အမျိုးမျိုးသော ပန်းတို့ဖြင့် မြတ်စွာဘုရားသိတင်းသုံးရာဌာနကို ပူဇော်၍ပြန်သွားကြကုန်၏၊ ထိုသို့ပြန်ကြရာ အခါ၌ မင်းအစရှိသော လူအပေါင်းတို့သည် ထိတ်လန့် တုန်လှုပ်သော နှလုံး ရှိသည်ဖြစ်၍ စိတ်နှလုံးမချမ်းမြေ့ဖြစ်ကာ မိမိတို့နေရာသို့ ပြန်ကြရကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အသီးသီးသောအရပ်ဒေသတို့၌ ဆုံးမထိုက် သောသတ္တဝါတို့ကို မိမိ၏တရားဒေသနာဖြင့် မဂ်ဖိုလ်ကိုသိစေပြီး၍ ဇေတဝန် ကျောင်းတော်သို့ ပြန်ကြွလာလေသည်။

## ရုပ်ပွားတော် ပူဇော်ခွင့်လျှောက်

ဘုရားမြတ်စွာသည် ဇေတဝန် ကျောင်းတော်သို့ ပြန်ကြွလာပြီ ဟူသော သတင်းစကားကိုကြားရလျှင် ပသေနဒီကောသလမင်းကြီးသည် အလွန်တရာ နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ အမျိုးမျိုးသော ပူဇော်ဘွယ်ကို ယူစေလျက် မြို့မှထွက်ကာ ဇေတဝန်ကျောင်းတော်သို့ သွား၏။

မြတ်စွာဘုရား၏အထံသို့ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်လျော်သော နေရာမှာနေလျက် မြတ်စွာဘုရားအား ဤသို့လျှောက်ထားလေသည်၊ ဘုန်းတော်ကြီးမြတ်တော်မူသောမြတ်စွာဘုရား- လွန်ခဲ့သောနေ့က သာဝတ္ထိမြို့၌နေသောလူများစွာတို့သည် အရှင်မြတ်ဘုရားကို ပူဇော်ခြင်းငှာ ဇေတဝန်ကျောင်းတော်သို့လာကြပါသည်၊ မြတ်စွာဘုရားကို မဖူးမြင်ရကုန်သည်ဖြစ်၍ အလွန်ဆင်းရဲသောစိတ်နှလုံးဖြင့် မိမိတို့နေရာ အိမ်ဂေဟာသို့ ပြန်သွားကြရပါကုန်၏၊ ရင်းပြင် အရှင်မြတ်ဘုရား အသက်ထင်ရှားရှိနေတုန်း အရှင်မြတ်ဘုရားသည် တခြားနေရာသို့ ကြွသွားသည် ရှိသော် ဟပည့်တော်သည် အရှင်ဘုရား၏ရုပ်သွင်ကို မဖူးမြင်ရသည်ဖြစ်၍ ခိုကိုးရာမဲ့ကာ အလွန်တရာဆင်းရဲဒုက္ခ ရောက်ရပါသည်၊ အရှင်ဘုရားသာ ပရိနိဗ္ဗာန်ဝင်စံကြွသွားမည်ဆိုရင် ဤသတ္တလောကကြီးသည် အဘယ်မှာကိုးကွယ်ရာ ချမ်းသာရာရှိပါတော့အံ့နည်း၊ ထို့ကြောင့် အရှင်မြတ်ဘုရား ဤလောက၌ လူအများသည် အရှင်ဘုရား၏ မြတ်သောရုပ်သွင်သော်ကို ရှိခိုးဝန္ဒနာပြုသို့အတွက် အရှင်ဘုရား၏ မြတ်သော ရုပ်ပုံတော်ကို ပြုလုပ်ရန် အခွင့်ပေးတော်မူပါဟု လျှောက်ထားလေသည်။

မင်းကြီး၏ လျှောက်ထားသောစကားကို ကြားလျှင် မြတ်စွာဘုရားသည် အလုံးစုံသောလောက၏ အကျိုးစီးပွားကိုကြည့်လျက် အမြဲတစေ မိမိသာသနာတည်စေခြင်းအကျိုးငှာ မိမိ၏ရုပ်ပုံတော်ကို ထုလုပ်စေရန် ပသေနဒီကောသလမင်းကြီးအား ခွင့်ပြုလိုသည်ဖြစ်၍ ဤသို့ မိန့်တော်မူ၏၊ မြတ်သောမင်းကြီး- အကြင်သူသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ ထိုသူသည် စွမ်းအားရှိသလောက် မြေညက်အစရှိသော တစုံတခုသော ဝတ္ထုပစ္စည်းဖြင့် အငယ်ဖြစ်စေ၊ အကြီးဖြစ်စေ၊ ငါဘုရား၏ ရုပ်ပုံတော်ကို ထုလုပ်နိုင်၏ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤသို့ မိန့်ကြားတော်မူပြီး၍ မြတ်သော မင်းကြီး- ရှေးတုံးကလည်း ပညာရှိသည် မြို့တမြို့မှာ တဆူသော ဘုရားရုပ်တုတော်၏ လက်ပြတ်လျက် တည်ရှိနေသည်ကိုတွေ့မြင်၍ ထိုရုပ်တုတော်၌ လက်ကိုပြန်လည်ဆက်ပေးသောကြောင့် ချမ်းသာကိုလည်း ခံစားရ တန်ခိုးအာနုဘော်လည်းကြီးရလေသည်ဟု ဟောတော်မူပြီးလျှင် ဆိတ်ဆိတ် နေတော်မူ၏၊ မင်းကြီးသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

မြတ်သောမင်းကြီး- ရှေးအခါက အင်္ဂလိမည်သောမြို့၌ ကြွယ်ဝပြည့်စုံကုန်သည်မျိုးမှာဖြစ်သော ဘုရားအလောင်းသည် ဗန္ဓုမာဏဝ (ဗန္ဓုလုလင်) ဟူသောအမည်ဖြင့် ထင်ရှားလေသည်။

ထိုအခါ ဗန္ဓုလလင်သည် သဒ္ဓါဘရား အသိဉာဏ်ပညာ ထက်ကြွလုံ့လနှင့် ပြည့်စုံလျက် သမုဒ္ဒရာတဖက်ကမ်းသို့ ကုန်ကူးသန်းရောင်းဝယ်သွားရန်အတွက် သမုဒ္ဒရာကမ်းပါး၌ လှေကြီးကိုတည်ဆောက်စေ၍ ထိုလှေကြီး တည်ဆောက်ပြီးသောအခါ မိမိ၏ကုန်ပစ္စည်း ဘဏ္ဍာများကို လှေပေါ်သို့ တင်ပြီးလျှင် ကုန်သည်ဘဝေါင်တို့နှင့်အတူ ထိုလှေကြီးကိုတက်စီးလိုက်ပါသွားလေသည်။

လှေကြီးသည် သမုဒ္ဒရာ၌ရှုက်ဖွင့်ကာ သွားသည်ရှိသော် တခုသောကျွန်းသို့ ရောက်၍ ကမ်းအနီး၌ကျောက်ချလျက် ရပ်နားလေသည်၊ ဘုရားလောင်းသည် မိမိလူများနှင့်အတူ လှေမှထွက်၍ ကုန်းထက်သို့တက်သွားသည်ရှိသော် မွှေလျော်ဘွယ်ရှိသော တခုသောအရာမ်ကို မြင်လျှင် ဝင်လျက် ထိုမှဤမှ ကြည့်ရှုသည်ရှိသော် တခုသော ဘုရားရုပ်တုတော်ထားရာ ကျောင်းဆောင်ကို တွေ့လေသည်၊ ကျောင်းဆောင်ပေါ်သို့တက်၍ ကြည့်လျှင် ရုပ်ကုတော်၏လက်ချောင်း ထိုနေရာမှာပြတ်ကျနေရာ ပြတ်နေသော လက်ချောင်းကို မြင်၏၊ ထိုပြတ်နေသော လက်ချောင်းကိုမြင်လျှင် ဘုရားအလောင်းသည် ယခု ငါ၏ ကောင်းမှုပြုခွင့်အခါပဲ၊ ဤနေရာမှာပင် ဤရုပ်တုတော်၏ လက်ကို ပကတိအတိုင်း ကောင်းအောင် ပြုရပေတော့အံ့၊ ငါပြုအပ်သော ထိုကောင်းမှုသည် ငါ့အား ကောင်းကျိုးကို ပေးပေလတံ့-ဟု ကြံစည်မိ၏၊ ထိုသို့ကြံစည်ပြီး၍ ထိုအရပ်၌ နေလျက် မိမိ၏အချင်းယောကျ်ားတို့နှင့် တိုင်ပင်လိုသည်ဖြစ်၍ ဤသို့ဆို၏။

အိုအချင်းတို့- ဤနေရာမှာ သဒ္ဓါရှိသူ ငါနှင့်အတူ ဤဘုရား၏လက်ချောင်းကို ပြန်လည်ဆက်ကုန်လော့၊ ထိုသူသည် နတ်ပြည်,လူ့ပြည် ဤနှစ်လီမှာ ကြီးကျယ်ဖွံ့ဖြိုး အကျိုးလွန်မင်း ချမ်းသာခြင်း၏အကြောင်း ဖြစ်သော ဥစ္စာကို ရမည်သာတည်း။

ဤသို့ပြောဆိုကာ ဘုရားအလောင်းသည် ထိုနေရာမှာကျရောက်နေသော ပြတ်နေသောလက်ချောင်းကိုယူ၍ ကိုယ်တိုင် မြေညက်ကို မှတ်အောင်ပြုကာ ထန်းလျက်စသည်နှင့်ရောနယ်လျက် လက်ပြတ်ကို ပကတိအတိုင်းဖြစ်အောင် ဆက်စပ်၍ မိန်းမတဦးအား မိမိဥစ္စာ အဘာပြောပေးလျက် အိုရှင်မ-သင်သည် ကုသိုလ်အလိုရှိမူ ဤရုပ်တုတော်အား ဆီမီးပူဇော်လေလောဟု ပြောဆို၍ ထိုရုပ်တုတော်အား ရှိခိုး၏။

ငါသည် ဗုဒ္ဓရုပ်တုတော်ကို ပကတိအတိုင်း ဖြစ်အောင် ပြုလုပ်ခဲ့ပေ၏၊ ငါ၏ ထိုကောင်းမှုသည် နတ်ပြည်,လူ့ပြည် ဤနှစ်လီတို့၌ ဂုဏ်ကျေးစုံ စည်းစိမ်ဂုဏ်ကို ပြီးစေတတ်သည်သာတည်း။

ဤသို့ပြောဆိုကာ ဆုတောင်းပတ္ထနာ ပြုလေသည်။

ဤကောင်းမှုကြောင့် ငါးဒုမာရ်နှင်၊ တဘက်စင်သည်၊ သိမြင်လုံးစုံ၊ ဉာဏ်ဟုန်မြင့်ထွား၊ မြတ်ဘုရားသည်၊ ထင်ရှားသတ်မှတ်၊ အနာဂတ်၌၊ ဿဟ်ဘတ်ပသေ့ ဖြစ်ရစေသော ပြတ်ရှင်စော။

သံသရာဘဝ၊ ကျင်လည်ရသော်၊ ဗလပြည့်စုံ၊ ရုပ်ပုံလှပ၊ ရွှေစင်မြသို့၊ ဘယမဖက်၊ ကျန်းမာလျက်လျှင်၊ အသက်ရှည်ကြာ၊ ကောင်းကျိုး ပြွာသည်၊ ဖြစ်ပါစေသော မြတ်ရှင်စော။

ရန်သူခိုးသား၊ မျက်မှောက် နားမှာ၊ မလာရောက်စေ၊ ထွေထွေ ကြောက်ဖွယ်၊ ဘေးသွယ်သွယ်လည်း၊ ကွယ်စေပျောက်စေ၊ မျက်မှောက် လေ၊ ဖြစ်စေရသော မြတ်ရှင်စော။

## နတ်ပျားသေခါနီး နိမိတ်ပြပုံ

ဤသို့ဆုတောင်း ဘုရားလောင်းသည် ဘုရားဘန်ဆောင်းမှုထွက် နှစ်သက် ဝမ်းသာ မိမိလူများစွာနှင့် နေရာသို့ပြန်လေသည်။

ဗန္ဓုမာဏဝ အမည်ရ ဗုဒ္ဓလောင်းလျာသည် လူ့ရွာမှာ အသက်ရှည်သမျှ တည်နေရပြီးလျှင် ထိုမှုစုတေ သေလွန်သောအခါ နတ်ပြည်မှာဖြစ် ချစ်မြတ်နိုး အပ်သော နတ်အပေါင်း ကောင်းမြတ်သော နတ်စည်းစိမ်တို့ဖြင့် ဝမ်းမြောက် ဝမ်းသာ အချိန်ကြာမြင့်စွာ ခံစားရလေသည်။

ထိုဘုရားအလောင်းသည် အပေါင်းဖော်စုံညီနှင့် နတ်ပြည်မှာ သက်တမ်း ရှိသမျှတည်၍ ငါးလီသောပုဗ္ဗနိမိတ်* စိတ်မှာထင်ယောင် တထောင်သော နတ်သားတို့နှင့်အတူ နတ်ပြေမှုစုတေကာ လူ့ရွာ လူ့ဌာနီ ဗာရာဏသီပြည် အင်္ဂမင်းကြီး၏ ဇနီးတောင်ညာ မဟာဒေဝီ၏ဝမ်း၌ ပဋိသန္ဓေနေလေသည်၊ မိမိနှင့်အတူတကွ စုတေကြသော နတ်သားတို့သည်ကား ဗာရာဏသီပြည်၌နေ သော တထောင်သောအမတ်မျိုးတို့၌ ဖြစ်ကုန်၏။

ဘုရားအလောင်းသည် သန္ဓေကပ်ချဉ်း၍ ဆယ်လတင်းဘင်းပြည့်လျှင်းသော် ထိုအမတ်သားတို့နှင့်အတူ တခုသောနေ့မှာပင် ဖွားသန့်စင်၏၊ ဘုရားအလောင်း ဖခင် အင်္ဂမင်းကြီးသည် မိမိသားနှင့်အတူ တနေ့တည်းဖွား အမတ်သားတို့ကို

* (၁) နတ်ပန်းညှိုးနွမ်းခြင်း၊ (၂) နတ်ဝတ်တန်ဆာ ညှိုးနွမ်းခြင်း။ (၃) လက် ကတီးကြားမှ ချွေးထွက်ခြင်း၊ (၄) နေရာ ဘုံဗိမာန်၌ မပျော်မွေ့ခြင်း၊ (၅) မျက်တောင်ခတ်ခြင်း။

ခေါ်စေ၍ မိမိသားနှင့်အတူ ထား၏၊ ဘုရားအလောင်းသည် ထိုသူငယ်တို့နှင့် ကစားသောအခါ မိမိစိတ်၌ အမျက်ဒေါသ ဖြစ်လတ်သော် လက်ချောင်းကို ထောင်လိုက်လျှင် အခြားသူများသည် ကြောက်ရွံ့၍ထွက်ပြေးကြကုန်၏။

## ကျိုးပဲ့လက်ညှိုး ပြုပြင်ကျိုး

အဖဖြစ်သော အင်္ဂမင်းကြီးသည် သားတော်၏ လက်ညှိုး အစွပ်းတန်ခိုး အာနုဘော်ကို ကြားသိသဖြင့် သူ၏အမည်ကိုမှည့်သည်ရှိသော် ဝဋ္ဋကုလိမင်းသား ဟု အမည်မှည့်လေသည်။

ဝဋ္ဋကုလိမင်းသားသည် တန်ခိုးအာနုဘော်နှင့် ပြည့်စုံသည်ဖြစ်၍ မိမိ၏အဖ အင်္ဂမင်းကြီး၏ အထံ၌ နေလျက် မင်းသားစည်းစိမ်ကို ခံစား၏၊ ဝဋ္ဋကုလိ မင်းသားသည် အဖဖြစ်သော အင်္ဂမင်းကြီး နတ်ရွာစံသော် မင်းပြုလေ သည်၊ ဝဋ္ဋကုလိမင်းသားသည် အလှူအတန်း၌ စိတ်ပါဝင်စားရကား မြို့တံခါး လေးခု မြို့လယ် နန်းတော် ဤခြောက်ဌာနတို့၌ ဒါနသာလာကြီး ခြောက်ခု ဆောက်လုပ်၍ နေ့တိုင်းနေ့တိုင်း ဒါနသာလာသို့ ရောက်လာသမျှ အလှူခံတို့ အား အလှူဝတ္ထုတို့ကို ပေးလှူလေ၏။

ထိုသို့ လှူနေရာမှ နေ့တနေ့မှာ မင်းကြီးသည် စောစောထလျက် မျက်နှာ ဆေးကြောပြီးလျှင် တန်ဆာဆင်ကာ အမတ်အပေါင်းခြံရံလျက် နန်းတော် ဒါနသာလာ၌ထိုင်၍ ဤသို့ ပြောဆို၏။

ယော ဇနော ခနံ ပယုံ၊ ယာစေယျ ပရိဘောဂိယ။
တဿာပံ မမ တံဓနံ၊ ဒဿာမိ ဗုဒ္ဓတ္တာယမေ။

ယောဇနော၊ အမှတ်မပြု အကြင်သူသည်။ ပရိဘောဂိယ၊ အထွေထွေ ကိစ္စ စိတ်ကမှတ်မြဲ သုံးစွဲခြင်းအလို့ငှာ။ ပယုံဓနံ၊ ငါပိုင်ဟုတ်ရာ ငွေဥစ္စာ ကို။ ယာစေယျ၊ ရလိုကြောင်းဖြင့် တောင်းခံရာ၏။ တဿ၊ ပစ္စည်းရကြောင်း တောင်းခံပြုမူ ထိုသည့်သူအား။ မေ၊ ငါ၏။ ဗုဒ္ဓတ္တာယ၊ သဗ္ဗညုတ ဉာဏ အမှန် အမှန်သိတတ် ဘုရားမြတ်ဖြစ်ခြင်း အကျိုးငှာ။ မမ၊ ငါ၏။ တံဓနံ၊ မှန်မြတ်ဟုတ်ပါ ထိုဥစ္စာကို။ အဟံ၊ ငါသည်။ ဒဿာမိ၊ အလိုဆန္ဒ ပြည့်ဝစေ ရေး စိတ်တွင်တွေး၍ ပေးလှူအံ့သတည်း။

ဤသို့နှုတ်မှ ထုတ်ဟည့်န်းပြီးလျှင် ဇမ္ဗူဒိပ်မြေခွင် အစဉ်နေငြား တရာ့ တပါးသောမင်းတုရားတို့၏အထံသို့ တမန်တော် စေလွှတ်လေသည်၊ တမန်စာ ချွန်တော်သည်ကား ဤသို့တည်း၊ အိုတရာ့တပါး မင်းအများတို့ ဤဗာရာ ဏသီ ရွှေပြည်တော်ရှင် ငါဘုရင်မင်းမြတ် အထံသို့ လာကြစေ၊ အထူးထူး

သော လက်ဆောင်ပဏ္ဏာများကိုင်း၊ မိမိတို့ ချစ်မြတ်နိုးသော သမီးကညာ များကိုင်း ငါ၏ထံ လျင်မြန်စွာ ဆက်သွင်းစေ ဘုရင်မင်းမြတ် အမိန့်တော်။

ထိုတမန်စာချွန်ကို ကြားရလျှင် တရာ့တပါးသော ပင်းတို့သည် ဒေါသ ပြင်းစွာထွက်၍ မတ်ဖက်လိုဟန်ဖြင့် တမန်စာပို့လာသူအား ဤသို့ ပြောကြား၏။

ဗာရာဏသီမင်းလည်း အမိန့် သောက်စား၍ ကြီးပွားလာသူပါပဲ၊ ငါတို့လဲ အမိန့်သောက်စား၍ ကြီးပွားလာသူပဲ မဟုတ်လား။
သူလဲ စစ်သည်ဗိုလ်ပါအားနှင့် တန်ခိုးထွားသလို ငါတို့လဲ စစ်သည်ဗိုလ်ပါ အားနဲ့ တန်ခိုးထွားတဲ့သူတွေပဲ မဟုတ်လား။
လောကဥ္စ သူ့မှာ ခွန်အားဗလ ပြည့်ဝသလို ဒို့မှာလဲ ခွန်အားဗလ ပြည့်ဝဘာပဲ မဟုတ်လား။
သူလဲ သူ့တိုင်းသူ့ပြည်နဲ့ နေနိုင်သလို ဒို့လဲ ဒို့တိုင်း ဒို့ပြည် တတိုင်း တနန်း စံမြန်းနေထိုင်နိုင်သူပင် မဟုတ်လား။

## တရာ့တပါးမင်းများနှင့် စစ်တိုက်

ယင်းသို့ ပြောဆိုပြီးနောက် ထိုမင်းတို့သည် မင်းမာန် ပြင်းထန်လှသည် ဖြစ်၍ ငါတို့သည် သမီးကညာကိုင်း, တန်စိုးလက်ဆောင်ကိုင်း သင်တို့ မင်းအား ပေးမည်မဟုတ်ပါကုန်၊ ငါတို့သည် မိန်းမမဟုတ်၊ ယောကျ်ား များ ဖြစ်ကြကုန်၏၊ ထို့ကြောင့် သင်တို့မင်းနှင့် စစ်ထိုးအံ့ဟုဆို၍ တမန်လာ သူ၏လက်သို့ ပြန်စာရေး၍ ပေးလိုက်ကြကုန်၏။

ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် ဤစကားကို မိန့်ကြား တော်မူ၏။

ထိုအခါ တရာ့တပါးသော မင်းတို့သည် တဆဲ့ရှစ်ခေါဘဏီ ရှိသော စစ်တပ်ကြီးဖြင့် ခြံရံကာ စစ်တိုက်ရန် မြို့မှ ထွက်လာကြကုန်လျက် မြို့ပြင်၌ ယာယီစစ်တဲများကို ထိုး၍နေကြပြီးလျှင် မြို့တော်ကိုဝိုင်း ထားပြီးနောက် ငါတို့ တရာ့တပါးသော မင်းတို့သည် သင်နှင့်စစ် တိုက်ရန် လာကြပါကုန်၏။
သင်သည် ငါတို့အား တိုင်းပြည်ကို ပေးအပ်မည်လော၊ သို့မဟုတ် စစ်တိုက်အံ့လောဟု တမန်ကို စေလွှတ်လိုက်လေ၏။
တမန်၏ထံမှ ထိုစကား ကြားရသောအခါ ဝဠင်္ဂုလိမင်းသည် တရာ့ တပါး မင်းအများနှင့် စစ်တိုက်အံ့ဟု တမန်ကို စာပြန်လိုက်၏။

ဝဋ္ဋကုလိမင်း၏ စကားကို ကြားလျှင် မင်း၏ အမတ်တထောင် အင်အားပြောင်တို့က သူတို့ကို တရာ့တပါးသော မင်းတို့နှင့် စစ်ထိုးဘို့ အခွင့်ကို တောင်းဆိုကုန်၏၊ ထိုမင်းတို့နှင့် ကျွန်ုပ်တို့ အမတ်တွေသော စစ်ထိုးပါမည်၊ အရှင်မင်းမြတ်-သင်မင်းမြတ်သည် ထိုမင်းတို့နှင့်စစ်ထိုးရန်မလိုပါ၊ အရှင်မင်းမြတ်သည်ကား ကျွန်ုပ်တို့၏အရှင် အုပ်ချုပ်သူသာ ဖြစ်ပါ၏၊ မင်းစည်းစိမ် ခံစားလျက် ကျွန်ုပ်တို့၏ စကားကို နားထောင်တော်မူပါ။

ဝဋ္ဋကုလိမင်းကြီးသည် အမတ်တို့၏ လျှောက်ထားစကား ကြားလျှင် အမတ်တို့- သင်တို့သည် ထိုမင်းတို့နှင့် စစ်ထိုးရန် မလိုပါဟု တားမြစ်လေသည်။

အိုအမတ်တို့- ထိုမင်းတို့နှင့် သင်တို့ကား စစ်ထိုးသဖြင့် ဘာအကျိုးရှိအံ့နည်း၊ ငါသာလျှင် စစ်ထိုးအံ့၊ ငါ၏စစ်ထိုးမှုကို ရှုကြကုန်လော့။

ဝဋ္ဋကုလိမင်းမြတ် ကျွန်ုပ်တို့ကိုသာ တယောက်စီ တယောက်စီ ထိုမင်းတို့နှင့် စစ်ထိုးရန် စေလွှတ်ပါဟု တောင်းဆိုပြန်ကုန်၏။

ထိုမင်းတို့နှင့် စစ်ထိုးပြီး ကျွန်ုပ်တို့သည် ထိုမင်းတို့ကို ဖွဲ့ချည်၍ အရှင်မင်းကြီး၏ အထံသို့ ဆောင်ယူခဲ့ပါအံ့၊ ကျွန်ုပ်တို့၏ စစ်ထိုးခြင်းကို ရှုတော်မူပါ အရှင်မင်းကြီး။

ဤသို့ အမတ်များက လျှောက်ကြားသည်ရှိသော် ဝဋ္ဋကုလိမင်းကြီးသည် ထိုမင်းတို့၌ သနားခြင်းကရုဏာ ရှိသည်ဖြစ်၍ မိမိအမတ်တို့ကို တားမြစ်လိုသည်ဖြစ်ရကား—

အိုအမတ်တို့- ငါ၏စကားကို နားထောင်ကြကုန်၊ ငါနှင့်တကွဖြစ်သော သင်တို့သည် အလွန် အားကြီးကုန်၏၊ ရဲစွမ်းသတ္တိလည်းရှိပါကုန်၏။

အိုအမတ်တို့- ငါတဦးတည်းသွား၍ ထိုမင်းတို့နှင့် စစ်ထိုးကာ ငါ၏ တန်ခိုးအစွမ်းဖြင့် ချမ်းသာစွာ စစ်သည်ဗိုလ်ပါနှင့်တကွ ထိုမင်းတို့ကို ဆောင်ယူခဲ့ပါအံ့။

စစ်သည်ဗိုလ်ပါနှင့်တကွ ထိုမင်းတို့ကို အသေဖမ်းဆီးခြင်းသည် ငါ့အဘို့ ခဲယဉ်းသော အမှုမဟုတ်ပါ၊ သင်တို့သည် ထိုမင်းတို့အား သတ်ဖြတ်ခြင်း ဖမ်းဆီးခြင်းကို မပြုကြပါကုန်လင့်။

သင်တို့သည် စစ်မတိုက်ဘဲ ငါ၏နောက်မှ အေးဆေးစွာလိုက်ပါလျက် စစ်ပွဲကို ကြည့်ရှုကြပါကုန်လောဟု ဆိုလေသည်၊ ယင်းသို့ ပြောဆိုပြီးလျှင် ဝဋ္ဋကုလိမင်းသည် တရာ့တပါးသော မင်းတို့ထံသွား၍ သင်တို့သည် ငါနှင့်စစ်တိုက်ရန် လာကြပါကုန်သလောဟု မေးလေ၏။

ယိုအခါ တရားတပါးသော မင်းတို့က ငါတို့သည် သင်နှင့်စစ်တိုက်ရန် ဘဆဲ့ရှစ်ခေါဘဏီရှိသော စစ်တပ်ကြီးဖြင့် လာကြပါကုန်၏ဟု ပြန်၍ ပြောဆိုကြကုန်၏။

ထိုအခါ ဝင္ကဂုံလိမင်းသည် လက်ညှိုးကိုထောင်၍ မြွောက်ချီလှုပ်ရမ်းလိုက်လေရာ တရားတပါးသော မင်းတို့သည် ကြောက်ရွံ့ထိတ်လန့်ကုန်လျက် ခြေဦးတည်ရာ ကစင့်ကလျား ထွက်ပြေးကြကုန်၏။

ပပြေးနိုင်သော စစ်သည်ဟော်များသည် ထိုနေ၌ အတုံးအရုံး လဲကျကုန်၏။

ယိုအခါ ဝင္ကဂုံလိမင်းကြီးသည် လဲနေသော စစ်သည်တော်များကို လမြင်၏၊ ယို့နောက်စစ်သည်တော်များသည် လဲရာမှ ထကြကုန်လျက် ဝင္ကဂုံလိမင်းအား ရှိခိုးကြပြီးလျှင် အရှင်မင်းကြီး- ကျွန်ုပ်တို့အား အသက်ဘေးမှ ချမ်းသာပေးပါလော့ဟု ယောင်းပန် လျှောက်ထား ကြကုန်၏။

ယိုအခါ ဝင္ကဂုံလိမင်းကြီးသည် ယင်းစစ်သည်တော်များအား အသက်ဘေးမှ ချမ်းသာပေး၍ ငါးပါးသီလကို စောင့်ထိန်းကြရန် ဆုံးမစကား ပြောကြားလေ၏။

ထို့နောက် ဝင္ကဂုံလိမင်းသည် စစ်သည်ဗိုလ်ပါများနှင့်အတူ မြို့တော်သို့ဝင်၍ စစ်သည်တော်များအား ကောင်းစွာ ကျွေးမွေး ပြုစု လျက် အောင်ပွဲသဘင်ခြင်း အစားအစာ ကျွေးမွေးခြင်းတို့ကို ပြုလေသည်။

တနေ့သ၌ ထိုမင်းသည် မင်းချမ်းသာကို ကြံစည်လျက် ရှေးအခါက ငါသည် အဘယ်ကောင်းမှုကို ပြု၍ ဤ တန်ခိုးကို ရလေသနည်းဟု ကြံစည်စိတ်ကူးလေ၏။

## အတိတ်ဘဝ ဇာတိဿရဉာဏ်

ထိုခဏ၌ ဝင္ကဂုံလိမင်းကြီး၏ ရှေးအခါက ပါရမီဓမ္မကို ဖြည့်ကျင့်ခဲ့သော အာနုဘော်ဖြင့် သိကြားမင်း၏ ဘုံဗိမာန်သည် ပူသောအခြင်းအရာကို ပြလေသည်၊ ထိုအခါ သိကြားမင်းသည် ဆင်ခြင်သည် ရှိသော် ထိုအကြောင်းကို သိ၍ နတ်ပြည်မှ ဆင်းသက်ပြီးလျှင် ဝင္ကဂုံလိမင်းကြီး၏ရှေ့ ကောင်းကင်၌ ရပ်တည်လျက် မိမိ၏ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်း တောက်ပစေ၏၊ ထို အကြောင်းကို မြတ်စွာဘုရားသည် ဤသို့ပြတော်မူ၏။

မင်းကြီး၏အကြံကိုသိ၍ နတ်ဘုမ်မှ ဆင်းသက်ကာ သိကြားမင်း ရောက်လာ မင်းရှေ့မှာ တည်ကာအရောင်အဝါ ပြောင်ကာရွှန်း ထွန်းလင်းလို့ပြ။

ကောင်းကင်မှာတည်ငြား သိကြားကိုတဲ့မင်းကြီးမြင် မြင်လေလျှင် သိချင်လို့ နှုတ်လှာလှုပ် မေးပုစ္ဆာထုတ်။

ကျွန်ုပ်မြင်သူ သင်တမူကား၊ သွင်းယူသတ်မှတ်၊ နတ်ဂန္ဓဗ္ဗလော၊ ဟုတ်ပေ မှတ်သား၊ သိကြားလော၊ ထူးခြားရောင်ပြူ၊ သို့ရှိသူငါမူမမြင်ဘူး၊ ကြားလည်းမကြားဘူး။

ဘယ့်ကြောင့် ဤနေရာ လာဟဲ့သဘော ပြောပြပါ၊သိလို၍မေး ကျွန်ုပ်ကို အဖြေပေးပါတော့လေး။

အရှင်ကောင်း၊ လာကြောင်းကိုတဲ့ ပြောပြပါ၊ သင့်ကိုငါတို့ ဘယ်သူ ဘယ်ဝါ သိရပါလိမ့် ပြောပါပေါ့ငါမေး သိအောင်ဖြေပေး။

မင်း၏ပုစ္ဆာ၊ ကြားသောခါလျှင်၊ ဒေဝါသိကြား၊ မိုးနတ်ဖျား၊ ဖြေကြားဤသို့တည်း။

ငါဟူကား၊ မိုးနတ်ဖျား၊ သိကြားဖြစ်ပေ၏၊ ရှေးကာလက၊ သင့် ပုည၊ မုချပြောနိုင်၏။

မေးလော့ မင်းမြတ်၊ အတပ်ဖြေအံ့၊ သင်လေရလာ၊ များစွာဖြံ့ရုံ၊ ကြီးလုံ့တန်ခိုး၊ ဤအကျိုး၊ ကြောင်းရိုးဘယ်ရှိ၊ မေးလော့။

ဤသို့သိကြား၊ ပြောတုံငြားသော်၊ မင်းဖျားဘုရင်၊ ဝင်္ဍ္ဎဂုလိ၊ အမည် ရှိသား၊ မင်းတရားသည်၊ မင်းအားထိုက်စွာ၊ မြတ်နေရာ၌၊ ထိုင်ကာ ကောင်းမှု၊ နောက်ကြောင်းစု၊ ကြံပြုတွေးလေသတည်း။

ထိုခဏ၌ ဘုရားအလောင်းသည် သိကြားမင်း၏အာနုဘော်ဖြင့် ဇာတိဿရ ဉာဏ်ကို ရလျက် ကောင်းကင်မှာ တက်ထွန်း လပြည့်ဝန်းကြီးကဲ့သို့ သိကြား မင်းအား ထင်ရှားစွာ မိမိရှေးကပြုခဲ့သော ကောင်းမှုကို ပြလိုသည်ဖြစ်၍ ဤသို့ ပြောဆိုလေ၏။

အိုနတ်တို့သနင်း သိကြားမင်း- ကြောင်းရင်းလင်းရာ ရှေးအခါက ကျွန်ုပ်သည် အဂ္ဂဝတီမြို့၌နေသော ကုန်သည်တဦး ဖြစ်ခဲ့ပါသည်၊တနေ့ သောအခါ ကုန်ကူးသန်း ရောင်းဝယ်ရန် သမုဒ္ဒရာ၌ လှေကြီးဖြင့် သွားခဲ့ပါသည်။

အိုသိကြားမင်း- ကျွန်ုပ်၏လူများနှင့်တကွ လှေသည် ကမ်းတဖက်သို့ ရောက်သွားပါ၏။

လှေမှဆင်းလျက် ကုန်းထက်သို့ တက်ရောက်ကြပါ၏၊ ကုန်းထက်သို့ ပေါက်ရောက်သွားသော အခါ ကျွန်ုပ်သည် ဘုရား တန်ဆောင်းကို တွေ့မြင်သော် ထိုတန်ဆောင်း၌ ရုပ်တုတဆူကို တွေ့ရပါ၏။
ကျွန်ုပ်သည် ရုပ်တုတော်ကို လက်ျာရစ်လှည့်ပတ်၍ စေ့စေ့စပ်စပ် ကြည့်ရှုသောအခါ ပြတ်နေသော လက်ချောင်းကို မြင်လျှင် ပကတိအတိုင်း ကောင်းအောင်ပြု၍ ရှိသေစွာ ပူဇော်ခဲ့ပါ၏။
ထို့နောက်ကျွန်ုပ်သည် အမျိုးသမီးတယောက်အား အသပြာငွေပေး၍ ဤရုပ်တုတော်၌ ဆီမီးပူဇော်ပါရန် မှာကြား ပြောဆိုခဲ့ပါ၏၊ ဤသည်ကား ကျွန်ုပ်ပြုခဲ့သော ကောင်းမှုအစဉ်ပါတည်း။
ထိုအခါ ကျွန်ုပ်သည် အလုံးစုံသော စည်းစိမ်ချမ်းသာကို ပြီးစေတတ်သော ရုပ်တုတော်ကို ရှိခိုး၍ စိတ်ဖြင့် ဆုတောင်းခြင်းကို ပြုပါ၏။
ဤသို့ပြုရ၊ မြတ်ပုညကြောင့်၊ အနာဂတ်ကာလ၌ ငါးမာန်အောင်မြင် ကျော်ရှင်ဖြစ်ရပါလို၏။
အကယ်၍ ဘုရားမပွင့်မီ သံသရာရှိသည်ဖြစ်ရသော် ဖြစ်လေရာဘဝတိုင်း၌ ခွန်အားကြီးခြင်း, ရုပ်အဆင်းလှပခြင်း, ချမ်းသာစည်းစိမ်များပြားခြင်းတို့နှင့် ပြည့်စုံရပါလို၏။
ထို့ပြင် ရန်သူများ သူခိုးဓားပြများ ငါ၏မျက်မှောက်မှာ ရပ်တည်၍ မနေနိုင် ဖြစ်စေသတည်း၊ အလုံးစုံသော ရန်သေးဟူသည် အဝေးမှ ရှောင်ပြေးကြပါစေသတည်း။
ဤသို့ ရုပ်တုတော်ရှေ့မှာ ဆုတောင်းမှုပြုခဲ့၍ ယခု မိမိတိုင်းပြည်၌ ကြီးကျယ်သော ချမ်းသာကို ရပါ၏။
ထိုကောင်းမှုကြောင့် ကြီးကျယ်သော တန်ခိုးကို ရပါလို၏၊ မင်းတကာတို့ထက် တန်ခိုးကြီးသောမင်း မြတ်သောမင်း အခြံအရံများသောမင်း ဖြစ်ရပါလို၏။
ထို့ကြောင့် ကျွန်ုပ်နှင့် စစ်တိုက်ရန် လာကြသော တရာ့တပါးသော မင်းတို့သည် ထိုနေရာ၌ ပြေးသူပြေး လဲသူလဲဖြစ်ကြပါကုန်၏။
တိုခဏ၌ ထိုမင်းတို့သည် ငါ၏အလိုဆန္ဒအတိုင်း လိုက်ပါကြကုန်လျက် ယင်းမင်းများနှင့် စစ်သည်ဗိုလ်ပါတို့အား အသက်ဘေးမှ ချမ်းသာခွင့် ပေးခဲ့ပါ၏။
ထို့ကြောင့် ကျွန်ုပ်သည် အခြံအရံများခြင်း, တန်ခိုးကြီးခြင်း, ခွန်အားဗလနှင့်ပြည့်စုံခြင်းရှိလျက် ဝဋ္ဋကိုလိုဟူသောအမည်ဖြင့်တိုင်းပြည်အုပ်ချုပ် မင်းလုပ်လျက်ရှိပါ၏။

ခြင်္သေ့စသော အလုံးစုံသော သတ္တဝါတို့သည် ကျွန်ုပ်အား ဖျက်ဆီးခြင်းငှာ လာသည်ရှိသော် ကျွန်ုပ်၏ကောင်းမှုတန်ခိုးကြောင့် ကျွန်ုပ်၏ မျက်မှောက်၌ လဲကျကုန်၏။

ဆင်အစရှိသော သတ္တဝါတို့သည် ငါ့ကိုထိုးနှက်ရန် ဤနေရာသို့ လာသည်ရှိသော် ကောင်းမှု တန်ခိုးကြောင့် ငါ၏မျက်မှောက်၌ အသေကဲ့သို့ အိပ်မောကျကုန်၏။

အလုံးစုံသော သတ္တဝါတို့၏တည်ပို့ရာဖြစ်သော တောင်တို့သည် ကျွန်ုပ်၏ဒေါသထွက်၍ လက်နှင့်ထိလိုက်လျှင် ကျွန်ုပ်၏တန်ခိုးဖြင့် ကျောက်တုံးအတိဖြစ်သွားပါသည်။

အရှင် သိကြားမင်း- အကြင်ဥစ္စာသည် ကျွန်ုပ်လက်ချောင်းဖြင့် ထိ၏၊ ထိုဥစ္စာသည် ကျွန်ုပ်၏ကောင်းမှုတန်ခိုးကြောင့် ကုန်ခြင်းသို့မရောက်တော့ပါ၊ မကုန်ခန်းတော့ပါ။

အိုသိကြားမင်း- ကျွန်ုပ်သည် ပစ္စည်းတခုကို ပေးလှူသောအခါ ယင်းပစ္စည်းသည် မကုန်ခန်းတော့ပါ။

အိုသိကြားမင်း- ရုပ်တုတော်၏ လက်ချောင်းကို ပကတိအတိုင်းဖြစ်အောင် စပ်ပေးရသော ကောင်းမှုကြောင့် ဘုရားအဖြစ်သို့ ရောက်ရပေလတ့်။

ထိုကောင်းမှုကြောင့် ကျွန်ုပ်သည် လူသုံးပါးတို့၏ အကြီးအမှူးဖြစ်သော ဘုရားအဖြစ်သို့ ရောက်၍ အမီးအပွားကို ပြုကတ်သော တရားမြက်ကို ဟောရပေအံ့။

ဤသို့ ဝဋ္ဋကုလိမင်း၏ ပြောသောစကားကိုကြားလျှင် သိကြားမင်းသည် မင်းနှင့်အတူတကွ ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ထိုကောင်းကင်၌သာ တည်လျက် မိမိ၏ သိကြားအဖြစ်ကို ပြောကြားလေသည်၊ ထိုအကြောင်းကို ပြလိုသော မြတ်စွာဘုရားသည် မင်း၏စကားကို ကြားလေသောအခါ သိကြားမင်းသည် ဝမ်းမြောက်သည်ဖြစ်၍ မိမိ၏ သိကြားမင်းအဖြစ်ကို ပြောပြလေ၏။

သင်ပြုခဲ့သော ကောင်းမှုကုသိုလ်ကို သိလို၍ သင့်ထံ လာခဲ့ရပါသည်။ အိုမင်းမြတ်- သင်မင်းမြတ်သည် အနာဂတ်အချိန်၌ ဗောဓိပင်ရင်းသို့တင်းသုံးနေကာ ငါးဖြာသော မာရ်စွယ်ကို လှန်ပယ်လျက် ဘုရားအဖြစ်သို့ ရောက်ပါလိမ့်မည်။

ဒိုမင်းမြတ်- သင်မင်းမြတ်သည် လောက၌ နတ်လူတို့၏ ဆရာဖြစ်၍ ကြီးမြတ်သူ တုဘက်ကင်းသူ မချွတ်ကေန် အနာဂတ်ကာလ၌ အမှန်ဖြစ်ပါလိမ့်မည်။

သင်မင်းမြတ်သည် လူအပေါင်းအား ချမ်းသာကို ပေးတတ်သော ပုန်းအောင်းရာ ကိုးကွယ်ရာ တည်မှီရာဖြစ်သော သတ္တဝါတို့ကို သနားကြင်နာတတ်သော ဘုရားဧကန်သည် အမှန်မချွတ် အနာဂတ်ကာလမှာ ဖြစ်ပါပေလတ့်။

သင်သည် လူအပေါင်း၏ အကျိုးစီးပွားကို ရှာမှီးတတ်သော ပျက်စီးအမြင်ကို ပေးကင်သော အကျိုးစီးပွား၌ ကျမ်းကျင် လိမ္မာသော တရားအမျက်ဖြစ်သော ဘုရားသခင်သည် မချွတ်ဧကန် အနာဂတ်ကာလ၌ ဖြစ်ပေလတ့်။

သင် ဝေဒိုလိပ်မင်းမြတ်သည် အနာဂတ်ကာလ၌ သတ္တဝါအပေါင်းတို့အား သစ္စာလေးပါး အသိတရား, သံသရာမှ လွတ်မြောက်ရာ တရားဒေသနာတွင် အမြတ်ဆုံး တရားကို ပေးတတ်သော ဘုရားသည် မချွတ်ဧကန် ဖြစ်ပေလတ့်။

ပင်းမြတ်- သင်မင်းမြတ်သည် အနာဂတ်ကာလ၌ ပညာမျက်စိရှိသော သတ္တဝါတို့အား တရားအလင်းရောင်ကိုပြ၍ ပုနိုင်ငါးပါး အထွတ်ထားသည့် ဘုရားမြတ်သည် မချွတ်ဖြစ်ပါလတ့်။

မြတ်သောမင်းကြီး- သင်မင်းမြတ်သည် အနာဂတ်ကာလ၌ ဘုရားဖြစ်၍ သံသရာရေဇလုပ်၌ နစ်မြုပ်နေသော သတ္တဝါတို့ကို တရားတည်းဟူသော သင်္ဘောကြီးထက်သို့ တင်ကာ မချွတ်ဧကန် ကယ်တင်ပေလတ့်။

မြတ်သောမင်းကြီး- သင်မင်းကြီးသည် အနာဂတ်ကာလ၌ အလုံးစုံသော ဂုဏ်တို့ကို သတ္တဝါသိကြသည်းအောင်ပြ၍ ထိုသတ္တဝါတို့ကို ဒုက္ခမှ လွတ်မြောက်စေကာ တရားအမြိုက်ဆေးကို တိုက်ကျွေး၍ အသက်ရှည်သဖြင့် ကြည်နေပြီးလျှင် နိဗ္ဗာန်စံနန်းသို့ ကြွမြန်းတော်မူပေလတ့်။

ယို့နောက် ဘုရားအလောင်းသည် ထိုနေရာ၌ပင် သိကြားမင်းနှင့် ဝပ်းမြောက် ဝမ်းသာ ပြောဆိုပြီးနောက် ယခုအခါ သိကြားမင်းအား ဘုရားရုပ်တုတော် ပြုလုပ်ကိုးကွယ်ခြင်း၏ အကျိုးအာနိသင်ကို ပြလိုသည်ဖြစ်၍ ဤသို့ ဆို၏။

## ဘုရားဆင်းတု ထုလုပ်ကိုးကွယ်ကျိုး

အိုသိကြားမင်း- အကြင်အကြင်သူသည် ဘုရားရုပ်တုတော်ကို တစုံတခုသော ပစ္စည်းဝတ္ထုဖြင့် အကြီးဖြစ်စေ အငယ်ဖြစ်စေ ကိုယ်တိုင်သော်သည်း ထုလုပ်၏၊ သို့မဟုတ် သူတပါးကိုလည်း ထုလုပ်စေ၏။

ထိုထိုသူသည် ဘုရားရုပ်တုတော်ကို ပြုလုပ်ခြင်းဟူသော အကြောင်းကြောင့် အချိုးအဆစ် ပြေပြစ်၏၊ ရုပ်ရည်ချောမောလှပ၏၊ အင်္ဂါခြေလက် ငုံစုံလင်လင် ဖြစ်ရ၏၊ နတ်လူတို့ ချစ်ခင်မြတ်နိုး၏။

ထိုသူသည် ဘုရားရုပ်တုတော်ကို ပြုလုပ်ခြင်းကြောင့် အစွမ်းထက်မြက်၏၊ တန်ခိုးကြီး၏၊ ရွှေအဆင်းကဲ့သို့ အဆင်းရှိ၏၊ နှစ်သက်ဖွယ်ရှိ၏၊ အခြံအရံများ၏။

ထိုသူသည် ဘုရားအို- ဘုရားပျက်များကို ပြုပြင်ခြင်းကြောင့် ပညာရှိ၏၊ မင်းကဲ့သို့ ဘုန်းတန်ခိုးအာနုဘော် ရှိ၏၊ တန်ခိုးကြီး၏၊အချင်းဝပ်သိမ်း နှစ်သက်ဖွယ် အသွယ်သွယ်နှင့် ပြည့်စုံ၏။

အို သိကြားမင်း- ဘုရားရုပ်တုတော် ဟောင်းနွမ်းနေသည်ကို ပြုပြင်သောကြောင့် ထိုသူသည် ချမ်းသာ၏၊ ရောဂါကင်း၏၊ အသက်ရှည်၏၊ ရန်ကင်း၏၊ ဘေးကင်း၏။

ထိုသူသည် သံသရာ၌ ကျင်လည်ရသော် အပါယ်လေးဘုံ၌မဖြစ်၊ နတ်ပြည် လူ့ပြည်တို့၌သာ ဖြစ်ရ၏၊ ဘယ့်ကြောင့်ဖြစ်ရသနည်းဟူမူ ဘုရားရုပ်တုတော်ကို ပြုပြင်သောကြောင့်ပေတည်း။

သိကြားမင်း- ထိုသူသည် မြတ်စွာဘုရား၏ ရုပ်ပုတော်ကို ပြုပြင်သောကြောင့် အချင်းခပ်သိမ်း နတ်ပြည် လူ့ပြည်တို့၌ ဖြစ်ရကာ ဘုံတိုင်းထက် အပြတ်ဖြစ်ရ၏။

ထိုသူသည် ဘုရားရုပ်တုတော်ကို ဆောင်ရွက်ခြင်းကြောင့် လူ့ဘဝ၌ ဖြစ်ရသော် မင်းမျိုး ပုဏ္ဏားမျိုး ဤအမျိုးနှစ်ပါး၌သာ ဖြစ်ရ၏။

ထိုသူသည် ဘုရားရုပ်တုတော်ကို ဆောင်ရွက်သောကြောင့် အမြဲတစေ ကျွန်ယောက်ျား ကျွန်မိန်းမရှိသော ကျယ်ပြန့်ထင်ရှားသော အမျိုး၌ ဖြစ်ရ၏။

ထိုသူကို များစွာသော လူတို့သည် ချစ်မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ အရိုအသေပြုကုန်၏၊ နှစ်သက်ကုန်၏၊ ထိုသူနောက်သို့ အစဉ်လိုက်ကုန်၏၊ ဤအကျိုးသည် ရုပ်တုတော်၏ အကျိုးပေတည်း။

ထိုသူသည် နတ်ပြည်၌ ဖြစ်ရသော် နတ်အပေါင်းခြံရံလျက် အမြဲတမ်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရ၏၊ ဤအကျိုးသည် ရုပ်တုတော်၏ အကျိုး တည်း။

သိကြားမင်း- ထိုသူသည် ဤသို့ဖြစ်ရသော် ဘုရားရှင်၏ ရုပ်တုတော် အကျိုးအာနိသင်ကြောင့် လူချမ်းသာ နတ်ချမ်းသာကို အလိုရှိတိုင်း ခံစားရ၍ နောက်ဆုံးမှာ နိဗ္ဗာန်ချမ်းသာကို ရပေလတ့်။

ဤသို့လျှင် သိကြားမင်းသည် ဘုရားအလောင်း၏ အထံ၌ ဘုရားရုပ်တု တော်ပြုလုပ်ရခြင်းအကျိုးကို နာကြားပြီးလျှင် ထိုမင်းတို့အား အဆုံးအမ စကား ပြောကြား၍ ထိုမင်းတို့၏ရှေ့မှောက် ထိုနေရာမှာပင် ဘုရားအလောင်း အား သည်းခံစေလျက် ထိုဘုရားအလောင်းနှင့် ချစ်ဖွယ်စကားကို ပြောကြား ပြီး၍ မိမိနေရာ နတ်ပြည်သို့ ပြန်သွားလေ၏၊ ထိုအကြောင်းကို မြတ်စွာ ဘုရားသည် ဤသို့ ဖော်ပြတော်မူ၏။

ထိုအခါ ဝဋ္ဋဂုံလိမင်း၏ အလုံးစုံသော ပြောစကားကို နာကြားပြီး လျှင် သိကြားမင်းသည် လူအပေါင်းကို ဆုံးမ၍–

ထိုသူတို့အား အပြစ်ရှိသည်ကို သည်းခံစေ၏၊ ဝဋ္ဋဂုံလိမင်းသည် အချင်းခပ်သိမ်း ထိုသိကြားမင်းနှင့်ဝမ်းပမ်းတသာပြောလျှတ် သိကြား မင်းသည် ဝဋ္ဋဂုံလိမင်းကို ဤသို့ ပြောဆို၏။

ထိုဘုရားရုပ်တုတော်ကို ပုံလောင်းထုလုပ်၍ နေ့တိုင်း အမြဲတစေ ပူဇော်ပါလေ၊ ဤသို့ ပြောပြီးလျှင် သိကြားမင်းသည် နတ်ပြည်သို့ ပြန်လေ၏။

ထို့နောက် ဝဋ္ဋဂုံလိမင်းသည် အောင်မင်္ဂလာကို ပြု၍ လူအပေါင်း ကို ဆုံးမစကား ပြောကြားပြီး အမြဲတစေ ချီးမြှောက် ထောက်ပံ့မှု ကို ပြုလေသည်။

ဝဋ္ဋဂုံလိမင်းကြီးသည် ထိုမင်းတို့နှင့် ဝမ်းမြောက်ဝမ်းသာ စကား ပြော၍ ငါးပါးသီလပေးကာ သူတို့နေရာမြို့သို့ ပြန်ခွင့်ပြုလေသည်။

ထိုမင်းတို့သည် မိမိမြို့သို့ ပြန်ရောက်၍ နှစ်စဉ်နှစ်တိုင်း ဝဋ္ဋဂုံလိမင်းကြီး၊ အား လက်ဆောင်ပဏ္ဏာ ဥစ္စာရတနာတို့ကို ပို့စေကုန်၏။

တရားတပါးသော ထိုမင်းတို့သည် မိမိတို့နိုင်ငံ၌ တည်နေလျက် ချမ်း သာသုခ ရစေခြင်း အကျိုးငှာ လက်ဆောင်ပဏ္ဏာ ဥစ္စာရတနာတို့ကို အမြဲတမ်း ပို့ကုန်၏။

ထိုအခါ အလုံးစုံသောသူတို့သည် ထိုဝဋ္ဋကုလိမင်းကြီး၏ ဒဿနအမ၌ တည်၍ ကောင်းမှုကိုပြုကာ အသက်ရှည်သမျှတည်လျက် နတ်ပြည်သို့ ရောက်ကြလေသည်။

ထိုဝဋ္ဋကုလိမင်းကြီးသည်လည်း ကောင်းမှုများစွာ ပြု၍ တိုင်းနိုင်ငံ၌ အသက်ရှည်သမျှ တည်ကာ နတ်ရွာ၌ပင် ဖြစ်ရလေ၏။

လူ့ရွာငြီး၍ နတ်ထီးခိုရာ ထိုအခါ၌ ထိုဝဋ္ဋကုလိမင်းကြီးသည် နတ်အပေါင်းတို့ စုညောင်းရံရွေ ကောင်းစွာ တည်နေလျက် နတ်ပြေ၌သာ နှစ်ရှည်ကြာလျှင် နတ်ရွာစည်းစိမ်ကို ခံစားရလေသတည်း။

## ရုပ်ပွားတော် ထုလုပ်ကိုးကွယ်ခွင့်ပြုခြင်း

ဤသို့လျှင် မြတ်စွာဘုရားသည် ပသေနဒီ ကောသလမင်းကြီးအား ဤဝဋ္ဋကုလိမင်းကြီး၏ ဇာတ်ကို သိမှတ်စရာ ဟောကြား၍ ယခုအခါ လူအပေါင်တို့အား အနာဂတ်ကာလ၌ ကြီးပွားခြင်းကိုမြင်၍ အမြဲတစေ သာသနာတော်တည်စေခြင်းအတွက် မိမိ၏ရုပ်ပုံတော်ကို ဆင်းတုတော်ထုလုပ်စေခြင်းငှာ ထိုမင်းကြီးအား ခွင့်ပြုတော်မူ၏။

အကြင်သူတို့သည် ငါဘုရား၏သာသနာ ကြာမြင့်စွာ တည်ကြောင်းဖြစ်သော ငါဘုရား၏ ရုပ်ပုံတော်ကို ကိုယ်တိုင်လည်း ရိုသေစွာတုလုပ်ကုန်၏၊ သူတပါးတို့ကိုလည်း ထုလုပ်စေကုန်၏။

မြတ်သောမင်းကြီး- ထိုသူတို့သည် မြေညက်အစရှိသည်ဖြင့် ထိုကဲ့သို့အကျိုးရှိသော ငါဘုရား၏ ရုပ်ပုံတော်ကို ယုံကြည်မှုဖြင့် ထုလုပ်ကုန်၏။

မင်းမြတ်- ထိုသူတို့သည် ငယ်သည်လည်း ဖြစ်သော ကြီးသည်လည်းဖြစ်သော ငါဘုရား၏ရုပ်ပုံတော်အား ပူဇော်ခြင်းရှိခိုးခြင်းကိုအမြဲတမ်းပြုကုန်၏။

မင်းမြတ်- ထိုသူတို့သည် လူ့လောက၌ ဖြစ်ရကုန်သော် ကြီးကျယ်သော နေမင်းကြီးကဲ့သို့ လောက၌ တန်ခိုးကြီးကုန်၏။

မြတ်သောမင်းကြီး- ထိုသူတို့သည် သံသရာ၌ ကျင်လည်ရသော်လည်း အပါယ်လေးဘုံ၌ မဖြစ်ရ၊ နတ်ဘုံ လူ့ဘုံတို့၌သာ အမြဲတမ်းဖြစ်ရကုန်၏။

ယိုသူတို့သည် လူ့လောက၌ ဖြစ်ရသော် ချမ်းချမ်းသာသာ ဝမ်းမြောက်ဝမ်းသာ ဆွေမျိုးအပေါင်းအဖော်တွေနှင့်သာ နေရာတိုင်းမှာ အပူဇော်ခံရသူ ဖြစ်ရကုန်၏။

မြတ်သောမင်းကြီး- ထိုသူတို့သည် နေရာဝင်းမှာ အမြဲချမ်းသာ နောင်အခါ နိဗ္ဗာန်ချမ်းသာ ရမည်မလွဲပါတည်း။

ငါဘုရား သဒ္ဓါထား စွမ်းအားသမျှ ရုပ်တုတော်ပြုကာ လူအပေါင်းမှာ သူတပါးထံဖြင့်ရပေမဲ့ တကဲ့ကိုသြဇာ အာဏာရှိတဲ့သူ ဖြစ်ရပါ၊ နောက်ဆုံးဘဝမှာ ဗုဒ္ဓရုပ်သိမ်း ချုပ်ငြိမ်း နိဗ္ဗူတာ။

ယို့ကြောင့်မှတ်ပါ မင်းမြတ်ရာဇာ၊ လောက၌ချမ်းသာ မြင်ရ၍သာ၊ ဘုရားမြတ်စွာ ရုပ်တုတော်ကိုသာ ကိုယ်တိုင်ပြုပါ ပြုစေပါ၊ ပေသိမ်းအကျိုး ပြီးဖိုးဒမှန် ဟောန်ငါဘုရား ဟောကြားခဲ့သည်သာ။

ဤသို့ဘုရား နှင်ပြုစကားကိုကြားပေသော် ပသေနဒီ ကောသလမင်းသည် ကောင်းပါပြီ မြတ်ဘုရားဟု ဝန်ခံခြင်းပြု၍ ထပ်၍တင်၍ မေးလျှောက်ပြန်သည်ကား –

အရှင်မြတ်ဘုရား- အဖေ၌မှတ်သနားတဲ့ ရုပ်တုတော်ကို ဘယ်လိုပစ္စည်းဝတ္ထုနဲ့ ထုလုပ်ရပါသနည်းဘုရား၊ ရုပ်တုကို ထုလုပ်ကိုးကွယ်ဘို့ ယခုအရှင်ဘုရား နှင့်သနားတော်မူပါပြီ၊ ထိုဝတ္ထုကို မိန့်ပြုတော်မူပါဘုရားဟု ဝပ်တွား လျှောက်ထားပေသည်။

မြတ်စွာဘုရားသည် မင်းကြီး၏လျှောက်ထားသော စကားကို ကြားလျှင် ဝလောကလုံး မြင့်ရှည်စွာသုံး ကျိုးထုံးမျိုးစား တိုးပွားမည်ကိုကြည့်၍ မိမိ၏ ရုပ်သွင်ရုပ်တုကို ပြုလုပ်စေရန် ခွင့်ပြုပြီးနောက် စွမ်းနိုင်သလောက် မြေကျောက် ခါတ်သစ် စလစ်အစု တစုံတခုသော ဝတ္ထုဖြင့် ပြုရာပေသည်။

အိုမင်းမြတ်- သဒ္ဓါဓာတ်ရှိသူသည် ငါဘုရား၏ရုပ်တုတော်ကို မြေညက်စသည်ဖြင့် သော်ရင်း၊ ရွှေငွေ စသည်ဖြင့် သော်ရင်း ပြုလုပ်နိုင်သည်။

အရှည်အတို အကြီးအသေး ငွေကြေးသတ်မှတ် ထတ်နိုင်သလောက် တစုံတရာဝတ္ထုဖြင့် ထုလုပ်နိုင်ပေသည်။

အိုမင်းမြတ်- သဒ္ဓါဓာတ်ဖြင့် ငါဘုရား၏ ရုပ်တုတော်ကို ပြုလုပ်အပ်သည်ရှိသော် မရေတွက်နိုင်သော အကျိုးရှိသည်ကို သင် မင်းမြတ် သိတော်မူလော။

ဤသို့ မြတ်စွာဘုရားသည် မိမိ၏ ရုပ်တုတော်ကို ပူသောသူအား အလွန်အကျိုးများသည်ကို သိစေပြီး၍ အံ့သြဘွယ်ရာ ဥပမာတို့ကို ပြတော်မူလေသည်ကား–

ဥပမာစကား ထောင်နှားစိုက်လော မင်းမြတ်- တန်ခိုးကြီးစွာ ပညာရှိ သူသည်–

ဇမ္ဗူကျွန်းအလုံး အပြည့်ဖုံးထား များပြားပဲနှောက် စေ့ရောက်စ ပြု ထိုဝတ္ထုကို၊ တခုစီပေ၊ ရေတွက်လေသော်၊ ရစေအကြောင်း၊ ရှိလေကောင်း၏၊ အပေါင်းဆည်းကပ်၊ ဘုရားမြတ်၏၊ ရုပ်ခာတ် အတု၊ ပူကျိုးစုကား၊ ပြောမှုမကုန်၊ ရှိပေတုံ၏၊ ရေပုံမရ ရှိပေစွ တည်း။

ပမာတနည်း၊ မင်းကြီးမှတ်လော၊ ကြီးမြတ်မျိုးစား၊ တန်ခိုးထွား သည်၊ နတ်သားတယောက်၊ နတ်ပါမောက်သည်၊ များမြောက် စက္ကဝါ၊ အပြည့်လာသား၊ သတ္တာစည်၊ လုံးရေရအောင်၊ ပွက်ဆ ခြင်းငှာ၊ စွမ်းနိုင်ရာ၏၊ မြတ်စွာရုပ်တု၊ ထုမှုအကျိုး၊ ရေတွက်မျိုး ဖြင့်၊ စွမ်းနိုးမရှိပါတကား။

ပမာတရပ်၊ မင်းကြီးမှတ်လော၊ ကြီးမြတ်တေဇာ၊ ဒေဝါတဦး၊ နတ်အမှူးသည်၊ အထူးဇလား၊ ခြင်ခွက်အားဖြင့်၊ ရေများသမုဒ္ဒရာ၊ ခြင်တွက်ခါလျှင်၊ ရပါတုံရေး၊ ရှိချေသေး၏၊ ထုပေးရုပ်ခာတ်၊ ကျိုး တရပ်ကား၊ ရေမှတ်တွက်ပါ၊ မကုန်ရာတည်း။

ပမာတခု၊ ထောင်နှားပြုလော၊ ကြီးမှုတေဇာ၊ နတ်ဒေဝါသည်၊ ပထဗျာမြေမှု၊ ဘဝဂ်ကျအောင်၊ ပြည့်ထရွေငွေ၊ ကျပ်ပြားတွေကို၊ ရေသော်ရသေး၊ ထုပေးရုပ်ခာတ်၊ ကျိုးတရပ်ကား မရေမှတ်တွက် ပါ၊ မစွမ်းရာတည်း။

ဤသို့ မြတ်ဘုရားအကျိုး တရားဒေသနာကို နာကြားရလျှင် ပရိသတ်နှင့် တကွသော ကောသလမင်းကြီးသည် နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ လူအပေါင်း၏ ကောင်းခြင်းချမ်းသာရပါစေခြင်း အကျိုး ငှာ ရုပ်တုတော်ပူမှုကိုတောင့်တလျက် နံ့သာပန်း စသည်တို့ဖြင့် မြတ်စွာဘုရား ကို ပူဇော်ကာ မိမိနေရာနန်းတော်သို့ ပြန်ပြီးလျှင်စန္ဒကူးတောမှ စန္ဒကူးနှစ်ကို ဆောင်ယူစေ၍ ညီညီညာညာရွေစေပြီး ထိုစန္ဒကူးနှစ်ဖြင့် အလွန်နှစ်သက်ဖွယ် ရှိသော ဘုရားရုပ်တုတော်ကို ပူစေလေ၏။

မင်းကြီးသည် ပြေပြစ်ချောမွေ့သော ဘုရားရုပ်တုတော်ကို ပူစေပြီးလျှင် အဖန်တလဲလဲ ကော်ပတ်ဖြင့်ပွတ်သပ်လျက် ချိတ်ရည်အဆင်းရှိသော သက်နှ်း

အဝိုဖြင့် ဝဝ်ရုံစေကာ မြင့်မြတ်သော နေရာ၌ ထား၏၊ မင်းပရိသတ်သည် ရုပ်တုတော်ကိုဖူးမျှော်၍ ဖရဏာပီတိ ဖြစ်လေသည်၊ မင်းကြီးသည် ထိုနေရာ၌ ရတနာသုံးပါးဟူ၍ဖြင့် ဆန်းကြယ်သော အလွန်တင့်တယ်စွာ တန်ဆာဆင်ထားသော နံ့သာမျိုးငါးပါးပြည့်စုံသော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၏၊ မဏ္ဍပ်၏အလယ်ဗဟို၌ မြင့်သောနေရာကိုခင်းစေ၏၊ ထိုနေရာ၌ မြတ်စွာဘုရား၏ ရုပ်တုတော်ကို ထား၏၊ မိမိ၏ စိတ်ကိုင်းရှိုင်းမှုဖြင့် ရုပ်တုတော်အား ပူဇော်မှု ပြုပြီးလျှင် ဇေတဝန်ကျောင်းတော်၌ နေတော်မူသော မြတ်စွာဘုရား၏အထံတော်သို့ ဦးညွှတ်၍ သင့်လျော်သောအရပ်၌ထိုင်လျက် ဤသို့လျှောက်ထားလေ၏။

မြင့်မြတ်တော်ကြီးသောမြတ်စွာဘုရား၊ အရှင်မြတ်ဘုရား ခွင့်သနားတော်မူသည့်အားလျော်စွာ ရုပ်တုတော်ကို ကောင်းစွာ ထုလုပ်ပြီးစီးပါပြီ ဘုရား၊ အသက်ရှိသမွှယ်ဖြစ်သော ရုပ်တုတော်သည် တခုသောအရောင် တောက်ပလျက် တင့်တယ်ပါ၏၊ ထိုရုပ်တုတော်ကို ကြည့်ရှုတော်မူခြင်းငှာ အရှင်မြတ်ဘုရား ကြွလာတော်မူစေချင်ပါ၏၊ နက်ဖြန်ကာ ကြွလာတော်မူပါဘုရား။

## သက်မဲ့ရုပ်ပွား ဘုရားရှင်အားခရီးကြို

မင်းကြီး၏ လျှောက်ထားသော စကားကိုကြားလျှင် မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူ၏၊ မင်းကြီးသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကိုသိလျှင် မြတ်စွာဘုရားကိုရှိခိုး၍ မိမိ၏နန်းတော်သို့ပြန်ခဲ့လေ၏။

နောက်တနေ့မှာ မြတ်စွာဘုရားသည် သာဝကများခြံရံလျက် နန်းတော်သို့ ကြွလာပြီးလျှင် မိမိ၏ရုပ်တုတော်ကို ကြည့်ရှုခြင်းငှာ မဏ္ဍပ်သို့ဝင်တော်မူလေသည်၊ ထိုအခါ၌ စန္ဒကူးနှစ်ဖြင့် ထုလုပ်အပ်သော ရုပ်တုတော်သည် မဏ္ဍပ်သို့ ကြွလာတော်မူသော မြတ်စွာဘုရားကိုမြင်လျှင် ဘုရားရှင်၏တန်ခိုးအာနုဘော်ဖြင့် ဂါရဝစိတ်ပွါး အသက်ထင်ရှားရှိသောရုပ်ကဲ့သို့ ဤကဲ့သို့ ဘုရားမြတ်ငါ၏ နေရာသို့ ကြွလာပါလျက် ယခု ငါရုပ်တုတော်သည် အလွန်မြင့်သော နေရာ၌နေခြင်းငှာ မသင့်လျော်၊ ထိုအသက်ထင်ရှားရှိသောဘုရားအား အရိုအသေပြုအံ့ဟု ကြံစည်မိသတတ်၊ ဤသို့အကြံအစည်ပြုသကဲ့သို့ ထိုရုပ်တုတော်သည် မြတ်စွာဘုရားအား အရိုအသေပြုလျက် မိမိ၏နေရာမှ တလှမ်းဆင်း၍ ထိုနေရာသို့ကြွလာသော မြတ်စွာဘုရားကို ခရီးဦးကြိုပြုလေသည်၊ ဤသို့ပြုသော ရုပ်တုတော်ကိုမြင်၍မြတ်စွာဘုရားသည် ထိုနေရာ၌အလွန်တင့်တယ်သော တိမ်မနိ

ရောင်လျှပ်စစ်နွယ်အဆင်းရှိသောမိမိ၏သက်နန်းတော်မှ ရောဂကျဆင်မင်း၏ နှာမောင်းတော်နှင့်တူသော လက်ျာလက်တော်ကိုထုတ်၍ တားမြစ်လေသည်ကား-

အိုအရှင်ရုပ်တုတော်- တည်မြဲနေရာ တည်ပါလေလော့၊ အနာဂတ်အခါ၌ ငါသည် ကြာမြင့်စွာသော အနှစ်ငါးထောင်ပတ်လုံး ရုပ်တုတော်ကိုသာ ထားခဲ့ရပေအံ့၊ သင်ရုပ်တုတော်သည် ငါဘုရား၏သာသနာ၌ ငါ၏ကိုယ်စား တည်ရစ်ခဲ့ရာ၏။

ဤသို့ပြောဆိုပြီးလျှင် ထိုရုပ်တုတော်အား မိမိ၏သာသနာကို အပ်နှင်းလေ၏။

ငါသည် ယနေ့- ငါ၏သာသနာကို သင်ရုပ်တုတော်အား အပ်နှင်းပါ၏၊ အလုံးစုံသော လောက၏အကျိုးငှာ ငါဘုရား၏ သာသနာ၌ တည်ရစ်ပါလော့။

ထိုအခါ စုဝေးညီညာရောက်လာသော လူအပေါင်းတို့သည် အံ့ဩဘွယ်ဖြစ်သော ထိုရုပ်တုတော်ကို ဖူးမျှော်ကြကုန်လျက် အလွန်ဝမ်းမြောက်သော ပီတိသောမနဿဖြင့် ထောင်မတ်သောကြက်သီးမွေးညှင်း ထခြင်းရှိသည်ဖြစ်၍ အဝတ်ကိုမြှောက်ကာ ဆုတောင်းပတ္ထနာ ပြုကြလေသည်။

စေတနာမရှိတဲ့ ဤရုပ်တုတော်သည် ဘုရားမြတ်အား အလေးဂရုပြုတော်မူပေ၏၊ စေတနာရှိလျက် မိမိ၏ချမ်းသာကို ရှာမှီးသော အဘယ်သူသည် သက်တော်ထင်ရှား ဘုရားမြတ်အား အဘယ်မှာ အလေးဂရုမပြုဘဲ ရှိအံ့နည်း။

ထိုအခါ မင်းကြီးသည် လူအပေါင်း ခြံရံလျက် ခင်ထား အပ်သော မြတ်သောနေရာ၌ တပည့်သာဝကနှင့်တကွသော မြတ်စွာဘုရားကို ထိုင်တော်မူစေပြီးလျှင် မြတ်သော ဆွမ်းခဲဘွယ်ဖြင့် လုပ်ကျွေးပြုရ၏၊ မြတ်စွာဘုရား ဆွမ်းစားပြီးနောက် ဘုရားထံချဉ်းကပ်၍ ရှိခိုးပြီးလျှင် ရုပ်တုတော်ပြုရကျိုးတရားကို ဟောကြားရန် လျှောက်ထားလေသည်။

လျှောက်ထားပါသည် ဘုန်းတော်ရှင်- အကြင်သူတို့သည် အရှင်ဘုရား၏ရုပ်တုတော်ကို ကိုယ်တိုင်ထုလုပ်ကုန်၏၊ တပါးသူကိုလည်း ထုလုပ်စေကုန်၏၊ ထိုသူတို့သည် အနာဂတ်ကာလ၌ အဘယ်သို့ အကျိုးရှိပါကုန်သနည်းဘုရား။

ထိုသူတို့အား ပစ္စုပ္ပန်၌ အကျိုးဘယ်သို့ရှိသည်၊ သံသရာ၌အကျိုးကား ဘယ်သို့ရှိသည်ကို ဟောကြားတော်မူပါ၊ နာကြားပါရစေ ဘုန်းတော်ရှင်။

မင်းကြီးလျှောက်ကြားသောစကားကိုကြား၍ မြတ်စွာဘုရားသည် ရုပ်တုတော်ပြုလုပ်ခြင်းအကျိုးကို ဤသို့ ဟောကြားတော်မူ၏။

အကြင်သူတို့သည် ငါ၏ရုပ်တုတော်ကို ဆင်စွယ်စသည်ဖြင့်ရင်း၊ ရွှေငွေစသော ရတနာဖြင့်ရင်း၊ သံ၊ ကြေး၊ ကျောက်မြေ၊ သစ်ဖြင့်ရင်း အလိုရှိရာ အကြီးအငယ်ပြုလုပ်ကုန်၏။

ငါ၏ရုပ်ပုံတော်အား ရွှေစသည်ဖြင့်ထုလုပ်ခြင်း၊ ပန်းသစ်သီးစသည်ဖြင့် ပူဇော်ခြင်းကိုပြု၏၊ မြတ်သောမင်းကြီး- ထိုသူတို့သည် ဘုရားအဖြစ်ကိုရင်း၊ ပစ္စေကဗုဒ္ဓါ အဖြစ်ကိုရင်း၊ သာဝကဉာဏ်ကိုရင်း တောင်းတကုန်အံ့၊ ထိုသူတို့သည် အနာဂတ်ကာလ၌ တောင့်တတိုင်း ရကြကုန်မည်သာတည်း။

ထိုသူတို့သည် ဘဝသံသရာ ကျင်လည်ရာသော် အသက်ရှည်ခြင်း၊ အသင်းလှခြင်း၊ ရောဂါကင်းခြင်း၊ ခွန်အားကြီးခြင်း၊ ဇည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာခြင်း ရှိကုန်၏၊ လောကလူ့ရွာဖြစ်ပါသော် ဘုန်းကြီးခြင်း၊ ကောင်းမှုတရားနှင့် ပြည့်စုံခြင်း၊ ချစ်ဖွယ်ရှိခြင်း၊ စိတ်နှလုံးကိုပွားစေခြင်းရှိကုန်၏၊ နေလုလင်သဖွယ်ဖြစ်ကုန်၏၊ အဆင်းလှကုန်၏၊ တာရာအလယ် လမင်းသဖွယ် ဆွေမျိုးအလယ် အသရေတိုးကြွယ်လျက်တင့်တယ်ကုန်၏။

ဤသို့ ကောသလမင်းအား ရုပ်တုတော် ပြုလုပ်ခြင်းအတွက် ရရှိသောအကျိုးကိုဟောကြားပြီး၍ ရုပ်တုတော်ကို ပြုသောသူ၏ ဒုက္ခဖြစ်မှုမရှိသည်ကို ဤသို့ပြတော်မူ၏။

ထိုသူတို့သည် စုတေသေလွန်သော် သဥ္စုဝ်းစသောငရဲ လောကန္တရစ်ငရဲ၌ တရံတခါမျှ မကျရောက်ရကုန်။

ပင်းမြတ်- အကြင်သူတို့သည် သဒ္ဓါစိတ်နှင့်ယှဉ်လျက် ငါ၏ရုပ်တုကိုပြုလုပ်ခိုင်းကုန်၏၊ ထိုသူတို့သည် အလိုရှိတိုင်း ပြည့်စုံကုန်၏၊ အလွန်ဝေပွက်ဝေါင်းပါး ဆင်းရဲဒုက္ခကြီးမားသောပြိတ္တာဘုံ၌ တရံတဆစ်မျှမဖြစ်ရကုန်၊ သူတော်ကောင်းတရား ရှာမှီးသူဖြစ်၍ တရံတဆစ်မျှ တိရိစ္ဆာန်ဘဝ၌ မဖြစ်ရကုန်၊ ဥက္ကောင်း စောက်ထိုး ခြေရှိုးမိုးမျှော်အသူရကာယ်ဝေါ သောဘုံ၌ တရံတဆစ်မျှ မဖြစ်ရကုန်၊ အသညသတ်အရူပဘုံတို့၌ရင်း၊ အလွန်ဆင်းရဲသော ပစ္စန္တရစ်၌ရင်း တရံတဆစ်မျှ မဖြစ်ရကုန်၊ လူဘဝရသော် အကန်းအပင်းမဖြစ်ရကုန်၊ နူနာ ဒိုင်းနာစသည့်ရောဂါ အနှိပ်အစက်ခံရသူ တရံတဆစ်မျှ မဖြစ်ရကုန်။

ငါ၏ရုပ်တုပြုလုပ်သော ထိုသူတို့သည် မန္တန်တေး ဥပဒ္ဒဝေါတေး၊ အဆိပ်တေး ရန်သူနှိပ်စက်သောဘေးဖြင့် မသေပျောက်ရကုန်၊ စဏ္ဍာလစသော ယုတ်ညံ့သော အမျိုး၌ မဖြစ်ရကုန်၊ မြင့်မြတ်သောမင်းမျိုး ပုဏ္ဏားမျိုး ဤနှစ်မျိုး၌သာ ဖြစ်ရကုန်၏၊ အမိဝမ်း၌ ပဋိသန္ဓေနေသော် ချမ်းသာစွာနေရ၏၊ ဖွားမြင်သော် ချမ်းသာစွာ ဖွားမြင်ရ၏၊ အချင်းခပ်သိမ်း ချမ်းသာ၏။

ငါ၏ရုပ်တု ပြုလုပ်သောသူတို့သည် ဖြစ်ရာအမျိုး၌ ထိုအမျိုးကိုကြီး ပွားတိုးတက်စေကုန်၏၊ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာစေကုန်၏၊ အဆင်းလှကုန်၏၊ ရှုချင်ဘွယ်ရှိကုန်၏၊ ဝဏ္ဏကိုယ် အနေအထားလှပ၍ လူအပျားချစ်ကုန်၏၊ စည်းစိမ်ခြွေရံ များကုန်၏၊ ချိုပြိန်စကား ချစ်ဖွယ်စကား နားချမ်းသာဘွယ်စကား ပြောကြားတတ်သော ပညာရှိဖြစ်ကုန်၏၊ လယ်ယာစသည်နှင့်ရင်း၊ ကျေးကျွန်နှင့်ရင်း၊ စပါး ဥစ္စာနှင့်ရင်း၊ အခြံအရံနှင့်ရင်း၊ ပြည့်စုံ၍ စည်းစိမ်ရှိကုန်၏၊ လောက၌ ဖြစ်ရသော် ချစ်ဖွယ် စိတ်နှလုံးပွားဖွယ် ချီးမွမ်းဖွယ် လူတို့ရှိသေဖွယ်ရာ မြတ်သော လူတန်းစား၌ ဖြစ်ရကုန်၏၊ လောကလူ့ရွာဖြစ်ရခါမှာ ဆွေမျိုးအပေါင်းတို့ထက် မြတ်၍ အမြဲတမ်း ပူဇော်ခံထိုက်သူဖြစ်ရကုန်၏၊ နေရာတိုင်းမှာ အမြဲသာ အပူဇော်ခံရကုန်၏၊ နတ်လူတို့ထက်မြတ်၍ နတ်လူတို့၏ ခိုကိုးရာ မှီခိုရာဖြစ်ကုန်၏။

ဤသို့လည်း ကောသလပင်းကြီးအား ချမ်းသာစည်းစိမ် ဂုဏ်သိရီပြည့်ဖြိုးသည်ကို ပြပြီး၍ နတ်လောကစည်းစိမ်ကို တဖန် ပြလိုသည်ဖြစ်၍ ဤသို့ ဟောတော်မူပြန်၏။

ထိုသူတို့သည် လူ့ဘဝ သုခကို ခံစားပြီး၍ အဖက်ဖက်မှ သုံးချက်သော သုစရိုက်ကို ပြည့်စေပြီးလျှင် ငါ၏ရုပ်တုပြုသောကောင်းမှုဖြင့် လူ့ပြေမှစုတေ နတ်ပြေသို့သာ ရောက်ရကုန်၏၊ လူ့ပြေမှပျောက် နတ်ပြည်ရောက်၍ ဖိတ်ဖိတ်တောက် ရွှေဗိမာန် နတ်သမီးအပေါင်း အခြံအရံနှင့် ပျော်စံရလေသည်၊ နတ်ပြည်မှာ တည်ပြန် နတ်စည်သံတေကညီးညံ၊ စည်းစိမ်တွေက ဖြိုး လျံ ခံစားရသည်ကားအဖိုးဘန် ဖြစ်ပေ၏၊ ကိုယ်နေကတင့်ဘယ်၊ အဝတ်တန်ဆာကဝင့်ထယ်၊ ပွဲလျော် ပျော်ဖွယ်တွေက မြင့်ကျယ်၍ နှစ်သက်ဖွယ် ရှိပါပေသည်။

နတ်ဗိမာန်အမြတ်ဝယ် ထိုင်နေကာတင့်တယ်၊ နတ်သမီးတွေရံကာဝယ် နန္ဒဝန်ဥယျာဉ်တော်မှာ မြူးပျော်ရွှင်ပြပါစေတယ်။

နတ်ပြည်မှာကြည် အခြံအရံတွေဝေစီ၊ တူရိယာ သံစုံတီး၍ အမြဲ
နှစ်သိမ့်ပျော်ကြသည်၊ ဝမ်းမြောက်ဝမ်းသာ၊ ကကာဆိုခါ၊ တီးကာ
ခတ်ကာကြည်၊ ရှည်ကြာစွာ နတ်ရွာပျော်ကြသည်၊ အိပ်ရာကိုရောက်
ကော့ နှလုံးတောက်တွေ အလီလီ၊ တူရိယာသံညွှင်းဆိုသီချင်းနှင့် နတ်
မင်းကို ဖျော်ဖြေကြပါသည်။

မင်းမြတ်မဟာ- ငါ့သူငယ်တွေဟာ ချမ်းသာစွာ အိပ်စက် ဗိမာန်ထက်မှာ
အကာ အသို နတ်ပျိုကညာ သီချင်းဆိုထေ့လို့ ပျော်မွေ့စေကြပါ။

ငါ၏ရုပ်တု ပြုသောသူကိုဟာ ဗြဟ္မာဖြစ်သော် အမြတ်ဗြဟ္မာ ပီတိ
အစောတား၍ ဗြဟ္မာအများနှင့် ပျော်ပါးကြသည်သာ၊ ဗြဟ္မာပြည်မှာ
မနိုင်းယှဉ်ရာ ချမ်းသာစွာ အသက်ရှည်သမျှ တည်နေကြလေရာ၊
ဗြဟ္မာ့ပြည်မှ ဝုတေအခါ၊ လူ့ရွာတခေါက် ပြန်ရောက်လာပါ၊ မြတ်
သောအမျိုး မည်သိုးဖြစ်ရမှာ။

ငါ၏ရုပ်တု ပြုမူကြမှာ နတ်ရွာလူ့ရွာ ကျင်လည်ကြကာ၊ မြတ်သော
အမျိုး မည်သိုးမှန်စွာ၊ ကယ်မလွဲ အမြဲဖြစ်ရပါ။

ဘုရားအဖြစ် တောင်းလစ်ပတ္ထနာ၊ ဘုရားစင်စစ် ဖြစ်ရမှန်စွာ။

ပစ္စေကာလို ပစ္စေကာပါ၊ သာဝကလိုက သာဝကပါ၊ ဆန္ဒအတိုင်း
မတိုင်းရလေပါ။

ဘုရားဖြစ်ချင်သော့ ဘုရားအဖြစ်ရောက်ကာ၊ ပစ္စေကာသာဝကဖြစ်
ချင်တော့လဲ ဆန္ဒအတိုင်းဖြစ်မှာ၊ အသက်ရှည်သမျှတည်နေကာ အသက်
သေ ရောက်လေ နိဗ္ဗူတာ။

ကောသလမင်းကြီးအား နတ်လောကစည်းစိမ်ကိုပြပြီး၍ ထိုမင်းကြီးအား
ဤသို့ ဟောကြား ပြောသိုလေသည်။

ဒိုမင်းမြတ်- သဒ္ဒါမှုဖြင့် ဗုဒ္ဓရုပ်တုတော်၏ လက်ပြတ်ကို ပကတိ
အနေအထားအတိုင်း ကောင်းအောင်ပြုသောသူအား အကျိုးတရား
များစွာ ဖြစ်ပေ၏။

မြတ်စွာဘုရား၏ ရုပ်တုတော်တခုလုံးကို ပြုသောသူအားကား အကျိုး
ကြီးမားလှပေ၏၊ ထိုအကြောင်းကို ချီးမွမ်းခြင်းငှာ ငါဘုရားကို
ထား၍ ပြောစွမ်းနိုင်သူတဦးတယောက် အဘယ်မှာ ပေါ်ပေါက်
ပါမည်နည်း။

ဤသို့ မင်းကြီးအား ဘုရားရုပ်တုတော်ကို ပြုလုပ်ခြင်းကြောင့် များမြတ်
သော အကျိုးကို ပြပြီး၍ ယခုအခါ အကျိုးအာနိသင် အမျိုးမျိုးကို ဤသို့
ပြတော်မူပြန်၏။

ချမ်းသာကိုလိုလားတဲ့ အကြင်လူသားသည် မိမိ၏ ချမ်းသာကို မြင်၍ ဗုဒ္ဓ၏ ရုပ်တုတော်ကို ပြုလုပ်ရာ၏၊ မြတ်သောမင်းကြီး- ထိုသူသည် ဗုဒ္ဓရုပ်တုတော် ပြုလုပ်ခြင်းကြောင့် လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်၌ ဖြစ်ရပေ၏၊ အကြင်သူသည် ဗုဒ္ဓရုပ်တုထုလုပ်လျက် ဝမ်းမြောက်၏၊ ထိုသူသည် လောကလူ့ရွာ၌ ချမ်းသာကို ရလေ၏၊ အကြင်သူသည် ထိုရုပ်တုတော်အား ပူဇော်ခြင်းငှာ ဗိမာန်ကျောင်းတော်ကို ပေးလှူ၏၊ ထိုသူသည် လူ့ရွာ၌ ဥစ္စာခနေ ကြွယ်ဝသူဖြစ်ရ၏၊ ထို့ကြောင့် မိမိ၏ ချမ်းသာကို အလိုရှိသော ပညာရှိသည် ဤသို့ ငါဘုရား ချီးကျူးအပ်သော ရုပ်ထုတော်ကို ပြုလုပ်ရာ၏။

ငါ၏ ရုပ်တုပြုလုပ်သောသူသည် အခါခပ်သိမ်း ရုပ်တုကို ပြုလုပ်သော ကုသိုလ်ကြောင့် ချမ်းသာ၏၊ ပညာဉာဏ် ကြီး၏၊ ရုပ်ရည် လှပ၏၊ ငါ၏ ရုပ်တုပြုလုပ်သော သူသည် ရုပ်တုပြုသော ကုသိုလ်ကံကြောင့် ဥစ္စာပေါ၏၊ အခြံအရံများ၏၊ ကျေးကျွန်နှင့် ပြည့်စုံ၏၊ စည်းစိမ်ရှိ၏၊ ဤကား ရုပ်တုပြုရကျိုးပေတည်း၊ ဆွေမျိုးများ၏၊ ပညာရှိ၏၊ အသက်ရှည်၏၊ ဤလည်း ရုပ်တုပြုကျိုးတည်း၊ ဘေးရန် ကင်း၏၊ သူတပါး အပူဇော်ခံရ၏၊ ဤလည်း ရုပ်တုပြုကျိုးဘည်း၊ ယုတ်သော အမျိုး၌ မဖြစ်ရ၊ မြတ်သောအမျိုး၌သာ ဖြစ်ရ၏၊ ဤလည်း ရုပ်တု ပြုကျိုးတည်း။

ကောင်းသော ကိုယ်နံ့ရှိ၏၊ လူချစ်၏၊ အဆင်းလှ၏၊ ဤလည်းရုပ်တု ပြုကျိုးတည်း၊ အကြားအမြင်များ ချိုသာသောစကားရှိ၏၊ ဤလည်း ရုပ်တုပြုကျိုးတည်း။

ထို့ကြောင့် မိမိ၏ချမ်းသာသုခကို မြင်သော ပညာရှိသူသည် ငါဘုရား၏ ရုပ်တုကို ရိုသေစွာပြုရာ၏၊ ပြုလုပ်စေရာ၏၊ ငါဘုရားချီးမွမ်းအပ်သော ကောင်းမှုကုသိုလ်သည် အကျိုးဖလများစွာ ရှိပေ၏။

ဤသို့ မြတ်စွာဘုရား၏ တရားဒေသနာကို နာကြားရ၍ ပသေနဒီကောသလမင်းကြီးသည် လွန်ကဲစွာ ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားအထံ၌ ဤသို့ ဆုတောင်းလေသည်။

ဤသို့ စန္ဒကူးနှစ်ဖြင့် ဘုရားရုပ်တုပြုလုပ်ရသော အကျိုးအားဖြင့် ဖြစ်လေရာဘဝ ဇာတိသရဉာဏ်ကို ရရပါလို၏၊ သံသရာဘဝကျင်လည် ရသော် လူ့ပြည် နတ်ပြည်တို့၌ ဖြစ်ရလျက် မကောင်းမှု အကုသိုလ်

ဟို့မှ စင်ကြယ်လှစွာ ချမ်းသာသူ ဖြစ်ရပါလို၏၊ ဤကောင်းမှုကြောင့် ဒါနှဲ့ မွေလျော်ကာ ဒါနပါရမီ ပြည့်ကျင့်လျက် အနာဂတ်ကာလမှာ ဗုဒ္ဓစင်စစ် ဖြစ်ရပါလို၏။

အရှင်မြတ်ဘုရား- ဤကောင်းမှုကြောင့် မိခင်စသား အလုံးစုံသော လူအများတို့သည် ရောဂါကင်းကွာ ဘယာမရှိ ချမ်းသာပြည့်ကြပါစေကုန်သတည်း။

ဤသို့ သူတောင်းပတ္ထနာပြုပြီးလျှင် ဘုရားသာသနာ၌ အလှန်တရာသဒ္ဒါ ကြည်ညိုသည်ဖြစ်၍ ဤသို့ ဆိုပြန်၏။

ဘုန်းတော်အရှင်မြတ်- ပရိယတ်နှင့်တကွသော မင်းဟုိသည် သဒ္ဒါ တရားမျှပါကုန်သည်ဖြစ်၍ အမျှင်ဘုရား၏ သာသနာကို စောင့်ရှောက် ပါစေသတည်း၊ နတ်ပရိသတ်ဟူလည်း အရှင်မြတ်၏ သာသနာကိုမှင်း၊ လူသပေါင်းကိုရင်း အမြဲတစေ စောင့်ရှောက်ပါစေသတည်း။

ကောသလမင်းကြီး၏ စကားကို ကြားလျှင်မြတ်စွာဘုရားသည် မင်းကြီး၏ နှင်သက်ဝမ်းမြောက်မှုကို တိုးတက်ဖြစ်ပွားစေလိုသည်ဖြစ်၍ ဤသို့ မိန့်တော် မူ၏။

မင်းမြတ်- စန္ဒကူးနှစ်ဖြင့် ထုလုပ်အပ်သော ဗုဒ္ဓရုပ်ပုတော် ကုသိုလ် ကြောင့် သင်သည် သဒ္ဒါတရား တိုးပွားရရှိလျက် ဇာတိသရညာဏ်ကို ရပေလတ့်၊ အနာဂတ်ကာလ၌လည်း ဘုရားဖြစ်ပေလတ့်။

မင်းမြတ် ဤကုသိုလ်ကြောင့် သင်မင်းမြတ်တို့၏ ဖခင် အစရှိသော အလုံးစုံသော လူအများတို့သည် လူ့ရွာ၌ချမ်းသာစွာ ဖြစ်ရပေကုန် လတ့်၊ နတ်တို့သည်လည်း ထိုလူတို့ကို စောင့်ရှောက်ပေကုန်လတ့်။

ဤဂါထာတို့ဖြင့် ပသေနဒီကောသလမင်းအား ပြောကြားသောစကား ကို ပြီးဆုံးစေပြီးလျှင် မြတ်သောမင်းကြီး ဤစန္ဒကူးနှစ်ဖြင့် ထုလုပ်သော ရုပ်ပုံတော်သည် ငါဘုရား၏ ရုပ်ပုံတော် ဖြစ်ပေ၏၊ ဤသာသနာ၌ သင်ပြု အပ်သော ရုပ်ပုံတော်သည် အနာဂတ်ကာလ၌ အလုံးစုံသော လောက၏ အကျိုးစီးပွား အလို့ငှာ ဖြစ်ပေလတ့်၊ ဤရုပ်တုတော်သည် အနာဂတ်ကာလ ၌ သင်မင်းကြီးအား ကောင်းကျိုးချမ်းသာကို ပေးပေလတ့်ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ ဝဋ္ဋကုလိမင်း၏ မယ်တော်သည် ယခုအခါ မ ဟာ မာ ယာ၊ ဘခမည်းတော်သည်သုဒ္ဓေါဒန၊ အဂ္ဂမဟေသီသည် ယသောဓရာ၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ စစ်သည် စသည်တို့သည် သာဝက၊ တရားတပါးသောမင်းစသည်တို့သည် ဗုဒ္ဓပရိသတ်၊ ဝဋ္ဋကုလိမင်းသည် ငါဘုရား ဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဝဋ္ဋကုလိရာဇဇာတ် ပြီး၏။

# ၃၈-သိရသာကုမာရဇာတ်

စိတ်ထားမကောင်း၊ လူအပေါင်းကြောင့်၊ အလောင်းတော်ပင်၊ ပွေးဖခင်က၊ ပြည်နှင်ဒဏ်ပေး၊ ခံရသေး၏၊ အရေးပြေက၊ လူ့ဗာလတို့၊ ဘဝတကြောင်း၊ ပုံဟန်ပြောင်းသည်၊ စိတ်ကောင်းမွေးကြတုံရာသော်။

သိရသိပိယပုစ္ဆက- ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဒေဝဒတ်၏ မြတ်စွာဘုရားအား ရန်ငြိုးပြုသည်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ ထိုအခါ ထိုဒေဝဒတ်သည် ရှည်ကြာစွာသော ကာလပတ်လုံး မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့၍ မြတ်စွာဘုရားကို သတ်ခြင်းငှာ အခွင့်ကိုရှာလေသည်။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ အစည်းအဝေးပြုကြကုန်သည် ရှိသော် အချင်းချင်း စကားကို ဖြစ်စေကုန်၏၊ ဖြစ်စေပုံကား- ထိုဒေဝဒတ်သည် မြတ်စွာဘုရားကို သတ်ဖို့ရာ အခွင့်ရှာခြင်းကိုရင်း, မြတ်စွာဘုရားကို တပည့်သာဝကတွေနှင့် ကွဲပြားစေဘို့ မေတ္တာပျက်ဝါဒကို ရှာခြင်းကိုရင်း လုံ့လကြိုးကုတ် အားထုတ်ပါသော်လည်း မြတ်စွာဘုရားကို သတ်ခြင်းငှာ တစုံတရာအခွင့်မရဘဲ မိမိသာလျှင် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည်ကား အံ့ဘွယ်ရှိပေစွဟု- စကားကို ဖြစ်စေကုန်၏။

ထိုရဟန်းတို့၏ စကားကိုကြား၍ တရားသဘင်သို့ လာပြီးလျှင် ထိုတရားသဘင်ဝယ် ခင်းထားအပ်သော မြတ်သော ဘုရား၏ နေရာတော်၌ ထိုင်၍ ချစ်သားရဟန်းတို့- သင်တို့သည် ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလေလျှင် ဤမည်သော စကားဖြင့် စည်းဝေးကြပါကုန်သည်ဘုရားဟု လျှောက်ထားလေသော် ချစ်သားရဟန်းတို့- ယခုအခါ၌သာ ဒေဝဒတ်သည် ငါဘုရား၌ ရန်ငြိုးဖွဲ့၍ သတ်ခြင်းငှာ အခွင့်အရေးကို ရှာမှီးသည် မဟုတ်သေး၊ ရှေးအခါကလည်း ထိုဒေဝဒတ်သည် ငါဘုရား၌ ရန်ငြိုးဖွဲ့၍ ရှည်ကြာမြင့်စွာသော ကာလပတ်လုံး ငါဘုရားကို သတ်ဘို့ရန် အခွင့်ကို ရှာမှီးခြင်းငှာရင်း၊ ငါဘုရားအား ငါ၏အပေါင်းအသင်း အခြွေအရံနှင့် ကွဲပြားဘို့ရန် မေတ္တာပျက်ဝါဒကို ရှာမှီးခြင်းငှာရင်း လုံ့လကြိုးကုတ်

အားထုတ်ပါသော်လည်း ငါ့ကို ဖျက်ဆီးခြင်းငှာ တစုံတရာအခွင့်ကို မရဘဲ နောက်ဆုံး၌ မိမိသာလျှင် ပျက်စီးခြင်းသို့ရောက်လေသည်သာတည်း-ဟု ဟော တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့- ရှေးအတိတ် အခါက ဓမ္မရာဇာ အမည်ရှိသော မင်း တပါးသည် ပါလိသမြို့၌ မင်းပြုလေသည်၊ သူ၏မိဖုရားသည်ကား သုရသိဒေဝီ အမည်ရှိ၏၊ တနေ့သ၌ သုရသိဒေဝီသည် လူအများခြံရံလျက် ဥကျောင်း လျှော်ခြင်းငှာ မြစ်တခုသို့သွား၍ မိမိ၏ရှေ့မှ ခြေကျင်သွားသော တယောည် သော စေလကသရက် (အဝတ်ဝတ်သော တက္ကတွန်း) ကို မြင်လေသက်၊ ထိုနေ့မှာပင် ဘုရားအလောင်းသည် ထို မိဖုရား၏ ဝမ်း၌ ပဋိသန္ဓေနေ၏၊ ထိုနေ့ည မိုးသောက်ထအချိန်၌ ထိုသုရသိ မိဖုရားသည် အိပ်မက် မြင်မက် လေသည်၊ မြင်မက်သော အိပ်မက်ကား ကောင်းသော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသော ယောကျ်ားတယောက်သည် မိမိအထံသို့လာ၍ မိမိနှင့် စကားပြော ၏၊ အိုမိဖုရား- ကျွန်ုပ်သည်ကား တခြားသူ မဟုတ်၊ ဘုရားအလောင်းဖြစ်၍ သင်၏ အထံသို့ လာပါ၏၊ သင်၏ အရှင်ဖြစ်သော ပဓမ္မမင်းကြီး၏သား ဖြစ်၍ အလုံးစုံသော ပါလိသတိုင်း၌ နေသောလူအများတို့ကို ဆုံးမရပါ လတံ့-ဟု အိပ်မက်မြင်လေသည်၊ ဤသို့ အိပ်မက်မြင်ပြီး၍ နိုးလတ်သော် အိပ် နေရာမှထကာ ကျက်သရေရှိသော အိပ်ရာ၌ထိုင်လျက် ဤသို့ကြံစည်၏၊ ငါ၏ ဝမ်းဗိုက်၌ ပဋိသန္ဓေသည် အကယ်၍ ယောကျ်ားဖြစ်အံ့၊ ပညာရှိသော အဖ ထက်မြတ်သော မင်းဖြစ်ပေလတံ့၊ အကယ်၍ သမီးဖြစ်အံ့၊ ပညာရှိသော အမိ ထက်မြတ်သော မိဖုရားဖြစ်ပေလတံ့၊ ထိုသို့ ကြံစည်ပြီးနောက် မိဖုရားသည် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ဆယ်လနှင့်ဆယ်ရက်တိုင်တိုင် မိမိဝမ်း၌ တည် သော ဘုရားအလောင်း ကိုယ်ဝန်ကို ဆောင်လျက် မိမိ၏ သားကို မွေးမြူ နိုင်သော မိန်းမငုနစ်ရာတို့ကို ရွေးချယ်၍ သူတို့၏နို့ကို ကျန်းမာသန့်ရှင်းရောဂါ ကင်းအောင် ဆေးဝါးကုသစေ၏၊ ထိုမိန်းမတို့သည် မိမိတို့၏နို့ကို ဆေးကုသ ကြကုန်သော်လည်း နို့ရည်ကိုကား မဖြစ်စေကြကုန်၊ မိဖုရားကြီးမှာသာ နို့ရည် ဖြစ်လေသည်၊ မိဖုရားကြီးသည် ထိုမိန်းမတို့နှင့် စကားဆိုသည်ကား အိုရှင်မတို့- ငါ၏သားသည် မွေးဖွားလာသော် ငါ၏နို့ကိုသာ စို့ရပေလတံ့ ဟုဆို၏။

## ဥက္ကောင်းမှဖွားမြင် သိရသာတွင်

နောက်တနေ့မှာ မိဖုရားကြီး၏ ဝမ်း၌ ကမ္ဘလေတို့သည် လှုပ်ကုန်၏၊ ထိုအခါ မိဖုရားကြီးသည် မိမိသားအား မွေးမြူထိုက်သော မိန်းမတို့ကိုခေါ်စေ၏၊ ထိုမိန်းမတို့သည် မိဖုရားကြီး၏နေရာသို့ လာရောက်၍ ဝန်းရံကာ ထိုင်ကုန်၏၊ မိဖုရားကြီးသည် ကိုယ်ဝန်ပရမိရှေးအခါကာလကပြောဆိုနေထိုင်သည့်အတိုင်းနေထိုင်၏၊ ထိုမိန်းမတို့သည် အဘိုးတရာတန်သော အဝတ်ကို ယူ၍ ခုနစ်ထပ်ပြုကာပုခက်လုပ်၍ မိဖုရား၏သား ဖွားမြင်ခြင်းနှင့် ပျိုအန်ခြင်းကိုခံလျက်ထိုင်ကုန်၏၊ မိဖုရားသည် ထိုအဝတ်၌ မိမိ၏သားနှင့်တကွ ပျိုအန်ခြင်းကိုပြုလေသည်၊ ထိုမိန်းမတို့သည် ထိုအဝတ်ကိုယူ၍ ဖုံးကွယ်ရာ၌ ထားပြီးလျှင် ဝမ်းဗိုက်၏ ယုတ်လျော့သည်ကိုမြင်၍ ကိုယ်ဝန်ပျက်ကျသည်ဟု အမှတ်ရှိကာ မိဖုရားကို အရှင်မိဖုရား- ညစ်ညမ်းသော အဝတ်ကို ဖုံးကွယ်ရာ၌ ထားစေပါ၏ဟု ပြောကုန်၏၊ ထိုမိန်းမတို့၏ စကားကို ကြားလျှင် အရှင်မတို့- ယခု ထိုအဝတ်ကိုယူသွားပြီး မြစ်မှာလျှော်ဖွပ်လာကြကုန်ဟု ဆိုလေသည်၊ ထိုမိန်းမတို့သည် မြစ်၌လျှော်ဖွပ်ရန် ထိုအဝတ်ကိုယူသွားကုန်၏၊ ထိုအဝတ်သည် ထိုမိန်းမတို့၏လက်၌ လေးသည်ထက် လေးလာသည်၊ ထိုအခါ ထိုမိန်းမတို့သည် မြစ်ကမ်းအနီး၌ရပ်လျက် အဘယ့်ကြောင့် ယခု ဤအဝတ်သည် လေးသည်ထက် လေးလာရသနည်းဟု ပြောဆို၍ အဝတ်ကိုဖွင့်၍ ကြည့်လျှင် သူငယ်ကိုမြင်၍ ပွေ့ပိုက်လျက် ထိုသူငယ်၏ ချမ်းချမ်းသာသာကြီးပွားလာသော အခြင်းအရာကို မိဖုရားအား ပြောကြားကမ်းလှမ်းကုန်၏။

သုရသိမိဖုရားသည် မိမိ၏သားကို လက်ကမ်းလှမ်းလင့်ကာ ပွေ့ပိုက်လျက် နို့တိုက်ကျွေးလေသည်၊ သားသည် အမိဖြစ်သော မိဖုရား၏နို့ကို စို့၏၊ ထိုမိန်းမတို့သည် ထိုညစ်ညမ်းသော အဝတ်ကိုဖြန့်၍ ပျို့အန်ဘွယ်အခြင်းအရာကိုမမြင်လျှင် ကြာဖတ်တွင် တင်သောရေကဲ့သို့ အညစ်အကြေးမှ ကင်းဝေးစင်ကြယ် ရွံဘွယ်မချဉ်း သန့်ရှင်းသည်ကို မြင်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၏၊ ထိုအခါ မိဖုရားသည် သန့်ရှင်းသော အဝတ်တခုကို ခင်းစေ၍ သူငယ်ကိုသိပ်၏၊ သူငယ်သည် ထိုအဝတ်နှင့် ထိကာမျှဖြင့် သေလုမဘတ် ငိုကြွေး၏၊ ထိုအခါ မိဖုရားသည် အဘိုးတထောင်တန်သောအဝတ်ကို ယူစေ၍ ထိုအဝတ်ဖြင့်ထွေးကာ တခုသော နူးညံ့သော အဝတ်ကိုခင်းလျက် သိပ်ပြန်၏၊ သူငယ်သည် ထိုအဝတ်ကိုတွေ့ထိသော်လည်း နူးညံ့သဖြင့် မငိုတော့ပေ၊ မိဖုရားသည် ဘုရားအလောင်း နာမည်ယူသောနေ့၌ ဥက္ကောင်းမှ ဖွားသည်ဖြစ်သောကြောင့် သိရသာဟု အမည်မှည့်လေသည်။ သိရသာမင်းသားသည် တနေ့လျှင်တကြိမ်

ထမင်းစား၍ ကြီးပွားလာရာ ကိုးလသား ရှိလာလေသည်၊ တဆယ့်ငါးရက်လပြေ့ ဥပုသ်နေ့တနေ့မှာ ဘုရားအလောင်း သားငယ်သည် မိမိဖခင်၏ ချစ်မချစ်အဖြစ်ကို သိခြင်းငှာ မိမိဖခင် ပဓမ္မမင်းကြီး၏ စိတ်အလိုကို စုံစမ်းလိုသည်ဖြစ်၍ မိမိအား ပြုသောအပြုအမူကို ကြည့်၏။

ထိုအခါ ထိုမင်းကြီး၏သေတ္တာကြီးတလုံးသည် မင်းအိမ်တော်၌ တည်ရှိ၏၊ ထိုသေတ္တာကြီး၌ အထူးထူးသောအဝတ် အထူးထူးသော ရတနာ အထူးတူးသော နံ့သာပျိုးတို့သည်ရှိရာ တခုတခုလျှင် အဘိုးတသိန်းထိုက်တန်ကုန်၏။ ထိုသေတ္တာကြီး၏ ပမာဏကား အလျားအနံအမြင့် ငါးတောင်ခန့် ကြီးမားကျယ်ဝန်း၏၊ ထိုနေ့သည် ဥပုသ်နေ့ဖြစ်သောကြောင့် သုရသိ ပိဖုရားကြီးသည် မိမိ၏ သားငယ်နှင့်အတူ မြတ်သော အိပ်ရာထက် လျောင်းလျက် အိပ်နေလေသည်။

## သားငယ်ပျောက် တမြို့လုံးလျှောက်၍ရှာ

ထိုအခါ ဘုရားအလောင်းသိရသာသည် မိမိဖခင် ပဓမ္မမင်းကြီး၏ နှလုံးအလိုကို စုံစမ်းလိုသည်ဖြစ်၍ ထိုသေတ္တာကြီး၌ ဝင်၍ထိုင်နေလေသည်၊ ထိုညဉ့်လွန်မြောက် မိုးသောက်ထအချိန်သို့ ရောက်သောအခါ ဥပုသ်သီလယူရန် စည်ကိုတီး၍ လူများကိုနှိုးလေရာ သုရသိမိဖုရားသည် အိပ်ရာမှနိုးလာ၍ မိမိနှင့်အတူ အိပ်နေသော သားငယ်ကို မတွေ့ရလေလျှင် ထို၌ာနရှိ အထိန်းတို့ကိုခေါ်၏၊ ထိုအခါအထိန်းတို့သည် ထိုနေရာသို့လာရောက်၍ သိရသာ မင်းသားငယ်ကို ဟိုဟိုဒီဒီ လိုက်လံရှာဖွေကြရာ မတွေ့ကြကုန်၊ ထိုအခါ သုရသိမိဖုရားကြီးသည် လက်နှစ်ဖက်ဖြင့် ရင်ဘတ်ကို တီးလျက်—

> သားချစ်သိရသာ- မင်းဟာ အမေ့ရဲ့ ချစ်လှစွာသော သားတယောက်ပါကွယ်၊ ကိုးလတိုင်တိုင် အမေမွေးခဲ့တဲ့ သား ယခုဘယ်သွားနေသလဲ၊ မိခင်ရဲ့ထံ လျင်မြန်စွာ ပြန်ခဲ့ပါ၊ သင့်ရဲ့ ကစားစရာများနှင့် အဝတ်အထည်များသည် ဤနေရာမှာပင် ရှိနေပါ၏၊သင်သည်ကား အဘယ်နေရာ၌ ပုန်းအောင်း၍ နေပါသနည်း-

ဟု ငိုကြွေးမြည်တမ်းလေသည်။

မိဖုရား၏ငိုသံကိုကြားသောအခါ ပဓမ္မမင်းကြီးသည် မိမိ၏ခြေမြန်တော်၊ မြင်းစစ်သည်တော်များအား စေလွှတ်၍ မိမိသားငယ်အား တမြို့လုံးသို့ အနှံ့အပြား သွားရောက် လိုက်လံရှာဖွေစေရာ မြင်းသည်တော်တို့သည် မြို့ကိုခုနစ်ပတ်မျှလှည့်ပတ်၍ အနှံ့အပြားရှာဖွေကြသော်လည်း ဘုရားအလောင်း သူငယ်အားမတွေ့သဖြင့် မင်းကြီးထံပြန်လာ၍ မတွေ့ကြကြောင်း သံတော်ဦးတင်ကြ

ကုန်၏၊ ထိုသို့ တမြို့လုံးရှာဖွေ သော်လည်း မတွေ့ရှိပါကြောင်း သတင်းကို ကြားရသောအခါ သုရသိမ်ဖုရားကြီးသည် စိတ်မချမ်းသာဖြစ်လျက်–

အမယ်လေး ချစ်လှစွာသောသားရဲ့· သားထွေးတယောက် ကံကောင်း ထောက်မလို့ရလာ၊ယခုဘော့ အမေ့သားအမေနဲ့ကွဲရပြီကွဲ့၊တိုင်းတော် ပြည်တော်မှာ အစောင့်အရှောက်တွေ မရှိတော့ဘူးလား၊ သားငယ်ကို မတွေ့ရလျှင် မိမိ၏ လည်ပင်းကို သံလျက်နှင့်ဖြတ်၍ သေရတာက မြတ်ပါသေးသကွဲ့ သားရဲ့။

ယခု ငါ့သားသေတာ ငါသိရလျှင် ငါ့ဥကွောင်း ထက်ခြမ်းခွဲပါ၊ သားနှင့်ကွေကွင်းရသည်ထက် ဥကွောင်းနှစ်ခြမ်းကွဲ သေပွဲဝင်ရသည် က မြတ်ပါသေး၏။

ငါသည် အသက်ထင်ရှား ရှိနေငြားလျက် ငါချစ်တဲ့သားကို မမြင်ရ သောကြောင့် ရေမရှိရာမှာ ပင်ပန်းကြီးစွာ ဒုက္ခအဖြာဖြာဖြင့်သွားရ တော့မှာပါကလား၊ သားသေတဲ့ ဝန်လိုင့်ကမကဲ့သို့ ချစ်သောသားကို မတွေ့ရသောကြောင့် ရှည်ကြာမြင့်စွာ ဆင်းရဲဖြင့် သွားရတော့မှာပါ ကလား။

သားသေသောငှက်ပ ရှေ့ကြာစွာဒုက္ခရောက်သလို ငါချစ်တဲ့သားမတွေ့ မြင်ရသောကြောင့် ရှည်ကြာမြင့်စွာ ပြေးလွှားနေရ တော့မှာပါ ကလား။

ယခု အဆိပ်စားသေမယ်၊လည်ပင်းကို ကြိုးဂွမ်းစွပ် ကမ်းပြတ်က ခုန်ချ သေမယ်၊ သားကိုမတွေ့ရ သေခြင်းကမြတ်ပါသေး၏·

ဟု ငိုကြွေးမြည်တမ်းလေ၏။

ထိုအခါ အမတ်စသော လူအပေါင်းတို့သည် ပါလိသတမြို့လုံးအနှံ့ ဝိုင်း ဝန်း၍ သိရသာသူငယ်ကို လှည့်ပတ်ရှာဖွေရာ မွန်းတည့်အချိန် ရောက်သည် တိုင်အောင် ရှာဖွေ၍မတွေ့ကြကုန်၊ သုရသိမ်ဖုရားကြီးသည် ပဓမ္မမင်းကြီး၏ အထံသို့သွား၍–

မြတ်သောမင်းကြီး· ဘုရားကျွန်မစကားကို ရှေ့နားဆင်တော်မူပါ၊ ယခုသားတော်ကို ရှာမတွေ့ပါ၊ သားတော်ကို မတွေ့ရသောကြောင့် ကျွန်တော်မ အသက်ရှင်နေသဖြင့် အကျိုးမရှိတော့ပါ။

ယခုသံလျက်တော်ယူ၍ ကျွန်တော်မ၏လည်ကိုဖြတ်ပါ၊ သားနှင့်ကင်း ၍ သေခြင်းက မြတ်ပါသည်၊ ဤကဲ့သို့သာ သိတော်မူပါမင်းကြီး။

ထိုစကားကိုကြား၍ ပဓမ္မမင်းကြီးသည် မိဖုရားအား တစုံတရာ စကား မပြောတော့ပေ၊ မိဖုရားကြီးသည် မင်းကြီးရှေ့မှ မိမိ၏နေရာသို့ သွားကာ အထိန်းမိန်းမတို့ကို ရှင်မတို့-မင်းကြီး၏ ပစ္စည်းဥစ္စာစုံ ထည့်သောဖာသေတ္တာတို့ ကိုရှင်းလင်း၍ ဖွင့်ကြည့်ကုန်လောဟု ဆို၏၊ ထိုအထိန်းမိန်းမတို့သည် ကောင်း ပါပြီဟုဝန်ခံ၍ ထိုထိုဖာသေတ္တာတို့ကိုရှာဖွေ၏၊ သူငယ်ကိုကား မတွေ့၊ မင်း အိမ်တော်၌ထားသော သေတ္တာကြီးကိုဖွင့်လျှင် ထိုသေတ္တာအတွင်း အဘိုး များစွာထိုက်တန်သော အဝတ်များအလယ်၌ ထိုင်နေသော ရွှေကြာပွင့်ကြီး နှယ် အလွန်တင့်တယ်သောသူငယ်ကို မြင်လေသည်။

ထိုအခါ အထိန်းမိန်းမသည် နှစ်သက်ဝမ်းမြောက်လျက် မိဖုရားကြီးအား ထိုအကြောင်းကို ပြောပြလေသည်၊မိဖုရားကြီးသည် လျင်မြန်စွာ သေတ္တာကြီး ရှိရာသို့လာ၍ သေတ္တာတွင်း၌ မိမိသားကိုတွေ့လျှင် သားကိုပွေ့ချီ၍ ဥက္ကောင်း ကိုနမ်းစုပ်ပြီး ရင်ခွင်၌ပိုက်လျက် နို့တိုက်လေသည်၊ ထိုအခါမှစ၍ သုရသိ မိဖုရားကြီးသည် အလွန်တရာဝမ်းမြောက်လျက် စိတ်နှလုံးသက်သာယာရကာ ထပ်တလဲလဲ သား၏ဥက္ကောင်းနှင့် မျက်နှာကို ပွတ်သပ်၍ နမ်းရှုံ့လျက် နို့ချို တိုက်ကျွေး၏၊ အရသာရှိသောထမင်းကိုလည်း ကျွေး၏။

> သားလေး သိရသာ- မင်းဟာ အမေရဲ့နှလုံးသားပါပဲကွယ်၊ မင်းကို မတွေ့တော့ ဘယ်နေရာမှာ ငါ့သားလေး သေနေပြီလဲလို့ ထင်တရေးနဲ့ မြင်သေးယောင်မိတယ်၊ မင်းကို ပြန်တွေ့ရတော့မှဘဲ အမေ့မှာစိုးရိမ် မှုတွေ ပျောက်ကင်းသွားတော့တယ်။

ထိုအချိန်အခါ၌ ပဓမ္မမင်းကြီးမှာ သားခုနစ်ယောက်ရှိလေရာ၊ ဘုရား အလောင်း သိရသာသည် မင်းကြီး၏အငယ်ဆုံးကိုးလမျှသာရှိသေးသောသား ဖြစ်၏၊ထိုအခါပဓမ္မမင်းကြီးမှာမဇ္ဈဟာရကအမည်ရှိသောဆိုးရေးကောင်းရာကို ပြောကြားတတ်သောပုဏ္ဏားတယောက်ရှိ၏၊ယုတ်မာ၏၊လောဘကြီး၏၊ပုဏ္ဏား သည် ပဓမ္မမင်းကြီးကို ပျက်စီးစေလိုသည်ဖြစ်၍ "မြတ်သောမင်းကြီး- သင်၏ တောင်ညာစံမိဖုရားသည် သားကိုဖွားသည် ရှိသော် လူမိန်းမတို့၏ ဖွားရိုး အင်္ဂါဖြင့် မဖွား၊ ဤသို့မဖွားခြင်းသည် သင့်မြတ်သောသဘော မဟုတ်ပေ၊ မြတ်သောမင်းကြီး- ကျွန်ုပ်တို့သည် ထိုသားကိုအကယ်၍မွေးကုန်အံ့၊ သင်မင်း ကြီး၏ ထိုသားသည် ကြီးပြင်းလာသော် သင်မင်းကြီးကို နှိပ်စက်၍မင်းပြု လတံ့၊အစ်ကိုခြောက်ယောက်တို့ကိုအစိုးရလျက် ထိုအစ်ကိုခြောက်ယောက်တို့ကို လွှမ်းမိုးနှိပ်စက်ကာ မင်းအဖြစ်ကိုယူလတံ့၊ စင်စစ်အားဖြင့် သင်မင်းကြီး၏ ထိုသားသည် ကြီးပြင်းလတ်သော် အလုံးစုံသော စစ်သည်တော် တို့ကိုရင်း၊

အလုံးစုံသော ပြည်သူပြည်သားတို့ကိုရင်း နှိပ်စက်ပေလတံ့၊ ထိုကြောင့် ကျွန်ုပ်တို့သည် ထိုသူငယ်ကို မမွေးမြူသင့်ဟု ဆိုပါကုန်၏။

## သိရသာမင်းသားကို မွေးမြူလျှင် တိုင်းပြည်ပျက်မည်

မင်းကြီးသည် ပုဏ္ဏား၏စကားကို ကြားလျှင် ကိုယ်တိုင်က နုံ့နည်းသော ပညာရှိသောကြောင့် ပုဏ္ဏားစကားအတိုင်း လိုက်နာလျက် အိုပုဏ္ဏား ငါသည် မင်းဖြစ်သော အချိန်အခါမှစ၍ သင်ပုဏ္ဏား၏စကားအတိုင်းသာ လိုက်နာပြုကျင့်ခဲ့၏၊ ငါသည် သင့်အား စစ်သူကြီးရာထူး၌ ခန့်ထားအံ့၊ တိုင်းတော်ပြည်တော်ကြီး ရှည်ကြာ လေးမြင့်စွာ တည်အောင်သာ ပြုလေလော့ဟု ဆို၏။

ထိုအခါ မင်းကြီးသည် သုရသိ မိဖုရားကို ခေါ်စေ၏၊ မိဖုရားသည် မင်းကြီးထံလာ၍ ရှိခိုးလျက်နေ၏၊ ထိုပုဏ္ဏားသည် မိဖုရားကို ရှင်မိဖုရား သင်မိဖုရား၏သားသည် ဖွားရိုးအင်္ဂါဖြင့် ဖွားလေသူမဟုတ်လေသောကြောင့် သင်၏သားကို ဤနိုင်ငံတော်၌ မွေးမြူရန် မသင့်ပေ၊ သင်မိဖုရားသည် ထိုမင်းသားငယ်ကို မွေးမြူလိုငြားအံ့၊ ကျွန်ုပ်တို့မင်းကြီး၏ နိုင်ငံတော်သည် ဂင်္ဂါမြစ်ရေ၌ မျော၍ သေကုန်လတ္တံ့ဟု ပြောဆို၏။

ပုဏ္ဏား၏စကားကို ကြားလျှင် မိဖုရားသည် စိတ်မချမ်းသာ၍ မင်းကြီးကို ဤသို့ လျှောက်ထား၏၊ အရှင်မင်းကြီး- ကျွန်တော်မ၏သားသည် ဘယ်သို့အကြောင်းရှိ၍ ဤသို့ဖြစ်ရပါမည်နည်းဟု လျှောက်၏၊ မိဖုရား၏စကားကို ကြားလျှင် မင်းကြီးသည် ရှင်မိဖုရား- ငါတို့နှစ်ယောက်သည် ဤသားငယ်ကို အကယ်၍ မွေးကုန်အံ့၊ ချစ်ခြင်းအမှု ပြုကုန်အံ့၊ ငါတို့၏ နိုင်ငံတော်သည် ပျက်စီးပေလတံ့၊ ငါတို့၏နိုင်ငံတော်၌ မင်းစည်းစိမ်သည်လည်း ခမ်းနားကြီးကျယ်ပေ၏၊ ဒို့နှစ်ယောက်တို့သည် အသက်ရှည်သမျှ ကာလပတ်လုံး ဤနိုင်ငံတော်၌ မင်းစည်းစိမ်ကို ခံစားကြပါကုန်အံ့ဟု ပြောဆို၏၊ ထို့ပြင်လည်း ဒို့နှစ်ယောက်တို့သည် ထိုသားငယ်ကို ဓားလက်နက်ဖြင့်သော်၎င်း၊ ဒုတ်ဖြင့်သော်၎င်း၊ အဆိပ်ဖြင့်သော်၎င်း သတ်လိမ့်မည်မဟုတ်ဘဲ၊ ယနေ့ပင်လျှင် ဒို့နှစ်ယောက်တို့သည် လှေတခုပြုလုပ်စေ၍ ထိုလှေ၌ မင်းသားငယ်ကိုတင်ပြီးလျှင် ဂင်္ဂါမြစ်ရေကြောမှာ မျှောကုန်အံ့ဟု ပြောဆိုလေသည်။

## မင်းကြီးဘုရား စဉ်းစားတော်မူပါ

အရှင်မင်းကြီးဘုရား- အကျွန်ုပ်တို့၏သားငယ်သည်ကား အရှင်မင်းကြီး၏ လက်ချောင်းနှင့် တူပါသည်၊ ဖြတ်လိုက ဖြတ်နိုင်ပါသည်၊ ယခုသင်မင်းကြီး

သည်ပင် သားငယ်၏လက်ချောင်းကို ဖြတ်တော်မူပါလောဟု ဆို၍ နေရာမှ ထပြီး သား၏အထံသို့သွား၍ ထွေးပိုက်ပြီးလျှင် ရင်ခွင်၌ထားကာ ဤသို့ ပြောကြားလေသည်။

အမေ့သား သိရသာ- ငါသည် သင်သားငယ်ကို ကိုးလအရွယ်ရောက် အောင် မွေးခဲ့ပါ၏၊ ယနေ့ ဒီမှာ သင်သားငယ်အား သေခြင်း သဘောတရား ပေါ်ခြေပြန်လေပြီ။

ထိုအခါ အထိန်းမိန်းမတို့သည် လာကြလျက် သိရသာ မင်းသားငယ်၏ လက်ကို ဆုပ်ကိုင်ပြီးလျှင် ငိုကြွေးလှည့်လည်လျက် ခြေလက်မကိုင်မိသလိုဖြစ် ကြကုန်လျက် ထိုနေရာမှာပင် ရပ်တည်နေကြကုန်၏။

ထိုအခါ မဇ္ဈဟာရကပုဏ္ဏားသည် ပါလီသမ္ဗိ၌နေသော ပုဏ္ဏားတထောင် တို့ကို ခေါ်စေလျက် နှစ်ရက်သုံးရက်မျှဖြင့်ပင် လှေတစင်းကို ပြုလုပ်စေကာ ထိုလှေပြီးသော် ထိုသိရသာမင်းသားငယ်ကို ယူခြင်းငှါ ခုနှစ်ကြိမ်တိုင်တိုင် သိရသာမင်းသား၏ မိခင်ထံသို့ တမန်များကို စေလွှတ်လေ၏၊ မိဖုရားသည် မိမိ၏သားကို ထိုပုဏ္ဏား တမန်တို့အား မပေးပေ၊ မိဖုရားသည် သားကြီး ခြောက်ယောက်တို့ကို ခေါ်စေ၍ မိမိအနား၌နေစေ၏၊ ထိုသားခြောက်ယောက် တို့တွင် ဒေဝကာမမည်သော မင်းသားသည် ထိုမင်းသားငါးယောက်တို့ထက် နူးညံ့ပျော့ပျောင်း၍ သိမ်မွေ့ပေ၏၊ ထိုဒေဝကာမ မင်းသားသည် ထိုငါး ယောက်သော မင်းသားတို့၏ ညီငယ်ဖြစ်၏၊ မိမိ၏ အငယ်ဆုံးညီ ဖြစ်သော သိရသာကို ချစ်မြတ်နိုး၍ ညီငယ်နှင့် အတူနေ၏။

ထိုအခါ ယုတ်မာသော ထိုပုဏ္ဏားတို့သည် ထိုနေရာသို့ လာ၍ မိဖုရား လက်မှ သိရသာမင်းသားကို လုယူကုန်၏၊ ထိုခဏ ဘုရားအလောင်း၏တန်ခိုး အာနုဘော်ဖြင့် သွေးအလျှင်တို့သည် ထိုပုဏ္ဏားတို့၏လက်မှ ယိုထွက်ကုန်၏၊ ထိုပုဏ္ဏားတို့သည် သူငယ်အား လွှတ်ပစ်ထားခဲ့၍ ထိုနေရာမှ ဆင်းပြေးကုန် ၏၊ ထိုအခါ ဒေဝကာမမင်းသားသည် မိမိဖခင် ပဒုမ္မမင်း၏အထံသို့ သွား၍ မင်းကြီးကို အိုဖခင် ဖခင်သည် ကျွန်ုပ်၏ညီငယ်ကို ပုဏ္ဏားတို့အား အဘယ့် ကြောင့် ပေးပါသနည်းဟု မေး၏။

ဖခင် မင်းကြီးသည် သားငယ် သင်၏ညီငယ်ကို ပုဏ္ဏားတို့အား ပေးသည် ကား မှန်ပေ၏၊ သားငယ်တို့သည် ငါ့အား မတားမြစ်ကြကုန်လင့်ဟု ဆို၏၊ ထိုစကားကိုကြားလျှင် ဒေဝကာမမင်းသားသည် အလွန်စိတ်မချမ်းသာသည် ဖြစ်၍ မင်း၏ရှေ့၌ လက်နှစ်ဖက်ဖြင့် ရင်ကိုထုကာ ငိုယိုလျက် မိခင်၏အထံသို့ သွားနေလေသည်၊ ထိုအခါ ထိုပုဏ္ဏားတို့သည် မင်းအိမ်တံခါးသို့ ရောက်လာ ကုန်၏၊ ထိုခဏ၌ ဒေဝကာမမင်းသားသည် အလွန်စိတ်မချမ်းသာသည်ဖြစ်

၍ မိမိ၏အစ်ကိုများနှင့် တစုံတရာ စကားမပြောပဲ ထိုပုဏ္ဏားတို့ကို အို-ပုဏ္ဏားတို့ ဒို့ညီအစ်ကိုခြောက်ယောက်တို့သည် ငါတို့၏ညီငယ်ကို ရွှေကိုယ်လေးပေး၍ ဝယ်ကုန်အံ့၊ ဒို့ပေးမည့်ရွှေကို ယူကုန်လော့ဟု ပြောလျှင် ပုဏ္ဏားတို့သည် ထိုမင်းသားငယ်ကိုသာ ငါတို့သည် ယူကုန်အံ့ ရွှေကိုမယူကုန်ဟု ဆိုကုန်၏။

ထိုမင်းသားငယ်ခြောက်ယောက်တို့သည် ထိုပုဏ္ဏားတို့ကို အို ပုဏ္ဏားတို့-ငါတို့သည် ငါတို့၏ညီငယ်အတွက် ဆင်ခြောက်ရာ, မြင်းခြောက်ရာ၊ ကျွန်ထီးကျွန်မ ခြောက်ရာ,နွားခြောက်ရာ, မြည်းခြောက်ရာ, ရွှေခြောက်ရာ,ငွေခြောက်ရာ သင်တို့အား ပေးကုန်အံ့ဟု ဆို၏၊ ထိုပုဏ္ဏားတို့သည် ထိုထိုပစ္စည်းဥစ္စာကို လက်မခံကုန်၊ ထိုမင်းသားတို့သည် တဖန် ဆိုကြပြန်ကုန်၏၊ အိုပုဏ္ဏားတို့-သင်တို့အား ရွှေကိုးသန်း, ငွေကိုးသန်း ငါတို့ပေးမည်ဟု ဆိုကုန်၏၊ထိုနောက် မပ်းသားခြောက်ယောက်တို့သည် ညီငယ် သိရသာအား ထပ်တလဲလဲ ထိုပုဏ္ဏားတို့ကို တောင်းကုန်၏၊ အို ပုဏ္ဏားတို့- ငါတို့၏ ညီငယ်ဖြစ်သော သိရသာမင်းသားသည် ကြီးပြင်း၍ အရွယ်သို့ ရောက်လတ်သော် မင်းကြီးအား ဆန့်ကျင်ဘက် အကယ်၍ ပြုလုပ်ငြားအံ့၊ ငါတို့၏လျှာကို ဖြတ်ကုန်လော၊ မျက်စိကို ထုတ်ကုန်လော၊ ခြေကို ဖြတ်ကုန်လောဟု ဆိုကုန်၏၊ ထိုသို့ ပြောဆိုကုန်သော်လည်း ထိုပုဏ္ဏားတို့သည် ထိုမင်းသားတို့၏ စကားကို မလိုက်နာကြကုန်။

ထိုအခါ ဒေဝကာမမင်းသားသည် လက်တဖက်ဖြင့် သိရသာမင်းသားကို ကိုင်၍ ရင်ခွင်သွင်းထားကာ လက်တဖက်ဖြင့် သံလျက်ကိုကိုင်လျက် ထိုနေရာမှာပင် ရပ်နေလေ၏၊ မိဖုရားကြီးသည် မိမိသား ခြောက်ယောက်တို့ကို အို-ချစ်သားတို့ ငါသည် သင်တို့၏ ညီငယ်ကို မပြောဆိုရက်ပါ၊ ဘယ့်ကြောင့် ဒီလိုငါပြောရသလဲ၊ သင်တို့၏ ညီငယ်သည် အလွန်နုနယ် ငယ်ရွယ်ပါသည်၊ နို့နှင့်သာ မျှတပါသည်၊ အကြင်နေရာ၌ သေခြင်းသို့ ရောက်၏၊ ထိုနေရာ၌ ငါတို့သည် ထိုသားငယ်၏ အလောင်းကို မသိကြရကုန်၏၊ ထို့ကြောင့် ငါသည် သားငယ်နောက်သို့ လိုက်၍ သားနှင့်အတူ သေအံ့ဟု ပြောဆို၏။

ထိုအခါ ပုဏ္ဏားတို့သည် လာ၍ မင်းအိမ်တော်၏ လှေခါးသို့ရောက်ကုန်၏၊ ဒေဝကာမမင်းသားသည် ပုဏ္ဏားတို့ကို မြင်လျှင် မိမိ၏ညီငယ်ကို အမေ၏ ရင်ခွင်၌ထား၍ သံလျက်ကို စွဲကိုင်ကာ ထိုပုဏ္ဏားတို့ကို သတ်ခြင်းငှာ ရပ်နေလေသည်၊ ထိုနေရာ၌ ရပ်နေသော ဒေဝကာမကို မြင်လျှင် ညီအစ်ကိုငါးယောက်တို့သည် တားမြစ်လျက် လည်ဖက်ကာ ပြောဆိုကုန်၏၊ အိုညီငယ် ထိုပုဏ္ဏားတို့ကို မသတ်လေလင့်၊ ငါတို့သည် ထိုပုဏ္ဏားတို့ကို သတ်လျှင် ငါတို့

၏ ဖခင်မင်းကြီးသည် ငါတို့ကို သတ်ပေလတံ့၊သည်းခံပါလော၊စင်စစ်အားဖြင့် ယုတ်မာသောသူသည် ကောင်းမှုကို မသိ၊ ထို့ကြောင့် သင်သည် ငါတို့၏ စကားကိုနားထောင်လော၊ ထိုအခါ ဒေဝကာမသည် မိမိအစ်ကိုတို့၏စကားကို ကြား၍ သံလျက်ကို လွှင့်ပစ်ပြီးလျှင် အမိရင်ခွင်၌ ထိုင်နေသော ညီငယ်ကို ဖက်လျက် အမိနှင့်အတူ ဤသို့ ပြောဆို၏။

အို- ကျေးဇူးရှင် မိခင် မိခင်ကြီးသည် ကျွန်တော်တို့ကို စွန့်ပစ်ပြီး သေရွာသို့ မသွားပါလင့်၊ မိခင်ကြီးသည် အသက် လေးနှစ်မျှသာ ရှိသေးသော သားဖြစ်သော ကျွန်တော်ကို ကျွေးမွေးပါဦးလော။

ယခု ကျွန်တော်သည် ညီလေးကို နမ်းစုပ်၍ ဖက်ထားပြီး အယူမှားတဲ့ လူပုဏ္ဏားတွေကို မပေးပါ၊ ညီလေးကို အဘယ်ကြောင့် စွန့်အံ့နည်း၊ မစွန့်နိုင်ဘူး အမေ။

ဤသို့ ပြောဆိုပြီး ဒေဝကာမမင်းသားသည် မိမိ၏ညီငယ်သိရသာ သတို့သားနှင့် ပြောဆိုလေသည်ကား—

ချစ်ညီငယ် သိရသာ- သင်သည်ကား လူငယ်သော်လည်း ပညာဉာဏ်ကြွယ်ဝ မြင့်မြတ်သူတယောက် ဖြစ်ပေ၏၊ အစ်ကိုနှင့်အတူ အမိနို့ချိုကို စို့ပြီးနေမယ်နော် ညီညီ။

ချစ်ညီငယ်- ငါတို့ညီအစ်ကိုနှစ်ယောက် အမိနို့ကို တလဲစီ စို့ကုန်အံ့၊ ဤနေရာမှာ ပုဏ္ဏားတို့သည် ဒို့ညီအစ်ကို အချစ်ပြတ်အောင် အဘယ်ကြောင့် ဖြတ်ကုန်ဘိသနည်း။

ဤသို့မိမိ၏ညီငယ် သိရသာနှင့် ပြောဆိုနေစဉ်မှာပင်ထိုပုဏ္ဏားယုတ်တို့သည် ထိုနေရာသို့လာ၍ သုရသိမိဖုရားနှင့် သိရသာသားငယ်ကို ယူဆောင်၍ ဂင်္ဂါ မြစ်ကမ်းသို့ သွားပြီး လှေတစင်းပေါ်၌ သားအမိ နှစ်ယောက်တို့ကို တင် ကုန်၏။

ထိုအခါ သုရသိမိဖုရားသည် မိမိသားကြီးတို့အား အထိန်းတို့ကို ခေါ်စေ၏၊ အထိန်းတို့ရောက်လာလျှင် အထူးထူးသော ရတနာတို့ကို ယူစေ၏၊ အထိန်းတို့သည် မိဖုရားအား ရတနာတို့ကို ပေးပြီးလျှင် ငိုကြွေးကြရာ အချို့မှာ သတိမေ့ကာ လဲကျကုန်၏၊ မိဖုရားသည် ရတနာ အဝတ်ကိုယူ၍ နောက် ပိုးပုခက်လုပ်ပြီးလျှင် လည်ပင်း၌ချိတ်လျက် သိရသာ သားငယ်ကို ယူ၍ အခြံအရံမရှိဘဲ သားငယ်တို့၏ လက်ကိုကိုင်လျက် သားတို့ကို နှုတ်ဆက်ကာ သွားလေ၏။

ထိုအခါ မင်းသားတို့သည် ဟစ်အော် ငိုကြွေးကြရာ သတိမေ့လျက်ဖြစ်နေကြစဉ် ဖွံ့ချည်၍ လျင်မြန်စွာ ဂင်္ဂါမြစ်လယ်သို့ လှေကို ပို့စေကာ ဂင်္ဂါမြစ်ကမ်းမှ ကိုက်တထောင်ကွာ အရပ်၌ ထိုလှေကိုစွန့်လာခဲ့ကာ မိမိတို့လှေဖြင့် နေရာဌာနသို့ ပြန်လာကြကုန်၏။

ယင်းကဲ့သို့ မင်းပျိုးဇာတိ သားအမိ နှစ်ယောက်တို့သည် ဂင်္ဂါမြစ်ရေကြောဖြင့် မျောသွားရာ၊ အနာမရှိ ဘေးမလိဘဲ များဘိဒေဝါ ချီးမြှောက်သော အစားအစာကို ငြိမ်းချမ်းသော စားသုံး ရကုန်၏၊ မင်း နှစ်ပြာကို ဂင်္ဂါ၌ မျောစဉ် သုံးသောင်း ခြောက်ထောင် ပမာဏဆောင်သော လူတို့သည် ပင်းနှစ်ပြာကို၌ အချစ်မေတ္တာ ပိုကြသည့်အလျောက် သတိပျောက်ကာ ထိုနေရာမှာ လဲကျကြကုန်၏။

ထိုကာ ဗုဒ္ဓလောင်းလျာ သားရကနာ သိရသာ၏အာနုဘော်ဖြင့် ပိုးပေါ်မှာဖြစ်ခြင်း၊ သိကြားစသော နတ်များတို့သည် ထိုနေရာမှာ ပေါက္ခရမိုးရွာဖွိုးစေလေသည်၊ လူအပေါင်းတို့သည် သတိရ၍ အဝေးမှသာလျှင် ဘုရားအလောင်းကို ရှိခိုးလျက် ဘုရားအလောင်း၏ ထံပါး၌ ဖြစ်ကြရန်အလို့ငှာ ဆုတောင်းပတ္ထနာ ပြုကြကုန်၏။

ထိုအခါ မြို့နေသူတို့သည် စိတ်နှလုံးမချမ်းသာ နေရမှုမချမ်းသာ အိပ်ရမှု မချမ်းသာ စားရမှုမချမ်းသာ နှစ်သက်မှုမရရှာဘဲ သီချင်းဆိုသံ တီးမှုတ်သံ ချိုသာသောစကားပြောသံတို့ကို မကြားရ၊ ရယ်မြူးသံ တူရိယာသံကိုလည်း မကြားရ၊ ကခုန်သည်ကိုလည်း မမြင်ရ၊ ပါလိသတမြို့လုံး မျက်ရေဖုံးလျက် နှလုံးပူဆွေး ငိုကြွေးမြည်တမ်း နေကြလေသည်။

ထိုအခါ ပါလိသတမြို့လုံးသည် မင်းမဲ့တိုင်းပြည်ကဲ့သို့ ဖြစ်နေလေသည်၊ ဘုရားအလောင်း၏အာနုဘော်ကြောင့် ဆင်,မြင်း,ကျွဲ,နွား အစရှိသော သတ္တဝါတို့သည် ဆင်းရဲဒုက္ခရောက်၍ ချမ်းသာစွာမြက်မစားရဘဲ ဥက္ကောင်းစိုက်ကာ တည်မိတည်ရာ တည်နေလျက် မျက်ရေထွက်ကုန်၏၊ ဆင်တို့သည် ကြိုးကြာသံကိုမအော်ကုန်၊ မြင်းတို့သည် မဟီကုန်၊ ထိုပါလိသမြို့မှာရှိသော ပိန်းနဲပင်, အုန်းပင်, ထန်းပင်, ပုန်းညက်ပင်, သရက်ပင်, ငှက်ပျောပင် စသည်တို့သည် ယော်ရွက်ဝါကျော့၍ ဖျော့တော့ကုန်၏၊ ဘုရားအလောင်း၏ တန်ခိုးအာနုဘော်ဖြင့် ထိုယုတ်သော ပုဏ္ဏားတို့၏ လယ်ထွန်ရာဌာန၌ရင်း ရေတွင်းစသည်တို့၌ရင်း ရေခန်းခြောက်ကုန်၏၊ သူတို့နေရာဌာန၌ မိုးရေဟူသည် တပေါက်မျှပင် မကျလာပေ၊ သူတို့နေရာဌာန၌ ပြင်းစွာသော ပူလောင်ခြင်းဖြစ်လေ၏၊ ပဒုမမင်းကြီးသည် မိဖုရားနှင့်သားတော်ကိုသတိရလျက် စိတ်မချမ်းသာသည်ဖြစ်၍ အမတ်တို့နှင့် တစုံတရာစကားမပြောတော့ပေ။

ထိုအခါမှစ၍ စစ်သူကြီးစသော သူတို့သည် ထိုအကြောင်းကိုသိ၍ နှလုံး မသာမယာဖြစ်လျက် ထိုပုဏ္ဏားတို့ကို မင်းကြီးအား ခစားခွင့်မပေးကြကုန်၊ ထိုအခါ ထိုပုဏ္ဏားတို့သည် အမျိုးမျိုးသော အလံတံခွန်ကို ကိုင်ကာ ပင်း ယင်ပြင်၌ စိုက်ထူစေကုန်၏၊ ထိုအလံ တံခွန်တို့ကို လေမတိုးကုန်၊ လှုပ်ရှား မှုလည်း မရှိကုန်၊ ဘုရားအလောင်းအား နုတ်ႇနဂါး၊ ဘီလူး၊ ဂန္ဓဗ္ဗနတ်တို့သည် လေးမြတ်သမှု ပူဇော်ခြင်းပြုသော ကူရိယာသံတို့ကိုညာချမ်းသာယာ ဘည်းချာ အချိန်၌ရှင်း နံနက်စောအချိန်၌ရှင်း ကောင်းကင်ယံမှ မင်းကြီးသည် ကြားနေ လေသည်။

မင်းနှစ်ပါးကို ထွက်ခွါသွားသောအချိန်မှစ၍ ရေတွက်လျှင် ယခုလေးလ ကျော်ခဲ့ပါလေပြီ၊မင်းနှစ်ပါးသွားသည့်အချိန်မှ၏ပခမ္မပင်းကြီးသည်နေ့တိုင်း အိပ်မက်မြင်သည်ကား ဘုရားအလောင်း သားငယ်သည် မဏ္ဍပ်အထွတ်၌တပ် သော တောက်ပသော ပတ္တမြားတုံးကြီးနှင့် တူသည်ကိုရှင်း ဂင်္ဂါမြစ်ရေကိုရှင်း မြင်နေ၏၊ထိုအချိန်၌ အဘိုးစစ်သူကြီးဟူ၍ထင်ရှားသော အရွယ်လွန်ပြီး စစ်သူ ကြီး တယောက်သည် ပခမ္မမင်းကြီး၏ အဘိုးလက်ထက်၌ အမှုထမ်းခဲ့သော စစ်သူကြီးဖြစ်၍ ပါလိသမြို့မှ ခုနစ်ယူဇနာမျှ ဝေးကွာ၍ မြောက်အရပ်မျက် နှာအဘို့ဖြစ်သော ဂင်္ဂါမြစ်ကမ်းအနီး တိုင်းပြည်၌ စိုးအုပ်နေလေသည်။

ထိုစစ်သူကြီးမှာ ပရိသတ်တသောင်းမျှ ရှိ၏၊ အဖိုးစစ်သူကြီးသည် တစုံ တခုပြုဘွယ်ကိစ္စဖြင့် ပခမ္မမင်းကြီး၏ အထံသို့လာ၏၊ ပါလိသမြို့သို့ ရောက်၍ ထိုအကြောင်းကိုသိလျှင် ဤမင်းသည် မပြစ်မှားသင့်သူအား ပြစ်မှားလေဘိ ၏-ဟုကြံ၍ ဆင်ကျောက်ကုန်းမှ ဆင်းသက်ကာ မင်းကြီး၏ နေအိမ်တော်သို့ တက်ရောက်လေ၏၊ နေအိမ်တော်၌ ထိုသတ်မာသောပုဏ္ဏားတို့ဖြင့် ခြံရံလျက် ပျက်နှာပသာမယာဖြင့် ရှေပလ္လင်၌ ထိုင်နေသောမင်းကိုမြင်လျှင် မင်းကြီး၏ လက်ကိုကိုင်ကာ မိမိ၏ဥက္ကောင်း၌ထား၍ ထိုမင်းနှင့် စကားပြောဆို တိုင်ပင် လျက် မင်းကြီး- ယခုအခါ တိုင်းပြည်သည် အဘယ့်ကြောင့်နွမ်းလျနေသနည်း၊ စစ်သူကြီးစသောသူတို့သည် အဘယ့်ကြောင့် စိတ်မချမ်းသာ ဖြစ်နေကြပါ သနည်း၊ သင်မင်းကြီးသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေစဉ် လူတို့ အား အဘယ်အပြစ်ကို ပြုမိသနည်း၊ သို့မဟုတ် တစုံတယောက်သော သူသည် တခြားသူတို့အား အပြစ်ကို ပြုလေသလော၊ ယခုလည်း သင်မင်းကြီးသည် ကျွန်ုပ်နှင့် တစုံတရာသောစကားကို အဘယ့်ကြောင့်မပြောသနည်း-ဟု မေး၏၊ ထိုပုစ္ဆာများအပြင် နောက်ထပ်များစွာသော ပုစ္ဆာတို့ကိုလည်း ဤသို့မေးမြန်း လေသည်။

မြတ်သောပင်းကြီး- သင်မင်းကြီးသည် ဆင်ရတနာ၊ မြင်းရတနာ၊ သတို့သမီးရတနာ ချစ်လှစွာသော သားရတနာတို့ကို ရောင်းချခဲ့မိ၍ စိတ်မချမ်းပသာ ဖြစ်နေပါသလား။

သို့မဟုတ် အမတ်ငယ်များက သင်မင်းကြီး၏တိုင်းပြည်ကို စိမ်အုပ်ချုပ်သဖြင့် မင်းမှုကိစ္စတို့မှားယွင်းသဖြင့် သင်မင်းကြီးသည် စိတ်ဆင်းရဲခြင်းဖြစ်နေပါသလား။

ထိုသို့မဟုတ် ပညာမရှိသောမှူးပဝါတို့၏ ယုတ်မာညစ်ညမ်း ဟော့ရမ်းမှုများကြောင့် ပြည်သူတို့ စိတ်ဒုက္ခရောက်ရသည်ကို တွေ့ရသဖြင့် သင်မင်းကြီးမှာ စိတ်မချမ်းမသာ ဖြစ်နေပါသလား။

ထိုသို့မဟုတ် သင်ပင်းကြီးသည် မြတ်သောစေတီ၊ နတ်ကွန်း၊ ပုထိုး၊ စသည်များကို ဖျက်ဆီးမိခဲ့၍ စိတ်နှလုံး မပြုံးမရွှင်နိုင်ပဲ ဆင်းရဲနေပါသလား။

ယခုအခါ သင်မင်းကြီး၏ ဆင်တွေ့မြင်းတွေ့နွားတွေ့ကျွဲတွေသည် အစာကိုမစားကြဘဲ စိတ်ဆင်းရဲနေကြပါကုန်၏။

ပင်းကြီး– သင်မင်းကြီး၏ ထက်မြက်သော သားတော်တို့သည်၎င်း၊ ကုန်သည်တို့သည်၎င်း၊ ပုဏ္ဏားတို့သည်၎င်း အလုံးစုံသော သူတို့သည် စိတ်ဆင်းရဲ၍ မိမိ၏အလုပ်အကိုင်ကို စွန့်ပစ်ကြပါကုန်၏။

ဆင်စီးသူရဲ မြင်းစီးသူရဲ ရထားစီးသူရဲ ခြေလျင် သူရဲတို့သည် ရှေးအခါက ရဲရင့်စွာအမှုထမ်းဆောင်ကြကုန်သော်လည်း ယခုအခါ စိတ်ဆင်ရဲနေကြပါကုန်၏။

မင်းမြတ်- သင်ပင်းမြတ်၏ ရှေးအခါက စစ်ထိုးမှု၌ ကျွမ်းကျင်လိမ္မာကုန်သော စစ်သည်တော်တို့သည် ယခုကြောင့်ကြမဲ့ မိမိတို့၏လုပ်ကိုင်ဆောင်ရွက်ရမည့်အမှုကိုမပြုဘဲ နေကြပါကုန်၏။

မြတ်သော မင်းကြီး- သင်မင်းကြီး၏ တိုင်းပြည်၌ရှိသော အုန်းပင်၊ ထန်းပင်၊ သရက်ပင်၊ ငှက်ပျောပင် စသည်တို့သည် အကိုင်း အခက် အလက်မဝေ ငေနထိပန်းပမာ နွမ်းလျလာကုန်၏။

မြတ်သောမင်းကြီး- စိတ်အေးချမ်းသာ ပညာရှေသွား ထားရှိလျက် ပုဏ္ဏားတို့၏ စိမ်ခန့်ခွဲမှုအားလုံးကို ထုံးတမ်းစဉ်မှီ ညီမညီ အလီလီဆစ်၍ စိစစ်ပါသလောဟု မေးမြန်း ပြောဆိုလေ၏။

အဖိုး စဇ်သူကြီးဟောင်း စကားကိုကြားလျှင် ပဓမ္မမင်းကြီးသည် ဤသို့ဆို၏။

အို- အဖိုးစစ်သူကြီး ကျွန်ုပ်မှာ မိဖုရားကြီး၏ ခံတွင်းမှ ပွား သား ဘယောက်ရှိပါ၏၊ ကျွန်ုပ်မွေးကျွေး၍ ကိုးလသားအရွယ်သို့ ချမ်းသာစွာ ရောက်နေပါ၏။

ကျွန်ုပ်၏ ကိုးလသားရှိသော ထိုသားငယ်သည် တနေ့တွင် အဝတ်ထည့်သော သေတ္တာကြီးထဲ၌ အဖိုးများစွာ ထိုက်တန်သော အဝတ်ထဲတွင် ပုန်းအောင်းနေခဲ့ပါ၏။

ယင်းသားငယ်ကို မိခင်နှင့်တကွ ခေါ်ဆောင်၍ လှေပေါ်တင်ကာ ဂင်္ဂါမြစ်ရေကြောသို့ မျှောလိုက်ပါ၏၊ ကျွန်ုပ်မှာ ဤကဲ့သို့ မပြုလုပ်သင့်သည်ကို ပြုလုပ်ခဲ့သော မသင့်လျော်သော အမှုများရှိခဲ့ပါသည်ဟု ပြောဆိုလေ၏။

**အဖိုးစစ်သေနာပတိ၏ အဆုံးအမ**

ထိုစကားကို ကြားလျှင် အဖိုး စစ်သူကြီးဟောင်းသည် ဤသို့ ပြောဆိုလေ၏။

မင်းမြတ်- သင်မင်းမြတ်၏ အဖဖြစ်သော မင်းကြီး၏ လက်ထက် သေနာပတိရာထူးကို ထမ်းရွက်ရသော အချိန်က ကျွန်ုပ်သည် လူအပေါင်းတို့အား ကောင်းမကောင်း အကြောင်းနှစ်ခု ကြည့်ရှု စိစစ်ကာ အပြုတစေ စောင့်ရှောက်ခဲ့ပေ၏။

အရှင်မင်းကြီး- ရှေးအခါက ယင်းသို့ စောင့်ရှောက်ခဲ့သောကြောင့် စစ်သည်တော်တို့သည် အလုံးစုံအားဖြင့် ဤမြို့၌ အမှုကို ကောင်းစွာ ထမ်းကုန်၏၊ ဆင် မြင်း နွား ကျွဲတို့သည်လည်း အခါခပ်သိမ်း အစားအစာကို စားကုန်၏။

ယောက်ျားမိန်းမ ဟူသမျှတို့သည် ကျွန်ုပ်၏စကား၌ လိုက်နာကြကုန်၏။

သင်မင်းမြတ်သည်လည်း ကျွန်ုပ်ပြောအပ်သောစကားကို နားထောင်ပါလော၊ သင်မင်းကြီးသည် ချစ်လှစွာသော မိဖုရားနှင့် သားကို ဂင်္ဂါမြစ်ရေကြော၌ မျှောစေခြင်းမှာ မိမိ၏လျှာနှင့် လက်ခြေတို့ကို လှီးဖြတ်သကဲ့သို့ ဖြစ်ပါ၏၊ ယင်းသို့ပြုမူခြင်းသည် လုံးဝမသင့်လျော်သော အမှုဖြစ်ပါသည်။

သင်မင်းကြီးသည် နောင်တ တပန် ပူပန်နေရမည့်အမှုမျိုးကို ပြုခဲ့ခြင်းဖြစ်ပေသည်။

သင်ပင်းကြီးသည် နောင်ယပ်တာဖန့်မပူပန်ရမည့် အမှုမျိုးကိုသာပြုလုပ်သင့်ပါ၏။

ကာမဂုဏ်စည်းစိမ်ကို ခံစားနေသူသည် ပျင်းရိသော် မကောင်းပါ၊ ကိုယ်နှုတ်နှလုံး မစောင့်သုံးသော ရဟန်းသည် မကောင်းပါ။

ပညာရှိသူသည် အပျက်ဒေါသကြီး၍ မစဉ်းမစား မဆင်မခြင်ပြုလုပ်ပါလျှင် မကောင်းပါ။

အကြင်သူသည် အရာရာ၌ အသိဉာဏ် ကင်းသွေ့ မိုက်မဲ တွေဝေ၏၊ ထိုမိုက်သောသူ၏ မိုက်မိုက်ကန်းကန်း အရမ်းအဓမ္မပြုလုပ်မှုများသည် ကောင်းရာဘဝသို့ ရောက်ရာရောက်ကြောင်း မဟုတ်ပါ၊ ကောင်းကျိုး ဖြစ်ပွားမလာနိုင်ပါ၊ မကောင်းသော ဆင်းရဲဒုက္ခသို့ ကျဆင်းရန်သာ ဖြစ်ပါ၏။

မြတ်သောမင်းကြီး သူတော်ကောင်းများကိုသာ မှီဝဲ ဆည်းကပ်ပါ၊ သူတော်ကောင်းတို့ကိုသာ ပေါင်းပါ၊ သူတော်ကောင်းတရား သိတုံ ကြားက သင်သည်ယုတ်မာသူမဖြစ်ဘဲ လောကမှာ မြတ်သောသူသာဖြစ်ပေလိမ့်ဟု ဆုံးမစကား ပြောကြားလေ၏။

## မိပုရားနှင့်သားတော် ပြန်ရောက်စေကြောင်း ပူဇော်ပုံ

ဤသို့ ပြောဆိုပြီး၍ အပိုးဖြစ်သော စစ်ဗိုလ်အိုကြီးသည် ပဒုမ္မမင်းအား မင်းမြတ်၊ သင်မင်းမြတ်သည် ဤမသင့်သောအမှုကို သင့်အလိုအလျောက် သင်၏သဘောအနဲ့ဖြင့် ပြုသလော၊ သို့မဟုတ် တစုံတယောက်က စေခိုင်းတိုက်တွန်း အကြံပေး စီမံသောကြောင့် ပြုလုပ်ခြင်းဖြစ်ပါသလောဟု မေးပြန်၏၊ ထိုအခါ ပဒုမ္မမင်းသည် အဖိုးဖြစ်သော စစ်သူကြီးအား စကားပြန်မပြောဘဲ ငုံ့ကိုသော နေလေ၏၊ ထို့နောက် အဖိုး စစ်ဗိုလ်အိုကြီးသည် မင်းကို နှုတ်ခွန်းဆက်လျက် ပါလိသမြို့မှ ထွက်၍ မိမိနိုင်ငံသို့ပြန်လာရာ နှစ်ရက်သုံးရက်ဖြင့် မိမိနိုင်ငံသို့ ပြန်ရောက်လေ၏၊ ထိုအချိန်မှစ၍ အဖိုး စစ်ဗိုလ်အိုကြီးသည် မိမိ၏ ပရိသတ်နှင့် ဤသို့တိုင်ပင် ဆွေးနွေး၏၊ ဆွေးနွေးကြသည်ကား အိုလူများ အပေါင်းတို့ ပဒုမ္မမင်းသည် မိမိ၏သားနှင့် မယားကို ဂင်္ဂါမြစ်ရေယဉ်ကြောသို့ မျှောလိုက်၏၊ ယင်းသားတော် သိရသာ မင်းသားသည် ဘုန်းတန်ခိုးအာနုဘော်ရှိ၏၊ ဘုရားအလောင်းလား သိကြားမင်းလား၊ နတ်သားအထူးပေလား တခုခုတော့ ဖြစ်မည်ထင်၏။

မည်သို့ပင်ဖြစ်စေ ယင်းသိရသာ မင်းသားသည် ငါတို့နိုင်ငံသို့ ရောက်လာလျှင် ငါတို့သည် ယင်း မင်းသားအား ကောင်းစွာပူဇော်သက္ကာရ ပြုကြကုန်အံ့ဟု တိုင်ပင် ဆွေးနွေးကြကုန်၏။

ထိုအခါ လူအပေါင်းတို့က အိုစစ်သူကြီး ဤမင်းသားငယ်အား ထင်ရှားသိရအောင် အမွေးတိုင်များကို ပြုလုပ်ကြကုန်အံ့ဟု ပြောဆိုကြပြီး လူအပေါင်းတို့သည် အညီအညွတ် သဘောတူညီကြလျက် ပဲခွပ်တို့ကိုရင်း, ပေါက်ဆိန်တို့ကိုရင်း ယူဆောင်ကြ၍ တောသို့ဝင်ကာ အနှစ်ရှိသော အသားတို့ကို ခုတ်ယူလျက် ခုနစ်ရာသော ရွှေအမွေးတိုင်တို့ကို ပြုလုပ်ကြပြီး ရွှေအမွေးတိုင်တို့ကို ဂင်္ဂါမြစ် ကမ်းနားဉ္ဈ စိုက်ထူကြကုန်၏၊ ထိုနောက် စစ်သူကြီးသည် လက်အုပ်ချီလျက် ဂင်္ဂါမြစ်သို့ ရှေးရှု၍ ဘုရား တရား သံဃာ ရတနာသုံးပါးတို့အား ရှိခိုးပါ၏ဟု ရှိခိုးလျက်ဆုတောင်းပတ္ထနာပြုလေသည်ကား=

မိခင်နှင့် တကွ သိရသာ မင်းသားကလေးတို့၏ ရောက်လာခြင်းကို ကျွန်ုပ်တို့သည် တောင်းတပါ၏၊ကျွန်ုပ်တို့ကို သနားသဖြင့် မင်းနှစ်ပါးဟိုသည် ကြွလာပါစေသတည်း၊ထိုမင်းနှစ်ပါးတို့သည် ကျွန်ုပ်၏အထံဉ္ဈ နေပါစေသတည်း၊ ငါသည် ထိုမင်းနှစ်ပါးတို့ကို အမြဲတမ်း ပြုစုလုပ်ကျွေးပါအံ့ဟု ဆုတောင်းပတ္ထနာပြု၏။

ထိုခဏ၌ ကောင်းကင်မှတိုက်ခတ်သော လေတို့သည် တောင်ဘက်မှ ဖြစ်ပေါ်လာပြီးလျှင် ဘုရားအလောင်း၏ လှေကို တိုက်ခတ်၍ ဆယ်ယူဇနာမျှ ဝေးကွာသော အရပ်မှ စစ်သူကြီး၏ ရွှေနံ့သာအမွေးတိုင်များ စိုက်ထူထားရာ သုဝဏ္ဏဂန္ဓိကဆိပ်ကမ်းဆီသို့ ဦးတည်လာလေ၏၊ စစ်သူကြီးသည် ငါးရက်မြောက် ဆုတောင်း၍ ဂင်္ဂါမြစ်ပြင်ကိုကြည့်ရှုလျှင် ဂင်္ဂါမြစ်လယ်၌ သိရသာ မင်းသား၏ လှေကို မြင်ရလေသည်။

ဘုရားအလောင်း၏လှေသည် ဆိုက်ရောက်လာမည့် ကိုးရက်မြောက်သော နေ့၌ကား ဂင်္ဂါမြစ်လယ်မှ တူရိယာသံတို့ကို ကြားကြရကုန်၏၊ စစ်သူကြီးသည် လျှင်မြန်စွာ တံခွန်တထောင် ကုက္ကားတထောင်တို့ကို ပြုလုပ်စီမံလျက် သုဝဏ္ဏဂန္ဓိကဆိပ်၌ တန်ဆာဆင်စေ၍ ဆီမီးတထောင် နတ်ပန်း တထောင် ငုပန်းတထောင် သင်းခွေပန်းတထောင် ပဒုမ္မာကြာနီပန်းတထောင် ကြာညိုပန်း တထောင်၊ ပေါက်ပေါက်တထောင်၊ အုန်းတထောင် ကွမ်းသီးတထောင် စသည်တို့ကို ပြုလုပ်စေပြီးလျှင် လမ်းများကိုလည်း အဖုအထစ်မရှိ ပြေပြစ်အောင် ပြုပြင်စေလေ၏၊ ထို့နောက် ဂင်္ဂါမြစ်ဆိပ်၌ အလွန် နှစ်သက်ဖွယ်ရှိသော ပြာသာဒ်ကြီးကို ဆောက်လုပ်စေ၏၊ ဂင်္ဂါမြစ်ကမ်းမှ ပြာသာဒ်၏ လှေကားအထိရင်း, မြစ်ကမ်းမှ မိမိအိမ်လှေကားအထိရင်း ဆန်းကြယ်သော

မြတ်သောအဝတ်များကို ခင်းစေလျက် နံ့သာပန်းမာလ် စသည်တို့ကိုရင်း၊ ထမင်းဘောဇဉ်စသည်တို့ကိုရင်း၊ အသုံးအဆောင် ပစ္စည်းတို့ကိုရင်း ထားစေ၍၊ လိုဆိပ်၌ ပန်းပေါက်ပေါက်စသည်တို့ကိုကြဲ၍ ကြီးကျယ်သော ပူဇော်မှုကို ပြုလေသည်။

နောက်တနေ့၌ သားအမိနှစ်ဦးတို့၏ လှေသည် ဂင်္ဂါမြစ်လယ်၌ စုန်မျော နေရာမှ လေ၏အဟုန်ဖြင့် စစ်သူကြီး၏မြစ်ဆိပ်သို့ ရှေ့ရှုဦးတည်လျက် သုဝဏ္ဏဂန္ဓကဆိပ်သို့ ရောက်လာလေ၏။

ထိုသို့ဆိုက်ကပ်လာသော ခဏ၌ လူများစွာတို့သည် ပန်းပေါက်ပေါက် များကို ကြဲ၍ အလုံးစုံသော တူရိယာတို့ကို တီးမှုတ်ကြကုန်၏၊ ထိုအခါ အဖိုး ဖြစ်သော စစ်သူကြီးဟောင်းသည် သားအမိနှစ်ဦးတို့၏ လှေဦးကိုထွဲ၍ ကမ်း အနီးသို့ ဆွဲယူလာ၏၊ လူအပေါင်းတို့သည် ထိုဆိပ်၌ လှေကို သံကြိုးချည် ပြီးလျှင် သုဝဏ္ဏဂန္ဓကတိုင်မှာ ချည်ထားကုန်၏။

လှေကို သုဝဏ္ဏဂန္ဓကတိုင်၌ မြဲမြံစွာ ချည်ပြီး ဗိုလ်ချုပ်ဟောင်းကြီးသည် နံ့သာပန်းစသည်တို့ကို ယူ၍ ဥက္ကောင်းပေါ်၌ တင်ကာ သိရသာမင်းသား၏ လှေပေါ်သို့ တက်လေ၏၊ လူများစွာတို့သည်လည်း ဗိုလ်ချုပ်ဟောင်းကြီးနှင့် အတူလိုက်ပါကုန်၏။

ဗိုလ်ချုပ်ဟောင်းကြီးသည် လှေလယ်တွင် မိခင်သုရသိမိဖုရားနှင့် အမိရင်ခွင် ၌ ပိုက်နေသော သိရသာမင်းသားကို တွေ့မြင်လေသည်၊ သုရသိမိဖုရားသည် အဖိုးဖြစ်သော ဗိုလ်ချုပ်အိုကြီးကို တွေ့ရသဖြင့် ဗိုလ်ချုပ်ကြီး၏လက်ကိုကိုင်ဆွဲ ၍ မိမိဥက္ကောင်းထက်၌ထားပြီးလျှင် အရှင်ဗိုလ်ချုပ်ကြီး- မြစ်လယ်လှေပေါ်၌ နေခဲ့ရသည်မှာ လေးလကြာမျှရှိပါပြီ၊ အဖိုးကို ယခုမှသာ တွေ့ရပါသည်၊ အဖိုး–ယခု အဘယ်မှ လာပါသနည်း-ဟု ပြောဆိုမေးမြန်းလေ၏။

ထိုအခါ ဗိုလ်ချုပ်ကြီးသည် လက်အုပ်ချီ၍ မင်းသားအား ရှိခိုးပြီးလျှင် အရှင်မင်းသား- ကောင်းကင်လေတို့သည် အရှင်မင်းသား၏လှေကို တိုက်ခတ် သဖြင့် ဂင်္ဂါမြစ်လယ်၌ လှေမျောနေစဉ် ကျွန်ုပ်တို့သည် ဤဆိပ်သို့ ဤလှေ လာရောက်ကပ်ပါစေဟု အဓိဋ္ဌာန်ပြုသောကြောင့် ယခု သင်တို့လှေသည် ဤ ဆိပ်ကမ်းသို့ ဆိုက်ရောက်လာခြင်းဖြစ်ပါသည်။

သင်တို့သားအမိသည် ကျွန်ုပ်တို့နှင့်အတူလိုက်ပါလျက် ကျွန်ုပ်တို့ပိုင်းပြည်၌ ချမ်းသာစွာ နေတော်မူပါလောဟု ပြောဆိုလေသည်။

ထိုခဏ၌ ဗိုလ်ချုပ်ကြီး၏လူတို့သည် လာ၍ ပန်းပေါက်ပေါက်စသည်ဘို့ကို ကြဲကာ မိဖုရားနှင့် သားတော်တို့ကို ကျေနပ်နှစ်သက်အောင် ပြုစုကုန်၏၊ ဤ တိုင်းပြည်၌ နေပါရန်ကိုလည်း ဖိတ်မန္တကပြုကြကုန်၏။

ထိုနောက် စစ်သူကြီးက သင်တို့သားအမိသည် ကျွန်ုပ်တို့နိုင်ငံ၌ နေကြကုန်လတံ့လောဟု မေးလေလျှင် သိရသာမင်းသားသည် အမိရင်ခွင်မှထ၍ ဗိုလ်ချုပ်ကြီးရင်ခွင်ထက်သို့ တက်ရောက်နေထိုင်လေသည်၊ ဗိုလ်ချုပ်ကြီးသည် မင်းသားကို ချီမြှောက်လျက် ပုခုံးထက်၌ ထားကာ လှေမှ ထွက်ခွာလာခဲ့လေသည်၊ လူများစွာတို့လည်း သိရသာမင်းသား၏ ဝတ်ဆင်သော တန်ဆာပစ္စည်းကိုရင်း အဝတ်အထည်များကိုရင်း ယူ၍ ဗိုလ်ချုပ်ကြီးနှင့်အတူ လှေမှထွက်ခွာလာကြကုန်၏။

ထိုအခါ ထိုသူတို့သည် မိဖုရား၏လက်ကျောလက်မောင်း၌ ဖွဲ့ထားသော သော့ကို ဖျက်ဆီးကြကုန်၏၊ ထိုနေရာ၌ ပါလာကြသော အမျိုးသမီးတို့သည် မိဖုရားကြီး၏ လက်မောင်းကို ကိုင်ဆွဲ၍ လှေမှဆင်းသက်လာကြရာ အဝတ်ခင်းထားသော နေရာသို့ ရောက်လာလေ၏၊ မိဖုရားကြီးသည် ခင်းထားသော အမျိုးမျိုးဆန်းကြယ်သော အဝတ်ကိုနင်းလျက်သွား၏၊ လူအများတို့သည် တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်ကြကုန်၏၊ စစ်ဗိုလ်ချုပ်ကြီးသည် သိရသာမင်းသားကို ထမ်းယူ၍ သုဝဏ္ဏဂန္ဓိကဆိပ်ဝယ် ဆန်းကြယ်စွာ ပြုလုပ်ထားသော ပြာသာဒ်ထက်သို့ တက်သွားလေသည်၊ လူအပေါင်းတို့သည် ထိုပြာသာဒ်ကိုဝန်းရံ၍ မင်းနှစ်ပါးတို့ကို ရှိခိုးကာ ထိုပြာသာဒ်ထက်သို့ တက်ရောက်၍ ဖိတ်ကြားခြင်းကိုပြုလိုရကား ဤဂါထာကိုဆိုကုန်၏။

> ယခု ဤနေရာသို့ ရောက်လာကြသော မင်းနှစ်ပါးတို့သည် ဤနိုင်ငံ၌ ချမ်းသာစွာ ရှည်ကြာလေးမြင့် နေကြပါကုန်လော၊ သင်တို့သည် ကျွန်ုပ်တို့၏ အရှင်သခင်အဖြစ်ဖြင့် ကျွန်ုပ်တို့အား ညွှန်ပြ ဆုံးမကြကုန်လျက် ဤမြို့၌နေကြပါကုန်လော-ဟု ဖိတ်ကြားပြောဆိုကြကုန်၏။

## သိရသာမင်းသားကို အဘိသိက်သွန်း၍ အစိုးရနန်းပြုခြင်း

ထိုအခါ စစ်ဗိုလ်ချုပ်ကြီးသည် ထိုနေရာ၌ ရွှေဒယ်အိုးတခုကို ပြုလုပ်စေ၏၊ ထိုဒယ်အိုး၏ အကျယ်ပမာဏသည် တလံမျှရှိ၍ အမြင့်ပမာဏမှာ မင်းသားငယ်ထိုင်သောအခါ လည်မျိုပမာဏရှိလေ၏၊ စစ်ဗိုလ်ချုပ်ကြီးသည် ထိုဒယ်အိုး(အင်တုံ)၌ မင်းသားငယ်ကို နေစေ၍ ပြာသာဒ်အလယ်၌ ရေကျရန်အတွက် ရွှေပန်းကရားတခုပြုလုပ်စေပြီးလျှင် ရွှေဒယ်အိုး၌ ရေကိုကျစေလျက် သိရသာမင်းသားငယ်အား အဘိသိက်သွန်းပြီး ထိုနေ့၌ပင် လူအများတို့လည်း နေမွန်းတည့်ချိန်ကျအောင် မင်းသားငယ်ကို ရေသွန်းလောင်းကြကုန်လျက် နံ့သာပန်းပေါက်ပေါက်စသည်တို့ဖြင့် ပူဇော်ကုန်၏၊ ဗိုလ်ချုပ်ကြီးသည်လည်း နံ့သာ

ပန်းစသည်တို့ဖြင့် ပူဇော်လေ၏၊ ဗိုလ်ချုပ်ကြီး အစရှိသော များစွာသောလူတို့သည် နံ့သာရေဖြင့် ပင်းသားကို သွန်းလောင်းလျက် အမိန့်ခွန် ပြုကြသည်ကား-

အရှင်မင်းသား- သင်သည် ဘုရားအလောင်း အကယ်၍ ဖြစ်ပါလတ့်၊ အလုံးစုံသော ကျွန်ုပ်တို့သည် သင်၏ဥက္ကောင်းပေါ်၌ ကျစေခြင်းငှာ ရွှေရေပန်းကရား ဖြင့် နံ့သာရေကို သွန်းလောင်းသောအခါ သင်၏ ဥက္ကောင်းပေါ်သို့ ရေများကျချိန်တွင် သင်ပင်းသား၏ ကောင်းမှုအာနုဘော်ကြောင့်ရင်း, သင်မင်းသား၏ ဘုရားအလောင်း ဧကန်စင်စစ် ဖြစ်အံ့ မှန်သော အာနုဘော်ကြောင့်ရင်း ငါတို့၏ တိုင်းပြည်၌ ရတနာမိုးကြီးသည် သွန်းဖြိုး ရွာချပါစေသတည်း၊ တို့ပြင် သင်မင်းသား၏ဖခင် ပဓမ္မမင်းကြီး၏ ပါလိသနိုင်ငံ၌လည်း ထိုရတနာမိုးကြီး ရွာဖြိုးပါစေသတည်း၊ ထိုမှတကြောင်း လူအပေါင်းသည်လည်း ထိုထိုအပိတ္တိုနေရာ၌ နေကုန်လျက် သင်မင်းသား၏ဘုရားလောင်း၏ အဖြစ်ကို သိပါစေသတည်းဟု အမိန့်ခွန်ပြုကြကုန်၏။

ဤသို့ အမိန့်ခွန် ပြုပြီးလျှင် ထိုလူအများတို့သည် နံ့သာရေတို့ကို သွန်းလောင်း၍ ပန်းပေါက်ပေါက်တို့ကို ကြဲဖြန့်ကြကုန်၏၊ ထိုခဏ၌ သိကြားစသော နတ်တို့သည် အလုံးစုံသောတိုင်းနိုင်ငံမှ ကျောက်သလင်းကို ယူကုန်၏၊ နတ်၌ဖြစ်သော နံ့သာရေကို ထိုမြစ်ရေကြောင်းမှ ထွက်စေ၍ သိရသာ ပင်းသား၏ ဥက္ကောင်း၌ တဖန်သွန်းလောင်းလျက် တနိုင်ငံလုံး ရတနာခုနစ်ပါး မိုးကို ရွာစေ၏၊ ထိုအခါ လူများစွာတို့သည် ရတနာမိုးရွာသည်ကို အံ့ဩ၍ ကောင်းချီးပေးလျက် မင်းသားကို ရှိခိုးကုန်၏၊ ဗိုလ်ချုပ်ကြီးသည် ဝမ်းမြောက်သည်ဖြစ်၍ ဤသို့ ဆို၏။

အိုမင်းသား မကြာမြင့်မီ အချိန်ကာလက ကျွန်ုပ်တို့၏ တိုင်းဌာနသို့ အရှင်မင်းသား ရောက်လာခြင်းသည် ကျက်သရေမင်္ဂလာ အဖြာဖြာ ရှိသော ရောက်လာခြင်း ဖြစ်ပါ၏၊ ကျွန်ုပ်တို့၏ တိုင်းနိုင်ငံသို့ အရှင်ပင်းသား ရောက်လာပါပြီ၊ အရှင်မင်းသားသည် ကျွန်ုပ်တို့အား အမြဲတမ်း စည်းကမ်းတကျ အုပ်ချုပ်မင်းလုပ်တော်မူပါ။

အလုံးစုံသော ကျွန်ုပ်တို့သည် သင်မင်းသား၏ ဥက္ကောင်း၌ နံ့သာရေဖြင့် အဘိသိက်သွန်းလောင်းပါကုန်၏၊ ဤနေရာမှာ ဤလိုမြင်ရခြင်းသည် ကျွန်ုပ်တို့ ရှေးကပြုခဲ့သော ကောင်းမှုကုသိုလ်ကြောင့် ဖြစ်ပါ၏။

ထိုအခါ အနံ့အရသာနှင့်ပြည့်စုံသော နတ်တို့သွန်းလောင်းသော နံ့သာရေစင်သည် ရွှေဒယ်အိုး (ရွှေအင်တုံ) ကြီး ပြည့်လျက် လျှံထွက်ကာ ယိုစီးနေ

လေသည်၊ ထိုအခါ လူအများတို့သည် မိမိ၏ခွက်တို့ဖြင့်ရင်း အဝတ်တို့ဖြင့်ရင်း ပိုလျံလျှောကျလာသောရေကို မြေသို့မကျစေရန် ခံယူကုန်၏၊ ထိုလူများတွင် ဘုန်းကံရှိသူများသည် မုန်ညင်းစေ့မျှသော နတ်ရေစင်ကို လိမ်းသပ်ရကုန်၏၊ ထိုထိုသူတို့၏ကိုယ်၌ အလွန်တရာမွှေးကြိုင်သော အနံ့သည် ယူဇနာတရာမျှ ပြန့်နှံ့၏၊ အကြင်သူတို့သည်ကား ဘုန်းကံနည်းကုန်၏၊ မိမိတကိုယ်လုံးဖြင့် ထိုနတ်ရေစင်ကို လိမ်းသပ်ရကုန်သော်လည်း မြစ်ဆိပ်မှာတည်ရှိသော ရေကဲ့သို့ အနံ့မရှိကုန်၊ ထိုနတ်ရေစင်၏ ကောင်းသောအနံ့သည် မြေပြင်မှာ ယူဇနာတသိန်းမျှ မြေအောက်၌ ယူဇနာတရာ့အထက်မှာတာဝတိံသာဘုံသို့တိုင်အောင် ပြန့်နှံ့၏၊ဤကဲ့သို့ အနံ့ကောင်းမွှန်သောနတ်ရေစင်ဖြင့် နတ်တို့သည်သိရသာမင်းသားအား သွန်းလောင်းကုန်၏၊ ထို့နောက် များစွာသော လူတို့သည် သွန်းလောင်းကုန်၏၊အဖိုးဗိုလ်ချုပ်ကြီးသည်ကား မိမိ၏လက်တဖက်ဖြင့် ပန်းကို့ လက်တဖက်ဖြင့် ရွှေကရားကိုကိုင်ကာ မိမိဦးတိပ်ထက်၌ထား၍ ရွှေပန်းကရားဖြင့် အလွန်မွှေးကြိုင်သောနံ့သာရေကို ကျစေလေ၏။

## မြို့ရွာအခြေ နဂိုနေဖြစ်

ထိုခဏ၌ သိကြားမင်းသည် ထိုအဖိုးဗိုလ်ချုပ်ကြီး၏ တတိုင်း တနိုင်ငံလုံးကိုရင်း ပါလိသမြို့ကိုရင်း မိုးသည်းရွာချစေ၏၊ ထိုမိုးသည်းရွာသော် အုန်းပင်ဗူးပင်စသည်တို့သည် ထိုထိုနေရာ၌ အခက်အလက် စည်ပင်လာကုန်၏၊ ဆင်မြင်းအစရှိသော သတ္တဝါတို့သည် လန်းလန်းဆန်းဆန်း ချမ်းချမ်းသာသာ ဖြစ်လာကုန်၏။

ထိုအခါ ပဒုမမင်းကြီးသည် ခုနစ်ရာသော မင်္ဂလာမြင်းတို့ကို ကကြိုးဆင်စေ၍ မြင်းစီးသူရဲကောင်းများကို စီးစေကာ ထိုနတ်အမွှေးနံ့သာများကို ရှာဖွေစေ၏၊မြင်းစီးသူရဲတို့သည် ပါလိသမြို့ကိုလကျာ်ရစ် ခုနစ်ပတ်လှည့်၍ ရှာမှီးသော်လည်း နတ်အမွှေးနံ့သာများကို မတွေ့ကြကုန်၊ ရှေးအခါကသိရသာမင်းသားအား ပဒုမမင်းကြီးပေးထားခဲ့သော မင်္ဂလာမြင်းတော်တကောင်ရှိ၏၊ ထိုမြင်းကို ယုတ်မာသောပုဏ္ဏားတို့သည် မိမိတို့အိမ်မှာ ထားကြသည်၊ ထိုအခါ ပဒုမမင်းကြီးသည် မဇ္ဈဟာရကပုဏ္ဏားကိုခေါ်၍ ထိုမင်္ဂလာမြင်းကို စီးစေပြီးလျှင် နတ်အမွှေးနံ့သာများကို ရှာဖွေစေလေ၏။

## ပုရောဟိတ်ဆရာနှင့် မင်္ဂလာမြင်း

ထိုမင်္ဂလာမြင်းသည် မဇ္ဈဟာရကပုဏ္ဏားအား ကိုက်ခြင်း, ခြေဖြင့် ကန်ကျောက်ခြင်း ကျောကုန်းမှ တွန်းလှန်ပေါက်ချခြင်းကိုမပြုပေ၊ သို့ရာတွင် ထိုယုတ်မာသောပုဏ္ဏားသည် မြင်းပေါ်သို့တက်စီးလျှင် အလိုလို မြင်းကျောက်

ကုန်းမှကျလေ၏၊ ထိုခဏ၌ ထိုပုဏ္ဏားဏ်ခံတွင်းစသည်မှ သွေးအယဉ်တို့သည် ယိုစီးကျဆင်းကုန်၏၊ ထိုနောက် အခြား ပုဏ္ဏားများလည်း ထိုမင်္ဂလာမြင်းကို တယောက်ပြီး တယောက် တက်စီးကြကုန်၏၊ ထိုပုဏ္ဏားတို့ဟုလည်း မင်္ဂလာ မြင်းသည် မကိုက်ပဲ မကန်ပကျောက် မပေါက်မချပေ၊ သို့သော်လည်း ဆို ပုဏ္ဏားယုတ်တို့သည် မင်္ဂလာမြင်းကို တက်စီးသောခဏ၌ မိမိကိုယ်ဖြင့်ပင် မြင်း ကျောက်ကုန်းပေါ်မှကျကုန်၏၊ယင်းသို့မြင်းပေါ်မှကျသောအခါ ပုဏ္ဏားတို့၏ ခံတွင်း စသည်တို့မှသွေးများ ယိုထွက်ကုန်၏၊ ထိုအခါ မဟာရာဇ စသော ပုဏ္ဏားယုတ်တို့သည် လျင်မြန်စွာလာ၍ မြင်း၏ဇက်ကြိုးကို ဆွဲလိုက်ကြကုန်၏၊ ထိုအခါ မင်္ဂလာမြင်းသည် မတ်တတ်ရပ်၍ ပုဏ္ဏားယုတ်တို့၏ ဥကောင်းကို ခြေဖြင့်ခတ်၍ လဲကျစေပြီးလျှင် ကျောကုန်းကို ခြေဖြင့် နင်းလေသည်၊ ထို ပုဏ္ဏားတို့၌ ခေါင်းမှခြေအထိ သွေးများယိုစီးထွက်ကျကြကုန်၏၊ ထို့နောက် မင်္ဂလာမြင်းသည် လျင်မြန်စွာပြေး၍ မိမိနေရာ မြင်းတင်းကုပ် ဟောင်းသို့ သွား၍နေလေသည်၊ လူအပေါင်းတို့သည် ထိုမြင်းကိုမဖမ်းဝံ့ကုန်၊ ထိုသို့မဖမ်းဝံ့ သော် ပဓမ္မပင်းကြီးသည် မိမိသား ဒေဝကာမကိုခေါ်စေလျက် သားတော် ဒေဝကာမ- သားတော်သည် သွား၍ မင်္ဂလာမြင်းကိုယူခဲ့လောဟု ဆို၏။

ပဓမ္မမင်းကြီး၏ အမိန့်စကားကို ကြားသောအခါ ဒေဝကာမ မင်းသား သည် ကောင်းပါပြီဖခင်-ဟုဆို၍ မင်္ဂလာမြင်းတင်းကုပ်သို့သွားလျက် မြင်း၏ ဇက်ကြိုးကို ကိုင်၍ မြင်း၏ကျောကို ပွတ်သပ်ပေးလျက် တက်စီးကာ ပဓမ္မ မင်းကြီး၏အထံသို့ လာလေ၏။

ပဓမ္မမင်းကြီးသည် သားတော် ဒေဝကာမ- ဤမြင်းကိုစီးပြီး နတ်အငွေ့ နံ့သာနံ့ကို ရှာလေလောဟု ပြောလေသည်၊ ပဓမ္မမင်းကြီးပြောစကားကို နား ထောင်၍ ဒေဝကာမပင်းသားသည် ပါလ်သမ္မိုကို သုံးကြိမ်တိုင်တိုင်လက်ျာရစ် လှည့်၍ ထိုတိုနေရာလျှောက်လျက် အနံ့ကိုရှာ၏၊ ထိုသို့ရှာစဉ်အခါ ထိုမင်္ဂလာ မြင်းသည် ဒေဝကာမမင်းသားကိုတင်ဆောင်၍ အဖိုးဗိုလ်ချုပ်ကြီး၏ ငိုင်ငံသို့ သွားလေ၏၊ ဒေဝကာမမင်းသားသည် ထိုမြင်းကိုစီးလျက် မြင်းသယ်ဆောင် ရာသို့ လိုက်ပါသွားရာ သုဝဏ္ဏဂန္ဒိကဆိပ်ကမ်းသို့ ဆိုက်ရောက်လေ၏။

တိုဆိပ်ကမ်း၌ အစဉ်အတိုင်းတည်နေသော ခုနစ်ရာသော အမွှေးတိုင်တို့ကို ကျော်မြင်၍ ရွှေများဖြင့်ပြုလုပ်ထားသော ရတနာပြာသာဒ်အနီးသို့ ချဉ်းကပ် လေသည်၊ထိုအခါ လူအပေါင်းတို့သည် ဒေဝကာမမင်းသားကိုမြင်လျှင် မင်း သား၏ လက်ကိုဆွဲ၍မိမိတို့၏ဦးထိပ်ထက်၌ ထားကြကုန်၍၊ ထိုနေရာ၌ရှိသော ပြာသာဒ်သို့တက်သွားလေသည်၊ အဖိုးဗိုလ်ချုပ်သည် ဒေဝကာမ မင်းသားကို မြင်လျှင် နေရာမှထ၍ ခရီးဦးကြိုဆိုကာ လက်ကိုကိုင်၍ မိမိ၏ ဥကွောင်း၌

ထား၏၊ မိဖုရားသုရသိသည် မိမိ၏သား ဒေဝကာမကိုမြင်လျှင် နေရာမှထ၍ ခရီးဦးကြိုဆိုကာ မင်းသားကိုဖက်၍ မိမိရင်ခွင်၌နေစေ၏၊ ထိုခဏ၌ အဖိုး စစ်ဗိုလ်ချုပ်ကြီးသည် ဒေဝကာမ မင်းသားအား ပြောကြားလိုသည် ဖြစ်၍ ဤသို့ဆို၏။

အမောင်မင်းသား-ကျွန်ုပ်ပြောကြားသောသတင်းစကားကို ဆောင်ယူသွား၍ သင်မင်းသား၏ဖခင် ပဓမ္မမင်းကြီးအား ဟုတ်တိုင်းမှန်စွာ ပြောကြားပါလော့။

## မင်းနှင့်ပါလိသမြို့သူမြို့သားများ မင်းသားထံလာရောက်ခြင်း

ထိုစကားကိုကြားလျှင် ဒေဝကာမမင်းသားသည် အဖိုးဗိုလ်ချုပ်ကြီးအား မြို့၌ဖြစ်နေသော အကြောင်းအရာကို ပြောပြ၍ ညီငယ် သိရသာမင်းသား၏ ခြေရင်း၌ဝပ်ကာ ခြေကိုကိုင်ယူ၍ မိမိ၏ဥက္ကောင်းပေါ်၌ ထားပြီးလျှင် ရွှေဒယ်မှနံ့သာရေကိုယူ၍ ခံတွင်းကိုဆေးကြောပြီး လက်အုပ်ချီ၍ ညီကို ရှိခိုးပြီးကာ အမိရင်ခွင်၌ထိုင်၍ အမိနှင့်ရင်း၊ အဖိုးစစ်ဗိုလ်ချုပ်နှင့်ရင်း စကားပြောလေသည်။

ထိုနောက် အဖိုးစစ်ဗိုလ်ချုပ်ကြီးသည် ဒေဝကာမ မင်းသားအား မိမိ၏ သတင်းစကားကို ပြောကြား၍ ပဓမ္မမင်းကြီးထံသို့ စေလွှတ်လိုသည် ဖြစ်၍ ဤသို့ဆို၏၊ အမောင် ဒေဝကာမ- ကျွန်ုပ်၏စကားဖြင့် သင်ရဲ့ဖခင်ကြီးအား ဤသို့ပြောပြပါ၊ မြတ်သောမင်းကြီး- ကျွန်ုပ်တို့သည် သိရသာမင်းသားကို အဘိသိက်ရေစင် သွန်းပါကုန်အံ့၊ ခုနစ်ရက်တိုင်မှ ရေစင်သွန်းပွဲကြီးကို ပြီးစေပါကုန်အံ့၊ သင်မင်းကြီးတို့သည်လည်း ကျွန်ုပ်တို့နှင့်အတူ သိရသာမင်းသားကို အဘိသိက်သွန်းခြင်းငှာ စစ်သည်တော်များနှင့်တကွ ကြွလာကြပါကုန်၊ ဤ အကြောင်းကို သင့်ဖခင်ကြီးအား ပြောလိုက်ပါဟု မှာကြားလေသည်။

စစ်သူကြီး၏ စကားကို ကြားသော အခါ ဒေဝကာမ မင်းသားသည် မယ်တော်အားရင်း မိမိ၏ညီငယ်သိရသာမင်းသားအားရင်း ရှိခိုး၍ ပြာသာဒ် ထက်မှဆင်းသက်ကာ ထိုမင်္ဂလာမြင်းကို စီး၍ပြန်လေရာ တခဏ ချင်းဖြင့် ပါလိသမြို့သို့ ဆိုက်ရောက်လေ၏၊ ပါလိသမြို့နန်းတော်တံခါးသို့ ရောက်သော အခါ မြင်းပေါ်မှဆင်း၍ မိမိဖခင် ပဓမ္မမင်းကြီး၏အထံသို့သွား၍ သင့်လျော်သောနေရာမှာထိုင်လျက် အကြောင်းအမျိုးစုံကို မင်းကြီးအား လျှောက်တင်လေသည်။

ထိုအခါ မြို့၌နေသော လူအပေါင်းတို့သည် ထိုအကြောင်းကို ကြားလျှင် ဝမ်းမြောက်ကြကုန်၏၊ ထိုနောက် ပဓမ္မမင်းကြီးသည် မိမိ၏သေနဂုတ္တအမတ်ကို

ခေါ်စေ၍ မိမိသွားမည့်အစီအစဉ်ကို ပြောပြကာ သားတော် သိရသာမင်းသားအား အဘိသိက်သွန်းရန်သွားမည့်အကြောင်းကို တမြို့လုံးသို့ လှည့်လည်ကြွေးကြော် မောင်းကြေးနင်းခတ်စေလျက် ဆင်တရာ, မြင်းတရာ, ရထားတရာကိုတန်ဆာများဆင်ယင်စေ၍ တက်စီးကြလျက် စစ်သည်ဗိုလ်ပါအပေါင်းခြံရံ၍ မြို့မှထွက်ကာ အဖိုးစစ်ဗိုလ်ချုပ်ကြီး၏ နိုင်ငံသို့ ရွှေရှုလျက် သွားကြလေသည်၊ မြို့နေသူလူအများတို့သည်လည်း ဘုရားအလောင်း သိရသာမင်းသားအား ချစ်မြတ်နိုးသောကြောင့် ရှင်ဘုရင်ကြီးနှင့်အတူ လိုက်ပါကုန်၏၊ လူအများအခြံအရံပါသောမင်းကြီးသည် တနေ့ချင်းဖြင့် အဖိုး စစ်ဗိုလ်ချုပ်ကြီး၏နိုင်ငံသို့ ရောက်လေ၏၊ ထိုစစ်သူကြီး၏နိုင်ငံသို့ ရောက်သောအခါ ပန်းနံ့သာစသည်ပဉ္စကို ယူဆောင်ကြကုန်လျက် ဘုရားအလောင်း သိရသာမင်းသား၏အထံသို့ချဉ်းကပ်၍ နံ့သာပန်းတို့ဖြင့် ဘုရားအလောင်းကို ပူဇော်ကြပြီးလျှင် ပန်းပေါက်ပေါက်တို့ကိုကြဲကုန်လျက် သားတော်၏အထံ၌ ထိုင်နေကြကုန်၏၊ ထိုအခါလူအများတို့သည် နံ့သာပန်းစသည်တို့ဖြင့် ဘုရားအလောင်းအား ပူဇော်၍ ဘုရားအလောင်းနေရာ ပြာသာဒ်ထက်ရှိ ရွှေဒယ်အိုးထက်သို့ ဘုရားအလောင်းအား တင်ထားကြကုန်၏။

ထိုအခါ ပါလိသမင်းကြီးသည် နံ့သာရေအပြည့်ထည့်ထားသော ရွှေကရားကိုယူ၍ ရေပန်းကရားဖြင့် ရေကိုသွန်းလောင်း၏၊ ထိုခဏ၌ အမွှေးနံ့သာရေသည် ဘုရားအလောင်း၏ဉက္ခောင်းပေါ်သို့ကျလေ၏၊ ထိုအတူ လူအပေါင်းတို့သည်လည်း ဘုရားအလောင်း၏ ဉက္ခောင်းပေါ်သို့ နံ့သာရေဖြင့်သွန်းလောင်းကြရာ တညလုံးအချိန်ကုန်သွားလေသည်၊ အရုဏ်တက်လာသောအခါ ရွှေဒယ်အိုးမှမင်းသားကိုချီယူ၍ ကျက်သရေရှိသောနေရာ၌ နေစေကုန်၏၊ ထိုအခါ လူအပေါင်းတို့သည် သိရသာမင်းသားအား အရသာရှိသော ဘောဇဉ်ကိုယူဆောင်လျက်ကျွေးမွေးကြကုန်၏၊ ဘုရားအလောင်းသည် အစားအစာတို့ကို စားသောက်ပြီးနောက် ကျက်သရေရှိသော အိပ်ရာထက်၌ နေ၏။

## ပြုံခဲ့သမျှအကုသိုလ်ကံ ပုဏ္ဏားတွေခံ

ထိုအခါ ပုဏ္ဏားတို့သည် ဘုရားအလောင်းအား အဘိသိက်သွန်းဖျန်းရန် ပါလိသမင်းကြီးနှင့်အတူ လိုက်ပါလာကုန်၏၊ ထိုခဏ၌ စစ်သူကြီး စသောလူအပေါင်းတို့သည် ပုဏ္ဏားများ ရေသွန်းလောင်းခြင်းကို ခံယူရန်ရွှေဒယ်အိုးထက်သို့ ဘုရားအလောင်းကို တင်ကြကုန်၏။

ထိုအခါ ယုတ်မာသော ပုဏ္ဏားတို့သည် ဘုရားအလောင်း၏ ထံပါးသို့ ကပ်၍ ရှိခိုးကာ မိမိတို့နေရာသို့ ပြန်သွားလျက် ရေကရားဖြင့် ရေဆောင်ယူ

လာကုန်၏၊ ပါပပုဏ္ဏားတို့ ရေကရားဖြင့် ရေကို ဆောင်ယူလာစဉ် ဘုရားလောင်းထံမရောက်မီ ရေကရားများသည် အလိုလိုပင် အစိတ်စိတ် အမွှာမွှာကွဲလေကုန်၏၊ ယင်းသို့ကွဲသော ရေကရားများ၏ အစအနပေါင်း ခုနစ်ရာမျှတို့သည် ပုဏ္ဏားတို့၏ တကိုယ်လုံး၌ စူးရှ ဝင်ရောက်ကြကုန်၍၊ ထိုကရားပမာဏ အဖုအပိမ့်တို့သည် ဖြစ်ကြကုန်၏၊ ယင်းသို့ ဖြစ်ရခြင်း အကြောင်းကား ပုဏ္ဏားတို့သည် ဘုရားအလောင်း သိရသာမင်းသားအပေါ်၌ ယုတ်မာသော စိတ်ဓာတ်ဖြင့် တိုင်းပြည်၌မထားဘဲ ပင်လယ်ရေကြော၌ မျှောရန် အကြံပေး စီမံ လုပ်ကိုင်ခဲ့ကြသော မကောင်းမှု အကုသိုလ်ကံကြောင့် မျက်မှောက်ဘဝ၌ ထိုကဲ့သို့ ခံကြရခြင်းဖြစ်လေသည်။

ထိုပါပပုဏ္ဏားတို့ကို မြင်၍ အဖိုးစစ်ဗိုလ်ကြီးသည် မင်္ဂလာမြင်းကို လွှတ်၍ ထိုနေရာမှ ပြေးစေ၏။

## လူရောနတ်ပါ အဘိသိက်သွန်းလောင်းပုံ

ထိုခဏ၌ နတ်အများတို့သည် အလွန်မွန်မြတ်သော နတ်ရေစင်ကို ယူ၍ နေမွန်းတည့်သည့်တိုင်အောင် ဘုရားအလောင်းကို အဘိသိက် သွန်းကုန်၏၊ လူအပေါင်းတို့သည်လည်း အဝတ်များ ခွက်များဖြင့် ထိုနတ်ရေစင်ကို ခံယူ၍ အရုဏ်တက်သည့်တိုင်အောင် ဘုရားလောင်းအား အဘိသိက်သွန်းလောင်းကာ နံ့သာပန်း စသည်တို့ဖြင့် ထိုနေရာမှာပင် ပူဇော်ကုန်၏၊ ထိုအခါ ပဓမ္မမင်းကြီးနှင့် ပရိသတ်အပေါင်းတို့သည်လည်း ထိုနည်းတူစွာ အဘိသိက်သွန်းလောင်းကြကုန်၏၊ ထိုသို့ပူဇော်သောအခါ အဖိုး စစ်သူကြီးသည် သိရသာမင်းသားကို ချီမြှောက်၍ မိမိပခုံး၌ ထိုင်စေကာ သုရသိမိဖုရား၏ အနီးကြက်သရေရှိသော နေရာ၌ နေစေ၏၊ ကိုယ်တိုင်သာ အမျိုးမျိုးသော အရသာရှိသော ဘောဇဉ်ကို ယူ၍ ထိုသားအမိ နှစ်ဦးတို့၏ အထံ၌ထား၍ ယခု ကျွန်ုပ်၏ ကောင်းမှုကုသိုလ် ဖြစ်စေရန် ဤဘောဇဉ်ကို စားကြပါဟု နတ်မြွက်သဖြင့် ထိုမင်းနှစ်ပါးတို့ကို တောင်းပန်စကားပြောကြား၏၊ အဖိုးစစ်သူကြီး၏ စကားကို ကြားရသောအခါ သုရသိမိဖုရားနှင့် သိရသာမင်းသား မင်းနှစ်ပါးတို့သည် ကောင်းမွန်သော အရသာရှိသော ဘောဇဉ်ကိုစားကြကုန်၏၊ ဤအချိန်အခါအထိ ဘုရားအလောင်းသည် မည်သူနှင့်မျှ စကားမပြောသေးပေ၊ ထိုအခါ ဘုရားအလောင်းသည် မိမိ၏ ရှေးကပြုခဲ့သော ကောင်းမှုကံ အာနုဘော်စွမ်းကြောင့် ထိုခဏ၌ပင်လျှင် ဇာတိသရဉာဏ်ကိုရ၍ အဖိုးစစ်ဗိုလ်ကြီးနှင့် စကားပြောလိုသည်ဖြစ်၍ ဤဂါထာတို့ကို ဆိုလေသည်။

## မင်းသားလေး၏ ရှေးပကောင်းမှု

ကျွန်ုပ်ပြောမည့်စကားကို အဖိုးဖိုလ်ချုပ်ကြီး နားထောင်တော်မူပါ၊ ကျွန်ုပ်သည် နတ်ပြည်မှ ဆင်းသက်၍ လူ့ပြည်သို့ ရောက်လာသော ဘုရားအလောင်း ဖြစ်ပါ၏။

ယခု ကျွန်ုပ်သည် ပဝမ္မမင်းကြီး၏ သားဖြစ်ပါ၏၊ ရှေးက ပြုခဲ့သော မကောင်းမှုကံကြောင့် ဂင်္ဂါမြစ်၌ အမျှောခံရပါသည်။

ကျွန်ုပ်သည် ရှေးအခါက ပါလိသမြို့၌ မင်းဖြစ်ခဲ့ဘူးပါ၏၊ ထိုအခါ ပန်းဥယျာဉ်များ စိုက်ပျိုး၍ ပန်းတို့ကို ဆည်းစုခဲ့ပါသည်။

များစွာသော ပန်းတို့ဖြင့် ဘုရားနှင့် တရား သံဃာ ရတနာသုံးပါး နတ်အများတို့အား ပူဇော်ပသခဲ့ပါ၏။

ထိုသို့ ပူဇော်သောအခါ ကျွန်ုပ်သည် ဤပန်းအလှူ ကောင်းမှုကြောင့် လူ့ပြည်မှာ ဖြစ်ရပါလို၏ဟု ဆုတောင်းခဲ့ပါသည်၊ ယင်းကောင်းမှုကြောင့် နောက်ဟာဘဝတွင် ပါလိသမြို့၌ ကျွန်ုပ်သည် မင်းသား ဖြစ်ခဲ့ပါ၏။

ရှေးအခါက မင်းသားဖြစ်ရစဉ် ပန်းဥယျာဉ်၌ ပန်းများကိုစိုက်ပျိုးထားပါသည်၊ ယင်းပန်းများကို ငှက်တို့သည် ထိုးဆိတ်ဖျက်ဆီးကြပါကုန်၏။

ထိုအခါ အကျွန်ုပ်သည် အမျက်ထွက်၍ ထမင်းလုံးများကို ပန်းချုံများအနီးတွင် ကြဲဖြန့်၍ လာရောက်သောငှက်တို့ကို ဖမ်းယူပြီးလျှင် အတောင်များကို ချိုးဖဲ့ဖျက်ဆီးလျက် မပျံနိုင်အောင် ပြုလုပ်ပြီး ငှက်များကို ပင်ပန်းဆင်းရဲအောင် ညှဉ်းပန်းနှိပ်စက်ခဲ့ပါ၏။

ဤမကောင်းမှုကြောင့် ကျွန်ုပ်သည် ယခုအခါ ဂင်္ဂါမြစ်၌ ရေမျှော ခံရကာ ဒုက္ခရောက်ရပါသည်။

အိုအဖိုး- အဖိုးတို့သည် ကိုယ်နှုတ်စိတ်ဖြင့် မကောင်းမှုကို မပြုလုပ်ကြပါကုန်လင့်၊ မကောင်းမှုမှ စင်ကြယ်ခြင်းငှာသာ ပြုလုပ်ကြပါကုန်။

တစက်တောက်တောက် ရေပေါက်ကျသဖြင့် ရေအိုးကြီး ပြည့်သလို မိုက်သူမှာ ဒုက္ခတွေ ပြည့်လေသည်။

အသက်ရှင်လိုသော် အဆိပ်ကို စားသုံးခြင်းမှ ရှောင်ရသကဲ့သို့ရင်း၊ ဥစ္စာကိုလိုသော ကုန်သည်သည် ဘေးရန်ရှိသောခရီးကို ရှောင်ရသကဲ့သို့ရင်း၊ သင်တို့သည် ချမ်းသာသုခကို အလိုရှိပါလျှင် မကောင်းမှုကို ရှောင်ကြပါကုန်လော။

မိမိပြုသောမကောင်းမှုသည် မိမိကိုသာ ညစ်နွမ်းပူပန်စေလျက် မိမိပြုသော ကောင်းမှုသည် မိမိကို စင်ကြယ်စေပါ၏၊ မိမိ၏ စင်ကြယ်သော လမ်းခရီးအတွက် တပါးသောသူက သုတ်သင် ရှင်းလင်းပေးရည်မဟုတ်ပါ။

ဤကဲ့သို့ အဂိုးစော်သူကြီးအား စကားပြောပြီးလျှင် မိမိဖခင်မင်းကြီးအား စကားပြောလေသည်ကား အိုဖခင်မင်းကြီး- သင်မင်းကြီးသည် မင်းဖြစ်၍ မိမိ၏နိုင်ငံမှာ ကြောက်မက်တွယ်သော ဘေးကို ပြုတတ်သော လူဆိုးများတို့ကို မပိုဝပါလင့်ဟု ဆို၍ ဩဝါဒပေးလို၍ ဤဂါထာတို့ကို ဆို၏။

## မင်းသားလေး၏ ခမည်းတော်ဘုရား ဟောတရား

နာတော်မူပါ ဖခင်- လူမိုက်ကိုရှောင်ကြဉ်ပါ၊ ဒုဿီလကို မပေါင်းပါနှင့်။
မိတ်ဆွေယုတ်ကို ရှောင်ကွင်းပါ၊ အဓမ္မသမားကို မမှီဝဲရာ၊ မိတ်ဆွေကောင်းနှင့် ယောကျာ်းမြတ်ကို ဆည်းကပ်ပါ။
မီးဖို့ထည့်ငြား၊ မျိုးစေ့ကား၊ ပေါက်ငြား မရှိပါ။
မကောင်းတရား၊ ပြုသူအား၊ ပို့ငြား အပါယ်ရွာ။
ကျေးဇူးကိုသိ၊ သီလရှိ၊ ပြုဘိကောင်းမှုတွေ။
လယ်ကောင်းမြေယာ၊ ပျိုးပမာ၊ ကောင်းစွာ တိုးတက်ပေ။
ပညာရှိကား၊ လူအများ၊ စီးပွားရှာပေသည်။
ပညာမဲ့ကား၊ လူအများ၊ တိုးပွားဒုက္ခ ရောက်စေသည်။
သိကြွားလိမ္မာ၊ မိတ်ဆွေမှာ၊ လွန်စွာရခဲသည်။
ကောဋ္ဌပေါက်လာ၊ အေးပင်မှာ၊ ရောဂါပျောက်စေသည်။
ထိပ်ကန့်မြွေအား၊ မွေး၍ကား၊ မပွားကိုယ်သာ ဖျက်ဆီးခံရမည်။
လူမိုက်ကိုကား၊ မွေးမြူထား၊ မပွားကိုယ်သာ ဖျက်ဆီးခံရမည်။
မြွေနှင့်လူမိုက်၊ ဝါထိုက်ကျွန်ဟောင်း၊ ပေါင်းသူမယား၊ သူကိုကား၊ ရှင်အားပြစ်ပြုသည်။
ကင်းခြေပျား, ကင်းမြီးကောက်, တပါးသော အဆိပ်ပြင်းသတ္တဝါ ကင်းပလက်မဲ၊ သံလျက်သွား, လင်မယား၊ ဤခြောက်ဦးတို့သည် ရန်သူဖြစ်ကုန်၏၊ (ထိုခြောက်ဦးတို့ကို ယုံစားမှုမပြုရာ)။
သူတို့မှာ ချစ်သောသူမရှိ၊ သူတို့သည် မိတ်ဆွေ၏အပြစ်ကို အမြဲတမ်း ပြုတတ်ကုန်၏၊ ပညာရှိသူသည်၊ အကျွမ်းမဝင်ရာ၊ ထိုရန်သူတို့ကို ဝေးစွာ ရှောင်ရာ၏။

မြတ်သောမင်းကြီး လူသတ်သမား လူရမ်းကားတို့အားလည်း လက်နက်မပေးအပ်ရာ၊ သူခိုးကိုလည်း ခေါးရိုးပကမ်းရာ။

သိပ်လူးမျှားကိုလည်း မုဆိုးတို့အား မပေးရာ၊ ယင်းပုဂ္ဂိုလ်တို့သည် အကျိုးအကြောင်း တော်ပတော် သင့်မသင့်ကို မမြော်ချင့်ဘဲ ဒေါသအလျောက် ထင်မိထင်ရာ ပြုလုပ်တတ်ပါ၏။

မြက်ပိုးလောင်ကျွမ်းနေသော ကျောက်တောင်သည် တောခွေးအား သေဆုံးခြင်းသို့ ရောက်စေသကဲ့သို့ရင်း၊ လည်ပင်း၌ တောက်ပသော မြက်ပိုးရှူးစွပ်မိသော ဗျိုင်းသည် သေခြင်းသို့ ရောက်သကဲ့သို့ရင်း၊ သမုဒ္ဒရာ၌နစ်မြုပ်သော သတ္တဝါသည် တဖန် အသက်ရှင်ခြင်းငှာမရ၊ အမြဲတမ်း သေခြင်းသို့ ရောက်ရလေသကဲ့သို့ရင်း။

ထိုအတူ လူမိုက်ကိုနှင့် ပေါင်းသင်းဆက်ဆံသူသည် ဘေးတွေ့သည်ဖြစ်၍ မိစ္ဆာအယူကိုယူလျက် နောက်ဘဝမှာ ဒုဂ္ဂတိဘုံသို့ ရောက်ရလေသည်။

သူတော်ကောင်းတို့ကိုသာ မှီဝဲဆည်းကပ်ရာ၏၊ သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်း ဆက်ဆံရာ၏၊ သူတော်ကောင်းတရားကို သိ၍ သူတပါးတို့ ချီးမွမ်းအပ် မြတ်သူသာ ဖြစ်သည်၊ ယုတ်မာသူ မဖြစ်နိုင်ပါ။

မြတ်သောမင်းကြီး- သင်မင်းကြီး၏ နှစ်သောင်း လေးထောင်သော စစ်သည်တို့သည်ရင်း, သားတော် ခုနစ်ဦးတို့သည်ရင်း သင်မင်းကြီး၏ ရတနာများ ဖြစ်ကြပါကုန်၏။

မြတ်သောမင်းကြီး- ပညာရှိသူသည် လူများတည်းခိုရန် ပြုလုပ်ထားသော ဇရပ်, အလှူမဏ္ဍပ်နှင့် ဘုရား ပုထိုး စေတီ ကျောင်းကန်များကို မဖျက်ဆီးရာ၊ မမေ့မလျော့ ကုသိုလ်ကောင်းမှု ပြုသောသူသည် စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းသို့ ရောက်ရပါ၏။

ရဟန်းပုဏ္ဏား စိတ်နှလုံးကောင်းရှိသော ဆွေမျိုးမိတ်သင်္ဂဟတို့ကို မမေ့မလျော့ဘဲ ပေးကမ်းလှူဒါန်းပြုစုပါလျှင် အခြံအရံ များခြင်း အကျိုးကို ရရှိပါ၏။

မြတ်သောမင်းကြီး- သင်မင်းကြီးသည် အလုံးစုံသော သူတို့အား ချီးမြှောက်ထောက်ပံ့မှုကို ပြုပါလော၊ အမတ်တို့ကို အရောတဝင် ချစ်ကျွမ်းဝင်ခြင်း မပြုပါနှင့်၊ အပတ်တို့အား အရောတဝင် အကျွမ်းဝင်ခြင်းပြုပါလျှင် အမတ်တို့သည် မင်းဖြစ်သူကို နှိပ်စက်လျက် ဖျက်ဆီးတတ်ပါသည်။

မြတ်သောမင်းကြီး မပေးလှူတတ်သောသူသည် မြင့်မြတ်သူမဟုတ်ပါ၊ မိမိပစ္စည်းကို လျှို့ဝှက်တတ်သောသူသည် သေလွန်သောအခါ ဉစ္စာကိုစွန့်ခွာ၍ သွားသူမည်ပါ၏၊ သူတပါး အချီးအမွမ်းမခံရ၊ ပုဂျကဲ့ရဲ့ ပူသာ ခံရ၏၊ မိမိပစ္စည်းကို နှမြောတွန့်တိုခြင်းမရှိဘဲ ပေးကပ်လှူဒါန်းသောသူသည် မြတ်သောသူ ဖြစ်ပါ၏၊ မိမိဉစ္စာကို တမလွန်ဘဝသို့ ယူဆောင်သွားသူ မည်ပါ၏။

ဒုဗ္ဘိက္ခေစ အန္နဒါတာ၊ သုဘိက္ခေစ ဓနဒါဘာ။
ဘယေ စ အဘယဒါတာ၊ သဂ္ဂံ သော ဂစ္ဆတိ သဒါ။

ယော၊ အကြင်သူသည်။ ဒုဗ္ဘိက္ခေ၊ အစာရေစာ ငတ်မွတ် ခေါင်းပါးသော အခါ၌လည်း။ အန္နဒါတာ၊ စားသောက်ဘိုရာ ထမင်းအစာကို ကောင်းစွာပသွေ ပေးတတ်ပေ၏။ သုဘိက္ခေစ၊ ထမင်းအစာ ဝပြောသော အချိန်အခါ၌လည်း။ ဓနဒါတာ၊ ရင်းနှီးဘိုရာ အသပြာငွေကြေး ပေးလည်းပေးတတ်ပေ၏။ ဘယေစ၊ ကြောက်ဖွယ်လန့်ဖွယ် သွယ်သွယ်များစွာ ဘေးဥပဒ်ဖြစ်လာသော အချိန်အခါ၌လည်း။ အဘယဒါတာစ၊ ဘေးမဲ့စေရေး အကူအညီကိုလည်း ပေးတတ်ပါပေ၏။ သော၊ ထိုသို့စိတ်ထားစင်ဖြူ သဘောထားရှိသောသူသည်။ သဒါ၊ အခါခပ်သိမ်း။ သဂ္ဂံ၊ ငါးဝကာမဂုဏ် အာရုံဖြိုးစည် နတ်တို့ပြည်သို့။ ဂစ္ဆတိ၊ မုချမသွေ လားရောက်ရပေသတည်း။

အိုလူတို့ သနင်းမင်းမြတ်· သင်မင်းမြတ်သည် မိမိတိုင်းပြည်၌ ပြည်သူပြည်သား လူအများတို့အား အမျက်မထား တရားနှင့်အညီ စီမံအုပ်ချုပ်ရာ၏။

သင်မင်းကြီးသည် တိုင်းသူပြည်သား တို့အားရင်း ဘုန်းတောင်းယာစကာ ခိုကိုးလာသူတို့အားရင်း ထမင်းအဖျော် တော်ရာဝတ္ထုပစ္စည်းတို့ဖြင့် ကြည့်ရှုအမြဲ လှူကဲအလျောက် ချီးမြှောက်ထောက်ပံ့ပါလေလော။

ရှေးအခါကာလ အချိန်စောစွာက အမှုထမ်း၍ အိုမင်းမစွမ်းရှိလေပြီးသော သင်မြင်းကျွဲနွား သတ္တဝါများတို့ကဲ့ သနားငဲ့ညှာ သုံးစွဲတော်မမူပါလင့်၊ ယင်း သတ္တဝါတို့အား အစိုးရသော သင်မင်းမြတ်သည် အစောင့်အရှောက်ကိုပေး၍ ကျွေးမွေး ပြုစုပါလေလော။

အကြင်သူသည် မိမိကိုယ်တိုင် မြှောက်စားထားသူဖြစ်၏၊ အသက်ကြီး မြင့်၍ ရင့်ရော်အိုတွဖြစ်နေ၏၊ ရှေးအခါကလည်း မိမိအား ကျေးဇူး ပြုဘူးသူဖြစ်၏၊ သင်သည် ကျေးဇူးခံစံရဘူးသူလည်းဖြစ်၏၊ ထိုသူအား ဉစ္စာပစ္စည်းကို အမြဲတစေ ပေးပါလေလော။

ဝီရိယဂုဏ် သိပ္ပဂုဏ် သီလသိက္ခာဂုဏ် အတတ်ပညာဂုဏ် ဖြောင့်မတ်သော ဇာတိဂုဏ် ဤဂုဏ်ငါးပါးတို့သည် ရှိကုန်၏၊ ထိုသူအား အမြဲတစေ ပစ္စည်းဥစ္စာကို ပေးပါလေ။

ဤသို့ဆိုခဲ့ပြီးသောအတိုင်း သင်မင်းမြတ်သည် ဂုဏ်ရှိသော ပုဂ္ဂိုလ်များ၌ အမြဲတစေ ပြုကျင့်ပါလေလော၊ ဤသို့ ပြုကျင့်သောကြောင့် ဤဘဝမှာ ဝမ်းမြောက်ရ၍ တမလွန်ဘဝ၌လည်း နတ်ပြည်၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါလိမ့်မည်။

ဤသို့ပြောဟောပြီးလျှင် ဘုရားအလောင်း သိရသာမင်းသားသည် ထိုပဓမ္မမင်းကြီးအား ဆက်လက်၍ တပါးသော ဩဝါဒကို ပေးပြန်လေသည်ကား-

မြတ်သောမင်းကြီး- ယုတ်သောသဘောထား ရှိသောသူတို့၏ လက်တွင်း၌ အကယ်၍ မြို့ကို အဆောတလျှင် အပ်နှင်းခဲ့သည် ဖြစ်ပါအံ့၊ သင်မင်းကြီးသည် အတွေးအခေါ် အမြော်အမြင် ထက်လတ်၍ ပြင့်မြတ်သူ မဟုတ်တော့ပါ၊ သင်မင်းကြီးသည် ဒုက္ခအထွေထွေကို ပင်လယ်ဝေအောင် ပွားစေသူဖြစ်ပါလိမ့်မည်။

အိုခမည်းတော်မင်းကြီး- သင်မင်းကြီးသည် နေရောင်ခြည် ပင့်၍ ပွင့်သော ပဒုမ္မာကြာပန်းကြီးကဲ့သို့ များစွာသော မကောင်းမှုကိုရင်း, လူတို့၏ စိတ်ထား သဘောထားကိုရင်း, သဒ္ဒါမှုဖြင့် သင့်မြတ် တော်လျော်သည်ကိုရင်း အမြဲတစေ ဉာဏ်ဖြင့်သိပါလေလော၊ အဖိုးစစ်သူကြီးသည် စွမ်းနိုင်သလောက် ကောင်းမှုကုသိုလ်ပြု၍ အသက်ရှေသမျှ လူပြေလောကမှာ နေပြီးလျှင်တမလွန်ဘဝနတ်လောက၌သာ ဖြစ်ရပေလတံ့။

အကြင်သူတို့သည် စင်ဖြူစိတ်ထား ဖိတ်ဖိတ်ကြွား၍ နံ့သာရေမွှေးဖြင့်ရင်း၊နံ့သာပန်းစသော ဝတ္ထုဖြင့်ရင်း ကျွန်ုပ်၏ကိုယ်ကို သွန်းလောင်းပူဇော်ကုန်၏။

ကျွန်ုပ်ကို ထမင်းအဖျော်စသည်ဖြင့် စွမ်းနိုင်သလောက် ရောင့်ရဲတင်းတိမ်စေကုန်၏၊ ထိုသူတို့သည် လူကိုယ်ကို စွန့်ခွာသောအခါ နတ်ရွာ၌ဖြစ်ကြရပေကုန်လတံ့။

သံသရာဘဝ၊ ကျင်လည်ရလည်း၊ လေးဝအပါယ်၊ ဖြစ်ဖွယ်မရှိ၊ လူ၏ခန္ဓာ နတ်ခန္ဓာ၊ ဖြစ်ရပါသော်၊ အာဏာစူးရှ၊ အစိုးရသည်၊ မုချဖြစ်ပေသတည်း။

## ပူလနေရာ နတ်ပြည်သို့ပြန်ရန် ခွင့်ပန်

ထိုအခါ ပဓမ္မမင်းအမှူးပြုကာ ထိုနေရာသို့ ရောက်လာသော လူအပေါင်းတို့သည် အလောင်းဗောဓိသတ် ဟောအပ်သော တရားကိုနာ ဖရဏာပီတိ

တအိအိဖြစ်၍ ပွားဘိမေတ္တာ ကောင်းမှုမှာလေ့ပျော် မွေ့လျော်သော စိတ်ကို ဖြစ်စေကုန်၏။

ဘုရားအလောင်းသည် တရားကြောင်းဖြင့် မမှား မစောင်းရအောင် အပေါင်း သတ္တဝါတို့အား အထပ်ထပ်အခါခါ ဥပမာ အသုံးလှလှတို့ဖြင့် ဘယ်သူမညာထုံးပြ၍ ဆုံးမဟောကြားပြီးလျှင် အမိ သုရသိရင်ခွင်မှာ ထိုင်၍ မိခင်နှင့်စကားပြောနေလေသည်။

မွေးသမိခင် ကျေးဇူးရှင်· ကျွန်တော်လေ လူ့ပြည်ရောက်လာတာ နှစ်နှစ် တင်းတင်းရှိပြီနော်၊ ယခု ကျွန်တော်သည် ပန်ကြားပါ၏၊ တာဝတိံသာ နတ် ပြည်၌ ထင်ရှားရှိသော တဆဲ့နှစ်ယူဇနာမြင့်၍ မြတ်သောစည်းစိမ်တို့နှင့် ပြည့်စုံ သော ကျွန်တော်၏ နေခဲ့ဘူးရာ ရွှေဗိမာန်ကြီးသို့ ပြန်ပါရစေနော်။

ဤသို့ပန်ကြား စကားကို ကြားရသောအခါ အမိဖြစ်သော သုရသိမိဖုရား သည် သားရယ်· မင်းချည်း တစ်ဦးတည်းသွားတော့မှာလား၊ အမေကို ဘာပြု လို့ စွန့်ခွာသွားရတာလဲကွယ်ဟု မေး၏၊ ထိုစကားကို ကြားလျှင် သိရသာ မင်းသားသည် မိမိ၏ ဇာတိသရ ဉာဏ်ဖြင့် မိခင်မိဖုရားကြီး၏ ဘုံဗိမာန် အကြောင်းကိုပြောပြလိုသည်ဖြစ်၍ဤသို့ဆို၏၊အိုမိခင် ဗိမာန်ကြီးသည် ရွှေဖြင့် ပြီးပါ၏· ရတနာအသွယ်သွယ်ဖြင့် ဆန်းကြယ်ပါ၏၊ အမြင့်တဆယ့်နှစ်ယူဇနာ ရှိပါ၏၊ နတ်သမီးကညာ နှစ်ထောင်တို့ဖြင့် ဝိုင်းအုံကြီးလိန့် စည်းစိမ် ဝင့်ထယ် လွန်တင့်တယ်လျက် တာဝတိံသာနတ်ပြည်၌တည်ရှိပါ၏၊ဤလူပြည် ၌ မိခင်ကြီးသည် ဒါနအစရှိသော ကောင်းမှုကိုပြု၍ အသက်ရှည်သမျှ တည် နေကာ စုတိပြုတ်ကြွေ သေလွန်သောအခါမှာ အလိုဆန္ဒအတိုင်း ရွှေဗိမာန် ကြီးသို့ ရောက်ပါလိမ့်မည်။

ဤကဲ့သို့ သားဖြစ်သူ သိရသာက ပြောကြားသည် ရှိသော် ထိုနေရာ၌ စည်းဝေးမိကြသောသူတို့သည် လက်အုပ်ချီမိုး ရှိခိုးကုန်၏၊ မင်းသားသည် မိမိ၏အမိရင်ခွင်ထက် တက်ထိုင်၍ ထိုနေရာ၌ နှသာရေဖြင့် သားအမိ နှစ် ယောက်စလုံးကိုရေချိုးစေ၏၊ငင်းနောက် အစ်ကိုခြောက်ယောက်ကိုရေချိုးစေ ၏၊ ထိုနေရာမှာ အချိန်အနည်းငယ်မျှ ထိုင်နေ၍ မိမိနေရာမှ ကွယ်ပျောက်ကာ ဘုရားအလောင်းသည် မိမိ၏တန်ခိုးအာနုဘော်ဖြင့် တာဝတိံသာနတ်ပြည်သို့ ရောက်သွားလေသည်။

ထိုအခါ လူများစွာတို့သည် ဘုရားအလောင်းကို မတွေ့ရ၍ ငိုကြွေးကြ ကုန်၏၊ ဘုရားအလောင်း၏ မယ်တော်သည်လည်း သားကိုမတွေ့သည် ဖြစ်၍ ဤသို့ဆို၍ ငိုကြွေးလေသည်။

သားရေ· အမေ့ကိုထား၍ နတ်ပြည်ကို ဘာပြုလို့ သွားရတာလဲ သားရယ်၊ အမေ့ထံကို အမြန်ပြန်ခဲ့ပါတော့ကွယ်။
သားရေ· အမေဟာ မင်းနဲ့သာ ကွဲကွာသွားရမယ်ဆိုရင်တော့ ဘဝင်ရှေကြာ နာနေရရှာတော့မယ်၊ အမေဟာ ဒီနေရာမှာ သားကိုမမြင်တော့ဘူးကွဲ့၊ ထိုမမြင်ရခြင်းဟာ အမေ့မှာ အလွန်အမင်း ဆင်းရဲရပါတယ်သားရယ်။
သားနှင့်ကွဲ၍ အမေငိုပွဲဆင်နေရပြန်ပါပြီ၊ ရေမှာအမျှောခံရတဲ့ ဒုက္ခလိုကြီးကျယ်တဲ့ဒုက္ခကို မုချအမေခံစားနေရပြန်ပြီ သားရယ်။

## မိခင်၏ငိုမျက်ရည်ကြောင့် ဗိမာန်မှောင်ကျ

ယင်းကာလ၌ ဘုရားအလောင်းသည် တာဝတိံသာနတ်ပြည်၌ရှိသော ရွှေဗိမာန်ကြီးပေါ်သို့ တက်ရောက်သော်လည်းအမိုက်မှောင်ကြီးကျသဖြင့် မည်သည့်အရာကိုမျှ မမြင်နိုင်တော့ချေ၊ ထိုအခါ ဗိမာန်စောင့် နတ်ပျိုကညာတို့သည် လူ့ပြည်လောကသို့ပြန်၍ဆင်းပါ၊မောင်တော်ရဲ့မယ်တော်ကြီးဟာသည်းထန်စွာသားကိုမတွေ့လို့ ငိုကြွေးနေပါသောကြောင့် ဤဗိမာန်၌ မှောင်အတိကျနေသည်ဟု ပြောကြကုန်၏၊ဤသို့ပြောဆိုပြီးလျှင် နတ်ကညာတို့သည် သိဂ္ဂသာမင်းသားကို ဆောင်ယူ၍ လူ့ပြည်လောက၌ ရှိသော သုရသိမ်ပုရား၏ရင်ခွင်ထက်၌ ထားကြကုန်၏၊ ထိုအခါ ဘုရားအလောင်းသည် မိမိ၏မိခင်ကို အိုအမိ· ကျွန်ုပ်သည် နတ်ပြည်၌ရှိသော ရွှေဗိမာန်ကြီးသို့ ရောက်သွားရာ ဗိမာန်သည် လက္ခယ်သန်းခေါင်ကဲ့သို့ အမိုက်မှောင်အတိ ဖြစ်နေပါ၏၊ လက္ခယ်ည၌ မျက်စိကိုဖွင့်၍ကြည့်ရသကဲ့သို့ ထိုဗိမာန်၌ ဘာကိုမျှ မမြင်ခဲ့ရပါ၊ ထိုကြောင့် အမေဟာ မငိုကြွေးပါနှင့်ဟု ပြော၏။

ထိုစကားကိုကြားလျှင် အဖိုး စစ်သူကြီးသည် အရှင်မင်းသား အလုံးစုံသော ကျွန်ုပ်တို့သည် အရှင်မင်းသားအား ချစ်မြတ်နိုး၍ ငိုကြွေးကြခြင်းဖြစ်ရာ တားမြစ်နှောင့်ယှက်သကဲ့သို့ ဖြစ်ရပါ၏၊ စင်စစ်မှာ အလုံးစုံသော ကျွန်ုပ်တို့သည် ယခုအခါ နတ်ပြည်ကိုရင်း, သင်မင်းသား၏ ဗိမာန်ကိုရင်း မြင်လိုကြပါကုန်၏ဟု ပြောဆို၏။

ထိုအခါ ဘုရားအလောင်းသည် အပိုးစစ်သူကြီး အလုံးစုံသော သင်တို့သည် နတ်ပြည်ကိုရင်း, ကျွန်ုပ်၏ ဗိမာန်ကိုရင်း မြင်လိုကုန်ငြားအံ့၊ ယခုကျွန်ုပ်၏တန်ခိုးဖြင့် သင်တို့သည် တိုထိုနတ်ပြည်နှင့် နတ်ဗိမာန်ကို မြင်ရပါလိမ့်မည်၊ သင်တို့သည် မျက်စိကိုဖွင့်၍ နတ်ပြည်ကိုရင်း, ကျွန်ုပ်၏ ဗိမာန်ကိုရင်း ကြည့်ကြကုန်လောဟု ပြောဆို၏။

အဖိုးစစ်သူကြီး စသော များစွာသောသူတို့သည် ထိုနေ့မှာ၌ စုဝေးလျက် မျက်စိကိုဖွင့်ပြီးလျှင် အထက်သို့ကြည့်သော် နတ်ပြည်ကိုရင်း, နတ်ဗိမာန်တို့ကိုရင်း မြင်ရကုန်၏၊ အဖိုးစစ်သူကြီး စသော လူများစွာတို့သည် နတ်ပြည်နှင့် နတ်ဗိမာန်များကို မြင်ရ၍ နှစ်သက် ဝမ်းမြောက်ကြကုန်၏။

ထိုအခါ နတ်တို့သည် တဆဲ့နှစ်ယူဇနာမြင့်၍ ငါးယူဇနာ ကျယ်သော ပတ္တမြားဗိမာန် စသည်တို့ကို ကောင်းကင်ဖြင့် ယူလာ၍ အရပ်မျက်နှာအားလုံးတို့၌ ထွန်းလင်းတောက်ပစေကာ သုရသိမိဖုရား၏ရှေ့၌ တည်စေကုန်၏။

ထိုအခါ သုရသိမိဖုရားသည် မိမိ၏သားကိုပွေ့ချီ၍ နတ်ကညာနှစ်ဦးတို့၏ လက်သို့ ကမ်း၏၊ နတ်ကညာနှစ်ဦးတို့သည် ဘုရားအလောင်းကို ရှိခိုး၍ လက်ဖြင့် ပွေ့ပိုက်လျက် ပတ္တမြားပြာသာဒ်သို့ တက်ကြကုန်၏၊ ဘုရားအလောင်းသည် လူ၏ခန္ဓာကို စွန့်၍ ထိုပတ္တမြားပြာသာဒ်ထက်၌ နတ်သား၏ အဖြစ်သို့ ရောက်လေ၏၊ ဘုရားအလောင်း၏ အရောင်အဝါသည် ထိုပြာသာဒ်၌ရှိသော နတ်တို့၏ အရောင်အဝါကို လွှမ်းမိုးလေသည်၊ ထိုအခါ နတ်တို့သည် ဘုရားအလောင်းသို့ မျက်နှာမူလျက် ဘေးနှစ်ဘက်၌ ရပ်ကာ တူရိယာတို့ကိုတီး မှုတ်ကုန်၏၊ ထိုခဏ၌ပင် ဘုရားအလောင်း၏ ပတ္တမြားပြာသာဒ်သည် ထိုရွှေဗိမာန်အလယ်၌ ဝင်လေ၏၊ ဘုရားအလောင်းသည် ပတ္တမြားပြာသာဒ်မှဆင်းသက်၍ ထိုရွှေဗိမာန်အလယ် ရတနာပလ္လင်၌ ထိုင်ပြီးလျှင် ထိုနတ်တို့အား ချမ်းသာစွာ ပေါင်းသင်းဆက်ဆံရမှု ရှိသည် မရှိသည်ကို မေးလိုသည်ဖြစ်၍ ဤသို့ဆို၏။

အို နတ်ပြည်စံငြား နတ်အများတို့ စိတ်ထားညီမှု ရောဂါစုလျှင် တခုမပါ နတ်ချမ်းသာ ကောင်းစွာ ခံစားရကုန်၏လော။

ထို့ပြင်တဝေး ဘေးလည်းမတွယ် အန္တရာယ်မသန်း စိတ်အေးချမ်း၍ အစွမ်းပုညဖြစ်လစည်းစိမ် ရောင်ရှိန်ဝင်းလက် ပြုံးပြုံးပြက်ကာ တိုးတက်ပါ၏လော။

သိရသာမင်းသားလေး၏ အမေစကား ကြားလျှင် နတ်အများတို့သည် မှတ်သားကာ ဝမ်းသာ၍ နှစ်ဂါထာ အခြေခံဖြင့် အဖြေလွှာမှန်ကို ပေးကြကုန်သည်ကား=

အိုအလောင်းတော်- အကြောင်း မြော်၍ အ ပေါင်း အဖော် တွေနှင့် ညီညွတ်ကြပါကုန်၏၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ ရောဂါကင်းဝေး အပူအေးကြပါကုန်၏၊ စည်းစိမ်ချမ်းသာကို နှောင့်ရာ ကင်းပါး ခံစားရပါကုန်၏။

ထို့ပြင်ဝာဗန် ဘေးရန်မတွယ် အန္တရာယ်ကင်းကွာ ဖြစ်လာကောင်းမှု စည်းစိမ်ထုလည်း ပေါင်းစုညီညာ စိတ်ချမ်းသာလျှင် ကောင်းစွာ ခံစားရပါကုန်၏။

ထိုအပျိန်အခါမှစ၍ နတ်လောကရွှေဗိမာန် နတ်ကညာ အခြွေအရံနှင့် နတ်စည်းစိမ်တို့ကို ခံစားရလေ၏၊ ပဓမမင်း အဇရှိသော ပါလိသမြို့နေသူတို့သည် ဘုရားအလောင်း တရားကို မမှားမစောင်းအောင် လိုက်နာ၍ ဒါန စသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်ကာ သေရွာသို့ သွားသော အခါ၌ နတ်ပြည်အသီးသီးမှာ ဖြစ်ကြရကုန်၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်တော်မူ၍ ဇာတ်တော်ကို ဤသို့ ပေါင်းတော်မူလေ၏။

## ဇာတ်ပေါင်းခန်း

ထိုအခါ မင္ဂဟာရက ပုဏ္ဏားသည် ယခုအခါ ဒေဝဒတ်၊ ပဓမမင်းကြီးသည် သုဒ္ဓေါဒနေ၊ သုရသိမ်ပုရားသည် ပယ်ကော်မာယာ၊ ဒေဝကာမမင်းသားသည် အာနန္ဒာ၊ အမိုးစစ်သူကြီးသည် ရှင်သာရိပုတ္တရာ၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ ကြွင်းသော ပရိသတ်သည် ဘုရားပရိသတ်၊ သိရသာကုမာရသည် ငါဘုရားဖြစ်သည်ဟု ဇာတ်ကို ပေါင်းတော်မူ၏။

သိရသာကုမာရဇာတ် ပြီး၏။

---

# ၃၉—သောဏရာဇဇာတ်

မကောင်းစိတ်ကြံ၊ မကောင်းဉာဏ်ဖြင့်၊ သူ့ထံပစ်ပြေး၊ အပြစ်များက၊ သူအားမရောက်၊ ကိုယ့်ထံမှောက်၊ ကောက်ကောက်ပြန်လာ၏။

ကိန္နုရေါ တံ့ အာဂတော သေဋ္ဌိ- ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ကပိလဝတ် နေပြည်တော်ကို အမှီပြု၍ နိဂြောဓာရုံကျောင်း၌ ကိန်းအောင်းပျော်ရှင် နေတော်မူစဉ် စိဉ္စမာဏဝိကာ ပရိဗိုဇ်မသည် ပြုအပ်သော အပြစ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းတော်တို့သည် တရားသဘင်၌ စုဝေးမိကြသော် စကားကို ဖြစ်စေကုန်၏၊ ငါ့ရှင်တို့ အံ့သြဘွယ်ရာပါတကား- စိဉ္စမာဏဝိကာသည် မြတ်စွာဘုရားအား ထင်မှားစေသော အပြစ်ကို ဖြစ်စေ၍ နောက်ထပ်ဆင့်တက် သူဆိုမြွက်သောစကားသည်ငှင်း, သူပြုမူသောသဘောသည်ငှင်း သူ့ကိုယ်ကိုသာ အရှက်ရစေ၏၊ ငှင်းသူမသည် အလွန်အကြူး အထူးယုတ်မာသော အမှုကို ပြုသောကြောင့် မိမိ၏ ဘုန်းကျက်သရေကို ပျက်စေရလျက် ကြံစည်သော အမှုလည်း ထမြောက်အောင်မြင်မှု မရှိ၍ ချမ်းသာကိုလည်း မရရှာပေဟု စကားကို ဖြစ်စေကုန်၏။

ဘုရားရှင်သည် ဒိဗ္ဗသောတ အဘိညာဉ်တန်ခိုးအားဖြင့် ထိုရဟန်းတို့၏ စကားကို ကြားလေသော် တရားသဘင်သို့ ကြွလာတော်မူ၍ခင်းထားအပ်သော ဘုရားနေရာတော်၌ ထိုင်တော်မူပြီးလျှင် အဘယ်စကားဖြင့် ချစ်သားတို့-သင်တို့သည် စည်းဝေးပြုကြကုန်သနည်းဟု မေးတော်မူသောကြောင့် ရဟန်းအများတို့က ဤမည်သော စကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု လျှောက်ထားလေသော် ချစ်သားတို့ ယခုအခါမှသာ စိဉ္စမာဏဝိကာသည် သူပြုသော မကောင်းမှု သူ၏ထံသို့ ပြန်လည်ရောက်သည်မဟုတ်သေး၊ ရှေးအခါကလည်း သူပြုအပ်သော မကောင်းမှုသည် သူ၏အထံသို့သာ ရောက်ပေသည်သာတည်းဟု ဟောတော်မူ၍ မမြွက်သံချေ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## ၅၃။ အတိတ်ဝတ္ထု

ရှေးတုန်းက ဗာရာဏသီပြည်၌ ဝပ္ပမဝုံ အမည်ရှိသော မင်းသည် မင်းပြုလေ၏၊ ထိုမင်း၏ ချစ်လှစွာသော မိဖုရားသည်ကား နိမ္မာအမည်ရှိ၏၊မင်းကြီးမှာ သားခုနစ်ယောက် ထွန်းကား၏၊ အကြီးဆုံးသားကား ကပိလအမည်ရှိ၏၊ ဘုရားအလောင်းသည် အကြောင်းအားလျော်စွာ တာဝတိံသာနတ်ပြည်မှ နတ်သက်ခြွေ၍ ဝပ္ပမဝုံမင်းကြီး၏ မိဖုရား နိမ္မာဒေဝီ၏ ဝမ်း၌ စွဲလမ်းသန္ဓေ တည်နေလေ၏၊ ဆယ်လစေ့မြောက် ဖွားမြင်ရောက်သော် အမိဝမ်းမှ ထွက်၍ ရက်လချဉ်းလျက် ကြီးပြင်းလာရ သောဏနန္ဒ အမည်ရှိသော ကပိလမင်းသား၏ ညီငယ်ဖြစ်လေ၏၊မင်းသားနှစ်ပါး၏ ညီငယ်ဖြစ်သော ငါးယောက်သော ညီငယ်တို့သည်ကား မထင်ရှားကုန်၊ဗာရာဏသီမြို့၌ တဲ့ရှစ်ကုဋေကြွယ်ဝသော မိတ္တာအမည်ရှိသော သူဌေးတဦးသည် ဝန်တိုနှမြောသည်ဖြစ်၍ ပေးလှူရမှုကို မသိရှာလေ၊ ထိုအခါ ဆင်းရဲသော ယောကျ်ားတယောက်သည် မိမိ၏ မယား သမီးတို့နှင့်အတူ တရားသဖြင့် အသက်မွေးမြူလေသည်။

တနေ့သ၌ ထိုယောကျ်ားသည် သူ့မယားကို ရှင်မ ငါတို့သည် အကျိုးရှိသော အလုပ်ကို လုပ်၍ ဥစ္စာရှာမှီးကုန်အံ့ဟု ပြော၏။

ဘယ်အလုပ်မျိုး လုပ်မှာနည်းဟု မယားက မေးလျှင် ငါ့မှာ အကြောင်းတခုရှိသည် ရှင်မ ဤမြို့၏ မြောက်ဘက်အရပ်မှာ သစ်ပင်ကြီးများစွာ ရှိ၏၊ ဒို့နှစ်ယောက် ဤသစ်ပင်ကြီးတို့ကို ခုတ်လှဲ၍ လှေများ ထွင်းလုပ်ပြီး ရောင်းချလျှင် အရင်းအနှီးငွေ ရမည်ဟု ပြော၏။

မောင့်အကြံအစည်အတိုင်း ဖြစ်ဘို့ ပေါက်ဆိန်တို့ လှတို့ ဘယ်ကရမလဲဟု မယားက မေး၏။

သူဌေးအိမ်သို့ ချဉ်းကပ်ပြီး ငှားရမ်းလျှင် ရပါသည် ရှင်မဟု လင်လုပ်သူက ပြောလေသည်။

ကောင်းပါပြီ ဒီလိုဆိုလျှင် အလုပ်စကြစို့ရှဲဟု ဆိုပြီးလင်မယားနှစ်ယောက်တို့သည် သူဌေးအိမ်သို့သွား၍ သူဌေးကို နှစ်သက် သဘောပေါက်အောင် ပြောပြလျက် ပေါက်ဆိန်ကို ငှားရမ်းကုန်၏၊ ပေါက်ဆိန်ရလျှင် သစ်ပင်ကြီးများရှိသောနေရာသို့ သွား၍ သစ်ပင်တို့ကို လှဲလေသည်၊ သစ်တပင်ကိုလှဲ၍ လှေပြုလုပ်ရာ လှေတစင်း ပြီးသွား၏၊ ဒုတိယလှေကို ဆက်လက်ပြုလုပ်ရာ လှေမပြီးမီ ပုဆိန်သည် အရိုးကျွတ်၍ ပေါက်ဆိန်သွားသည် အန်း မလှမ်းမကမ်းရှိ တောချုံ၌ ပုန်းအောင်းနေသော ဒရယ်တကောင်၏ ဝမ်းပိုက်ကို ထိမှန်စူးဝင်လေသည်၊ ဒရယ်သည် အရှိန်အဟုန်ဖြင့် စူးဝင်သော ပေါက်ဆိန်အသွား

၏ ဒဏ်ရာဖြင့် ယင်းနေရာ၌ပင် လဲကျ သေဆုံးလေသည်၊ ထိုလင်မယား နှစ်ယောက်တို့သည် ပျောက်သော ပေါက်ဆိန်ကို ရှာဖွေကြရာ ဒရယ်အား ထိမှန်သော တောချုံတွင် မရှာကြဘဲ အခြားနေရာများကို လိုက်လံရှာဖွေရာ ပေါက်ဆိန်ကိုရှာ၍ မတွေ့ကြသဖြင့် ဗာရာဏသီမြို့သို့သွား၍ ထိုအကြောင်းကို သူဌေးအား ပြောကြားကုန်၏။

## ငါ့ပေါက်ဆိန်မှ ငါယူမည်

ထိုအခါ ထိုသူဌေးသည် ထိုလင်မယားတို့အား ငါသည် အခြားပေါက်ဆိန်တခု အစားပေးခြင်းကို အလိုမရှိပါ၊ ငါ၏ပေါက်ဆိန်ကိုသာ အလိုရှိပါ၏ဟု ဆိုလေသည်၊ ထိုနောက် ဇနီးမောင်နှံတို့က ပျောက်သွားသော ပေါက်ဆိန်တခုအစား အခြားပေါက်ဆိန် နှစ်ခု သုံးခု တရာအထိ ပေးမည်ဆိုသော်လည်း သူဌေးသည် သူ၏ ပေါက်ဆိန်ကိုရမှ ကျေနပ်နိုင်မည်ဟု ဆိုလေ၏၊ နောက်ဆုံးတွင် အိုသူဌေးကြီး ပေါက်ဆိန် တရာမျှ အစားပေးသည်ကိုမှ မကျေနပ်နိုင်ပါလျှင်—

ကျွန်ုပ်နှင့်တကွ သမီး မယား သုံးယောက်စလုံး အရှင်သူဌေး၏ ကျွန်ခံပါကုန်အံ့၊ ကျွန်တော်တို့ သုံးယောက်ကို လက်ခံပါပါဟု ဆိုကုန်၏၊ ထိုစကားကို ကြားလျှင် သူဌေးသည် ဟေ အမောင်တို့- ယနေ့ ငါသည် ငါ၏ပေါက်ဆိန်ကို မရလျှင် တပါးသော စည်းစိမ်ကိုလည်း မတောင်းတ မမျှော်မှန်း၊ ငါ၏ပေါက်ဆိန်ကိုသာ ရှာပေးပါပါဟု ဆို၏၊ ထိုစကားကိုကြားလျှင် ထိုလင်မယား နှစ်ယောက်တို့သည် သူဌေးအား ပန်ကြား၍ ပေါက်ဆိန်ရှာဖွေရန် ထိုမူလ သစ်ခုတ်သောနေရာသို့ ထွက်သွားကြကုန်၏၊ အမှိုက်သရိုက်များကို ရှင်း၍ တဖြည်းဖြည်းချင်း ရှာဖွေသွားရာ ဒရယ်သေနေသောနေရာသို့ ရောက်၍ ချုံကြား၌ ဒရယ်သေကို မြင်လျှင် ဤနေရာမှာမှ ငါ၏ ပေါက်ဆိန်ကို မတွေ့သော် ဒရယ်သေကို ဖျက်ဆီးလျက် ဒရယ်သားကို ချက်ပြုတ်စားအံ့ဟု ပြောဆို၍ ဒရယ်သေကို ယူ၍ ဝမ်းဗိုက်ခွဲလျှင် ပေါက်ဆိန်ကိုတွေ့၍ နှစ်သက်ဝမ်းမြောက်သော စိတ်ရှိလျက်—

ထိုဒရယ်သားနှင့်အတူ ပုဆိန်ကိုပါယူ၍ မြို့သို့လာပြီး သူဌေး၏ပုဆိန်ကို ပြန်လည်ပေးအပ်ကုန်၏၊ထိုအခါမှ သူဌေးကြီးသည် ကျေနပ်သွားလေတော့သည်။

## ကာလဝိပါက် နောက်ပိုးတက်တတ်သည်

နောက်အဘို့၌ ထိုသူဌေးကြီးအိမ်၌နေသောကလေးတို့သည် ပေါက်ပေါက်စားလို၍ ငိုကြွေးကုန်၏၊ သူဌေးကြီးသည် ကလေးငိုသံကြား၍ ကလေးတွေ ဘာပြုလို့ငိုနေတာလဲဟု မိမိအိမ်ဖော်တို့ကိုမေးလျှင် ပေါက်ပေါက်စားချင်လို့ ငိုနေပါသည်အရှင်-ဟု အိမ်ဖော်တို့က ပြောကြားကုန်၏။

ဒါဖြင့်ရင် ပေါက်ပေါက်ဖောက်၍ ပေးကြကုန်ဟု စေခိုင်းလေ၏၊ ထိုအခါ သူဌေးမကြီးမှ တယောက်သည် ပေါက်ပေါက်လှော်ရန် အိုးရှာသောအခါ ဆင်းရဲသားယောကျ်ားထံ၌ အိုးကွဲတခုကိုတွေ့သဖြင့် ယင်းအိုးကွဲကို ခေတ္တ ငှါရမ်း၍ ကလေးများအတွက် ပေါက်ပေါက်လှော်လေ၏၊ သူဌေးအိမ်ဖော် မသည် ပေါက်ပေါက်ဖောက်လှော်ပြီးသောအခါ အိုးကွဲကို ခေတ္တထားခဲ့ကာ ရေချိုးရန် မြစ်ဆိပ်သို့သွားလေ၏၊ ထိုအခါ ထိုသူဌေး၏ တဦးသောအိမ်ဖော် မသည် ပေါက်ပေါက် လှော်သော နေရာ၌ အိုးကွဲကိုမြင်လျှင် ဤကွဲသော အိုးကို ဤအရပ်သို့ ဘယ်သူဆောင်ခဲ့သနည်းဟုဆိုကာ အိုးကွဲကို အငတ်စိတ် ဘမှာမှာဖြစ်အောင် မီးဖိုရုံပြင်ဘက်သို့ ပစ်လိုက်လေ၏။

ထိုပစ်လိုက်သော အိုးကွဲကျသံကိုကြားလျှင် သူဌေးသည် ထိုအိမ်ဖော်မကို ဟဲ့-ကျွန်ပျက်မ- ထိုအိုးကွဲသော် အိုးရှင်ကငါ့ကိုတောင်းလျှင် ငါသည်သင့်ကို ရောင်း၍ အိုးကိုဝယ်ကာပေးအံ့ဟု ဆဲရေးပြောဆို၏။

ဆင်းရဲသောယောကျ်ားသည် ထိုအိုးကိုပစ်သောအချိန်၌ ထိုနေရာရောက် လာ၍ ထိုသူဌေးကို အရှင်သူဌေး- ယခု ထိုကွဲသောအိုးကို ကျွန်ုပ်အား ပေးပါဟု တောင်း၏၊ အိုးတောင်းသောစကားကို ကြားလျှင် အိုအချင်း ယောကျ်ား- သင်၏ ကွဲသောအိုးကို ငါ၏ အိမ်ဖော်တို့သည် ခွဲပစ်လိုက်ပြီ၊ ယခုငါသည် သင့်အား အိုးကောင်းတလုံးကို ပေးအံ့၊ ထို အိုးကောင်းကို အစားယူလောဟု ပြော၏။

သူဌေးပြောသောစကားကို ကြားလျှင် ဆင်းရဲသော ယောကျ်ားသည် ငါ့အား သူ့ရှဲပေါက်ဆိန်ပျောက်သွားစဉ်က အစားဖြစ်သော တပါးသော ပေါက်ဆိန်ကို ငါသည်ပေးပါလျက် ထိုသူဌေးသည်တပါးသောပေါက်ဆိန်ကို မယူလိုပဲ ထိုပျောက်သွားသော သူ့ရှဲပေါက်ဆိန်ကိုသာ ယူအံ့ဟု ပြောဆိုကာ အကြပ်ကိုင်ခဲ့၏၊ ယခုအခါ ငါသည်လည်း ယင်းသူဌေးအား ဂလဲ့စားချေအံ့ဟု ကြံစည်မိကာ အိုသူဌေးကြီး-သင်သည် မည်မျှကောင်းမွန်သော အိုးကိုပေး စေကာမူ သင်၏ ထိုကောင်းသောအိုးကို မယူလိုပါ၊ ကျွန်ုပ်၏ ကွဲသောအိုးကို သာ ယူလိုပါ၏ဟု ပြော၏။

## လက်စားချေ ပေးလေကွဲ့အိုးကွဲ

၁

အိုအမောင်ယောကျ်ား- သင့်အား ကောင်းသော အိုးနှစ်လုံး သုံးလုံးမှ တရာအထိ ပေးပါမည်ဟု ပြောသော်လည်း မကျေနပ်နိုင်သဖြင့် သို့ဖြစ်လျှင် ငါ၏ ကျွန်နှစ်ယောက်ကို သင့်ထံ၌ ကျွန်ခံစေပါမည်ဟု ပြောသော်လည်း သူဆင်းရဲယောကျ်ားက လက်မခံမကျေနပ်ဘဲရှိနေလေ၏။

ထိုဆင်းရဲသောယောကျ်ား၏စကားကိုကြားလျှင် သူဌေးသည် ထိုဆင်းရဲသောယောကျ်ားအားစိတ်ဆိုး၍· အိုအမောင်ယောကျ်ား- ဒီလိုဆိုရင် သင်၏အိုးကွဲသည် မြေကြီးမှာ အပိုင်းပိုင်းအပြတ်ပြတ် ကွဲသွားသဖြင့် မြေကြီးနှင့်ရောနှောလျက်နေရကား ထိုအိုးကွဲကို မည်သို့မျှ ပြန်လည်အစားပေး၍ မရနိုင်ပါ၊ သို့ဖြစ်၍ ဘုရင်မင်းမြတ်ထံ သွားရောက် အဆုံးအဖြတ် ခံကြပါအံ့၊ အကယ်၍ ဘုရင်မင်းမြတ်က ရွှေအိုးကိုအစားပေးရမည်ဟု ဆိုလျှင်လည်း ငါပေးအံ့ဟုပြောဆိုကာ သူဆင်းရဲယောကျ်ားကို ခေါ်၍ ဘုရင်မင်းမြတ်ထံသို့သွားလေ၏။

ထိုအခါ ဓမ္မဓဇမင်းကြီးသည် ရတနာပလ္လင်ထက်၌ ထိုင်နေလျက် ရှိရာ မျက်နှာမကြည်မသာဖြင့် မိမိထံမှောက် ရောက်လာသော သူဌေးကြီးအား လာရင်းအကြောင်းကို ဤသို့မေးလေသည်။

ကိန္နု တွံ အာဂတော သေဋ္ဌိ၊ ကောဓမုခေါသိ ကေနဝါ။

ပုဋ္ဌော မေ ဟံ ခိပ္ပမေဝ၊ ပဝက္ခာဟိတဥ္ဇ ဣဓ။

သေဋ္ဌိ၊ ပစ္စည်းဥစ္စာ စည်းစိမ်ဂုဏ်ဖြင့် နယ်စုံပျံ့မွှေး အိုသူဌေး။ တွံ၊ နာမည်ပျံ့မွှေး သင်သူဌေးသည်။ ကိန္နု၊ ဘယ်လိုမှုခင်း အကြောင်းရင်းကြောင့်။ အာဂတော၊ မျက်တရက်သာ ကြွလာပါသနည်း။ ကေနဝါ၊ အဘယ်သို့ပါ စိတ်မချမ်းသာနှင့်။ ပုဋ္ဌော၊ အရေးမပြည့် တွေ့ထိခံစားရသည်ဖြစ်၍။ ကောဓမုခေါ၊ အမျက်ရောင်လျှမ်း ကြမ်းထမ်းသော မျက်နှာရှိသည်။ အသိ၊ ဖြစ်ပါသနည်း။ဣဓ၊ ဤနေရာ၌။ တံ၊ သင်သူဌေးမင်းသည်။ မေ၊ ငါမင်းမြတ်အား။ ခိပ္ပမေဝ၊ မကြာမတင် လျှင်စွာသာလျှင်။တဥ္စ၊ မကျေနပ်၍ မပြေလတ်သော အကြောင်းကိုလည်း။ ပဝက္ခာဟိ၊ အမှန်သဘောရအောင် ပြောပြပါလေလော။

မင်းကြီး၏ ပြောစကားကို ကြားလျှင် သူဌေးသည် ရှိခိုးလျက် ဤသို့လျှောက်တင်လေသည်။

မုခေါ မေ ဒုဗ္ဗဏ္ဏော ဟောတိ၊ ကောဓဒုက္ခေန ပီဠိတော။

အဇ္ဇာဟံ ဣဓာဂစ္ဆာမိ၊ ပတိဋ္ဌောသိ တွံ မေ ရာဇ။

ရာဇ၊ ရေမြေသနင်း အရှင်မင်းမြတ်။ မေ၊ အကျွန်ုပ်၏။ မုခေါ၊ အများမြင်ရာ ရှုမျက်နှာသည်။ ကောဓဒုက္ခေန၊ အကြောင်းမတန် ဘောင်းလံအောင်ပြောချက် ဒေါသထွက်သော ဒုက္ခဖြင့်။ ပီဠိတော၊ စိတ်ထက်မှာ အနှိပ်စက်ခံရသည်ဖြစ်၍။ ဒုဗ္ဗဏ္ဏော၊ ရုပ်ပြမြင်ကွင်း အဆင်းမလှသည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။ ကောဓဒုက္ခေန၊ အမျက်ထွက်ရ ဆင်းရဲ ဒုက္ခသည်။ ပီဠိတော၊ စိတ်ဓာတ်မှာကွက်၍ အနှိပ်စက်ခံရသောကြောင့်။ အဟံ၊ အကျွန်ုပ်

သည်။ အဇ္ဈ၊ ယခု။ ဣမ၊ မင်းကြီးရှိရာ ဤနေရာသို့။ အာဂစ္ဆာမိ၊ စစ်ဆေးဘို့ရာ လာခဲ့ရပါသည် ဘုရား။ တွံ၊ သင်မင်းမြတ်သည်။ မေ၊ ကောဓတွေ လှန်မေးတဲ့ ကျွန်ုပ်သူဌေး၏။ ပတိဌ္ဌော၊ အားထားယုံကြည် တည်မှီရာသည်။ အသိ၊ ကေန်စင်စစ် ဖြစ်တော်မူပါဘုရား။

ဤစကားလျှောက်ကြား သံတော်ဦး တင်ပြီးတော့ သူဌေးကြီးသည် အရှင်မင်းမြတ်ကြီး ဘုရား- ဤဆင်းရဲသား ယောကျ်ားသည် အိုးကွဲတခု အကြောင်းပြု၍ သူ့အားပေးသည့် အိုကားတရာ- ကျွန်မမှာ နှစ်ယောက်အစားတိုးလို့ ထောက်ပေမဲ့ လက်မခံပါ၊ သူ့အိုးကွဲကြီးကိုသာ အဖန်ဖန်တောင်းခံနေပါသည်၊ ယခု ကျွန်ုပ်တို့၏ အိုးကွဲကြီးကို အကြောင်းထား၍ ဖြစ်ပွားသော အငြင်းကရားကို သဘောသွား ညှိလစ်၍ စိစစ်တော်မူပါဘုရား။

ဤသို့သူဌေး စကားပေးလျှောက်တင်တော့ တယောက်ဘုရင် ဓမ္မမုမင်းကြီးသည် အခင်းတနည်း ယင်းအစွဲ ကြားရအောင် ဆင်းရဲသားကို မေးလေသည်။

(မင်းမြတ်) အိုအချင်းယောကျ်ား- သူဌေး ပြောကြား ထို အလုံးစုံသော စကားသည် အမှန်ပင်ဖြစ်လေသလောဟု မေးလေသည်။

(သူဆင်းရဲ) အရှင်မင်းကြီးဘုရား- သူဌေးကြီးပြောကြားတဲ့ ထို စကားတွေသည် အမှန်ပင် ဖြစ်ပါသည်။ စင်စစ်အားဖြင့်တော့ ဤရန်ငြိုးထား တရားဆင်တဲ့စကားဟာ ကျွန်တော်မျိုးစကားမဟုတ်ပါ၊ ဤ အစွဲအလမ်းကြီးတဲ့ စကားသည် ဤသူဌေး၏ ပေါက်ဆိန်ပြဿနာသို့ အစဉ်လိုက်သော စကားသာဖြစ်ပါသည်-

ဟု လျှောက်ထား၏၊ ဤသို့ပြောဆို လျှောက်ထားပြီးနောက် ဆင်းရဲသားသည် အစမှစ၍ ထိုပေါက်ဆိန်ဖြင့် မိမိအား အာဃာတ စကား ပြောပုံကို ပင်အား လျှောက်တင်လေသည်။

(မင်းမြတ်) ဆင်းရဲသားလျှောက်တင်သော စကားကိုကြားလျှင် မင်းကြီးသည် သူဌေးကို အိုသူဌေး- ဤဆင်းရဲသား ပြောစကားသည် အမှန်ဘဲလားဟု မေးလေသည်။

(သူဌေး) ဟုတ်ပါသည် အရှင်မင်းကြီး သူပြောသည့်အတိုင်း အလုံးစုံ မှန်သည်ဟု လျှောက်တင်လေ၏။

(မင်းမြတ်) ထိုအခါ မင်းကြီးက အိုသူဌေးကြီး- ဒီလိုဆိုရင် ဤဆင်းရဲသား ယောကျ်ားရဲ့အပေါ်၌ သင်ပြုအပ်သော ရန်ငြိုးဖွဲ့ခြင်းမကောင်းမှုကံသည် သင့်ထံတဖန် ပြန်လာချေသည်၊ သင် ပဌမ ပြုခဲ့သော

အာဃာတကြောင့် ယခုဆင်းရဲသားက သင့်အပေါ်၌ အာဃာတ ပြန်ထားခြင်းဖြစ်သည်၊ ဤအပြစ်သည်ကား သင်သူဌေးကြီး၏ အပြစ်သာ ဖြစ်ပေသည်၊ သင်၏အပြစ်ကို သိမြင်ပါသလောဟု သူဌေးကြီးအား မေး၏။

(သူဌေး) မိမိ၏အပြစ်ကို မြင်ပါသည်။

(မင်းမြတ်) သင်တို့ပြဿနာကို ကျွန်ုပ်သိပြီဖြစ်သောကြောင့် သင်တို့ပြဿနာကို တရားသဖြင့်ဖြစ်အောင် ကျွန်ုပ်အဆုံး အဖြတ်ပေးမည်၊ သို့ဖြစ်၍ ကျွန်ုပ်၏အဆုံးအဖြတ်အတိုင်း လိုက်နာပါမည်ဟု သင်တို့နှစ်ဦးလုံးက ဝန်ခံကတိပြုကြပါမည်လော။

(သူဌေး-ဆင်းရဲသား) အရှင်မင်းကြီး- ကျွန်ုပ်တို့နှစ်ဦးသည် မင်းကြီးဆုံးဖြတ်သည့်အတိုင်း လိုက်နာပါမည် ဟု ကတိပြုကြပါသည် အရှင်မင်းကြီး။

ဟု ပြောကြားလေလျှင် ထိုသူနှစ်ဦးတို့၏ ယွက်ဆိုပြောကြား စကားများကို နားထောင်၍ မင်းကြီးသည် ရှေးဦးစွာ ဆင်းရဲသားကို-

(မင်းမြတ်) အိုအချင်းယောကျ်ား- သင့်မှာ သားသမီးနှစ်မျိုးတွင် ဘယ်ဟာရှိသနည်း။

(သူဆင်းရဲ) အရှင်မင်းကြီး ကျွန်ုပ်မှာ သား မရှိပါ၊ သမ္မာဓနီမည်သောသမီး တယောက်သာ ရှိပါ၏။

(မင်းမြတ်) အိုသူဌေး- သင့်မှာရော သားလား သမီးလား၊ ဘယ်ဟာရှိသနည်း။

(သူဌေး) အရှင်မင်းကြီး- ကျွန်ုပ်မှာ ဝဍ္ဍနကုမာရ မည်သော သား တယောက်သာ ရှိပါသည်ဟု ပြောကြား၏။

ထိုအခါ ဓမ္မမဟုမင်းကြီးသည် သူဌေးကို အိုသူဌေး- သင်၏သားကို ဤသူဆင်းရဲ၏ သမီးနှင့် ထိမ်းမြား ပေးစားရမည်၊ သင်၏သားအား ခန်းဝင်ပစ္စည်းအဖြစ် ဥစ္စာရွှေငွေ လေးကုဋေ ပေးလိုက်ရမည်၊ အကယ်၍ သင်၏သားသည် သူဆင်းရဲ၏ သမီးကို စွန့်ခွာ၍ အရပ်တပါးသို့သွားလျှင် ဤပစ္စည်းများသည် သူဆင်းရဲ၏ သမီး၏ ပစ္စည်းဥစ္စာ ဖြစ်စေရမည်၊ အချင်းခပ်သိမ်း သင်သူဌေးသည် ဤဆင်းရဲသားနှင့် ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံရမည်ဟု စီရင်ဆုံးဖြတ်လေသည်။

(သူဌေး) ကောင်းပါပြီ အရှင်မင်းကြီး။

## ကိုယ်ဝန်ရ လင်မယားကွဲ

သူဌေးကြီးသည် မင်းကြီး၏အဆုံးအဖြတ်ကို ဝန်ခံ၍ မင်းကြီးအား ရှိခိုးပြီးလျှင် သူဆင်းရဲ၏အိမ်သို့ သွား၍ သူ၏သားနှင့် ဆင်းရဲသား၏ သမီးတို့ကို လက်ထပ်မင်္ဂလာ ပြုပေးကာ သားနှင့်ချွေးမတို့အား ဆင်းရဲသား၏ အိမ်၌ပင် နေစေ၏။

ထိုအချိန်မှစ၍ သူဌေးကြီးနှင့် ဆင်းရဲသားယောက်ျားတို့သည်လည်း ညီညီညွတ်ညွတ် မလွတ်တိုင်ပင် ကြည်ရွှင်ဝမ်းမြောက် အလွန်ချစ်ခင်သော အဖော်သဟဲအဖြစ်သို့ရောက်ကြကုန်၏။

နောက်အဘို့၌ သမ္ဘာဝနီအမည်ရှိသော မိန်းကလေးသည် ထိုသူဌေးသားနှင့် ပေါင်းသင်းဆက်ဆံ၍ ကိုယ်ဝန်ရရှိကာ ကိုယ်ဝန် ဆယ်လမျှ ရှိသော အခါ၌ ဝဍ္ဍကုမာရအမည်ရှိသော သူဌေးသားသည် မိမိ၏သူဌေးသား ဟူသော ဇာတိမာန်ဖြင့် ဂုဏ်ခံပလွှားလျက် မိမိ၏မယား သမ္ဘာဝနီကို ဟော့ မိန်းမယုတ်- နင်ကား အိုးကွဲမျှကိုသာ ပိုင်ဆိုင်တဲ့ သူဆင်းရဲမျိုးမှာဖြစ်သည်၊ အနည်းငယ်မျှနှင့်မှာ ပစ္စည်းမရှိ၊ နင်တို့မိသားစု သုံးဦးသည် ငါ့ကို အမှီပြု၍ ယခုအသက်ရှင်လျက် ဝဝလင်လင် လူမြင်လုလု စားသောက် နေထိုင်ရသည်၊ ဤအခါမှာ ငါသာမရှိလျှင် နင်တို့တတွေ ငတ်ပြတ်မွဲတေ၍ ဆင်းရဲစွာ နေကြရမည်ဟု နှိမ်ချပြောဆိုလေသည်။

ထိုသူဌေးသား ယဲဆိုသော စကားကို ကြားလျှင် သမ္ဘာဝနီသည် မိမိတို့၏ဆင်းရဲသားအဖြစ်ကို တွေးမိ၍ ဝမ်းနည်းကာ မျက်ရည်ယိုငိုကြွေးလျက် မိမိ၏စိတ်၌ ဤသို့အဓိဋ္ဌာန်လေသည်၊ ငါသည်ကား ဤဖြစ်နေသော ခန္ဓာကိုယ်အတ္တဘော၌ ဘုန်းကံ နည်းပါးပေစွ၊ ငါသည် ကံမကောင်းသောကြောင့် ဤဘဝ၌ ဆင်းရဲရ၏၊ သို့သော်လည်း ငါ၏ဝမ်းဗိုက်၌ တည်နေသော ကိုယ်ဝန်သည်ကား ဘုန်းကံရှိသောသူ ဖြစ်လိမ့်မည်ထင်၏၊ ငါ၏ကိုယ်ဝန်မှ သား, သို့မဟုတ်သမီးသည် ဘုန်းကံရှိသည်ဖြစ်စေကာမူ ဤသူဌေးသားသည် ငါ့အား ဆဲရေးရေရွတ်မြည်တွန်နေမည်သာ ဖြစ်သည်၊ သို့ဖြစ်၍ ဤငါ၏သား သို့မဟုတ်သမီးကို ဤသူဌေးသားသည် မမြင်ပါစေသတည်းဟု အဓိဋ္ဌာန်လေသည်။

## မီးမဖွားမီ ကိုယ်ဝန်ကို သိကြားဆောင်ယူ

ထိုနေ့၌ပင်လျှင် သိကြားမင်းသည်-သတင်းမှုလည်အောင် လူ့ပြည်သို့ကြည့်သည်ရှိသော် ထိုသမ္ဘာဝနီ၏ဝမ်း၌ ကိန်းသော မိန်းကလေး၏ ဘုန်းကံကြီးမြင့်သောအရေးကိုမြင်၍ စိတ်တွင်တွေးမိသည်ကား အော်အံ့ဘွယ်ရာပါတကား-လူ

သားတို့နေ လူတို့မြေဝယ် သမ္ဗာဝနီအမည်ရှိသော မိန်းမ၏ဝမ်း၌ပဋိသန္ဓေတည် နေသော မိန်းကလေးသည်ကား ဘုန်းကံသမ္ဘာရှိ၍ ဗုဒ္ဓကိုရသောဏနန္ဒ၏ ဇနီး ဖြစ်ပေလတံ့၊ ယခုငါသည် လူ့ရွာသို့ ပြေး၍ ထိုမိန်းကလေးကို ချီးမြှောက် စောင့်ရှောက်မှ သင့်မည်ဟု အကြံပြုမိလေသည်။

ဤသို့ အကြံပြုပြီးနောက် စိတ်ရောက်ကိုယ်ပါ နတ်ရွာမှသက်ဆင်း မိမိ ကိုယ်ကို ငှက်အသွင် ဖန်ဆင်း၍ သမ္ဗာဝနီ၏ ဝိတွင်းမှဝင် ကိုယ်ဝန်ကိုသုတ် ချီကာ ဟိမဝန္တာသို့ ယူသွားလေသည်၊ ဟိမဝန္တာသို့ရောက်သောအခါ ဆဒ္ဒန် အိုင်ဝယ် ပဒုမာကြာဝတ်ဆံ အလယ်၌ ကိုယ်ဝန်သားကိုထားပြီး ကြာငုံကြီး ပြုလုပ်၍ နတ်တွေကို စောင့်ရှောက်စေကာ တာဝတိံသာသို့ ပြန်လေသည်။

သမ္ဗာဝနီ အမည်ရှိသော မိန်းကလေးသည် စိတ်တွေးအလျောက် မိမိ ကိုယ်ဝန်ကို ငှက်လာရောက်၍ ဆောင်ယူသွားသည်ကို သိသဖြင့် ယခုပင် ငါ၏ ဆုတောင်း အကြောင်းစုံညီ ပြည့်လေပြီဟု ကြံစည်စိတ်ကူး ရှင်မြူးဝမ်းသာ လျက် မိမိ၏ အဖဂေဟာမှာ ပျော်ရွှင်စွာ နေလေသည်။

ထိုအခါကာလ ဆဒ္ဒန်အိုင်မှ မနီးမဝေး ဝိသုဒ္ဓဟု အမည်ပြေးသည့် ကျင့် ရေးလွန်သား ရသေ့တပါး၏ ဈာန်ပွားရိပ်ကောင်း သခ်မ်းကျောင်းတခု ရှိလေသည်၊ ထိုနေ့မှာ ထိုရသေ့သည် ရေခပ်ရန် ဆဒ္ဒန်အိုင်ရပ် ချဉ်းကပ်ပြီး လျှင် ကြီးစွာသော ထိုအိုင် အငုံစိုင် ဖြစ်နေသေးသော ပဒုမာကြာကြီးမှ ဗျာသီးမဆန် ကလေးသံကို ကြားလျှင် တပါးအရှင် ထိုရသေ့ တရွေ့ရွေ့ ချင်း ရေအိုင်သို့ သက်ဆင်းကာ ထိုကြာကို ခူးယူလျက် အလယ်ခွက် ဝတ်မှုံ ထွေး ကလေးကို မြင်လေသော်- အစဉ်ပြည့်ကြွား သနားသော နှလုံးသားရှိ သည်ဖြစ်၍ ဖွံ့နှစ်သော ကလေးငယ် လက်ဝယ်ထွေးပိုက်၍ ရေးတစိုက်လာ လမ်းကောင်းဖြင့် သခ်မ်းကျောင်းသို့ ဆောင်ယူလေသတည်း။

သခ်မ်းကျောင်း၌ရောက်လေကလျှင် ကေသရဝတ်မှုံ ဟဖုံပန်းသွင် နူးညံ့အောင် ခင်းပြင်၍ ထိုနေရာတွင် အိပ်စေပြီး ငါသည် ယခု ကလေးနုကို စားမှုနို့ရည် ရစေမှ၍ ငါ၏လက်တချောင်းမှ ဖြောင်းဖြောင်းနို့ရည် လက် နှစ်ချောင်းမှ သလေးထမင်းနှင့် ရေသောက်သုံးစေအံ့ဟု ကြံလျက် နို့နှင့်ထမင်း ရေတို့အတွက် မိမိ၏ လက်သုံးချောင်းကို နေ့စဉ် တိုက်ကျွေး စုတ်ယူစေ လေ၏။

အဖ ရသေ့သည် ချစ်ငွေ့လျှံသွယ် ထိုသူငယ်မကို အမည်ယူရသောနေ့၌ သူ့အလာဖြင့် ပဒုမာဟု အမည်ပေးလေသည်၊ ပဒုမာသည် နူးညံ့စွာသော

အသားအရေရှိ၏၊ တဆဲ့ခြောက်နှစ် သံရစ်သိမ်းသစ် အပျိုကလေးဖြစ်လာသော အချိန်အခါ၌ အရှိန်အဝါ ဝတိ'သာကျ နုတ်သမီးတမျှ အလှကြီးလှ ရှာလေသည်။

## ပဒုမာ နေစရာဗိမာန်

ထိုအခါ အဖရသေ့- တနေ့မှာ အကြံဖြစ်လေသည်ကား အော် ယခုအခါ ငါ့သမီး ပဒုမာသည် အလွန်လှပဘင့်တယ် မြင့်ထယ်သော ရုပ်လက္ခဏာ ရှိ၍ နတ်မိကလျှားပုံစံပမာ ဖြစ်ပေသည်၊ ယနေ့မှစ၍ ဤသခ်မ်းကျောင်း ဌာန၌ အဖနှင့်အတူ နေပူမသင့် တပါးသူတို့ ကဲ့ရဲ့လင့်ရာသည်၊ ငါ့သမီးတွက် နေ့ရက် ရှည်ကြာ နေရာအိမ်ကို ငါ၏မဟာရာမ ဒက္ခိဏာတောင်စွန် အလွန်မဝေး ဂါဝုတ် ဝက်ပျ ဝေးသော မြေအပြေး၌ နေရေးဌာန ရသင့်ပေသည်၊ အမှန်စင်စစ် အကြံသစ်ဖြစ်သော ငါမှာ ကညာသမီး နေပိုးသင့်လျော် တော်သင့်သော ဂေဟာ အဘယ်မှာ ရပါအံ့နည်းဟု ကြံစည်လေသည်။

ထိုခဏ၌ ဒေဝါပင်းဖျား သိကြားမင်းသည် ယခုအခါ ထိုပဒုမာကို ရသေ့မွေးသဖြင့်အဘယ်မှာ အရေးပြေတော့အံ့နည်းဟုကြံစည်မိ၍ ရသေ့အကြံ အစည်ကိုသိကာ ဝိသကြုံနတ်သားကိုခေါ်၍ လူ့ဘုံသို့သွား၍ ဟိမဝန္တာ ဝိသုဒ္ဓ ရှင်ရသေ့၏ သခ်မ်းကျောင်းမှ ဂါဝုတ်ဝက်မျှ ပမာဏရှိသော အရပ်၌ ပဒုမာ ၏ နေအိမ်ကို ဆောက်လုပ်ပြီးကာ ထိုနေရာတဝိုက်ကို နှစ်ခြိုက်ဖွယ်ရှိအောင် ပြင်ဆင်လျက် နတ်ခွင်သို့ ပြန်ခဲ့စေဟု အမိန့်ပေးလေသည်။

## ပဒုမာ၏ ကျောင်းသီးရိပ်သာ

သိကြားစကား နတ်သားဝန်ခံ၍ လူ့ထံသို့သက်ဆင်း သိကြားမင်းအမိန့် အတိုင်း မဆိုင်းပသွေ သခ်မ်းကျောင်းမှ ဂါဝုတ်ဝက်မျှဝေးသော ရပ်ဌာ နေ၌ သစ်ငုတ်တွေအကုန်ရှင်း မြေတလင်းကို ညီအောင်ပြု သဲစုကို ဖြန့်ကြဲ အပွင့်အသီး တွဲလဲရှိသော သစ်ပင်ကြီးတို့ဖြင့် ရှုမြင်လို့မငြီးဘွယ် တံတိုင်းကြီးရံ သွယ်၍ တံခါးငယ်အထပ်ထပ် သွားလမ်း ပြန့်လမ်းတွေ အရပ်ရပ်ဖြင့် တန်ဆာ ဆင်အပ်သည်ကတပျိုး၊ချိုးစရာ သောက်စရာ အဖြာဖြာသော ရေကန် ရေလျှံ မိုးလစ် မြစ်တို့ဖြင့် နှစ်သက်ဖွယ်ရာ တန်ဆာဆင်အပ်သည်က တသွယ်၊ ကောင်း မွန် သန့်ရှင်းသော ရွာငယ်ကို ဖန်ဆင်း၍ ရွာတွင်းအလယ် ဆေးရေး ရုပ် အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်သော စောင်းတန်းတုရိုင် ကိုင်တပ်ထား တံခါးပျဉ်ချပ်တို့ဖြင့် အစဉ်မပြတ်ယှဉ်သော ဩောင်စောင်း နူးညံ့ချောညက် အရောင်အမျိုးမျိုးထွက်သော အဝတ်တို့ဖြင့် တန်ဆာဆင်သည်လည်း တဖြာ၊

အခါခါပ်သိမ်း သုံးစရာ ဝတ်စရာ ခြုံစရာ ရုံစရာ ပုံမှာဆန်းကြယ် အသွယ်သွယ်သော အဝတ်အနှင်တဲ့ အဖြာဖြာသော နံ့သာရေမွှေး၊ နံ့သာအေး၊ သားသွေး ညီကြောင်း နံ့သာပျောင်းတို့နှင့် ပြည့်စုံသည်လည်းတထွေ၊ သောက်ရေခွက် သုံးရေခွက် ရွှေခွက် ငွေခွက် ခွက်ကြီး ခွက်သေး' အရေးပန်းမှန် ထယ်တန်ဇာတ်ကြီး ပုံတော်စုံတို့ဖြင့် ပြီးသော ရေခွက်တို့ဖြင့် ရေတွက်မခန်း ပြွမ်းပေသော အိပ်တော်ဖြတ်ကို သင်ယပ်စွာ ဖန်ဆင်း၍ ဘေးမကင်းနောက်ဆွယ် ကြောက်ဘွယ် အသုံးကိုကို ရှင်းပြီးလျှင် ကမ္ဘည်းနှင်းသည်ကား ဤဌာနသည် ပိသုဒ္ဓရသေ့၏ သမီးကညာ ပဒုမာ၏ နေရာဌာန ဖြစ်စေသတည်းဟု တံခါးဝပျဉ်ချပ် အက္ခရာစာတပ်၍ နတ်ရပ်သို့ ပြန်လေသတည်း။

နောက်တနေ့ ပိသုဒ္ဓရှင် ရသေ့သည် သိမ်မွေ့နူးညက် သမီးလှဘယက်၏ ကျသက်နေရာ အိပ်ဂေဟာကို ချိန်ရွေစွာပလု ယာဉ်ပြုတော့အံ့ဟု ကြံစည်ပြီးလျှင် မိမိ၏သင်္ခမ်းကျောင်းမှ ထွက်၍ ဆင်းသက်ကာမြေလမ်း လှမ်းကြွသည်ရှိသော် ထိုနေရာသို့ရောက် တံခါးအနီးကပ် စာတမ်းကိုဖတ်တော့ ထက်နတ်များနည်းလျော် သမီးဘော်အား ပေးသည်၏ အဖြစ်ကို သိ၍ တည်ရှိသော တံခါးကို ဖွင့်ကာ ရှာတွင်းသို့ဝင် မြင်ဖြင်သမျှ ဌာနကိုလည့် ခြူးပန်းခြူးနွယ် အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်သောအိမ်ကိုကြည့်၍ တည်ရှိသောလျှောကားမှတက် အိမ်ထက်တွင် အမြင်လှစွာ တန်ဆာဆင်ထားသော ကျက်သရေရှိသော အိပ်ရာနှင့် အသုံးအဆောင် ပစ္စည်းများကို မြင်လျှင် ဘဝင်ချမ်းမြအံ့ဩဘွယ်ရှိပေစွ၊ သမီးလှပဒုမာသည် ဤလူ့ရွာအတ္တဘော၌ ဇာတ်ကြောသစ်ကာ ဖြစ်လာသော်လည်း လွန်စွာနူးနှံ့ ဘုန်းကံရှိပေစွဟု ပိမိစိတ်၌ မှတ်သား၍ ရပ်မနား ထိုအိမ်ထက်မှ ဆင်းသက်ခဲ့ပြီးလျှင် မိမိသင်္ခမ်းကျောင်းပြန်လာ သမီးကညာကို မြင်ခဲ့ရာတွေ့ပြောပြ သဘောကျ ထိုရွာ၌ ပျိုကညာသမီးအလှကို စံနည်းတကျ နေစေပါသတည်း။

## တော်ထဲမှာနေပေပဲ ဖူးစာကဲမြင့်

ထိုအချိန်ပုစ၍ ဓမ္မမွှေသော ထိုရသေ့သည် ဘိုလေ့ပယ်ခဲ့ ကဲ့ရဲ့ခြင်းကင်းဝေးကာ ရှင်လန်းလျက် သင်္ခမ်းကျောင်း၌ နေလေသည်၊ ထိုသို့သားအဖတရားမျှ၍ နေကြစဉ် ကင်္ကတွင်သော် ဓမ္မဝုပင်းကြီး၏ ချစ်မပြီးမေတ္တာသားကြီးရတနာဖြစ်သော ကာဠလမင်းသားသည် ညီးထွားကံလှ သောဏနန္ဒမင်းသားကို ပယ်ခွင်းမှား ဂရိုစ်ဝင်ကို ဤသို့ ကိုးပင်လေသည်၊ ညီလေးသောဏနန္ဒ သားသမင်ပေါတဲ့ကျော တောကစား ထွက်ကြစို့၊ လာလေ ညီတော်း ချိန်လေးမရှု ယာဉ်ပင်သွားကြအံ့ဟု တိုင်ပင်လေသည်။

ဘုရားအလောင်း ညီပျိုသည် အစ်ကိုခေါ်သည်ကို မလိုက်လိုသော်လည်း အစ်ကိုနှိပ်စက်စိတ်ပျက်မည်စိုး၍ အကျိုးကိုမျှော်ညောင်း ကောင်းပါပြီဟုဝန်ခံပြီးလျှင် ပဇည်းထိုထိုလိုရာကိုသိုလျက် ထိုညီအစ်ကိုမင်းသားနှစ်ယောက်တို့သည် ကြွရောက်ကာ အဖမင်းအား ခွင့်ပန်ခြင်းကိုပြုလျက် တောမှမှာ တန်ခိုးထွားသော မုဆိုးသားတို့ကို စုဝေးစေ၍ မုဆိုးနှင့်စစ်သား ဝန်ရံကာထားပြီး တောကစားရန် တောသို့ဝင်ကြကုန်၏။

ညီနောင်နှစ်ယောက်တို့သည် တောကစားထွက်လာ တောသို့ရောက်သောအခါ ပမိပိုအလိုရှိရာ သားသမင်ကို လိုက်လံရှာဖွေကြယင်း တစ်ဦးနှင့်တစ်ဦး ဝေးကွာသွားကြကုန်၏။

## နတ်ရေးတဲ့ ဖူးစာကံ

ထိုအခါ ထိုတောအရပ်၌ စောင့်ရှောက်သော တောစောင့်နတ်မင်းသည် ယခုအခါ ငါသည် သောဏနန္ဒမင်းသားကိုပဒုမာနှင့်ညားအောင် အောင်သွယ်ပြုရတော့အံ့ဟုကြံပြီးလျှင် သောဏနန္ဒမင်းသား၏ ရှေ့မျှောက်မှာ ရွှေရောင်တောက်သောသမင်သဏ္ဍာန် ဖန်ဆင်း၍ ပြေးလေ၏။

သောဏနန္ဒမင်းသားသည် ရွှေသမင်ကိုမြင်၍ အစဉ်လိုက်လေရာ ဖော်မပါ တကိုယ်တည်း မြင်းတစည်းနှင့် တဟုန်တည်း လိုက်လေလျှင် နောက်ခွင်မှာ ပိုလ်ပါတွေကျန်ရစ်၍ မြင်းကွင်းမှ တရစ်ရစ်ဝေးသော ဌာနသို့ မြင်းနှင့်တကွ ပြေးလိုက်နေလေသည်၊ အဟုန်ရှိသမျှ ဗလအားသွန် အလွန်အကျုံပြေးရလို့ မြင်းကမော လူကြောကပြတ် ဇက်ကြိုးကိုသတ်၍ ထိုအရပ်မှာ မြင်းကိုထားလျက် တပါးတည်းသမင်နောက် ခြေကျင်ရှောက်လိုက်ရာ ရွှေသမင်ကပျောက်နေဝင်သောအချိန်ရောက်လေသတည်း၊ နေဝင်လျှင် ရွှေဘဝင်အေးရအောင် သစ်ပင်တက်ငှက်မှာ မိတ်ပျက်ပျက်နှင့် အိပ်စက်လေ၏၊အရှေ့လောကဓာတ်မှ တောတသက်ကို ဘလင်းဓာတ်ရောင်ခြည် မှောင်မသိနိုင်အောင် ထွေးပိုက်၍ လာလျှင် မြင်သောသစ်သီးကိုစား သစ်ခွကြားမှဆင်း၊ မင်း၏အရှက် ရွှေသပင်ပရလျှင် ဤတောမှငါမထွက်ဟု လာဘက်ကိုမလှည့် သမင်၏ခြေရာကို သေအချာကြည့်ပြီးလျှင် တတိတိ ခြေကျင်နှင့် သမင်ကိုမြင်တော့ အပြေးဆက် ခုနစ်ရက်သို့ပင် ရောက်ခဲ့လေသတည်း။

ထိုတောစောင့် နတ်သားသည် သမင်အမှတ်အသားကို စွန့်၍ တောတွန့်တနေရာဟုသ ပဒုမာပေပျိုနှင့် နေဝိုမည့်အချိန်ရောက်သဖြင့် ကွယ်ပျောက်လေ၏၊ ထိုအခါ ဘုရားအလောင်းသည် မမှားကြောင်း အစဉ် သမင်၏ ခြေရာမျှကို

မမြင်၍ ထိုတောတွင်လှည့်လတ်သော် ပဒုမာပျိုခင်၏ ရေတွင်း ရေကန် ရေချိုးရန်ဆိပ်ဌာနသို့ရောက်လေ၏၊ ရေတွင်းမှရေကိုသောက် ရေကန်ကိုရောက်၍ ရေကိုချိုး အမျိုးမျိုးသိဘို့ ရှာသို့ဝင် နှစ်သက်ဖွယ်အိမ်ကိုမြင်လျှင် အိမ်ရှင်က ဘယ်သူ သိလိုသောမူထားနဲ့ မေးရမည့်လူသားကိုကြည့်လျှင် တစုံတယောက်သောသူကိုတွေ့ နောက်နေ့တွင်မှ သွားရာလမ်းမေးမြန်းအံ့ဟု ကြံစည်လျက်=

ဒိဿတိ မေ ဝရံဂေဟံ၊ သဇ္ဇိတံ ပဝနေ ဂါမေ။

ကောစ သော ဂေဟသာမိကော၊ ဟောတိ သော မေ နဒိဿတိ။

ပဝနေဂါမေ၊ မှိုင်းမှိုင်းညို့ညို့ မို့မို့ရစ်ဆိုင်း ပွင့်ကိုင်းဝေဆာ တောခြေ ရှာ၌။ သဇ္ဇိတံ၊ မြို့ကြီးသို့နှယ် ပုံစံချယ်၍ သွယ်သွယ်တိဖန် စီမံ၍ ထားအပ်သော။ ဝရံဂေဟံ၊ ပန်းခြူးပန်းလှ မှူးကြွရုပ်စုံ အဖုံဖုံဖြင့် ရောင်စုံဝေဖြာ မြတ်သောအိမ်ဂေဟာကို။ မေ၊ အကျွန်ုပ်သည်။ ဒိဿတိ၊ မျက်ဝါးထင်ထင် ရှုမြင်နေရပေ၏။ သော ဂေဟသာမိကော၊ ထိုအိမ်ကိုစိုးနိုင်သည့် အိမ်ပိုင်ရှင်သည်ကား။ ကောစဟောတိ၊ ဘယ်သူဘယ်ဝါဖြစ်ပါသနည်း။ သော၊ အိမ်ပိုင်ဖြစ်ငြား ထိုလူသားကို။ မေ၊ အကျွန်ုပ်သည်။ န ဒိဿတိ၊ မျက်ဝါးထင်ထင် မမြင်ရပါပေ။

ဤသို့ဆိုကြား ထိုစကား ပျိုတပါးကြားလျှင် ပဒုမာပျိုကညာသည် မိမိ၏ ခြသေ့ံ လေသာပြူတင်းကိုလှစ်လျက် ပြင်ဘက်ကိုကြည့်သော် ထိုမင်းသား၏ ရုပ်သွင်ကိုမြင်၍ ရှေးယခင်က အစဉ်ကြွမြူး ချစ်ဘူးသော မေတ္တာစွမ်းဖြင့် ချစ်သဒ္ဒါလျှမ်းပြီးလျှင် စံမြန်းသော ပြူတင်းဝမှာရပ်ကာ တပ်မက်လောက်သောမျက်နှာပြလျက် နှုတ်ဆက်စကားကို ဤသို့ မြွက်ကြားလေသည်။

အယံ ဘော တာတ မေ ဂါမော၊ တာပသေနာဘိသခ်တော။

ဝါသတ္ထာယ ဒိန္နောမမ၊ ယဒ္ဓ တွံ ဂွပေယဿိ။

မနံ့ ဓညဉ္စ ဤဒိသံ၊ တံ တွံ့ ဂဏှာဟိ ကာမတော။

ဘောတာတ၊ တောကြီးခေါင်ခေါင် ဖော်မဆောင်တဲ့ အိုမောင်ကြီးရှင်။ အယံ၊ မောင်ကြီးရောက်လာ ဤရွာသည်ကား။ မေ၊ ပဒုမာအမည်ရ ကျွန်တော်မ၏။ ဂါမော၊ နှလုံးမွေ့လျော် လှေ့ပျော်နေရာ ရွာသာယာ ပါတည်း။ တာပသေန၊ ရသေ့ဝတ်ဆင် သစ်ခေါက်တင်လျက် ဈာန်ယာဉ်ပွားစီး ဖခင်ကြီးသည်။ အဘိသခ်တော၊ သူသဘောရ ကျနစီရင် ပြုပြင်လျက်။ မမ၊ ပဒုမာမည်ရ ကျွန်တော်မ၏။ဝါသတ္ထာယ၊ မပင်မပန်း ရွှင်ရွှင်လန်းလျက် ချမ်းချမ်းသာသာ နေရပါခြင်းအကျိုးငှာ။ ဒိန္နော၊ မိဘမေတ္တာ ရှေ့ထားကာဖြင့် ကောင်းစွာလေးမြတ် ပေးအပ်ပါ၏။ ဂွမ၊ တောကြီးအလယ် ဤရွာငယ်၌။

ယဠ၊ အကြင် အရာဝက္ကုကိုလည်း။ တွံ၊ သင်မှောင်တော်သည်။ ပဿသိ၊ မျက်ဝါးထင်ထင် တွေ့မြင်ရပေ၏။ ဣဒိသံ၊ ဤသို့ သတောရှိသော။ တံနေ့ ဧည့၊ ထိုဥစ္စာစပါးကိုလည်း။ ကာမဟော၊ အလိုရှိသလော်က်။ ဂဏှာဟိ၊ ယုံမှားမပြု ယူပါလေလော။

ထိုစကားကို ကြားလျှင် ဘုရားအလောင်းသည ပဒုမာအမျိုးသမီး၏ အသံ လာရာ လေသာပြူတင်းကိုကြည့်၍ ရပ်နေသော ပဒုမာ၏မျက်နှာကို မြင်လျှင် အစဉ်ထာဝရ ဘဝ ဘဝသဒ္ဓါမျှခဲ့သော ချစ်ခြင်းမေတ္တာဖြင့် တဏှာအရိပ်သန်း တပ်ငွမ်းသောစိတ်ရှိလေသည်၊ ဤနေရာသို့ ရောက်လာသောဤသူကား မည်သူ နည်းဟုကြံစည်၍ ထိုသူ၏အမျိုးအနွယ်ကို မေးလိုသည်ဖြစ်၍ ဤသို့ဆို၏။

ကျွန်ုပ်သည်လျှင်၊ ရှေးယော်စဉ်က၊ ဤဌာနမှာ၊ အပ်နှင့်ငေ၊ နေလာခဲ့သည်၊ ဤမည်လူသား၊ တင်ယောက်အားကို၊ မှတ်သားစိတ်ဝှင်၊ မမြင်ဘူးချေ၊ မောင်ကြီးနေ့သည်၊ အဘယ်ပြေပုံ၊ လာခဲ့ရ၍၊ ဂေါတ္တမျိုးနွယ် အဘယ်လျှင် ဖြစ်ပါသနည်း။

ဘုရားအလောင်းသည် ထိုစကားကိုကြားလျှင် ဤသို့ ပြေဆို၏။

အိုရှင်မ- ကျွန်ုပ်သည်ကား သောဏနန္ဒအမည်ရှိတဲ့ ပာရာဏသီပြည့်ရှင် ဘုရင်မင်းမြတ်၏ သားပါတည်း၊ ကျွန်ုပ်၏မြင်းကို စွန့်ထား၍ သားကောင်ကို လိုက်ခဲ့ပါ၏။

ဤတောတခွင်ဝယ် ရွှေသမင်ကို ခြေကျင်လှည့်လည်လျက် ရှာနေပါ၏၊ ယနေ့ဆိုလျှင် ခုနစ်ရက်ပင်ရှိပါပြီ၊ ထိုသမင်ကိုကား မတွေ့ရတော့ပါ၊ သမင်ရှာရင်း ဤနေရာသို့ ရောက်လာပါသည်။

ဤသို့ပြောကြားပြီးလျှင် ဘုရားအလောင်းသည် ထိုအမျိုးသမီး၏ လင်ရှိမရှိ သိခြင်းအကျိုးငှာ ထိုအမျိုးသမီးနှင့် မိတ်ဆက်စကား ပြောကြားလိုသည် ဖြစ်၍ ဤသို့ဆို၏။

အို အမျိုးသမီး- တောကြီးထဲမှာ ဖော်မပါ• သင်တယောက်တည်း ပဲလားဗျာ၊ သင်ရဲ့အိမ်ထောင်ရှင် ယောကျ်ားကို ကျွန်ုပ်သည် မတွေ့မမြင်ရပါလား၊ သူသည် ယခု ဘယ်သို့သွားနေပါသနည်း၊ သင်သည် ဘယ်သူနှင့် ဤအိမ်မှာ နေပါသနည်း။

ထိုစကားကိုကြားလျှင် မိမိ၌ လင်မရှိသော အဖြစ်ကို ပြလိုသည်ဖြစ်၍ ဤသို့ ဆို၏။

အို ့အမောင်· ကျွန်ုပ်သည် သိတတ်သည့် အရွယ်မှစ၍ နှစ်ယောက်မြောက် အဖော်ယောကျ်ား ဟူ၍ မရှိခဲ့ဘဲ တယောက်တည်းသာ ဤတောထဲမှာ နေခဲ့ပါ၏ဟု ပြန်ကြား ပြောဆိုလေ၏။

ထိုစကားကို ကြားလျှင် ဘုရားအလောင်းသည် အိုအမျိုးသမီး ယခုအကျွန်ုပ်သည် အားနည်းခွေလျ မောပန်းသော ကိုယ်ကာယရှိပါ၏၊ ခေတ္တမျှအချိန် သင်၏ အိမ်မှာ နားနေခွင့်ပေးပါဟု ပြောဆို၏။

ထိုအခါ ပဒုမာအမျိုးသမီးသည် ဘုရားအလောင်း၏ စကားကိုကြားလျှင် ကောင်းပါပြီ မောင်တော်· တည်းခိုနားနေပါဟု ခွင့်ပြု၍ မိမိ၏ နေအိမ်မှ ဆင်းသက်ကာ ဘုရားအလောင်းအား ကြိုဆို ဆောင်ယူလျက် မိမိ၏အိမ်၌ နေစေပြီးလျှင် သစ်သီးကြီးငယ်တို့ဖြင့် ကျွေးမွေးပြုစုလေသည်။

ဘုရားအလောင်းသည် ထိုအမျိုးသမီးနှင့် ချစ်ကျွမ်းဝင်ပြီးနောက် မိန်းမယောကျ်ား နှစ်ဦးသားတို့၏ လောကတံထွာ ဓမ္မတာအားဖြင့် ပေါင်းသင်းဆက်ဆံခြင်းကို ပြုကြလေသည်။

## သောဏနန္ဒမင်းသား တောထဲ ပျောက်သွားလို့

ဘုရားအလောင်း၏ အခြွေအရံများသည် ဘုရားအလောင်းကို ရှာရာလူကိုမတွေ့ကြရဘဲ တောကြီးအလယ်၌ မြင်းကိုသာတွေ့၍ မြင်းကိုယူဆောင်ပြီးလျှင် ဗာရာဏသီမြို့သို့ ပြန်ခဲ့ကာ ဓမ္မဓုမင်းကြီးနှင့် မိဖုရား နိမ္မာဒေဝီတို့အား အကြောင်းအရာစုံကို လျှောက်တင်ကုန်၏။

ထိုအခါ ကပိလမင်းသားသည် တောလယ်၌ နေ့အဘို့ကို ကုန်စေ၍ ညချမ်းအခါမှ မြို့သို့ရောက်လာပြီးလျှင် ညီငယ်သောဏနန္ဒနှင့် တောထဲတွင် လူချင်းကွဲသွားသည့် အကြောင်းအရာစုံကို မိဘနှစ်ပါးတို့အား ပြောကြား လေ၏၊ ထိုစကားကို ကြားလျှင် မင်းနှစ်ပါးတို့သည် နှလုံးကွဲမတတ်ဖြစ်ကာ နန်းတော်ထက်၌ ကြံမှိုင်ကြကုန်၍ မယ်တော် နိမ္မာဒေဝီသည်ကား လက်နှစ်ဖက်ဖြင့် ရင်ကိုထုနှက်ကာ ငိုကြွေးလေသည်။

ဟယ် ဟယ်· မယ်မယ့်ရင်သွေး သားကလေးသောဏ ကိုနန္ဒ သားဟာ တကယ် တယ်မိုက်ပါကလားကွယ်၊ မင်းဝယ်ဒုက္ခ ရမည့်နေရာ ရွေးကာရှာ ဘယာပြည့်လွှမ်း သားရဲပြွမ်းတဲ့ တောတန်းမြိုင်ညို သားသမင်ကိုမှ သားပျိုလူမိုက် လိုက်လေသလားကွယ်။

သားရှဲရှံရွှေ သားလူတွေက တောခြေမှိုင်ဝှန့် သားကိုစွန့်လို့ တော
တွန့်တလျှောက် သမင်ပျောက် မင်းနောက် စိုက်စိုက် တောတဝိုက်
မလိုက် မဟုတ်လားကွယ်၊ ဘယ်သူ့မှလဲ တောမှိုင်ထဲမှာ မင်းဘဲသေသည်
သက်ရှင်သည်ကို မြဲရည်တိတိ မသိပါလား သားရယ်။

အမေဟာဖြင့် သားနှင့်တမူ သေတူရှင်တူ ရည်တူသစ်လွှင် ဖြစ်စေ
ချင်သည်၊ သင်လျှင်ကွေ့ကွင်း သက်ရှင်ခြင်းထက် သေမင်းထံမှာ
အမေရဲ့ သေရခြင်းသာ မြတ်ပါသကွဲ့ သားရဲ့။

ဤသို့ထွေလီ ဆိုမြည်ငိုကြွေး၍ ဟိုပြေးဒီလျှောက် သောကကိုမပျောက်
နိုင်သဖြင့် မောလောက်ရင် နေရာမှာထိုင် တငိုင်ငိုင်နှင့် ကြံမှိုင်ရှာလေသည်၊
ဗိုလ်ပါအများနှင့် ကချေသည်မများလည်း မိဖုရား အနားလာရောက်ကာ
မိးလောင်ရာလေပင့်ဆိုသလို တဆင့် ငိုကြွေးကြပြန်ရာ ငိုပွဲကြီး ဆင်နွှဲသည့်
ပမာ ဖြစ်နေရှာလေသည်။

## သောကနန္ဒမင်းသား တိုင်းပြည်ပြန်ခြင်း

ခုနစ်ရက်ပြည့်မြောက် ရောက်သောရက်၏ အဆုံးမှာ ဖဘုန်းတော်ရှင်ရသေ့
သမီးတော် ကွေ့ရအောင် ကြွလေ့ရှိလေသည်၊ ဗုဒ္ဓကိုလောင်းကနက်သည်
ငါးရက်မြောက် ထိုညဉ့် အမျိုးသမီးနှင့် စကားဆိုလေသည်၊ အို အသွင်လှ
တဲ့ ရှင်မပဒုမာ- လုကညာကို တောင်ညာပေး ဆောင်ကာပြေးလို့ မြို့ကိုရောက်
မိဘနှစ်ပါး ရွှေမျောက်မှာ အကြောင်းအရာစုံ အကုန် တင်လျှောက်မည်ဟု
ပြောလေသည်။

ဤသို့စကား ပြောကြားပြီးနောက် တထောက်စကား ပြောကြားပြန်
သည်ကား ရှင်မပဒုမာ— နက်ဖြန်ခါမိုးသောက် ငါတယောက်တည်း မြို့ကို
သွား သုံးရက်လောက် နေစားပြီး လူအများနှင့်အတူ လက်ဆောင်ပစ္စည်းတွေ
ယူကာ သင့်နေရာ ပြန်လာခဲ့မည်၊ အိုရှင်မပဒုမာ ဒို့နှစ်ဖြာ အခြံအရံများ
စွာနှင့် လက်ဆောင်ပဏ္ဏာတွေကို လက်ကဆွဲ ဖခမည်းတော်ရသေ့ကြီးကို ဝတ်
ချလို့ ခွင့်ရအောင် တောင်းပန် မိမိကိုယ်ကို မန္တန်ဖြင့် ခြံရံ၍ နေရပ်ထံမြို့
နှမကိုဆောင်ယူလို့သွားမည်၊ မနက်ဖြန် မောင်ပြန်ရန် ခွင့်ပေးပေတော့ဟု
ပြောဆိုလေသော် ပဒုမာသည် သမုဒယာအကြောင်းမိုသော်လည်း ကောင်းပါ
ပြီဟု ဝန်ခံလျက် ပြောပြန်သည့် စကားသည်ကား အိုပြစ်မမြင်တဲ့ ချစ်လင်
မင်းသား ဖဘုရားရှင်ရသေ့နှင့် တွေ့နေကျတွေ့တော့ မေ့သက်ထား မောင်
ဘုရား သွားသောခရီးကို ပြောလိုက်တော့အံ့ဟု ဆိုလေသည်။

ထိုစကား ပျိုတပါးပြောတော့ သောဏနန္ဒဘုရားအလောင်းက မေတ္တာ ကြောင်းအစဉ်လှတဲ့ အိုရှင်မ မနက်ဖြန်ကျတော့ မောင်သောဏ သွားသော အချိန်မှာ သွားလေရာ အကြောင်းကိုလည်း ကပ်လောင်းကာ အပိုဖက်၍ ဆိုမြွက်ပါလေနှမဟု ပြောကြားပြန်လေသည်။

ပဒုမာသည် ဘုရားအလောင်းကို ဝတ်ချ၍ ညဉ့်ကာလ အမှောင်ကင်း၍ ရောင်အလင်း ရောက်ပြန်လေသော် ဘုရားအလောင်းနှင့် ချစ်ဖွယ်စကား ပြော ကြား၍ ဤအရပ်မျက်နှာမှာ ဤမည်သောမြို့ ရှိပါသည်၊ ဤမည်သော အရပ်မှာ ဗာရာဏသီမြို့ရှိပါသည်ဟု ညွှန်ကြားပြီးနောက် ဗဒင်ရသေ့ကြီး ရောက်လာသော အချိန်မှာ ဗဒင်ဘာပသနှင့် ပြောနေကျ အမှတ်အသား ဘုရားအလောင်း လာသွားသော အကြောင်း များကို ပြောကြားလေ သည်။

## မင်းသား မြို့တော်ပြန်ခဏ်း

ထိုအချိန်မှာ အလောင်းတော်သည် အပေါင်းအဖော်မဒီကို အကြောင်း တော် အလိုလိုမြွက်၍ လေးလက်နက်နှင့် မျှားပုံး ပခုံးမှာချိတ်လွယ် လက်ဝယ် သံလျက်စွဲ အိမ်ထဲမှာ အချိန်မဆွဲပဲ တရှိန်ထဲ ထွက်သွားခဲ့လေပြီ။

သမုဒယာ အတွေ့မှီးတဲ့ ပဒုမာရသေ့သမီးသည် ယခုအခါ ဆေးမြွေတဲ့ နှလုံးအသည်းဖြင့် မောင်တော်ကြီးဘုရား မြို့ကိုရောက်က အမြန်ပြန် ခုနစ် ရက်အမှန်လွန်ရင်တော့ မောင့်နှမ ပဒုမာ အသေသာတွေ့ရမယ် ပောင်ရေလို ငိုယိုကာ တတွတ်တွတ်နှင့် ပြောဆိုကာ လွှတ်လိုက်လေသည်။

ဘုရားအလောင်းသည် ပဒုမာ၏ ပြောစကားကို နားတောင်၍ လက် ဆောင်ပဏ္ဏာ စိရင်ခြင်းအကျိုးငှာ တရက်သာ ကုန်စေပါမည်ဟု ပြောဆိုခဲ့ ၏၊ အစဉ်သဖြင့် ထိုဝန်ခံခဲ့သော ရက်များကုန်ဆုံး၍ သုံးရက်လွန်မှ ဗာရာ ဏသီ တိုင်းပြည်နယ်ခြား ရွာစွန်ဖျားသို့ ရောက်လေသည်၊ ပစ္စန္တရစ်ရွာ၌ နေသောသူတို့သည် ဗမ္ဗဒတ္တမင်းကြီး၏ သားတော်မှန်းသိသောကြောင့်မင်းကြီး ထံ အမြန်သွားရောက်၍ ထိုအကြောင်းကို ပြောကြားလျှောက်တင်ကုန်၏။

မင်းကြီးသည် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ စစ်သည်ပိုလ်ပါ စုရုံး၍ ဘုရားအလောင်း မင်းသားကို ကြိုဆိုလေ၏၊ ဘုရားအလောင်းသည် စစ်သည် ပိုလ်ပါ အခြံအရံများစွာဖြင့် ဗာရာဏသီမြို့သို့ရောက်၍ မိဘနှစ်ပါးသို့ ချဉ်း ကပ်ပြီးလျှင် ရှိခိုးဦးချကာ တောထဲ၌ အမျိုးသမီးတဦးနှင့် ဖြစ်ပျက်ခဲ့ပုံအလုံး စုံကို အကုန်လျှောက်တင်လေသည်။

ထိုအခါ မယ်တော် ခမည်းတော်တို့သည် များစွာ နှစ်သက် သဘောကျသည်ဖြစ်၍ မြို့နေသူထိုကို ခေါ်၍ ငါသည် ဤနေ့မှ သုံးရက်မြောက်သောနေ့တွင် ဟိမဝန္တာအရပ်မှငါ၏ချွေးမချောကိုသွားရောက်ဆောင်ယူမည်၊ သင်တို့သည်မိမိတို့ တတ်စွမ်းသမျှ လက်ဆောင်ပဏ္ဏာများကိုယူ၍ငါနှင့်အတူ ဟိမဝန္တာအရပ်သို့ သွားကြကုန်အံ့ဟု ပြောဆိုပြီးလျှင် ဗာရာဏသီမြို့၌ စည်လှည့်ထားစေသတည်း။

နောက်တနေ့ မြို့သူမြို့သားတို့ကို စုရုံး၍ စစ်သည်တော်တွေခေါ်ကာ သေဘာနန္ဒမင်းသားက လမ်းညွှန်ပြုလျက် ဟိမဝန္တာသို့ ရွေ့ရှားသွားကြလေသည်။ သုံးရက်လွန်မြောက်လျှင် ဟိမဝန္တာသို့ ရောက်၍ သစ်ခက်တနန်းချကာ တညမျှ နားနေလေသည်။

ထိုအခါ ရသေ့သည် ယာငါ၏ သမီးကို လူတို့သိသွားသည်ဖြစ်၍ ယူခြင်းငှာ လာဘည် ဖြစ်ပေလတ့်ဟု ကြံစည်၍ သမီးကို မိမိနေရာ၌ နေစေ၏၊ နောက်နေ့မှာ ဝတ်ဖြူစင်ကြယ် ဝတ်ထားသောမင်းသည် သောကကင်းဝေး အေးဆေးငြိမ်သက် ရတက်မပွား သွင်နေထားဖြင့် အများလူထု သားတစု အားပြုဝန်းရံ ဝိဿုဒ္ဓရှင်ရသေ့ထံ ရောက်လေသော် နှစ်ထွေလက်စုံ ထိပ်ထက်မှာ ပုံလျက် တောရဂုံမြိုင်မွေ ထိုရသေ့နှင့် သိမ်မွေ့စွာ ဆက်သွယ်၍ မြွက်ဖွယ်စကားကို ဤသို့ လျှောက်ကြားလေသည်။

ကစ္စိ နု ဘောတော ကုသလံ၊ ကစ္စိ ဘောတော အနာမယံ။
ကစ္စိ ဥဥ္ဆေန ယာပေသိ၊ ကစ္စိ မူလဖလာ ဗဟူ။
ကစ္စိ ဍံသ မကသာစ၊ အပ္ပ မေဝ သရီသပါ။
ဝနေ ဝါလမိဂါ ကိဏ္ဏေ၊ ကစ္စိ ဟိံသာ နဝိဇ္ဇတိ။

ကစ္စိ၊ အသို့နည်း။ ဘောတော၊ သီးပွင့်လိုင်စုံ မြိုင်ရဂုံ၌ အခရုံပျော်မွေ့ အရှင်ရသေ့အား။ ကုသလံ၊ အစစအရာရာ လိုတာမရှိ ကောင်းဂုဏ်ပြည့်သည်။ ဟောတိနု၊ ကြောင့်ကြမသွယ် နှောင့်ရမ်ကြွယ်ပဲ အကယ်ပင် ဖြစ်ပါရဲ့လားဘုရား။ ကစ္စိ၊ အသို့နည်း။ ဘောတော၊ ကမ္ဘဌာန်းအာရုံဖြင့် မြိုင်တန်းရဂုံမှာ ခိုင်ပန်းမုံ ပာလာငွေတွေနှဲ့ ပျော်မွေ့ပေငြား အရှင်ရသေ့အား။ အနာမယံ၊ ကိုးသွဲ့ခြောက်ဖြာ ကြောက်စရာတသင်း အနာကင်းခြင်းသည်။ ဟောတိနု၊ အကယ်စင်စစ် ဖြစ်တော်မူပါရဲ့လား ဘုရား။ ကစ္စိ၊ အသို့နည်း။ ဥဥ္ဆေန၊ အရှင်စိတ်ကြိုက် ခြင်းကိုပိုက်၍ လိုက်ကာရှာမှီးသဖြင့်။ ယာပေသိ၊ ဝမ်းတော်ဝ၍ မျှတော်မူပါပဲ့လားဘုရား။ ကစ္စိ၊ အသို့နည်း။ မူလဖလာ၊ တောတန်းရှိမြောင် မြိုင်ချောင်ရှာလစ် အမြစ် အသီးတို့သည်။ ဗဟူ၊ လွယ်ကူများစွာ ရပါရဲ့လား ဘုရား။

ကစ္စိ၊ အသို့နည်း။ ဘောတော၊ တောမြိုင်ပျော်မွေ့ ရှင်ရသေ့အား။ ဒုံသာစ၊ ကိုက်ရာအချက် ယားယံမျက်သည့် မှက်ဆိုသည့် သတ္တဝါမျိုးတို့သည် ဝ ၃ ဝ ဂ ၃ ဂ ၃ ၇ ၇ ၁ ၇ ၇ ၁ ၁ ၁ ၃ ၇ ၁ ၇ ၁ ၁ ၃ ၇ ၁ ၁ ၃ ၇ ၃ ၇ ၁ ၁ ၃ ၇
ဂ ရင်း။ မကသာစ၊ တညောင်ညောင်နှင့် မရှောင်နှေးသ ကိုက်တတ်ကြသော ခြင်တို့သည်ရှင်း။ သရီသပါစ၊ အဆိပ်ပြင်းစွာ မွေ့သတ္တဝါတို့သည်ရှင်း။အပ္ပမေဝ၊ မရှိအရှင်း မဟုတ်လျှင်းပေမဲ့ နည်းကျင်းလောက်သာ ရှိပါသလား ဘုရား။ ကစ္စိ၊ အသို့နည်း။ ဝါလမိဂါ ကီဏ္ဏေ၊ ခြင်္သေ့ သစ်ကျား လူကိုစားသည့် သားရဲတို့ဖြင့် ပြွမ်းသော။ ဝနေ၊ ဟိမဝန္တာ သေလာထိပ်သီး တောမြိုင်ကြီး၌။ ဟိံသာ၊ ကြောက်ဖွယ်ရာတမျိုး စိုးဖွယ်ရာတသန့် လန့်ဖွယ်ရာတသင်းဖြင့် အညှဉ်းခံရသည်။ နဝိဇ္ဇတိ၊ အရှင်ဘုရား အကျင့်တရားကြောင့် ထင်ရှားပကတိ မရှိသည်မဟုတ်ပါလား ဘုရား။

မင်းကြီးမဟာက ရင်းနှီးစွာ လျှောက်ကြားတော့ တယောက်သားမွေ့ လျှောက်ကြားခံရတဲ့ ရှင်ရသေ့က ဘုရင်မမေ့ရန်စကား ဤသို့ ပြန်ကြားလေသည်။

ကျန်းခန့်သာ၍ မာပေသည်အရှင်မင်းကြီး၊ အနာကင်းပေသည် မင်းကြီး၊ ရှာမှီးသဖြင့် မျှပေသည် မင်းကြီး၊ အမြစ် အဖု အဥ အသီးပေါများပေသည်မင်းကြီး။

ထို့ပြင်တချက် မှက်ခြင်မြွေဖါး နည်းပါးပေသည်၊သားရဲပြွမ်းရှာ ဤဟိမဝန္တာ၌ ငါ့မှာညှဉ်းဆဲ ခံရမှုမရှိ။

အရှင်မင်းကြီး၏ သင်းသီးခြွေရံနှင့် ငါ၏အထံသို့ ရောက်လာခြင်းသည် ကျက်သရေမင်္ဂလာ ကောင်းစွာရှိသော လာခြင်းပေတည်း။ အကျိုးကျေးဇူး အထူးမဝေးသော လာခြင်းပေတည်း၊ ဒီနေ့ သင်မင်းကြီးသည်ကား ငါ၏လက်ရုံးသဖွယ် ဖြစ်ပေ၏၊ အလိုရှိသမျှ သီးကြီးသီးငယ် အသွယ်သွယ်ကို စိတ်ဝယ် ရှိသလောက် သုံးဆောင်တော်မူလော့။

ဤအရာသည်ကား တွင်းမှကိုယ်တိုင် ခပ်ထားသော သောက်ရေအေးပါ၊ အလိုရှိတော်မူက သောက်တော်မူပါ မင်းမြတ်။

ရသေ့ကြီးသည် ဤသို့ နှုတ်ဆက်စကား မြွက်ကြားပြီးလျှင် မင်းကြီးအား ရေခွက်ကို ပေးလေသည်၊ မင်းကြီးသည် ရသေ့လက်မှ ရေခွက်ကို လှမ်းယူ၍ နှန်းမူမလေ့ ရှင်ရသေ့ကို ရိုသေသော စိတ်ထားဖြင့် ရေကိုခပ်၍ယူ ထိပ်မူထား ကြွင်းငြားရေကို သောက်စေရန် ရည်မှတ်၍ မိမိပရိသတ်ကို ပေးလေသည်၊

ပင်းပရိသတ်လည်း ယင်းစိတ်အမြတ် သမုဒ္ဒရာဘုရားလို ကရုဏာတရားပိုလျက် ခပ်ပြီးရေကို ထိပ်မှာထား မိတ်ကလျာတပါးအနေ ပြုကြပေသည်။

ထိုအခါ ရှင်ရသေ့သည် မြင်သမျှ ပရိသတ်ကြည့်ပြီး အသိစာတ် ရှင်းရ အောင် ပင်းကြီးအား လာခြင်းရဲ့အကြောင်းကို ဤသို့မေးလေသည်။

ဘယ်အကြောင်းကြောင့် ဤတောကြီး ဟိမဝန္တာကို ကြွခဲ့သည်ကိုပြော ပါဦး။

ရှင်ရသေ့မေးဆိုသော စကားကို ကြားလျှင် ရှင်ဘုရင်ကြီးသည် လာခြင်း ၏ အကြောင်းကို ဤသို့ ပြောကြားလေသည်။

အိုရှင်ရသေ့- ကျွန်ုပ်တို့မှာ နေဒိမ်ဌ ရှိသမျှရတနာ ရှင်ရသေ့အားပေး ပါအံ့၊ ကျွန်ုပ်၏သားအတွက် ရှင်ရသေ့၏သမီးရတနာကို တောင်းယူ ရန်လာပါသည်၊ သမီးရတနာကိုပေးတော်မူပါ။

ငါ၏သမီးကိုပစ္စည်းဥစ္စာဖြင့် လဲလှယ်ဝယ်ယူတဲ့ သဘောမျိုးနှင့်တော့မပေး နိုင်ပါ၊ ဥစ္စာနှင့်လဲလှယ်တဲ့ စကားမျိုး မပြောပါလင့်၊ ရှင်မင်းကြီး ပြောတဲ့ စကားသည်ကား မကောင်းမွန်ပါ။

ရှင်ရသေ့- သမီးရတနာကို ဥစ္စာဖြင့် ဝယ်ယူသည် မဟုတ်ပါ၊ စင်စစ် အားဖြင့် ဘယ်လိုသဘောနှင့် ဝယ်ယူရမည်ကို ပြောတော်မူပါ။
အကြင်သူသည် ငါ့ထက် ငါ၏သမီးတော်ကို နှစ်ဆပို၍ စောင့်ရှောက် နိုင်ငြားအံ့၊ ထိုသူအား သမီးတော်ကို ပေးနိုင်ပါမည်၊ ဤကဲ့သို့သိပါ ရှင်ဘုရင်ကြီး။
ကောင်းပါပြီ ရှင်ရသေ့ မွေးမြူသည်ထက် အလွန်အကြုံး အထူးစောင့် ရှောက်လျက် မွေးမြူပါမည်၊ ကျွန်ုပ်၏သားအကျိုးငှာ သမီးတော်ကို ပေးတော်မူပါ။

မြတ်သောမင်းကြီး ဤကဲ့သို့ ဖြစ်မည်ဆိုလျှင် သင်မင်းကြီးသည် ငါ၏သမီး တော်ကို သင်၏သားအတွက် ယူလိုလျှင် ယူပါလော၊ စင်စစ်အားဖြင့် ထို သမီးတော်သည် သင်၏ အိမ်မှာ တမျိုးမျိုးအားဖြင့် အပြစ်ရှိခဲ့သော်ငြား၊ အနည်းငယ်အားဖြင့် မကောင်းသော အမူအယာကို ပြုမိသော်ငြား အကယ်၍ ဖြစ်ခဲ့ငြားအံ့၊ သင်မင်းကြီးတို့သည် နိုင်ထက်မူသော အသွင်အားဖြင့် မပုတ် ခတ် မဆဲရေးကြပါလင့်-ဟု ရသေ့က မှာကြားပြောဆိုလေသည်။

အရှင်ရသေ့ဘုရား- အရှင်ရသေ့၏သမီးတော်ကို အရှင်ဘုရားစောင့်ရှောက် သကဲ့သို့ စောင့်ရှောက်ပါမည်ဟု လျှောက်ထားလေလျှင် ဤကဲ့သို့ စောင့် ရှောက်မည်ဆိုပါက သမီးတော်ကိုခေါ်၍ သွားပေတော့ဟု ရသေ့က ပြော

ဆိုပြီး သမီးတော်ပဒုမာကို ဓမ္မဓုမင်းကြီးအား ပေးအပ်လေသည်၊ ထိုသို့ သမီးကိုပေးအပ်ပြီးသော် မင်းကြီးသည် အလုံးစုံသော လက်ဆောင်ပစ္စည်း တို့ကို ရသေ့အားအပ်နှင်းလိုသည်ဖြစ်၍ ဤသို့လျှောက်ထားလေသည်။

အိုရှင်ရသေ့- လက်ဆောင်ပဏ္ဏာ အဖြာဖြာနှင့်တကွ ပုဇော်ဘွယ်အထူး ဖြစ်သော အုန်းသီး လိမ္မော်သီး ကမ္ပလာသီးနှင့် ချိုမြိန်သော အရသာ ရှိသော သစ်သီးတို့ကို ကျွန်ုပ်၏ အထံမှ လက်ခံယူတော်မူပါဟု လက် ဆောင်ပစ္စည်းအားလုံးတို့ကို ပေးအပ်လေ၏။

## သမီးပဒုမာ လိုက်ပါသွားပေတော့နော်

ထိုနောက် ဝိသုဒ္ဓရှင်ရသေ့သည် မိမိ၏သမီးကို အိုသမီးပဒုမာ- သမီးတော် သည် ဤမင်းကြီးနှင့်အတူလိုက်ပါသွားပေတော့ မင်း၏နန်းတော်၌ သင်သည် အမြဲမလေ့ မမေ့ပေါ့စား သတိတရားဖြင့် မင်းပါးရိပ်ချေ အသိဖွေလျက် နေပေတော့သမီးတော်ဟု ဆုံးမစကား မှာကြားပြောဆိုလေသည်။

သမီးပဒုမာသည် ဖပိတာရသေ့ကြီး၏ မေ့ထိးတဖုံ ခြေအစုံ၌ ခိုလှုံဝပ်တွား ရှိသေစွာပန်ကြား၍ စိတ်ထားမခိုင် ငယ်ကလေးက ခုချိန်တိုင် တောဂနိုင်မှာ ကိုယ်တိုင်ရှာကျွေး ကျေးဇူးတွေကိုတွေး၍ ခွဲရေးခုကြုံ ဘဝင်ခုန်လျက် ဖပုံကို ကြည့် မျက်ရေပြည့်သော မျက်နှာဖြင့် မသက်သာသဘောပြလျက် သောဏ နန္ဒမင်းသားနှင့်အတူ ဗာရာဏသီမြို့သို့ ထွက်ခွါသွားလေသတည်း။

မင်းနှစ်ပါးတို့သည် အသင်းအပင်းများနှင့် အခင်မပွား သာယာစွာချီ၍ ဗာရာပြည်သို့ရောက်ကြလေ၏၊ ထိုနောက် ဓမ္မဓုမင်းရာဇာသည် ပဒုမာအား သားတော်သောဏနန္ဒနှင့် လက်ထပ်ထိမ်းမြား ပေးပြီးလျှင် နေရန် နှစ်ထပ် အိမ်ဂေဟာနှင့် ဝတ်စရာအသွယ်သွယ် စားဖွယ်အရပ်ရပ် လိုအပ်သမျှ ပေးကမ်း ချီးမြှောက်လျက် ထားလေ၏၊ ထိုအခါမှ စ၍ ပဒုမာသည် သောဏနန္ဒမင်း သား၏ ချစ်မယားဖြစ်လေသတည်း။

## နောင်တော်၏ဇနီး ကာလကဏ္ဏီ

ထိုအချိန်၌ ကပိလနောင်တော်မှာ ကာလကဏ္ဏီ မည်သော ဇနီး ရှိလေရာ ကာလကဏ္ဏီသည် ကပိလနောင်တော်၏ဇနီးဖြစ်သော်လည်း ညီသောဏနန္ဒကို အလွန်တရာ ချစ်မြတ်နိုးနေသူဖြစ်၏၊ သောဏနန္ဒမင်းသား အိမ်ထောင်မပြုမီ လူပျိုမင်းသားဘဝကပင် သူမ၏လင် ကပိလကိုသတ်၍ သောဏ နန္ဒနှင့်အတူ နေရန်အတွက် ကြိတ်ကြံနေသူလည်း ဖြစ်၏၊ ယခုတော့ သောဏနန္ဒမင်းသား တွင် သဘောကျချစ်မယားရနေပြီဖြစ်၍ ဘယ်နည်းဘယ်ဟန် ဘယ်သဏ္ဍာန်ဖြင့်

အကြံပြုရအံ့နည်းဟု စဉ်းစားရခက်နေ၏၊ သို့သော် သောဏနန္ဒမင်းသားအား တဖက်သတ်ချစ်နေသော သူမ၏ အကြံကိုကား လက်မလျှော့သေးပေ၊ တနေ့ဝယ် ကာလကဏ္ဏိအား အကြံတခုပေါ်လာ၏၊ ထက်မြက်သောအဆိပ်ကိုရှာ၍ သောဏနန္ဒ၏ဇနီး ပဒုမာအား အဆိပ်ခတ်၍သတ်ရန် အကြံဖြစ်လေ၏။

ထိုအချိန်မှ အစတည်၍ ကာလကဏ္ဏိ မိန်းမယုတ်သည် အားထုတ်ခါ ဗျာကြီးလျက် အဆိပ်ကိုရှာမှီးလေသော် မိန်းမတဦး၏အထံမှ အဆိပ်ကို ရရှိ၏၊ ထိုမိန်းမအား ငွေတထောင်ပေးကာ အဆိပ်ကိုယူလာလျက် မုန့်ထဲသို့အဆိပ်ကို ထည့်ပြီးလျှင် ခွက်ထွင်းမှာ ထည့်ပိတ်၍ တခုသောကြောင်အိမ်၌ ထားလေသည်၊ ထိုနေ့မှာ လင်ယောကျ်ားဖြစ်သူ ကပိလမင်းသားသည် တောကစားထွက်၍ ညနေဘက်မှပြန်ရောက်လာရာ မိမိ၏မယား ကာလကဏ္ဏိအား ရှင်မ ကာလကဏ္ဏိ- ယခုငါသည် အလွန်ဆာလောင် မွတ်သိပ်နေပါသဖြင့် ထမင်းစားရန် ပြင်ဆင်ပေးလောဟု ပြော၏။

## ကာလကဏ္ဏိ၏အဆိပ်ဒဏ် ကပိလမင်းသားခံ

ထိုအခါကာလကဏ္ဏိက အိုအရှင် ထမင်းဟင်းများမကျက်သေး၍ ခေတ္တမျှ သည်းခံစောင့်ဆိုင်းပါလော့ဟု ဆိုလေ၏။

ထိုအခါ ကပိလမင်းသားသည် ဆာလောင် မွတ်သိပ်ခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ ကြောင်အိမ်မှအိုးဖုံးကို ဖွင့်၍ကြည့်သောအခါ မုန့်ကိုမြင်လျှင် ထိုနေရာ၌ပင်ထိုင်၍ မုန့်များကိုစားလေသည်၊ ကာလကဏ္ဏိ ထားသော ထက်မြက်သောအဆိပ်သည် မင်းသား၏ ဝမ်းတွင်းသို့ ဝင်သွားလေရာ မချိမဆန့် အဆိပ်ဒဏ်ကိုခံရလျက် စအိုမှသွေးနှင့်ရောသော မစင်ကျင်ကြီးများကျဆင်းလျက် မျက်ဖြူလံကာ ထိုနေရာ၌ပင် သေဆုံးလေသည်။

ကာလကဏ္ဏိသည် မိမိ၏လင်သေဆုံးသောအဖြစ်ကို မင်းကြီးအား ပြောကြား၏၊ မင်းကြီးသည် သားတော်၏ အသုဘအတွက် ပြုသင့်သောအရာကို ပြုစေလျက် အသုဘကိုစောင့်ရှောက်ရန် သားငယ်ငါးဦးအား တာဝန်ပေးအပ်ထားလေ၏၊သေသည့်နေ့မှစ၍ သားတော်ငါးဦး တရက်ကျစီစောင့်လာကြရာ ငါးရက်ကျော်လွန်ခဲ့လေပြီ၊ထို့နောက် ကာလကဏ္ဏိသည် ယောက္ခမမင်းကြီး၏ အထံသို့သွား၍ အရှင်မင်းကြီး- အသုဘကို စောင့်ရှောက်ရန် သားမယားနှင့်တကွ သားတော်ငါးဦးတို့ လာရောက်စောင့်ရှောက်ကြရာ ယခုအခါ ငါးရက်ရှိပါပြီ၊ နက်ဖြန်ကာ သင်မင်းကြီးတို့သည် သောဏနန္ဒမင်းသား လင်မယားအား အသုဘကိုစောင့်ရှောက်ပါစေကုန်လောဟုလျှောက်တင်လေ၏၊မင်းကြီးလည်း ချွေးမတော်လျှောက်တင်သည့်အတိုင်း သောဏနန္ဒအားအသုဘစောင့်ရှောက်ရန် မိန့်ကြားပြောဆိုလေ၏။

## အသုဘစောင့်ရန် သောဏနန္ဒနှင့် ပဒုမာ

သောဏနန္ဒမင်းသားသည် ဖခင်ပြောသောစကားကိုဝန်ခံ၍ နောက်တနေ့ မိမိ၏အခြံအရံတို့ဖြင့်ခြံရံလျက် ပဒုမာနှင့်အတူ အသုဘရှိရာသို့သွား၍ ထိုနေရာ၌ပင် နေ့ညဉ့်ပတ်လုံး စောင့်ရှောက်လေ၏၊ ထိုညဉ့်သန်းခေါင်ကျော်အချိန် အစောင့်များအားလုံး အိပ်ပျော်နေစဉ် ကာလကဏ္ဏိသည် သင်တုန်းဓားဖြင့် သေနေသော ကပိလလက်သန်းကိုဖြတ်ပြီးလျှင် ယင်းလက်ချောင်းကို ပဒုမာ၏ ဆံထုံးကြား၌ မသိအောင် ထိုးသွင်းထား လေသည်၊ နောက်နေ့သည်ကား ခုနစ်ရက်မြောက်နေ့ဖြစ်ရာ ထိုနေ့တွင် အသုဘသင်္ဂြိုဟ်မည်ဖြစ်သဖြင့် ဓမ္မဓုမင်းကြီးလည်း အသုဘချရန် သုသာန်သို့လိုက်ပါလာ၏၊ ထိုအခါ ကာလကဏ္ဏိသည် ငိုကြွေးလျက် မင်းကြီးကို ဤသို့လျှောက်၏၊ မြတ်သောမင်းကြီး- သင်မင်းကြီး၏ ချွေးမငယ်များအားလုံးသည် အကိုကြီးသေသဖြင့် ဆံပင်များကို ကျောသို့ကြဲဖြန့်ချကုန်လျက် ဝမ်းနည်းပက်လက် ငိုကြွေးကြပါကုန်၏၊ အရှင်မင်းကြီး၏ချွေးမတော် ပဒုမာသည်ကား မိမိဆံထုံးကိုမဖြေမဖြန့် ငိုကြွေးခြင်းလည်းမပြုဘဲ သူ့လင်၏အနီးမှာသာ နေပါသည်ဟု ကုန်းတိုက်စကား ပြောကြားလေ၏။

ထိုအခါမင်းကြီးသည် ပဒုမာကို အိုပဒုမာ- သင်သည် အခြားမိန်းမများကဲ့သို့ ဆံပင်ကိုကျောပေါ်သို့ ဖြန့်ကြဲထားပါလောဟု အမိန့်ရှိလေ၏၊ ပဒုမာကလည်း အရှင်မင်းကြီး- သမီးတော်၏ ဆံထုံးကို ခုနစ်ရက်တကြိမ်မျှ ဖြီး၍ ထုံးပါ၏၊ ယခုဆံပင်ထုံးထား၍ သုံးရက်မျှသာ ရှိပါသေးသည်၊ ခုနစ်ရက်မြောက်သောနေ့၌ ဆံထုံးကိုဖြီး၍ ကျောပေါ်သို့ကြဲဖြန့်ချပါမည်ဟု လျှောက်ထားလေ၏၊မင်းကြီးက တဖန် သမီးပဒုမာ- စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရမည့် အချိန်အခါ၌ ဤသို့သဘောထား၍မဖြစ်ပေ၊ သို့ဖြစ်၍ သင်သည်လည်း ဆံထုံးကိုဖြီး၍ ကျောပေါ်သို့ ကြဲဖြန့်ချပါလော့ဟု ထပ်မံ အမိန့်ရှိပြန်သဖြင့် မိမိဆံထုံးကို ဖြီချလိုက်လေ၏။

## ပဒုမာလေး ရာဇဝတ်ဘေးသင့်ရောက်

ပဒုမာသည် ကောင်းပါပြီဟုဝန်ခံ၍ ဆံထုံးကိုဖြီလိုက်သည်နှင့် တပြိုင်နက် ဆံထုံးကြားမှ သေသူ၏ လက်ချောင်းလေးသည် မြေသို့ကျလာသည်၊ ထိုအချိန်၌ ကာလကဏ္ဏိသည် ပဒုမာထံအမြန်ပြေးသွား၍ လက်ချောင်းလေးကို ကောက်ယူ၍ ဤအရာဝတ္ထုကား အဘယ်ဟာပါ နည်းဟု အသံကို ကျယ်လောင်စွာပြု၍ အော်ဟစ်ပြောဆိုကာ—

အိုလူအများတို့ အံ့ဩစရာပါကလား၊ ဤနေရာသို့ရောက်လာလော သင်ဟိုသည် ကျွန်ုပ်အား ညှဉ်းပန်းနှိပ်စက် ပူဆွေးအောင် ပြုရက်သောသူကိုတွေ့ရပါလျက် ထိုသူ့ကို လည်ပင်းကိုင်၍ ဆွဲမထုတ်ကြပါသလောဟု ဆိုလေ၏။

(ဤနေရာမှာ စာအလွန်ပျက်လျက်ရှိသည်၊ သတိပြုကြည့်ရှုဆင်ခြင်)။

ထိုသို့ကာလ ကဏ္ဍီက အုတ်အော်သောင်းတင်းဖြစ်အောင် ပြောသောအခါ ပဒုမာသည် ထိုနေရာမှာ ရပ်တည်လျက်ရှိသော မိမိလင် သောဏနန္ဒကို မြင်၍ အရှင့်သား သင်သည် ဘာမျှ မစိုးရိမ်ပါလင့်၊ ကျွန်ုပ်မှာ အပြစ်ရှိသည် မရှိသည်ကား နောင်အခါ၌ ထင်ရှားလာပါလိမ့်မည်၊ သို့ဖြစ်၍ အကျွန်ုပ်သည် မင်းချင်းယောကျ်ားတို့ ဖမ်းဆီးခေါ်ဆောင်ရာသို့ လိုက်ပါသွားမည်ဟု ဆို၍ မင်းချင်းယောကျ်ားတို့ ခေါ်ရာသို့ လိုက်ပါသွားလေသည်။

ထိုအခါ ကာလကဏ္ဍီသည် သူ၏မူလ အကြံအစည် အတိုင်း ဘုရားအလောင်းနေရာ အိမ်ဂေဟာသို့ သွားရောက်နေထိုင်လျက် သောဏနန္ဒနှင့် အကျွမ်းတဝင် ပေါင်းသင်းနေထိုင်လေ၏။

ပဒုမာသည်လည်း မင်းချင်းယောကျ်ားများ ခေါ်ဆောင်ရာသို့ လိုက်ပါလာရာ ပာရာဏသီမြို့မှ ယူဇနာဝက်မျှဝေးကွာသောနေရာသို့ရောက်၍ မင်းချင်းယောကျ်ားတို့အား အမောင်တို့ ဤကိစ္စတွင် ကျွန်ုပ်မှာ ဘာမျှ အပြစ်မရှိပါ၊ နောင်အခါတွင် ကျွန်ုပ်၌ အပြစ်မရှိကြောင်း သင်တို့သိလာပါလိမ့်မည်၊ သို့ဖြစ်၍ ယခုအခါ ကျွန်ုပ်သည် လက်စွပ်လေးကွင်းတို့ကို သင်တို့အား ပေးပါအံ့ဟု ပြောဆို၏။

## ပဒုမာကို သူ့ပခင်ရသေ့ထံ အပ်နှံခဲ့ပြီ

ထိုအခါ မင်းချင်းယောကျ်ားတို့က အိုအရှင်မ ကျွန်ုပ်တို့က အသို့ပြုရပါမည်နည်းဟု မေးကြရာ ပဒုမာသည် အချင်းတို့ သင်တို့သည် အခြားတနေရာသို့သွား၍ ခြောက်ရက်မျှ နေပြီးလျှင် မည်သူ့ကိုမျှ အသိမပေးဘဲ မင်းကြီး၏ အထံသို့ ပြန်သွားကာ အိုအရှင်မင်းကြီး ကျွန်ုပ်တို့သည် ထိုပဒုမာမင်းသမီးကို သူ့ဖခင် ရသေ့ကြီးထံ ပြန်လည်အပ်နှင်းခဲ့သည်ဟု လျှောက်ထားကြကုန်လော့ဟု မှာကြားပြောဆိုလျက် ပဒုမာသည် မိမိ၏ အဘိုးတထောင်တန်သော လက်စွပ် လေးကွင်းကို ထိုမင်းချင်း လေးယောက်တို့အား ပေးလေ၏၊ မင်းချင်းတို့သည် ပဒုမာထံမှ လက်စွပ်တကွင်းစီ ယူကြပြီးလျှင် ပဒုမာမင်းသမီးကို ရှိခိုး၍ အိုအရှင်မ ဘာမျှမစိုးရိမ်ပါလင့်ဟု ပြောဆို ထွက်ခွာလာကြလေ၏၊ မင်းချင်း ယောကျ်ားတို့သည် ခြောက်ရက်မျှ အခြားတနေရာ၌ နေကြပြီး နောက်မှ မင်းကြီးထံသွား၍ ထိုအကြောင်းကို လျှောက်ထားကြကုန်၏။

ထိုအခါ ကာလကဏ္ဏီသည် ယနေ့မှစ၍ ငါ၏အလိုဆန္ဒ ပြည့်ဝပြီ၊ ငါ၏ အကြံအောင်ပြီဟု ပြောင်လက်မြင်ဘမ်း ရွှင်လန်းဝမ်းမြောက်လျက် ကြံစည်ကာ ဥဒါန်းကဗျာကို နှုတ်လွှာမျိုးဝင့်၍ ကျူးရင့်လေသည်ကား=

ငါ၏အရှင် မချစ်ခင်ဘဲ ပေါင်းသင်းနေရသော လင်ကပိလ သေရွာကြွချေပြီ၊ ငါချစ်ဘုရား သောဏနန္ဒမင်းသား၏ ချစ်မယား ပဒုမာလဲ ငါ့အကြံထဲမှာ အရှက်တကွဲဖြစ်ခါ ပျက်စီးရှာလေပြီ၊ ငါ့အလိုဆန္ဒသည် ယခုမှ ပြည့်စုံရှာချေပြီ။

ငါပြုသမျှ အမှုကအောင်မြင်၊ ငါ၏ ဆက်ကွင်း အသက်ရှင်ခြင်းက
လွှန်မင်းစွာ ချမ်းသာပေတယ်ရှင်၊ သောဏနန္ဒ အလှမောင်တော်ခင်၊
အကြောင်းဆက် ပေါင်းဖက်ရလို့ သုခရိပ်မြုံ ရွှေဘုံရောက်ပြီရှင်။

## ပဒုမာ၏ သစ္စာဓိဋ္ဌာန်

ထိုအခါန်မှာ ဂုဏ်သိရ်မွဲ့ရှာသော ပဒုမာသည် သူ့ပိတာ ဖရသေ့စံမွေ့သည့် ဌာနီ မှန်းရည်ကာ ဦးတိုက်၍ ဖူးလိုက်ပြီးလျှင် မိမိ၏ ဒူးဝန်းကို မြေစွန်းမှာ ထောက် အဥ္စလီ တင်ချီမြှောက်လို့ အံ့လောက်သော သစ္စာကို လုစ်ကာမြွက်သည်ကား- ကျွန်တော်မ ပဒုမာသည် ကာလကဏ္ဏီ စွပ်စွဲပြောဆိုသည့်အတိုင်း အပြစ်ကျူးလွန်သူ တရားခံဖြစ်ရိုးမှန်လျှင် ဤမဟာပထဝီမြေကြီးသည် အသံမြည်ကာပွင့်၍ ငါ့ကိုမျိုစေသတည်း၊ အကယ်၍ ငါသည် သူမ ကာလကဏ္ဏီ ပြောသည့်အတိုင်း မဟုတ်ပါက ဤနေ့ရာ၌ အလွန်တရာချိုမြိန်သော အသီးကိုဆောင်သော သစ်ပင်တို့ဖြင့် သစ်လွင်သော ဥယျာဉ်ကြီးတခု ဖြစ်ပေါ်လာပါစေသတည်း၊ ယင်းသစ်ပင်မှ အသီးများကို သူယုတ်မာတို့သည် သုံးဆောင်စားသောက်ခြင်းငှာ မဝံ့မရဲဖြစ်ပါစေ၊ ထိုအသီးတို့သည် သူယုတ်မာတို့စားလျှင် ခါးပါချဉ်ပါစေ၊ စိတ်ထားဖြူလွှင် သူတော်စင်တို့ စားပါမူ အလွန်တရာ ချိုမြိန်ပါစေသတည်း။

ငါ၏ကိုယ်သည် ငါ၏အနီး၌ သစ်ရွက်မိုးသာလာ ဖြစ်ပါစေ၊ ငါ၏လက်ခြေတို့သည် သာလာ၏ တိုင်လေးတိုင်ဖြစ်၍ ငါ၏ဝမ်းဗိုက်သည် သာလာ၏ အကာအရံ ဖြစ်ပါစေ၊ ထို့ပြင် ငါ၏ ဥက္ကောင်းသည် သာလာ၏ အထွတ်ဖြစ်၍ ငါ၏ကျောသည် သာလာ၏ကျောပြင်သဖွယ်ဖြစ်လျက် ငါ၏မျက်စိနှစ်လုံးတို့သည် ငါ၏သာလာ၌ အချင်းချင်း လူစကားကိုပြောဆိုသော ကျေးသား (ကြက်တူရွေး) နှစ်ကောင် ဖြစ်ပါစေသားဟု သစ္စာဓိဋ္ဌာန် ပြုလေသည်။

ယင်းသို့ သစ္စာမိဋ္ဌာန် ပြုပြီးလျှင် ပဒုမာ မင်းသမီးသည်ထိုနေရာ၌ရပ်နေလေသည်။

ယိုဘက်၌ ပဒုမာမင်းသမီး၏ ဆိုသမျှ အမိဋ္ဌာန်အတိုင်း ဥယျာဉ် စသည်တို့သည် ဖြစ်ပေါ်လာကုန်၏၊ လူသားတို့သည် အသွားအလာအားဖြင့် ထိုသာလာသို့ ရောက်ကြသော် ဝင်ရောက်နားနေ၍ အပန်းဖြေကြလျှင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသာယာရကုန်၏၊ ကျေးသားနှစ်ကောင်တို့သည်ထိုသာလာ၌ရှိရာတကောင်သော ကျေးသားကားမေးဘွန်းထုတ်သောကြက်တူရွေးဖြစ်လျက် တကောင်ကား အဖြေပေးသော ကြက်တူရွေး ဖြစ်လေသည်။

မေးကျေးသား။ အို အဖြေအရာ အသေအချာဖြင့် ဖြေရှာ ပေပြောအသွေကျေးသား ပဒုမာဆိုတဲ့ အမျိုးသမီးသည် အပြစ်ကျူးလွန်သောတရားခံ ဖြစ်သည်ဆိုတာ ဟုတ်ပါသလားနှုတ်လှာပါးဖြင့် ထုတ်ခါကြားတော်မူ၏။

ဖြေကျေးသား။ အဖြေမှန်နှင့် အခြေခံ အခြေခံနှင့် အဖြေမှန်ကို ကေန်သိရေး အမေးထုတ်ပေသော အိုကျေးသား- ဤစကားကိုသင်ကားတွေးချင့် မမေးသင့်၊ ရေးဖွင့်မသာ ဤပဒုမာသည် မဟာ ပုည သဒ္ဒါဟုန်ကြွ သမ္ဘာဂုဏ်လှသောမိန်းမတယောက် ပေတည်း၊ အပြစ် ကျူးလွန်ဘို့ မဖြစ်နိုင်ပါ၊ သင်သည် ဤမင်းသမီး အကြောင်းကို မသိပါသလော။

ပေးကျေးသား။ အဖြေပေးပြော၊ အိုကျေးသား သူကား မဟာပုည ဘုန်းကံလှသည်ကို ပြောပြစမ်းပါဦး။

ဖြေကျေးသား။ အမေးလိမ္မာ အိုကျေးသုဝါ ပဒုမာအကြောင်း စုကာပေါင်း ထပ်လောင်းကုန်စင် သင်သည် သိမြင်ပါ၏လော။

မေးကျေးသား။ ပဒုမာအကြောင်း ကောင်းကောင်းကျွန်ုပ် မသိပါ။

ဖြေကျေးသား။ သို့ဖြစ်လျှင် နားတော်ဆင်လော အစဉ်ဘဝ သန္ဓေစကလုံးဝစုပေါင်း သူ့အကြောင်းကို ကောင်းမွန်စွာလေ ဖြေကြားပေအံ့။

အကျွေကျေးသား တပါးခမျှ ပဒုမာသည် နတ်ရှာဘုရား သိကြားမင်းက တရားရင်းဖွေရှာ သူ့မာတာဗိုက်ဝမ်း၌ ငှက်ယောင်ဆောင် နှိုက်စမ်းကာမှန်မယွင်း ဝိတ္တင်းမှဆောင်ကြဉ်းကာ ဟေမဝန် ဘေ့ွစွန်အိုင်တခု ပဒုမာဝတ်မှုန်ကြား အတားခံရလေသည်၊ ကြာဖူးက မအာဘူးနေတော့ အလာထူးပေ့သိုပြီး ဆရာတဦးရသော့က ဆင်းခူး ယင်းအဖူးဝတ်မှုန်ကြား လားလားခလေးတွေ့ အရေးပြည့်အောင် လက်အချောင်း မြှက်လောင်းကာ အမိဋ္ဌာန်

တော့ စိတ်ကြံအရ ဟိန်းဟန်လှ ထွက်ကျတဲ့နို့ရေ စို့ပေတော့သမီး ရသေ့ကြီးတိုက်ကျွေး၍ မွေးမြူခဲ့လေသည်၊ သမီးငယ် အရွယ်ရောက်တော့ မဖွယ်နှစ်ယောက် အတူနေ တဆူပေ ဦးရသေ့ ပျော်မွေ့သည့်သင်္ခမ်း ခပ်လှမ်းလှမ်းနေရာမှာ အိမ်ဂေဟာဖန်တီး၍ သမီးကိုထားလေသည်။

နေ့တပါး မင်းသားနောင်ညီတို့ တောင်ထိသို့ သမင်လိုက်ထွက် မိမိဘက်ကရွှေသမင် မြေပြင်လှမ်း မဖမ်းနိုင်က စခန်းတိုင် အရလိုက်၍ ဖမ်းရမည်ဟု ကတိထား အသိတရားကြောင့် ဘုရားအလောင်း သောဏနန္ဒ သုဝဏ္ဏရွှေသမင် မြေနှင်လိုလိုက် မြင်းဟိုက်တော့ မြေပြင်လမ်း ခြေလျင်လှမ်း၍ လိုက်လေရာ မိုက်သေလာတောတွင်း တဦးချင်း ဖြစ်လေသတည်း။

နေဝင်စအရောက် ရွှေသမင်ကပျောက် ခြေလျင်တဝရှောက်ခဲ့လို့ ရောက်တဲ့အရပ် ပြစ်စင်မျှော်ပြီး သစ်ပင်ပေါ်တက်၍ အိပ်လေသည်၊ အရှေ့လောကယင်းချောင်ထိမှ လင်းရောင်ခြည်ရတော့ သစ်ပင်မှဆင်း မြေခင်းမှာ ခြေနင်းကာ ရွှေသမင်ရှာရင်းနှင့် တောတွင်းသေလာမှာ ဂေဟာတခုကိုတွေ့လျှင် လူရှိမရှိ သိရအောင် အသံပေး ပြန်ရေးကိုမျှော်ရင်း ပြူတင်းဖွင့်သံကို ကြားတော့ လားလားနတ်ကညာ မှတ်စရာ ပျိုတပါးသည် ပေါ်လာလေသည်၊ သာမိက အသာမိက တခါသိရအောင်မေးတော့ ရသေ့မွေးတဲ့ပျို လေးအစစ်မှန်းသိ- နွမ်းရှိသည့် ကိုယ်နေမှာ ထိုဂေဟာ တည်းခိုခွင့် တောင်းတော့ အကြောင်းအားလျော်စွာ အပေါင်းသားမျှော်ရှာတဲ့တော်သာခွါသွေး လှယဉ်ကျေးက တည်းခိုခွင့်ပေးလေသည်၊ တရက်မှ နှစ်ရက် သုံးရက် ဘုန်းကနက်နှင့် ပြုံးလျက်မျက်နှာ ရှုန်းထွက်ဘို့မသက်သာပဲ ဘယက်ညှာ ပဒုမနှင့် သမုဒယတွယ်ငြိကြလေသတည်း။

သောဏနန္ဒ ကုမာရသည် သူ့ဌာနပြန် ဖြစ်ဟန်ကို ပြောပြ၍ မိဘတွေ့သဘောကျလျှင် တောဌာနတခါလာ၍ တာပသာ ရသေ့ကြီးထံ တောင်းခံလေရာ ပဒုမာသမီးတော်ကို မျှော်ခေါ်၍ ရှေခရီးဖြင့် မင်းကြီးထံထည့်လိုက်၍ နှစ်ခိုက်သော သောဏနန္ဒနှင့် ရွှေလက်စုံ ရေခွက်တုံအတူထား၍ ပေးစားလိုက်လေသည်၊ ထို့ကြောင့် ပဒုမာသည် မည်သည့်နည်းနှင့်မျှ အပြစ်ကျူးလွန်သူတရားခံ မဖြစ်နိုင်ပါ။

မေး။ အဆွေကျေးသား အမေးစကား အရေးထား လေးစားစွာဖြေပါဦး၊ အဘယ် အကြောင်း ဘာသွယ်လောင်းလို့ တကယ်ကောင်းသော ကပိလမင်းသားကို ဒင်းမယား ကာလကဏ္ဍိသည် ကြံစည်ကာသတ်ဖြတ်၍ နောက်ထပ်ပဒုမာအား ကရုဏာ မသက်မှုံးပဲ ပျက်စီးခြင်းကို ပြုရပါသနည်း။

ဖြေ။ အဖြေစကား ကြားလိုသော မောင်သုဝ- ကာလကဏ္ဏိ အမည်ရှိသော မိန်းမသည် ထက်လှသောအဆိပ်ရေဖြင့် မိမိလင်ကို သေစေပြီးလျှင် သေသူ၏လက်သန်းကို ဖြတ်ပါ၍ ပဒုမာ၏ ဆံထုံးကြားထား ကြံလုံးများကာ ပဒုမာကို တရားခံအဖြစ် စွပ်စွဲခြင်း ဖြစ်ပါသည်။

မေး။ အဆွေကျေးသား ဒါဖြစ်လျှင် ထိုပဒုမာသည် ဘယ်သူ၏သမီးဖြစ်ပါသနည်း။

ဖြေ။ အဆွေကျေးသား- ဤအမည်ရှိပါ ပဒုမာသည် ဆင်းရဲသားလင်မယား၏ ထံပါး၌မှီ သမ္မာခေ အမည်ရှိသော မိန်းမ၏သမီးဖြစ်လေသည်၊ ဤသို့ စသည်ဖြင့် ကျေးသားငယ်နှစ်ဦးတို့သည် တဦးကမေး တဦးကဖြေကာဖြင့် လိုသာလာ၌ နေကြကုန်၏။

## ကြက်တူရွေးစကားပြောသည်ကို နားထောင်ကြပုံ

လူများစွာတို့သည် ထိုသာလာသို့ ရောက်တိုင်း ရောက်တိုင်း ထိုကျေးသားနှစ်ဦးတို့၏ ပြောစကားကို ကြား၍ တဆင့်စကားဖြင့် နေရာတိုင်းမှာ သတင်းပျံ့နှံ့သွားလေသည် ဖြစ်ရာ ဗာရာဏသီတမြို့လုံး ထိုအကြောင်းကို သိရှိ ပြောဆိုနေကြကုန်၏။

ထိုနောက် ဗာရာဏသီမြို့သူ မြို့သားတို့သည် ဓမ္မမဝ မင်းကြီးအား ထိုအကြောင်းကို လျှောက်ထား သံတော်ဦးတင်ကြကုန်၏၊ ဓမ္မမဝမင်းကြီးသည် ထိုစကားကိုကြား၍ အံ့ဩခြင်းဖြစ်ကာ လူသူအများနှင့် မင်းသားပါမကျန် ထိုရပ်ထံသို့ ကြွရောက်တော်မူလေသည်။

ကာလ ကဏ္ဏိသူယုတ်မသည်လည်း ဘုရားအလောင်းနှင့် အတူ သွားလျက်စကားဆိုသည်ကား-

အရှင်မင်းသား လူစကားပြောတတ်တဲ့ ကျေသားဆိုတာ ရှိသည် မဟုတ်လား မောင်တော်ရယ်။

ဟိုရောက်တော့ သိမှာပေါ့ ကာလကဏ္ဏီ- စကားပြောတတ်တဲ့ ကျေးသားရှိတယ်ဆိုရင် ကျေးသားပြောစကား ကြားရမှာပေါ့။

ဤသို့ ပြောဆိုတိုင်ပင်၍ ဘုရားအလောင်းနှင့်အတူ ထိုဌာနသို့ ရောက်သွားလေသည်။

ထိုဌာနသို့ ရောက်လာသော လူအပေါင်းတို့သည် သရက်သီးများကို ခူး၍စားပြီးလျှင် အံ့ဩဘွယ်ရာ ချိုပါပေစွ သရက်သီးဟု ဆိုကာ ချီးကျူးလျက် အကျန်သရက်သီးတို့ကို ထိုနေရာမှာပင် ထားခဲ့ကြကုန်၏၊ မင်းချင်းတို့သည် မင်းကြီးအားငှင်း မင်းသားတို့အားငှင်း သရက်သီးကို ပေးကုန်၏။

ထိုအခါ မင်းအစရှိသော လူအများတို့သည် သရက်သီးကို စား၍ ချိုမြိန်ကောင်းမြတ်သော အရသာရှိပါပေစွဟု ပြောဆို ချီးမွမ်းကြကုန်၏၊ ကာလကဏ္ဏိသည် လူအများ ချီးကျူးစကားဖြင့် သရက်သီးတလုံးကို ယူ၍ စားကြည့်ရာ အလွန်ခါးသီး၍ စူးစူးယှယှ ချဉ်စုတ်သော အရသာကို တွေ့ရသဖြင့် ဇလန်ဒြေပျက်လောက်သည်အထိ ရှုံ့တွလျက်ရှိလေ၏။

ထိုနေရာ၌ ရှိသူတို့အား ကာလကဏ္ဏိသည် ပါးစပ်ထဲမှသရက်သီးကို ထွေးထုတ်လျက် ဤသို့ပြောကြား၏၊ အိုလူအပေါင်းတို့- သင်တို့သည် သိပ်ချိုသော အရသာရှိသည်ဟု ပြောကြသော်လည်း ကာလကဏ္ဏိ စားကြည့်တဲ့အခါ သိပ်ခါး၍ သိပ်ချဉ်သည်ကို တွေ့ရပါသည်ဟု ပြောဆိုလေ၏။

ထိုစကားကိုကြားလျှင် ဘုရားအလောင်း သောဏနန္ဒသည် မိမိစားနေသော သရက်သီးမှ တခြမ်းကို ကာလကဏ္ဏိအားပေး၍ စားစေရာ ကာလကဏ္ဏိသည် ယင်းသရက်သီးကို စားကာမျှဖြင့်ပင် ခါးသောချဉ်သော အရသာကို သည်းမခံနိုင်သဖြင့် ချက်ချင်းထွေးထုတ်လေ၏။

ထိုအခါ ဓမ္မဓုမင်းကြီးသည် သာလာသို့ ဝင်၍ ကျေးနှစ်ကောင် အနီး၌ ရပ်လျက်-

(မင်းကြီး) အိုကျေးသားတို့- သင်တို့နှစ်ကောင်သည် အဘယ်အရပ်မှလာ၍ ဤသာလာ၌ နေကြပါသနည်း။

(ကျေးသားများ) မြတ်သောမင်းကြီး- ကျွန်ုပ်တို့သည် ဟိမဝန္တာမှ လာကြပါကုန်၏။

(မင်းကြီး) အဘယ်အကြောင်းကိစ္စရှိ၍ အဘယ်အလို့ငှာ လာကြပါသနည်း။

(ကျေးသားများ) ပဒုမာ အကြောင်း အဆိုးအကောင်းကို လူအများသိအောင် ပြောကြားဘို့ လာကြခြင်းဖြစ်ပါသည်။

(မင်းကြီး) ဒီလိုဆိုလျှင် အပိုမရှိ အလိုမပြည့် နဂိုအတိ ပျိုတမိ သမုဒ္ဒာ ပဒုမာ၏အကြောင်း အကောင်းအဆိုး လင်းစမ်းကြ ပြောစမ်းကြပါ ကျေးသားတို့။

(ကျေးသားများ) မင်းမြတ်- မယွင်းမှတ်ပါတော့၊ အတတ်သိရအောင် အမိအရဆောင်၍ ပြောပါမည်၊ စောဒကာသည် ရှေးကျေးက အဖြေပေး သုဝါနှင့် ပြဿနာအထွေထွေ အမေးအဖြေဖြင့် အရေး ပေါ်အောင် ပြောဆိုကြလေသည်၊ မင်းနှင့်

မင်းသား ဗိုလ်ပါများမကြွင်း ထိုသာလာဆောင်အတွင်း၌
မှီတင်းနေသူ မှန်သမျှ ကျေးတို့ အမေးအဖြေစကား ကြား
ရတော့ အစ္ဆရိယံဝတ အံ့ဩခြင်းကြီးစွာ ဖြစ်ကြကုန်၏၊

ယင်းသို့ ပဒုမာ၏ အကြောင်းစုံကို အကုန်အစင်ကြားရပြီးနောက် ဓမ္မမဓု မင်းကြီးသည် ဒေါသအမျက် ချောင်းချောင်းထွက်လျက် ထိုနေရာ၌ တည်နေသော ကာလကဏ္ဏိကို မသတီစိတ်တွေးနှဲ–

ဟဲ့ အိုအယုတ်မ- မုချယခု သင်ပြုသမျှ ပါပတရား လာသမျှမမှား အရာမကပွား သူများအပေါ်တင် အပြစ်ကျူးလွန်သော တရားခံ အသင့်ဖြင့် ဘုန်းရှင် ပဒုမာကို ကရုဏာတစက်မမှီးပဲ အရှက်ကြီးကွဲအောင် ဖျက်ဆီးခဲ့ လေသည်၊ ယင်းသို့ မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက် ယခု ဤအရပ်သို့ လာ သည်ကို သင်မရှက်ပါသလော၊ ယခု ကျေးသားတို့ ပြောသော စကားများ သည် မှန်ပါသလောဟု မောင်းမဲပြောဆိုလေ၏။

ထိုအခါ ကာလကဏ္ဏိသည် ဉာဏ်မမှီအစင်းတွေး အကြံအစည်ယင်းအရေး မပဟာန်ပြီ ဒီမင်းလေး မင်းဘေးမှ ကြောက်၍ တုန်လှုပ်သည်ဖြစ်၍ ငြင်းပယ် ပျက်မင့်ရကား ဒိုမင်းမြတ်ကြီးဘုရား- ကျေးသားနှစ်ဦးတို့၏ ရည်စူးပြော ကြား စကားများသည် တရားသားစံဝင်၍ အမှန်ပင်ဖြစ်ပါသည်ဟု လျှောက် ထား ပြောဆိုလေ၏၊ ထိုအခါ မင်းကြီးသည် ကာလကဏ္ဏိအား အိုမိန်းမပျက် အယုတ်တမာမ- သင်သည် ငါ့သားကို အဆိပ်ခတ်၍ သတ်ခဲ့သည်၊ ဆက်ဆက် ယခု သင်ပြုသည့် အဆိပ်စာ ယူခဲ့ငါ့ကိုပြ-ဟု မင်းကြီးကဆိုလေသော်-

ကာလကဏ္ဏိသည် ထိုအဆိပ်ကို လျှို့ဝှက်ခြင်းငှာ မစွမ်းနိုင်သည် ဖြစ်၍ မိမိ၏ အိမ်၌ထားသော အဆိပ်ကိုဆောင်စေပြီးလျှင် မင်းကြီးအားပြရလေ၏။

ထိုအခါ ဓမ္မမဓုမင်းကြီးက ဟယ် မိန်းမပျက်- သင့်အဆိပ်ကို သင်ပင် ငါ့ရှေ့၌ စားပြလေလော့၊ သင်ကားယခု စားမပြနိုင်လျှင် ငါ၏ လက်သုံး တော် သံလျက်ဖြင့် သင်၏အုပ်ဆက်ကို ပြုတ်ထွက်စေမည်ဟု မိန့်တော်မူလေ၏။

မင်းကြီး၏ အမိန့်စကားကြားလျှင် ကာလကဏ္ဏိသည် ငိုကြွေး၍ ဘုရင်၏ ရှေ့မှောက်၌ပင် အဆိပ်ကို သောက်ရလေသည်၊ အဆိပ်ကိုသောက်၍ ဝမ်းတွင်း သို့ရောက်လျှင် အလွန်ပူ၍ ဘဝင်ဆူ ဟိုဒီလူးလှိမ့်လျက် အသံနိမ့်ခါ သေရွာသို့ ကြွလေသတည်း။

ထိုအခါ ဓမ္မမဓုမင်းကြီးသည် ကာလကဏ္ဏိ၏ ရုပ်အလောင်းကို ကျီးလင်း တတို့ စားစေရန် စွန့်ပစ်လေ၏။

ကျေးသားနှစ်ဦးတို့တွင် အဖြေပေးသော ကျေးသားက မင်းအစရှိသော လူအများအား မကောင်းမှု အကုသိုလ် ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး တရားစကား ပြောကြားလို၍-

လောက၌ မကောင်းမှု ပြုသော သူသည် ထိုကဲ့သို့ သဘော ရှိသော ဆင်းရဲဒုက္ခကို ရလေသည်၊ သူတပါးတို့၊ အကဲ့ရဲ့ခံရသည်၊ သေလွန်သော် ငရဲသို့ သွားရလေသည်။

လောက၌ မကောင်းမှု ပြုလုပ်တို့ ဆိတ်ကွယ်ရာ အရပ်မည်သည် မရှိပါချေ၊ နတ်အပေါင်းတို့သည် ထိုသူကို မြင်ကုန်၏၊ လူအပေါင်းသည် အမြဲတစေ ကဲ့ရဲ့ရှုတ်ချပေ၏။

ထို့ကြောင့် သင်တို့သည် မကောင်းမှုကိုပြုသူ သူယုတ်ဟု အခြားသူတို့ သမုတ်ခြင်းကို မခံရစေရန် မကောင်းမှုကို မပြုကြပါလင့်၊ မကောင်းမှုသည် ဒုက္ခရောက်စေတတ်၏၊ ထိုမကောင်းမှုသည် သုခကို မဖြစ်စေတတ်ပါ။

ရေပေါက်တွေ ကျဖန်များသဖြင့် ရေအိုးကြီး ပြည့်သွားသလို အနည်းငယ်သော မကောင်းမှုသည်လည်း ကြီးကျယ်များပြားသော ဆင်းရဲဒုက္ခကို ဖြစ်စေတတ်ပါ၏။

အကြင်သူတို့သည် မိမိ၏အပြစ်ကို သူတပါး အပေါ်သို့ တင်ကုန်၏၊ ထိုသူတို့အား ထိုအပြစ်တို့သည် လေညာကို မြူမှုန် ပစ်တင်သကဲ့သို့ မိမိအား ဒုက္ခရောက်စေ၏ဟု တရားစကား ပြောကြားလေသတည်း။

ထိုအခါ မင်းအစရှိသော လူအပေါင်းတို့သည် ကျေးသား၏ စကားကို ကြားလျှင် လွန်စွာချီးမွမ်းထောမနာ၍ ဤသို့ ဆိုကုန်၏၊ အိုအမောင်ကျေးသားတို့- ဤပဒုမာမင်းသမီးကို ငါတို့သည် ဝိသုဒ္ဓရသေ့ကြီးထံ ပြန်ပို့လိုက်ကြပြီ၊ ယခုအခါ ငါတို့သည် ထိုပဒုမာမင်းသမီးကို တဖန် ပြန်၍ ယူဆောင်ခေါ်ငင်ကြပါလိုကုန်၏၊ အသို့နည်း ထိုမင်းသမီးသည် ငါတို့နှင့်အတူလိုက်ပါမည်လော၊ ယခု ငါတို့ အသို့ပြုရပါကုန်မည်နည်းဟု မေးလေရာ-

ကျေးသားနှစ်ဦးတို့သည် မင်းကြီးအား ဤသို့ လျှောက်တင်ကုန်၏၊ အိုမြတ်သော မင်းကြီး သင်မင်းကြီးသည် ပဒုမာအား အကယ်၍ ဆောင်လိုသည်ဖြစ်အံ့၊ ဤနေရာ၌ နေရာထိုင်ခင်းများ ကျနစွာ ခင်းကျင်း၍ ပဒုမာအား အောက်မေ့တမ်းတ သတိရပါလော၊ ပဒုမာသည် တန်ခိုးအာနုဘော်ကြီး၍ ရှေးဘုန်းရှေးကံလည်း ရှိပါသည်၊ သင်မင်းကြီး တမ်းတသတိရလိုက်လျှင် သင်မင်းကြီး၏ စိတ်အလိုကိုသိ၍ ထိုနေရာမှာ မိမိကိုယ်ကို ပြပါလတ္တံ့ဟု လျှောက်ထား ပြောဆိုလေ၏။

ထိုစကားကို ကြားသောအခါ မင်းကြီးသည် ထိုနေရာ၌ပင် မြတ်သူတို့အားသာ ထိုက်တန်သော နေရာကို ခင်းကျင်းစီမံ၍ အထက်မှ ထီးဖြူမိုးပြီးလျှင် ပဒုမာအား နှစ်သိမ့်စေကာ—

အိုချွေးမအလိမ္မာ ပဒုမာ- ငါတို့ရဲ့ အပြစ်ကို သည်းခံပါလော၊ အပြစ်မထားပါလင့်၊ ငါတို့ကို အရှက်မခွဲပါလင့်။

ကြွပါ ချွေးမအလိမ္မာ ပဒုမာ၊ ထိုင်ပါ ဤနေရာ၊ ငါတို့အား ထင်ထင်ရှားရှား သင့်ရဲ့ရုပ်သွင်ကို ပြပါ၊ သင့်လင်ကလဲ သင့်ကို နှစ်သက်မြတ်နိုးပါ၏။

သင်အား ရန်ငြိုးထား၍ မကောင်းကြံသော ကာလကဏ္ဏီသည် သူပြုသည့် အပြစ်အားလျော်စွာ သေရွာသို့ သွားပါလေပြီ၊ ပြန်ကြွလာပါ ပဒုမာ၊ သင်မှာ ရန်သူမရှိဘဲ စိတ်အေးချမ်းသာ နေပါလေလော-ဟု ပြောဆိုလေသည်။

ဤသို့အားဖြင့် တမ်းတပြောဆိုသော ဓမ္မဓမင်းကြီး၏ စကားကိုကြားလျှင် ထိုကျေးသား နှစ်ကောင်တို့သည် မြတ်သောမင်းကြီး- ပဒုမာသည် တစုံတခုသောနေရာ၌ ရှိသည်မဟုတ်ပါ၊ စင်စစ်အားဖြင့်ကား ပဒုမာသည် မိမိ၏ ကောင်းမှု အာနုဘော်အားဖြင့် ဤနေရာမှာ သာလာတခု ဖန်ဆင်းထားခြင်း ဖြစ်ပါ၏။

ကျွန်ုပ်တို့ ကျေးသားနှစ်ကောင်သည်ကား ပဒုမာ၏ မျက်စိနှစ်လုံးဖြစ်ပါ၏၊ ဤသို့ စသည်ဖြင့် ပြောပြပြီးလျှင် ခဏချင်းပင် ထိုသာလာသည် ကွယ်ပျောက်သွားလျက် ပဒုမာသည် ပကတိရုပ်သွင်ဖြင့် ထင်ရှားစွာ ပေါ်လာလေသည်။

ထိုအခါ ဘုရားအလောင်းသည် မယားကောင်း ပဒုမာကို ရုတ်တရက်မြင်ရသောအခါ သောကကို ဖြေဆည်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ ပဒုမာ၏ လက်ကို ပြေးဖက်ကိုင်ဆွဲ သညာစဲလျက် ထိုနေရာ၌ပင် မေ့မျောလဲကျသွားလေသည်၊ ပဒုမာသည်လည်း မိမိ၏ ချစ်လင် ပဒုမာ၏ မေ့မျောလဲကျသည်ကိုမြင်လျှင် သတိစင်၍ ထိုနေရာတွင်ပင် အကဲမလှ လဲကျသွားပြန်လေသည်၊ သားတော် သောဏ လဲကျသွားသည်ကို မြင်ရသောဘုရင် ဓမ္မဓသည် သနားကရု ပြန့်ကာဝေလျက် နှံ့သာရေ ဖျန်းလတ်၍ နှာနှပ်လေသည်။

မင်းသားမောင်နှံ့တို့သည် အတန်ကြာသော် သတိရ၍ နေရာမှထပြီး အဖကို ဦးချ၍ တည်နေကြကုန်၏၊ ထိုအခါ ဘုရင် ဓမ္မဓမင်းရာဇာသည် ထိုနေရာမှာ အဘိသိက် မင်္ဂလာ ဆင်ရာမဏ္ဍပ်ကို ဆောက်လုပ်စီမံစေ၍ သားတော်၏ ဦးထိပ်ထက်၌ ဘိသိက်ရေစင် သွန်းဖျန်းပြီး ဗာရာဏသီ ရွှေနန်းကို ခံယူ

စေ၏၊ ထိုနောက် နိမ္မာဒေဝီနှင့် အမျိုးသမီးများကလည်း ပဒုမာ၏ ဦးထိပ် ထက်၌ မင်္ဂလာဘိသိက် ရေစင်များ သွန်းဖျန်းကြလျက် အို သမီးတော်ပဒုမာ ယခုအချိန် အခါမှစ၍ သင်၏ခင်ပွန်း သောဏနန္ဒမင်းသည် သင့်ကို အမြဲမပြတ် စောင့်ရှောက်ပါစေသတည်း၊ ထို့ပြင် သင်၏ ယောက္ခမတော် ဓမ္မဓုမင်း ကြီးသည်လည်း မေတ္တာစစ် မေတ္တာမှန်ဖြင့် သင့်ကို အမြဲမသွေ စောင့်ရှောက် ပါစေသတည်း။

သင်၏ခင်ပွန်းသည်,ယောက္ခမတော်များနှင့် လူသားအားလုံးတို့သည် သင့် အားမေတ္တာတရား ပွားများနိုင်ကြပါစေဟု ကောင်းမြတ်သော မင်္ဂလာစကား တို့ကို မြွက်ကြား ပြောဆိုကြကုန်၏။

ဘုရားအလောင်းသည် လူအပေါင်း ခြံရံလျက် ထိုရပ်ထံမှာပင် ခုနစ် ရက်ပတ်လုံး ဥယျာဉ်ကစားခြင်းကိုပြု၍ စစ်မက်ဗိုလ်ပါ ခေါ်ဆောင်ကာဖြင့် ဗာရာဏသီမြို့ကြငှန်းသို့ ဝင်ကာ နန်းတော်ပြာသာဒ်ထက် တက်ရောက်ပြီး လျှင် ဘောဂီရိပ်ငြိမ် မင်းစည်းစိမ်ကို ခံစားလေသတည်း။

ပဒုမာ လုဖျားသည် ဘုရားအလောင်း သောဏနန္ဒ၏ အဂ္ဂမဟေသီအဖြစ် ကိုရ၍ မြတ်နိုးကြင်နာခြင်းကို ခံလျက် စည်းစိမ်တို့ကို ခံစားလေ၏၊ မိမိ၏ မိဘ နှစ်ပါးတို့အားရင်း,ဆင်းရဲသော အဖိုးအားရင်း, အဘ သူဌေးကြီးအားရင်း အချင်းခပ်သိမ်း စားသောက်ဘွယ် အသွယ်သွယ်နှင့် အဝတ်တန်ဆာပလာ ပစ္စည်းဥစ္စာများကိုပို့စေလေသည်၊ နောက်အဘို့မှာ ပဒုမာသည် သောဏနန္ဒ မင်းသားနှင့် ဆက်ဆံပေါင်းသင်းသဖြင့် ကိုယ်ဝန်တည်၍ ဆယ်လပြည့်မြောက် သော် ဘုန်းကံနှင့်ပြည့်စုံသောသားကို ဖွားမြင်လေသည်၊ လူအများတို့သည် ထိုမင်းသားနာမည်ယူသောနေ့၌ မိဂသီနက္ခတ်နှင့် ယှဉ်လျက် ဖွားမြင်သော ကြောင့် ဂူနန္ဒသောရမင်းသားဟု အမည်မှည့်ကုန်၏။

## ဆံမြူတစက်ကြောင့် တောထွက်ကြပြီ

ထိုအခါ ဘုရားအလောင်း၏ဖခင် ဓမ္မဓုမင်းကြီးသည် ခေါင်းမှဆံဖြူပင် ကို ကြေးမုံတွင်မြင်၍ ဇရာတရား ငါ့အားလွှမ်းမိုးလာလေပြီဟု ကြံစည်၍ ဆွေမျိုးတွေကို စွန့်ပယ်ရှားပြီး တောသို့သွားကာ ရသေ့ရဟန်းပြုလျက် နေလေသည်၊ ဘာဝနာပွား၍ ဈာန်တရားကို ဖြစ်စေကာ သေလွန်သော အခါ ဈာန်လျှောမကွာသဖြင့် ဗြဟ္မာပြည်မှာ ဖြစ်လေသည်။

ဘုရားအလောင်းသည် တရားကြောင်းနှင့်အညီ မင်းပြုလျက် အရွယ်ရောက်လာသော သားတော် ဇာလိသောရမင်းသား၏ ဇနီး မယားရမှုအတွက် အနီးအနား တိုင်းပြည်နေ မင်းမျိုးတို့မှ မင်းသမီးတဦးကို ဆောင်စေ၍ ထိမ်းမြားသဘင် ပွဲတင်မင်္ဂလာ ပြုလုပ်လိုလျှင် မိမိတို့မြို့ဝယ် စည်းစိမ် အသွယ်သွယ်ကို ခံစားစေလေသည်။

ဘုရားအလောင်းလည်း ခေါင်းပွားအလံကူ ထံပြုငွေရွက် တခက်ကိုပင် ဖြေးပုံဖြင့်လျှင် ပဉ္စင်ချက်ကြီး ကြက်သီး မြန်းမြန်းယ ချေးဒိးဒိးကျ၍ ငါ၏ဝသောညီပုံကို အိုညီငယ်ဟူ၍ ဤပြည်ဝယ် မင်းအဖြစ်ကို လက်ခံကြကုန်၊ ငါကားကား တောသို့သွား၍ တရားလပ်းကျ ကမ္မဋ္ဌာန်းရအောင် ရဟန်းဘဝကူးတော့မည်ဟု ပြောဆိုလေသည်၊ညီငါးယောက်တို့ကလည်း နောင်တော်နှင့် အတူလိုက်၍ နှစ်မြိုက်စွာ ရဟန်းပြုမည်ဟု ဆိုကြလေသည်။

ဘုရားအလောင်းသည် ညီငါးပေါင်းတို့ကို ခေါ်ခေါ်လောင်း၍ မင်းအဖြစ်ငင်းလစ်သော်လည်း ယင်းတို့က ပစ်သဖြင့် ညီချစ်တော့ခေါ် တောပျော်ရဟန်းဘဝမြန်းရန် သံးဖြတ် ဓမ္မသတ်အရရှိကာဖြင့် ပဒုမာ အဂ္ဂမဟေသီအား မြွက်ကြားလေသည်ကား–

ရှင်မပဒုမာ· သားတော် ဇာလိသောရနှင့်တကွ ဤမြို့မှာ နေရစ်ခဲ့ပေတော့ ဒို့ရဟန်းပြုတော့အံ့ဟု ပြောခိုလေသည်။

မြတ်သောမင်းကြီး· ကျွန်ုပ် ပဒုမာသည်လည်း ယနေ့ပင် သင်နှင့်အတူ ရဟန်းအသွင်ယူအံ့ဟု ဆိုလျှင် အကြိမ်ကြိမ်အခါခါ မြို့မှာနေခဲ့ပါဟု ဆိုသော်လည်း တားမရသဖြင့် ခွင့်ပြုလိုက်ရလေသည်။

သောဏနန္ဒ မင်းသားသည် သားတော်ဇာလိသောရ မင်းသားအား မင်းအဘိသိက်သွင်းမင်းအဖြစ်ကိုအပ်နှင်း၍ ဆွေရင်းမျိုးချာ အဖြာဖြာစွန့်ခွါလျက် ငါးဖြာညီတော် ကြင်ယာတော် ပဒုမာတို့နှင့် မြို့တော်မှထွက်ခွါ၍ ဟိမဝန္တာဝယ် ရသေ့ရဟန်း ပြုကြလေသည်။

မေတ္တာဘာဝနာ ပွားများ၍ ဈာန်တံရားရပြီးလျှင် ထာဝရဈာန်မလျှောပဲ စုတေသောအခါ ဗြဟ္မာပြည်၌ ဖြစ်ကြကုန်၏။

မြတ်စွာဘုရားသည် ဤဒေသနာကိုဆောင်၍ ချစ်သားတို့ ရှေးအခါကလည်း ဤစိဋ္ဌမာဏပ်ကာသည် မိမိပြုသောအပြစ်ကို တပါးသူအပေါ်၌ တင်၍ တဖန်မိမိထံပြန်လည်ခိုမှေးငိုကြွေးရလျက် ခိုကိုးရာကင်းပသော သေခြင်းဖြင့် သေလေသည်သာတည်းဟု ဇာတ်ကို ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ ဓမ္မမဓုမင်းကြီးသည် ယခုအခါ သုဒ္ဓေါဒန၊ နိမ္မာမိဖုရားသည် မယ်တော် မာယာ၊ ကပိလသည် ဥဒါယီ၊ ဆင်းရဲသော ယောက်ျားသည် ကောသလမင်း၊ ကာလကဏ္ဏိသည် စိဉ္စမာဏဝိကာ၊ ပေါက်ဆိန်ရှင် သူဌေးသည် မိဂါရ၊ ဝစ္စနသတို့သားသည် သိင်္ဂါလ၊ သမ္မာဓနိသည် ဝိသာခါ၊ ဝိသုဒ္ဓ ရသေ့သည် ရှင်မဟာကဿပ၊ တောစောင့်နတ်သားသည် ရှင်သာရိပုတ္တရာ၊ သိကြားမင်းသည် ရှင်အနုရုဒ္ဓါ၊ညီရသေ့ ငါးယောက်သည် ရှင်အာနန္ဒာ၊ ဆန္န၊ ဥပဂုတ္တ၊ မောဂ္ဂလ္လာန၊ ကစ္စာယန၊ ပဒုမာမိဖုရားသည် ယသောဓရာ၊ ဂုန္ဒသော ရမင်းသားသည်ရာဟုလာ၊ အမတ်စသည်တို့သည် ဘုရားပရိသတ်၊သောဏနန္ဒ မင်းသားသည် ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

သောဏရာဇဇာတ် ပြီး၏။

# ၄၀-သုဝဏ္ဏကက္ကဋကဇာတ်

ရွှေဝင်မင်းသား၊ ဘုန်းဘုရားကြောင့်၊ တိုင်းကားပြည်ရွာ၊
အေးချမ်းသာ၍၊ ရန်ရှာပုံလျှင်း၊ ပင်းထက်မင်းတို့၊ ဝပ်စင်း
ရိုသေ၊ ရှိရပေ၏၊ ငါးထွေပြားစွပ်း တန်ခိုးတည်း။

မယံဘောဇနွှော ပဿိဿာမ-ဟူသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သိတင်းသုံး နေတော်မူစဉ် မိမိ၏ ရှေးဟောင်းကောင်းမှုကြောင့်ဖြစ်သော တန်ခိုးအာနုဘော်ကို အကြောင်းပြု၍ ဟောတော်မူ၏၊ အခါတပါး ရဟန်းအများတို့သည် တရားသဘင်၌ စည်းဝေးမိကြရာ အချင်းချင်းစကားဖြစ်စေကုန်သည်ကား ငါ့ရှင်တို့- အံ့ဩဘွယ်ရှိပေစွ၊ ငါတို့၏ မြတ်စွာဘုရားသည် နတ်လူတို့ထက် တန်ခိုးတေဇော် အာနုဘော်ကြီးမား၍ ပူဇော်သက္ကာရ အထူးများကို ခံတော်မူထိုက်ပြီးလျှင် အလွန်ပင် ရူပကာယ တင့်တယ်တော်မူသည်သာတည်း-ဟု စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် မိမိ၏ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ထိုရဟန်းတို့၏စကားကိုကြား၍ ထိုဓမ္မသဘင်သို့ ကြွလာတော်မူကာ မြတ်သော ဘုရားရှင်အတွက် ခင်းထားအပ်သော နေရာတော်၌ ထိုင်တော်မူပြီးလျှင် ချစ်သားတို့- အဘယ်စကားဖြင့် ယခု စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါသည်ဘုရား-ဟု လျှောက်ကြားလေသော် ချစ်သားတို့- ငါဘုရားသည် ယခု ဘုရားဖြစ်မှ အလွန် တန်ခိုးကြီး၍ လာဘ်ပူဇော်သက္ကာရအထူးကို ခံတော်မူထိုက်လျက် ရူပနိကာယ တင့်တယ်တော်မူသည်ကား အံ့ဩဘွယ်ရာမဟုတ်သေး၊ ရှေးအခါ ဘုရားအလောင်း ဘဝမှာ တည်လျက် အလွန်အံ့ဩဘွယ်ရာအဖြာဖြာ ကောင်းစွာဖြစ်ခဲ့သည်သာတည်းဟု ဟောကြားတော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုရဟန်းတို့သည် လျှောက်ထားတောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ချစ်သားတို့- အတိတ်အခါက သုရဘဋ္ဋ အမည်ရှိသော မင်းတပါးသည် ဗာရာဏသီမြို့၌ ပင်းအဖြစ်ကို ပြုလေသည်၊ ထိုမင်း၏ တောင်ညာစံ မိဖုရားသည်ကား စန္ဒာဒေဝီအမည်ရှိ၏၊ ထိုစန္ဒာဒေဝီသည် (၁) မင်းကြီး၏နောက်မှ အိပ်၍ (၂) ရှေးဦးစွာ ထလေ့ရှိ၏၊ (၃) ဘယ်အမှုကို ပြုရအံ့နည်းဟုမေး

လျက် ပြုလေ့ရှိ၏၊ (၄) ချစ်ဘွယ်စကား ပြောကြားတတ်၍ (၅) စိတ်နှလုံးကိုလည်း ရွှင်ပြုံးနှစ်သက်စေတတ်၏၊ ဤ၀တ္တရားငါးပါးတို့နှင့် ပြည့်စုံ၏၊ ထိုကြောင့် သုရဘဋ္ဌမင်းကြီးသည်မိမိမိဖုရားအား သတို့သမီးကညာငါးထောင်တို့၏ အဂ္ဂမဟေသီအရာ၌ ထားလေသည်၊ မင်းကြီး၏ အချစ်ဆုံးမယားဖြစ်၏၊ သုရဘဋ္ဌမင်းကြီးမှာ သားပေါင်းငါးရာ ထွန်းကား၏၊ ထိုမင်းသားတို့သည် မင်းကြီး၏ သူရဲကောင်းများဖြစ်၍ ရဲရင့်ကုန်၏၊ ၀ီရိယရှိကုန်၏၊ ဂုဏ်အဖြာဖြာနှင့် ပြည့်စုံကုန်၏။

ထိုအခါ ဘုရားအလောင်းသည် တာ၀တိံသာနတ်ပြည်မှ စုတေ၍ စန္ဒာဒေ၀ီ၏၀မ်း၌ ပဋိသန္ဓေ နေလေ၏၊ သန္ဓေလွယ်၍ ဆယ်လပြည့်သော် ဘုန်းပညာလက္ခဏာနှင့်ပြည့်စုံသော ရွှေဆင်းတုနှင့်တူသော စင်ကြယ်သောသားကို ဖွားမြင်လေသည်၊ ထို့ကြောင့် လူအများတို့သည် ထိုမင်းသားကို နာမည်ယူသောနေ့၌ သု၀ဏ္ဏကုမာရဟု မှည့်ကြကုန်၏။

သု၀ဏ္ဏကုမာရသည် တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ အဆင်းလှ၍ အားအစွမ်းနှင့် ပြည့်စုံ၏၊ အတတ်ပညာ ကောင်းစွာတတ်မြောက်၏၊ လေးအတတ်၌ တဖက်ကမ်းခတ်လေသည်။

တခုသောနှစ်ပတ်လည် ရောက်သောအချိန်မှာ သုရဘဋ္ဌမင်းသည် မိမိ၏ စစ်သည်ဗိုလ်ပါကို တနေရာမှာစု၀ေးစေ၍ စစ်သူကြီးတို့ကို တိုင်ပင်ကာ မဟာသမုဒ္ဒရာသည် ရတနာအဖုံဖုံနှင့် ပြည့်စုံသည်ကား အံ့ဩဘွယ်ရှိပေစွ၊ ကျွန်ုပ်တို့သည် ထိုသမုဒ္ဒရာအနီး၌ ပွဲကြီးကျင်းပမူ သမုဒ္ဒရာ၏အံ့ဩဘွယ်ရာကို မြင်ရပေကုန်တော့အံ့ဟု စကားကို ပြောကြားလေသည်။

မယံဘောန္တော ပဿိဿာမ၊ သမုဒ္ဒတီရေ ရတနံ။
ကီဠိဿာမ သမုဒ္ဒတီရေ၊ ဆဏကီဠံ ယထာကာမံ။

ဘောန္တော၊ အိုအချင်းတို့။ မယံ၊ ငါတို့သည်။ သမုဒ္ဒတီရေ၊ သမုဒ္ဒရာပြင်ကျယ် ရေ၀ယ်တန်းနား ကမ်းပါးအရပ်၌။ ရတနံ၊ စိတ်နှလုံးကို ရွှင်ပြုံးစေတတ် ရတနာမြတ်ကို။ ပဿိဿာမ၊ စိတ်တိုင်းကျကျ မြင်ရအောင် ကြည့်ကြပါကုန်အံ့။ သမုဒ္ဒတီရေ၊ သမုဒ္ဒရာ ပြင်ကျယ် ရေ၀ယ်တန်းနား ကမ်းပါးအရပ်၌။ ဆဏကီဠဉ္စ၊ ပွဲလမ်းသဘင် ဆင်ယင်အထူး ပျော်မြူးခြင်းကိုလည်း။ ယထာကာမံ၊ အလိုရှိသမျှ။ ကီဠိဿာမ၊ ရွှင်ပျော်ပျော်စိတ်ထားဖြင့် ကစားကြပါကုန်အံ့သတည်း။

ထိုစကားကိုကြားလျှင် အမတ်စသောလူအများတို့သည် ၀မ်းမြောက်အားပိုလျက် ဤသို့ပြောဆိုကြကုန်၏။

မင်းဘုရားနှင့် အများသော ကျွန်ုပ်တို့သည် သမုဒ္ဒရာ၌ အံ့ဩဘွယ်ရာ ရတနာအမျိုးမျိုးကို ကြည့်ရှုရန်နှင့် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပရန် သမုဒ္ဒရာသို့ သွားကြပါကုန်စို့ဟု ဆိုကြကုန်၏။

## ဘုရားအလောင်းအာနုဘော် ဆင်ပြူတော်ဆက်

ထို့နောက် မင်းကြီးသည် မိမိ၏ သားတော်တို့ ဖြင့်၎င်း၊ နှစ်သောင်း တထောင်သော ပျိုကညာတို့ဖြင့်၎င်း၊ စစ်သည်ဗိုလ်ပါတို့ဖြင့်၎င်း ခြံရံလျက် တံခွန်ကုက္ကားကိုင်စွဲသူ တူရိယာငါးမျိုးကို တီးသူ လူအပေါင်းတို့ကို ရှေ့မှ ချီစေလျက် ပာရာဏသီမြို့တော် အရှေ့ဘက် တံခါးမှထွက်၍ ချီတက်သွားရာ သမုဒ္ဒရာကမ်းနားသို့ ဆိုက်ရောက်လေ၏၊ ယင်းမြစ်ဆိပ်တွင် မွေလျော်ဘွယ် ရှိသော မြေအရပ်၌ သစ်ခက်တဲနန်းများကို ဆောက်လုပ်စေလျက် ထိုသစ်ခက် တဲနန်း၌ စစ်စခန်း ချထားပြီးလျှင် မြတ်သော နေရာ၌ အမတ်ပေါင်းခြံရံ လျက်နေကာ ပီတိဖြာသော စိတ်နှလုံး ရှိသည်ဖြစ်၍ မိမိ၏အမတ်တို့ကို အို အမတ်တို့- ဤအရပ်မှာနေကြစဉ် ပွဲလမ်းသဘင်ပြုလုပ်ဘို့ နေရာကို ပိုင်ခြား သတ်မှတ်ကြကုန်လော့၊ ငါတို့သည် ခုနစ်ရက်တိုင်တိုင် လေ့အစားစားတို့ဖြင့် သမုဒ္ဒရာရေမှာ ပျော်ပျော်ပါးပါး ကစားပျော်ရွှင်ခြင်းကို ပြုကြမည့်ပြင် ဤသမုဒ္ဒရာကမ်းနား၌ အမျိုးမျိုးသော ပွဲလမ်းသဘင်တို့ကို ဆင်ယင်ကျင်းပ ကြပါကုန်အံ့ဟု မိန့်တော်မူလေ၏။

မင်းကြီး၏ အမိန့်စကားကိုကြားလျှင် မင်းမှူးမတ်တို့သည် ကောင်းပါပြီဟု ဝန်ခံ၍ ထိုကမ်းခြေ၌ ပြုလုပ်စီမံကြကုန်၏။

## သုဝဏ္ဏကုမာရအား ဆင်ပြူတော်ဆက်

ထိုအခါ ဘုရားအလောင်းသည် မိမိအဖ သုရဘဋ္ဌမင်းကြီး၏အပါး၌ ခစား နေထိုင်လျက်ရှိလေသည်၊ ဘုရားအလောင်း၏ ဘုန်းတန်ခိုးကြောင့် ရှုစိုးဘွယ် ကောင်းသော သမုဒ္ဒရာ၌ ရှိသော မိကျောင်းမကန်း ဂျပ်မြွေ ဟူသော ရေသတ္တဝါတို့သည် တစုံတယောက်သော သူကိုမျှ မညှဉ်းဆဲ မနှိပ်စက်ကြပေ၊ ထိုအခါ၌ ဘုရားအလောင်းသည် မိမိ၏ဘုန်းတန်ခိုးကို ပြလိုသည်ဖြစ်၍ ငါ့မှာ ဘုန်းတန်ခိုးသည် အမှန်စင်စစ် ရှိသည်ဖြစ်ငြားအံ့၊ မဟာသမုဒ္ဒရာ၌ ထင်ရှား ရှိသော ရေအယဉ်သည် မြေပြင်အလား ငါ့အား ဖြစ်ပါစေသတည်း၊ ၎င်း သမုဒ္ဒရာ၌ရှိသော ရတနာအထွေထွေသည်ငါ မြင်စေခြင်းငှာ သမုဒ္ဒရာအလယ်မှ ထွက်ပေါ်လာပါစေသတည်းဟု သစ္စာဓိဋ္ဌာန်ပြုလေသည်၊ယင်းသို့ သစ္စာဓိဋ္ဌာန် စိတ်ကြံထုတ်ကာဖြင့် သမုဒ္ဒရာရေအပြင်သည် မြေအသွင်ကဲ့သို့ ဖြစ်သွားလေရာ ဘုရားအလောင်းသည် မြေအပြင်၌ကဲ့သို့ ခြေလျင်တို့ခေါက် စကြံလျှောက်

၏၊ ထိုခဏ၌ သမုဒ္ဒရာကို စောင့်ရှောက်သော နတ်သမီးတယောက်သည် မိမိ၏ အာနုဘော်ဖြင့် ဆဒ္ဒန်အိုင်မှ ဆင်၏ချက်ချာ လက္ခဏာကြွန်အင် စုံလင်ပြည့်ဝ သော မင်္ဂလာ ဆင်ဖြူတော်တစီးကို ဆောင်ယူ၍ နေထွက်ချိန်မှာ ဘုရား အလောင်းအား ဆက်သပေးအပ်လေသည်။

ဘုရားအလောင်းသည် မင်္ဂလာဆင်ဖြူတော်ကိုရလျှင် နှစ်သက်သော စိတ် နှလုံးရှိသည်ဖြစ်၍ မိမိကိုယ်ကို တန်ဆာဆင်ပြီးလျှင် နက္ခတ်ကောင်းနှင့် ယှဉ် သော အချိန်မှာ မင်္ဂလာဆင်ဖြူတော်ကို တက်စီးလျက် သမုဒ္ဒရာ ရေလယ်မှာ မြေဝယ်ကဲ့သို့ ရပ်တည်နေလေသည်။

ထိုအခါ လူအပေါင်းတို့သည် ဘုရားအလောင်းကို မြင်လျှင် မဖြစ်စဖူးထူး ဆန်းအံ့သြ ရှင်မောချက်ကြီး ကြက်သီးတဖျဉ်းဖျဉ်း ထသည်ဖြစ်၍ တပြိုင်နက် တည်း ကောင်းချီးသြဘာ ပေးကြကုန်၏၊ ထိုနောက် ဘုရားအလောင်းသည် သုရာဘဋမင်းကြီးအားခွင့်ပန်၍ လူအပေါင်းခြံရံလျက် သမုဒ္ဒရာရေပြင်၌ မင်္ဂလာ ဆင်တော်ကို စီးနင်းမောင်းနှင်လေသည်၊ ထိုမင်္ဂလာဆင်တော်သွားရာ သမုဒ္ဒရာ အလယ်၌ ရှစ်ဆဲ့လေးယူဇနာပမာဏရှိသော သမုဒ္ဒရာရေသည်ဘုရားအလောင်း ၏ဘုန်းတန်ခိုးကြောင့် နှစ်ဖြာထက်ခြမ်း ဖြန်းဖြန်းကွဲထွက်ကာ အုတ်နံရံသဖွယ် ကာကွယ်ပေးသဖြင့် လူအများတို့သည် သမုဒ္ဒရာ၌ ခြေလျှင်သွားကြကုန်လျက် အလုံးစုံသော ရတနာတို့ကို ကောက်ယူ၍ ဘုရားအလောင်းအား ဆက်သ ပေးအပ်ကြကုန်၏။

တဖက်တချက် ရေနံ့ရုံကြီးများတွင် သမုဒ္ဒရာတွင်းမှ ရတနာများသည် ပန်းဆိုင်းများသဖွယ် တွဲရရွဲ ချိတ်တွယ်နေကြကုန်၏။

ထို့နောက် နဂါးမင်းနှင့် နဂါးပျိုကညာတို့သည် ရတနာ ဆိမ်းတိုင်ကို လက်မှာကိုင်ကုန်လျက် ပတ်ဝန်းကျင်မှ ရောင်ရှင် တောက်ပစေကာ ဘုရား အလောင်းကို ခြံရံကြကုန်၏၊ ဘုရားအလောင်းသည် သုံးရက်တိုင်တိုင် လူ အများနှင့်တကွ သမုဒ္ဒရာရေလယ်မှာ နေလျက် နဂါးမင်းနှင့် နဂါးမပျို ကညာတို့ ပြုစုလုပ်ကျွေးသည့် နတ်၌ဖြစ်သော ခဲဘွယ်ဘောဇဉ်တို့ကို စားသုံး ကာ နတ်စည်းစိမ်ချမ်းသာကို ခံစားနေလေသည်။

ထိုအချိန်၌ ဘုရားအလောင်း သုဝဏ္ဏမင်းသား၏ မိဘဖြစ်ငြား မင်းနှစ် ပါးတို့သည် လူများစွာနှင့်အတူ ငါတို့၏သားတော် သမုဒ္ဒရာသို့ သွားသည် မှာကြာသွားပေပြီ၊ သားတော်၏အခြေအနေ မည်သို့ရှိလေသနည်းဟု ကြံစည် ၍ မိမိ၏အမတ်တယောက်ကို ခေါ်လျက်—

အိုအမတ်မင်း သင်သည် သားတော်၏တန်ခိုးဖြင့် သမုဒ္ဒရာအလယ်သို့ သွား၍ လူအများနှင့် သားတော် သုဝဏ္ဏကို လျင်မြန်စွာ ငါ၏ထံသို့ ခေါ်ဆောင်ခဲ့လေလော့-ဟု မှာကြားစေလွှတ်လိုက်လေ၏။

မင်းကြီး၏စကားကို ထိုအမတ်ကြားသောအခါ မိန့်ကြားချက် ဦးထိပ်ရွက်ပန်ဆင်လျက် သားဘုန်းရှင်သုဝဏ္ဏ၏ တန်ခိုးအာနုဘော်ဖြင့် သမုဒ္ဒရာရေလယ်သို့ သွားရောက်လျက် ထိုရေလယ်မှာ မြေသဖွယ် အခြေတယ်နေသော ဘုရားအလောင်းအား ရှိခိုးပြီးလျှင် မင်းမိဖုရားတို့ မှာကြားလိုက်သော သတင်းစကားကို လျှောက်တင်လေသည်၊ မိဘရပ်ထံ ပြန်လာပါမည့်အကြောင်း မှာကြားလိုက်သော မယ်တော် ခမည်းတော်တို့၏ စကားကို ကြားသောအခါ ဘုရားအလောင်းသည် နဂါးမင်းနှင့် ယမင်းနှုတ်ချို နဂါးပျိုကညာ သမုဒ္ဒရာစောင့် နတ်သမီးတို့ကို နှုတ်ခွန်းဆက်သလိုသည်ဖြစ်၍ ဤသို့ဆို၏။

အို နဂါးမင်းနှင့် တသင်းရွှေဘော် ပျိုတော်ဘစုတို့- ယခု ဖဘုရားက သားတော်ငါ့ကို ပြန်စေလို၍ အမတ်ကိုလွှတ်ငြား သတင်း ကြား၏၊ ငည်ငြားသမုဒ္ဒရာ သတ္တဝါဃွေ့ဃွေ့ ချမ်းသာစေ၊ဘယာကင်း၍ သာ ခြင်းဖုံဖုံ ပြည့်စုံစေ၊ ငါလေယခု သမ္မုတိမင်း ခြေတော်ရင်း ကန် ချဉ်းပေတော့အံ့။

ဤစကားကြားလျှင် နတ်နဂါးနှင့် များကညာတို့သည် စုံဆယ်ဖြာလက်အုပ်မိုး၍ ဘုရားအလောင်းကို ရှိခိုးဦးတင်ကြပြီး ထုတိမင်္ဂလာ ဩဘာပြုကြကုန်၏။

ဘုရားအလောင်း ပုဂ္ဂိုလ်ကောင်းသည် အပေါင်းများစွာ နောက်တော်ပါနှင့် သမုဒ္ဒရာမှတ် ဤအရပ်သို့ ရောက်ကပ်လာ၏၊ ခေါ်ရာမည်မှုပ် ထိုအရပ်ကား သတ္တရတနာ ပြည့်စုံစွာ၏၊ သွားလာလေချက် ဒို့အတွက်ကား တိုးတက်လျှကာ ကျိုးရှိစွာ၏ ဝမ်းသာနှစ်မြို့ ငါတို့ သည်လျှင် လောင်းမြတ်ရှင်ကို ကြည်လင် မြတ်လေး ဦးစားပေး၍ လုပ်ကျွေးပြုစုကြပါကုန်အံ့-ဟု ပြောဆိုကြကုန်၏။

ယင်းသို့ဆိုကာ ထိုနာဂရာဇာနှင့် နတ်သမီး ပျိုကညာ အပေါင်းတို့သည် မညှိုးနွမ်းသော နတ်ပန်းအမျိုးမျိုးနှင့် အဖိုးများစွာထိုက်သော ရတနာတို့ကို ယူလာ၍ ဘုရားအလောင်းအား ပေးကြကုန်လျက် လူအများအား အိုဖော်တသင်းတို့- သမုဒ္ဒရာဆင်း၍ ရှုခင်းများစွာ အဘိုးထိုက် ရတနာတို့ကို အလိုရှိတိုင်းသာယူကြကုန်လော့ဟု လှည့်လည်ကြွေးကြော်ကြကုန်၏၊ထိုကြွေးကြော်သံကိုကြားလျှင် လူအများ တို့သည် သစ်ခက် တနန်းများမှ လှည်း ရထား

စသည်များကိုယူလာ၍ အဘိုးတန်ရတနာများကို လှည်းရထားများဖြင့် တင်ဆောင်ကာ ဘုရားအလောင်းကို ဤသို့ ချီးမွမ်းကြကုန်၏။

စန္ဒာဒေဝီ၊ မဟေသီ ထွတ်ဖျားနှင့် သုရာဘဋမင်းတရား မွေးဖွားတဲ့ သားတော်၊ အမှန်နေ့ စံမပေါ် မော်ပေသည့်သား၊ မင်းနှစ်ဖော် အလွန်ချစ်တယ် ဖြစ်လိမ့်ဘုရား။

အခြံအရံအားပါစွ များစွာလူမြို့သူတွေ့၊ ဤနေရာ လာကာရောက် ဘုန်းတောက် သရေ၊ ရွှေမင်းသား ကျူးများရထွေ၊ ငါတို့တတွေ နှစ်သက်စေ ပြစ်ချက်လေမစိုး၊ အန္တရာယ် ရန်စွယ်ဝေးလို့ရယ် ပေးတဲ့ အကျိုး။

ထိုအခါ၌ ဘုရားအလောင်းသည် အကောင်းစား ရတနာတို့ကို ယူစေပြီး ရွှေနောက်တွင်ကား လူအများခြံရံလျက် မိမိ၏ မိဘနှစ်ပါးထံသို့ သွား၍ မိဘတို့အားရှိခိုးကာ ရတနာအဖြာဖြာတို့ဖြင့် လေးမြတ်စွာ ပူဇော်ကန်တော့လေ၏။

မင်းမိဖုရားနှစ်ပါးတို့သည် ရှေးကမမြင်ဘူးသော အဘိုးတန်ရတနာတို့ကို မြင်ရ၍ ဘဝင်ကြွကာ အလွန်တရာ နှစ်သက်ဝမ်းမြောက်ကြလျက် မိမိသားအား ရင်ခွင်ထက်မှာထားပြီးလျှင်—

လေးကျွန်းဒီပါ ကျက်သရေဖြာ ရာဇာစက္ကဝတ် ရွှေဘုန်းတော်ညွတ် ပေသည့် မလွတ်ပုံတူ ဘုန်းတော်လူပေသော သုဝဏ္ဏကုမာရ အမည်ရတဲ့ အဖသားတော်။

ငါတို့သားကား လွန်ငြားဘုန်းတော် ကျော်ပေသည့်သား ငါးရာဖွားတွင် သူကားအလွန် ထူးချွန်တောက်ကြွား ချစ်အပ်ပေပေ့ မြတ်ပလေလေ့ အဖေ့သားတော် မောင်လူမော်-ဟု ဝမ်းမြောက် ဝမ်းသာ ပြောဆိုလေ၏။

ထိုအခါ သုရာဘဋမင်းကြီးသည် အဘိုးတန် အမျိုးမှန်သောရတနာနှစ်တို့ကို ယူဆောင်၍ သားတော် သုဝဏ္ဏကုမာရကို မင်္ဂလာဆင်ဖြူထက်၌ တက်စီးစေပြီးလျှင် စစ်အင်္ဂါလေးတန် ခြံရံလျက် ဗာရာဏသီဘက် ရွှေမှထွက်စေ၍ မိမိမူကား နောက်မှလိုက်ပါလျက် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသောသားကို ကြည့်ကာ ချစ်မေတ္တာလျှံဝေ ပီတိမိုးကြီးဆွေနေလေသည်၊ ဘုရားအလောင်း၏ ကျော်ဇောကိတ္တိကား ဇမ္ဗူဒိပ် တကျွန်းလုံးသို့ ပျံ့သင်းကျော်ကြား လေ၏၊ နတ်များဒေဝါတို့သည် လူများယူရာမပါ ရတနာ အကြွင်းအကျန်တို့ကိုယူ၍

ဘုရားအလောင်း၏ရဘနာဘဏ်တိုက်ဟိုကို ထည့်သွင်းပြည့်စေကုန်၏၊ ထိုအခါ ဗာရာဏသီမြို့သည် ဘုရားအလောင်းတန်ခိုး၊ ဘင်ဖြူတော်၏တန်ခိုးအာနုဘော်ကြောင့် အစစအရာရာ နတ်မြို့သဖွယ် ကြွယ်ဝချမ်းသာလေသည်။

## ဘုန်းမီးတေဇာ ရတနာ ကြွယ်ပါဘယ့်ကြောင်းနည်း

အလောင်းတော်မှာ တေဇာတော် ပြူးဝင့်၍ ရတနာတွေ ဖူးပွင့်သောအကြောင်းသည်ကား ငှောင်းအတိတ်က ကောင်းတံဆိပ်ရှေ့ပေလွှာဖြင့် ပြေကျေရာ အကျေညာခံရသော အလောင်းတော်သည် အကြောင်းမြော်တရားနဲ့ ပြောရလျှင် မညောင်းသော် အခြားမဲ့အတ္တဘော၌ ဖြစ်သော အရှင်ဝိပဿီ ဘုရား၏ ထေရ်တပါး ချိန်အပုတ်တွင် ပဏ္ဍုပါတ်စဉ် လှည့်လည်သည်ကိုမြင်ကြည်ရှင်သောသဒ္ဓါစိတ်ဖြင့် သပိတ်တော်ကိုဆွမ်းအပြည့်ထည့်ပြီးလျှင် ထေရ်ရှင်ကြီးဘုရား တပည့်ဒကာကို သနားသဖြင့် အမြဲဝတ်ထား၍ ဆွမ်းယူများကြွတော်မူပါ-ဟု လျှောက်ထား လေသည်၊ ထေရ်အရှင်ကလည်း ပဋိညာဉ်ပေးကာ ဆွမ်းဒါနအနုမောဒနာ ပြုတော်မူလေသည်။

> ယေစ နရာ သဒ္ဓိပုတ္တ၊ အကောဓာ အပဋ္ဌဝေရာ။
> သစ္စဝါစဋ္ဌ ဘာသန္တိ၊ တေစ နရာ လောကေဇာတာ။
> လဘန္တိ တိဝိဓံ သုခံ၊ ဒေဝေသု မာနုသေ သဒါ။

သဒ္ဓိပုတ္တ၊ ဗာရာဏသီ ရွှေပြည်ပျံ့မွှေး ရှင်သူဌေး၏သား။ ယေစနရာ၊ လူ့ဘုံဖြစ်ငြား အကြင်လူသားတို့သည်။ အကောဓာ၊ ဒေါသအမျက် ကောဓ ဖက်၍ ထွက်လေ့မရှိကြကုန်။ အပဋ္ဌဝေရာ၊ ရန်မျိုးငါးထွေ ရှောင်သွေ့ကွယ်ပြဲအောင် ဖယ်လွှဲလေ့ရှိကြကုန်၏။ သစ္စဝါစဋ္ဌ၊ လုပ်ကြံမထား ဟုတ်မှန်စကားကိုလည်း။ ဘာသန္တိ၊ သာသာချိုချို ပြောဆိုတတ်ကြကုန်၏။လောကေ၊ ချမ်းသာဝေဇည် လူ့တို့ပြည်၌။ ဇာတာ၊ ကောင်းကျိုး လှစ်ဖော်၍ ဖြစ်ပေါ်ကြကုန်သော။တေစနရာ၊ ထိုလူသားတို့သည်။ဒေဝေသုစ၊ ငါးဝဖြာတုံ ကာမဂုဏ်ဖြင့် အာရုံရပ်တည် နတ်ပြည်တို့၌ရင်း။ မာနုသေစ၊ လူ့ပြည်ဌာန လူ့လောက၌ရင်း။သဒါ၊ အခါခပ်သိမ်း။ တိဝိဓံ၊ လူနတ်နိဗ္ဗာန် စိတ်ကြံရည်ထွား သုံးပါးသော ချမ်းသာပျိုးကို။ လဘန္တိ၊ ကောင်းမှုကံ အခြေခိုင်၍ ရနိုင်ကြပေကုန်သတည်း။

ဤသို့ မထေရ်မြတ်သည် ပောဓိသတ်အား ဘတ္တာနုမောဒနာ ပြုပြီးလျှင် ပြန်ကြွတော်မူလေသည်၊ နောက်တနေ့ ကြွလာ ဆွမ်းလှူကာ တရားဟောတသောသော ဇောကြွလို့ သောမနတ္တေဖြစ် ဖွစ်လှစ်သောစကားသည်ကား-

အရှင်ထေရ်မြတ်ဘုရား- ယခုနေ့ကိုအစထား၍ အရှင်ဘုရားသည် အစဉ်သနား သောအားဖြင့် တပည့်အားထုံးပြ၍ ဆုံးမတော်မူပါဟု ပျူငှာစွာဝပ်တွား၍ လျှောက်ထားပြန်လေသည်။

မထေရ်မြတ်က အစဉ်မပြတ် တရားဟော၊ ဗောဓိသတ်က အမြဲကပ်၍တရား နာ၊ ဖတ်စရာဖတ် မှတ်စရာမှတ် မပြတ်အကျင့် အရှယ်တော်လင့်၍ သေခွင့်ကြုံ သော် သေပျောက်၍ ဘဝဝဲထွေသို့ရောက်သော် နောက်ဘဝကပြု ကောင်းမှု အမြတ်ကြောင့် ဗောဓိသတ်သည် သုဝဏ္ဏသတို့သား- တန်ခိုးထွားသူ ဖြစ်လေ သတည်း။

## သုဝဏ္ဏမင်းသား၏သတင်း သိဟိုဠ်မင်းကြား

ထိုအခါ ငါးရာသောကုန်သည်တို့သည် စုံအညီလှေတက်ဖြင့် သိဟိုဠ်ကျွန်း ဘက်သို့ အစွန်းအတွက် အထူးမှန်းလျက် ကူးသန်းရန် သွားကြလေသော် ထိုမြို့နဂရသို့ဝင်ရောက်၍ အံ့လောက်အောင် ဘောဂပြည့်ပေသော သုဝဏ္ဏ ကုမာရ၏ ရွှေစရာအဝဝ စည်းစိမ်နှင့် ရိပ်ငြိမ်သွင်ယူ ဆင်ဖြူတော်ကိုရင်း၊ ဥစ္စာ စပါး စီးပွားချမ်းသာကိုရင်း ဘဝင်လုံးကြွ အချင်းချင်း တိုင်ပင်ကာ စိတ်ကူး ကြ၍ ကျွန်းဒီပသိဟိုဠ်၌ အံ့ချီးပြောဆိုကြကုန်၏၊ ထိုစကား ကျွန်းသူကျွန်း သားတို့ကြားလျှင် ဘဒ္ဒေသုရ သိဟိုဠ်မင်းကြီးအား တဖန် ပြောကြားကြ ကုန်၏၊ ထိုစကားကို မင်းကြီးကြားလျှင် ဘဒ္ဒေသုရသည် အလွန်တရာ မနာလိုလျက် အမျက်ထွက်ပြီးလျှင် ကုန်သည်တို့ကို ခေါ်စေကာ မေးလေ သည်ကား-

> အိုအချင်းကုန်သည်တို့- ဆင်ဖြူများရှင် ဤမင်းသားသည် ဘုန်းတန်ခိုး ကြီးသူဟု ကြားသိရသည်၊ ထိုမင်းသား၏ တန်ခိုးအာနုဘော်ကား အဘယ်သို့ရှိသည်ကို ငါ့အား ပြောကြားကုန်လော၊ ထိုအကြောင်းကို ငါသည် နားထောင်ပေအံ့ဟု ဆိုလေ၏။

ဘဒ္ဒေသုရအမည်ရှိသော သိဟိုဠ်မင်းတရား၏ စကားကိုကြားလျှင် ငါးရာ သောကုန်သည်တို့သည် စုံညီစွာလက်အုပ်ချီလျက် အရှင်မင်းတရား ဘဒ္ဒေသုရ- ကျွန်ုပ်တို့မင်းကြီး သူရဘဒ္ဒ၏သားဖြစ်သော သုဝဏ္ဏကုမာရ မင်းသားသည် လူ့ဘဝမှာ တုမရအောင် မှုအဝဝ၌ တန်ခိုးကြီးပေ၏၊ အာနုဘော်ရှိပေ၏၊ အများခေတ်မှီတဲ့ တပါးစစ်သည်ကိုလည်း ရစ်သီစိတ်မှန်းဖြင့် နှိမ်နင်းနိုင်စွမ်း ရှိပါပေ၏၊ မင်းတရားတပါးလည်း သုဝဏ္ဏကုမာရမင်းသား၏ မျက်မှောက် မှာ တက်ရောက်၍ရပ်တည်ခြင်းငှာ မဝံ့ရဲကြပါဟု လျှောက်တင်ကြကုန်၏။

ထိုအခါ မဟာရာဇ ဘဒ္ဒေသုရ အမည်ရှိသော သီဟိုဠ် မင်းတရားသည် ကုန်သည်တို့စကားကိုကြားသော် ဖြစ်ပွားအမျက် လှံတံဖြင့် အနှက်ခံရသော မြွေကဲ့သို့ တရား ယွင်းပျက် အမှားချင်းဆက်အောင် အမျက် ထောင်လေသည်၊ ထိုသီဟိုဠ်မင်း၌ ရဲရင့်၍ မင်း၏ကိစ္စအဝဝကို ပြီးပြည့်စုံအောင် ပြုလုပ်နိုင်စွမ်းရှိသော စစ်သူကြီးလေးဦး ရှိ၏။

## သီဟိုဠ်ဘုရင် ရာဇသံ

သီဟိုဠ်မင်းသည် ရဲဘင်းသော စွမ်းရည်ရှိသော စစ်သူကြီးလေးဦးတို့ကို ခေါ်စေပြီးလျှင် ဆိုအချင်း စစ်သူကြီးတို့ သင်တို့လေးဦးသည် ဤကုန်သည်ကိုနှင့်အတူ လိုက်ပါ၍ ဗာရာဏသီပြည့်ရှင် ဘုရင်သုရဘဋမင်းကြီးအား ဤစကားကို ပြောကြားကြကုန်လော၊ အို ဗာရာဏသီပြည့်ရှင် သုရဘဋမင်းတရား သီဟဠဒီပ မိုးပိုင်သသော ပဟာရာဇ ဘဒ္ဒေသုရ အမည်ရသော မင်းတရားသည် လွန်စွာတန်ခိုးအာနုဘော် ကြီးထွား၍ ခွန်အားလည်း ရှိပေ၏၊ တိုင်းတပါးက မင်းတို့သည်ပင် ဝပ်စင်းကော်ရော် ပူဇော်ကြပါကုန်၏၊ထို့ကြောင့် ဗာရာဏသီပြည့်ရှင် ဘုရင်သုရဘဋသည် ကြန်အင်လက္ခဏာ ကောင်းစွာပြည့်ပုံသော မင်္ဂလာဆင်ဖြူတော်ကိုယူ၍ တိုင်းပြည်အကျိုး ပွားတိုးစေခြင်းငှာ ကျွန်ုပ်တို့၏ မင်းတရား ဘဒ္ဒေသုရအား ဆက်သပါလော၊ ဆင်ဖြူတော်ကို ထိုမင်းတရားအား မဆက်သပါလျှင် သီဟိုဠ်ဘုရင် ဘဒ္ဒေသုရမင်းတရားသည် ဗာရာဏသီရွှေမြို့တော်သို့ စစ်ချီတော်မူပြီးလျှင် ဗာရာဏသီတမြို့လုံးကို သုံးမရ အမှုန့်ကျအောင် ချေဖျက်ပါက အရှင်မင်းတရားသည် ဆင်းရဲဒုက္ခရောက်ပါလိမ့်မည်၊ ထို့ကြောင့် သင် ဗာရာဏသီမင်းကြီးသည် စစ်ဘေးမှ ကင်းဝေးအောင် ဖြူဖွေးသော ဆင်တော်ကို ဘုရင်ကျော် ဘဒ္ဒေသုရအား အေးချမ်းသာယာစွာ ဆက်သပါလောဟု ဤစကားကို ယူဆောင်၍ ဗာရာဏသီပြည့်ရှင် ဘုရင်သုရဘဋမင်းထံ သွားရောက်ပြောကြားပါလော့ဟု စစ်သူကြီးတို့အား အမိန့်ပေး စေလွှတ်လေ၏။

သီဟိုဠ်မင်း၏စစ်သူကြီးလေးယောက်တို့သည် ဘဒ္ဒေသုရမင်းကြီး၏ အမိန့်တော်ကို ဦးထိပ်ပေါ်ပန်ဆင်လျက် ထိုကုန်သည်ငါးရာတို့နှင့်တကွ လှေကြီးဖြင့် လိုက်ပါလျက် ဗာရာဏသီမြို့သို့ သွားကြလေသည်၊ ဗာရာဏသီမြို့သို့ ရောက်လျှင် ဗာရာဏသီပြည့်ရှင်သုရဘဋမင်းကြီးအား သီဟိုဠ်ဘုရင်ကမှာကြားလိုက်သည့် စကားအလုံးစုံကို လျှောက်ကြားကြကုန်၏။

သုရဘဋ အမည်ရှိသော ဗာရာဏသီမင်းကြီးသည်သီဟိုဠ်ဘုရင်၏ရာဇသံကို ကြားရသောအခါ ကြောက်ရွံ့ ထိတ်လန့်သည်ဖြစ်၍ မိမိ၏ စစ်သူကြီးများ၊

ပုရောဟိတ်များကို ခေါ်စေပြီးလျှင် အို စစ်သူကြီးများနှင့် မှူးမတ်ပုရောဟိတ် အပေါင်းတို့ သီဟိုဠ်မင်းတရား ဘဒ္ဒေသုရသည် စစ်သည်ဗိုလ်ပါ များစွာ ရှိ၍ ဘုန်းတန်ခိုးအာနုဘော် ကြီး၏ဟု ကြားသိရပါသည်၊ ယခု သီဟိုဠ်ဘုရင် သည် ငါတို့၏ ဆင်ဖြူတော်ကို သူ့အား ဆက်သရန် သတင်းစကားစေလွှတ် လိုက်ပါ၏၊ အကယ်၍ ဆင်ဖြူတော်ကို မဆက်သပါက ငါတို့၏ ဗာရာဏသီ ပြည်သို့ စစ်သည်ဗိုလ်ပါ အလုံးအရင်းဖြင့် ချီတက်လာပြီးလျှင် ဗာရာဏသီ တမြို့လုံးကို မှုန့်မှုန့်ညက်ညက် ချေဖျက်ပစ်မည်ဟု ဆိုလာပါသည်၊ သို့ဖြစ်၍ ငါတို့သည် အဘယ်သို့ ပြုလုပ်ကြပါမည်နည်းဟု တိုင်ပင်စကား ပြောကြား လေ၏၊ ထိုအခါ စစ်သူကြီးများ မှူးမတ်များတို့သည် သီဟိုဠ်ဘုရင်၏ဘုန်း တန်ခိုး ကြီးကြောင်းကို ကြားသိကြရသဖြင့် ထိတ်လန့်တုန်လှုပ်ကြကုန်လျက် စကားမပြောနိုင်ကြဘဲ ဆိတ်ဆိတ်သာနေကြကုန်၏။

## ဘုရင်သီဟိုဠ် ကိုယ်ဟိုင်ဖမ်းမည်

ထိုအခါ သုဝဏ္ဏကုမာရမင်းသားသည် မိမိ ဖခင်မင်းကြီး၏ စိတ်ဆင်းရဲ နေသည်ကို သိ၍ အိုခမည်းတော်မင်းမြတ် ခမည်းတော်သည် ကြောက်ရွံ့ စိုးရိမ်တော်မမူပါလင့်၊ စိတ်ချမ်းသာစွာ နေတော်မူပါ၊ သင်ဖခင်မင်းကြီး သည် သီဟိုဠ်ဘုရင်ထံသို့ ဆင်ဖြူတော်ကို သွားရောက်မဆက်သပါလင့်၊ အကယ် ၍ သင်မင်းကြီး သွားပါလျှင် သီဟိုဠ်ဘုရင်သည် အရှင်မင်းကြီးအား သတ် ပစ်ပါလိမ့်မည်၊ ထို့ကြောင့် အရှင်မင်းကြီး၏ သားတော်သည် သီဟိုဠ်ဘုရင် ဘဒ္ဒေသုရ၏ အထံသို့ သွား၍ မိမိ၏ တန်ခိုးအာနုဘော်ဖြင့် စစ်သည်ဗိုလ်ပါ နှင့်တကွ ထိုသီဟိုဠ်ဘုရင်ကို ဆောင်ယူကာ ဖခင်မင်းမြတ်၏ ခြေတော်စုံကို ခိုလှုံရှိကျိုး ရှိခိုးစေပါအံ့ဟု လျှောက်တင်လေသည်။

ထိုသို့ လျှောက်ထား စကားကိုကြားလျှင် ဖခင် သုရဘဒ္ဒ မင်းကြီးသည် သားတော် သုဝဏ္ဏကုမာရ- သင်သည် မသိမလိမ္မာ ငယ်ပါသေးသည်၊ ဤသို့ သော စကားကို မပြောကြားပါလင့်၊ ဤသီဟိုဠ်ဘုရင်ဘဒ္ဒေသုရသည် ငါတို့ ထက် စစ်သည်ဗိုလ်ပါများ၍ တန်ခိုးစွမ်းအားကြီးပေ၏၊ ထိုမင်းမှာ စစ်တိုက် ရာတွင် လွန်စွာကျွမ်းကျင် အားအင်ပြည့်ထွား စစ်သူကြီးများရှိကုန်၏၊ ငါတို့ သည် ထိုမင်း၏နိုင်ငံသို့ သွားရောက်၍ ဆင်ဖြူတော်ကို ဆက်သသင့်ပါ၏၊ သင့် သားတော်သည် သီဟိုဠ်နိုင်ငံသို့ သွား၍ အဘယ်သို့လျှင် ထိုမင်းကို ဖမ်းဆီး ခေါ်ဆောင်နိုင်ပါမည်နည်း။

ထိုစကားကိုကြားလျှင် ဘုရားအလောင်းသည် မိမိ၏ဖခင်ကို ခမည်းတော် မင်းကြီး ခမည်းတော်သည် ရန်သူကို အထင်ကြီး၍ ကိုယ့်ကိုယ်ကို အထင်

မသေးပါလင့်၊သီဟိုဠ်မင်းသည်ကျွန်ုပ်တို့ထက် အားအင်ကြီးမား တန်ခိုးထွားရှိ ဝီရိယအားရှိသည်ဖြစ်ပါစေ၊ ကျွန်ုပ်သည် ထိုကျွန်းသို့သွားလျက် ကျွန်ုပ်၏ သစ္စာခိုင်ခြင်းတန်ခိုးအစွမ်းဖြင့် ထိုမင်းကို လွမ်းမိုးခြင်းငှာ စွမ်းနိုင်သည်ဖြစ်၍ ဗိုလ်ပါ အခြံအရံနှင့်တကွ ထိုမင်းကို ဖမ်းဆီးခေါ်ဆောင်လာပါအံ့ဟုလျှောက် ထားလေသည်။

## ဘုရားလောင်း ဘိသိက်ခံယူပြီးနောက် သီဟိုဠ်သို့

သားတော်၏ စကားကြားရလျှင် အမတ်စသော လူအများတို့သည် ပြည့် လွှားပ်တိ ဂွမ်းဆီထိသကဲ့သို့ ရွှမ်းအိဗိတ်ကြား စိတ်ထားရှိသည်ဖြစ်၍ ကောင်း ပေစွ၊ ကောင်းပေစွ အရှင်မင်းသား၊ သင်သည် သီဟိုဠ်ကျွန်းသို့ ကြွသွားပါ လော၊ ယင်းသို့သွားလျှင် သင်မင်းသား၏ အလိုဆန္ဒသည် မုချ ပြည့်ဝပေ လပ့်ဟု ပြောကြားကြကုန်၏။

လူအများတို့၏ယုံစားသောစကားကိုကြားသိရသော်သုရဘဋ္ဋမင်းကြီးသည် လည်း သားတော်၏ ပဲမှင့်စွာ လျှောက်ဟင်ချက်ကြောင့် ကျေနပ်အားရ တော်မူသဖြင့် ချစ်စွာသော သားတော်- သီဟိုဠ်ကျွန်းသို့ သင်သွားရောက် ခြင်းသည် ကောင်းမြတ်လှပါ၏ဟု မိန့်ဆိုပြီးလျှင် လူအပေါင်းတို့အား တိုင် ပင်စကား ပြောကြားလေသည်။

> ဒိုလူအများတို့- ဤကားရောက်လာ များစွာသော သင်တို့သည် လီးပြုတလီ စာမရိတလစ် သင်ကျစ်နှင့်သံလျက် ရွှေခြေနင်းပါဖက် ပြီးလျှင် ငါးချက်သော မင်းမြောက်တန်ဆာ လျင်မြန်စွာ ယူဌြား လျက် သားတော်ကို ဘိသိက်သွန်းကြကုန်စို့။

ဤသို့ မင်းကြီးက ပြောလျှင် မင်းမြောက်တန်ဆာငါးပါးကိုယူ၍ပုဏ္ဏား ပြုပုဏ္ဏားညိုတို့ကို ခေါ်လျက် မင်းယင်ပြင်ပေါ် သင့်လျော်ရာ လယ်ဗဟို မင်းသားကို နေစေလျက် နံ့သာရေ ပြည့်နှက်သော ရွှေအိုးတို့ကိုယူငင် ထိုထို နေရာတွင်မူ တံခွန်ကုက္ကား မလေးဖွား အနားဝန်းကျင် ကြံပင် ငှက်ပျော စသည်နှော၍ ရှစ်ခုသော ရပ်မျက်နှာကို တန်ဆာဆင်စေ၍ ထိုမင်းနန်းတော် ဝယ် ရွှေပြာသာဒ်အလယ် ရတနာအသွယ်သွယ်စုပုံ၊ ထိုရတနာအုပုံထက်မွေ သားချစ်ကိုတဖန် နေစေ၍ ငါးထွေသော မင်းမြောက်တန်ဆာတို့ကို ဆက်သ စေလေ၏။

ထိုနောက် သုရဘဋ္ဋ မင်းကြီး အမှူးရှိသော လူအများတို့သည် ရတနာ အစုအပုံထက်၌ နေသောဘုရားအလောင်းသုဝဏ္ဏကုမာရမင်းသား၏ ထိပ်ထက် ၌ အဘိသိက် နံ့သာရေသွန်းလောင်းခြင်းဆွတ်ဖျန်းခြင်းပြုလျက် ချီးမွမ်းထော

မနာ သြဘာလှစ်ဟ ဒီနေ့ကစ၍ ရာဇနွယ်ဖွား၊ အရှင်မင်းသားသည်ဆင်းကြွား ကျက်သရေဖြင့်၊ အသက်ရှေစေသတည်း၊တန်ခိုးမြင့်ထွား စိုးမင့်ဖျားတို့ထက် တိုးဆင့်ပွားစေသတည်း၊ မြေအပြင်မှာ နေအသွင်ကဲ့သို့ ဝေဟင်စက္ကဝါ လက်လက် ဖြာစေသတည်း— စသည်ဖြင့် မင်္ဂလာ့စကားတို့ကို မြွက်ကြွားပြီးလျှင် ဗာရာဏသီ ပြည်ကြီးရှင် မင်းအဖြစ်ရောက်၊ တင်မြှောက် အပ်နှင်းကြကုန်၏၊ ယင်းသို့ အဘိသိက် သွန်းလောင်းခြင်းကို ခံယူပြီးနောက် ဘုရားအလောင်း သုဝဏ္ဏကုမာရ မင်းသားသည် ကောင်းမြတ်သော နက္ခတ်နှင့် ယှဉ်သောနေ့၌ စစ်သည်ဗိုလ်ပါ ပေါင်းများစွာ ခြံရံလျက် ဗာရာဏသီမြို့မှ ထွက်တော်မူရန် စီမံလေ၏။

ထိုခဏ၌ပင် မင်းသုဝဏ္ဏ၏ တေဇကြောင်းအင်ဖြင့် ကောင်းကင်တပြင်လုံးတွင် ဖြူလွှင်သော ထီးတံခွန်ကြီးအသွယ်သွယ် ပူဇော်ဘွယ် ဘဏ္ဍာတို့ဖြင့် ပြည့်လျက်နေလေ၏၊ မင်းမြတ်သည် မိမိ၏ ဗိုလ်ပါစစ်တပ်ကို ကြည့်လျက် အသိခံတတ်တမျိုး ပေါ်သည်ကား အော်အံ့ဘွယ်ရှိစွ ဤလူ့လောကမှ ဗြဟ္မာကျံအောင် တည်သမျှသတ္တဝါ အဖြာဖြာတို့မှာ ချမ်းသာမှုအဖုံဖုံ ပြည့်စုံမှုအဝဝ တို့သည် မိမိပြုသမျှ ကုသလအကျိုးလှင်၍ ဖြစ်ကြရကုန်၏၊ ငါသည် ယခု ဗိုလ်ပါစုကို ကောင်းမှုထွေထွေ ပြုစေရမူ ကောင်းလေစွ၊ ကောင်းမှုနှယ်မှာ ကျယ်လှစွာ ဘယ်နေရာမှမကင်း ကောင်းမှုသည် ပေါင်းစုဝေလျှ မပြေခံသည့် ဘေးအန္တရာယ်မှ ဝေးလံအောင် ပြုတတ်၏၊ အကြင်သတ္တဝါသည် ကောင်းမှုကို ပြု၏၊ ထိုသတ္တဝါသည် အဖြာဖြာသော ဘေးရန်မှ ဝေးလံ၍ အတန်တန်သောချမ်းသာကို ရ၏၊အကြင်သူကား ကောင်းမှုကိုမပြု-ထိုသူကား ဘေးရန်ထွေး၍ အေးကွက်မရ ဆင်းရဲဒုက္ခရောက်ရ၏၊ ငါ၏သိပ္ပိုင်ခရီးသည် အပြီးအဆုံးသို့ အံကယ်၍ ရောက်အံ့၊ ငါသည် ဤလောက၌ အဝဝသော စည်းစိမ်ချမ်းသာကို ရပေအံ့ဟု ကြံ၍ ဘုရားအလောင်းသည် တိုညအဘို့၌ မြင့်မြတ်သော ဘောဇဉ်ကို စီရင်စေကာ ဝိပဿီမြတ်စွာဘုရား အမှူးရှိသော သာသနာ့ဝန်ထမ်း ရဟန်းတော်တို့ကို ပင့်ဖိတ်၍ ကိုယ်တိုင်မူ သရဏဂုံတည်လျက် သီလခံယူပြီး ရဟန်းတော်များထံမှ တရားနာယူလေ၏၊ သုံးပါးရတနာကို ပူဇော်ဘွယ် အဖြာဖြာတို့ဖြင့် ပူဇော်၏၊ ရဟန်းတော်တို့အား ဆွမ်းအစရှိသော အလှူကြီးကို ပေး၏၊ ဘုရားအလောင်းသည် ရဟန်းတော်တို့အား အလှူကြီးပေးပြီးလျှင် ထိုအလှူ၏အဖို့ဘာဂကို စစ်သည်ဗိုလ်ပါအပေါင်းတို့အားရင်း, မိဘကို့အားရင်း, ဆွေမျိုးတို့အားရင်း ရေစက်ချ အမျှပေးဝေလျက်—

ဆွေမျိုးတော်မတော် ထက်သော် ဘဝဂ်၊ အောက်ဖက်အဝီစိ ရှိရှိ
သမျှများစွာ ပီလာဇာတ်ချင်း၂ အကြွင်းမရှိ အကြင်ဘုမ္မိ၌ ဖြစ်ကြ
ကုန်၏။

ထိုသတ္တဝါတို့သည် ကျွန်ုပ်၏ ကောင်းမှုတန်ခိုးကြောင့် ဆင်းရဲကင်း
လတ် ဥပဒ်ကင်းကွေ သက်နေရှည်ကြာ ဥစ္စာများဆွေ ရှိစေသော်။
သီဟိုဠ်ဒီပါ သွားသောငါလည်း လိုရာတွေ့တွေ့ ပြည့်ပါစေ၊ ငါ၏
မယ်ဖျားနှင့် ဗမင်းတရားလည်း နှစ်ပါး ကိုယ်စိတ် ချမ်းသာ စေဟု
ဆုတောင်းပတ္ထနာ ပြုလေသည်။

ထိုအခါ မကောင်းမှုပြုသဖြင့် အပါယ်ဒုက္ခ ကျရောက်နေကြကုန်သော သတ္တဝါတို့သည်ဘုရားအလောင်း၏ ကောင်းမှုတန်ခိုးကြောင့် အပါယ်ဆင်းရဲမှ လွတ်ငြိမ်းကြကုန်လျက် ပါဝတီ သာနုပ်ပြည်၌ ဖြစ်ကြပြီးလျှင် နတ်စည်းစိမ်အမျိုးမျိုးကို ရရှိခံစားကြရကုန်၏။

ဘုရားအလောင်းသည် မိမိ၏ စစ်သည်ဗိုလ်ပါများနှင့်တကွ သမုဒ္ဒရာကမ်းနားသို့ ရောက်ခဲ့ပြီး ညအချိန် လမှုန်မှိန်တွင် မင်းတပါး၏ အရှိန်အဝါကို ကြံစည်မိလေသည်ကား ယိုဘဋ္ဌောသုရ မင်းကြီး၏ တန်ခိုး အာနုဘော်သည် ဘယ်သို့ သဘောရှိသနည်း၊ ငါ၏တန်ခိုးအာနုဘော်ထက် ပိုလွန်းလေပါသလောဟု ကြံစည်မိလေသည်၊ ထိုခဏ၌ ဘုရားအလောင်း၏ တန်ခိုးအာနုဘော်ဖြင့် သိကြားမင်း၏ ဘုံဗိမာန်သည် ပူသောအခြင်းအရာကို ပြလေသည်။

## သိကြားမင်းမှ မြားငါးစင်းရပုံ

ထိုအခါ သိကြားမင်းသည် ဆင်ခြင်လျက် အကြောင်းရင်းကို သိသော် ဘုရားအလောင်း၏ အထံသို့ လာ၍ မြားငါးစင်းနှင့် သိကြားမင်း၏ လေးတော်ကို ဘုရားအလောင်းအား ပေးအပ်ပြီးလျှင် အိုအချင်းမင်းသားထလော့ ယခု အိပ်နေခြင်းကို မပြုလင့်၊ ယခု ငါသည် ရန်သူနှိမ်နင်းစရာ လက်နက်များကို ပေးအံ့၊ ဤပဌမ မြားတစင်းကို လွှတ်လိုက်လျှင် လူများအားလုံး ကတုံးဖြစ်သွားမည်၊ ဒုတိယမြားတစင်းကို ပစ်လိုက်လျှင် ဆင် မြင်း ရထား စသော ယာဉ်များ ဖြစ်ပေါ်လာမည်၊ တတိယမြားတစင်းကို ပစ်လိုက်လျှင် ဘုံနန်းပြာသာဒ် ဗိမာန်များ ကောင်းကင်၌ ပေါ်ပေါက်လာမည်၊ စတုတ္ထ မြားတစင်းကို ပစ်လိုက်လျှင် မီးပုံကြီး မီးတောက်မီးလျှံများ တောက်လောင်လာလိမ့်မည်၊ ပဉ္စမမြောက် မြားတစင်းကို ပစ်လိုက်လျှင် ရန်သူအားလုံးသေဆုံး ပျက်စီးလိမ့်မည်၊ ဤမြားငါးစင်းနှင့်တကွ ငါ၏လေးတော်ကို ယူဆောင်

လော့ဟု ပေးအပ်လေ၏၊ ထိုအခါ ဘုရားအလောင်းသည် သိကြားမင်းထံမှ မြားငါးစင်နှင့်တကွ လေးတော်ကို လက်ခံယူငင်လျက် နှစ်သက်ဝမ်းမြောက်စွာဖြင့် မိမိနေရာ၌ပင် နေလေ၏။

> ဒိုမင်းမြတ် အရပ်ရပ်ဆောင်လှမ်း၍ အောင်ပန်းဆွတ်ရူးစေသတည်း၊
> ဌာနအများမှာ ရာဇာတပါးရယ်လို့ ထင်ရှားဖြစ်စေသတည်း၊ လေး
> ကျွန်းဒီပါ လူများစွာတို့၌ အာဏာတန်ခိုး လွှမ်းမိုးစေသတည်းဟုပြော
> ဆို ဆုပေးလေသည်။

ဤသို့ ဆုပေးပြီးနောက် သိကြားမင်းသည် မိမိနေရာနတ်ပြည်သို့ ပြန်ကြွလေ၏၊ ထိုအခါ ဘုရားအလောင်းသည် မိမိစစ်သားအပေါင်းတို့ကို မိစ်၍ နက္ခတ်ကောင်းကြုံသော နေ့မြတ်၌ စစ်သည်ဗိုလ်ပါများနှင့် အတူ လှေကြီးပေါ်သို့ တက်လေသည်၊ ထိုအချိန်၌ သမုဒ္ဒရာစောင့်နတ်တို့သည် လှေကြီးကို ကောင်းစွာ သယ်ဆောင်၍ စစ်သည်ဗိုလ်ပါတို့အား စာရေရိက္ခာများကိုပေးကာ နတ်သြဇာထပင်းတို့ဖြင့် ဘုရားအလောင်းကို လုပ်ကျွေးပြုစုကြကုန်၏၊ စစ်သည်ဗိုလ်ပါတို့သည် ဥပဒ်မတွယ် အန္တရာယ်ကင်းကွာ သမုဒ္ဒရာရေလယ်၌ ချမ်းသာစွာ သွားကြရကုန်၏၊ သမုဒ္ဒရာ တဖက်ကမ်း တက်လုမ်းမိသောအခါ စစ်တပ်စခန်းများချလျက် ဘုရားအလောင်းသည် ဘဒ္ဒေသုရ သိဟိုဠ်မင်းကြီးထံ တမန် စေလွှတ်လိုက်၏။

ဘုရားအလောင်း၏ တမန်တော်သည် သိဟိုဠ်မင်းကြီးထံ သွားရောက်၍ အရှင်မင်းကြီး- ကျွန်ုပ်တို့၏ ဗာရာဏသီ ရွှေပြည်တော်ရှင် ဘုရင်မင်းကရားကြီး၏ သားတော်ချစ်ဖြစ်သော သုဝဏ္ဏကုမာရသည် တုစရာမရအောင် လူ့ရွာဌာနမှာ အလွန်ရဲဘင်း၍ ပွဲဝင်းဝင်စစ်သည်အများကို နှိပ်နင်းအား ရှိတော်မူပေ၏၊ ထိုမင်းသား၏ မြားသည် သင်မင်းကြီး၏ နိုင်ငံတော်ကို ပုန့်မှုန့်ညက်ညက်ကျေပျက်အောင် ပြုစွမ်းနိုင်ပါ၏၊ ထိုမင်းသားသည် ဗိုလ်ပါခေတ်ပို စစ်သည်တော်အပေါင်းနှင့်တကွ အရှင်မင်းကြီး၏ နိုင်ငံတော်အတွင်းသို့ ဆိုက်ရောက်နေပါပြီ၊ ယခု အရှင်မင်းကြီးသည် ထိုမင်းသား၏အထံ အမြန်သွားရောက်၍ သင်မင်းကြီး၏ အသက်ဘေးမှ ချမ်းသာပေးပါရန် တောင်းပန်ပါလေလော့၊ ယင်းသို့မှ မတောင်းပန်လိုဘဲ စစ်တိုက်လိုပါကလည်း စစ်ပြင်ဆင်၍ လှူယ်တော်မူပါလောဟု သတင်းစကား လျှောက်ထားသံတော်ဦး တင်လေ၏။

## မြားငါးစင်းစွမ်းအင်

သုဝဏ္ဏမင်းသားထံမှ စေလွှတ်လိုက်သော တမန်၏စကားကို ကြားသောအခါ မင်းတရားသည် အမှန်မယုတ် ဒုတ်ဖြင့် အပုတ်အခတ်ခံရသော မြွေကဲ့သို့

ဒေါသလျှမ်းဖိတ် လန့်ထိတ်သော စိတ်ဓာတ်ရှိသည် ဖြစ်ရကား မိမိ၏အမတ်ကြီး လေးဦး တို့ကို ခေါ်လျက် အိုအမတ်တို့ ဤသုဝဏ္ဏကုမာရသည် လေးဘာတယ်မှာ အလွန်လိမ္မာကျမ်းကျင် တတ်မြောက်ကြောင်း ကြားသိရပေသည်၊ ငါတို့နိုင်ငံကို သူ၏မြှားဖြင့် အကယ်၍ ပစ်လွှတ်ငြားအံ့၊ ငါတို့တမြို့လုံး မှုန်မှုန်ညက်ညက်ဖြစ်၍ သွားနိုင်သောကြောင့် ငါတို့စစ်ရှုံးခြင်း ဖြစ်ချေရ၏၊

ထိုမြို့မှ ငါတို့သည် စစ်သည်ဗိုလ်ပါများနှင့်တကွ သွားရောက်၍ အသက်သေဘေး ချမ်းသာပေးရန် တောင်းပန်ကြပည်လော၊ သို့မဟုတ် စစ်တိုက်ကြပည်လောဟု မိန့်ကြားပြောဆိုလေ၏၊ ထိုအခါ မှူးမတ်အများ စစ်သည် အများမြို့သူမြို့သားအားလုံးတို့က လက်နက်မချလိုဘဲ စစ်တိုက်လိုကြသဖြင့် တမြို့လုံးအုတ်အုတ်ကျက်ကျက် တခဲနက်စစ်တိုက်ရန် ပြင်ဆင်ကြကုန်၏။

ထိုအခါ ဘုရားအလောင်းသည် မြှားတစင်းကို ပစ်လွှတ်လိုက်သည်၊ သီဟိုဠ်ကျွန်းသားတို့၏ ခေါင်းပျားအားလုံး ကတုံးပြောင်ပျား ဖြစ်သွားလေသည်၊ ယို့နောက် ဒုတိယမြှားတစင်းကို ပစ်လိုက်ပြန်သည်၊ ဆင်ယဉ် မြင်းယဉ်များ တပ်ဆင်ထားသော ယာဉ်ရထားများ ဖြစ်သွားလေသည်၊ သို့တစေလည်း သီဟိုဠ်ဘုရင်နှင့်တကွ စစ်သည်တော်များကား အညံ့မခံ လက်နက်မချအရှုံးမပေးသေးပါချေ၊ ထို့နောက်တတိယ မြှားတစင်းကို ထပ်မံ ပစ်ပြန်သည်၊ ရတနာအမျိုးမျိုးတို့ဖြင့် တန်ဆာဆင်အပ်သော ဘုံနန်းပြာသာဒ်များဖြစ်သွားလေသည်၊ တူရိယာအမျိုးမျိုးတို့ကို တီးမှုတ်လျက် နတ်သမီးကညာ များစွာတို့ဖြင့် ပြည့်နေသော ဘုံနန်းပြာသာဒ်တို့ ဖြစ်ပေါ်လာ၍ သီဟိုဠ်ဘုရင်နှင့်တကွစစ်သည်ဗိုလ်ပါအားလုံး အံ့မဆုံးဖြစ်သွားကြသည်၊ သို့တစေလည်း အညံ့မခံအရှုံးမပေးသေးချေ၊ ထို့နောက် စတုတ္ထမြှားတစင်းကို ထပ်မံ ပစ်ပြန်သည်၊ စတုတ္ထမြှားတစင်း ပစ်သောအခါ ကောင်းကင်အလယ်၌ မီးတောက် မီးလျှံပျား တဟုန်းဟုန်း တောက်လျက် မြို့တပြင်လုံးကို သုံးကြိမ်မျှ ရစ်ပတ်၍ မိုးကြိုးသံကဲ့သို့သော ကြောက်မက်ဖွယ်အသံကြီး မြည်ဟည်းကာ ကောင်းကင်ပြင်တခုလုံး ထိန်လင်းနေလေ၏၊ ထိုအချိန်၌ကား မြို့သူမြို့သား အားလုံးတို့သည်ကြောက်ရွံ့ထိတ်လန့်ကြသည်ဖြစ်၍ ငိုယိုကြကာလက်နက်ချအရှုံးပေးရန်သီဟိုဠ်ဘုရင်အား ဝိုင်းဝန်းပြောဆိုကြကုန်၏။

## သုဝဏ္ဏမင်းသား၏ နောက်ဆုံးရာဇသံ

သီဟိုဠ်ဘုရင်ကား မာန်ခက်ထန်ကာ တင်းမာလျက် ရှိနေပြီး ဤ သုဝဏ္ဏမင်းသား၏ ဘုန်းတန်ခိုး အစွမ်းသတ္တိကား ဤမျှသာဖြစ်ပါသည်ဟု ဆိုကာ

လက်နက်ချ အရှုံးမပေးသေးဘဲ ရှိသမျှ အားအစွမ်းဖြင့် ခုခံနေပေသည်၊ ထို အချိန်၌ ဘုရားအလောင်း သုဝဏ္ဏမင်းသားသည် ပဌမမြောက် မြားတစင်း ကို မပစ်သေးဘဲ ကြံတွေးဆင်ခြင်သည်မှာ- ယခုအခါ ငါသည် နောက်ထပ် မြားတစင်း ထပ်ပစ်လိုက်လျှင် လူများအားလုံး သေကြေ ပျက်စီးကုန်တော့ မည်၊ သို့ဖြစ်၍ သီဟိုဠ်ဘုရင်ထံ တမန်ဘယောက်ကို စေလွှတ်လျက် အကယ်၍ လက်နက်ချ အညံ့မခံပါက ညနေဘက်တွင် နောက်ထပ် မြားတစင်း ထပ်မံပစ် လွှတ်ရလိမ့်မည်၊ ထိုအခါ အားလုံး သေကြေ ပျက်စီးကုန်လိမ့်မည်ဟု သတင်း စကား ပြောကြား စဉ်းစားဆင်ခြင်ဘို့ တမန်ကိုစေလွှတ်လေ၏။

ထိုအခါ တမန်သည် သီဟိုဠ်ဘုရင်ထံသွားရောက်၍ သတင်းစကား ပြော ကြားလေရာ သီဟိုဠ်ဘုရင်သည် လွန်စွာကြောက်လန့်တုန်လှုပ်လျက် မိမိ၏ စစ် ဘည် ဗိုလ်ပါများနှင့် မြို့သူမြို့သားအားလုံးတို့အား လက်နက်ချ အညံ့ခံရန် မိန့် ကြားကာ ရွှေငွေရတနာ အဖြာဖြာတို့ကိုယူဆောင်လျက် မှူးမတ်များနှင့်အတူ ဘုရားလောင်းထံ ချဉ်းကပ်လျက် ဘုရားလောင်းအား ရွှေငွေရတနာအဖြာဖြာ ကို ကောင်းစွာဆက်သပြီးလျှင် မြေ၌ဝပ်လျှိုး ရှိခိုးဦးတင်လျက်—

အရှင်မင်းသား ဤမှတွေးဆက် ရေးအထက်က မြေမျက်နှာပြင် ဇမ္ဗူ ခွင်၌ သင်မင်းသားကဲ့သို့ ဘုန်းတန်ခိုးအာနုတော် ကြီးမားသောပုဂ္ဂိုလ် ကို ကျွန်ုပ်တို့သည် တွေ့လည်းမတွေ့ဘူး ကြားလည်းမကြားဘူးကြပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် မိမိပိုင်ပစ္စည်းဥစ္စာနှင့်တကွ တိုင်းပြည် တခုလုံး ကိုပါ အရှင်မင်းသားအား ပေးအပ်ပါကုန်၏၊ ကျွန်ုပ်တို့အား အသက် ဘေးမှ ချမ်းသာပေးတော်မူပါဟု တောင်းပန် စကား လျှောက်ထား လေ၏။

သီဟိုဠ်မင်း လျှောက်တင်သော စကားကို ကြားသောအခါ ဘုရား အလောင်းသည် တိုင်းပြည်နှင့်တကွ ဥစ္စာရွှေငွေ ရတနာအတွေထွေ ပေးအပ် ခြင်းကို ပယ်မြစ်လိုသည်ဖြစ်၍—

အရှင်မင်းမြတ်- ကျွန်ုပ်သည် သင်မင်းကြီး၏ တိုင်းပြည် စည်းစိမ်ချမ်း သာ ဥစ္စာရွှေငွေတို့ကို အလိုမရှိပါ၊ ကျွန်ုပ်သည် တိုင်းပြည်နိုင်ငံ စည်း စိမ်ချမ်းသာတို့ကို အလိုရှိသူ မဟုတ်သောကြောင့် သင်မင်းကြီးသည် ဘာမျှကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်တော်မမူပါလင့်၊ ကျွန်ုပ်သည်ကား အရှင်မင်းကြီး၏ ကြမ်းထမ်း ခက်ထန်သော စိတ်နှလုံးသား နူးညံ့ ပျော့ပျောင်းလာခြင်းကိုသာ အလိုရှိပါ၏ဟု မိန့်ဆိုလေ၏။

## စိတ်ခက်ထန်သူအား နူးညံ့စေကာ

ယိုစကားကြားလျှင် သိဟိုဠ်မင်းတရားသည် တုန်လှုပ်သော ကိုယ်ခန္ဓာဖြင့် ဦးခေါင်း ငိုက်စိုက် ချလျက် ခန္ဓာကိုယ်မှ ချွေးများ ယိုထွက်ကျဆင်းလျက် ရှိလေသည်။

ဘုရားအလောင်းမင်းသားသည် မင်းတရားသိဟိုဠ် ခန္ဓာကိုယ်မှ ချွေးများ ယိုနေသည်ကိုမြင်လျှင် ကြင်နာသနား နှလုံးထားဖြင့် မင်းတရား သိဟိုဠ်ကို ဤသို့ စကားဆိုလေသည်။

မာ တုံ့ ဘာယသိ ဇနိန္ဒ၊ သုဝိဘော ကပ္ပ တွံ့ ပယ။
ဟဒယ ပ်သေန မေ နတ္ထော၊ တုယှံ့ ကော့မိ ဧပ သဒါ။

ဇနိန္ဒ၊ သိဟိုဠ်ကျွန်းသား လူများအရှင် ကိုဖြစ်ဘုရင်။ တွံ့၊ သင်မင်း မြတ်သည်။ မမ၊ သုဝဏ္ဏကုမာရ မည်သသပုတ် အကျွန်ုပ်ကို။ မာဘာယသိ၊ နှလုံးသွေးခြောက်၍ ကြောက်တော် မမူပါလင့်။ တွံ့၊ သင်မင်းတရားသည်။ သုဝိတော၊ ကိုယ်စိတ်နှစ်ပြာ ချမ်းသာသည်ဖြစ်၍။ မမ၊ အကျွန်ုပ်အား။ မာကပ္ပ၊ နှလုံးသွေးခုန် တုန်လှုပ်တော်မမူပါလင့်။ တုယှံ့၊ သင်းမင်းမြတ်၏။ ဟဒယမံသေန၊ ရင်တွင်းတည်ငြား နှလုံးသားဖြင့်။ မေ၊ သုဝဏ္ဏကုမာရ-နာမ မည်သား အကျွန်ုပ်အား။ နအတ္ထော၊ တပျိုးတစိ အကျိုးကြည့်၍ အလိုမရှိ ပါ။ တုယှံ့၊ သိဟိုဠ်နန်းဖွား သင်မင်းတရားအား။ မေ၊ သုဝဏ္ဏကုမာရမည်ရ သမုတ် အကျွန်ုပ်၏။ ကေနစိ၊ နောက်ကပါမူ တစုံတယောက်သူကလည်း။ သဒါ၊ အခါခပ်သိမ်း။ နတ္ထိ၊ ဆင်းရဲစေကြောင်း မကောင်းစေမှု မပြုရိုးအမှန် ကေန်ဖြစ်ပါသတည်း။

ဒိုင်းမြက်- ခက်တန်ကြမ်းတမ်းသော စိတ်နှလုံးရှိသူကို နူးညံ့သိမ်မွေ့လာအောင် ပြုလုပ်သော ကုသိုလ်ကောင်းမှုမျိုးကိုသာ အလိုရှိပါ၏၊ သင်မင်းတရားအပေါ်၌ ကျွန်ုပ်သည် ချစ်ခင်ကြင်နာခြင်း အပြည့်အဝဖြင့် မေတ္တာထားပါ၏၊ ကျွန်ုပ်အပေါ်၌လည်း သင်သည် ချစ်ခင်ကြင်နာခြင်း အပြည့်အဝဖြင့်မေတ္တာထားဖန် တုံ့ပြန်ပါလော့ဟု ပြောဆိုလေ၏။

ဤသို့ဆိုပြီး ဘုရားအလောင်းသည် လူအများအား နှလုံးသား နူးညံ့လာအောင် ပြုနိုင်ခဲ့ပေ၏၊ အကြင်သူသည် တဖက်သားအပေါ်၌ သနားကြင်နာသောစိတ်ကို မွေးမြူလျက် မကောင်းမှုကို ပြုခြင်းမှ တားမြစ်ပိတ်ပင် သွန်သင်ဆုံးမ၏၊ ထိုသူသည် မှန်မြတ်သော မိတ်ကောင်းဆွေကောင်းဖြစ်၍ အလိုရှိသမျှ

ပေးစွမ်းနိုင်သော စိန္တာမဏိ မည်ရှိမှတ်သား ပတ္တမြားရတနာကဲ့သို့ မိမိ အလို ရှိ သမျှရရှိခံစားရလေ၏ဟု ဆိုလျက်-

အိုမင်းမြတ်- ကြံစည်တိုင်းပြီးငြား ပတ္တမြား ရတနာသည် ရတနာ
အားလုံးတို့တွင် အကောင်းဆုံး အမွန်မြတ်ဆုံး ဖြစ်သကဲ့သို့ ထို
နည်းတူစွာမကောင်းမှုကို ပြုလုပ်သူအား မကောင်း ပြုလုပ်ခြင်းမှတား
မြစ်ပိတ်ပင် သွန်သင် ဆုံးမခြင်းသည်လည်း အလွန် မွန်မြတ်သော
ကောင်းမှု ကုသိုလ် ဖြစ်ပါ၏၊ ထိုသို့ ပြောဆို သွန်သင်သောသူသည်
မိတ်ကောင်းဆွေကောင်းလည်း မည်ပါ၏။

ဟု မိန့်ဆိုပြီးနောက် ဆက်လက်၍-

အကြင်သူကား၊ မိတ်တရား၊ တည်ငြားအမြဲပေ။
ပျက်မှောက်သံသရာ၊ ကျိုးနှစ်ဖြာ၊ ကောင်းစွာရရှိလေ။
မဉ္ဇူမဟာ၊ ပြောစရာပြော၊ ယင်းသဘော၊ စင်ကြောစင်ကြယ်နေ။
ဆင်းရဲချမ်းသာ၊ ဖြစ်သောခါ၊ မျှစွာအတူပေ။
အကျိုးကိုလဲဖြစ်စေ၊ ကွယ်ရာမှာ ဖြစ်စကား လှစ်ကြားတတ်ပါလေ၊
မပေါင်းအပ် ရှောင်လတ်ထိုမိတ်ဆွေ။
ဘေးဖြစ်သောခါလေ၊ ပညာနှင့်ကြည့် သိသော်မသွေ၊ မှန်စကားကို
ပြောကြားတတ်ပါလေ၊ ချမ်းသာခြင်းနှင့် ဘေးကင်းသက်ရှေ၊ ပြုံရ
တွေ့မျှား၊ တန်ခိုးအား၊ တိုးပွားဖြစ်ရာပေ။

အလောင်းတော်မင်းသား အကြောင်းမြော် စဉ်းစားလျက် အဟောင်း လင်းသွားသည့်စကားကို ကြားရသောအခါ ကျွန်းတပါး သိဟိုဠ်ရာဇာသည် ကြည်ညိုဟဒယာ ရွှင်သာလှစ်ကြည်၍ ဂါထာနှစ်လီ ထောမနာ အချက်ဖြင့် သြဘာဆက်ပြန်သည်ကား ဤသို့တည်း။

ကောင်းပေစွ, ကောင်းပေစွ၊ ကြောင်းနေလှ မင်းသား ပွင်းမမှား
ယင်းစကားတရားတူးကို မကြားဘူးဆို ရှေးက ဘေးဘယ မမှေးရ
တွေးဆသဘော မြေသောစကား ဖြစ်ပေ၏။
သင့်တန်ခိုးကြောင့် မြင့်မိုးစိတ်ပြေ၍ ချစ်မိတ်ဆွေတယောက် ဖြစ်ခဲ့ရ
ပေသည်၊ ယုံကြည်သဒ္ဒါ ခုံတည်ကာဖြင့် တိုင်းနိုင်ငံကို ပေးအပ်ပါ၏၊
လေးမြတ်ရာထား သင်မင်းသားသည် ဘုရင်တပါးဖြစ်သော ကျွန်ုပ်၏
နိုင်ငံတော်ကို ခံယူတော်မူပါ-ဟု ပြောဆိုလေသည်။

ထိုအခါဘုရားလောင်းသည် မြတ်သောမင်းကြီး- သင်မင်းကြီးတို့၏စကား သည် အမှန်ဖြစ်ငြားအံ့၊ ယခုသင်သည် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါ၊ ကျွန်ုပ်တို့

နှစ်ဦးသည် ဂျွန်ုပ်၏မယ်တော် ခမည်းတော်တို့အား ရှိခိုးဝန္ဒနာ ပြုပါခြင်း အကျိုးငှာ ဗာရာဏသီ ရွှေပြည်တော်သို့ သွားကြပါကုန်အံ့ဟု ပြောလေသည်၊ ယင်းအခါ သိဟိုဠ်ရာဇာသည် ကောင်းပေစွ၊ ကောင်းပေစွ၊ ကြောင်းနေဆ ဝန်ခံ၍ သွားလာရေးကိစ္စအဝဝ စီစဉ်ရန် အနည်းငယ်မျှ ဆိုင်းငံ့ပါလောဟု ပြောဆိုလေလျှင် ဘုရားအလောင်းသည်လည်း သဘောတူ ခွင့်ပြုလေသည်၊ သိဟိုဠ်မင်းသည် ဝတ်စား တန်ဆာများ ဆင်ယင် ထားသော အမျိုးသမီး တထောင် ဆောင်ယောင်ခြံရံလျက် မြဘယက်ကြွပိုအင် လှပျိုစင် တဆယ့်ရှစ် ယောက်နှင့် ခြောက်ဆယ်လောက်သော အဘိုးထိုက် ရတနာ ပူဇော်ဘွယ် အပြာပြာတို့ကိုယူဆောင်၍ ဘုရားအလောင်းအား ဆက်သပေးအပ်လေသည်၊ လိုပျိုကညာတို့သည် ဘုရားအလောင်းအား နှေ့ညဥ့် မပြတ် ဖျော်ဖြေကြ ကုန်၏။

ထိုနောက် သိဟိုဠ်မင်း ဘဋ္ဌေသုရသည် မိမိ၏သေနဂုတ် အမတ်ကိုခေါ် စေ၍ ဟိုအမတ်သေနဂုတ် သင်သည် ဂျွန်ုပ်၏အမိန့်ဖြင့် စစ်သည်အားလုံးတို့ကို ယင့်ခေါ်ပါလော၊ သင်အမတ်ကြီးနှင့်တကွ စစ်သည်ဗိုလ်ပါ အားလုံးတို့သည် ဂျွန်ုပ်နှင့်အတူ ဗာရာဏသီမြို့သို့ သုဝဏ္ဏမင်းသားနှင့်အတူ လိုက်ပါသွားကြပါ ကုန်ဟုံ့ဟု မိန့်ဆိုလျက် မိမိ၏စစ်သည်တို့ကို စီမံလိုရကား–

အိုမှူးမတ်အပေါင်းတို့- အမျိုးမျိုးသော အဆင်းတန်ဆာတို့ကို ဝတ်ရုံ ဆင်မြန်းထားကြ ကုန်သော ဆင်တပ်၊မြင်းတပ်၊ရထားတပ်၊ခြေလျင် တပ်အားလုံးတို့သည်ရင်း၊

အမျိုးမျိုးသော ဝတ်စားတန်ဆာတို့ကို ဝတ်ဆင်ထားကြ ကုန်သော မြို့သူမြို့သား ရွာသူရွာသား ပုဏ္ဏားပုရောဟိတ် အားလုံးတို့သည်ရင်း၊ လို့နောက်တအင် ရဂုဏ်သွင်ဟန်ထား ခွန်အားကောင်းဝံ့ တသောင်း သော စစ်သည်တော်တို့ သည်ရင်း၊

အညိုဝတ်ဆင်သော စစ်သည်တော်တွေ ရွှေသောအဆင်း ဝတ်ဆင် သော စစ်သည်တော်တွေ အနီသက်သက်ဝတ်ဆင်သော စစ်သည်တော် တွေ သင်းကျစ်နီကိုဆောင်းသော စစ်သည်တော်တွေ ချပ်မိန်ညိုဝတ် ဆင်သော စစ်သည်တော်တွေသည်ရင်း နှစ်သက်ရွှင်လန်း ဝမ်းမြောက် စွာဖြင့် ငါ၏ထံမှောက်သို့ လာရောက်ကြပါကုန်လော့။

ယိုနောက်တဖုံး ဆင်တသောင်းလုံး ဆင်ကုန်းနှီးတင် ကကြိုးဆင်ယင် စေ၍ ဆင်စီးသူရဲတို့အားလည်း မှိန်းချွန်းစသည်တို့ကို လက်ဆွဲစေကာ ချပ်ဝတ် တန်ဆာဝတ်ဆင်စေပြီးလျှင် ဆင်ပေါ်တွင် အသင့်စီးနင်းကြ ကုန်လျက်ရင်း၊

ထို့နောက်တကြောင်း စစ်မြင်းတသောင်းတို့အား မြင်းကုန်းနှီး မြင်းကကြိုးစသည်ကို ဆင်ယင်စေ၍ မြင်းစီးသူရဲတို့အားလည်း ချပ်ဝတ်တန်ဆာများ ဝတ်ဆင်စေပြီးလျှင် မြင်းပေါ်တွင် အသင့်စီးကြကုန်လျက်ရှင်း,

မင်္ဂလာရှိသောမြင်းများဖြင့် ကောင်းစွာတပ်ဆင်ထားအပ်သော မြင်းရထားတသောင်းတို့အား အကွပ်ပုံတောင်းစသည်တို့၌ တန်ဆာများဆင်ယင်ပြီးလျှင် ရထားစီးသူရဲတို့ အားလည်း စစ်ဝတ်တန်ဆာများဝတ်ဆင်စေ၍ ရထားထက်၌ အသင့်ဖြစ်စေလျက်ရှင်း,

စစ်ဝတ်တန်ဆာ အမျိုးမျိုး သင်းကျစ် အမျိုးမျိုးတို့ကို ဆောင်းကုန်သော ခြေလျင်စစ်သည်တော်တသိန်းတို့အား လက်နက်ကိုယ်စီ ကိုင်စွဲစေလျက်ရှင်း နှစ်သက်ရွှင်လန်းဝမ်းမြောက်စွာဖြင့် ငါ၏ထံမှောက်သို့ လာရောက်ကြကုန်လော့-ဟု စစ်တပ်များကို စီစဉ်လေ၏။

ဤသို့လျှင် သီဟိုဠ်ဘုရင်သည် မိမိ၏စစ်သည် ဗိုလ်ပါများကို စီစဉ်လျက် တလကြာမျှသွားလာရေးအတွက် စီမံပြီးနောက် အားလုံးအဆင်သင့်ဖြစ်သောအခါ ဘုရားလောင်းသုဝဏ္ဏကုမာရမင်းအား အကြောင်းကြားလေသည်၊ ထိုအခါ ဘုရားလောင်းသည် စစ်သည်ပေါင်းများစွာ ခြံရံလျက် မင်္ဂလာဆင်ဖြူတော်ကိုတက်စီးပြီးလျှင် မိမိတပ်စခန်းချရာ နေရာမှ ထွက်ကြွတော်မူလေသည်၊ သီဟိုဠ်ဘုရင် ဘဒ္ဒေသုရသည်လည်း စစ်သည်များခြံရံလျက် ဘုရားလောင်းနှင့် အတူ လိုက်ပါလေသည်။

ဘုရားလောင်း မင်းသားနှင့် သီဟိုဠ်ဘုရင် မင်းနှစ်ပါးတို့သည် စစ်သည်တော်ဗိုလ်ပါများခြံရံ၍ ထွက်ခွါလာရာ မဟာသမုဒ္ဒရာဆိပ်ကမ်းသို့ ရောက်ကြလေ၏။

သမုဒ္ဒရာဆိပ်ကမ်းတွင် ပင်လယ်ဟာဖက်ကမ်းသို့ မကူးကြသေးဘဲ သင့်လျော်ကောင်းမြတ်သော မြေအရပ်၌ ခုနစ်ရက်မျှ အပန်းဖြေ နားနေကြကုန်၏၊ ထို့နောက် ဘုရားလောင်းသည် ကောင်းသော နက္ခတ်နှင့်ယှဉ်သည့် မင်္ဂလာနေ့ကောင်းရက်မြတ်တွင် အခြံအရံများနှင့် အတူ လှေပေါ်သို့တက်၍ လှေ၏အလယ်တွင် ဆန်းကြယ်စွာ ပြုလုပ် စီမံထားသော ရတနာ ပြာသာဒ်ထက်၌ နေတော်မူ၏။

ထိုအခိုက်တွင် သီဟိုဠ်ဘုရင်သည် မိမိ၏ စစ်သည်တော်များအား အမိန့်ပေးလျက် လှေကြီးပေါ်သို့ တက်ရောက် လေ၏။

ဘုရားအလောင်း၏ တန်ခိုးအာနုဘော်ကြောင့် သမုဒ္ဒရာစောင့်နတ်များနှင့် နဂါးတို့သည် လူသားအသွင် ပူထားဆင်ကြလျက် ရေအပြင်မှာ လှေအစဉ်ကိုသွဲ၍ ရေလယ်သို့ ဆောင်ယူသွားကုန်၏၊ နတ်နဂါးတို့သည် နတ်သုဒ္ဓါ မဲဘွယ်ဘောဇဉ်တို့ကို ယူဆောင်ကြကုန်လျက် လူအပေါင်းတို့အား နေ့ညဥ့် ပပြတ် ကျွေးမွေး ပေးကမ်းကြကုန်၏။

စစ်သည်တော်များနှင့် အခြံအရံ အားလုံးတို့သည် လှေကြီးများပေါ်တွင် စီးနင်းလိုက်ပါကြလျက် နတ်ဘောဇဉ် အမျိုးမျိုးတို့ကို စားသုံးကြ၍ နတ်ပန်းနံ့သာတို့ကို ဆင်ယင်ကြပြီးလျှင် က,သူက က, ဆိုသူကဆို လေချွန်သူကချွန် ရယ်သူကရယ် ဟီးပေါက်သူက ဟီးပေါက် ခမိုးရောက် သမုဒ်အလယ်မှာ ပျော်ပျော်အသွယ်သွယ် ပျော်ရွှင်ဘွယ် အစားစားဖြင့် မြူးတူးကစားလျက် သွားကြကုန်၏၊ ဘုရားအလောင်း၏ ဘုန်းတန်ခိုးကြောင့် သမုဒ္ဒရာအလယ်၌ သွားသူအားလုံးတို့မှာ ဆင်းရဲဒုက္ခ ဘေးအန္တရာယ် တစုံတရာမျှ ဖြစ်ပေါ်ခြင်းမရှိကြပေ၊ ယင်းသို့ သမုဒ္ဒရာအလယ်၌ ခုနစ်ရက်မျှ နတ်စည်းစိမ်တို့ကို ခံစားလျက် သွားကြရာ ခုနစ်ရက် လွန်မြောက်သောအခါ သမုဒ္ဒရာတဖက်ကမ်းသို့ ဆိုက်ရောက်ကြကုန်၏၊ သမုဒ္ဒရာ တဖက်ကမ်းသို့ ဆိုက်ရောက်သောအခါ ဘုရားအလောင်းသည် မယ်တော် ခမည်းတော်တို့ထံ တမန်စေလွှတ်၍ သားတော် ပြန်လည်လာကြောင်းကို အကြောင်းကြားစေလေ၏။

အလောင်းတော်၏ မယ်တော် ခမည်းတော်တို့သည် ဗာရာဏသီမြို့တော်ကို တင့်တယ်သပ်ယပ်စွာ တန်ဆာဆင်စေပြီးလျှင် ငှက်ပျောရွက် ကြံရွက် တံခွန် ကုက္ကားတို့ကို လမ်းဘေးလျှောက်၌ ဆင်ယင်စေလျက် လက်ဆောင်ပဏ္ဏာ အမြောက်အမြားတို့ကို ယူဆောင်၍ အခြွေအရံများနှင့်အတူ သွားရောက်၍ သားတော်အား ခရီးဦးကြိုဆိုလျက် ဗာရာဏသီမြို့သို့ ခေါ်ဆောင်လာကြကုန်၏။

ထိုအခါအလောင်းမင်းသားသည် ခမည်းတော် မယ်တော်တို့အား ရွှေ ငွေ ရတနာ လက်ဆောင်ပဏ္ဏာ အမျိုးမျိုးတို့ကို ဆက်သပေးအပ်ပြီးလျှင်စစ်သည်များစွာနှင့် တကွသော သိဟိုဠ်ဘုရင်အားလည်း မယ်တော် ခမည်းတော်တို့၏ ခြေတော်အစုံကို ခိုလှုံညွတ်ကျိုး ရှိခိုးစေလေ၏၊ ထိုအခါ မယ်တော်ခမည်းတော်တို့သည် လွန်စွာနှစ်သက်ကြည်နူး အထူး ဝမ်းမြောက်ကြလျက် သားတော် ဘုရားအလောင်းအား သုပေးလိုရကား–

ဓိရံ ဇီဝတု ဘဝံ ပုတ္တ၊ မာဟောတု ဝိယောဂေါတဝ။
အမေ့ဟိတ ပိယဝတ္ထုဟိ၊ သက်ပွေါ ခိပ္ပမေဝတေ။
သဗ္ဗဒါ ပရိပူရေတု၊ စန္ဒော ပန္နရသော ယထာ။

ပုတ္တာ၊ သုဝဏ္ဏဟု ချွန်ပြဘုန်းရောင် သားတော်မောင်။ ဘဝံ၊ သားတော် ပေါင်လှ သုဝဏ္ဏသည်။ စိရံဇီဝတု၊ အထက်တမ်းကုန် တက်လှမ်းငုံ၍ ဘုန်း ဂုဏ်လက်စေ အသက်ရှေပါစေသတည်း။ တဝ၊ မေမေ့ရင်သွေး သားငယ်း ဟူရှ သင်သုဝဏ္ဏအား။အမှေဟိ၊ မိဘနှစ်ပြာ ငါတို့နှင့်ရှင်း။ ပိယဝတ္တျပဟိစ၊ သားတော်မောင် အချစ်သီးတဲ့ ပစ္စည်းဝတ္တုတို့နှင့်ရှင်း။ ပိယောဂေါ၊ ဂြော စရာ ခြေယှင်း၍ ကွေကွင်းရခြင်းသည်။ မာဟောတု၊ မိဘနှစ်ဖြာ ငတ္တာစစ် ဖြင့် မဖြစ်ပါစေသား အရှင်ဘုရား။ တေ၊ သားတော်လှလှ မင်းသုဝဏ္ဏ၏။ သက်ပေွါ၊ လူထုအကျိုး မျှော်ကိုးရှည်တောင်း အကြံကောင်းသည်။ စန္ဒောပန္န ရသော ယထာ၊ တအဲ့ငါးရက် ကြွားတက်ပေါ်လွန်း လပြည့်ဝန်းကဲ့သို့။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ခိပ္ပမေဝ၊ မကြာမတင် သောလျင်စွာသာလျှင်။ ပရိ ပူရေတု၊ ဆန္ဒအတိုင်း ကံကူဝိုင်း၍ မသိုင်းကုံလုံ ပြည့်စုံပါစေသတည်း။

ဤသို့ဆိုကာ ပတ္တနာပြုကြပြီးလျှင် ခမည်းတော် မယ်တော်တို့သည် ဗာရာ ဏသီမြို့လုံးကို သုဝဏ္ဏမင်းသားအား အပ်နှင်းကုန်၏၊ဇမ္ဗူဒိပ်ကျွန်းနေအပြည် ပြည်သော မင်းတို့သည် မင်းသား၏ သတင်းစကားကို ကြားကြလျှင် ကြောက် ၍ ထိတ်လန့်ကြကုန်လျက် စစ်သည် ဗိုလ်ပါများ ခြံရံ၍ လက်ဆောင်ပဏ္ဏာ အမျိုးမျိုးတို့ကို ယူဆောင်ကာ ဗာရာဏသီပြည်သို့ လာရောက် ပေးဆက်ကြ ကုန်၏။

ထိုအခါ တနေ့သ၌ မင်းအများတို့သည် အလောင်းတော် မင်းသားထံ ခြံရံ ချဉ်းကပ်ကြကုန်လျက် ဘုရားအလောင်းအား မင်းတကာတို့ထက် မြတ် သော မင်းအဖြစ်ရှင်း, သိကြားနတ်မင်း အဖြစ်ရှင်း အညီအညွှတ် အာသိအမှတ် ပြု တင်မြှောက်၍ ရိုသေစွာဆည်းကပ် ရှိခိုးကြကုန်၏။

ဘုရားအလောင်း မင်းသားသည် မင်းပျားနှင့် ဗိုလ်ပါအားလုံး ဆင်ပြင်း ကျွဲနွားအားလုံးတို့အား ထမင်းအဖျော် စသည်တို့ကို လိုအပ်သည်ရှိစေရန် ကျွေးမွေးပြုစုလေ၏၊ ထိုအခါ၌ ၁၂-ယူဇနာမျှ ကျယ်ဝန်းသော ဗာရာဏသီ မြို့သည် လူနတ်တို့၏ သိဆိုတီးမှုတ် ကခုန်သံတို့ဖြင့် အလွန်တရာစည်ကားလျက် ရှိလေ၏၊ ဘုရားအလောင်းမင်းသား၏ ဝင့်ကြွားသော တန်ခိုးအဟုန်ကြောင့် ဤမျှများပြားသော ပရိသက်တို့အား မကျေမနပ်ဖြစ်မှု ငြင်းခုန်ခိုက်ရန်ဖြစ်မှု နှင့် အနာရောဂါဖြစ်မှု စသည် ကမုံတရာမျှ ဖြစ်ပေါ်ခြင်း မရှိပေ၊ တနေ့သ၌ စစ်သည်ဗိုလ်ပါ များစွာတို့နှင့် အကူတက မင်းအများတို့သည် တရားဆုံးဖြတ် ရာနေရာ၌ စုရုံးကြလျက် တရားဆုံးဖြတ်ရာ ပလ္လင်ထက်၌နေသော ဘုရား အလောင်းအား ရှိခိုးဦးတိုက်ကြကုန်ပြီးလျှင်–

ကျွန်ုပ်တို့ကား၊ သင်မင်းသားကို၊ သိကြားမှတ်ထင်၊ သင်မင်းသား
နှင့်အတူပင် ဤ မြေအပြင်မှာ မရှိဘူးထင်၊ နတ်ပြည်ကို သွားတော့
လူအများကိုဆောင်ဝင်၊ နတ်စည်းစိမ် ပြည်ထွားတဲ့ ထိုမင်းသား
ဒိုဘုရင်။

ကျွန်ုပ်တို့ကား သင်မင်းသားနှင့် အဆင်းအားဖြင့်တူယှဉ်၊ ရှေးကလဲ
တေးဆလဲ မကင်၊ ဤသို့လွှမ်းပိုး တန်ခိုးအာနုဘော်ရှင် ဘယ်နေရာ
ဘယ်ဌာနမှ တူသူမမြင်၊ မင်းသားဒိုဘုရင်။

နှစ်သိန်းလေးသောင်း ထုပေါင်းမြေအပြင်၊ အဆင်းလှ အချင်းရ
သတင်းကြွက်ကဲ့ ပြတ်ဘုရင်၊ ရှေ့စင်ရုပ်သွင်၊ မြေပြင်ဟုတ်ထင်၊ မင်း
ပင်းတွေ ဦးနှိမ်ကျိုး ပြိုခိုးရတဲ့ ပင်းသားဒိုဘုရင်။

ဤကဲ့သို့ ပါးပစကား ပြောကြားပြီးနောက် ဘုရားအလောင်း မင်းသား
ကို ပြဿနာ ဤသို့ မေးကြလေသည်။

ပေးပါရစေ တွေးဆလေ ပေးပဖြေအရှင်၊ ကျွန်ုပ်တို့ကိုပင် ရှုံးစေ
နိုင်မျိုး အပိုင်စိုးတဲ့ တန်ခိုးစွမ်းအင်၊ အဆင်းလှလို့ ပြင်းပြတဲ့တန်ခိုး
ရှင်၊ ဝါသုဒေဝ် သာရှုမျှော် ဖြေခွင်းတဲ့ နေမင်းအသွင်၊ ဘယ်ကောင်း
မှု အကြောင်းပြု ပေါင်းစုဖြေစေချင်။

ထိုအခါ ဘုရားအလောင်းသည် မိမိ၏ ဇာတိသရညာဏ်ဖြင့် မိမိရှေးကပြု
ခဲ့သောကောင်းမှုတို့ကို မင်းအပေါင်းနှင့် စစ်သည်ဗိုလ်ပါအများတို့အား ပြော
ကြားလိုသည်ဖြစ်၍—

နားထောင်ကြ၊ ကြားအောင်ပ၊ ဆောင်ပြ ငါ့စကားကို၊ အတိတ်
သိ စိတ်ပိုသ ရိပ်ခြည်ပြ ကုသိုလ်၊ ဝံ့ပေသည်ကို ဂုဏ်တွေကြည်ညို
ယုံစေဤလို အထွေထွေ လှူပေကြွေး၊ လူတွေအများ မှုလေထားတဲ့
လူသား ငါ့ကုသိုလ်။

ဤကုသိုလ် အခက်ဝေသဖြင့် ကျက်သရေမို့၊ တေဇာတော်အခင်း
ကြွ အဆင်းလှရုပ်ကိုယ်၊ ဆင်ပြောင်နှယ်ကြွား သွင်ပြထား၊အင်အား
ရ တင်ပြ ဤကုသိုလ်။

တွေးမြွက်ကြွား လေးနက်စကားငါဆို၊ လူ့ရှယ် နုနယ် ရှုဘွယ်ဆောင်
တဲ့ မောင်လူပျို၊ နားဆောင်စေလို၊ ငါးပါးရန်စု ငါမပြုသကို၊
ငြူစူစောင်းမြောင်း လူသူမကောင်းကြောင်း ငါမဆို၊ ထိုကောင်းမှု
က အကြောင်းပြု၍ ကိုယ်လန်းဖြာစွ ချမ်းသာရ ဘဝငါ့ကုသိုလ်။

ထိုနောက်တဝ ဩဝါဒဆက်ညွှန်း မြွက်ခွန်းသည်ကား=

အို-အို လူအပေါင်းတို့၊ ချမ်းသာကောင်းနဲ့ အောင်ကြောင်းဆိုကို၊ မှန်းဆ တမ်းတစေလို၊ နောက်ဘဝဆက်တော့ အသက်ရှေသကို၊ လူနတ် စည်းစိမ် ရိပ်ငြိမ်ချမ်းသာပို။

မျက်မှောက်တမလွန် နှစ်တန်ဘဝ သုခကို မူပိုသူဆို၊ မသတ်ရာသူ့ အသက်ကို မဖွက်ရာသူ့ဥစ္စာကို၊ မပြစ်မှားနဲ့ သူ့မယားကို၊ မလုစ် ကြားနဲ့ မုသားဆို၊ သေအရက်ကို မသောက်စားရှောင်ရှားကြစေလို။ အပျက်ထိုမထွက်ငြားနဲ့ မာနတရား မကားစေလို နှုတ်ပြောဝန့်တို သူ့ကိုဆင်းရဲ ယင်းလဲ့အယူကို၊ မိမိစိတ်မှာ တရံတဆစ် မဖြစ်စေလို၊ အယူပုန်စိတ်သန့်စွဲ၊ အမြဲဖြစ်စေလို။

ပြုသင့် မပြုသင့်၊ မှချင့်ပြုဆို၊ အလိုရှိသော ကျော်စောကိတ္တိ သိဒ္ဓိထို ထို၊ ဥစ္စာချမ်းသာ လျှမ်းဖြာပွားမည်ပိုမို၊ စုံစမ်းပူ ပုံပန်းရှု ပြုတဲ့ ထိုပုဂ္ဂိုလ်။

စုံးစမ်းကာပြုပါတဲ့ ပူကြီးပူငယ် ပြုဘွယ်ထိုထို၊ အခြံအရံပေါလို့ ကျော် စောသတင်းဆို၊ ဥစ္စာချမ်းသာ လျှပ်းဖြာပိုပို၊ လိုရှိငြား တိုးပွားသို ပုဂ္ဂိုလ်။

ဘုရားအလောင်းမင်းသား၏ လင်းစကားကို ကြားလျှင် အများဘုရင် တို့သည် အားအင် ပရိသတ်နှင့်တကွ စိတ်ဓာတ် တကြွကြွ ဝမ်းမြောက်လျက် ချီးမြှောက်သောစကားကို မြွက်ကြားကြကုန်၏။

အရှင်မင်းသား၊ ပြောစကားကို၊ ထောင်နားစိုက်ကာလိုက်နာပါကုန်၏၊ ရှင်ပင်းသားသည် ကျွန်ုပ်တို့၏ အရှင်ပါဘည်း၊ ကျွန်ုပ်တို့ကို သုဂတိ ဘုံဘဝသို့ ရောက်စေမည့်သူပါတည်း။

သုဝဏ္ဏကုမာရ မင်းသားသည် အလုံးစုံသော ပင်း ပရိသတ်တို့အား ဩဝါဒစကား ပြောကြားပြီးလျှင် ပင်းတရာတို့ကို မိမိတို့ ပရိသတ်ဗိုလ်ပါ နှင့်တကွ နေရင်းဌာနသို့ ပြန်လွှတ်လေရာ၊ ထိုအခါ များစွာသောပြည် ကြီးရှင် ဘုရင်မင်းတရားတို့သည် မင်းသားအား ချီးမွမ်းစကား ပြောကြား ကြကုန်၏။

ငါတို့၏လူအဖြစ်သည် သူတော်ကောင်းနှင့် ပေါင်းသင်းဆက်စပ်သဖြင့် မြတ်လှပေ၏၊ ငါတို့၏အသက်ရှင်ကာ နေရခြင်းသည် အကျိုးမပြီး အချည်းနှီးမဟုတ်ပေ၊ ဘုရားအလောင်းမင်းသား၏ တန်ခိုးအစွမ်း ကြောင့် အောင်ပန်းရရှိသူများ ဖြစ်ရပေကုန်၏။

ဤသို့ ချီးမွမ်းစကား ပြောကြားကြပြီးလျှင် မင်းတရားတို့သည် ပရိသတ်များနှင့်တကွ တိုင်းတော်ပြည်တော်သို့ ပြန်ကြကုန်၏၊ ထိုမင်းတရားတို့သည် နှစ်ဘပတ်လည်သောအခါတိုင်း လက်ဆောင်ပဏ္ဏာ အဖြာဖြာတို့ကို ယူလာ၍ ဘုရားအလောင်းမင်းသားအား ဆက်သ၍ ပြွက်ဟသောသြဝါဒခံယူလျက် မိမိတို့တိုင်းပြည်သို့ တဖန် ပြန်ကြကုန်၏။

ထိုအခါ ဘုရားအလောင်းသည် တရားကြောင်းဖြင့် အများကောင်းအောင်စိုးချုပ် မင်းလုပ်သည်ဖြစ်၍ ဒုတ်မကိုင် ဒါးမသုံး ဇမ္ဗူဒိပါတိုင်းအလုံးကို ရှင်ပြုံးစွာ စောင့်ရှောက်လျက် မိမိ၏ဗာရာဏသီမြို့တော်၏ တံခါးလေးခု၊ မြို့လယ်၊ နန်းတော် ဤခြောက်ဌာနတို့၌ သာလာကြီးခြောက်ခု ဆောက်လုပ်စေ၍ နေ့တိုင်း နေ့တိုင်း ခြောက်သိန်းအသပြာ စွန့်လွှတ်၍ ရောက်လာသော အလှူခံတို့အား ဒါနဝတ္ထု အစုစုကို ပေးလှူလေသည်၊ ထိုသို့ပေးလှူရာမှာ ဘုရားအလောင်းသည် နံနက်အချိန်နှင့် ညနေအချိန်များ၌ အလတ်အစေ့ရှိသော လူအများတို့ကို ထိုလူအပေါင်းတို့ သင်တို့သည် ငါ့ထံမှရသောအလှူပစ္စည်းတို့ကို လှူဒါန်းကြကုန်၊ အမြဲတစေ ငါးပါးသီလကို စောင့်ထိန်းကြကုန်၊ ဥပုသ်သီတင်း စောင့်သုံးကြကုန်ဟု သုံးမဩဝါဒ ပေးလေသည်။

ထိုအချိန်ကာလမှစ၍ ဘုရားအလောင်း မင်းတရားသည် မိမိနေပြည်တော် ဗာရာဏသီမြို့၌ မင်းစည်းစိမ်ကို ခံစားကာ အသက်ရှည်သမျှတည်၍ နတ်ရွာစံသောအခါ နတ်ပြည်၌ ဖြစ်လေ၏၊ လူအပေါင်းတို့သည်လည်း ဘုရားအလောင်း၏ ကောင်းကြောင်းလုံးပြ ဆုံးမ ဩဝါဒ၌တည်၍ သေလွန်သောအခါ နတ်ပြည်၌ ဖြစ်ကြကုန်၏၊ မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်၍ ဇာတ်ကို ဤသို့ ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခန်း

ထိုအခါ သိကြားမင်းသည် ယခုအခါ အနုရုဒ္ဓါ၊ ဖခင်သည် သုဒ္ဓေါဒနာ၊ မယ်တော်သည် မဟာမာယာ၊ ကြွင်းပရိသတ်သည် ဘုရားပရိသတ်၊ သုဝဏ္ဏကုမာရမင်းသည် ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

သုဝဏ္ဏကုမာရဇာတ် ပြီး၏။

# ၄၁-ဗြဟ္မကုမာရဇာတ်

စေတီယောင်းထက်၊ မြက်ကိုသုတ်သင်၊ အစဉ် ဆိမ်း၊ ထူပြီး
တံခွန်၊ အလှူမွန်၊ ကျိုးလွန် ကြီးမြတ်စွာ။

ဣမိနာပုညကမ္မေန-အစရှိသော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မိမိ၏ရှေးက ပြုကျင့်ခဲ့သောအမှုကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းအပေါင်းတို့သည် တရားသဘင်၌ စည်းဝေး၍ အချင်းချင်း စကားဖြစ်စေသည်ကား ငါ့ရှင်တို့- ငါတို့၏ ဘုရားမြတ်စွာသည် အလွန်တရော တန်ခိုးအာနုဘော်ရှိပေ၏၊ မိမိ၏ခြောက်သွယ်သောရောင်ခြည်ဖြင့် အလုံးစုံသော လောကဓာတ်ကို အရောင်အလင်း အဆောင်ခွင်းအောင် ဆောင်ကျင်း နိုင်ပါပေ၏၊ အလွန်တရော အံ့သြဘွယ် ရှိပါပေစွ။

ထိုမြတ်ဘုရားသည်ရှေးအခါက ဘယ်လိုကောင်းမှုကိုပြု၍ ယခုဤလို နတ်လူများထက်ပိုသော ရောင်ခြည်ခြောက်ဖြာ ထွန်းလင်းပါသနည်းဟု စကားကို ဖြစ်စေကုန်၏၊ မြတ်ဘုရားသည် နတ်နားဖြင့် ပြတ်သားစွာ ဂန္ဓကုဋီမှ ထို ရဟန်းတို့၏ ပြောစကားကြားတော်မူ၍ တရားသဘင်သို့ ကြွလာတော်မူကာ ခင်းထားအပ်သော မြတ်သောဘုရားနေရာ၌ ထိုင်တော်မူပြီးလျှင် "အဘယ် စကားဖြင့် ချစ်သားတို့- ယခုစည်းဝေးမှုကို ပြုကြသနည်း" ဟုမေးတော်မူလျှင် ဤမည်သောစကားဖြင့် စည်းဝေးကြ ပါကုန်သည်ဘုရားဟု လျှောက်ကြား လေသော်၊ ချစ်သားတို့- ယခုအခါ ငါဘုရားသည် သဗ္ဗညုဘုရားဖြစ်၍ ဤကဲ့သို့ ခြောက်သွယ်ရောင်ခြည် ပြောင်ကြည်ကွလင်း ရွှေအဆင်းရှိသည်ကား အံ့သြဘွယ်ရာမဟုတ်၊ ငါဘုရားသည် အတိတ်အခါ သံသရာခရီးသည် ဘုရား အလောင်းတော်အဖြစ်မှာဘည်လျက် ထိုဤချုံနွယ် ဖုံးကွယ်ကာတောအလယ်၌ ဆူးနွယ်သစ်မြက် တက်လျက်ပွေလီ စေတီယောင်းဟာကို တွေ့၍ ထိုစေတီကို ရှင်းလင်းသုတ်ထွင် သုတ်သင်သန့်ရှင်း စေပြီးလျှင် ဆိမ်းပူဇော်၍ အထူးထူး အပြားပြား များမြတ်သောကုသိုလ်ကို ပြုခဲ့ပေ၏၊ ထိုကောင်းမှုကြောင့် ယခု အခါငါဘုရားသည် ခြောက်ပါးရောင်ခြည် ပြောင်ကြည်ထွန်းပ ရွှေအဆင်း ရှိရပေသည်ဟု ဟောတော်မူပြီး၍ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ချစ်သားရဟန်းတို့· အတိတ်အခါနက ပာရာဏသီမြို့၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် တခုသော ဆင်းရဲသောအမျိုး၌ ဖြစ်၏၊ တရားသဖြင့်အသက်မွေး၏၊ ကောင်းမှုဖြင့် ကြောင်းပြုမှီခို ကြည်ညိုသော စိတ်လည်းရှိ၏၊ တနေ့သ၌ ဘုရားအလောင်းသည် မိမိ၏ပဲနှပ်နှင့် ပေါက်ဆိန်ကိုယူလျက် ဟာစုံတခုပြုဘွယ်ကိစ္စဖြင့် တောသို့သွားလေသည်၊ တောအလယ်၌ ဆူးနွယ်မြက်ပင်တို့ဖြင့် ရစ်ပတ်ဖုံးလွှမ်းနေသော စေတီဟောင်း တဆူကို တွေ့လေ၏၊ မိမိ၏ကိစ္စကို တဆိတ်မျှဘေးဖယ်ရှား၍ ကုသိုလ်ရလိုသော စိတ်ထားဖြင့် စေတီဟောင်း၌ ဝက်ရောက်နေသောနွယ်များ ဆူးမြက်များကို ဖြတ်တောက်ကာ ဝါနွယ်စသည်တို့ကို တနေရာသို့ သယ်မ ဆောင်ယူ၍ မီးရှို့ဖျက်ဆီးပစ်လေသည်၊ စေတီတော်ယင်ပြင်၌ မြေညီအောင်ပြု၍ မြစ်တခုမှသဲစုကိုယူဆောင်ကာ ဖြန့်ခင်းလေသည်၊ ထိုဘုရားအဟောင်းစေတီတော်ကိုပန်းအမျိုးမျိုးတို့ဖြင့် ချီးပူပူဇော်လျက် လက်ကျော်ရစ် ဟည့်ပြီးရှိခိုးကာ ဆုတောင်းလေသည်။

ကုမ္ဘနာပုညကမ္မေန၊ ပုဗ္ဗေ ဟောမိ အနာဂတေ။
သံသာရေ သံသရန္တောဟံ၊ မာဒလိဒ္ဒေါ ဘဝါဘဝေ။

ကုမ္ဘနာပုညကမ္မေန၊ စေတီဟောင်း၌ မြက်ပေါင်းခုတ်တွင် သုတ်သင်ပေါင်းလုပ်ကောင်းမှုကြောင့်။ အနာဂတေ၊ ဖြစ်လတ္တံ့သံသရာ နောင်သောအခါ၌။ ပုဗ္ဗေ၊ သစ္စာလေးပါး အရေးထားသည့် ပါရားသိမြင် ဘုရားရှင်သည်။ ဟောမိ၊ ကုသိုလ်ကံအကြောင်းသစ်၍ ဖြစ်ရပါစေသား အရှင်ဘုရား။ အဟံ၊ လက်လုပ်လက်စား ဆင်းရဲသားဖြစ်သော ကျွန်ုပ်သည်။ သံသာရေ၊ သံသရာမပြီးခင် ခန္ဓာခရီးစဉ်၌။ သံသရန္တော၊ အစဉ်မပြတ် ကျင်လည်ရသည်ရှိသော်။ ဘဝါဘဝေ၊ ယက်အောက်ဆိုတုံ လွှာစုံအာဝ ဘဝငယ်ကြီး အသီးသီး၌။ ဒလိဒ္ဒေါ၊ ပစ္စည်းဥစ္စာ မွဲပြာလွန်ကဲ ဆင်းရဲသောသူသည်။ မာဟောမိ၊ မဖြစ်ရပါစေသား အရှင်မြတ်ကြီးဘုရား။

ကောင်းမှုကုသိုလ် တောင်းဆု ဆိုပြီးလျှင် လေချိုဖြန်း နေညိုသန်းတဲ့ ညချမ်းအချိန်မှာ မြို့ပာရာပြေး ဈေးတခုမှာ ပုဆိုးဘထည်ရောင်း တမျိုးတလီ ကောင်းဘို့ ရောင်းရငွေဖြင့် နှမ်းဆီနှင့် မုံညင်းဆီကိုဝယ် ခွက်ငယ်ကလေးနှင့် အသာထည့် ရရှိတော့မြို့မှထွက် တောဘက်သို့ဝင် သုတ်သင်ထားတဲ့ စေတီယင်ပြင်မှာ ရပ်ခွင်ရှစ်မည် ပတ်ပတ်လည် ဆီကြည် မီးထွန်းလှူ၍ ဆုယူပြန်သည်ကား -

ဆီမီးတော်ဒါနကြောင့် လာဘဝ နာဂတော၊ သဗ္ဗညုဏ်ရပြန်ငြား ဘုရားဖြစ်စေ၊ သုံးလောကဘုံတွေ ကြုံသလေလူများ၊ စေတီတော် မျိုးဒါန ကိုးကြစေသား။

ဘုရားအလောင်းသည် ကောင်းစွာခုတ်ထွင် သုတ်သင်ထားသော စေတီယင်ပြင်၌တည်လျက် ရှင်ကြည်သောမနည်းတောမသတ်ဇောဟုန်ဖြင့် အပေါ်ခြုံပုဆိုးကိုဖြုတ် တံခွန်လုပ်တိုင်ထူ ဂနိုင်ငူမှာ ပြိုင်သူမပေါ် တကိုယ်တည်းပူဇော်၍ ယူမြော်သောဆုသည်ကား —

စေတီမူ ပြုငှာစွဖြင့် လှူဒါနတံခွန်၊ နောင်အခါ လူ့ရွာနှင့် သုဂတာနတ်ပြည်ရပ် ဖြစ်လတ်အမွန်၊ ချမ်းသာကလွန် အခြံအရံကများ၊ရငြားပါစေညွှန်း ထွန်းမဲ့ဘုရား။

ဤသို့ဆုတောင်း အမှုကောင်းကိုပြု၍ ကုသိုလ်စု၌ မရောင့်ရဲအစွဲဟိတ်ပြဖြင့် ပုညစိတ္တဟူသောအမည်ရကာ ထင်ရှားလေသည်၊ ပုညစိတ္တ မည်နာမသည်ကား ဘဝသက်ဆုံးတိုင် တည်လေသည်၊ အသက်သေသော် ဟာသ်တာ နတ်ပြည်၌ နတ်သားဖြစ်လေသည်၊ ထိုအကြောင်းကိုပြလိုသော မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

ထိုအခါ ပုညစိတ္တအမည်ရသောသူသည် သက်မူရှည်သမျှ လူ့ဘဝမှာ တည်၍ လူ့ပြည်မှသေလွန်သော် တံခွန်အစ ဒါန အမျိုးမျိုးကြောင့် တုသိတာမှာ နတ်သားဖြစ်ရလေ၏။

ဗိမာန်ယျှင်အမြတ်စား၊ပတ္တမြားကမြတ်ပလ္လင်၊တိုင်စွန်းတွင်လည်း ပတ္တမြား၊နီရောင်ကြွား၍ လူ့ပြည်သား မမြင်ဘူး ထူးမြတ်သော နတ်စည်းစိမ်ကိုခံစားရလေသည်။

တုသိတာနတ်ပြည်မှာ ထိုဗိမာန်သည်ကား အပြည့်အလျှံ စိတ်ပျော်မွေ့ရန် ဖန်ထားသော ကသံဆိုသံ တီးမှုတ်သံ နတ်သမီးအခြွေအရံတို့ဖြင့် ဝေလျှံလျက် ရှိပေ၏။

ထိုပတ္တမြားဗိမာန်သည်ကား စားသောက်ဖွယ်ရာ အပြာပြာနှင့် တကွ ပန်းလှပန်းနွယ်ပန်းကြယ် ပန်းဂမုန်း နန်းလုံးသဇင် ရောင်ရှင်ထွေပြားပန်းအစားစားနှင့် သီးကားချိုမြက် ခက်ရွက်ဝေစီ ရာသီအလိုက် နှစ်ခြိုက်ဖွယ်လျှင် အပင်အမျိုးမျိုးတို့ဖြင့် အစဉ်စိုးမိုး ဖုံးလွှမ်းသော ရေကန်ဥယျာဉ်လည်း ရှိပေ၏။

ထိုစေတီဟောင်းကို မြက်ပေါင်းသုတ်သင် ခုတ်ထွင်ရှင်းလင်း ကောင်းမှုတသင်းကြောင့် ယမင်းအသားဝါ ဒေဝစ္ဆရာဆို နတ်ကညာပျိုတို့ဖြင့် ချီချီနွတ်သွေး လုပ်ကျွေးရံကာ နတ်စည်းစိမ် အဖြာဖြာကိုလည်း ခံစားရပေ၏။

အပြုအနီ အကြောင်အကျား အသားနှင့်လိုက် အသွားနှင့်ကိုက် အများ နှစ်ခိုက်အောင် ခေတ်ကြိုက်ဘယက် အလယ်ခွက်က ဥဒေါင်း ဘေးစောင်းကခြူးနွယ်ရံ သဏ္ဍာန်ရုပ်ပေမဲ့ ဟန်ပန်လုပ်နေသည်ကား တကဲ့သက်ရှိ မျက်စိကကစား မော့ကြည့်လို့ သွားမဲ့အနေ ခြေလက်တွေ တကြွကြွ ကျနစွာ ဆန်းကြယ်ကိုယ်ဝယ်စဥ်တန်းလျက် ဆင်မြန်းထားသော နတ်သမီး ကညာတို့သည် ကပ်ပြီးကာ မခို့တရို့ ကြို့ရယ်မှုယာ ပြုံးရွှင်သောအပြုံး နှလုံးကိုထိသောအကြည့် ရိတိတိလုပ်သော အပြောအသံပို မွှေးပိုသောအနံ့ သင်ပျံ့ကြိုင်လှိုင် ကာမဂုဏ် အာရုံစိုင်တို့ဖြင့် အပိုင်ကိုယ်တော် မမေ့အောင် ပြေပျော်ပေကုန်၏။

ယိုသူသည် အကသယ် အဆိုသယ် အပျို့ရွယ် နတ်ကညာတို့နှင့် အတူပေပ်ကာယှဥ်ပူးလျက် ကျွန်မြူးစရာ တူပုံယာသံစုံတို့က ငါးဟုန်ရှင်ကိုခြောက်ချင်အောင် မြှောက်တင်ပေးလေသည်။

ယိုပိမာန်ရှင်သည် နတ်ပြည်တွင်ဖြစ်သော စည်းစိမ်ချမ်းသာကို ခံစားလျက် ကံတရားပျက်အတိုင်း ဟည်နေလေသည်။

ဘုရားအလောင်းသည် နတ်လောကမှ စုတေ၍ လူ့ပြည် ဗာရာဏသီမြို့ ဗြဟ္မဒတ်မင်းကြီး၏ ပောင်ညာစံဒေဝီ မဟေသီ၏ ဝမ်းကြာတိုက်၌ ကိန်းပိုက်သန္ဓေ ဟည်နေလေသည်၊ ဘုရားအလောင်း ဖွားသန့်စင်သော အခါမှစ၍ ဇမ္ဗူဒိပ မှတ်ရသပြေ ကျွန်းနေမင်းအများ တရာ့တပါးတို့သည် ပြည်ဖြစ် လက်ဆောင်များကို ပာပျားဖသိမင်းတရားထံ ဆက်သလာကြကုန်၏။

ဘုရားအလောင်း မင်းသား နှင်းထားခါမှ နာမည်ယူပြည့်နေ့၌ ကျမ်းမွေ့လိုက်စား ပုဏ္ဏားတော်တို့ကို ပင့်ခေါ်ကာစုရုံး၍ ထားလေသည်၊ ဗြဟ္မဒတ်မင်းတရား အစထား အများပြည်သူတို့သည် ရည်တူ မှတ်ထားလျက် ဗြဟ္မကုမာရမင်းသားဟု အပည်မှည့်ကြကုန်၏။

မင်းသားသည် အစဥ်အားဖြင့် ကြီးမြောက်၍ တဆဲ့ခြောက်နှစ်အရွယ်သို့ ရောက်သော် ပညာဉာဏ်ရှိ၏၊ လူထုအား အတ္ထဓမ္မ ကျိုးကြောင်းပြ၍ ဆုံးမသွန်သင်၏၊ မင်းကြီးသည် သားတော်ဗြဟ္မကုမာရအား မယားအတွက် စကားဆက်၍ အနီးအနားပြည်ဘက်မင်းများမှ ယမင်းဖျားပျိုကညာလှခေါင်ချင်းကို

ဆောင်နှင်းပေးလေသည်၊ မင်းပျိုကညာသည် လိုအပ်ရာလက္ခဏာနှင့် ပြည့်စုံ၏၊ အကျင့်ကောင်း၏၊ အပြောချိုစွာ၊ နှုတ်လှာနီတွေး ဆုန်းမှုန့်ဖြင့် ရေးထားသကဲ့သို့ ဖြစ်၏။

မင်းကြီးသည် သားတော်အား ဗာရာဏသီမင်းအဖြစ်ကို အပ်နှင်း၍ ပြတ်ကင်းသော မင်းရေးဖြင့် အေးအေးလူလူ စံနေတော်မူ၏၊ မင်းသားသည် ဗာရာဏသီ ပြည်သူပြည်သားများကို တရားနှင့်အညီ အုပ်ချုပ်လျက် မင်းလုပ်လေသည်။

ဗိုလ်လူအများ၊ ငါ့စကား၊ ထောင်နားစိုက်ကြကုန်၊ သိလပဲ့ငြား စိတ်ထားယုတ်မာ လူ့ဗာလာကို အခါခပ်သိမ်း ဝေးစွာတိမ်း၊ မယိမ်းရှောင်ကြဉ်ကြ။

မိတ်ဆွေမကောင်း၊ မပူးပေါင်းနှင့်၊ တရားမဲ့လတ်၊ မဆည်းကပ်နှင့်၊ မိတ်ဆွေကောင်းသာ၊ ပေါင်းသင်းပါ၊ စိတ်ထားမြတ်သော့၊ ဆည်းကပ်လေ။

သူတော်ကောင်း ပေါင်းသင်းပါ၊ သူတော်ကောင်းနှင့်ပေါင်းသင်းခါ သိပါတရား၊ မြတ်မဲ့လူသား။

မိမိအောက်မူ၊ နိမ့်ကျသူနှင့်၊ ထိုသူဆင်းရဲ၊ မညှဉ်းဆဲ၊ အမြဲရှောင်ပါကုန်၊ သူတို့နေရာ၊ မြို့ရွာနယ်ပယ်၊ အသွယ်သွယ်ကို နိုင်တယ်ကလူ၊ မပြုမူ၊ ကြည်ဖြူစေပါကုန်၊ အကယ်၍သာ၊ ပြုမူပါက၊ လေးရွာအပါယ်၊ လူ့နယ်လူ့ရွာ၊ အဖြာဖြာ၊ ဒုက္ခာတွေ့လေကုန်။

ထိုအချိန်၌ ဇမ္ဗူဒိပကျွန်းသား တရာ့တပါးသော မင်းတို့သည် မိမိတို့ နိုင်ငံများမှ လာရောက်၍ ပူဇော်ဘွယ်ရာ ဘဏ္ဍာအထူးတို့ဖြင့် ဗာရာဏသီပြည့်ရှင် ဘုရင်ဗြဟ္မကုမာရ မင်းသားအား ပူဇော်လျက် အဘိသိက် သွန်းလောင်းကြကုန်၏၊ ထိုအကြောင်းကို ဘုရားရှင် မိန့်ကြားတော်မူသည်ကား-

ထို့နောက်အဖြာဖြာဇမ္ဗူဒိပ်ကျွန်း၊ တင့်ထွန်းတဲ့မင်းရာဇာ၊ တရာ့တပါး အခြံအရံများနှင့်လာ၊ ဗာရာဏသီ၊ နေပြည်မဟာ၊ နေကြီးပမာ၊ ရောင်ဝါသစ် ဖြစ်တော့လေသည်သာ။

သဘောဆန္ဒ၊ မှန်ပညီညာ၊ ပစ္စည်းမျိုးအဖြာဖြာ ယူလာကာ၊ ဗြဟ္မကုမာရ ဗာရာဏ မင်းရာဇာ၊ ဘိသိက်နှင်းလို့ ကောင်းခြင်းအောင် သြဘာ။

ဘုရားတပါး မင်းရာဇာ၊ အဘိသိက်နှင်း သွင်းတဲ့ခါရပါ၊ ဗြဟ္မကုမာရ ဗာရာဏသီဘုရင်မှာ၊ ဥစ္စာဝေလျှံ ခြွေရံတွေပေါ၊ ကျော်စောပြေတိုင်း သာ ဖြစ်တော့လေသည်သာ။

ပင်းပင်းတွေရှိခဲ့တဲ့ ဗာရာဏသီပြည်ကြီးရှင်၊ နတ်ဘုရင် ပုံသွင်လေမခြား၊ ပြည်ရှင်တွေ ရှိသေပေး ငြမြလူသား။

အခြွေအရံ ဝေလျှံ၊ ဗာရာဏသီပြည်ကြီးရှင်၊ ပြေတော်ကိုဝင်၊ ဘုရင် တွေ့ပြောက်ပြား၊ ပြာသာဒ်တော်ရွှေဘုံပြင့်မှာ ဂုဏ်သာင့်ခံစား။

ထိုအခါ ဗိုလ်ရာဇာအများပို့၊ လှကြွားတဲ့ ပျိုဇင်မေ၊ နှင်းဆက်ကြပေ၊ ကောင်းပျိုးပဲ့တွေ၊ နှောင်းကြိုးလေ ပြည်း၊ ပဒိုးဂီတ်တွန်ပြု ကောင်းမှု အကူး။

လူအများတွေက၊ ပင်းဘုရားကဲ့ပရာကို၊ တံခွန်တလူလူနှင့်၊ မြတ်ယိမ်းဖြူ ရုပ်ပြင်နိုက်၊ ဖိုက်ထူလိုက်၊ မြက်ကုသိုလ်၊ ဘာကိုတဲ့ပေး၊ ပုဆိုးတံခွန်ထူ လှုခဲ့တယ်လေး။

ပုဆိုးတူ တံခွန်လှူကျိုးပ၊ တန်ခိုးကကြီးကျယ်၊ ရတနာကုံလုံင၊ ပြည့်စုံ လှကယ်၊ ရွှေဒက်ကြီးကတသွယ်၊ ပြည်နယ်စုဘုရား၊ ဗာရာခေါ်ရွှေပြည် ကြီး၊ စည်ယိမ်းကကြွား။

ထိုဗြဟ္မကုမာရမင်းသည် မင်းတကာတို့ထက် မြတ်သော မင်းတည်း၊ သတ္တမျိုးတို့ကို ချမ်းသာသုခ ပေးတတ်၏၊ ကိုးစားရာလည်း ဖြစ်၏၊ လည်းလျှောင်းရာလည်းဖြစ်၏၊ ဤသို့ဖြစ်ရခြင်းသည်ကား တံခွန်ဒါန ကြောင့်ဖြစ်၏။

ပညာဉာဏ်လှန့်ကောင်း၍၊ ကျိုးကြောင်းဥ္စလိမ်မာ၊ ရှိရင့်လိုတည်ကြည် ပါ၊ ပဒီပါအကျိုး၊ ကံကုသိုလ်အကဲ့ခတ် မြဲပုဒ်လိုကိုး။

အခြွေအရံတွေပြား၊ တန်ခိုးအားဉာဏ်ဂုဏ်၊ မျက်စိစုံ ကြည်လင်ပုံထူး ခြား၊ ဤကျိုးလည်း ထို့အတူ၊ ဆီမီးလှူ မြတ်ကဲ့တရား။

ပင်းပရိသတ်နှင့်၊ အရပ်ကဲ့ထိုထို၊ ကြူပြန့်သော်ဘေးရန်ရှင်း၊ လင်းပြ ကုသိုလ်၊ စေတီဟောင်းအား၊ ပေါင်းရှင်းငြား၊ မှတ်သားအကျိုးဆုံ။

လူအများ ထန္ဒထားတူစွာ၊ လမ်းကိုရှင်း သဲခင်းဖြန့်ကာကြဲ၊ မြဲမင်္ဂလာ၊ စေတီဟောင်းအား၊ ပေါင်းရှင်းငြား၊ မှတ်သားအကျိုးပါ။

ကောင်းမှုလိုလားတဲ့၊ လူအများတတွေ၊ ဘေးမခံ၊ ရန်မနှောင်၊ ဝပြော သာယာဘို့၊ ထိုရာဇာ ရှည်ကြာထောင့်၊ စောင့်ရှောက်ပလေ၊ စေတီ ဟောင်းအား၊ ပေါင်းရှင်းငြား၊ မှတ်သားအကျိုးပေ။

ထို့ကြောင့်ပညာရှင်၊မိမိချမ်းသာ၊ ကောင်းစွာရှုမြင်၊ ညဥ့်နေ့မကွာ၊ ရတနာသုံးအင်၊ ယူမျှော်ဆ၊ ပူဇော်ကြ၊ သူတော်ပြ၊ ဝမ္မ ကျောက်မျက်ရှင်။

မပျင်းမပေ့၊ ညဥ့်နေ့ကုန်ပါ၊ သုံးဖြာရတနာ၊ စွမ်းအားရှိသလောက်၊ ဝပ်းမြောက်ဝပ်းသာ၊ စေတနာဝေဖြာလျှ၊ ဆိမ်းပူဇော်ပါ။

ယိုသူတွေကား၊ သက်ရှေချမ်းသာ၊ လူနတ်ပြဟ္မာ၊ ဘုံ၌သာ၊ တန်ခိုးကြီးလို့၊ ကျိုးသီးဝေဖြာ၊ ဆိမီးဒါန၊ အကျိုးပြ၊ မှတ်ကြလူတွေမှာ။

လောကမှာဖြစ်လာ၊ ပညာမျက်စိ၊ အလင်းရှိကာ၊ ဘေးကင်းစွာ၊ အေးခြင်းဖြာ၊ သိမီးဒါန၊ မှတ်ကြလူတွေမှာ။အချိုးမြတ်စွာ၊ တန်ခိုးလျှပ်ပါ၊ ရောဂါကင်း၊ လှူခြင်းသိမ်းဝါ။

လောက၌ဖြစ်လာ ဆွေမျိုးတသင်းမှာ၊ နေမျိုးမင်းပမာ၊ ဥစ္စာပွား၊ လှူငြား သိမီးပါ။

မင်္ဂိုလ်နိဗ္ဗာန်၊ စိဋ္ဌာန်စိတ်ကြံတိုင်းသာ၊ လာမပြတ် ဒါပရုပ် အနာဂတ်ချိန်မှာ၊ ဆိမီးဒါနကြောင့် မုချရမည်သာ။

ဤကဲ့သို့ကျိုးမြင် သုံးအင်ရတနာ သဒ္ဓါသီးဖြင့် ဆိမီးလှူကြပါ၊ ပန်းပမာ အဆန်းဖြာ လုပ်၍လှူသူမှာ ချမ်းသာမျိုး တိုးပည်ကောန်ပါ။

ထိုကြောင့်ပညာရှင် လောကတွင်ဝယ် ခေါင်တင်သုခ ဘုပန်သလို သုံးဝရတနာ ရှိသေစွာလျှင် ရောင်ဖြာဆိမီး၊ ထွန်းရောင်ညီး၊ လှူကြီး လှူရာပင်။

ထိုအချိန်အခါ၌ ပြဟ္မကုမာရမင်းကြီးသည် ဓည်းစိပ်ဝေလျှ ခြံရံပေါ်များလျက် ဗာရာဏသီနေ ပြည်သူတို့အား တရားနှင့်အညီ ပင်းပြုလျက် ဒါနဝတ္ထုကို ပေးလှူလေသည်၊ လှူပြီးဒါန နိစ္စဝလေ့ ကြံအောက်မေ့လျက် နှစ်သက်ရွှန်းအံ့ ပီတိဖြစ်လေသည်။

ထို့နောက်ကာလ ပြဟ္မကုမာရမင်းကြီးသည် ပီတိပြည့်လျှံကာ သဒ္ဓါ တရားဖြင့် ဒါနများကိုပြုကာ အခါခါ အောက်မေ့နေလေသည်။

လူတို့၏အရှင်ဖြစ်ကာ ထိုမင်းကြီးသည် နှစ်သက်ခြင်းပီတိဖြင့် လူအများတို့အား အလှူကြီးပေးလှူလျက် ထိုအလှူကို အမြဲတစေ သတိရနေလေသည်။

ငါ၏ဒါနအကျိုးကား ပရေတွက်နိုင်သော ချမ်းသာမျိုးရှိပေ၏၊ဘေး မခံရန်မနှော ဖြစ်သောဘဝ ရှင်ပြကုံလို ပြည့်စုံပေ၏။

လောကဌ ဒါနဟူသည်မှာ သတ္တဝါအားလုံးတို့၏ တည်ရာ၊ ဥစ္စာကို
ပေးလှူတဲ့ ပညာရှင်မှာ၊ ချမ်းသာကို အမြဲတမ်း ရမည်သာ။
ထို့ကြောင့်သာ ငါမင်းမြတ်သည်၊ ပစ္စည်းဥစ္စာကို သဒ္ဓါတရားဖြင့်
အများလှူသည်၊ လူပြည်ရော နတ်ပြည်ပါ၊ ဖြစ်သမျှနေရာ ချမ်းသာမျိုး
ပွားတိုးလေမည်သာ။
လူထုကို လှူပူတဲ့အထွေထွေ၊ ကောင်းမှုက် စိတ်ကြည်ရောက် ဝမ်းမြောက်
သလေ၊ မိမိတို့ပြည်စည်းစိမ်လျှံ ခြံရံပေါ တကြောချမ်းသာဆင့် မြင့်
ဝေါင်ထိပ်ပေ၊ အလှူဒါန ဟူသမျှ လှူကြပါစို့လေ။

ဤကဲ့သို့မိမိ၏ဒါနဝတ္ထုကို အောက်မေ့၍ လူအများကိုအား ဩဝါဒပေး
လေသည်။

ပေလာဘောနေ့ရင္တေနာဟံ၊ သမ္ပန္နေးပို ပုဗ္ဗဒါနာ။
တထာ ကုမ္မေ အပ္ပမတ္တာ၊ ဒါနံဒေထ စ ဘဝ္ဘာ ါ။

ဘောနေ့၊ တိုင်းကားပြည်သူ သိုလူအပေါင်းတို့။ အဟံ၊ ဗာရာဏသီ
ရွှေပြည်သခင် ငါဘုရင်သည်။ ပုဗ္ဗဒါနာ၊ ရှေးဘဝတွေက အရေးလှလှ
ဒါနမှုကို ပြုခဲ့လေသောကြောင့်။ ရဋ္ဌေန၊ ဇမ္ဗူဒိပ်ကျွန်း မည်ဝိတ်ထွန်း
လျက် ငြိးမွမ်းအံ့အား မင်းတရားတို့ ထိပ်ထားခေါင်ထိး မင်းစည်းစိမ်ကြီး
နှင့်။ သမ္ပန္နော၊ ဘေးလည်းမတွယ် ရန်စွယ်မလှို ပြည့်စုံရသည်။အမှိယထာ၊
အမှန်စင်စစ် ဖြစ်လေသကဲ့သို့။ တထာ၊ ထိုနည်းထားယူ အလားတူသာလျှင်။
တုမှေ၊ တိုင်းသူပြည်သား သင်လူအများတို့သည်။ အပ္ပမတ္တာ၊ မျက်မှောက်
ယင်ထင် အမြင်အတွေ့ဖြင့် မနေပဲလျော့ကြကုန်သည်ဖြစ်၍။ သဗ္ဗဒါ၊ အခါ
ခပ်သိမ်း။ ဒါနံ၊ ဒါနလိုရာ ဝတ္ထုပျိုးသယ်ပြာကို။ ဒေထ၊ လူနတ်နိဗ္ဗာန်
စိတ်ကြံရည်မှန်း၍ လှူဒါန်းကြကုန်ရာသတည်း။

သဒ္ဓါတရား၊ အပြည့်ထား၍၊ စွမ်းအားတမူ၊ လှူသည်သူကား၊ လူပြည်
နတ်ရပ်၊ ချိုးကာကပ်သော်၊ အပြတ်ချမ်းသာ၊ ချမ်းလျှမ်းဖြာ
သည်၊ ဒါနအယ်မျိုး အကျိုးတည်း။

ထိုအချိန်ကာလမှစ၍ ဘုရားအလောင်းမင်းတရား၏ ဩဝါဒဌ တည်ကာ
လူများစွာပို့သည် ဒါနစသော ကောင်းမှုပို့ကို ပြုလျက် အသက်ရှည်သမျှ
တည်ကာ သေလွန်သောအခါဌ နတ်ရွာဌ ဖြစ်ကြကုန်၏၊ ဘုရားအလောင်း
မင်းတရားသည် မိမိ၏နေပြည်တော် ဗာရာဏသီမြို့ဌ မင်းစည်းစိမ်ကို ခံစား
ကာ ဒါနစသော ကောင်းမှုတို့ကို ပြုလျက် အသက်ရှည်သမျှတည်ကာ နတ်ရွာ
စံလွန်သောအခါဌ တုသိတာနတ်ပြည်မှာ ဖြစ်ရလေသည်၊ ဤသို့လျှင် မြတ်စွာ

ဘုရားသည် ဇေတဝန်ကျောင်းတော်၌ စည်းဝေးမိကြသော ရဟန်းတို့အား ဤဇာတ်ဒေသနာကို ဟောကြားပြီးဆုံးစေ၍ သစ္စာလေးပါး တရားကို ဆက်လက် ဟောကြားတော်မူလေသည်။

သစ္စာလေးပါး တရားဒေသနာတော် အဆုံးမှာ အချို့သော ရဟန်းတို့သည် သောတာပတ္တိဖိုလ်သို့၊ အချို့သော ရဟန်းတို့သည် သကဒါဂါမိဖိုလ်သို့၊ အချို့သော ရဟန်းတို့သည် အနာဂါမိဖိုလ်သို့၊ အချို့သော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။

မြတ်စွာဘုရား၏ သစ္စာလေးပါး တရားဒေသနာတော်သည် လူနတ်တို့အား လောကီလောကုတ္တရာ စည်းစိမ်ချမ်းသာကို ပေးတတ်သည်ဖြစ်၍ အကျိုးရှိသည်သာတည်း။

မြတ်စွာဘုရားသည် သံသရာခရီးသည် ထိုဤဘဝ လှည့်လည်ရစဉ် ပုထုဇဉ်သမယ နှစ်ဥကာလက ဒါနပြုခဲ့ပုံကို အစုံအလင် ခုံတင်သက်သေ မြွက်ခြွေတော်မူပြီးလျှင် ဇာတ်ကို ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုစဉ်အခါက မင်းသား မယ်တော်သည် ယခုအခါ မဟာမာယာ၊ ဘခမည်းတော်သည် သုဒ္ဓေါဒန၊ မိဖုရားသည် ယသောဓရာ၊ အပတ်စသော ပရာဏသီ တိုင်းသူပြည်သားတို့သည် ဘုရားပရိသတ်၊ ထိုစဉ်က ဗြဟ္မကုမာရမင်းတရားသည် ယခုအခါ ငါဘုရားဖြစ်ပေ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဗြဟ္မကုမာရဇာတ် ပြီး၏။

# ၄၂—သုစိတာပသဇာတ်

ပြဿနာလေးချက်၊ ပြေမှန်ထွက်သော်၊ ကျီးငှက်ကြီးရယ်၊ အပြီးငါ့ကို၊ သင်ဝါးမျိုလော့၊ ဤလိုစွမ်းအား၊ မရှိငြားဘဲ၊ ဝါးလေတုံ ရှောင်း၊ သင့်ဥကွောင်းသည်၊ ကွဲကြောင်းခုနစ်စိတ်တည်း။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းမှာ အာနန္ဒာသြဝါဒကို နေတော်မူတုန်း ပြုံးတော်မူသည်၊ မြတ်စွာဘုရား၏ အနားတွင် ရှင်အာနန္ဒာသည် ထိုင်နေလျက် မြတ်စွာဘုရားတို့မည်သည် အကြောင်းမဲ့ပြုံးတော်မူမြဲ မရှိပေ၊ အကြောင်း ရှိမှသာ ပြုံးတော်မူမြဲ ဖြစ်သည်။

ယခု ပြုံးတော်မူခြင်း၏ အကြောင်းကို ရှင်အာနန္ဒာသည် အဘယ့် ကြောင့် ပြုံးတော်မူပါသနည်း မြတ်စွာဘုရားဟု မေးလျှောက်လေသည်၊ အာနန္ဒာ မည်သည့်အကြောင်းကြောင့်ပါ ဤနေရာသို့ ရောက်လာလိမ့်မည်၊ သင်သည် ခဏလင့်ဦးလောဟု မိန့်တော်မူလေသည်။

အကြောင်း ဖြစ်ပေါ်ခဲ့သည်ကား- ဟိမဝန္တာတောမြေမှာ ကျက်စားနေ သော ကျီးတကောင်သည် တခြားနယ်မြေမှာ မကျက်စားတတ်သဖြင့် ဌာန ဝတ္ထုမှာနား၍ ယနေ့တွက်ရိက္ခာများကို ဘယ်လိုနည်းနဲ့ရမည်လားလို့ စဉ်းစား လျက် နား၍ ဟိုဒီကြည့်ရှုလျက် နေလေသည်၊ ကံအကျိုး ဖြိုးချင်တော့ ထိုနေရာမှာပင် မြေတွားလျက် သွားနေသော ပိုးကောင်ကြီးကို မြင်လေ သည်။

ပဲ့ဘွယ်ပါဟကား-ဤပိုးကောင်သတ္တဝါကြီးသည်ကား ငါသည် ကံကြမှာ လှ၍ ရတဲ့အစာပေတည်း၊ ယခု ငါကံကောင်းသည်ဟု ကြံစည် စိတ်ကူးပြီး ကြည်နူးအရှိန်နဲ့ အချိန်ကိုမလင့်စေပဲ အသင့်ခုန်ဆင်း၍ အို ပိုးကောင်ကြီး ယခုအခါ သင့်ကို ငါစားအံ့ဟု ပြောကြားလေသည်။

ကျီးရဲ့စကား ကြားတော့ ပိုးကောင်ကြီးက ကျီးကိုမျှော်ကြည့်ပြီး ထိုနေ ရာမှာ အသွားရပ်လျက် အကြောင်းကား ဘယ်သို့ ဤကျီးသတ္တဝါ အပြီး သတ်ကာ ယခုငါ့ကို စားမည်ဆိုသည် စားလျှင် ဘယ်ကဲ့သို့ ဖြစ်သွားမည်ဆိုတဲ့ အကြောင်းကို သိပါသလားဟု မေးလေသည်။

ပိုးကောင်ကြီးရဲ့စကားကို ကြားသောအခါ ကျီးကန်းက အိုပိုးကောင်ကြီး- ငါသည် အကြောင်းကို သိပါသည်ဟု ဆို၏။

အိုကျီးကန်း သင်သည် အကြောင်းကို တတ်သိနားလည်သည်ဟု ဆိုပါလျှင် အကျွန်ုပ် သင်အား မေးခွန်းလေးရပ်ကို မေးပါမည်၊ ဤမေးခွန်းလေးခုကို ဖြေနိုင်ပါလျှင် ကျွန်ုပ်ကို အလိုရှိသလို စားပါလော၊ အကယ်၍ မေးခွန်းလေးခုကို မဖြေနိုင်ဘဲ ကျွန်ုပ်ကို သင်စားပါလျှင် သင်၏ဥက္ကောင်းသည် ခုနစ်စိတ် ခုနစ်ဖြာ ကွဲပါလတံ့ဟု ဆိုလေ၏။

ကျီးကန်းက မေးသာမေးပါ ကျွန်ုပ်ဖြေပါအံ့၊ မေးခွင့်ပြုလေလျှင်—

ထိုအခါ ပိုးကောင်ကြီးသည် ကျီးကန်းအား ပဌမပုစ္ဆာကို မေးလေသည်။

မေး (၁) ကြီးမြတ်၏၊ အလွန်ကြီးမြတ်၏၊ ထိုအရာကား အဘယ်ပါနည်း၊ သိလျှင်ဖြေလော ကျီးကန်း။

ဖြေ (၁) ကြီးမြတ်၏၊ အလွန်ကြီးမြတ်၏ ဟူသော သင့်မေးခွန်း၏ အဖြေကား နတ်ဖြစ်ပါ၏-ဟု ကျီးကန်းက ဖြေဆိုလေသည်။

အိုကျီးကန်း- သင်သည် ငါ၏ပဌမပုစ္ဆာကို ပြေလည်အောင် မဖြေနိုင်ပါ၊ အိုကျီးကန်း- ငါ၏ဒုတိယပုစ္ဆာကို ဖြေဆိုဦးလော။

မေး (၂) လျှင်မြန်၏၊ အလွန်လျှင်မြန်၏၊ ထိုအရာကား အဘယ်ပါနည်း-ဟု ပိုးကောင်ကြီးက မေး၏။

ဖြေ (၂) လျှင်မြန်၏၊ အလွန်လျှင်မြန်၏ ဟူသော ဒုတိယမေးခွန်း အဖြေကား မြင်းတို့၏အဟုန်သည် အလွန်လျှင်မြန်ပါ၏။

အိုကျီးကန်း- သင်သည် ဒုတိယပုစ္ဆာကိုလည်း ပြေလည်အောင် မဖြေနိုင်ပါ။

မေး (၃) တတိယ မေးခွန်းကို ဖြေဆိုဦးလော၊ ထက်မြက်၏၊ ဦးချိုကဲ့သို့ ထက်မြက်၏၊ ထိုအရာကား အဘယ်ပါနည်း-ဟု ပိုးကောင်က မေး၏။

ဖြေ (၃) မြွားတို့၏ထိပ်ဖျားသည် ထက်မြက်ပါ၏၊ အလွန်ထက်မြက်ပါ၏-ဟု ကျီးကန်းက ဖြေဆို၏။

အိုကျီးကန်း- သင်သည် တတိယ ပုစ္ဆာကိုလည်း ပြေလည်အောင် မဖြေနိုင်ပါ၊ စတုတ္ထမေးခွန်းကို ဖြေပါဦးလော့။

မေး (၄) ၎မ်းအားပလရှိ၏၊ ကြီးပွားသော ၎မ်းအားဗလ ရှိ၏၊ ထိုအရာကား အဘယ်ပါနည်း-ဟု ပိုးကောင်က မေး၏။

ဖြေ (၄) ပဿနိုးနတ်မင်း၏ ခွန်အားပလဖြစ်ပါ၏-ဟု ကျီးကန်းက ဖြေဆိုလေသည်။

အိုကျီးပျက်- သင်သည် ငါ၏ စတုတ္ထ ပုစ္ဆာကိုလည်း ပြေလည်အောင် မဖြေဆိုနိုင်ပါ။

ဤသို့ပြောကြားပြီးလျှင် အိုကျီးပျက်- ငါမေးသော ပြဿနာလေးချက်တွင် တချက်ကိုမျှလည်း သင်သည် ဖြေဆိုခြင်းငှာမစွမ်းနိုင်ပေ၊ ငါမေးသော ပြဿနာကိုမသိဘဲ ငါ့ကိုစားလျှင် သင်၏ဥကျောင်းသည် ခုနစ်စိတ် ခုနစ်ဖြာ ကွဲလိမ့်မည်။

## ဘုရားထံ ဆောင်ပေတော့ငါ့ကို

ဤလောက၌ ဘုရားမှတပါး အခြားသူသည် ဤပြဿနာလေးချက်ကို ဖြေဆိုခြင်းငှာ မစွမ်းနိုင်ပေ၊ မြတ်စွာဘုရားသည်သာ ဤပြဿနာလေးချက်ကို သိစွမ်းနိုင်ပေသည်။

ထို့ကြောင့် ဟေ့ကျီးပျက်- သင်သည် ငါ့အားစားလိုပါအံ့၊ ယခုငါ့ကို ဘုရားရှင်၏အထံ ဆောင်ယူလေလော၊ ဘုရား သခင်သည် ငါတို့အား ဤမေးခွန်းလေးရပ်ကို ဖြေဆိုပါလိမ့်မည်၊ ထို့နောက် သင်သည် မြတ်စွာဘုရား၏ ရှေ့မှောက်၌ပင် ကျွန်ုပ်အား စားလေလော-ဟု ဆိုလေသည်။

ကျီးကန်းမှာကား ပိုးကောင်ကြီးကိုစားလိုသော လောဘရမက်ထွက်လျက်ရှိ၍ စားရတော့မည်ကေနိဟု ကြံစည်ပြီးလျှင် အိုပိုးကောင်ကြီး- ကျွန်ုပ်သည် ယခုပင် ဘုရားရှင်ထံ အသုံးအဖြတ်ခံရန် လျင်မြန်သောအဟုန်ဖြင့် ပါအားကုန်ပျံ၍ သွားပေအံ့၊ သင်ကား ကျွန်ုပ်နှင့် အတူ ဘုရားမျှင့်ထံ လိုက်ပါနိုင်မည်လောဟု ဆို၏။

ထိုစကားကို ပိုးကောင်ကြီးကြားလျှင် အိုကျီး- သင်သည် ကြိုးသဏ္ဌာန်နွယ်ကြိုးတချောင်းရှာယူလာကာ နွယ်ကြိုးတွင် ကျွန်ုပ်၏ကိုယ်တဝက်ကို ချည်နှောင်၍ နွယ်ကြိုးအဖျားကို နှုတ်သီးဖြင့်ကိုက်လျက် ကောင်းကင် ခရီးဖြင့် ယူဆောင်၍ ဘုရားရှင်ထံ ကျွန်ုပ်အား ခေါ်ဆောင်ပါလောဟု ဆို၏။

ထိုသို့ဆိုသောအခါ ကျီးသည် ပိုးကောင်ကြီးပြောသမျှလုပ်၍ ဘုရားရှင်ထံ ကောင်းကင်ယံဖြင့် သွားကြလေသည်၊ ထိုအခါ၌ မြတ်စွာဘုရားသည် သတ္တလောကကိုကြည့်ရှုဆင်ခြင်တော်မူလေရာ ထိုတိရိစ္ဆာန်နှစ်ကောင်တို့၏ အခြင်းအရာကို မြင်တွေ့တော်မူသဖြင့် ပြုံးတော်မူလေ၏။

ထိုအခိုက်တွင် ရှင်အာနန္ဒာက ဘုရားရှင်အားပြုံးတော်မူသည့် အကြောင်းကိုသိရရန် မေးတော်မူသောအခါ ဘုရားရှင်က ညီတော်အာနန္ဒာ- ဤနေရာ၌ပင် ထူးဆန်းအံ့ဩဘွယ်ကို သင်မြင်ပါလတ့်၊ ခေတ္တမျှ ဆိုင်းငံ့ပါလော-ဟု ရှင်အာနန္ဒာအား မိန့်ကြားတော်မူလေ၏။

ထိုခဏ၌ပင် ကျီးသည် နှုတ်သီးဖြင့် ပိုးကောင်အား ချည်ထားသော နွယ်ကြိုးကိုကိုက်ချိလျက် ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား ရှေ့မှောက်သို့ရောက်လာ၍ ပိုးကောင်အားချည်ထားသောကြိုးကိုဖြေလျက် ဟိရိစ္ဆာန် နှစ်ကောင်သည် ဘုရားရှင်ထံချဉ်းကပ်၍—

## ပိုးကောင်ပြဿနာလေးရပ် ဘုရားပြတ်ဖြေရှင်းပုံ

ဘုန်းတော်ရောင်လူ အောင်လံထူ စံယူဖက်ရှား အရှင်ပြတ်ဘုရား- အရှင်မြတ်ဘုရားသည် အစဉ်မပြတ်အားဖြင့် သတ္တဝါအများတို့ မဟပ်သာအောင် မြတ်တော်မူပါပေ၏၊ လောကအကျိုးကိုလည်း သည်ပိုးဆောင်ရွက်တော် မူပါပေ၏၊ သတ္တဝါအများ လိုလားသော အရေးကိုလည်း ပေးတော်မူတတ်ပါပေ၏၊ ကမ္ဘာတခွင်ဝယ် ယှဉ်ပြိုင်စရာ သွင်တုမပါသော မဟာကရုဏာသခင်လည်း ဖြစ်တော်မူပါပေ၏၊ တပျိုးအားဖြင့် ပိုးကောင်ကြီး၏လည်းလျှောင်းမှီခိုရာလည်း ဖြစ်ပါပေ၏၊ အခါခပ်သိမ်း အေးငြိမ်းချမ်းသာ တပည့်များတို့အား ပေးသနားတော်မူပါဟု ကရုဏာထားလောက်အောင် ကြားလျှောက်လေသည်။

ဤသို့လျှောက်ထားပြီးတော့မှ မြတ်စွာဘုရား ကျီးသည် တပည့်ပိုးအားစားလိုနေပါ၏၊ တပည့်တော်က သင်သည် ကျွန်ုပ်ကိုစားလိုပါလျှင် ပြဿနာလေးခုကို ဖြေဆိုနိုင်ပှစားရမည်၊ ပြဿနာလေးခုကို မဖြေနိုင်ဘဲ စားပါလျှင် သင်၏ဥက္ကောင်းသည် ခုနစ်စိတ်ခွန်ဖြာ ကွဲပါလိမ့်မည်ဟု ဆို၍ ဖြင့် မေးခွန်းလေးရပ်ကိုမေးကာ တခုမျှမဖြေဆိုနိုင်ပါ၊ သို့ဖြစ်ပါ၍ ဤမေးခွန်းလေးရပ်ကို ဖြေဆိုဘို့အတွက် ဘုရားရှင်အားလျှောက်ထားရန် ဤကျီးကိုခေါ်ဆောင်လာပါသည်ဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားသည် ပိုးကောင်၏စိတ်အလိုဆန္ဒကို သိသည်ဖြစ်၍ ပိုးကောင်ကို အိုပိုးကောင်- သင်သည် ကျီးအား သင်မေးသော ပြဿနာ လေးရပ်နှင့် ကျီးဖြေပုံကိုကို လျှောက်တင်ပါလော-ဟု မိန့်တော်မူလေသည်။

## ပြဿနာလေးချက် ပြန်လျက်လျှောက်တင်

မြတ်စွာဘုရား မေးသော စကားကိုကြားလျှင် ပိုးကောင်သည် မြတ်စွာဘုရားကို ဤသို့လျှောက်ထား၏၊ ဘုန်းတော်ရှင်မြတ်စွာ- ထိုအခါတပည့်တော်

သည် ဤကျီးကို အိုကျီး- ငါ၏ပဥ္စမပုစ္ဆာတခုသည်ကား ကြီးမြတ်၏၊ အလွန်ကြီးမြတ်၏၊ ထိုအရာကို သင်သိပါသလား-ဟု မေးပါ၏။

ကျီးက နတ်ဟု ဖြေကြားပါသည်၊ ထိုအခါ မြတ်စွာဘုရားသည် အိုကျီး ပိုးကောင်ပြောကြားတဲ့ သင့်ရဲ့ထိုအဖြေစကားသည် အမှန်ပင်ဖြစ်သလော-ဟု မေးတော်မူလျှင် အမှန်ပင် ဖြစ်ပါသည်ဘုရားဟု ဝန်ခံလေသည်။

အိုကျီး- သင်သည် ထိုအမေးပုစ္ဆာကို မသိ-ဟု ပြော၍ ထိုပဥ္စမပုစ္ဆာကို အဖြေလွှာ ထုတ်တော်မူလေသည်။

## ပဥ္စမပုစ္ဆာ အဖြေလွှာ

ဤပဥ္စမပုစ္ဆာမှာ လောကုတ္တရာတရားသည် အကြီးတကာတွင် အကြီးဆုံး ဖြစ်လေသည်ဟု ဖြေကြားတော်မူ၏။

ထိုစကားကို ကြားရလျှင် ပိုးကောင်ကြီးသည် မြတ်စွာဘုရားကို ဘုန်းခြောက်ပါးသင် ဘုရားရှင်–မြတ်ဘုရား၏ ထိုကဲ့သို့ ဖြေကြားသော စကားတော်သည် ကောင်းမွန်တော်မူလှပါပေ၏ဟု လျှောက်ထားလေသည်။

ဘုန်းတော်ရှင်- ဒုတိယပုစ္ဆာကတော့ လျင်မြန်၏၊ အလွန် လျင်မြန်၏၊ ထိုအရာကား အဘယ်ဟာနည်း ဟူသော ပြဿနာပင် ဖြစ်ပါသည်၊ ထိုသို့မေးရာမှာ ကျီးက မြင်းတို့၏အဟုန် ဖြစ်ပေသည်ဟု ဖြေကြားပါသည်။

ထိုအခါ မြတ်စွာဘုရားသည် အို ကျီး ပိုးကောင်ပြောကြားသောစကားသည် အမှန်ပင်ဖြစ်သလောဟု မေးလေရာ အမှန်ပင်ဖြစ်ပါသည်ဟု လျှောက်ထား၏၊ အို ကျီး- သင်သည် ထိုအမေးကိုမသိဟု မိန့်တော်မူပြီးလျှင် ဒုတိယပြဿနာကို ဤသို့ ဖြေကြားတော်မူ၏။

## ဒုတိယပုစ္ဆာအဖြေလွှာ

ဤဒုတိယပုစ္ဆာမှာ ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သော စိတ်ဖြစ်၏၊ စိတ်သည် အလွန်လျင်မြန်၏၊ စိတ်ကူး ကြံစည်လိုက်သည်နှင့် တပြိုင်နက် အဝေးသို့ရောက်နိုင်၏ဟု ဖြေကြားတော်မူ၏။

မှတ်ချက်။ ။စိတ်ဟူသည် ကြံစည်စိတ်ကူးပြီးနောက် စိတ်ကူးအလျောက် မည်မျှ ဝေးလံစေကာမူ ရောက်သွားနိုင်သည်၊ မိုင် အဝေးအနီးသည် စိတ်ခရီးကို ကြံ့ကြာအောင် မလုပ်နိုင်၊ သမုဒ္ဒရာပင်လယ် ဆီးသည် ဖြစ်စေ၊ မိုးထိဘနန်း တောင်တန်းကြီးတွေ ဆီးသည်ဖြစ်စေ၊ စိတ်ခရီးမှာ ပိတ်ဆီးကာကွယ်မှု မပြုနိုင်ချေ၊ ထို့ကြောင့် စိတ်ကို အမြန်ဆုံး အရှိန်အဝါ, အကြီးဆုံး အဟုန်ဟု ဖြေကြားတော်မူပေ၏။

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား- အရှင်ဘုရား မိန့်ကြားတော်မူအပ်သော အဖြေ စကားတော်သည် ကောင်းမွန် လှ ပါပေ သည်ဟု လျှောက်ထားပြီးလျှင် တဖန်ဆက်၍ လျှောက်ပြန်သည်ကား ချွန်ထက်၏၊ ဦးချိုကဲ့သို့ အလွန်ချွန်ထက်၏၊ ထိုအရာကား အဘယ်ပါနည်းဟု ကျီးအား မေးပါသည်။

ထိုအခါ ကျီးက မြားတို့၏ ထိပ်ဖျားသည် အလွန် ချွန်ထက်ပါသည်ဟု ဖြေကြားပါသည်။

ထိုသို့လျှောက်ထားလေလျှင် မြတ်စွာဘုရားက ထိုစကားသည် အမှန်ပင်ဖြစ်သလားဟု မေးတော်မူရာ အမှန်ဖြစ်ပါသည်ဟု ကျီးက လျှောက်ထားလေသည်၊ အို ကျီး- သင်သည် ဤပြဿနာကို မသိဟု မြတ်စွာဘုရားကမိန့်တော်မူ၏။

**ဒုတိယပုစ္ဆာ အဖြေလွှာ**

ဤဒုတိယပုစ္ဆာမှာ အဖြေကား ရေဖြစ်သည်၊ ရေသည်အလွန်ထက်မြက်သောတန်ခိုးရှိသည်ဟု ဖြေတော်မူ၏။

**မှတ်ချက်**။ ။သံစောင်းထက် လေစောင်းထက်၏၊ လေစောင်းထက် ရေစောင်းထက်၏၊ပြောချက် စကားနှင့်တသားတည်း ညီပေသည်။

မြတ်စွာဘုရား ဖြေကြားသော စကားကို ကြားလျှင် ပိုးကောင်သည် ကောင်းပါပေသည် အရှင်မြတ်ဘုရားဟု လျှောက်ထားလေသည်။

ထိုနောက် ပိုးကောင်က ဆက်လက်၍ လျှောက်ပြန်သည်ကား- စွမ်းအားဗလရှိ၏၊ ကြီးမားသော စွမ်းအားဗလရှိ၏၊ ထိုအရာကား ဘယ်ဟာပါနည်းဟု စတုတ္ထပုစ္ဆာကို ကျီးအား မေးပါသည်၊ ကျီးက အားအကြီးဆုံးသော အရာတွင် ပိဿနိုးနတ်မင်း၏ ခွန်အားဗလ ဖြစ်ပါ၏ဟု ဖြေကြားပါသည်။

ထိုအခါ မြတ်စွာဘုရားက အိုကျီး ပိုးကောင်ပြောသော ထိုစကားသည် အမှန်ဖြစ်လေသလားဟု မေးတော်မူသော် ဟုတ်မှန်ပါသည်ဘုရားဟု ကျီးက လျှောက်ထား၏၊ အို- ကျီး သင်သည် ဤပုစ္ဆာကိုလည်း မသိပါလေဟုမိန့်ဆိုတော်မူပြီးလျှင် စတုတ္ထပုစ္ဆာကို ဖြေကြားတော်မူလေသည်။

**စတုတ္ထပုစ္ဆာ အဖြေလွှာ**

ဤစတုတ္ထပုစ္ဆာမှာ သစ္စာလေးပါး အမှန် တရား ကို သိတော်မူ၍ ပူဇော်အထူး ကြည်နူးနှစ်ခြိုက် ခံယူထိုက်သော ဗုဒ္ဓမည်ခေါ် ရှင်တော်ဘုရားသည်သာ ခွန်အားဗလအရှိဆုံး ဖြစ်ပေသည်ဟု ဖြေကြားတော်မူ၏။

ထိုစကားကို ကြားလျှင် ပိုးကောင်သည် ဘုန်းခေါင်ထွတ်ထား မြတ်ဘုရား၏ ဖြေကြားအလှာ ဝေခွဲဖြာသော စကားတော်သည် ကောင်းမွန်တော်မူပါပေသည်ဟု လျှောက်ထားလေသည်။

ဤသို့ မြတ်စွာဘုရားအား လျှောက်ကြားပြီးလျှင် အို- ကျီး ယခု သင်သည် ဘုရားရှင် ဖြေကြားတဲ့ စကားဘော်ကို ကြားရပြီမဟုတ်လော၊ ငါ့ကို စားမည်လော၊ မစားတော့ပြီလောဟု မေးလေလျှင် အို- ပိုးကောင် သင့်ကို ငါသည် မစားတော့ပါ၊ ချမ်းသာစွာ သွားပါတော့ဟု ပြောဆိုလေသည်။

မြတ်စွာဘုရားသည် ကျီးကို အိုကျီး- ဤနေ့မှစ၍ သင်သည် မစားသင့်သော အစာအာဟာရတို့ကို မစားပါလေလင့်၊ စားသင့်သော အစာအာဟာရတို့ကိုသာ စားပါလေဟု မိန့်ကြားတော်မူ၏၊ ထိုအခါ ကျီးသည် မြတ်စွာဘုရား ပြောစကားကို နာကြား၍ ဝပ်တွားရှိခိုးပြီးလျှင် မိမိရပ်ထံသို့ ပျံသွားလေသည်။

မြတ်စွာဘုရားသည် ထိုပြဿနာလေးထွေ ဖြေပွဲ၌ အားခဲရောက်လာ ဒကာတစုတို့အား ဤပိုးကောင်ကို ဆောင်ကြဉ်း၍ ဆွမ်းစားကျောင်း၌ ထားကာ ကောင်းစွာ စောင့်ရှောက်ကြပါလေဟု မိန့်ကြားတော်မူ၏၊ ဒကာကိုလည်း မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ထိုပိုးကောင်ကို စောင့်ရှောက်ထားကြလေသည်၊ ပိုးကောင်သည် နှစ်ရက် သုံးရက်လွန်သောအခါ သေဆုံး၍ ကံအားလျော်စွာ တပါးသော လောကသို့ ရောက်လေသည်။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ အချင်းချင်း စကားကို ဖြစ်စေကုန်သည်ကား ငါ့ရှင်တို့ အကြားအမြင်အားဖြင့် ငါတို့ဘုရားရှင်သည် မြတ်သောပညာ ကြီးသောပညာ နက်နဲသောပညာ ထက်မြက်သောပညာ လျင်မြန်သောပညာ ရွှင်ပြသောပညာ ရှိပေ၏၊ ဤသို့သောပညာနှင့် ပြည့်စုံသည် ဖြစ်၍ တပါးသူတို့၏ စိတ်အလိုကို သိလျက် အယုတ်သုံးအားဖြင့် တိရိစ္ဆာန်တို့၏ စိတ်ဆန္ဒကိုသိလျက် ထိုတိရိစ္ဆာန်နှစ်ကောင်တို့၏ ပြဿနာလေးခုကို အဖြေပြုလျက် ဟောတော်မူပေသည်၊ အလွန်နက်နဲခက်ခဲ၍ အလွန်နာပျော်ဘွယ်ရှိပေ၏၊ အံ့ဩစရာပေတည်းဟု စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် နတ်နားဖြင့် မြတ်သားစွာ နေရာဂန္ဓကုဋိမှ ကြားတော်မူ၍ တရားသဘင်သို့ ကြွဝင်တော်မူလာကာ ခင်းထားအပ်သော ဘုရားရှင်၏နေရာတော်၌ ထိုင်တော်မူလျက် မြွက်ဆိုပြောကြား စကားကိုမေးလေလျှင် ဤမည်သော စကား ပြောကြားကြပါသည်ဟု လျှောက်ထားကြကုန်၏။

ချစ်သားရဟန်းတို့- ယခု ငါသည် ဘုရားဖြစ်မှ ဤတိရိစ္ဆာန်သတ္တဝါနှစ်ဦး တို့၏ အမေးလေးချက်ကို ကွက်ကွက်ထင်းလင်း ဖြေရှင်းတော်မူသည် မဟုတ် သေး၊ ဘုရားမဖြစ်မီ သံသရာ လည်ရသော ပုထုဇဉ်ကာလ ရှေး အလောင်း တော်ဘဝက နှစ်ဝသော တိရိစ္ဆာန်သတ္တဝါတို့၏ ပြဿနာကို ဖြတ်စသွင်း၍ ဖြေရှင်းခဲ့ဘူးသည်သာတည်း-ဟု မိန့်ကြားတော်မူပြီးလျှင် ဆိတ်ဆိတ်နေတော် မူ၏၊ ရဟန်းများစွာတို့သည် ဟောတော်မူပါဦး ဘုရား-ဟု ညွတ်တွားကာ တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူလေသည်။

## အတိတ်ဝတ္ထု

ချစ်သားတို့- အတိတ်အခါက ဗာရာဏသီနေပြည်မှာ ဗြဟ္မဒတ္တ အမည်ရ သော မင်းတပါးသည် မင်းပြုလေသည်၊ ထိုအခါ၌ ဘုရားအလောင်းသည် တရားကြောင်းဖွေရှာ သံသရာမှာကျင်လည်စဉ် ထိုဗာရာဏသီမြို့၌ သူကြွယ် တဦး၏မယားဝမ်း၌ ပဋိသန္ဓေယူလေသည်၊ ဆယ်လပြည့်မြောက် အချိန်ရောက် သော် အမိဝမ်းမှဖွား အစဉ်ကြီးထွား၍ အပ်ချုပ်အမှုဖြင့် အသက်မွေးလေ သည်၊ ထိုကြောင့် မိဘနှစ်ပါး သူကြွယ်များက ရင်ဖွားပုတ္တာ သားရတနာကို သုစိကဟု အမည်နာမ မှည့်ကြကုန်၏။

ဘုရားအလောင်း သုစိကသည် နောက်ကာလ၌ မိဘနှစ်ပါး ကွယ်လွန် သွားသော် များပြားသော ဥစ္စာစိုင်ကို လုပ်ကိုင် ချမ်းချမ်းသာသာ စံစားကာ နေလေသည်၊ မိမိ၏ဥစ္စာစိုင်ကို ကြည့်လျက် အသိဉာဏ်ဖွေဆ သတိသံဝေရ၍ တွေးဆရှုမှန်း ဥဒါန်းကျူးသည်ကား-

သမ္ဗဒါ သောဘတိ ပညာ၊ နရဿ မိဂပက္ခိနော။

သောဟိ သမ္ဗဒုက္ခတော၊ သတ္တေ မောစေတိ သမ္ဗဒါ။

ပညာ၊ အတိအမှန်မြင်ရှာသည့် အသိဉာဏ်ပညာသည်။ နရဿ၊ လူဇာတ်မှာ ဖြစ်ပွားတဲ့ လူသားသတ္တဝါအားရင်း။ မိဂပက္ခိနော၊ တိရိစ္ဆာန်ဇာတ် ဖြစ်လတ် များပြား သားနှင့်ငှက်များအားရင်း။ သမ္ဗဒါ၊ အခါခပ်သိမ်း။ သောဘတိ၊ ကျက်သရေမြင့်ထယ် မက်မပြေချင့်စဖွယ် တင့်တယ်လှပါပေ၏။ ဟိ၊ အမှန် ဆိုရသော်ကား။ သော၊ ဤပညာသည်။ သမ္ဗဒုက္ခတော၊ အခံခက်တုံ အလုံးစုံ သော ဒုက္ခမှ။ သမ္ဗဒါ၊ အခါခပ်သိမ်း။ သတ္တေ၊ သတ္တဝါတို့ကို။ မောစေတိ၊ ပညာဂုဏ်အမြင်ပေါက်၍ လွတ်မြောက် စေပါသတည်း။

ဤသို့ ဥဒါန်းစကား မြွက်ကြားကျူးရင့်ပြီးနောက် သံဝေဂဉာဏ်ပေါက် လျက် ရောက်လာသမျှ လူအများ ပစ္စည်းစုံပေးငြား၍ နတ်ရွာ သွားမည်ဟု ကြံစည်တွေးတောပြီး သဘောစင်ဖြူ မိမိ၏အိမ်ဖော်လူတို့နှင့် တိုင်ပင်လိုသည် ဖြစ်၍ ဤသို့ဆိုလေသည်။

ဒိုလူအများတို့· ငါကားယခု ပြည့်စုံမှုသည် ရှေးပုဒ္ဓါနအကျိုးတည်း၊
လို့တူမှတ်သား၊ သင်လူများလည်း၊ တရားမမေ့၊ စွမ်းသရွေ့လျှင်၊
မလေ့ဖြူလျှမ်း လှူဒါန်းကြလော။

## ပစ္စည်းဝေ၍ တောမြေခိုလှုံ

ထိုအချိန်မှ အစချီကာ လောင်းလျာသည် ကြောင်းရှာဖြူဖွေး အလှူပေး၍ လွှက်ရေး ခုနစ်ရက် ကျော်လာ တက်သော် လက်ရှိ စည်းစိမ် နည်းချိန်နှင့်စု နှံ့ဝေပြု၍ တစုမင်းအား ပေးခဲ့ငြားလျက် အခြားတစု ကြည့်ရှုဆွေများ ပေးစေထား၍ မိမိကားမူ သားပေါင်းစုံစွာ ဟိမဝန္တာသို့ ငင်ကာမမေ့ ရသေ့ပြုပြီးလျှင် သစ်သီးကြီးငယ် ထိုဝယ်ဤမှာ ဖွေရှာသမှု သက်မွေးပြု၍ ပွားမှုဘာဝနာ ချိန်မကြာလျှင် အာကာဖြန့်မိုး ဈမ်းတန်ခိုးကို ဖြိုးဖြိုးညွန့်ဝေ ဖြင်ပေသတည်း။

## လင်းတနှင့်နံ့ကောင်တို့၏ ပြဿနာ

ထိုအခါ ဘုရားအလောင်း သုစိကရသေ့သည် မိမိ၏ အရညဝါသီ တောရပ်ဖြ၍ ပေပ်စိပ်ဝါ ဖျန်းရှန်းအိမ်၍ ပေပ်ဘိလက်စုံ ဦးထိပ်ပုံပြီးလျှင် ရဂုံတောမြေ ပါနေသည်ကား အကျိုးများ၍ သွင်ထားဝင့်ထယ် တင့်တယ်ပေမှုဟု ဥဒါန်းကျူးလေသည်။

ဤတောအနေဖြင့်၊ လေးမြွေသစ္စာ၊ သိဥာဏ်ဖြာဘို၊ မှန်စွာတရား၊
ဒွားတုတ်ငြား၊ ဘုရားဖြစ်လတံ့၊ တောခွဲနေကာ၊ မြဲခါခါ၊ ဖြစ်ရာ
ဘုရား၊ ကံစွမ်းများ၊ ငါကားပြုပေအံ့။

သုစိက ရသေ့ဘာဝဖြင့် ဟိမဝန္တာမြေ တနေရာရာမှာ ချမ်းချမ်းသာ ခံစားလျက် နေလေသည်၊ သခ်မ်းကျောင်း၏ မနီးမဝေး အရှေ့အရပ်မှာ ပညောင်တပင်ရှိ၏၊ ကျီးကိုယ်ပမာဏရှိသော နံ့ကောင်ကြီးသည် ထိုပညောင်ပင်၏အနီး တနေရာမှာ နေလေသည်။

တကောင်သော (ဂုရုဒ္ဓ)လင်းတငှက်သည် နေရာအသိုက်မှထွက်၍ ရှစ်ဖက်ဒိသာလှည့်လည်ကာ အစာရှာသော်လည်း စားစရာမရှိ စိတ်ပျက်ပျက်နှင့်မသွားအနီးအပါး လှည့်စား၍ကြည့်၊အံ့ဘွယ်ရှိဘနန်း ကျီးကန်းမျှပမာဏ ကိုယ်ခန္ဓာကြီးထွားလှသည့် သလဘခေါ်ဆောင် ဤသတ္တဝါနံ့ကောင်ကို ဝမ်းမီးလောင်အပူမခရအောင် ငါရပေပြီဟု ကြံစည်၍ နံ့ကောင်ဆီ ကပ်ချဉ်းပြီး-

စားဘွယ်သောက်ရာ စားအစာ ရှာနေပါသည်၊ အိုနံ့ကောင်· အစာ
မရ၍ သင့်ထံဤဌာန လာရပါသည်၊

ယခုအခါ ငါသည် သင့်ကိုစားမည်၊ သင့်ကိုစားလျှင် ဝမ်းမီးငြိမ်းမည် မငြိမ်းမည် မသိသေး၊ မငြိမ်းသေးလျှင် ထိုဤပြေး၍ စားရေးတဖန် ရှာပြန်ဦးမည်ဟု ပြောဆိုလေသည်။

## နှံကောင်ပရိယာယ်

(ဂုရုဒ္ဓ)လင်းတငှက်စကား နှံကောင်ကြီးကြားတော့ ကြက်သီးမွေးညင်း တဖျဉ်းဖျဉ်းပွား ကြောက်အားတွေ့ပို ဉပါယ်ဆိုသည်ကား-

ဤလင်းတငှက် အစားမက်လို နှုတ်သီးနှင့် ရုတ်တရက် ငါ့ကို ပေါက်နှက်လိုက်လျှင် ပျောက်ပျက်ကာ ဇီဝိန်ကြွေ၍ မှိုက္လမြေ အခြေပျက်လျက် အသက်သေရာပေသည်၊ ငါ၏အသက် ချမ်းသာကွက် မပျက်ငါပြုမည်ဟု ကြံစည်ကာ မနေသွားနဲ့ ပြောကြားသည်ကား-

အိုလင်းတငှက်- ဖြစ်ပျက်ရာကြောင်းရှိကို သင်သိရဲ့လား၊ ပြောကြားငါ့ကို အကြောင်းဆို၊ သင့်အလိုဆန္ဒ၊ ငါ့ကိုယ်အသား စိတ်ကြိုက်စားပြောကြားယခု အကြောင်းစု သိမှုငါမေးမည်။

ရှေးဦးစွာလျှင် စားရာကြောင်းကို မမြွက်ဆိုပဲ ငါ့ကိုသင်စား ဉက္ကောင်းကား မခြားခုနှစ်စိတ် ကွဲလိမ့်မည်၊ ငါ၏အမေး ဖြေပေးယခု စားမှုပြုလေလော။

နှံကောင်စကားကြားလျှင် လင်းတငှက်သည် ဤသို့မြွက်ဆို၏။

အိုနှံကောင် - သင့်ကိုစားမည်ဟု ယခု ငါဆိုနေပါလျက် မကြောက်မတွန့် ဝံ့ဝံ့ရဲရဲ ဘယ့်ကြောင့်သင် ဆိုဘိသနည်း၊ ယခု သင်ကား အဘယ်မျှ တတ်သိနားလည်ပါသနည်း ။

ထိုစကားကြားလျှင် နှံကောင်ကြီးသည် မိမိ၏ သိထိုက်သော အကြောင်းကို ထိုလင်းတငှက်အား ပြောကြားလိုသည်ဖြစ်၍ ဤသို့ဆို၏။

အိုလင်းတငှက်- ပုစ္ဆာလေးချက်ကို သင့်အားငါမေးပါအံ့၊ ငါမေးအပ်သော ပုစ္ဆာလေးချက်ကို ပြေလည်အောင် ဖြေဆိုနိုင်ငြားအံ့၊ ဤ နေရာမှာ ငါ့ကို သင်စားပါလော၊ ငါမေးသော ပုစ္ဆာ လေးချက်ကို မဖြေဆိုနိုင်ပဲ ငါ့ကိုသင်စားလျှင် သင်၏ဉက္ကောင်းသည် ခုနစ်စိတ် ကွဲပါလတံ့၊ အိုနှံကောင်ကြီး- ပြဿနာလေးချက်ကို ငါ့အား မေးသာမေးပါ၊ သင်၏ပြဿနာလေးချက်ကို ငါဖြေဆိုနိုင်လျှင် သင့်ကိုစားပါအံ့။

နားထောင်လော လင်းတငှက် ပြဿနာလေးချက်ကား-

(က) လောက၌ အတင့်တယ်ဆုံးအရာ၊

(ခ) လောက၌ အနူးညံ့ဆုံးအရာ၊

(ဂ) လောက၌ အဝေးကွာဆုံးအရာ၊

(ဃ) လောက၌ လုံးဝမရှိဆုံးအရာ။

ဤပုစ္ဆာလေးခုကို မေးလေသည်၊ ထိုအမေးကို လင်းတငှက်သည် ဤသို့ ဖြေဆိုလေသည်။

(က) လောက၌ အတင့်တယ်ဆုံးအရာသည်ကား လပြည့်ဝန်း ဖြစ်၏ဟု လင်းတက ဖြေဆို၏၊ ထိုအဖြေစကားကို ငှက်ကောင်က မမှန်ကန်ဟု ပယ်လေသည်။

(ခ) လောက၌ အနူးညံ့ဆုံးအရာကား ဝါဂွမ်းမိုင် ဟု လင်းတက ဖြေဆို၏၊ ငှက်ကောင်က မမှန်ကန်ဟု ပယ်လေသည်။

(ဂ) လောက၌ အလွန်ဝေးကွာသော အရာကား မဆုံးနိုင်သော လမ်းပေါ်၊ လမ်းခရီးသည် နေ့စဉ်လှည့်လည်သော ပုဂ္ဂိုလ်တို့အား အလွန်ဝေး၏ ဟု လင်းတငှက်က ဖြေဆိုရာ ငှက်ကောင်က မဟုတ်မမှန်ဟု ပယ်လေသည်။

(ဃ) လောက၌ မရှိဆုံးသော အရာကား သေဖြင်းတရား ဟု လင်းတက ဖြေဆို၏၊ ဟက်သက်ဝင်သက်လေမည်သည် သတ္တဝါတို့ သေဆုံးသောအခါ၌ လုံးဝမရှိဆုံးဖြစ်ပေ၏၊ ထိုအဖြေစကားကို ငှက်ကောင်သည် မမှန်ဟု ပယ်လေသည်။

ဤပုစ္ဆာလေးချက်တို့တွင် တပုစ္ဆာကိုမျှ သင်လင်းတသည် ပြေလည်အောင် ဖြေဆိုခြင်းငှာ မစွမ်းနိုင်ပေ၊ ငါမေးသော ပုစ္ဆာကို ပြေလည်အောင် မဖြေဆိုနိုင်ဘဲ ငါ့ကိုစားလျှင် သင်၏ဥက္ကောင်းသည် ခုနစ်စိတ်ကွဲလတံ့။

ဤပုစ္ဆာလေးရပ်နှင့်စပ်၍ သင်သည် ဖြေဆိုအပ်သော အဖြေကို မဟုန်ကန်ဟု ကျွန်ုပ်က ပယ်ပြန်သဖြင့် သင်ကလက်ခံနိုင်မည် မဟုတ်ပါ၊ ကျွန်ုပ် ပြောကြားသော အဖြေကိုလည်း သင်ကလက်ခံနိုင်မည်မဟုတ်ပါ၊ သို့ဖြစ်၍ ကျွန်ုပ်တို့နှစ်ဦး သခ်မ်းကျောင်းစံ ရသေ့ထံ သွားကြပါကုန်စို့၊ ရသေ့က ဖြေကြားသည့်အတိုင်း လိုက်နာ၍ ထိုအဖြေပေါ်မူတည်ကာ ဆောင်ရွက်ကြစို့ဟု ဆို၍ ရသေ့၏အထံသို့ သွားကြလေသည်။

ရသေ့ထံသို့ ရောက်လျှင် အရှင်ရသေ့ကြီး ဘုရား– ဤလင်းတငှက်သည် အကျွန်ုပ်ကို စားပါလတ့်၊ ထိုသို့စားရာမှာ ပြဿနာလေးချက်ကို လင်းတငှက်သည် မဖြေဆိုနိုင်ပါ၊ ယခု ကျွန်ုပ်တို့နှစ်ဦးသည် အရှင်ရသေ့၏ အထံမှာ အဖြေကို နာခံရန် လာပါ၏၊ ပြဿနာလေးချက်ကို ဖြေကြား ပေးတော်မူပါ ဟု ဆိုလေသည်။

နံ့ကောင်၏ လျှောက်ထားသော စကားကိုကြား၍ ရှင်ရသေ့သည် ဤသို့ ဆို၏၊ အိုနံ့ကောင်- လင်းတငှက်အား သင်မေးသော ပြဿနာ လေးချက်ကို ပြောဆိုလော၊ ထိုပြဿနာကို ဖြေဆိုအံ့၊ ငါ၏အဖြေကို သင်တို့နှစ်ဦးလုံး ကောင်းစွာနားထောင်ကြလော့။

## ရှင်ရသေ့၏ ပြဿနာလေးရပ် အဖြေ

နံ့ကောင်သည် ရသေ့အား ပြဿနာလေးရပ်ကို ပြောပြရာ ပဌမပြဿနာ၏ အဖြေကို သိလျှင်သူဟု ဖြေကြားတော်မူလေသည်။

ဒုတိယပြဿနာကို လောကုတ္တရာတရားဟုရင်း၊

တတိယပြဿနာကို ပိရုဒ္ဓသဘောရှိသော သပ္ပုရိသဓမ္မနှင့်အသပ္ပုရိသဓမ္မဟုရင်း၊

စတုတ္ထပြဿနာကို ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်ဟုရင်း ဖြေကြားတော်မူလေသည်။

တတိယပြဿနာကို ဖြေဆိုရာ၌ သူတော်ကောင်းသည် မသူတော်မှ ဝေးသည်၊ သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းသည် သမုဒ္ဒရာ၏ ဟိုမှာဘက်ကမ်းမှ ဝေးသကဲ့သို့ ဖြစ်၏၊ အသပ္ပုရိသသည် သပ္ပုရိသမှ ဝေးသည်၊အဿရာထောင်သိန်းသန်း ဂဏန်းမထပ် ကောင်းကင်နှင့် မြေကြီး ဝေးသကဲ့သို့ ပင်တည်း။

စတုတ္ထပြဿနာ၌ အရိယာပုဂ္ဂိုလ်သည် ပိပဿနာပွား၍ ဈာန်တရားစသည် ဆင့်ထင့်မှီ၍ လေးလီမဂ်ဖိုလ် အရသိုကာ ရဟန္တာဖြစ်၍ အနုပါဒိ ဘုမ်ရှေနန်း စံမြန်းတော်မူလျှင် ငါးခန္ဓာပျက်ပြုန်း၍ မရှိလုံးလုံးဖြစ်တော့သည်၊ ထိုရဟန္တာ ပုဂ္ဂိုလ်ကိုပင် မရှိတကာ့ မရှိဆုံးပုဂ္ဂိုလ်ဟု ထုတ်ဖော်ဖြေကြားလေသည်။

အိုလင်းတငှက်- ငါမေးချက်ပြဿနာ မှတ်စရာအနေအထားနဲ့ ရသေ့ဆရာ ဘုရားဖြေကြားခဲ့ပြီ၊ သင့်အဖြေနှင့် ချင့်ဝေ၍ သင့်မသင့် အနေကိုကြည့်၊စား ထိုက်လျှင်စား၊ မစားထိုက်လျှင်သွား၊ ထိုစကားကြားတော့ လင်းတငှက်က မြွက်ဟသည်မှာ အို နံ့ကောင်- သင့်ကို ငါမစား သွားလေတော့ ချမ်းသာစွာ ဟု ပြောဆိုလေသည်။

ထိုအခါ ဘုရားအလောင်း ရသေ့သည် လင်းတငှက်အား အို လင်းတငှက် ဒီနေ့မှ စ၍ စားသင့်မှစား၊ မစားသင့်လျှင် ပယ်ရှားလောဟု ဆုံးမစကားပြောဆို၍ ထိုသတ္တဝါနှစ်ဦးတို့အား ငါးပါးသီလကို ဆောက်တည်စေ၏။

လင်းတငှက်သည် နှစ်သက်ကျေနပ်ကာ တာပသာရှင်ရသေ့နှင့် နွှဲကောင်တို့အား နှုတ်ခွန်းဆက်၍ ပျံတက်ကာ မိမိလိုရာဌာနသို့ သွားလေသည်။

နွှဲကောင်သည်လည်း ဘုရားအလောင်းရသေ့အား ပန်ကြားလျက် မိမိနေရာသို့ ပြန်သွားလေ၏၊ ထိုအခါ ဟိမဝန္တာ ရပ်ဒေသာမှ နတ်ဒေဝါအများတို့သည် ဘုရားအလောင်း ပြောကြားချက်ကို နှစ်သက်ပြတ်နိုး၍ ကောင်းကျိုးဝေလျှံ အသံကို ပြုကြကုန်၏။

ဘုရားအလောင်းရသေ့သည် တရားကြောင်းရှာဖွေ ဟိမဝန္တာမြေမှာနေလျက် သေလွန်သောအခါ နတ်ရွာ၌ ဖြစ်လေသည်။

ဤကဲ့သို့ ဇေတဝန်ဝိဟာရ အသိရှာကြ ဓမ္မသဘင်ဝယ် အဝဝအမြင်မကျယ်သောရဟန်းတို့အား ဇာတ်သွားဒေသနာဆင်၍ ပရမေဘဂဝါရှင်ဟောကြားပြီးလျှင် ငါဘုရား၏ဖြစ်ပွားသော ရှေးပညာစွမ်း မှတ်တမ်းတင်လို၍ ဤသို့ မိန့်ဆိုတော်မူလေသည်။

ရှေးအခါက လောကမှာ ငါသည် သုတသောမ မင်းရာဇ ဖြစ်ခဲ့ရသည်၊ ပညာစွမ်းကြောင့် လူရမ်းကြီး ပေါရိသာဒလက်မှ လွတ်ခဲ့ရပါသည်။ ရှေးအခါက လောကမှာ ငါသည် မဟောသဓ ပညာဂုဏ်မောက်တဲ့ ပတ်တယောက်ဖြစ်ခဲ့သည်၊ ပညာအားဖြင့် မင်းဘုရားအလီလီ ဒုက္ခဘေး ကင်းဝေးစေခဲ့ပြီ။

ရှေးအခါက လောကမှာ ငါသည် ဝိဓုရပညာရှိလို့ အများသိ ဖြစ်ခဲ့သည်၊ ဤအမည်ထူး ဘီလူးလက်မှလည်း ဉာဏ်အားဖြင့် လွတ်ခဲ့ရပေပြီ။

ရှေးအခါက လောကမှာ ငါသည် ဟိမဝန္တာတောမွေ ရသေ့သုစိကဖြစ်ခဲ့သည်၊ ပညာစွမ်းဖြင့် လက်လှမ်းမှာတည်၊ နွှဲကောင်မျိုး ငှက်ဆိုးဘေးမှ ဝေးပစေခဲ့သည်။

ရဟန်းတို့ ယခုအခါ ငါဘုရားသည် ပိုးတုံးလုံးကောင်ကြီးကို ကျိုးဘေးမှ ကင်းဝေးစေခဲ့ပြီ၊ သင်တို့ပြောကြားတဲ့ ထိုသတ္တဝါတွေသည် ကံအားလျော်စွာ သွားကြလေတော့သည်။

ဤသို့ မိန့်တော်မူပြီး၍ ယခုအခါမှာ ထိုသတ္တဝါတို့၏ ပြဿနာလေးချက် မှတ်စရာ ကြွေးမြွက်သည် မဟုတ်သေး၊ ရှေးကလည်း တိရိစ္ဆာန် သတ္တဝါ ၄စ်ကောင်တို့၏ ပြဿနာအစောင်စောင်ကို မှန်ကန်အောင်ဖြေရှင်းခဲ့ဘူးသည် သာတည်းဟု ဟောကြားတော်မူကာ သစ္စာလေးပါး တရားဒေသနာ ဝေဖြာ ကာ ပြတော်မူလေသည်၊ သစ္စာဒေသနာအဆုံးမှာ ထိုက်ရာထိုက်ရာ မဂ်ဖိုလ် ကို ရကြကုန်၏၊ မြတ်စွာဘုရားသည် သတ္တဝါအများ မှတ်ရာမှားစေရန် ဇာတ်ကို ဤသို့ ပေါင်းတော်မူလေသည်။

**ဇာတ်ပေါင်းခဏ်း**

ထိုအခါ မယ်တော်သည် ယခုအခါ မဟာမာယာ၊ အဖသူကြွယ်သည် သုဒ္ဓေါဒန၊ ပြဟ္မဒတ်မင်းသည် အာနန္ဒာ၊ ပိုးနှံကောင်သည် ရှင်သာရိပုတ္တရာ၊ လင်းတငှက်သည် ရှင်မောဂ္ဂလ္လာန်၊ ဆွေမျိုးများသည် ဘုရားပရိသတ်၊ မြို့နေ သူများသည် သာဝက၊ သုစိတာပသသည် ငါဘုရားဖြစ်ပေသည်ဟု ဇာတ် ကို ပေါင်းတော်မူ၏။

သုစိတာပသဇာတ် ပြီး၏။

# ၄၃-အက္ခရလိခိတဇာတ်

ပိဋ္ကကသုံးဖြာ၊ အက္ခရာရေး၊ အလှူပေး၍၊ လှူရေးပုံဖို၊ နတ်ကို
တသွယ်၊ ကောင်းကျိုး ကြွယ်သတည်း။

ယောနရော ပသန္နော ဘောန္တော၊ လိခေယျ ဗုဒ္ဓဝစနံ။
ပေါတ္ထကေသွေဝ သဒ္ဓါယ၊ ပတိဋ္ဌာယ စိရံကာလံ။
သောနရော တံ စ ပူဇေယျ၊ ပူဇာဘဏ္ဍေန သဗ္ဗဒါ။

ဘောန္တော၊ တရားသဘင် ဆင်ယင်ကျင်းပ ဤဌာနသို့ ရောက်လာကြ
သော အိုသူတော်ကောင်းတို့။ ယောနရော၊ မည်သူမည်ဝါ မည်မပါကဲ
အကြင် သတ္တဝါသည်။ ပသန္နော၊ ဝန်တိုဏှာသာ စိတ်မှာပကင် ကြည်လင်သန့်
ရှင်းသည်ဖြစ်၍။ ဗုဒ္ဓဝစနံ၊ ပိဋကသုံးသွယ် နိကာယ်ငါးဖြာ အင်္ဂါကိုးပါး
မြတ်ဘုရား၏ စကားတော်ကို။ ပေါတ္ထကေသွေဝ၊ ထန်းရွက်ပေရွက် ငွေရွက်
ရွှေရွက် စာရွက်အထွေထွေတို့၌။ စိရံကာလံ၊ မြင့်ရှည်စွာသော ကာလပတ်လုံး။
ပတိဋ္ဌာယ၊ အများအတွက် စကားမပျက် ထားချက်မသွေ တည်ပါစေခြင်း
ငှာ။ သဒ္ဓါယ၊ ယုံကြည်လေးစား သဒ္ဓါတရားဖြင့်။ လိခေယျ၊ ကူးစက်သား၍
ရေးထားလေရာ၏။ သောနရော၊ ထိုသူသည်။ တံ၊ ထိုရေးရိုက်ပြီးရာ ဘုရား
စာကို။ ပူဇာဘဏ္ဍေန၊ စားဘွယ်တသီး ဆီမီးတဖြာ ပူဇော်ဘွယ်ရာဖြင့်။
သဗ္ဗဒါ၊အခါခပ်သိမ်း။ ပူဇေယျ၊ မြတ်နိုးကော်ရော် ပူဇော်ရာပေသတည်း။

ဗုဒ္ဓစကားတော်တွေ မပျောက်ပျက်ရအောင် ပေထက်မှာ အက္ခရာတင်၍
မိစဉ်ရေးသားထားခဲ့သည်က တမျိုး၊ ကျောက်ရိုးမှာ အက္ခရာထွင်း၍ သွင်းခဲ့
သည်ကတကွက်၊ ပုံနှိပ်စက်ဖြင့် ဆောင်ရွက်ခဲ့သည်ကတဖုံ၊ သဒ္ဓါဟုန် အငှမ်း
ထက်ထက်ဖြင့် အဆက်ဆက်လူတွေ ဖတ်ရအောင် ကိုယ်တိုင် ရေးမှတ်မှုလည်း
ရေးမှတ်ရာ၏၊ ငွေပေး၍ကြေးစားသူကို အရေးခိုင်းမှုလည်း ခိုင်းရာ၏၊ ပိဋကကိ
စာပေ အက္ခရာရေးတွေနဲ့ ပေါ်လာတဲ့အခါ ကြည်ညိုစွာဖြင့် ပူဇော်ရာ
အထွေထွေနှင့် ပူဇော်ရာ၏ဟု ဆိုလိုပေ၏။

ဤဒေသနာကို ပရမေဘဂဝါ ပေါင်းထီးထေရ်တံခွန်သည် ကျောင်းကြီး
ဇေတဝန်၌ ရှေးလွန်အတိတ် သဘောပြအသွား ဂေါတမဘုရား ဟောပြ
ထား သုံးပါးပိဋကတ် လုံးသွားယတိအပြတ် အသိအမှတ် အက္ခရာပေး ရေး
တင်ခဲ့သည်ကို အကြောင်းပြု၍ အပေါင်းတစု သိစေရန် ဟောကြားတော်မူ
လေ၏။

ဖက်စရာ ဉာဏ်အမြင်ဖြင့် ထွက်မလာအမှန်ပင်ဖြစ်သော လက်ျာရံ သခင် အရှင်သာရိပုတ္တရာ ထေရ်မြတ်သည် နေရပ်မှ ဘုရားရှင်အထံ ကြွ၍ အရှင်ဘုရား လူသားတယောက် သာသနာ သဒ္ဓါပေါက်လို့ ဝမ်းမြောက် ကြည်နူး ဘုရားစကား ရေးကူး၍ အထူးကိုးကွယ်သောအကျိုး မြတ်နိုးမင်ဘွယ် ဘယ်နှယ်ရှိပါသနည်းဘုရားဟု ဝပ်တွားကာ လျှောက်တင်လေသည်။

လက်ျာရံသီး ထက်စွာဉာဏ်ကြီးတဲ့ စံမိုးကင်းကွာ သားကြီး သာရိပုတြာ သဒ္ဓါဟရား ကောင်းစွာထား၍ ဘုရားသခင်၏ စကားတော်ကို ရေးကျိုးပေးမှုကား အနန္တတခုဖြစ်ချေသည်။

ငါဘုရား ဇာတ်သွား နှောင်းဖော် အလောင်းတော်ဘဝ ပေါရာဏ ဂေါတမ ဟောပြသည့်တရား နှစ်မြားမြောင် ကြာအောင် စိတ်ထားဖြင့် ရေးသားခဲ့ဘူးလေသည်၊ သံသရာခရီးသည် ဘဝအလီလီမှာ စကြာမင်းကြီး ပဒေသရာဇ်ကြီး စသည်ဖြစ်ရ၍ အနှစ်သာရရှိသော စည်းစိမ်ကို မြိန်မြိန်ကြီး ခံစားခဲ့ရသည့်ပြင် ယခုဘဝတွင်လည်း ဗောဓိဉာဏ်ကို ရပေသည်ဟု ဟောမိန့်ပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ထေရ်ကြီးသာရိပုတ္တရာ ပန်ထွာသည့်တပျောင်းတောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရှေးအတိတ်အခါက ပေါရာဏဂေါတမ အမည်တော်ရသော ဘုရားတဆူသည် အနှစ်ရှစ်သောင်းရှည်လျက် ဤလောက၌ ပွင့်တော်မူ၏။

ပေါရာဏဂေါတမ မြတ်စွာဘုရားသည် သတ္တိသား အရွယ်၌ သိဒ္ဓတ္ထမင်းသားဟုတွင်၍ ဘုရားဖြစ်သောအခါ ဂေါတမဟု အမည်တွင်လေသည်။

မယ်တော်သည်ကား မဟာမာယာ၊ ဖပိတာသည်ကား သုဒ္ဓေါဒန၊ မိထွေးတော်သည်ကားဂေါတမီ၊ ကြင်ယာသက်ထား မယားအလှသည်ကား ယသောဓရာ၊ သားတော်မှာကား ရာဟုလ၊ မြို့နဂရသည်ကား ကပိလဝတ် အမည်ရှိပေ၏။

ပေါရာဏဂေါတမ ဟောပြတရား စကားတော်သည် လောက၌ နှစ်ပေါင်း ငါးထောင်ကြာအောင် တည်၏။

သားကြီးသာရိပုတြာ-ဘုရားအလောင်းဘဝ ဖြစ်ရသောငါသည် ပေါရာဏဂေါတမဘုရားရှင်၏အဖ သုဒ္ဓေါဒနမင်းကြီး၏ အမတ်ဖြစ်သည်၊ ဘုရားသာသနာ လွန်စွာကြည်ဖြူ၍ အလှူတော်ပေးကာ စကားတော်ကိုပူဇော်၏၊ အမတ်-ငါသည် ပေါရာဏဂေါတမမြတ်ဘုရား၏ စကားတော်ဖြစ်သော ပိဋကသုံးပုံ

စာပေကို နှစ်ရှည်မြားမြောင် ငါးထောင်တည်စေလိုသော ဆန္ဒဖြင့် ဇွန်းနိုင် သမျှ ကိုယ်တိုင်ရေးပေ၏။

တနေ့သ၌ ထိုအမတ်သည် မိမိ၏ပညာရှိ အချင်းယောကျ်ား တို့ကိုလည်း မြတ်စွာဘုရား၏စကား အမှတ်အသား အက္ခရာကို ရေးစေခြင်းငှာ တိုင်ပင် လိုသည်ဖြစ်၍ အထက်ပါဂါထာကိုဆိုလေသည်။ (အနက် အထက်မှာကြည့်)။

ထိုစကားကို ပညာရှိများက ကောင်းပါပြီ အမတ်မင်းဟုဝန်ခံ၍ အမတ် မင်းနှင့် မပြတ်မလပ်း တိုင်ပင်လိုရကား ဤသို့ဆို၏။

လိခိဿာမ မယံ သာမိ၊ သဒ္ဓါယ ဗုဒ္ဓဝစနံ။
ပေါတ္ထကေသုဝ တိပိဋကံ၊ လိခိတံ ပတိ သတ္ထုနော။
ဒိရံ သပ္ပေ မယံ ဂုဌေ၊ ပုဌောဘဏ္ဍေနသာမိယာ။

သာမိ၊ ပြင်ပင်ရာ အလေပ်နင်းပါတဲ့ ချစ်ခင်ရှာ မပြတ်သွင်းပေသော အို အမတ်မင်း။မယံ၊ အမတ်မင်း၏စကားကို အရေးထားသော အကျွန်ုပ်တို့သည်။ ဗုဒ္ဓဝစနံ၊မြတ်ဘုရား၏စကားတော်ဖြစ်သော။တိပိဋကံ၊သုတ္တန်ဝိနည်းအဘိဓမ္မာ သုံးပြားသော်မှတ် ပိဋကတ်တော်မြတ်ကို။ပေါတ္ထကေသုဝ၊ စက္ကူနှင့်ပေ အထော ပေ ကတို့၌။ သဒ္ဓါယ၊ ငွေပြန်တမလွန် နှစ်တန်ကောင်းကျိုး ပေါင်းရိုးခံတည် ယုံကြည်သဖြင့်။လိခိဿာမ၊ ကိုယ်တိုင်မျှမရေး အရှေမတွေး၍ ရေးကြပါကုန်မည့်။ သတ္ထုနော၊ ပြောဟုံဖုံးမ နည်းယုံးပြတွင် လုံးဝပုံးလွတ် ဘုရားမြတ်၏။ ပတိ လိခိတံ၊ ကိုယ်စားတော် အနေထားပျက် ရေးသားအပ်ပြီးသော ပိဋကတ် စာပေကိုလည်း။ သပ္ပေမယံ၊ အလုံးစုံသောအကျွန်ုပ်တို့သည်။ သာမိယာ၊ မင်္ဂ ဖိုလ်မှဖွာန် စိတ်ကြံရွယ်ကိုး ကောင်းကျိုးထွေထွေ ပြီးစေခြင်းငှာ။စိရံ၊ရှည်ကြာ မြင့်စွာသောကာလပတ်လုံး။ ပုဌောဘဏ္ဍေန၊ ပူဇော်ဘွယ်ရာ အဖြာဖြာသော ပစ္စည်းဖြင့်။ပူဇေ-ပူဇေမ၊ ဝမ်းမြောက်ဝမ်းသာ ပူဇော်ကြပါကုန်သတည်း။

ထိုပညာရှိတို့၏ပြောစကားကိုကြားလျှင် ဘုရားအလောင်းအမတ်သည် ထို ပညာရှိတို့နှင့်အတူ ဝမ်းသာအားရဖြစ်လျက် စက္ကူပေတို့၌ ပိဋကသုံးပုံ ဗုဒ္ဓ၏ စကားတော်ကို မှတ်သားသည့် အက္ခရာစာလုံးများကို ရေးစေလျက် ထိုပညာရှိ တို့အား ယမင်းဘောဇဉ် အဝတ်တန်ဆာများကို ပေးလေသည်။

တနေ့မှာ ဘုရားအလောင်းသည် ပညာရှိများခြံရံလျက် ပေါရာဏဂေါ ဟမဘုရား၏နေရာ ကျောင်းတော်သို့ သွား၏၊ ဘုရားအားရှိခိုးပြီးလျှင် နံ့သာ ပန်း စသည်တို့ဖြင့်ပူဇော်လျက် လက်အုပ်ချီမိုးရှိခိုးကာ—

"ဘုန်းတော်သခင် အရှင်မြတ်ဘုရား- အလုံးစုံသော တပည့်တော်တို့ သည် ယုံကြည်မှုသဒ္ဓါကောင်းစွာ ပြည့်စုံသည်ဖြစ်၍ တပည့်တော်များ

စွမ်းအားရှိသလောက် စက္ကူပေတို့၌ အရှင်ဘုရား၏ အဆုံးအမတော်
ဖြစ်သော ပိဋကသုံးပုံ ပုဒ်အက္ခရာကို ရေးသားပါကုန်အံ့"

ဟု လျှောက်ထားလေသည်။

ပေါရာဏဂေါတမမြတ်စွာဘုရားသည် အိုအမတ်- ငါဘုရား၏ အဆုံးအမ ဖြစ်သော ပိဋကသုံးပုံ ပုဒ်အက္ခရာကို စက္ကူပေါ် ပေပေါ်၌ သင်တို့ရေးသားသည်ကား ကောင်းပေစွဟု မိန့်တော်မူပြီးလျှင် ထိုပညာရှိတို့၏ အက္ခရာရေးမှတ်သောကောင်းမှုကို ဤသို့ အနုမောဒနာ ပြုတော်မူလေသည်။

အကြင်လူသား၊ သဒ္ဓါထား၍၊ ငါဘုရားသာသနာ၊ သုံးဖြာပိဋက၊
ပဒအက္ခရာ၊ ကိုယ်တိုင်သာ ရေးပါရေးစေ ပြုသတည်း။
လောကဖြစ်ငြား၊ ထိုလူသားသည်၊ နတ်ကား တဖြာ၊ လူ့ရွာတဖုံ၊
ဖြစ်ပြန်တုံသော်၊ များပုံလူထက်၊ အသက်ရှည်စွာ၊ ချမ်းသာကဲလွန်၊
ဘုန်းကံကြီးမား၊ ရွှေရှားမွဲကင်း၊ ဖြစ်တုံ လျှင်းသည်၊ ရှင်ရင်းဘုရား
ဟောသတည်း။
သံသရာမှာ၊ ကျင်လည်ခါလည်း၊ ပါယ်ရွာမကျ၊ သုခလုံးစုံ၊ လူနတ်
ဘုံ၌၊ အာရုံငါးပါး၊ အစားစား၊ မမှားထိုသူရသတည်း။

## အကျိုးတမျိုး ဖွံ့ဖြိုးလာပုံ

ဤသို့ အနုမောဒနာ ဝမ်းသာစကား ပြောကြားပြီးလျှင် ဘုရားရှင်သည် ကျိုးအင်တမျိုး ဖွံ့ဖြိုးသည်ကို ဤသို့ မိန့်မြွက်တော်မူ၏။

အကြင်သူသည်၊ လူ့ရွာ ပြည်၌၊ ဖြစ်သည် ရှိသော်၊ ပြည့်ဘိ ဥစ္စာ၊
ချမ်းသာကြွယ်ဝ၊ ခတ္တိယနှင့်၊ ဗြာဟ္မဏမျိုး၊ ဖြစ်ရရိုးတည်း၊ သံ
သရာမှာ၊ ကျင်လည်ခါလည်း၊ ယုတ်မာ အမျိုး၊ မဖြစ် ရိုးတည်း၊
ကောင်းကျိုးလိမ္မာ၊ပျိုးဆွေညာ၌၊ ဝဲလာသန္ဓေ၊ဖြစ်ရချေ၍၊ ကင်းလေ
ယုံမှား၊ အများမိုရာ၊ ဖြစ်လိမ့်သာတည်း၊ တိပိဋက၊ ပဒ အက္ခရာ၊
ပေစာစက္ကူ၊ ရေးပြုလူ၍၊ လူတွင်သက်ရှေ၊ ဘုန်းနေကြီးမား၊ စပါး
ဥစ္စာ၊ ဖွံ့ဖြိုးစွာသည်၊ မြွက်ပါကောင်းမှု အကျိုးတည်း။

ဘုရားစကား သဒ္ဓါထား၊ ရေးသားသူတွေမှာ။
ရှုချင်ဘွယ်ပ၊ အဆင်းလှ၊ မုချရမည်သာ။
စကားပြေပြစ်၊ လူတိုင်းချစ်၊ ရလစ်ကျိုးတဖြာ။
တန်ခိုးကြီးမြတ်၊ ဘုန်းကြီးလတ်၊ ကျိုးမြတ်ကုသိုလ်လာ။
သဒ္ဓါကြီးမြတ်၊ ပိဋကတ်ပါ၊ တလုံးစာ၊ ရေးပါထိုသူမျိုး။

စကြာမင်းဖြစ်၊ ကြိမ်ခုနစ်၊ ပဒေသရာဇ်မှာ၊ မရေးသာ၊ မှတ်ပါစာရေးကျူး။
နက်ဘဝမှာ၊ မရေးသာ၊ မှတ်ပါရေးရကျူး။
သို့ကြောင့်ပင်လျှင်၊ ပညာရှင်၊ ရေးလျှင်ရေစေထိုး။
ချမ်းသာလိုလား၊ လူအများ၊ နာကြားကြံစည်၊ ပူဇော်မှီ၊ ဆောင်သည် လုပ်ကြမျိုး။
ဘုရား,တရား၊ သံဃာအားဖြင့်၊ သုံးပါးဂုဏ်တော်၊ ငါးဖော်သီလ၊ ဒါနဝတ္တ၊ အဂုရု၊ မှတ်ပြုပေါ်ကွန်းထိုး။
ချမ်းသာလိုလား၊ လူအများတို့၊ ပြုကြွားကုသိုလ်၊ ညွှန်းဆိုတပလွန်၊ ယူထံနှတ်ရှာ၊ ဗိုခိုရာ၊ ကောင်းစွာဖြစ်သည်မျိုး။

ဤစကားရပ်တို့ဖြင့် အက္ခရာရေးသားခြင်း၏ အကျိုးကိုပြပြီးလျှင် မြတ်စွာဘုရားသည် ထိုပညာရှိအမတ်၏ အနာဂတ်၌ အဖြစ်ဇာတ်ကို သိလိုသည်ဖြစ်၍ အနာဂတံသဉာဏ်ဖြင့် တဖန် ကြည့်တော်မူသည်ရှိသော်–

ပညာရှိအမတ်သည် အနာဂတ်ကာလ၌ ဒီပင်္ကရာမြတ်စွာဘုရား၏ အထံမှ ဘုရားအဖြစ် ဗျာဒိတ်စကားရ၍ ငါနှင့်တူသော ဂေါတမဘုရားဖြစ်လတံ့ဟု သိတော်မူလေသည်ဖြစ်၍ ဗျာဒိတ်စကားကို မိန့်ကြားတော်မူလေ၏။

ထိုအခါ ဘုရားအလောင်း ပညာရှိအမတ်သည် မိမိ၏ စည်းစိမ်ချမ်းသာကို ခံစား၍ အသက်ရှည်သမျှ တည်နေကာ ထိုမှစုတေသော် ပိဋကတော်ကို အက္ခရာရေးသားသော အကျိုးအာနိသင်အားဖြင့် တာဝတိံသာ နတ်ပြည်ဝယ် သည့်နှစ်ယူဇနာရှိသော ရတနာ အမျိုးမျိုးတို့ဖြင့် တန်ဆာ ဆင်အပ်သော ရွှေဗိမာန်၌ ဖြစ်လေသည်၊ ထိုနတ်ပြည်မှာ အသက်အတိုင်းအရှည်အားလျော်စွာနေ၍ စုတေပြန်လျှင် ကပိလမြို့၌ ဣသိန္ဒမင်းကြီး၏ မိဖုရား နန္ဒာ၏ဝမ်း၌ ပဋိသန္ဓေတည်နေလေသည်၊ ဆယ်လပြည့်သော် ရွှေရုပ်တမျှ လှပသောသားကို မွေးဖွားလေသည်။

## အက္ခရာရေးလှူကျိုး အမျိုးမျိုးအထွေထွေ

ဘုရားအလောင်း မွေးသောခဏ၌ ပိဋကအက္ခရာ ရေးသားခဲ့သောကုသိုလ်ကြောင့် ကပိလတမြို့လုံး၌သိကြားမင်းသည် ရတနာရွှေမိုးငွေမိုးကို ရွာချစေ၏၊ ခပည်းတော် ဣသိန္ဒမင်းကြီးသည် ထိုအံ့သြဘွယ်ကိုမြင်၍ ငါ၏သားသည် ဘုန်းတန်ခိုးအာနုဘော် ကြီးသော သားတည်းဟု အမှတ်ပြုလျက် ဘုရားအလောင်းကို နာမည်မှည့်သောနေ့၌ ကပိလမြို့၌ မွေးဖွားသောကြောင့် ကပိလ

မင်းသားဟု အမည်ပေးလေသည်၊ ဘုရားအလောင်းအားနာမည်မှည့်ကင်ပွန်း တပ်မင်္ဂလာ အခမ်းအနား ကျင်းပသောနေ့၌ သိကြားမင်းသည် ရတနာခုနစ်လီ ချယ်စီသော တန်ဆာတို့ဖြင့် ပူဇော်၏၊ ဝဿဝတ္တိနတ်မင်းသည် အဝတ်အထည်အမျိုးမျိုးတို့ဖြင့် ပူဇော်၏၊ ရုက္ခစိုးနတ်မင်းသည် ပန်း နံ့သာ အမျိုးမျိုးတို့ဖြင့် ပူဇော်၏၊ ဘုမ္မစိုးနတ်မင်းသည် ရွှေငွေတို့ဖြင့် ပူဇော်၏၊ နဂါးမင်းသည် ရတနာခုနစ်ပါးတို့ဖြင့် ပူဇော်၏၊ ခြင်္သေ့မင်းသည် ခြင်္သေ့ငယ်များအား ဟိမဝန္တာမြောက်ပိုင်းမှ တိရစ္ဆာန်အမျိုးမျိုးတို့၏အသားတို့ကိုယူဆောင်စေလျက် ဘုရားအလောင်း၏ အစာအာဟာရအတွက် နေ့စဉ်ဆက်သ၏၊ ဗြဟ္မာမင်းကြီးသည် ညချမ်းအခါ၌ရင်း, နတ်ပြည်ခြောက်ရပ်မှ နတ်တို့သည် ညဉ့်ဦးအခါ၌ရင်း, ဘုမ္မစိုးနက်တို့သည် ညဉ့်၏ နောက်ဆုံးယံ၌ရင်း, ရုက္ခစိုးနတ်တို့သည် နံနက်စောစောနှင့် နေ့လည်အချိန်များ၌ရင်း ပိမိတို့၏ တူရိယာအမျိုးမျိုးတို့ဖြင့် သီဆိုတီးမှုတ် ကခုန်ကြလျက် ဘုရားအလောင်းအား ဖျော်ဖြေကြကုန်၏၊ နဂါးမင်းသည် ရတနာခုနစ်ပါးဖြင့် ပြုလုပ်ထားသော ရတနာအိုးတို့ဖြင့် နံ့သာရေပြည့်သောရေကို သယ်ဆောင်၍ ဘုရားအလောင်းအား ဆက်သ၏၊ နတ်အပေါင်းတို့သည် မြောက်ကျွန်းမှ နတ်သမီးတမျှ လှပသော မိန်းမကို ဆောင်ယူ၍ အလုပ်အကျွေးအလို့ငှာ ပေးအပ် ဆက်သကြကုန်၏၊ ၎င်းတို့၏ အကြီးအကဲဖြစ်သော မြင်းဘုရင်သည် မြင့်မြတ်သော ဝလာဟကမြင်းမျိုးမှ ခွန်အားဗလနှင့်ပြည့်စုံသော အာဇာနည်မြင်းတကောင်ကို တန်ဆာအမျိုးမျိုး ဆင်ယင်လျက် ဆက်သလာ၏၊ ဆင်မင်းသည် ဆဒ္ဒန်ဆင်မျိုးမျှ တန်ဆာပလာ အပြည့်အစုံဖြင့် တန်ဆာဆင်ထားသော အားအစွမ်းနှင့် ပြည့်စုံသော ဆင်ဖြူတော်တစီးကို ဆောင်ယူ ဆက်သလာ၏။

ထို့ပြင် ဗြဟ္မာမင်းသည် ရတနာခုနစ်ပါးဖြင့် ပြီးသော ပြာသာဒ် ခုနစ်ဆောင်ကိုရင်း, သိကြားမင်းသည် ရွှေပြာသာဒ် ခုနစ်ဆောင်ကိုရင်း နဂါးမင်းသည် ရတနာအမျိုးမျိုး စီချယ်သော ရွှေပြာသာဒ် ခုနစ်ဆောင်ကိုရင်း, ဇမ္ဗူဒိပ်ကျွန်း၌ ရှိရှိသမျှ မင်းအပေါင်းတို့သည် ရတနာအထွေထွေတို့ဖြင့် ပြီးသော ပြာသာဒ်တို့ကိုရင်း ဘုရားအလောင်းအား ဆက်သကြကုန်၏။

ဘုရားအလောင်း၏ ပြာသာဒ် ပတ်ဝန်းကျင် အရပ်လေးမျက်နှာ ဆယ်ယူဇနာအတွင်း၌ ရွှေအိုးကြီးများသည်ရင်း, ယင်း ရတနာရွှေအိုးကြီးတို့အလယ်၌ ရတနာ ရွှေသီးရွှေပွင့် ငွေသီးငွေပွင့် အခက်အလက်တို့နှင့် ပြည့်စုံသော ရွှေငွေရတနာ ပဒေသာပင်ကြီးတို့သည်ရင်း မြေမှ ပေါက်ရောက် ထွက်ပေါ်လာကုန်၏၊ ထိုရွှေပဒေသာပင်ကြီးတို့၏ အသီးအပွင့် အရွက်အညွန့်တို့မှ လေလွန့်

သဖြင့် မြူးကြွန်ပယာ ထွက်ပေါ်လာသော အသံတို့သည် ငါးတန်တူရိယာ တီးမှုတ်သကဲ့သို့ သာယာကုန်၏။

ဘုရားအလောင်းစံရာ ပြာသာဒ်၏ လေးဘက်လေးတန်တို့၌ ပဒေသာပင်ကြီးလေးပင်၊ ကပ္ပဒေသာပင်ကြီး လေးပင်၏ အကိုင်းအခက်တို့၌ အဖိုးမဖြတ်နိုင်သော ရတနာမျိုး အဝတ်မျိုး ကန်သာမျိုး အစာ အာဟာရမျိုးတို့သည် ချွဲရွဲ ချိတ်ဆွဲလျက်ရှိသော မြေမှ ထွက်ပေါ်လာကုန်၏။

ဘုရားအလောင်းနေရာ ပြာသာဒ်၏ လေးဘက်လေးတန်တို့၌ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော သဲ့ရှစ်တောင်အမြင့် ပမာဏရှိသော ရတနာတံတိုင်းကြီးများသည်၎င်း ယင်းတံတိုင်းကြီးတို့၏ အတွင်း၌ ရတနာအမျိုးမျိုးတို့ဖြင့်ပြီးသော လှေကားလမ်းများသည်၎င်း အယှက်ကြည်လင်သော ရေများအပြည့်ရှိသော ကန်များ၊ ရေအိုင်များ ရှစ်သောင်းလေးထောင်မျှ များပြားသော ရွှေတောင်ငွေတောင်များ၊ စန္ဒကူးနံ့သာပင်များသည်၎င်း၊ ရွှေငွေရတနာတို့ဖြင့်ပြီးသော ရှုချင်ဖွယ်ရှိသည့် ငှက်ရုပ် မြင်းရုပ် နွားရုပ် ကျဲရုပ် စသည်တို့သည်၎င်း မြေမှ ထွက်ပေါ်ကြကုန်၏။

ထို့ပြင် ရတနာအမျိုးမျိုးဖြင့်ပြီးသော ဇရပ်တို့သည် တယူဇနာ နှစ်ယူဇနာခြားလောက်တွင် မြေမှပေါ်ထွက်တည်ရှိကြကုန်၏၊ မဏိမေခလာ သမုဒ္ဒရာနတ်သမီးသည် ရှစ်သောင်းလေးထောင်သော ရတနာအသွယ်သွယ်ဖြင့် ဆန်းကြယ်သော ရွှေလှေတို့ကို ဆက်သလာ၏၊ ဤမျှ များပြားသော စည်းစိမ်ချမ်းသာတို့ကား ပိဋကတော်များကို ရေးသားပူဇော်ခဲ့သော ကုသိုလ်ကောင်းမှု၏ အကျိုးတရားများပင် ဖြစ်ပေသည်။

## ပင်းသား လူအပေါင်းအား ဩဝါဒပေးခြင်း

ဤသို့လျှင် ဘုရားအလောင်းသည် ရှေးဘဝကပြုခဲ့သော ပိဋကတော်များကို ရေးသားပူဇော်ခဲ့သည့် ကောင်းမှုကြောင့် ရအပ်သော များစွာသော စည်းစိမ်တို့ကို ခံစားပြီးလျှင် မယ်တော် ဝမည်းတော်များ နှင့်အတူ ကပိလနေပြည်တော်၌ ငှစ်ပေါင်းများစွာ နေလာပြီးနောက် ခမည်းတော် ဂုလိန္ဒ ပင်းနတ်ရွာစံသောအခါ ဖခင်၏ထီးနန်း အမွေဲအရာကို ဆက်လက်ခံယူလျက် မင်းစည်းစိမ်ကို ခံစားလျက်နေလေ၏၊ ထိုအခါမှစ၍ ဘုရားအလောင်းသည် ရှေး ကပိလမြို့တော်၌ရှိသော အမတ်အပေါင်းနှင့် လူအပေါင်းတို့အား သုံးမဩဝါဒ ပေးလေသည်။

## ဘုရားအလောင်း၏ ဩဝါဒ

ရှေးကကောင်းမှု ပြုခဲ့ကြ၍ ယခုတဝပြည့်စုံ၊ ငါ့ဖြစ်ပုံကို အာရုံရှုတွေး၊ ကုသိုလ်ရေးကို၊ အလေးပြုကာ၊ လုပ်ဆောင်ရာသည်၊ မှတ်ပါဗိုလ်လူ အများတည်း။

ကောင်းမှုပညာ၊ ဟူသမျှသည်၊ သမ္ဘသတ္တာ၊ ဝေနေယျာတို့၊ သွားရာခရီး၊ ပြင်ကာပြီးသည်၊ လမ်းကြီးသဖွယ်၊ သွယ်သွယ်ခြံရံ၊ အကျိုးလှုံ၍၊ အမှန်လူသား ပြုထိုက်ငြား၏။

ထိုကြောင့် ဆိုပေ၊ သင်တတွေတို့၊ ပေးဝေဒါန၊ သုခပေါင်းစု၊ ကုသိုလ်မှုကို၊ ပြုရာမှန်ပေ၊ လယ်ကောင်းမြေသို့၊ ရှစ်ထွေသံဃာ၊လယ်မြေဘာ၌၊ ချမ်းသာအကျိုး၊ ရွယ်ကာကိုး၍၊ စိုက်ပျိုးကြလေကုန်မင့်။

ယင်းသို့ ဆုံးမဩဝါဒ ပေးပြီးနောက် မှူးမတ်နှင့် လူအပေါင်းတို့အား ကုသိုလ်ကောင်းမှု ပြုခြင်း၏ အကျိုးတရားတို့ကို တမျိုးတခြား ဟောပြလိုသဖြင့် မိန့်ဆိုပြန်သည်ကား=

သီလ စောင့်ရှောက်၊ လက်ရောက် ပေးလှူ၊ ထိုသည့်သူ၊ သက်မူရှည်လှစွာ။

တရားသဖြင့်၊ ကိုယ်နှင့်ချင့်၍၊ ကျွေးသင့်တုံငြား၊ သားမယားနှင့်၊ ကျွန်များထွေထွေ၊ ပြုကျင့်ပေ၊ ရောက်လေ နတ်ပြည်ရွာ။

မိဘစသား၊ ဆွေမျိုးများ၊ လေးစားရိုသေပါ။

ထိုသူတို့အား၊ ဥစ္စာများ၊ တိုးပွားရှာလေပါ။

ကျေးဇူးတရား၊ သိတတ်ငြား၍၊ လူသားဝမ်းသာ၊ ထိုသူမှာ၊ ရောက်ရာနတ်ပြည်ရွာ။

မိတ်ဆွေကောင်းနှင့်၊ အပေါင်းအဖော်၊ ဆွေတော်ညာတိ၊ မရှိဆင်းရဲ၊ လူမွဲတောင်းစား၊ ထိုသူအားလျှင်၊ အစားထမင်း၊ သောက်ဖွယ်နှင်း၊ ရောက်ခြင်း နတ်ပြည်သာ။

အကြင်မိန်းမ၊ ရောင့်ရဲကြလျက်၊ ချစ်စွစိတ်ဝင်၊ မိမိလင်နှင့်၊ စပ်ယှဉ်မိဘ၊ ယောက္ခမတို့၊ ထိုမှတထွေ၊ မိတ်ဆွေညာတိ၊ သဒ္ဓါရှိ၍၊ ပီတိရွှေပြေး၊ စောင့်ရှောက်ကျွေးသော်၊ ရောက်ရေး ချမ်းသာ၊ နတ်တို့ရွာ။

ချစ်ရှာသီလ၊ တုပ်ကွလင်ကို၊ ညွှန်းဆိုသီလဝန်၊ ရိုသေမှန်စွ၊ ထိုမိန်းမကား၊ လောကလူရွာ၊ ရုပ်ချောသာလိမ့်၊ သေခါနတ်ပြည်၊ လားရမည် ရှင်ကြည်မှတ်လေပါ။

ကောင်းမှုစိတ်ရှိ၊ ထိုဣတ္ထိကား၊ လှူဘိဒါန၊ စွမ်းသမျှတည့်၊ သေက
နတ်ရွာ၊ စခန်းသာလိမ့်။
အကြင်မိန်းမ၊ စိတ်ဒေါကြွလည်း၊ သွင်းဆဉာဏ်ရှင်၊ မိမိလင်နှင့်၊ ထို့
ပြင်တခြား၊ လူအများကို၊ သင်းကာဘယ်တဲ့၊ မကဲ့ရဲ့တည့်၊ မချွဲဆဲ
ရေး၊ မပြုသေးက၊ ရောက်ဖေးနတ်ရွာ၊ စည်းစိမ်ဖြာ၏။

## သိကြားမင်းက သမီးကညာဆက်ခြင်း

ဤသို့ လူအပေါင်းတို့အား အကောင်းပုည အဝဝကို ကျနပြောကြား ဘုရားအလောင်းတော်သည် ဖွေးမယ်တော် အာနန္ဒာနှင့် အတူတကွ နေထိုင်ကာ စကြာမင်းစည်းစိမ်ကိုခံစား သင်္ဂဟတရားမပျက် လူထုကို နှစ်သက်ကြင်နာစွာ စောင့်ရှောက်လေသည်။

ထိုအခါ သိကြားမင်းသည် မိမိကြင်ယာ သုဇမ္ပာနှင့် သမီးတော် သုဒ္ဓိနိကို ခေါ်ဆောင်ခဲ့ကာ အလောင်းတော် မင်းစကြာ၏ ကြင်ယာတော်အဖြစ် သုဒ္ဓိနိကိုပေးဆက်လျက် သုဒ္ဓိနိ၏ အလုပ်အကျွေးအဖြစ် လှပျိုစင် နတ်သမီးပေါင်း ရှစ်သောင်းလေးထောင်တို့ကိုပါ ပေးအပ်ဆက်သလေ၏။

ဘုရားအလောင်းသည် ဓမ္မာနန္ဒာပေါင်း ရှစ်သောင်းလေးထောင်ကိုအကွရာတင် ရေးရကျိုးဖြင့်၎င်း, အခြား ပြုလုပ်အပ်သော ကောင်းမှုတို့ကြောင့်၎င်း မယားပြုလုပ်ရန် နတ်ကညာပျိုစင်ပေါင်း ရှစ်သောင်းလေးထောင်အရံရှိသော သိကြားသမီး သုဒ္ဓိနိကို ရရှိခံစားရလေ၏၊ သုဒ္ဓိနိမိဖုရား သိကြားသမီးအမှူးရှိသော နတ်သမီးများနှင့် ပေါင်းသင်းဆက်ဆံရာ တန်ခိုးကြီးသောသားတော်ပေါင်း တထောင်ကို ရရှိလေသည်။

ဘုရားအလောင်းသည် သားတထောင်တို့အနက် အချို့သော သားကို မြောက်ကျွန်းသို့၎င်း,အချို့သားကို အရှေ့ကျွန်းသို့၎င်း, အချို့သားကို နဂါးပြည်သို့၎င်း, အချို့သားကို ဟိမဝန္တာသို့၎င်း, အချို့သားတို့ကိုကား ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ရှိသော ပင်းအသီးသီးတို့၏ အထံသို့၎င်း အတတ်ပညာနှင့် အသိဉာဏ်ဗဟုသုတ ကြွယ်ဝစေရန် စေလွှတ်၍ အချို့ကို မိမိ၏အနီးအပါး၌ နေစေ၏။

ဘုရားအလောင်းမင်းကြီးသည် ဤသို့လျှင် ဇမ္ဗူဒိပ်ကျွန်းတခွင် မြေအပြင်ရှိ မင်းအပေါင်းတို့ထံမှ ပို့ဆောင်လာသော လက်ဆောင်ပဏ္ဏာအမျိုးမျိုးနှင့် တကွ လူမိန်းမနတ်မိန်းမစသော ဇနီးကြင်ယာ မြောက်မြားစွာတို့ဖြင့် စကြဝတေးမင်း စည်းစိမ် ချမ်းသာ တို့ကို ခံစားလျက် အခြား တဖက်မှလည်း

ဒါန,သီလစသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်၍ နတ်ရွာစံ ကံတော်ကုန်သောအခါ နတ်ပြည်၌ဖြစ်လေသည်။

ဤသို့လျှင် ဘုရားရှင်သည် ရှင်သာရိပုတ္တရာ ထေရ်အား အတိတ်ဝတ္ထုနှစ်ခုကို ဟောတော်မူလျက် ချစ်သားသာရိပုတ္တရာ- ငါဘုရားသည် ရှေးအခါက သတ္တဝါများကို ဆုံးမညွှန်ကြားခဲ့လျက် ယခုအခါ၌လည်း သတ္တဝါများ၏ အနာဂတ်ကောင်းစားရေးနှင့် ငါဘုရား၏ သာသနာတော် အနှစ်ငါးထောင်ကာလတိုင်အောင် တည်စေရေးအတွက် ပိဋကတ်တော် အက္ခရာများရေးသားပူဇော်ခြင်း၏အကျိုးတို့ကို ဟောကြားတော်မူမည်၊ ဤသို့ မှတ်ယူကြလော့။

သားကြီးသာရိပုတ္တရာ- အကြင် ပညာရှိသည် ငါဘုရား၏ သာသနာရှည်ကြာစွာတည်စေခြင်းငှာ စက္ကူပေတို့၌ ဆုံးမစကား မှတ်သားသောအက္ခရာတို့ကို ကိုယ်တိုင်လည်းရေး၏၊ သူတပါးကိုလည်း ရေးစေ၏။ ထိုပညာရှိသည် သံသရာ၌ ကျင်လည်ရသော် အပါယ်လေးဘုံ၌ မဖြစ်ရဘဲ နတ်ပြည်တို့၌သာဖြစ်ရ၏၊ နတ်ပြည်၌ဖြစ်ရသော် နတ်ထူးနတ်မြတ်လူ့ပြည်၌ဖြစ်ရသော် လူထူးလူမြတ်ဖြစ်ရ၏၊အခြံအရံများ၏၊ချမ်းသာ၏၊ ဆွေမျိုးအပေါင်းတို့ဖြင့် ဝမ်းမြောက် ဝမ်းသာနေရ၏၊ နေရာတိုင်း၌ အပူဇော်ခံရ၏၊ပညာကြီး၏၊ ရဲရင့်၏၊တန်ခိုးကြီး၏၊ နေလုလင်ပမာ အာနုဘော်ရှိ၏၊ အဆင်းလှ၏၊ ရှုချင်ဘွယ်ရှိ၏၊ လူအပေါင်းချစ်ခင်၏၊ဆွေမျိုးအလယ်၌တင့်တယ်၏၊တရားအလယ်၌ လမင်းသဖွယ်ဖြစ်၏၊ အသက်ရှည်၏၊ အနာကင်း၏၊ အမျိုးနှင့်ပြည့်စုံ၏၊ အကျိုးကြီး၏၊ ချမ်းသာ၏၊ စည်းစိမ်များ၏၊ ဥစ္စာစပါးနှင့်ပြည့်စုံ၏၊ အဝတ်အစားနှင့်ပြည့်စုံ၏၊ မင်းမျိုး ပုဏ္ဏားမျိုး၌သာဖြစ်ရ၍ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံ၏၊ ယုတ်သောအမျိုး၌ မဖြစ်ရ၊ ဆင်းရဲသောအမျိုး၌ မဖြစ်ရ၊ သူဖြစ်ရာအမျိုးမှာ ရွှေငွေရတနာတိုးပွား၏၊ အမိဝမ်း၌ ပဋိသန္ဓေနေရသော် ချမ်းသာစွာနေရ၏၊ ဖွားသော် ချမ်းသာစွာ ဖွားမြင်ရ၏၊ ချစ်ဖွယ်သောစကားရှိ၏၊ အသံသာ၏၊ နှစ်သက်ဖွယ်ရှိ၏၊ နားချမ်းသာ၏၊ပစ္စည်းများစွာ ဥစ္စာကျေးကျွန်လယ်ယာနှင့်ပြည့်စုံ၏၊အချီးမွမ်းခံရ၏၊ အရိုသေခံရ၏၊ အလွန်မြတ်၏။

ငါးပြင် မန္တန်-အဆိပ်၊ သူခိုးစသည်တို့ကြောင့် မသေရ၊ ရေမီး ရန်သူနှိပ်စက်သဖြင့် မသေရ၊ သိဠိုဝ်းစသောရဲ၊ အလွန်အေးသော လောကန္တရစ်ငရဲ၌ မဖြစ်ရ၊အလွန်ဆင်းရဲငတ်မွတ်သော ပြိတ္တာမျိုး၌မဖြစ်ရ၊ သူတော်ကောင်းတရားကင်းသော ယုတ်သော တိရစ္ဆာန်မျိုး၌မဖြစ်ရ၊ ဥက္ကောင်းစောက်ထိုး အသူရကာယ်မျိုး၌မဖြစ်ရ၊ အသညသတ်ဘုံ၌ရှင်း

အလွန်ဆင်းရဲသော ပစ္စန္တရစ်၌ရင်း မဖြစ်ရ၊ လူဖြစ်သော် အကန်း, အကျိုး, အဆွံ့, အ,အ မဖြစ်ရ၊ နူနာရောဂါ ဇက်ရူးရောဂါရှိသူ မဖြစ်ရ၊ ကြက်သီးမွေးညှင်းထခြင်းမရှိ၊ ဘေးမရှိ ဆင်းရဲမရှိ အိုရုပ် မပေါက် လူပျိုကလေးနှယ် နုနယ်ပျိုမျစ်၏။

နူနာရောဂါ ဥက္ကောင်းရောဂါစသည်မရှိ နတ်ပြည်မှာဖြစ်ရသော် နတ် အခြွေအရံ တူရိယာသံတို့ဖြင့် နှစ်သက်မှုရရှိလေသည်၊ ကခုန်ခြင်း သီဆို ခြင်း တီးမှုတ်ခြင်း စားသောက်ဖွယ်တို့ဖြင့် ဝမ်းမြောက်ရ၏၊ မြတ်သော ဗိမာန်၌လျှောင်းလျက် နတ်တို့၏ သီခြင်း တီးမှုတ်ခြင်းတို့ဖြင့် ပျော်မွေ့ အောင်ပြုခြင်းကို ခံရ၏၊ မိမိနေရာ မြတ်သောနေရာ၌အိပ်သော် နတ်၌ ဖြစ်သော အာကအဆိုတို့ဖြင့် ပျော်မွေ့ရ၏၊ ဗြဟ္မာပြည်၌ ဖြစ်သော် မြတ်သောဗြဟ္မာဖြစ်ရ၏၊ ဗြဟ္မာအပေါင်းတို့ဖြင့် မြူးတူးရ၏၊ ဗြဟ္မာ ပြည်၌ ဗြဟ္မာဖြစ်သော် လွန်ကဲသောချမ်းသာကိုခံစားရ၏၊ ဗြဟ္မာပြည်မှ သေလွန်သော် ကြွယ်ဝသောအမျိုး၌ ဖြစ်ရ၏၊ ဘဝသံသရာမှာ ကျင် လည်၍ လူ့ဘဝဖြစ်ရပြန်သော် လူမြတ်၊ နတ်ဘဝဖြစ်ရပြန်သော် နတ် မြတ်ဖြစ်ရ၏၊ ထိုပုဂ္ဂိုလ်သည် ဘုရားဆု ပစ္စေကဗုဒ္ဓါဆု သာဝကဆုကို တောင်းငြားအံ့၊ နောင်အခါ သူ၏အလိုဆန္ဒအတိုင်း ထိုညာဏ်မြတ်ကို ရမည်သာတည်း၊ အလိုရှိအပ်သော ဆုထူးဆုမြတ်ကို တောင်းသည့် အတိုင်းရရှိ၍ အဆုံးဘဝ၌ တဆဲ့ဟသီးမီးတို့၏ ငြိမ်းရာနိဗ္ဗာန် ရွှေပြည် မြတ်သို့ ရောက်ရှိနိုင်ပေ၏။

ဤကဲ့သို့တဆဲ့ခြောက်ဖြာ ဂါထာတို့ဖြင့် ထိုရှင်သာရိပုတ္တရာအား ပိဋက စာ အက္ခရာရေးရခြင်း၏ အကျိုးအာနိသင်ကို ဟောပြပြီး၍ ထိုမထေရ်အား ဤသို့မိန့်ဆိုတော်မူပြန်၏။

အိုသာရိပုတ္တရာ-မိမိ၏ချမ်းသာကို အလိုရှိသူသည် ငါဘုရားသာသနာ၌ ဟောတော်မူအပ်သော ပိဋကအမှတ်အသား စာကို ကိုယ်တိုင်လည်း ရေးရာ၏၊ သူတပါးကိုလည်း အဖိုးအခပေး၍ ရေးစေရာ၏၊ သာရိ ပုတ္တရာ- ထိုသူသည် နတ်မှာဖြစ်စေ ပိဋကစာကို အက္ခရာရေးသားထား သောကောင်းမှုကြောင့် ချမ်းသာကို ခံစားရ၏။

အကြင်သူသည် ပိဋကစကား အက္ခရာကိုရေးသားလျက် ဝမ်းမြောက် ဝမ်းသာဖြစ်၏၊ ထိုသူသည် လောက၌ ကြီးကျယ်ပြန့်ပြောသော ချမ်း သာကို အခါခပ်သိမ်း ခံစားရ၏။

အကြင်သူသည် ယုံကြည်သဒ္ဓါရှိသည်ဖြစ်၍ ပိဋကတ်ကို အက္ခရာရေး သားပူဇော်၏၊ ထိုသူသည် ဘုန်းကြီး၏၊ ဥစ္စာဓန ပေါကြွယ်ဝ၏၊

ထို့ကြောင့် လူချမ်းသာ နတ်ချမ်းသာကိုရရှိခံစားလိုသောပညာရှိသည်
ယုံယုံကြည်ကြည်ဖြင့် ပိဋကတ်မှတ်စာ အက္ခရာကို ကိုယ်တိုင်လည်း ရေး
ရာ၏၊ အဖိုးအခပေး၍လည်းရေးစေရာ၏၊ ငါသည် ကြီးကျယ်သော
အကျိုးကိုပေးရန် အမှုကိစ္စကိုပြုအပ်ပေပြီဟုလည်း ဝမ်းသာရာ၏။

ဤသို့လျှင် ဤဂါထာတို့ဖြင့် ထိုသာရိပုတ္တရာထေရ်အား အထူးထူးအပြား
ပြားသော အကျိုးအာနိသင်များကို ပြောကြားပြီးနောက် တဖန် ပြပြန်လို
ရကား ဤသို့မိန့်တော်မူ၏။

ထိုအခါ လောက၏အကျိုးစီးပွားကိုပြုတတ်သော ပေါရာဏဂေါတမ
အမည်ရှိသော မြတ်စွာဘုရားသည် အသက်ရှည်သမျှ တည်တော်မူ၍
အနုပါဒိသေသပရိနိဗ္ဗာန်ပြုခြင်းဖြင့် ပရိနိဗ္ဗာန်ပြုပေလတ့်။

ဤဆိုအပ်ခဲ့သောအတိုင်း ထိုရှင်သာရိပုတ္တရာနှင့် နှစ်သက်ဖွယ် စကားကို
ပြီးဆုံးစေပြီးလျှင် ငါရှင်သာရိပုတ္တရာ- ဘုရား၏စကားတော်ဖြစ်သော ပိဋက
စာ၌ အက္ခရာရေးသားရသောအကျိုးသည် အဆုံးမရှိ အတိုင်းအတာမရှိ များ
မြတ်သည်သာဖြစ်၏ဟု ဟောတော်မူ၍ ဇာတ်ကို ပေါင်းထော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ၌ထိုသိန္ဓုမင်းသည် ယခုအခါ သုဒ္ဓေါဒန၊ နန္ဒာဒေဝီသည် မယ်တော်
မာယာ၊ သိကြားသမီးသုဒ္ဓိနီသည် ယသောဓရာ၊ သိကြားမိဖုရားသုဓမ္မာသည်
ဥပ္ပလဝဏ်၊ မြောက်ကျွန်းသူသည် ခေမာဘိက္ခုနီ၊ မဏိမေခလာသည် ပဇာ
ပတိဂေါတမီ၊ ဝသဝတ္တိနတ်မင်းသည် နာဂထေရ်၊ ရုက္ခစိုးနတ်မင်းသည် မဟာ
ကဿပ၊ ဘုမ္မစိုးနတ်မင်းသည် သံသိဇမ်ထေရ်၊ နဂါးမင်းသည် အနုရုဒ္ဓါ၊
ပြဟ္မာသည် ရှင်သာရိပုတ္တရာ၊ သိကြားမင်းသည် ရှင်မောဂ္ဂလ္လာန်၊ သားကြီး
ရတနာသည် ရှင်ရာဟုလာ၊ ကျန်သားတော် များသည် ဗုဒ္ဓသာဝက၊ ရှေး
ကပိလမင်းသည် ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

အက္ခရလိခိတဇာတ် ပြီး၏။

# ၄၄-ဝမ္ပနဇာတ်

ရုပ်တုတော်မြတ်၊ ထုတုံလတ်၍၊ ဆည်းကပ်ကော်ရော်၊
ပူဇော်သော်၊ မြင်မြော်ကောင်းကျိုးရ။

ယော ဇနော ကူစွန္တော သုခံ၊ လောကေ ဘောဂန္တော မယာ သဒ္ဓိံ။
ပူဇေတိ ကူဒ ပဋိမံ၊ သောဇနော သံသာရေ ဇာတော။
ဝိပုလံ သုခင်္ဂ သဒါ၊ လဘိဿတိ ဒေဝမာနုသေ။

ဘောဂန္တော၊ တရားဒေသနာကို မအားအောင် ဖွေရှာကြတဲ့ ပြေခမာ နိဗ္ဗူ နန်းကို ရှေမကြာ စိတ်ကူမှန်းပြီး ရိပ်ပြူခန်းဂူအောင်းကြတဲ့ အိုသူတော်ကောင်း တို့။ လောကေ၊ လောက လောကနှင့် ပြောကြလေရာ လူတို့ရွာ၌။ ယောဇနော၊ ကိန်းမပြဘဲ ထိန်းရတူတူ အကြင်သူသည်။ သုခံကူစွန္တော၊ စားမှုနေမှု ဝတ်မှု ဘမ်းသာ ထွေထွေရာမှာ ချမ်းသာလိုသည်ရှိသော်။ မယာသဒ္ဓိံ၊ ငါနှင့်တမူ အတူတူ။ ကူဓ၊ ဤသို့ဖြစ်လာ မျက်မှောက်ခါ၌။ ပဋိမံ၊ ဘုရားရှင်၏ မျှားမြင် လုပ်မှု မှုပ်ထုတော်ကို။ ပူဇေတိ၊ လှူဘွယ်ဝတ္ထု အစုစုဖြင့် လေးပြူ ကော်ရော် ပူဇော်ပေ၏။ သောဇနော၊ ထိုသူသည်။ သံသာရေဇာတော၊ သံသရာဘဝ ကျင်လည်ရသည်ရှိသော်။ ဒေဝမာနုသေ၊ နတ်ရောလူပါ နှစ်ဖြာကြုံရ ဘုံဘဝ ၌။ ဝိပုလံ သုခင်္ဂံ၊ ပြန့်ပြောကြီးကျယ် သွယ်သွယ်များလတ် ချမ်းသာမြတ်ကို။ သဒါ၊ အခါခပ်သိမ်း။ လဘိဿတိ၊ ကုသိုလ်ကံ အခြေလှသဖြင့် တုဆိုရန် သွေမခွဘဲ (သြ)ကေန်ရပေလိမ့်သတည်း။

ဤဒေသနာကို ပရမေဘာဂဝါ အရှင်မြတ်တည် အစဉ်မပြတ် ကောင်းချီး ဝေညွှန်ပဲ့ ကျောင်းကြီးဇေတဝန်မှာ ထေရ်အမွန် နောက်လိုက် တပည့်တွေနဲ့ မသိသရွေ့ အမေးခံပြီး ကဝိမလေ့ မေးစံတော်မူစဉ် ရှေးယခင် ပြုခဲ့သော အမှု အလုပ်ဖြင့် ဗုဒ္ဓရုပ်ထုလုပ် ကိုးကွယ် အကြောင်းသွယ်၍ ဟောတော်မူလေ သည်။

တနေ့ဆီမှာ ပသေနဒီကောသလမင်းသည် မင်းချင်းအမျှား ခြံရံလျက် ပန်းမှန်လက်စွဲ မြို့ထဲမှထွက် ကျောင်းတော်ဘက်ကိုသွား ဘုရားကို ချဉ်းကပ် ၍ နှင်းအပ်ကာ လက်ယှက်မိုး ရှိခိုးပြီးလျှင် သင့်တော်ရာမှာ ထိုင်လျက်- အရှင်ဘုရား- အကြင်လူသားတို့သည် မူထားတူသော ဘုရားသာသနာ၌ ကြည် လင်စွာ စိတ်ရှိလျက် သိဒ္ဓိရှင်မြတ်ဘုရား ဓာတ်သားအရှိ စိတ်ကြံဖြင့် ပရိနိဗ္ဗာန်

ပြုခဲ့သောရှင်ကောင်းရုပ်သွင်ကို အဟုတ်ထင် ဖူးမြင်ရခြင်းငှာ တောင့်တပါလေသည်၊ အရှင်ဘုရား ထိုလူသားသည် ဘုရားရုပ်တု ကိုယ်တိုင်ထုလုပ်၍ရင်း၊ တခြားသူကို ထုလုပ်စေ၍ရင်း ကိုးကွယ်မှုပြုပေ၏၊ ရုပ်တုကိုးကွယ်မှုသည် ကျိုးနွယ်ယခု တကယ်ပြလျှင် ဘယ်မျှရှိပါသနည်းဟု မေးလျှောက်လေသည်။

မင်းကြီးစကား ဘုရားကြားလေသော် မြတ်သောမင်းကြီး- ဘုရားရုပ်တုလုပ်ထုကိုးကွယ်မှုကား အလွန် အကျိုးများပေသည်ဟု မိန့်တော်မူပြီးလျှင် ရှေးက ပညာရှိတဦးသည် တနေရာမှာ တည်ထားသော ဗုဒ္ဓရုပ်တုကို ဖူးမြင်ပြီးနောက် ရွာသို့ပြန်ရောက် ဘုရားကျောင်းဆောင် တခုဆောက် ပြီးမြောက်တော့ ရုပ်ပွားတော်တင်လူ ဖြူနီပန်းတွေဖြင့် ပူဇော်သောကြောင့် ကြီးကျယ်သော အကျိုးကို ရဘူးလေသည်ဟု မိန့်တော်မူပြီးလျှင် ဆိတ်ဆိတ် နေတော်မူ၏၊ ကောသလမင်းမြတ် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ဇာတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

မြတ်သောမင်းကြီး- ရှေးအတိတ်က အင်္ဂဝတီမြို့တွင် ပြည့်စုံကြွယ်ဝသော ကုန်သည်မျိုး၌ ဝဇ္ဇနအမည်ရှိသော ဘုရားအလောင်းသည် ဖြစ်လေသည်၊ သူ၏ ကြင်ယာသက်ထား ဇနီးမယားသည်ကား ကလျာဏီအမည်ရှိ၏၊ သူ့ကို၏သားသည်ကား ဝရပိယအမည်ရှိ၏။

ဘုရားအလောင်းဝဇ္ဇနသည် သဒ္ဓါတရားနှင့်ရင်း၊ အသိပညာနှင့်ရင်း၊ ထကြွလုံ့လ ဝီရိယနှင့်ရင်း စည်းစိမ်ဥစ္စာနှင့်ရင်း ပြည့်စုံ၏၊ သမုဒ္ဒရာဝရလပ်း၌ ကုန်ကူးသန်းရောင်းဝယ်မှုပြုခြင်းငှာ နိုင်ခံ့သော လှေကြီးကို ဆောက်လုပ်စေ၏၊ ဆောက်လုပ်၍ ပြီးလျှင် ရောင်းကုန်ပစ္စည်းပျားကို တင်ဆောင်၍ အခြံအရံ လူတထောင်နှင့်တကွ လှေထွက်လေသည်၊ လှေထွက်လေရာ သမုဒ္ဒရာ အလယ်ကျွန်းငယ်တခုသို့ ရောက်၍ ထိုကျွန်း၏ ကမ်းပါး၌ ကျောက်ချ ရပ်ထားလေသည်။

ထိုလှေကို ရပ်ထားသောအခါ ဘုရားအလောင်းသည် အပေါင်းပရိသတ်နှင့် လှေမှတက်၍ ကုန်းထက်၌ လှည့်လည်လေ့လာရာ ပျော်မွေ့ဘွယ် ရှိသော အရံတခုကို တွေ့မြင်၍ ထိုအရံသို့ဝင်လျက် ထိုမှ၌မှ ကြည့်ရှုသော် ဘုရားရုပ်တုတော် တည်နေရာ ကျောင်းဆောင်တခုကို တွေ့မြင်လေသည်။

ဘုရားအလောင်းသည် လူအပေါင်းနှင့် ထိုကျောင်းဆောင်ပေါ်သို့ တက်လျက် နှစ်သက်ဝမ်းမြောက်စွာ ငါးဖြာသော ထိခြင်းဖြင့် ရုပ်ပွားတော်ကို

ရှိခိုးလေသည်၊ ပန်းစသည်ဖြင့်လည်း ပူဇော်လျက် ထိုကျောင်းပေါ်၌တည်နေလေသည်။

ဘုရားအလောင်းသည် ထိုကျောင်းပေါ်၌ နေစဉ် နှစ်သက် ဝမ်းမြောက်ခြင်းဖြင့်၍ ဘုရားရုပ်တုတော်ကို အထပ်ထပ်ကြည့်ကာ ယခု ငါ့အား ကုသိုလ်ပြုခွင့် ရပေသည်၊ ဤ ဘုရားရုပ်ပွားတော် ကျောင်းဆောင်မှာ ငါသည် မိဘတို့နှင့် အတူတကွ နေလျက် ငါ၏ပရိသတ်အား ဘုရားရုပ်ပွားတော်ကို ပူဇော်စေမှဟု နှလုံးသွင်း၍ ဤနေရာမှာ ငါနှင့်အတူ ငါ၏ပရိသတ် ပြုအပ်သော ကောင်းမှုသည် ကောင်းသော အကျိုးကို ပေးသည် ဖြစ်ပေလတ့်ဟု ကြံစည်မိလေသည်။

## ရုပ်တုတော်ပြင့် ရှုပျော်ပေါင်းစု ကောင်းမှုရာစို့

ဤသို့ကြံစည်ပြီးနောက် ဘုရားအလောင်းသည် ထိုဘုရားကျောင်းဆောင်၌ ထိုင်လျက် မိဘပရိသတ်နှင့် တိုင်ပင်ပြောဆိုလေသည်၊ ဤသို့ တိုင်ပင်ပြောဆိုပြီးနောက် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ငွေအချိန်မှာ ထိုမှဤမှ လှည့်လည်ကာ ထိုထိုနေရာကို ထပ်တလဲလဲ ကြည့်ရှုသော် ရုပ်တုတော်၏ လက်ချောင်းပြတ်နေသည်ကို တွေ့မြင်၍ ဤသို့ကြံစည်အောက်မေ့မိလေသည်၊ ငါသည် ရုပ်တုတော်၏ လက်ချောင်းကို ပကတိအတိုင်း ကောင်းအောင် ပြုလုပ်အံ့၊ ယခု ငါပြုအပ်သော ထိုကောင်းမှုသည် ချမ်းသာ ကောင်းကျိုးကို ပေးလိမ့်မည်သာတည်းဟု ကြံစည်မိလေသည်။

ထိုအကြံအစည်အတိုင်း ဝစ္စနုမည်သော ဘုရားအလောင်းသည် ဘုရားကျောင်းဆောင်၌ မိမိပရိသတ်နှင့်အတူ ထိုင်လျက် အိုလူအပေါင်းတို့- သင်တို့သည် ဤ ဘုရားကျောင်းဆောင်၌ ငါနှင့်ဆန္ဒတူ ဖြစ်ကာ ရုပ်ပွားတော်၌ လက်ချောင်း ပြတ်နေသည်ကို ပကတိအတိုင်း ဖြစ်အောင် ပြန်လည် ဆက်ကြပါကုန်စို့၊ ကျွန်ုပ်တို့ ပြုသော ကောင်းမှုသည် အလွန်လျှင်အကျိုးအာနိသင်ရှိ၍ အလွန် ကြီးကျယ်သော ချမ်းသာသုခကို ရပေလတ့်၊ တပလွန်လောကအတွက် နှစ်သက်မြတ်နိုး အကျိုးရှိသည်ဖြစ်ပေလတ့်ဟု ပြောဆိုလေသည်။

ဤသို့ပြောဆိုပြီးလျှင် ဘုရားအလောင်းသည် ထိုဘုရားကျောင်းဆောင်၌နေသော မိမိ၏ဘပန်ယောကျ်ားတယောက်ကို အိုတပန်ယောကျ်ား- သင်သည် ယခုသမုဒ္ဒရာကမ်းသို့ သွား၍ ထိုကမ်းမှ အလွန်နူးညံ့ကောင်းမွန်သော အဆင်းရှိသော မြေညက်ကို ယူ၍ ငါ၏ထံသို့ အမြန်လာခဲ့လော့ဟု ပြောဆို၏။

တမန်ယောက်ျားသည် ကောင်းပါပြီ အရှင်ဟုဆို၍ နေရာမှထကာ ထို မြစ်ကမ်းသို့သွားလျက် မြေညက်ကိုယူပြီးလျှင် ဘုရားအလောင်း၏ လက်၌ ပေး အပ်လေသည်၊ မြေညက်ကိုရလျှင် ဘုရားအလောင်းသည် ကိုယ်တိုင် မြေညက် ကို တင်လဲဆီ စသည်နှင့် ရောနယ်၍ ရုပ်ပွားတော်၏ လက်ချောင်းပြတ် ကို ပကတိအတိုင်း ကောင်းအောင် ပြုပြီးလျှင် ထိုဘုရားကျောင်း၌ ထိုင် နေ၏။

ထိုအခါ ဘုရားအလောင်းသည် ပကတိအတိုင်းဖြစ်သွားသော ထိုရုပ်ပွား တော်ကို ပူဇော်လျက် အလွန်ဝမ်းမြောက်ခြင်းကို ဖြစ်လေသည်၊ နေ့စဉ်နေ့တိုင်း ဗုဒ္ဓရုပ်တုတော်အား ဆီမီးပူဇော်ခြင်းငှာ ထိုအရပ်၌နေသော အဖွားကြီး၏ လက်၌ ငွေတရာပေး၍ အဖွားသည် ဤငွေတရာဖြင့် ဤရုပ်တုတော်အား ဆီမီးပူဇော်ပါဟု ပြောဆိုပြီးလျှင် ဗုဒ္ဓရုပ်တုတော်အား ရှိခိုးလျက် ဤသို့ ဆုတောင်း၏။

> ငါပေးအပ်သော ဤငွေတရာဖြင့် ဤအဖွားကြီးသည် ရုပ်တုတော် အား ဆီမီး ညှိထွန်းပူဇော်မှုကို အမြဲတစေ ပြုလုပ်ပေ၏၊ ငါ၏ ဆီမီး အလှူသည် နတ်ဘုံ လူ့ဘုံ၌ မြတ်သော အထွတ်ထိပ် ချမ်းသာကို ပေး ပါစေသတည်း။

ဤသို့ဆုဆိုကာ ထိုဘုရားကျောင်းမှာထိုင်လျက် မိမိ၏အပေါ်ခြုံစသော အဝတ်ဖြင့် အထူးထူးသော မြတ်သောတံခွန်ကိုပြုလျက် ဗုဒ္ဓရုပ်တုတော်အား ပူဇော်ကာ ဤသို့ ဆုတောင်းပြန်၏။

> ဝှမိနာ ဓဇဒါနေန၊ ယတ္ထ ယတ္ထ ဘဝေ ဇာတော။
> ဒလိဒ္ဒေါ မာဘဝါမိဟံ၊ တတ္ထ တတ္ထ ဘဝေအဟံ။
> ဘောဂဝါ ဓနဝါ၊ သဒါ ဘဝိဿာမိ အနာဂတေ။

အဟံ၊ ဝစ္စနဟု မည်ရသပုတ် အကျွန်ုပ်သည်။ ဝှမိနာ ဓဇဒါနေန၊ အပေါ် ရုံပုဆိုး တံခွန်ထိုး၍ ကောင်းကျိုးရှယ်ချ ဤအလှူကြောင့်။ ယတ္ထ ယတ္ထ ဘဝေ၊ ဖြစ်လေရာရာ သံသရာခေါ်ကြ အကြင် အကြင် ဘဝ၌။ ဇာတော၊ သန္ဓေယူလစ် က်အခြေမှုသစ်၍ ဖြစ်ခဲ့ရသည်ရှိသော်။ ဒလိဒ္ဒေါ၊ ပစ္စည်းဥစ္စာ လက္ခဏာနွမ်းပါး ဆင်းရဲသော လူစားသည်။ မာဘဝါမိ၊ ယခုကစ ဘဝထို ထို မဖြစ်ရပါလို။ အဟံ၊ ဝစ္စနဟု မချွတ်ရသော အမည်ရှိသော ငါသည်။ တတ္ထတတ္ထဘဝေ၊ ဖြစ်လေရာရာ သံသရာခေါ်ရ ထိုထိုဘဝဟု ဆိုအပ်သော။ အနာဂတေ၊ အနာဂတ်ဘဝ နောင်ကာလ၌။ သဒါ၊ အခါခပ်သိမ်း။ ဘော ဂဝါ၊ ကိုယ်စိတ်နှစ်ပါးအများအလုပ် အားမထုတ်ရ သုခကြီးရှိန် စည်းစိမ်ရှိ

သော သူသည်ဌင်း။ ဓနဝါ၊ ဆန်ရေစပါးများပြားရတနာ ပေါလျှံဖြာသည့် ဥစ္စာရှိသူသည်ဌင်း။ ဘဝိဿာမိ၊အခြေအနေသစ်၍ဖြစ်ရပါစေသား အရှင်မြတ်ဘုရား။

ပတ္တနာဆု ထပ်ခါခါ ပြုပြီးနောက် ဝမ်းမြောက်စိတ်လှ ဝဓုနဗောဓိသတ်သည် လောကီရပ်တမျိုး ဇောမနဿကပ်အကျိုး ပွားတိုးရန် ရည်စူး၍ ကြည်နူးစွာမူကြောင်း‌ခံ၍ ဆုတောင်းပြန်သည်ကား ဤသို့ပေတည်း။

ဤကောင်းမှုကြောင့်၊ ပေါင်းစုရန်နှင်၊ ပြိုင်ဘက်စင်၊ နောင်တွင်ဘုရားဖြစ်ရပါစေသား။

သံသရာဘဝ၊ ကံကြမ္မာချလို့ ၊ဖြစ်ရင ါသည်၊အားစည်ရပ်ချော၊အပြောဟုတ်စွာ၊ ဥစ္စာညဏ်ရည်၊ ပြည့်စုံညီသည်၊ တလ်လူသား ဖြစ်စေဘုရား။

ရန်သူခိုးသူ၊ ဤသည့်လူတို၊ တူရူမျက်မှောက်၊ မရောက်စေသတည်း။

ရန်ပေါင်းဘေးပေါင်း၊ ဝေးရှောင်းမြဲသွေ၊ ဖြစ်ပါစေသတည်း။

ဤသို့ ဆုတောင်းပတ္တနာပြုပြီး၍ ဗုဒ္ဓ၏ရုပ်တုတော်ကို ရှိခိုးပြီး ဘုရားကျောင်းမှထွက်ကာ ဝမ်းမြောက်ဝမ်းသာဖြင့် လှေရှိရာသို့ ပြန်လေသည်။

## မဏိမေခလာ စောင့်ရှောက်ရှာ

ထိုဇာချင်းမှာ နဂါးမင်းသည် မိမိ၏ နဂါးပရိသတ်နှင့် ရတနာမြတ်အထွေထွေ ယူလာကာ ဘုရားအလောင်း၏ လှေကြီးဝမ်းမှာ ပြည့်စေလေ၏၊ မဏိမေခလာ နတ်ကညာလည်း လှေနာဝါကို ဘေးဘယာ ကင်းဝေးအောင် ယင်း အရေးအသာဖျော က် အစဉ်လိုက်ကာ စောင့်ရှောက်လျက် အင်္ဂဝတိမြို့ အရောက် ပို့လေသည်။

ထိုအခါ လှေပါပရိသတ်နှင့်တကွ လှေမှဆင်းသက် အိမ်ဘက်သို့လျှောက်၍ အိမ်သို့ရောက်လျှင် နောက်ပါပရိသတ်နှင့် လူအများလှေသို့သွားစေ၍ ပါလာသော ရတနာတို့ကို သယ်စေလျက် အိမ်လယ်ဘဲ့မှာ ထားစေ၏၊ ထိုပစ္စည်းအသွယ်သွယ် ဖလှယ်ကာရောင်း ငွေအပေါင်းဖြင့် ရွာလယ်မှာ ဘုရားကျောင်းဆောက် ထိုနောက် ရုပ်ပွားတော်တဆူထား နေ့စဉ်သွား၍ ပန်းများဖြင့်ပူဇော်ကြလေသည်။

ထိုဇာ၌ အလောင်းတော်ဝဓုန၏ ပါရမီဒါန တန်ခိုးအားဖြင့် သိကြား၏ ဗိမာန်သည် ဟိတ်ဟန်တမျိုးယူ၍ ပူသော အခြင်းအရာကို ပြလေသည်။

သိကြားမင်းသည် မမှားမယွင်းအောင် တရားရင်းအခြေကြည့်၍ အဖြေကိုသိလေလျှင် လူ့ပြည်သို့ ဆင်းသက် ရွာလယ်မှာရှိတဲ့ ဘုရားအလောင်း၏

ရွှေဘက် ကောင်းကင်အထက်မှာ ရပ်လျက် တည်လေသည်၊ သိကြားမင်းသည် မိမိ၏ကိုယ်ရောင်ဖြင့် ထိုကျောင်းဆောင်ဝန်းကျင်ကို ထွန်းလင်းစေသည်။

အလောင်းတော်ကောင်းမှု အကြောင်းပြုလျက်၊ မိုးဖျားမှ ဖိုးသိကြား ကျိုးမျှားမချွတ်ရ၊ ဝစုနရွှေမျက်မှောက် ထက်လောက်မိုးပေါ်၊ ဝန်းကျင်ရပ်မှာ၊ အရောင်ဖြာ၊ ကြွလာ နတ်မင်းကျော်။

ကောင်းကင်တည်ငြား၊ သိကြားကိုမြင်၊ ပုဏ္ဏာတင်၊ မေးလျှင်အလောင်းတော်။

ဝစုနမေး။ သင်တမူ ဘယ်သူနည်း၊ ဂန္ဓဗ္ဗနတ်လား သိကြားလား၊ သင်၏ အရောင်အဆင်းမျိုး တခါဘူးမျှ မမြင်ဘူးပါ။
ဘယ့်ကြောင့် ဤနေရာ လာပါသနည်း၊ မေးနေပါသည် အဖြေပေးပါ။
အရှင်- သင်လာခြင်းရဲ့ အကြောင်းကို ပြောပြပါ၊ ပြောပြမှ သိရပါမည်။

ဤကဲ့သို့ ဝစုနသူကြွယ်၏ အမေးစကားကို ကြားလျှင် သိကြားမင်း၏ အဖြစ်ကို ပြောကြားလိုသည်ဖြစ်၍ ဤသို့ဆို၏။

သိကြားဖြေ။ ကျွန်ုပ်သည်ကား သိကြား သင့်ရဲ့လုပ်ငန်းစဉ်ကို သိလို၍ လာခဲ့သည်။
သိကြားမေး။ ငါသည် သင့်ကို မေးအံ့၊ အဘယ့်ကြောင့်သင့်မှာ ပစ္စည်းဥစ္စာများစွာရှိသနည်း၊အမျိုးမျိုးသော စည်းစိမ်ကို ရသနည်း၊အဖြေပေးပါ။

သိကြားအမေးခံရသော ဝစုနသည် မိမိပြုလုပ်သော အမှုကို သိကြားသိစေရန် ပြောကြားလိုသည်ဖြစ်၍ ဤသို့ ဆို၏။

ဝစုနဖြေ။ အိုနတ်မင်း- ကျွန်ုပ်ကား ဤမြို့ ဤရွာမှာ အမြဲနေသော ကုန်သည်တယောက်ပါ၊ ဥစ္စာပစ္စည်းရမှုအတွက် ကုန်သွယ်ရန် သမုဒ္ဒရာသို့ လှေတသင်းနှင့် နေရင်းရွာမှ ထွက်ခဲ့ပါသည်။
သမုဒ္ဒရာမှာ လှေစီးကာ ထွက်ခဲ့တော့ ရေလယ်ရှိ ကျွန်းနီးနားရောက်သွားပါသည်၊ လှေရပ်နား၍ ကျွန်းထက်သို့ တက်ရောက်လှည့်လာပါသည်။
ဟိုဟိုဒီဒီကြည့်တော့ ဘုရားကျောင်းတခုကိုမြင် ဝင်၍တက်သွား ဘုရားရုပ်ပွားတော်ကို တွေ့ရပါသည်။

ရုပ်ပွားတော်ကိုရှိခိုး ကျိုးပျက်နေသော လက်ချောင်းတော်ကို ပင်ကိုယ်အတိုင်း ကောင်းအောင် ပြုရှ် ပူဇော်ပါ၏။
အဖွားတဦးအား ငွေတရာပေး၍ ဆီမီးပူဇော်စေပါသည်။
ထိုအခါ ရုပ်တုတော်အား အပေါ်ရုံပုဆိုး အလံတံခွန်ပြုပူဇော်၍ အမျိုးမျိုးသော ဆုများကို တောင်းပါသည်။
ကောင်းမှုအစွမ်းကြောင့် ချမ်းသာစွာ ဥစ္စာများရလျက် မိမိ နေရာသို့ ပြန်ရောက်လာပါ၏။
ယခုအခါ ရွာလယ်မှာ ဘုရားကျောင်းဆောက် ရုပ်တုတော်ကို လှူ၊ ပူဇော်ဘွယ် အမျိုးမျိုးဖြင့် ရှိခိုးပူဇော်ပါ၏။
အရှင်သိကြားမင်း- ကျွန်ုပ်ပြုသမျှ ကုသိုလ်ကို ယခုလို သိကြား မင်းနှင့် ကိုးအကြိုက်မှာ ပုံတိုက်အမျှဝေပါ၏၊သာဓုနှုပေ်ာ ခေါ် တော်မူပါ၊ ကျွန်ုပ်၏ရှိခိုးခြင်း၊ ပူဇော်မြတ်နိုးခြင်းသည် ချမ်း သာမြတ်ကို ပြီးစေတတ်ပါ၏။
ဤရုပ်တုတော်ကို ကျွန်ုပ်သည် ချမ်းသာလိုသဖြင့် ကြည်ညိုဝမ်း သာ ပြုအပ်ပါ၏၊ ကျွန်ုပ်ကို ဘုရားဒကာဟု သိပါလော။

ဝေခုနကုန်သည်၏ စကားကို ကြားလျှင် သိကြားမင်းသည်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ကောင်းကင်၌တည်လျက် အကျိုးထူးများစွာကို ပြောကြားလေ သည်။

ကုန်သည်စကား၊ ကြားတုံငြား၊ မိုးဖျားဒေဝါ ပြောလေသည်။
သင့်ထံလာငြား၊ ငါသိကြား၊ ပြုသားကောင်းမှု သိလိုသည်။
ဤကောင်းမှုကြောင့်၊ ကြောင်းပြုနောင်ခါ၊ငါးဖြာမာန်ရှင်း၊ ဗောဓိ ရင်းဝယ်၊ ရောင်လင်းခြောက်ဖြာ၊ မြတ်ဗုဒ္ဓါ၊ မှန်စွာဖြစ်လိမ့်မည်။
ဤကောင်းမှုကြောင့်၊ တူပြုနတ်လူ၊ ဘယ်မပြုပဲ၊ ဆုယူဗုဒ္ဓါ၊ နောင် အခါ၊ မှန်စွာ ဖြစ်လိမ့်မည်။
လူများစွာအား၊ ချမ်းသာကိုပေး၊ မီရာရေးနှင့်၊ ကာရေးကွယ်ရေး၊ ပေးတတ်အစဉ်၊ မြတ်သခင်၊ မှန်ပင်ဖြစ်လိမ့်မည်။
လောကီစီးပွား၊ အပြီးထွားဘို့၊ ရှာငြားအစဉ်၊ မျက်မြင်ဉာဏ်ပေး၊ ကျိုးရေးလိမ္မာ၊ ချမ်းသာစေသော၊ ပြောကာဟောသည်၊ နောင် သောကာလ ဗုဒ္ဓဖြစ်လိမ့်မည်။
သင်တမူကား၊ မင်္ဂလေးပါးနှင့်၊ ဖိုလ်ကားလေးဖြာ၊ လေးသစ္စာဟု၊ သံသရာဝဲမောက်၊ ကြီးမြောက်ဥစ္စာ၊ သတ္တဝါကို၊ ကောင်းစွာပေး တတ်၊ ဘုရားမြတ်သည်၊ စွဲမှတ်ကေန် ဖြစ်လိမ့်မည်။

အိုဝါဏိဇ္ဇ၊ ဓမ္မသာမိ၊ လာရှိမည်တော်၊ သုံးထိုက်ကျော်သား၊ ဉာဏ်မျှော်စက္ခု၊ အမြင်ရှု၍၊ လေးစုသစ္စ၊ ရောင်ခြည်ပြလျက်၊ ကာလနှောင်ခါ၊ မြတ်ဗုဒ္ဓါ၊ မုန်စွာမုချဖြစ်လိမ့်မည်။

အိုအချင်းကုန်သည်၊ သင်သည် စွဲမှတ်၊ အနာဂတ်၌၊ တုဟပ်မမြင်၊ ဘုရားရှင်တည့်၊ ဝဋ္ဋတွင်စုတ်စုတ်၊ နစ်မြုပ်နေရှာ၊ သတ္တဝါကို၊ ဓမ္မာမည်ခေါ်၊ လှေကြီးပေါ်၌၊ တင်သော်မုန်ပေ၊ ကူးပေလတံ့။

အိုကုန်သည်၊ သင်သည်အနာဂတ်ကာလ၌ လူနတ်များစွာ၊ ကိုးစားရာစစ်၊ ဘုရားဖြစ်လျက်၊ နရက်ရှစ်လုံး၊ ဆိတ်သုဉ်းသည်ကို ပြုလတံ့။

သင်ဘုရားဖြစ်လျက် သတ္တဝါတို့ကို ဒုက္ခမှ လွတ်မြောက်စေ၍ တရားတည်း-ဟူသော အမြိုက်ဆေးကို တိုက်ပေလတံ့၊ အိုကုန်သည်-သင်သည် ဤသို့ပြုသောကောင်းမှုကြောင့် နောက်ဆုံးဘဝ လူလောက၌ အသက်ရှည်သမျှ တည်နေပြီးလျှင် ပရိနိဗ္ဗာန်ပြုပေလတံ့။

သိကြားမင်းသည် ဘုရားအလောင်းအား အနာဂတ် ကာလ၌ ဖြစ်မည့်ကောင်းမှုကျိုးကို ပြောကြား၍ ထိုရွာ၌ရတနာခုနစ်ပါးမိုးသည်းကို ရွာစေ၏။

စတုမဟာ တာဝတိံသာ နှစ်ဖြာနတ်မျိုး၊ စိုးရသနင်း သိကြားမင်းသည် ကောင်းခြင်းသီလ၊ ဝဇ္ဇုနကုန်သည်၊ စွဲရည်ကောင်းမှု၊ ကျိုးစုတရား ပြောဟောကြား၍ ဝမ်းအားမြောက်စွ၊ထုံခဏမှာ ဝဇ္ဇုနနေရာထိုသည့်ရွာ၊ ရတနာခုနစ်ပါး မိုးသည်းကားရွာစေသတည်း။

သိကြားမင်းသည် ဘုရားအလောင်း၏ ရွာလယ် ကောင်းကင်ဝယ်တည်လျက် လူအများကို ဩဝါဒစကား ပြောကြားပြီးလျှင် ဘုရားအလောင်းကို ပန်ကြား၍ နတ်ပြည်သို့ ပြန်သွားလေ၏။

ထိုအခါ နတ်များရှင်ရာဇာ၊ လူများစွာ ဩဝါဒတဲ့သူပေး၊ အလောင်းတော်ကုန်သည်အား၊ ဦးတည်ကာ ပန်ကာကြား သွားပြီတဲ့လေး။

နတ်ရွာကို ပြန်သွား နတ်သိကြား နတ်များတဲ့ ခြွေရံ၊ နတ်ဘုံငယ်စံ၊ အာရုံခံနတ်သွေး၊ နတ်သက်ရှိန် ရှည်သမျှမှာ ခံစားရတယ်လေး။

ဘုရားအလောင်းသည် မိမိရွာ၌ လူများစွာ ခြံရံလျက် စည်းစိမ်ကိုခံစား ကောင်းမှုဒါနစသည်များကိုပြု၍ စုတေသောအခါ နတ်ရွာသို့လားလေသည်။

## ဆင်းတုတော်ထုလုပ်ကိုးကွယ်ကျိုး

ဤကဲ့သို့ ပသေနဒီ ကောသလမင်းကြီးအား ဤဝစ္စနဇာတ် ဒေသနာကို ပြီးဆုံးစေ၍ ယခုအခါ ဘုရားရုပ်တု ထုလုပ်ကိုးကွယ်ကျိုးကို ဤသို့ မိန့်တော်မူ၏။

အကြင်လူသား၊ ကြီး,သေး စား၊ ရုပ်ပွားတော်ကိုထုစေ၊ ထုလုပ်စေ။
ထိုလူသားမူ၊ သွင်မူလှပ၊ ပြေပြစ်စွတည့်၊ အင်္ဂါပြည့်စုံ၊ နတ်ချစ်တုံ၊
တဖုံလူတိုင်းချစ်၊ ဗုဒ္ဓထုကျိုးလှစ်။

တန်ခိုးကြီးမား၊ ကျော်ကြားဂုဏ်ရည်၊ ရှိပေသည်၊ တလီကျိုးတရစ်။
ဘုန်းရှင်ကံရှင်၊ ရုပ်သွင်ရဲတင်း၊နှစ်သက်ခြင်း၊ စိတ်တွင်းကြည်သာဖြစ်။
ပေါများဥစ္စာ၊ ရောဂါသန့်ရှင်း၊ သက်ရှေခြင်း၊ရန်ကင်းအကျိုးလှစ်။
အပါယ်ကင်းတုံ၊ လူနတ်ဘုံ၊ ဆန်စုန်အမှန်ဖြစ်။

လူနတ်ဘုံမှာ၊ ဖြစ်ရခါ၊ သူသာမြတ်ဆုံးလှစ်။
ဥစ္စာလည်းကောင်း၊ စည်းစိမ်ကောင်း၊ ရကြောင်းအမှန်ဖြစ်။
ခိုင်းစေစရာ၊ လူတွေမှာ၊ များစွာပေါပေလစ်။
မင်းနှင့်ပုဏ္ဏား၊ မျိုးနှစ်ပါး၊ သူကားဖြစ်ရလစ်။
ဥစ္စာဘောဂ၊ ကျွန်မကျွန်ထိး၊ လိုတိုင်းပြီး၊ ကျိုးကြီးအမှန်ဖြစ်။
လူတိုင်းမြတ်နိုး၊ ပူဇော်ရိုး၊ ကောင်းကျိုးမြဲခဲ့နှစ်။
နတ်၌ဖြစ်ပြန်၊ နတ်ခြွေရံ၊ ဧကန်းများပေလစ်။
နတ်တူရိယာ၊ သာယာစွာ၊ ပူဇာအထူးဖြစ်။
ငါးပါးအာရုံ၊ကာမဂုဏ်ကို၊ဖုံဖုံခံစား၊နောက်ဆုံးဖျားဝယ်၊ စိပ်ထား
လွှပ်မြောက်၊ နိဗ္ဗာန်ပေါက်၊ ကပ်ရောက်အကျိုးဖြစ်။

ဤဂါထာတို့ဖြင့် ဘုရားရုပ်တု ပြုလုပ်ကိုးကွယ် အကျိုးတကယ် ရှိသည်ကို ဟောပြပြီးလျှင် အကျိုးဖလကို တမျိုးပြပြန်သည်ကား—

အကြင်သူသည် ချမ်းသာလို၍ ရုပ်တုတော်ကို ကိုယ်တိုင်ဖြစ်စေ၊ သူတပါးကိုဖြစ်စေ၊ ထုလုပ်ခိုင်း၏၊ ထိုသူသည် နတ်ပြည်၌ဖြစ်က နတ်မင်းစည်းစိမ်၊ လူပြည်၌ဖြစ်က လူမင်းစည်းစိမ်ကို ခံစားရ၏။

အကြင်သူသည် ရုပ်တုတော်ကိုဖူးမျှော်ဝမ်းသာ၏၊ထိုသူသည် ဝမ်းသာသဖြင့် ချမ်းသာကိုခံစားရလေသည်၊ အကြင်သူသည် ရုပ်တုတော်အားမိမိ၏ပိုင်ပစ္စည်းကို ပူဇော်ခြင်းဖြင့် လှူ၏၊ ထိုသူသည် ဥစ္စာရှိ အခြံအရံ

ပေါ၏၊ ထို့ကြောင့် ပညာရှိသူသည် ချမ်းသာလိုသော် ရုပ်တုတော်ကို ရိုသေစွာပူဇော် ပူဇော်စေရာ၏၊ ဤသို့လည်း အကျိုးကြီး၏ဟု ငါဘုရား ချီးမွမ်းတော်မူ၏။

ဤသို့လျှင် ဤဂါထာတို့ဖြင့်လည်း ထိုပဿေနဒီ ကောသလမင်းကြီးအား အထူးထူးအပြားပြား ကံ၏ အကျိုး အာနိသင်များကို ဟောကြားပြီး၍ မြတ်သောမင်းကြီး- ရှေးအခါကလည်း ဗုဒ္ဓရုပ်တုတော်များသည် ချမ်းသာ စည်းစိမ်ကိုပေးတတ်ပေ၏၊ အလွန် ကြီးကျယ်သော အကျိုးအာနိသင်သည် ဤဆိုခဲ့သောအတိုင်း ရှိပေ၏ဟု မိန့်တော်မူကာ ဇာတ်ကိုပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါမိဘနှစ်ပါးတို့သည် ယခုမိဘနှစ်ပါးတို့ပင်ဖြစ်၏၊ ကလျာဏီအမျိုး သမီးသည် ယသောဓရာ၊ ဝရပ်ယသားသည် ရာဟုလာ၊ မြေညက်ပေး တမန် သည် အာနန္ဒာ၊ နဂါးမင်းသည် ရှင်မောဂ္ဂလ္လာန်၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ မဏိမေခလာနတ်သမီးသည် ပဇာပတိ ဂေါတမီ၊ အလုံးစုံသော သူတို့သည် ပရိသတ်လေးပါး၊ ဝစ္စနကုန်သည်သည်ကား ငါးဘုရားဖြစ်ပေ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဝစ္စနဇာတ် ပြီး၏။

## ၄၅–အကတညုဇာတ်

ကျေးဇူးတရား၊ မသိငြားက၊ တိုးပွားမရှိ၊ ပကတိနေရာ၊
ပြန်ရောက်ကာဖြင့်၊ ဒုက္ခ ရောပြွမ်း၊မရှင်လန်းသည်၊ပင်ပန်းလှတယ်ကို။

အကတညုနော ပေါသသ၊နိစ္စံ ပါပသမ္ဗုဒ္ဓေ။
ဒုဿီလဿ အပညဿ၊ သဟာဿကဿ ဒါရုဏံ။
လ္ဂဝေဝ နံ နိဒ္ဒိဿန္တိ၊ သန္နိဋ္ဌိကံ ဝိနာသနံ။
ကာယဿ ဘေဒါ ဒုပ္ပညာ၊ နိရယံ ဥပပဇ္ဇရေ။
သုဿီလော ပညာသမ္ပန္နော၊ နိစ္စံပုညကာရီ ဟောတိ။
ဟိတကာပေါ သဗ္ဗေ ဟောတိ၊ အတ္တနော စ ပရဿ စ။
လ္ဂမေဝနံ နိဒ္ဒိသန္တိ၊ ပပ္ပေါတိ တိဝိဓံ သုခံ။
ကာယဿ ဘေဒါ သပ္ပညော၊ သဂ္ဂံ တေ ဥပပဇ္ဇတိ။

အကတညုနော၊ သူဘထူး ပြုဘူးတဲ့ ကျေးဇူးကို မသိတတ်သော။ ပေါသဿ၊ အသက်တချောင်း ရှေကြောင်းရေးယူ မွေးမြူသောသူအား။ နိစ္စံ၊အမြဲ။ ပါပသမ္ဗုဒ္ဓေ၊ စိတ်ထားညစ်ဆိုး မကောင်းမှုမျိုးနှင့် စိုးမိုးလွှမ်းခြုံ ပြည့်စုံခြင်းသည်ရှင်း။ ဒုဿီလဿ၊ ကိုယ်ကျင့်သီလ လုံးဝကင်းခြင်းသည်ရှင်း။ အပညဿ၊ နောင်ရေးနောင်ရာ ဆောင်ကာမသိ လက်ရှိကြည့်သည့် ကဝိဂုဏ်ကင်း ပညာမဲ့ခြင်းသည်ရှင်း။ ဒါရုဏံ၊ လူရေးလူရာ ကရုဏာမသန်း ကြမ်းထမ်းသော သဘောရှိသော။ သာဟဿကဿ၊ငွေရေးကြေးရေး အားသေးသသူ ထိုသည့်လူကို မပြုဝံ့ရှောင်း မပေါင်းပံ့ဘွယ် သွယ်သွယ်ပိုင်နက် အခိုင်တွက်၍ နိုင်ထက်ကလူ ပြုမှုခြင်းသည်ရှင်း။ အတ္ထိ၊ အမှုအယာ ကြည့်ကာမသေ့ ရှိပါပေ၏။

သူတကူး ပြုဘူးသော ကျေးဇူးကို ပြန်လည်ကာ ကြည့်၍ မသိတတ်သော ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ သဘောနှစ်စား ပိုင်းခြားမရှိ အတိဗာလ မိုက်ဝေါင်ပြုသောသူအား အမြဲထမ်းယုတ်မာမှု ညစ်ပတ်မှုဂုဏ်တွေ ပြည့်စုံနေပေ၏၊ ကိုယ်ကိုထိန်းသိမ်း နှုတ်ကိုမယိမ်းအောင် စောင့်ရှောက်တဲ့ သီလလည်း မရှိချေ၊ ငွေကြေးတတ်နိုင်ရင် တတ်နိုင်သလို ခွန်အား ကောင်းရင် ကောင်းသလို အကြောင်းကိုမရှု အမှုကိုမဆ အနိုင်ရလျှင်ပြီးရောဆိုတဲ့ အနေမျိုးနဲ့ နိုင်ထက်ကလူ ပြုမှုတတ်ပေ၏ဟု ဆိုလို၏။

ဣဓဝေ၊ မျက်မှောက်သံသရာ နှစ်ဖြာဆိုရ ဤလောက၌သာလျှင်။ နံ၊ ထိုသို့ ဆိုခဲ့ပြီးငြား လူစားမျိုးကို။ သန္ဓိဋ္ဌိကံ၊ မျက်မှောက်ဆိုရ ယခုဘဝ၌ဖြစ်သော။ ဝိနာသနံ၊ အကျိုးတရား ပျက်ပြားဆုတ်ယုတ်အောင် ပြုလုပ်သော သူဟူ၍။ နိဒ္ဒိသန္တိ၊ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြောကာ ညွှန်ပြကြကုန်၏။ဒုပ္ပညာ၊ ပညာနည်းပါး ထိုကဲ့သို့သောလူစားတို့သည်။ကာယဿဘေဒါ၊ ရုပ်နာမ်ခန္ဓာ နှစ်ဖြာပြိုကွဲ သေပွဲဝင်သည်မှ နောက်၌။ နိရယံ၊ ညှဉ်းဆဲမျိုးစုံ ငရဲဘုံသို့။ ဥပပဇ္ဇရေ၊ ကြမ္မာအလျောက် ကပ်ရောက်ရကုန်တော့သတည်း။

ဤလောက၌ ကျေးဇူးမသိတတ်သူကို မျက်မှောက် လောကမှာ ဖြစ်တဲ့ အကျိုးတရားကို ပျက်ပြားအောင် ပြုလုပ်တတ်သောသူဟူ၍ လူအများက ကဲ့ရဲ့ ရှုတ်ချကြပေသည်၊ ထိုကျေးဇူးတရား မသိတတ်သောသူသည် သေသည်၏ အခြားမဲ့ကာလ၌ ညှဉ်းဆဲမျိုးစုံလှတဲ့ ငရဲဘုံဌာနသို့ ကပ်ရောက်ရလေသည်။

ယော၊ အကြင်သူသည်။ သုသီလော၊ ကိုယ်နှုတ်စောင့်ထိန်း မတိမ်းစေရ ကျင့်သီလ ရှိပေ၏။ ပညာသမ္ပန္နော၊ သူတပါးပြုဘူး ကျေးဇူးသိတတ် ပညာ ရပ်နှင့်လည်း ပြည့်စုံပေ၏။ နိစ္စံ၊ အမြဲမပြတ်။ ပုညကာရီ၊ ကုသိုလ်ရကြောင်း ကောင်းမှုကိုလည်း ပြုလေ့ရှိသည်။ ဟောတိ၊ မုချမသွေ ဖြစ်ပါပေ၏။ သဗ္ဗိ၊ ကိုယ်ကျင့်တရား မြင့်ထွားပြည့်ဖြိုး အမျိုးမြတ်သည်ဖြစ်၍။ အတ္တနောစ၊ မိမိ၏ ၎င်း။ ပရဿစ၊ သူတပါး၏၎င်း။ ဟိတကာမော၊ လောကသံသရာ နှစ်ဖြာ မျိုးခြား အကျိုးစီးပွားကို အလိုရှိသည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ပါချေ သတည်း။

အကြင်သူသည်ကား ကိုယ်ကျင့်သီလနှင့် ပြည့်စုံ၏၊ အသိဉာဏ် ပညာလည်း ရှိ၏။ အမြဲမပြတ် ကောင်းမှုကုသိုလ်ကို ပြုလေ့ရှိ၏၊ သူတော် ကောင်းလတ် အမျိုးမြတ်သည်ဖြစ်၍ မိမိသူတပါး အကျိုးစီးပွားကို အလိုရှိပေ၏။

ဣဓဝေ၊ ဤပစ္စုပ္ပန်လောက၌ပင်လျှင်။ နံ၊ ထိုသို့ သဘောရှိသော သူကို။ တိဝိဓံသုခံ၊ လူနတ်နိဗ္ဗာန် သုံးတန်သတ်မှတ် ချမ်းသာမြတ်သို့။ပပ္ပေါတိ၊ကုသိုလ် ကံမြှောက် ရောက်သောသူဟူ၍။ နိဒ္ဒိသန္တိ၊ သြဘာနှုတ်ခွန်း ပြည့်နှင်းပြောဆို ကြကုန်၏။ သပ္ပညော၊ သူတဦး၏ ပြုဘူးကျေးဇူး အထူးသိတတ် ပညာရပ် ရှိသော။ သော၊ ထိုကဲ့သို့သော သူသည်။ ကာယဿဘေဒါ၊ ရုပ်နာမ်နှစ်တွဲ ပြိုကွဲလေရာ နောက်အခါ၌။ သဂ္ဂံ၊ ငါးပါးအာရုံ ပွားတုံပြန့်စည် နတ်တို့ပြည်သို့။ ဥပပဇ္ဇတိ၊ ကံကုသိုလ်ပင့်မြှောက်၍ အသင့်ရောက်ရလေသတည်း။

သူတပါး ကျေးဇူး အထူးသိတတ် ပညာရပ်နှင့်ပြည့်စုံသူကို လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ သုံးဖြာသတ်မှတ် ချမ်းသာမြတ်သို့ ရောက်သောသူဟူ၍ ညွှန်ပြပြောဆိုကြကုန်၏၊ ရုပ်နာမ်နှစ်ပါး တရားကွဲပြေ သေလွန်သောအခါမှ နောက်ကာလ၌ ငါးဝကာမဂုဏ် အာရုံပြန့်စည်သော နတ်ပြည်၌ နတ်သမီးအခြွေအရံနှင့်တကွ ဖြစ်ရလေသည်။

ဤဒေသနာကို ပရပေဘဂဝါသည် ထေရ်သံဃာ ခြွေအရံနှင့် ဇေတဝန်ကျောင်းတော်မှာ အကြောင်းလျော်စွာ နေတော်မူစဉ် အရှင်ဒေဝဒတ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သော် အကျော်ကြကြသော ရဟန်းတော်တို့သည် တရားသဘင်၌ စကားအစဉ်ပြုင်စေကြကုန်၏၊ ငါ့ရှင်တို့ ဖမ္မမြင်သော ရှင်ဒေဝဒတ်သည် သူဦး ပြုဖူးသော ကျေးဇူးကို မသိတတ်သူပေတည်း။ အကြောင်းသော်ကား ဘုရားသည် ဘုရားသာသနာ၌ ဖန်ဝါဆင်းမြန်း ရဟန်းပြုကာ စောမြတ်စွာ၏ ဩဝါဒဟူသည် ရှစ်ပါးသော သမာပတ်ဘယ်ရပ်သော ဣဒ္ဓိကို စိတ်ရှိသလို ဖြစ်စေနိုင်ပါလျက် ညစ်ပေလှိုင်သော ပမာဒဖြင့် မဟာနာသ ဂယက်ကြီး၍ ပျက်စီးခြင်းသို့ ရောက်ရချေသည်ဟု ထိုဒေဝဒတ်၏ အခြေမစပ်သော ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောကြား၍ နေကုန်၏၊ ဘုရားမြတ်စွာသည် ကြွလာတော်မူ၍ ယခုအခါ အဘယ်စကားဖြင့် အကျယ်ပွားနေကြကုန်သနည်း ဟု မေးသည်ဖြစ်သော် ဤမည်သော စကား ပြောကြားကြပါသည် ဘုရားဟု လျှောက်ကြားလေလျှင် ချစ်သားတို့- ယခုအခါ၌သာ ဒေဝဒတ်သည် ကျေးဇူး မသိတတ်သည် မဟုတ်သေး၊ ရှေးကလည်း မိမိ၌ပြုအပ်သော ကျေးဇူးကို မှီ၍ မြင့်မြတ်သော အခြံအရံ၏ ပြည့်စုံခြင်းကို ရပါလျက် မာနခက်ထန် မျက်မာန်ပွားလျှ ကျေးဇူးမသိ မကောင်းမှုကို ပြု၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရပေသည်ဟု မိန့်တော်မူပြီးလျှင် မမြွက်သံချေ ဆိတ်ဆိတ် နေတော်မူ၏၊ ထိုရဟန်းအပေါင်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရှေးအခါ သမုဒ္ဒရာကမ်းခြေ ဝေဠုဒိပကမြို့၌ ဝေဠုဒိပကမည်သော မင်းသည် ယိမ်းဖြူမြှုံမိုး ပိုင်စိုးအုပ်ချုပ် မင်းလုပ်လေသည်။ ထိုအခါ၌ ဘုရားအလောင်းသည် ထိုမြို့၌ ရက္ခစိုးနတ် ဖြစ်လေသည်၊ ထိုမြို့မှာ ကျဲပေါက်ပမာကာ ခန္ဓာကိုယ်ကြီးလှသော ကျိုးတကောင်သည် စိုးမိုး၍နေ၏၊ ထိုကျိုးသည် ရှေးအခါက ထိုမြို့မှာ စိုးမိုးအုပ်ချုပ် မင်းလုပ်ကြသော မင်းနှင့်အမတ်တို့၏ ရှင်း ဆင်မြင်းစသည်တို့၏ရှင်း အမည်နာမကို အတိအကျ သိလေသည်။

ထိုအခါ ရှင်ဘုရင်သည် ခုနစ်ရက်မြောက်သော နေ့၌ နတ်ရွာစံ ကံတော်ကုန်လေသည်၊ မင်းမှူးမတ်တို့သည် ဘုရင်မင်းမြတ်၏အလောင်းကို တလကျော် မျှထား၍ မင်း၏ဈာပနကို သင်္ဂြိုဟ်ရန် စည်းဝေးတိုင်ပင်ကြကုန်၏။

ထိုအချိန်၌ ကျွဲပေါက်တမျှ ကြီးထွားလှသော ကျီးတကောင်သည် ခန္ဓာကိုယ်ကြီးသည်နှင့်အမျှ အစားအစာ မျှတအောင် ရှာဖွေ စားသောက်ရန် ခဲယဉ်းလျက်ရှိလေရာ မြို့ရွာနိဂုံး ဇနပုဒ်ပါမကျန် လှည့်လည်ပျံသန်း သွားလာလျက် အစာရှာရလေ၏။

ထိုအခါ ဆင်းရဲသားတယောက်သည် နေ့စဉ်နံနက်စောစောထကာ မြစ်ဆိပ်ကမ်းသို့ သွားပြီးလျှင် ငါးမျှားလျက် မျှား၍ရသော ငါးများကို ရောင်းချကာ အသက်မွေးမှုရလေသည်။

ကျီးသည် အစာရှာလှည့်လည်ရာမှ ထိုဆင်းရဲသော ယောကျ်ားကိုမြင်လျှင် ထိုသူဆင်းရဲထံ ချဉ်းကပ်လျက် အိုအချင်းယောကျ်ား- သင်သည် လူသားဖြစ်လျက် ဆင်းရဲနွမ်းပါးသည်ဖြစ်၍ တနပ်စာ မျှတစေခြင်းငှာ တနေကုန် လှည့်လည်ရှာဖွေရသည်၊ ဒါပေမဲ့ ဝမ်းပြည့်ရုံမျှလည်း အစာကို မရ၊ ငါသည်လည်း မြို့မှထွက်၍ ဝမ်းရေးအတွက် တနေကုန်လှည့်လည်ရသည်၊ဒါပေမဲ့ ဝမ်းပြည့်ရုံမျှ အစာကိုမရ၊ သို့ဖြစ်၍ သင့်အား ပြည့်စုံကြွယ်ဝ ချမ်းသာအောင် ငါပြုလုပ်ပေးမည်၊သင်သည် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာလာသောအခါ ငါ့အား အစာအာဟာရ ဝစွာကျွေးမွေးမည်လောဟု မေးလေသည်။

ထိုစကားကိုကြားလျှင် ငါးမျှားနေသော ယောကျ်ားသည် အဆွေကျီး သင်သည် ငါ့အား ချမ်းသာကြွယ်ဝအောင် ပြုလုပ်ပေးပါက သင့်အား ဝစွာ ကျွေးမွေးပါမည်ဟု ဝန်ခံစကား ပြောကြားလေသည်၊ ထိုအခါ ကျီးက အဆွေငါးမျှားယောကျ်ား ငါနေသော ဝေဠုဒီပကနိုင်ငံက ဘုရင်မင်းမြတ်သည် နတ်ရွာစံလေပြီ။

ကျီးက ငါသည် သင့်အား ဝေဠုဒီပကနိုင်ငံကို ပိုင်ဆိုင်စိုးမိုးသော မင်းအဖြစ်သို့ ရောက်အောင် ပြုလုပ်ပေးမည်၊ ရှင်ဘုရင်ဖြစ်လျှင် သင်သည် ငါ့အား အဘယ်သို့ ကျေးဇူးဆပ်မည်နည်း။

ငါ့ကို မင်းဖြစ်အောင် ဘယ်လိုပြုမည်နည်းဟု မေး၏။

(ငါးမျှားသူ) အဆွေကျီး ငါသည် အကယ်၍ မင်းဖြစ်ပါလျှင် သင့်အား နေ့စဉ် ကျွဲတကောင်ကို သတ်၍ရသော အသားနှင့် အနံ့အရသာနှင့် ပြည့်စုံသော သလေးထမင်းကို ကျွေးမွေးပါမည်။

(ကျီး) အိုယောကျ်ား- သင်တို့ လူသားမည်သည်ကား အလွန် စကားများ၏၊ ပြောသမျှမှာလည်း မမှန်စကားက များသည်၊ သူတပါး၏ ကျေးဇူးတရားကိုလဲ မသိတတ်သူက များသည်။

(ငါးမျှားသူ) ငါသည် သစ္စာပြုပါမည်၊ ငါ့အား ရှင်ဘုရင်သာ ဖြစ်အောင် ပြုလုပ်ပေးပါက သင့်အား မမေ့လျော့ဘဲ ကျေးဇူးဆပ်ပါမည်။

## ငါမျှားသူအား ကျီးကသင်ပေး

ကျီးသည် နှစ်ကြိမ် သုံးကြိမ်တိုင်အောင် သစ္စာအတိုင်း ကျေးဇူးမမေ့ရန် ပြောဆိုသောအခါ ငါးမျှားယောကျ်ားကလည်း နှစ်ကြိမ်သုံးကြိမ်မျှ ကျေးဇူးဆပ်ပါမည့်အကြောင်းကို ပြောဆိုဝန်ခံသောကြောင့် ကျီးသည် ယုံကြည်ကာနေလေသည်၊ ထိုနောက် ကျီးက သင်သည် သင်ပြောထားသော စကားအတိုင်း ကျေးဇူးဆပ်မည်၊ ငါသည် သင့်အား ရှင်ဘုရင်ဖြစ်အောင် ပြုလုပ်ပေမည်၊ ငါပြောသည့်အတိုင်းသာ လိုက်နာပြုလုပ်ပါလျှင် သင်သည် ငါ၏ကျောကုန်းပေါ်မှနေ၍ ဝေဒေဒီပကနိုင်ငံသို့ လိုက်ခဲ့လော၊ သေသွားသော ဝေဒေဒီပကမင်း၏ မယား သားသမီးနှင့် အိမ်ရှေ့မင်း မှူးမတ် သေနာပတိ မောင်းမမိဿံ ခြွေရံပရိသတ်တို့၏ အမည်တို့ကို ပြတ်သားထားပါလောဟု ပြောဆို သွန်သင်ပေးလေ၏။

ထို့နောက် ကျီးက ဘုရင်မင်းမြပ်၏အလောင်းကို ခေါင်းမှဝင်၍ လူသေကောင်ကို ငါ၏နှုတ်သီးဖြင့် ချီယူသယ်ဆောင်သွားမည်၊ သင်သည် ထိုခေါင်းအတွင်း၌ ဘုရင်အစားဝင်၍ အိပ်နေပါလော၊ ထိုအခါတွင် မင်း၏အခြွေအရံများသည် အံ့အားသင့်စွာဖြင့် သင့်ထံလာကြလိမ့်မည်၊ သင်သည် မင်းချင်း ယောကျ်ားတို့အား ငါသည် သင်တို့၏ မင်းဖြစ်သည်၊ ငါသေသွားပြီးနောက် နတ်ပြည်သို့ ရောက်သွားသည်၊ နတ်ပြည်ရောက်သွားသောအခါ နတ်ပြည်တွင် ရောက်နှင့်နေသော ငါ့မယ်တော် ခမည်းတော်များက ဝေဒေဒီပကနိုင်ငံတွင် မင်းဆိတ်သုဉ်းသွားမည် ဖြစ်သောကြောင့် လူ့ပြည်သို့ ပြန်သွားရန် ပြောသဖြင့် ပြန်လာခြင်းဖြစ်ကြောင်း၊သို့ရာတွင် သေလွန်ခဲ့ပြီဖြစ်၍ မူလခန္ဓာ ကိုယ်အသွင်ဖြင့် လာ၍မရကြောင်း၊ ကိုယ်ခန္ဓာ ပြောင်းလဲ၍ လာခြင်းဖြစ်ကြောင်းတို့ကို ပြောဆိုလောဟု သွန်သင်မှာထား ပြောကြားလေ၏၊ ကျီးသည် ငါးမျှားသူအား အထက်ပါအတိုင်း သင်ကြားပြောဆိုပြီးနောက် ငါးမျှားသူအား သူ၏ကျောပေါ်သို့ တင်ဆောင်ခေါ်ယူသွားပြီးလျှင် ဝေဒေဒီပကနိုင်ငံ ဘုရင်အလောင်းထားရာ အနီးတွင် ချပေးလေ၏။

ထို့နောက် ညဥ့်သန်းခေါင် မင်းချင်းယောကျ်ားများ အိပ်ပျော်နေချိန်တွင် ငါးများယောကျ်ားအား ခေါင်းကို ဖွင့်စေပြီးလျှင် ဘုရင့်အလောင်းကို နှုတ်သီးဖြင့် ကိုက်ချီယူဆောင်သွားလေ၏၊ ထိုအခါ ငါးများယောကျ်ားသည် ခေါင်းတွင်းသို့ဝင်၍ အိပ်နေပြီးလျှင် မင်းချင်းယောကျ်ားများလာရောက်သောအခါ ကျီးသင်ပြထားသည့်အတိုင်း ဆက်လက်၍ ပြောကြားလေ၏။

ထိုအခါ မင်းချင်းယောကျ်ားနှင့် တိုင်းသူပြည်သား မှူးမတ်အများတို့သည် ထိုငါးများယောကျ်ား၏ စကားကို ယုံကြည်ကြသဖြင့် ငါးများယောကျ်ားအား မင်းအဖြစ် တင်မြှောက်ကြကုန်၏။

ငါးများယောကျ်ားသည် မင်းဖြစ်သော် အမြဲမပြတ် သစ္စာစကားကို စောင့်ထိန်းလျက် ကျွတကောင်ကိုသတ်၍ အသားကို ချက်ပြီးလျှင် သလေးထမင်းနှင့်အတူ ကျီးကို ကျွေးမွေးလေသည်။

ထိုသို့ တလမျှ ကျွေးမွေးပြီးနောက် ငါးများ ယောကျ်ားသည် အစစအဆင်ပြေ သွင်နေမောက်၍ တလကျော်လောက်ရှိသော အခါတွင် ကျီးအားမေ့၍ ခွေးကြက် စသည်တို့ကို သတ်စေကာ ကျီးကိုကျွေးမွေး၏၊ ဘုရင်သက်ရင့်၍ အချိန်လင့်လာလျှင် မေ့လျော့ခြင်းသို့ရောက်ကာ မင်းချင်းယောကျ်ားများအား လွှဲအပ်လျက် ကျီးအား ကျွေးစေကုန်၏၊ ထိုအချိန်မှ စ၍ ကျီးမှာစားရတလှည့် မစားရတလှည့်ဖြင့် နေ့စဉ် မဝတခါ ဝတခါဖြင့် နေရလေ၏၊ တခါတရံ လုံးဝမစားရသော နေ့များလည်း အတော်များများရှိလာခဲ့လေသည်။

ဘုရင်ကြီးသည်ကား အမြဲတစေ အခြွေအရံတွေနှင့် ပျော်မြူးခြင်း၊ အရက်သေစာနှင့် ယစ်မူးခြင်းတို့ဖြင့် အချိန်ကုန်လျက် ကျီး၏ကျေးဇူးကိုကား သတိမရတော့သည့်ပြင် လွှဲအပ်ထားသော မင်းချင်းတို့သည်လည်း ကျီးကို သတိမရကြကုန်။

## ကျေးဇူးမသိ သိကြမပေါ့ တံငါသည်ရယ်

ထိုအခါ ကျီးက ဤသို့ကြံစည်၏၊ ဤသူမိုက်ကား ကျေးဇူး မသိတတ်၊ ငါ့ကိုအမှီပြု၍ ကြီးစွာသော အခြံအရံ စည်းစိမ်ကို ရပါလျက် ငါ၏ပြုဘူးသော ကျေးဇူးကို မသိ၊ ငါ့ကို မစောင့်ရှောက်၊ ငါ့ကို မကျွေးမွေး၊ ငါ့ကို ချမ်းသာအောင် မထား၊ တပါးသူတို့ကိုလည်း ချမ်းသာအောင် မပြုစေ၊ ငါ့အား ဘယ်သူ ချမ်းသာပေးသည် ဆိုတာကိုပင် သတိမထား မိပေ၊ ထို့ကြောင့် ဤသူယုတ်ကို မင်းစည်းစိမ်မှ ပျက်စီးအောင်ပြုအံ့ဟု ကြံစည်၏။

တနေ့သောအခါ ငါးများယောကျ်ားမင်းထံ ကပ်၍ ဤသို့ဆို၏၊ မြတ်သော မင်းကြီး ဤမည်သောနိုင်ငံ၌ မင်းသည် နတ်ရွာစံနေပေပြီ၊ ထိုနိုင်ငံ၌ မင်းစည်းစိမ် ချမ်းသာတို့သည် ဤစည်းစိမ်ထက် အဆအရာ အဆအထောင်မက ကြွယ်ဝများပြားပါသည်၊ လာလော့ ထိုနိုင်ငံ၌ သင့်အား မင်းအဖြစ်ကို ရရှိစေရန် ပြုလုပ်ပေးပါအံ့ဟု ပြောဆိုလေ၏။

ထိုစကားကို ကြားလျှင် ငါးများယောကျ်ားမင်းသည် တဏှာလောဘ ငမ်းငမ်းထ၍ ကောင်းပါပြီဟု ဝန်ခံ၏၊ ထိုသို့မင်းဖြစ်လိုသော် ငါ၏ကျောပေါ်တက် သွားကြကုန်အံ့ဟု ဆိုလေသည်။

တိုင်းသည် ကျီး၏ကျောက်ကုန်း၌ တက်စီး၏၊ ကျီးသည်လည်း ကျောပေါ်မှာပင်ဆောင်၍ ကောင်းကင်လမ်းဖြင့် သွားလျက် ထိုမြစ်ကမ်း ငါးများရာနေရာ၌ ချပြီးလျှင် ဟေယောကျ်ားယုတ် သင်သည် ရှေးအခါက ဤနေရာ၌ ငါးရဲ့မှာ အသက်မွေးနေခဲ့ရသည်၊ငါသည်သင်၏ဆင်းရဲ နွမ်းပါးသောအခြေကိုမြင်ရသဖြင့် သနားသောကြောင့် စည်းစိမ်ချမ်းသာ များပြားသောမင်းအဖြစ်သို့ရောက်အောင် ပို့ဆောင်ပြုလုပ်ပေးခဲ့သည်၊ သို့သော် သင်သည် ကား ငါ၏ကျေးဇူးကို မသိတတ်၊ ငါ့ကို ဝမ်းဝအောင် မကျွေးမွေး၊မင်းစည်းစိမ်၌သာ ယစ်မူးပျော်ပါး၍ နေဘိသည်၊ သို့ဖြစ်၍ သင်ကဲ့သို့သော ကျေးဇူးမသိတတ်သူ ကတိသစ္စာမတည်သူသည် စည်းစိမ်ချမ်းသာများနှင့် မထိုက်တန်၊ သင်နှင့်ထိုက်တန်သော ဤနေရာ၌သာ ငါးများတံ လက်စွဲ၍ အသက်မွေးပေတော့ဟု ပြောဆိုထားရစ်ခဲ့ကာ ကျီးသည် ကောင်းကင်သို့ပျံတက်သွားလေတော့၏။

## ပျက်စီးကြောင်းနှင့် ကြီးပွားချမ်းသာကြောင်း

မြတ်စွာဘုရားသည် ဤအဖြစ်အပျက် အတိတ်ဇာတ်ကို ဆောင်တော်မူ၍ ဤသို့ မိန့်တော်မူ၏။

ချုပ်သားပုံ- ဤအောက်ပါ အင်္ဂါဆယ်ဖြာတို့နှင့် ပြည့်စုံသောသူသည် ဤလောက၌ များစွာအကဲ့ရဲ့ အရှုတ်ချခံရသဖြင့် မျက်မှောက်၌ပင် လျင်မြန်စွာ ပျက်စီးခြင်းသို့ ရောက်၏။

(၁) သီလမရှိခြင်း၊ (၂) ပညာနည်းပါးခြင်း၊ (၃) ယုတ်မာသောစိတ်ရှိခြင်း၊ (၄) သူတပါးပြုဘူးကျေးဇူးကို မသိတတ်ခြင်း၊ (၅) မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်း၊ (၆) သနားခြင်းမရှိခြင်း၊ (၇) မေတ္တာစိတ် ခေါင်းပါးခြင်း၊ (၈) စိတ် ခက်ထန်ခြင်း၊ (၉) နိုင်ထက်ကလူ ပြုမူတတ်ခြင်း၊

(၁၀) ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့ခြင်းဟူသော ဤဆယ်ပါးနှင့် ပြည့်စုံသောသူသည် ယခုပစ္စုပ္ပန်ဘဝ မျက်မှောက်ကာလ၌ သူတပါးတို့၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရလျက် မကြာမီအတွင်း ပျက်စီးခြင်းသို့ရောက်ရပြီးလျှင် တမလွန်ဘဝ၌လည်း အပါယ်ငရဲသို့ ကျရောက်ရာ၏။

ထိုမှတပါးလည်း ချစ်သားတို့ အောက်ပါဆယ်ပါးသော အင်္ဂါနှင့်ပြည့်စုံသောသူသည် ကြီးပွားခြင်းသို့ရောက်၍ ချမ်းသာသော အကျိုးကို ခံစားရလေသည်၊ အင်္ဂါ ၁၀-ပါးဟူသည်ကား-

(၁) သီလစင်ကြယ်ခြင်း၊ (၂) ပညာဉာဏ်ကြီးခြင်း၊ (၃) ကျေးဇူးသိတတ်ခြင်း၊ (၄) သူတပါးကျေးဇူးကိုဆပ်ပေးတတ်ခြင်း၊ (၅) သစ္စာရှိခြင်း၊ (၆) ကိုယ်ချင်းစာတတ်ခြင်း၊ (၇) မေတ္တာတရားရှိခြင်း၊ (၈) စိတ်ထားနူးညံ့ခြင်း၊ (၉) အနိုင်မကျင့်ခြင်း၊ (၁၀) ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း ဤအင်္ဂါဆယ်ဖြာနှင့် ပြည့်စုံသူသည် ဤလောက၌ ကြီးပွားခြင်းသို့ရောက်၏၊ အခြံအရံနှင့် ပြည့်စုံ၏၊ ကြီးစွာသော ချမ်းသာခြင်းသို့ရောက်၏၊ တမလွန်လောက၌ သုဂတိဘဝသို့ ရောက်ရလေ၏ဟု ဟောတော်မူပြီး၍ အထက်ပါဂါထာတို့ကို အကျဉ်းချုပ် ဟောကြားတော်မူလေ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်၍ ချစ်သားတို့- ယခုအခါမှသာ ဒေဝဒတ်သည် ကျေးဇူးတရားကို မသိသည်မဟုတ်သေး၊ ရှေးကလည်း သူတပါးပြုဘူးသော ကျေးဇူးတရားကို မသိတတ်သည်သာတည်းဟု ဟောတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ ကျေးဇူးမသိတတ်သော ငါးမျှားယောကျ်ားသည် ယခုအခါ ဒေဝဒတ်၊ ကျီးသည် အဇာဘသတ်မင်း၊ ရုက္ခစိုးနတ်သည် ငါဘုရားရှင်ဖြစ်ပေသည်ဟု ဇာတ်ကို ပေါင်းတော်မူ၏။

အကတညုဇာတ် ပြီး၏။

# ၄၆-ဒုကမ္ဗရာဇဇာတ်

သုံးလင်ပြောင်ဝ၊ ယိုမိန်းပနှင့်၊ သုံးဝလိင်ငင်၊ လူထွက်ရှင်၊
ပေါင်းလျှင် ဘယ်သို့နည်း။

ကုဒေသာဂု ဘေရှိသော ဂါကာပြင့် တန်ဆာသင်အပ်သော ဂျှဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သံဃာတော်ပေါင်း တခေတ္တနှင့် ငှုံစောင်ပူဇဉ် ဖဘင်၏ အသုံးအပကို နာယူသော ယောကျ်ားတယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။ (ဖစ္စုပ္ပန်ဂတ္တုသည် ဩဝါဒဘာဇဘတ်၌ ဝင်ရှားပြစ်ပေလတ္တံ့)။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည် ရှိသော် ထိုမင်း မင်းပြုသော အချိန်အခါမှာ သူကြွယ်တယောက်သည် ဒုကမ္ဗ ပည်သော သားတယောက်ကိုရ၍ သေခါနီးကာလ–

၁။ သားမောင်– သင်သည် သုံးလင်ပြောင်းသောမိန်းမကို မယူလင့်၊
၂။ သုံးကြိမ်လိန့်ပြန်သော ရှင်လူထွက်ကို အပေါင်းအသင်း မပြုလင့်၊
၃။ မင်းမခြင်ပြုတော်သော မင်း၏ တိုင်း ပြည်ပှာလည်း မနေလင့်–

ဟု သုံးမျှ သော်ကူနိသွားလေသည်။

## လင်ကားအရပခက် ငွေကားအရခက်၏

ဒုကမ္ဗသမိုသားသည် ဖခင်သေခါနီး ဟုကြားသွားသော အသုံးအပကို သတိမူ၍ ဖခင်သည် ငါ့အား ဘုံးမဂပ သည်ကား ဘယ်သို့ အကြောင်းရှိ သနည်း၊ (သို့ပတုပ်) သူသည် စကားမြစ်ရုံပျှသိုသလော၊ ဝုံစပ်းအံ့-ဟု ကြံပြီး လျှင် သုံးလင်ကွာပြီးသောမိန်းမကို ရှာဖွေ၍ယူလေသည်၊ သုံးကြိမ်လူထွက်ဘူး သော ရှင်လူထွက်ကိုလည်း ရှာဖွေ၍ အပေါင်းအသင်း လုပ်လေသည်။

ထိုအချိန်မှစ၍ ဒုကမ္ဗသည် စူးစမ်းရန်ကြံစည်နေရာ တနေ့မှာ ဒုကမ္ဗသည် ရေကန်တွင်လှည့်လည်နေသော ရှင်ဘုရင်မြတ်နိုးသော ငှေဟင်္သာကိုမြင်၍ ထို ဟင်္သာကိုဖမ်းပြီးလျှင် ချုံဟာဂုအတွင်း၌တွင်းတူး၍ အစာပျားကျွေးမွေးလျက် ဝှက်ထားခဲ့ပြီးနောက် တခြားအသားကိုဝယ်ယူလျက် ဟင်းချက်ထားလေ၏။

မယားပြန်လာသော် ထိုဟင်းကိုပေး၍ ဒီဟင်း ဘယ်ကရသလဲ-ဟု ထို မိန်းမက မေး၏။

မင်းကြီးရဲ့ဟသ်ာကို ငါသတ်၍ချက်ထားခြင်းဖြစ်သည်၊ တခြားသူကိုမပြောနဲ့-ဟု ပြောဆိုလေ၏၊ မကြာမီမှာပင် မင်းကြီး၏ ဟသ်ာ ပျောက်သည်ဟု တမြို့လုံးအုတ်အုတ် ကျက်ကျက်ဆူပွက်လေတော့သည်၊ သို့ရာတွင် ဘယ်နေရာတွင်မှ တစွန်းတစရှာဖွေ၍ မရကြချေ၊ ထိုအခါ ဘုရင်မင်းမြတ်က မင်းခယောကျ်ားများအား အကယ်၍ ရွှေဟသ်ာကို သေ်ငင်း, ရွှေဟသ်ာခိုးသောသူကိုရင်းညွှန်ပြနိုင်ပါက ရွှေစင်တထောင်ပေးမည်ဟု တမြို့လုံးသို့ လှည့်လည်ကြွေးကြော် မောင်းကြေးနင်းခတ်စေလေသည်၊ မင်းခယောကျ်ားတို့ မောင်းကြေးနင်းခတ် ကြွေးကြော်သံကို ကြားသောအခါ ဒုကမ္မ၏မယားသည် လင်တယောက်ရဘို့ရန် မခဲယဉ်းချေ၊ လိုချင်လျှင်အလွယ်တကူရနိုင်သည်၊ သို့ပေမဲ့ ရွှေစင်တထောင်ဆိုသည်ကား အလွန်တရာရနိုင်ခဲပေသည်ဟု စဉ်းစားပြီးလျှင် မောင်းကြေးနင်းခတ်သော မင်းခယောကျ်ားများထံသွား၍ ဘုရင့်ရွှေဟသ်ာခိုးသူကိုမိမိပြောနိုင်ကြောင်းနှင့် မိမိအားရွှေစင်တထောင်ပေးပါရန် တာဝန်ယူလိုက်လေ၏။

မင်းခယောကျ်ား များသည် ထိုမိန်းမအား ဘုရင့်ထံသို့ ခေါ်ဆောင်သွားကြလေ၏၊ ရှင်ဘုရင် စစ်ဆေးမေးမြန်းသောအခါ ထိုမိန်းမသည် ဘုရင့်ရွှေဟသ်ာကို မိမိလင်ယောကျ်ားခိုးယူသတ်စားလိုက်ပါကြောင်း တင်လျှောက်လေ၏။

ထိုမင်းခယောကျ်ား များသည် ထိုမိန်းမ ပြောသည့်အတိုင်း ဒုကမ္မအား ဖမ်းဆီးခေါ်ဆောင်၍နေဝင်ချိန်တွင် ဘုရင့်ထံအပ်နှံကြလေသည်၊ ဘုရင်ကြီးသည် ဒေါသအမျက် ချောင်းချောင်း ထွက်သဖြင့် ဒုကမ္မသူကြွယ်အား ယခုချက်ချင်း သုသာန်ထုတ်၍ သတ်ပစ်ရန် အမိန့်ပေးလိုက်၏၊ မင်းခယောကျ်ားများသည် ဒုကမ္မသူကြွယ်အား သုသာန်သို့ခေါ်ဆောင်ရန် အရှေ့တံခါးမုခ်ဆီသို့ ရှေးရှုဖမ်းဆီးသွားကြကုန်၏၊ ထိုအချိန်တွင် သုံးကြိမ် လူထွက်ဘူးသော ဒုကမ္မ၏မိတ်ဆွေက အိုမိတ်ဆွေ- သင့်မှာသေရမည့်အတူတူ မထူးတော့သဖြင့် သင်၏အဝတ်အထည် ကောင်းများကို ငါ့အား ပေးခဲ့ပါလောဟု ပြောဆိုတောင်းယူ ထားလိုက်လေ၏။

မင်းခယောကျ်ား များသည် ဒုကမ္မအား ဖမ်းဆီး ခေါ်ဆောင်သွားရာ အရှေ့တံခါးသို့ရောက်သောအခါ တံခါးမှူးအား တံခါးအဖွင့် ခိုင်းလေ၏၊ တံခါးမှူးက တံခါးဖွင့်မပေးချေ၊ ခုအချိန်သည် တံခါးဖွင့်ပေးရန် အချိန်မဟုတ်သောကြောင့် ဖွင့်မပေးနိုင်ဟု ငြင်းဆိုနေလေ၏၊ မင်းခယောကျ်ားအာဏာသားတို့က ဘုရင့်အမိန့်အရ လူသတ်ရန်ကိစ္စရှိသဖြင့် တံခါးဖွင့်ပေးရန် ထပ်မံပြောကြပြန်၏၊ ထိုအခါ တံခါးမှူးက ရှေးအခါကမင်းများသည် ည

အခါတွင် ရာဇဝတ်သားတရားခံကို သတ်ဖြတ်သုတ်သင်ရိုး ထုံးစံမရှိပါ၊ မစူး မစမ်း မဆင်မခြင်ပြုလုပ်ပါလျှင် မြွေပါလည်းဆုံး သားလည်းဆုံးသော လင်မယားကဲ့သို့ နောင်တဘဖန် ပူပန်ရတတ်သည်ဟု ဆိုကာ ထိုအကြောင်းကို ပြောပြလေ၏။

## မြွေပါလည်းဆုံး သားလည်းဆုံး

သင်တို့အား ပုံစံတခုငါပြပေအံ့၊ ရှေးအခါက လင်မယားနှစ်ယောက်တို့သည် သားကလေးကစားဘို့ရန် မြွေပါတကောင်ကို မွေးမြူကုန်၏၊ တနေ့သ၌ ထိုလင်မယားတို့သည် သား၏အထံ၌ မြွေပါကိုထား၍ လယ်တောသို့သွားကုန်၏၊ ထိုအခါ မြွေတကောင်သည်လာ၍ သူငယ်ကို ပေါက်သတ်၏၊ မြွေပါသည် သူ့အရှင့်ကလေးကို ကိုက်သတ်ရပါမည်လောဟု ယင်းမြွေကိုလိုက်လံကိုက်သတ်ပြီး အရှင်သခင်များ ပြန်လာမည့်လမ်းကို စောင့်မျှော်နေလေသည်။

ထိုလယ်သမား လင်မယားတို့ ပြန်လာသောအခါ သားကလေးသေနေသည်ကိုမြင်လျှင် ဤမြွေပါသည် ငါတို့၏သားကို သတ်လေပြီဟု ယူဆကာ မိမိတို့မွေးထားသောမြွေပါကို ရိုက်သတ်လိုက်လေ၏၊ ထို့နောက်မြွေပါအား ရိုက်သတ်လိုက်သော နေရာအနီးတွင် အခြားမြွေတကောင် သေနေသည်ကို တွေ့ရသောအခါ ငါတို့၏သားကို ဤမြွေ ကိုက်သတ်သဖြင့် ဤမြွေပါသည် မြွေအားစိတ်ဆိုး၍ သတ်သည်ဖြစ်ပေလတံ့၊ မစူးစမ်းမဆင်ခြင်ဘဲ ပြုသောအမှုမည်သည် ပသင့်ပါတကားဟုဆို၍ သားနှင့်မြွေပါသေရှာသည်ကိုအကြောင်းပြုပြီး ငိုကြွေးမြည်တမ်းကြကာ နောင်တရကြကုန်၏၊ ဤသို့ ဖြစ်ခဲ့ဘူးသောအကြောင်းများကြောင့် တံခါးကို ဖွင့်မပေးနိုင်ပါ၊ တခြားတံခါးသို့သာ သွားကြပါကုန်ဟု တံခါးမှူးက ဆို၏။

## သမီးလည်းဆုံး ခွေးလည်းဆုံး

ထို့နောက် ထိုမင်းခ ယောကျ်ားတို့သည် တောင်ဘက်တံခါးသို့ သွား၍ ထို့အတူ တံခါးမှူးကိုခေါ်၍ တံခါးဖွင့်ရန် ပြောဆိုကုန်၏၊ တံခါးမှူးကလည်း ညအချိန်မတော်ဖြစ်သောကြောင့် တံခါးဖွင့်မပေးနိုင်ကြောင်း ရှေးအခါက မင်းကောင်း မင်းမြတ်တို့သည် ညအခါ၌ ရာဇဝတ်သား တရားခံများကို မသတ်ကြပါ၊ မစူးစမ်းဘဲပြုလုပ်သော အမှုမည်သည် ဗြဟ္မဒတ်မင်းကဲ့သို့ နောင်တတဖန် ပူပန်ရတတ်ပေသည်ဟုဆိုကာ ထိုအကြောင်းကို ပြောပြလေ၏။

ရှေးအခါက ဗြဟ္မဒတ်အမည်ရှိသော မင်းတပါးသည် ဗာရာဏသီပြည်၌ မင်းပြု၏၊ ထိုမင်း၏ သမီးတပါးသည် ရေကန်၌ ရေကစားနေ၏၊ ထိုအခါ မင်း၏ရန်သူဖြစ်သောယောကျ်ားတယောက်သည် မင်း၏သမီးတော်ကိုသေစေလိုသည်ဖြစ်၍ ရေကန်တနေရာတွင် ငြောင့်ထောင် ထားလေသည်၊ ယင်းသို့ ငြောင့်ထောင်ထားသည်ကို မည်သူမျှမသိချေ၊ မင်းသမီး၏ခွေးတကောင်သာ ထိုအကြောင်းကို သိလိုက်လေ၏။

မင်းသမီးရေကစားစဉ် ထိုငြောင့်နားသို့ ရောက်သောအခါ ခွေးသည် ဟောင်၍ ထိုအနားသို့မသွားရန် တားမြစ်လေ၏၊ သို့သော် မင်းသမီးသည် ငြောင့်ရှိရာသွားသဖြင့် ခွေးသည် မင်းသမီး၏အဝတ်ကိုကိုက်၍ ဆွဲလေသည်။

ထိုအခါ ဗြဟ္မဒတ်မင်းသည် ထိုအပြုအမူကိုမြင်၍ ခွေးသည် ငါ၏သမီးကို ကိုက်၏ဟုယူဆကာ ခွေးကို ဓားဖြင့် ခုတ်သတ်လေ၏၊ မင်းသမီးသည်လည်း ခွေး၏အနှောင့်အယှက်မှလွတ်၍ ရှေ့သို့ဆက်လက်၍သွားရာ ငြောင့်စူး၍ သေလေ၏။

ထိုအခါမှ ဗြဟ္မဒတ်မင်းသည် စဉ်းစားဆင်ခြင်မိကာ ခွေး၏ အပြုအမူကို သိလျက် သမီးလည်းဆုံး ခွေးလည်းဆုံးရသည့်အဖြစ်ကို ယူကျုံးမရ နှောင်တတဖန် ပူပန်ရလေ၏၊ ဤအကြောင်းများ ရှိခဲ့သဖြင့် တံခါးဖွင့်မပေးနိုင်ပါ၊ အခြားတံခါးသို့သွားကြပါဟု တောင်တံခါးမှူးက ပြောလိုက်လေသည်။

## ရသေ့လည်းဆုံး ဘုရင်လည်းဆုံး

ထို့နောက် မင်းခယောကျ်ားတို့သည် အနောက်တံခါးသို့ သွား၍ ရှေးနည်းအတိုင်း တံခါးမှူးအား တံခါးဖွင့်ခိုင်းကြပြန်ကုန်၏၊ အနောက်တံခါးမှူးကလည်း ရှေးမင်းတို့သည် ညအချိန်မတော် ရာဇဝတ်တရားခံကို သတ်ဖြတ်သုတ်သင်ရိုးထုံးစံမရှိကြချေ၊ အလျင်အမြန် ဆုံးဖြတ်ခြင်းကြောင့် ရသေ့လည်းဆုံး ဘုရင်လည်း ဆုံးရသောအဖြစ်မျိုးကြုံတတ်၍ တံခါးဖွင့်မပေးနိုင်ကြောင်း ငြင်းဆိုကာ ထိုအကြောင်းကိုပြောပြလေ၏။

ရှေးအခါက စင်ကြယ်သောသီလရှိ၍ သမာဓိပညာ နှစ်ဖြာသောဂုဏ်နှင့် ပြည့်စုံသော ရသေ့တပါးသည် ကာသိတိုင်း တောအုပ်တခုမှာ နေလေသည်၊ ထိုသို့နေစဉ်အခါ တယောက်သော သူခိုးသည် ညဉ့်အခါ သူကြွယ်တဦး၏ အိမ်သို့ဝင်လျက် ပစ္စည်းကိုခိုးယူစဉ် အိမ်ရှင်တို့နိုး၍လိုက်လတ်သော် ရသေ့၏ သင်္ခမ်းကျောင်းတွင် အထုပ်ကိုပစ်ကာ လူလွတ်ထွက်ပြေးလေသည်။

ထိုဥစ္စာရှင်တို့သည် ထိုရသေ့၏ကျောင်းသခ်မ်းတွင် ဥစ္စာထုပ်ကိုတွေ့သဖြင့် ထိုရသေ့ကား သူခိုးပင်တည်းဟု အမှတ်ရှိသည်ဖြစ်၍ ကာသိမင်းထံပို့ကြကုန်၏၊ ကာသိမင်းသည် မစိစစ်မူ၍ ထိုရသေ့ကိုချုပ်နှောင်စေကာ ကားစင်တင် သတ်စေဟု အမိန့်ပေးသည့်အတိုင်း အာဏာသားတို့သည် ရသေ့ကြီးအား သတ်ပစ်လိုက်ကြကုန်၏။

ခိုးသူသည်လည်း ဘေးမှလွတ်ပြီဟု အမှတ်ရှိ၍ မြို့တွင်းသို့ ပြန်အဝင် မြို့တံခါးအနီးသို့ ရောက်သောအခါ ရသေ့အား ပစ်မှားမိသော ကံကြောင့် မြေမျိုလေသည်၊ ထိုအခါ တွင်မှ သူ့ကို လာကြည့်နေကြသော မြို့သူမြို့သားတို့အား မိမိပြုအပ်သောအပြစ်ကို ပြောကြားဝန်ခံလေသည်၊ သို့ရာတွင် အပြစ်မရှိသော ရသေ့ကား ကားစင်တင်၍ ထိုးသတ်ခြင်း ခံလိုက်ရလေပြီ၊ မင်းချင်းယောကျ်ားတို့သည် ရသေ့၏ အပြစ်မရှိသော အဖြစ်ကိုကြား၍ မင်းကြီးအား လျှောက်တင်ကုန်၏၊ ထိုခဏ၌ မဟာပထဝီမြေကြီးသည် နှစ်ဖြာကွဲ၍ ပလ္လင်နှင့်တကွ မင်းကြီးအား မျိုလိုက်လေသည်၊ ဤသို့မစူးမစမ်းပြုလုပ်သဖြင့် ရသေ့လည်းဆုံး ဘုရင်လည်းဆုံးသော အဖြစ်မျိုး ရှိခဲ့သောကြောင့် တံခါးကို ဖွင့်မပေးနိုင်ပါ၊ အခြားတံခါးသို့ သွားကြပါဟု အနောက်တံခါးမှူးက ငြင်းပယ်လိုက်လေသည်။

## အပြစ်မရှိသောအမတ်ကြီးနှင့် သာမန္တမင်း

ထိုအခါ မင်းချင်းယောကျ်ားတို့သည် မြောက်ဘက် တံခါးသို့ သွား၍ ရှေးနည်းအတိုင်း တံခါးမှူးကိုခေါ်၍ တံခါးဖွင့်ရန် ပြောဆိုကြပြန်ကုန်၏၊ တံခါးမှူးကလည်း ဤအချိန်ကား တံခါးဖွင့်သော အချိန်မဟုတ်၍ ဖွင့်မပေးနိုင်၊ ရှေးက မင်းကောင်းမင်းမြတ်တို့သည် ညအချိန်၌ ရာဇဝတ်သားတရားခံကို မသတ်ကြကုန်၊ မစူးစမ်း မစိစစ်ဘဲ ပြုခြင်းမည်သည် သာမန္တမင်းကဲ့သို့ နောင်တတဖန် ပူပန်ရတတ်၏ဟု ဆိုကာ ထိုအကြောင်းကို ပြောပြလေ၏။

ရှေးတုန်းက မဒ္ဒတိုင်း၌ သာမန္တအမည်ရှိသော မင်းသည် မင်းပြုခဲ့ဘူးလေသည်၊အခါတပါးသာမန္တမင်းသည်မိမိကိစ္စပြုလုပ်ဘွယ်ဖြင့် မြို့ပြင်သို့သွားရန်ရှိ၍ မိဖုရားကို စောင့်ရှောက်ခြင်းငှာ အမတ်လေးယောက်တို့အား မှာထားခဲ့လေသည်၊ မိဖုရားသည် အမတ်သုံးယောက်တို့နှင့် ကာမဂုဏ် ဖြားယောင်းသွေးဆောင်လျက် ပျော်ပါးနေလေသည်၊ တယောက်သောအမတ်ကြီးသည်ကား မိမိအရှင်၏ မိဖုရားဖြစ်သောကြောင့် ထိုသို့ပြုလုပ်ခြင်းကို မနှစ်သက်ပါချေ၊ သို့ဖြစ်၍ မိဖုရားကြီး၏ သွေးဆောင်ဖြားယောင်းခြင်းကို လက်မခံရုံသာမက

ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချလေသည်၊ မင်းကြီးပြန်ရောက်လာသောအခါ အပြစ်ရောက်တော့မည်ကိုသိသော မိဖုရားသည် ထိုအမတ်အပေါ်တွင် အငြိုးထားကာ မင်းကြီး နေပြည်တော်သို့ ပြန်လာချိန်တွင် ထွက်၍မကြိုဘဲ နေလေသည်၊ ရိုက်နှက်ပုတ်ခတ်ခြင်းခံထားရ၍ နေထိုင်မကောင်းကြောင်း အကြောင်းပြလျက် အိပ်ရာထဲတွင် လဲ၍နေလေသည်။

မင်းကြီးက စိုးရိမ်စွာဖြင့် လာရောက်မေးသောအခါ ထိုအမတ်ကမတရားပြုလုပ်ရန် ကြံစည်ကြောင်း မရသည့်အဆုံး၌ လက်သီးများဖြင့် ရိုက်နှက်ပုတ်ခတ်ပါကြောင်းဖြင့် မိန်းမတို့၏ မာယာကိုသုံးကာ ငိုကြွေးလျက် တိုင်တန်းပြောဆိုလေ၏။

မင်းကြီးသည် အလွန်လျှင် ဒေါသအမျက်ထွက်၍ ထိုအမတ်အား ချက်ချင်းပင် သတ်ပစ်လိုက်လေ၏၊ နောင်သောအခါတွင်မှ ထိုအမတ်၏ အပြစ်မရှိသော အဖြစ်ကို သိ၍ မိမိမစူးစမ်း မဆင်ခြင်ဘဲ အဆောတလျင် ပြုလုပ်မိသည်ကို နောင်တရလျက် ရှိပေသည်၊ ဤအကြောင်းကြောင့် တံခါးကိုဖွင့်မပေးနိုင်ပါဟု မြောက်တံခါးမှူးက ငြင်းဆိုလေသည်။

## ဖခင်မှာတမ်း လက်တွေ့စမ်း

ဤသို့လျှင် မြို့၏လေးဘက် လေးတန်မှ တံခါးမှူးများက တံခါးဖွင့်မပေးသဖြင့် ညဉ့်အမှောင်ပျောက်၍ မိုးလင်းခြင်းသို့ ရောက်ခဲ့လေသည်၊ ထိုမင်းချင်းတို့သည် တံခါးမှူးလေးယောက်တို့၏ အချင်းချင်း တိုင်ပင်ထားသကဲ့သို့ တူမျှသောစကားကို ကြား၍ ယုံမှားသံသယဖြစ်လာကြကာ ထိုရာဇဝတ်သားယောကျ်ားကို ထပ်မံ၍ မေးမြန်းကုန်၏။

## ဟင်္သာမသေလို ကျွန်ုပ်ကိုရှင်ဘုရင်ပြ

ထိုအခါ ဒုကမ္မသတို့သားက ကျွန်ုပ် သေလျှင် မင်း၏ဟင်္သာလည်း သေပေလိမ့်မည်၊ အကယ်၍ ကျွန်ုပ်မသေလျှင် ဟင်္သာလည်း သေမည်မဟုတ်၊ ထိုအကြောင်းကို အကယ်၍ သိလိုအံ့၊ ကျွန်ုပ်ကို မင်း၏အထံသို့ ပို့ဆောင်ကြကုန်ဟု မင်းချင်းတို့ကို ပြောပြလေသည်။

ထိုမင်းချင်းယောကျ်ားတို့သည် ထိုသူကို ခေါ်၍ မင်း၏အထံသို့သွားကာ တံခါးမှူးတို့၏ စကားနှင့် ဒုကမ္မ၏ စကားကို မင်းအား ပြောကြားကြကုန်၏။

ထိုအခါ ဘုရင်မင်းမြတ်က အကယ်၍ ရွှေဟင်္သာကို ပြန်ပေးနိုင်လျှင် ထိုသူအား ငါ၏ရွှေတော်သို့ ဆောင်ယူခဲ့ကြကုန်လော့ဟု အမိန့်ပေးလိုက်၏၊

ထိုအခါ ဒုကမ္မသည် မိမိဝှက်၍ထားသောရွှေဟသ်ာကို သွားယူလျက် မင်းကြီးအား ဆက်သလိုက်လေသည်၊ အမောင်ယောကျ်ား သင်သည် စိတ်ကောင်းပါ၏လော၊ ရူးသွပ်၍များ နေပါသလော၊ ရွှေဟသ်ာကို မသတ်ဘဲ အဘယ့်ကြောင့် သတ်သည်ဟု ဝန်ခံကာ ဖမ်းဆီးချုပ်နှောင်ခံရရှာမက အသက်ကိုပင် အဆုံးခံပါသနည်းဟုမင်းကြီးက ကြင်နာစွာ မေးလေ၏။

ထိုအခါ ဒုကမ္မသည် သူ၏ဖခင် သေခါနီးတွင် မှာကြားသွားသောစကား သုံးခွန်းကို လက်တွေ့ စမ်းသပ်သိရှိလို၍ ဤကဲ့သို့ ပြုလုပ်ခဲ့ပါကြောင်း ရှင်းလင်းပြောကြား လျှောက်ထားလေ၏။

## တက္ကသိုလ်ပြည်ကြီး ခရီးနှင်အံ့

မင်းကြီးသည် ဤသူကား ပညာရှိသူတည်း၊ မြတ်သောအလိုဆန္ဒ ရှိသူတည်း၊ လောကဝေါဟာရ၌ လိမ္မာသူတည်း၊ လောက၌ ရခဲ့သူတည်းဟု ကြံစည်၍ ဤသို့ဆိုရင် သင်သည် ငါ၏ထံပါး၌ ဆည်းကပ်ခစားနေပါလော၊ သင့်အား အိမ်ရှေ့မင်းအဖြစ် ချီးမြှောက်ပါအံ့ဟု ဆိုလေ၏။

ထိုဒုကမ္မသည်လည်း အရှင်မင်းကြီး ဖခင်၏ သုံးခွန်းသော စကားတွင် မဆင်ခြင် မစဉ်းစားမူ၍ ပြုတတ်သော မင်း၏ တိုင်းနိုင်ငံ၌ မနေလင့်ဟုစကား တခွန်း ပါပါသည်။

သို့ပါ၍ မြတ်သောမင်းကြီး- သင်မင်းကြီး၏ မင်းစည်းစိမ်ကို ကျွန်ုပ်အလို မရှိပါဟု ဆိုကာလက်မခံဘဲ တိုင်းပြည်မှ ထွက်ခွါလျက် တက္ကသိုလ်ပြည်သို့ သွားလေ၏။

တက္ကသိုလ်ပြည်သို့ ရောက်သောအခါ မင်းဥယျာဉ်တော်ဝယ် မင်္ဂလာကျောက်ဖျာ၌ ဥက္ကောင်းခြုံ၍ အိပ်လေ၏၊ ထိုနေ့သည်ကား တက္ကသိုလ်မင်း၏ မသာကိစ္စ ပြီးဆုံး၍ ခုနစ်ရက်မြောက်သောနေ့ ဖြစ်၏၊ ထိုနေ့၌ အလုံးစုံသောအမတ် ဝသေသူတို့သည် ငါတို့၏မင်း၌ ထီးမွေနန်းမွေကို ဆက်လက်ခံယူရန် သားလည်းမရှိ၊ ညီလည်းမရှိ၊ သမီးလည်းမရှိချေ၊ ငါတို့သည် အသို့လျှင် မင်းကို ရအံ့နည်းဟု တိုင်ပင်ကုန်၏။

ထိုအခါ ပညာရှိအမတ် ပုရောဟိတ်တယောက်သည် အို မှူးမတ်အများနှင့် တိုင်းသူပြည်သားတို့- သင်တို့သည် ဘာမှ မကြံကြကုန်လင့်၊ ငါတို့သည် ဖုတ်သွင်းရထား လွှတ်ကုန်အံ့၊ ဖုတ်သွင်းရထားလွှတ်သဖြင့် ရသော မင်းသည် မင်းအဖြစ်ကို ပြုခြင်းငှာ စွမ်းနိုင်ပေလတံ့ဟု ဆို၍ ဖုတ်သွင်းရထားကို တန်ဆာဆင်ပြီးလျှင် မင်းမြှောက်တန်ဆာငါးပါး တင်၍ လွှတ်ကြကုန်၏။

ရထားသည် မင်းနန်းတော်ကို လက်ျာရစ်ပြု၍ မြို့တော်မှထွက်ကာ မင်းဥယျာဉ်သို့ ဝင်ပြီးလျှင် မင်္ဂလာကျောက်ဖျာကို လက်ျာရစ်ပြုပြီး ရပ်တည်လေ၏။

ထိုအခါ ပုရောဟိတ်သည် ဘုရားအလောင်း ဒုကမ္မသို့ကပ်၍ ခြေလက္ခဏာကို ကြည့်၏၊ ဤသူကား ငါတို့၏ မင်းဖြစ်ထိုက်သူတည်းဟု ဆို၍ ထိုသူကို ထစေကာ ထိုဥယျာဉ်ကျောက်ဖျာ၌ပင် ရာဇာဘိသိက်သွန်း၍ များစွာသော အခြံအရံဖြင့် မြို့သို့ ဆောင်သွားကြလေသည်။

ထိုဒုကမ္မမင်းသည် တရားသဖြင့် မင်းပြု၍ မြို့တံခါး လေးခု၊ မြို့လယ်၊ နန်းတော် တံခါးမ ဤခြောက်ဌာနတို့၌ သာလာကြီး ခြောက်လုံး ဆောက်လုပ်စေ၍ နေ့တိုင်းနေ့တိုင်း ခြောက်သိန်းကုန် အလှူကြီး ပေးလှူလေသည်၊ လူအပေါင်းတို့အားလည်း အဆုံးအမပေး၏။

## သုံးကြိမ်သမား နှင့်ယောက်

ထိုအခါ ထိုသုံးကြိမ်လူထွက်ဘူးသော မိတ်ဆွေသည် ထိုသုံးလင်ကွာပြီးသော ဒုကမ္မ၏မယားကို ယူ၍ မိမိတို့တိုင်းပြည်၌ အသက်မွေးခြင်းငှာ မစွမ်းနိုင်ရကား တက္ကသိုလ်မင်းသည် တရားစောင့်၏၊ ဒါနသာလာကြီးများဆောက်လုပ်စေ၍ ကြီးစွာသော အလှူကို ပေးလှူသည်၊ ထိုတက္ကသိုလ်ပြည်၌ အသက်မွေးမှုအံ့-ဟု ဇနီးမောင်နှံ တိုင်ပင်ကာ တက္ကသိုလ်ပြည်သို့ ရောက်လာကြ၏။

ထိုအခါ တနေ့သ၌ တက္ကသိုလ်မင်းသည် ဆင်တော်စီးလျက် အလှူသာလာများကိုလိုက်လံကြည့်ရှုရာ ထိုဇနီးမောင်နှံကိုမြင်ကာမျှဖြင့် မှတ်မိ၍ တခြားသူများ မသိစေဘဲ နေရာဒေသ၏ အစွမ်းဖြင့် ဤသို့ ဥဒါန်းကျူးလေသည်။

ကုဒေသဥ္စ ကုမိတ္တဥ္စ၊ ကုသမ္ဗန္ဓိ ကုဗန္ဓဝံ။
ကုဒါရဥ္စ ကုဇနဥ္စ၊ ဒူရတော ပရိဝဇ္ဇယေ။

ကုဒေသဥ္စ၊ မိမိတမူ နေသူမအပ် အရပ်မျက်နှာကိုရင်း။ ကုမိတ္တဥ္စ၊ အကျိုးမဖက် အဆိုးမြှက်သည့် မိတ်ဆွေပျက်ကိုရင်း။ ကုသမ္ဗန္ဓဥ္စ၊ ဂဟေမနှင်း မကောင်းသော သားချင်းရင်းချာကိုရင်း။ ကုဗန္ဓဝဥ္စ၊ အကြောင်းကွယ်စေ မကောင်းသော အဆွေကိုရင်း။ ကုဒါရဥ္စ၊ သစ္စာမဲ့ငြား မကောင်းသော မယားကိုရင်း။ ကုဇနဥ္စ၊ အကြံနုပ်စွာ ယုတ်မာသော သူကိုရင်း။ ပရိဝဇ္ဇယေ၊ မပေါင်းမသင်း ရှောင်ကွင်းဖယ်ခွါရာသတည်း။

၁။ ကုဒေသ- ကျန်းမာရေး, ပညာရေး, စီးပွားရေး တစုံတရာ မရှိသော အရပ်။
၂။ ကုမိတ္တာ- မိမိအကျိုးစီးပွား မလိုလားသော အဆွေခင်ပွန်း။
၃။ ကုသမ္ဗန္ဓ- မကောင်းသော သားချင်းရင်းချာ။
၄။ ကုဗန္ဓဝ- မကောင်းသော ဆွေမျိုး။
၅။ ကုဒါရ- သစ္စာမရှိသော မယား။
၆။ ကုဇန- သစ္စာမဲ့သောသူ။

ဤခြောက်ဦးကို အပေါင်းအသင်းမပြုဘဲ ဝေးဝေးက ရှောင်ရာ၏။

ပယားပျက်စု၊ ထိမိန်းမကား၊ ရှိကြမိတ်ကောင်း၊ ဖျက်တုံသောင်း၏၊
မကောင်းပြစ်တွေ၊ ပေးတတ်ပေရှင့်၊ အိမ်နေလူသား၊ မဟုတ်ငြား
ဟု၊ ယုံမှားတစိ၊ မရှိလေလင့်။

သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ အညာယ၊ သေယျော ဟောတိ နပါပိယော။

သဗ္ဘိ၊ ကိုယ်ကျင့်မစောင်း သူတော်ကောင်းတို့နှင့်သာလျှင်။သမာသေထ၊ အကြောင်းတော်လျော် ပေါင်းဖော်ကုန်ရာ၏။ သဗ္ဘိ၊ ကိုယ်ကျင့်မစောင်း သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ အကျွမ်းတဝင် ချစ်ခင် ပေါင်းသင်းခြင်းကို။ ကုဗ္ဗေထ၊ ယုံမှားကင်းကွာ ပြုကြကုန်ရာ၏။ သတံ၊ ကိုယ်ကျင့်စိတ်ကျင့် မပင့် မစောင်း သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ လောကီလောကုတ္တရာ နှစ်ဖြာပွားတိုး တရားမျိုးကို။ အညာယ၊ ဆိုလိုရာကို မြင်ကာသိ၍။ သေယျော၊ မြင့်မြတ်သူသည်။ဟောတိ၊ အမှန်စင်စစ် ဖြစ်ပါချေ၏။ပါပိယော၊ယုတ်မာညစ်သိုး အပြစ်မျိုးရှိသူသည်။နဟောတိ၊ဘယ်သောအခါမှ မဖြစ်ပါတော့ချေ။

သူတော်ကောင်းနှင့် ပေါင်း၊ သူတော်ကောင်းနှင့် တွဲ၊ တရားကိုသိအောင်ခဲ၊ သိသည့်အတိုင်းကျင့်၊ မြင့်မြတ်သူသာ ဖြစ်လိမ့်မလွဲ၊ မယုတ်မာသူသာဖြစ်မှာဘဲ။

ပြုစင်သိလ၊ ရှိကြသူများ၊ မြင်ရငြား၊ မြဲပွားချမ်းသာသည်။
သူမိုက်ကိုမြင်၊ အမြဲပင်၊ စိတ်တွင် ဆင်းရဲသည်။

ဤဒေသနာတော်ကို ဟောတော်မူပြီးလျှင် ဇာတ်ကို ပေါင်းတော်မူ၏။

**ဇာတ်ပေါင်းခဏ်း**

ထိုအခါ မိတ်ဆွေပျက်ကား ယခု ဒေဝဒတ်၊ မယားပျက်ကား စိဉ္စမာဏ ပိကာ၊ဒုကမ္မမင်းကား ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဒုကမ္မရာဇဇာတ် ပြီး၏။

# ၄၇-ဝိဝါဒဇာတ်

**သီလရှိယောင်၊ ဟန်ပန်ဆောင်၍၊ မြားမြောင်သတ္တဝါ၊ စား သောက်ပါသော်၊ နောက်ခါ ကိုယ်တွက်၊ ယုတ်မာချက်၊ ပေါ်ထွက်လာပေသည်။**

ဟာဟာတာတ- အစရှိသော ဂါထာဖြင့် တန်ဆာဆင်အပ်သော ဤဒေသ နာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် သတ္တဝါတို့ ငြင်းခုံပြောဆိုခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့- သတ္တဝါတို့မှာ ငြင်း ခုံ ပြောဆိုခြင်းတို့သည် များပြားလှပေကုန်၏၊ ထိုသူတို့အား ရှေးကပြုခဲ့ဘူး သောကံကြောင့်သာ ငြင်းခုံခြင်း ဖြစ်ရပေသည်ဟု စကားကို ဖြစ်စေကုန်၏။

ထိုစဉ်အခါ မြတ်ဘုရားသည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ထိုရဟန်းတို့၏ စကားကို ကြား၍ ဂန္ဓကုဋီမှထွက်ကာ တရားသဘင်သို့ လာ၍ ယခုအခါ အဘယ်စကားဖြင့် စည်းဝေး တိုင်ပင်နေကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးတိုင်ပင်ကြပါကုန်သည်ဘုရားဟု လျှောက် ထားသည်ရှိသော်- ရဟန်းတို့ ယခုအခါ၌သာ သတ္တဝါတို့၏ ငြင်းခုံပြောဆို သော စကားသည် များသည်မဟုတ်သေး၊ ရှေးအခါကလည်း အလုံးစုံသော သတ္တဝါတို့၏ ငြင်းခုံသော စကားတို့သည် များပြားကုန်သည်သာ ဖြစ်၏ဟု မိန့်တော်မူပြီး၍ ဆိတ်ဆိတ်နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ် သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့- ရှေးအခါက ဟိမဝန္တာ၌ သပြေပင်တပင် ရှိလေသည်၊ အကိုင်း အခက် တထောင်ရှိ၏၊ သီးကြီးသီးငယ် အသွယ်သွယ်ကို ဆောင်၍ အဆင်း အနံ့ အရသာ ရှိ၏၊ အရွက်စည်ပင်၍ အေးချမ်းသော အရိပ်ရှိ၏၊ မွှေလျော် ဘွယ်ရှိ၏၊ ငှက်တို့သည် သပြေပင်၏ အကိုင်းအခက်တို့၌ အသိုက်လုပ်နေ ကုန်၏။

အရှေ့ဘက် အကိုင်းတို့၌ ဇင်ယော်ငှက်တို့သည်ရှင်း၊ တောင်ဘက်အကိုင်း တို့၌ ဥဩငှက်တို့သည်ရှင်း, အနောက်ဘက် အကိုင်းတို့၌ ဇရက်တို့သည်ရှင်း, မြောက်ဘက်အကိုင်း၌ ကျေးသားတို့သည်ရှင်း အသိုက်ပြုလုပ်၍နေကြကုန်၏။

အလုံးစုံသော ငှက်တို့မှာ အသီးအသီး သားသမီး ရှိကုန်၏၊ ထိုအခါက သပြေပင်အနီးမှာ သရက်တပင်ရှိ၏၊ အကိုင်းတိုင်း အသီးသီး၏၊ အရွက်စည်ပင်၏၊ အေးချမ်းသာယာ၍ ပျော်မွေ့ဘွယ်ရာ ဖြစ်၏၊ ငှက်ပေါင်းများစွာတို့သည် ယင်း သရက်ပင်၌လည်း နေကြကုန်၏၊ ထိုအခါ ဘုရားအလောင်းသည် သာလိကာပျိုး၌ ဖြစ်၏၊ ထိုဘုရားအလောင်း သာလိကာသည် ငှက်တို့အား အဆုံးအမ ဩဝါဒပေးလျက် ထိုသရက်ပင်ကြီး၌ နေ၏၊ သာလိကာပေါင်း တထောင်တို့သည် ဘုရားအလောင်းကို ခြံရံကုန်၏၊ ထိုအခါ ကျီးတကောင်သည် အဝေးမှလာ၍ သပြေပင်၌ နေ၏၊ ထိုအခါ အလုံးစုံသော ငှက်တို့သည် ပင်ဖျား၌ နားနေသော ကျီးကို တွေ့မြင်ကြ၍ ဤကျီးသည် ငါတို့၏ အမျိုးအနွယ် မဟုတ်၊ သွေမျိုးလည်း မတော်သောကြောင့် ငါတို့နှင့် အတူတကွ နေထိုင်ခြင်းငှာ မသင့်၊ နှင်ထုတ်ကုန်အံ့ဟု ပြောကုန်၏။

ထို့နောက် အခြားငှက်တို့သည် ကျီးအား- အိုအမောင်ကျီး သင်သည်ကား ငါတို့၏ အမျိုးအနွယ် မဟုတ်သောကြောင့် ဤနေရာ၌ မနေပါလင့်၊ သင့်အား မသင့်လျော်ပါဟု ပြောဆိုကုန်၏၊ ထိုအခါ ကျီးက အိုငှက်များတို့- ဤသစ်ပင်ကြီးသည် ပျော်စရာကောင်း၏၊ အရိပ်အာဝါသနှင့်လည်းပြည့်စုံ၏၊ အေးချမ်းသာယာ၏၊သီလကို စောင့်ရှောက်ရန် ကောင်း၏၊ ထို့ကြောင့် ကျွန်ုပ်နေခြင်း ဖြစ်ပါ၏၊ အခြားအကြောင်းကြောင့် နေခြင်းမဟုတ်ပါဟု ဆို၏။

ထိုအခါ အခြားငှက်များက ကျီးမည်သည်ကား သီလဆောက်တည်ခြင်း ဘာဝနာ အားထုတ်ခြင်းတို့ကို သိရိုးထုံးစံ မရှိပါ၊ အဘယ်မှာလျှင် ထိုတရားတို့ကို ကျင့်သုံးဆောက်တည်နိုင်ပါမည်နည်းဟု ဆိုကြကုန်၏၊ ထိုအခါ ကျီးသည် လိပ်လည် လှည့်ဖြားလျက် အိုအချင်းငှက်တို့- ရှေးအခါက ကျီးတို့သည် သီလစောင့်ထိန်းခြင်း တရားအားထုတ်ခြင်းတို့ကို မသိနားမလည်ကြပါ၊ ယခုမူကား သီလစောင့်ထိန်းခြင်း တရားအားထုတ်ခြင်းတို့ကို သိနားလည်ကြပါကုန်၏၊ သို့ဖြစ်၍ ကျွန်ုပ်သည် သီလစောင့်ထိန်းရန် ဤသစ်ပင်ကြီး၌ နေခြင်း ဖြစ်ပါသည်ဟု ဆိုလေ၏။

သင်သည် သီလစောင့်ထိန်း၍ တရားနှလုံးသွင်းလျက် နေမည်ဆိုပါက ဤသစ်ပင်၌ နေပါလော့ဟု ကျီးအား အခြားငှက်များက နေခွင့်ပြုကုန်၏၊ ထို့နောက် အခြားငှက်များက အိုကျီး- ငါတို့သည် သားသမီးများအတွက် အစာရှာ ထွက်ရပါမည်၊ ဤအသိုက်များတွင် ကျန်ရစ်ခဲ့သော ငါတို့၏သားငယ် သမီးငယ်များကို စောင့်ရှောက်ထားပါလောဟု ကျီးအား မှာထားပြီးလျှင် အခြားငှက်များသည် အစာရှာထွက်ကြကုန်၏။

## ကျီးမိုက်ဟန်ပန်

အခြားငှက်များ သားသမီးတို့အတွက် အစာရှာဖွေရန် ထွက်သောအချိန်မှာ ကျီးသည် ဤအခါသည်ကား ငါ၏စားချိန် ဖြစ်သည်ဟု ကြံစည်ပြီး ငှက်ကြီးများ အစာရှာထွက်နေတုန်း ငှက်ကလေးများကို သတ်ဖြတ်စားပြီးနောက် မိမိနေရာသို့ပြန်၍ ငြိမ်သက်စွာ ဣန္ဒြေရရ နေလေ၏။

အခြားငှက်များသည် အစာရှာရာမှ ပြန်လာကြ၍ မိမိတို့ သားငယ်သမီးငယ်များအတွက် အစာများကို ယူဆောင်လျက် မိမိတို့ အသိုက်အသီးသီးသို့ ဝင်ရောက် ကြည့်ကြသောအခါ အသိုက်တို့၌ သားငယ်သမီးငယ်များကိုမတွေ့ရသောကြောင့် ငါတို့၏ သားငယ်သမီးငယ်များ အဘယ်သို့ သွားကြကုန်သနည်းဟု ပြောကြလျက် ကျီးထံသွား၍ အဆွေကျီး ငါတို့ကလေးများ အဘယ်အရပ်သို့ သွားကြပါသနည်းဟု မေးမြန်းကြလျှင် ကျီးသည် တရား၌ စိတ်ဝင်စားနေသောကြောင့် မသိမမြင်ပါဟု ဖြေကြား၏၊ ငှက်တို့သည် ငါတို့၏ သားသမီးများကို သင်သည် စားပေမည်ဟု စွပ်စွဲပြောဆိုကုန်၏။

### မယုံငြားက နှုတ်သီးဖျား နွယ်ချည်ထားအံ့

ထိုအခါ ကျီးက သင်တို့သားသမီးကို ငါဟာ သတ်ဖြတ် စားမယ်ဆိုရင် ငါ၏သီလသည် ပျက်သွားပေမည်၊ ငါသည် သီလ စောင့်ထိန်းထားသဖြင့် မဟုတ်မမှန် လိမ်ညာ၍မပြောပါ၊ အကယ်၍ ငါ၏ စကားကို သင်တို့မယုံကြည်ပါလျှင် ငါ၏နှုတ်သီးကို ကြိုးဖြင့် ချည်ထားပါလောဟု ပြောဆိုလေသည်။

ထိုသို့ ပြောဆိုပြီး ကျီးသည် နှုတ်သီးဖြင့် နွယ်ကြိုးကိုဖြတ်၍ ဆောင်ယူခဲ့ပြီး အိုငှက်များတို့ ကြည့်ကြကုန်လော့၊ ငါ၏နှုတ်သီးကို ကြိုးဖြင့် ချည်နှောင်ထားပါအံ့ဟု ဆိုကာ သူ၏နှုတ်သီးကို နွယ်ကြိုးဖြင့် ချည်နှောင်လေ၏။

ထိုနောက် ထိုကျီးသည် မိမိ၏နှုတ်သီးကို နွယ်ကြိုးဖြင့်ဖွဲ့၍ သင်တို့၏ သားငယ် သမီးငယ်တို့ကို စောင့်ရှောက်ပါအံ့၊ စင်စစ်အားဖြင့် သင်တို့၏ သားသမီးများကို လာရောက် နှိပ်စက် သတ်ဖြတ်သူအား ငါသည် တတ်နိုင်သမျှ တိုက်ခိုက်ပါအံ့ဟု ပြောဆိုပြီးလျှင် သစ်ပင်ဖျားမှာ နေလျက် သီလကို စောင့်ရှောက်သကဲ့သို့ ဣန္ဒြေရစွာဖြင့် အရှေ့ဘက်သို့ မျက်နှာမူနေလေ၏။

ထိုအခါ ကျီး၏စကားကို ယုံကြည်ကြသောကြောင့် အခြားငှက်များသည် မိမိတို့၏ သားငယ်သမီးငယ်များကိုထားကာ အစာရှာထွက်ကြကုန်၏၊ အခြားငှက်များ အစာရှာထွက်သောအခါ ကျီးသည် အနောက် အရပ်သို့

မျက်နှာမူလျက် ဟိုဟိုဒီဒီ ကြည့်ပြီးလျှင် ဤအချိန်သည် ငှက်ငယ်များကိုစားသောက်ရန်အချိန် ဖြစ်သည်ဟု ဆို၍ နှုတ်သီးအား နှယ်ကြိုးဖြင့် ဖွဲ့ချည်ထားသည်ကို ဖြေလျက် ငှက်ငယ်များကို သတ်ဖြတ်စားပြီးလျှင် နှုတ်သီးကိုပြန်လည်ဖွဲ့ချည်၍ အရှေ့ဘက်သို့ မျက်နှာမူလျက် တရားအားထုတ်သကဲ့သို့ ငြိမ်သက်တည်ကြည်စွာ နေလေ၏။

ထိုသို့ ဘည်နေပြီးသော အချိန်မှာ အခြားငှက်တို့သည် အစာရှာရာမှပြန်လာလေရာ သားငယ်သမီးငယ်များကို မတွေ့သောကြောင့် အိုအဆွေငှက်တို့ ငါတို့၏ ကလေးများကို မမြင်ကြဘူးလား၊ ကလေးများ ဘယ်သွားကုန်ကြသနည်းဟု အချင်းချင်း မေးမြန်း ပြောဆိုကြကုန်လျက် အသိုက်ထဲမှ ကလေးများ သေကုန်ပြီထင်ပါရဲ့ဟု မြည်တမ်း၍ ငိုကြွေးကြကုန်၏။

ဟယ်ဟယ်- သားငယ်တို့ရယ် အသိုက်ဝယ် မင်းတို့များ သေနေကြပြီလား၊ မင်းတို့ကို အမေမမြင်၊ ဘယ်ချုံတွင် ပုန်းဝင်၍ ခိုနား၊ သွားလေသလားကွယ်။

လာကြသားရေ အမေအစာယူခဲ့ပြီလေ၊ ငါ့သားတွေ သိမ်း စွန်လင်းတတွေ လာ၍များယူကာ စားပြီလား၊ အမေ ဘယ်မ၍တယ် ဆွေးရိပေါ့ ငါ့သား။

ဘယ်သားကိုမှ မေမမြင်၊ ဟိုဟိုဒီဒီ လှည့်လည်ရှာရဲ့ရှင်၊ သားရွှေစင်နှင့် အမေကွဲ၊ ရွှေသဲနှလိုဘဲ။

ထိုကဲ့သို့ ဖြစ်ဖန်များသောအခါ ငှက်အပေါင်းတို့သည် ဥသြငှက်များနှင့်တကွ ကျီး၏ အထံသို့ သွားကြကုန်၍ အဆွေကျီး- ငါတို့ ကလေးငယ်များကို မတွေ့မြင်ဘူးလားဟု မေးကြကုန်၏။

ထိုအခါ ကျီးသည် မသိသကဲ့သို့ အိုငှက်များတို့ ငါသည် သစ်ပင်ထိပ်ဖျား၌ ငြိမ်သက်စွာ သီလစောင့်ထိန်း၍ တရားအားထုတ်ခြင်း၌ စိတ်ဝင်စားနေသဖြင့် သင်တို့ကလေးငယ်များ ဘယ်သို့သွားကြသည်ကို မသိလိုက်ပါဟု ဆိုလေ၏။

ထိုအခါ ဥသြငှက်ကြီးက ရှေးကလည်း သင်သည် ငှက်ငယ်များကိုစားခဲ့သည်၊ ယခုလည်း သင်ပင်စားရမည်မှာ အမှန်ပင်ဖြစ်သည်၊ ယခုမှ သင်သည် မသ်ဘူးဟု ပြောင်ငြင်းဆန်လေသည်။

ထိုအခါ ကျီးသည် ငါ၏နှုတ်သီးကို နှယ်ကြိုးဖြင့်ချည်ထား၍ ဘယ်သို့လုပ်၍ သင်တို့ကလေးများကို စားမည်လဲဟု ပြောဆိုပြီးလျှင် သင်တို့သည် ငါ့ကို မယုံကြည်လျှင် ယခု မြောက်အရပ်သို့ မျက်နှာမူ၍နေမည်၊ သင်တို့၏ကလေးများကိုသာ ထားခဲ့ပါ၊ စောင့်ရှောက်ပါအံ့ဟု ပြောဆိုပြန်လေ၏။

ကျီးက ထိုကဲ့သို့ အခြားငှက်များ ယုံလောက်အောင် ပြောပြန်သောအခါ အခြားငှက်များသည် ယုံကြည်သောကြောင့် ကလေးငယ်များကို ထားကာ အစာရှာသွားကြပြန်ကုန်၏။ ထိုခဏ၌ ကျီးသည် ဟိုဟိုဒီဒီ ကြည့်လျက် ယခု အလုံးစုံသော ငှက်တို့သည် အစာရှာသွားကြပြီဟု သိသောအခါ ဥသြငှက် အကြီးအကဲ၏သားတို့ကို စားပြီးနောက် ပင်ကိုယ်အတိုင်း ဣန္ဒြေရရ တည်နေလေသည်၊ ထို့နောက် အခြားငှက်များသည် အစားအစာများကို ယူဆောင်၍ ပြန်လာကြကုန်၏။

ဥသြငှက်အကြီးအကဲသည် မိမိ၏ သားသမီးငယ်တို့ကိုမမြင်၍ သနားစဖွယ် ငိုကြွေးလေသည်။

ယယ်ဟယ် ချစ်သားရယ်- ဟယ်ဟယ် ရင်မှဖွားတဲ့ ချစ်သားရယ်၊အမေမှာ အစာဆောင်ခဲ့ပေါ့၊ မောင်တို့တတွေ လာခါစား ဘယ်ကိုနေဘို့ သွား၊ သွားသည့်နေရာ တောင့်တပေါ၊ သေရှာပြီလား မေ့ချစ်သား။ စောင့်ရှောက်ပါရဲ့ ချစ်သားနှုငယ်၊ အမေ့အလို ပြိုကာကွဲ သဲကြွေတော့မယ်၊ အစာစားချင်တဲ့ သားမောင်ရယ် အမေ့အနား လာပါလားကွယ်၊ ဆိုင်းတွကာ သားမမြင် စားချင်ဘူးလားကွယ်။
အရှင်နတ်တို့ရယ်- မိခင်ဂုဏ် မချိုလောက် စောင့်ရှောက်ပါတယ်၊ အသဲတော့ ကွဲပြီကွယ်၊ သားငယ်ကို အစာပေးလို့ မွေးခဲ့ပါတယ်။
တောင်ပံရှိပေမဲ့ မပြန်နိုင်ပါ၊ ခြေထောက်ရှိပေမဲ့ မရှောက်နိုင်ပါ၊ မိဘနှစ်ဖြာ အစာရှာထွက် အသိုက်မှာဘယ်သူလွေး တွေးရအခက်။
တောင်ပံမရှိလို့ စောင့်ရှောက်ပါသည်၊ ယခုအခါ သားငယ်လေး ဆာလို့ငိုကြွေး၊ ကောင်းမြတ်သောအစာ ဆောင်လို့ယူခဲ့ပါ၊ အညစ်အကြေး ရောထွေးမပါ၊ ဆောင်ယူရာမှာ လွတ်ကင်းစေပါခဲ့၊သင်တို့ရဲ့နှုတ်သီးနား ထား၍မွေးခဲ့ပါ၊ ယခု ဘယ်နေရာ သွားရှာလို့နေကြသလဲ၊ သားတို့ရေ- အမေ့ထံလာခဲ့ကြ၊ အမေ့ထံပြန်ခဲ့ကြ၊ ဟောဒီအမေ ယူလာတဲ့ အစာကိုများ ဝမ်းဝအောင် စား- ဟုဆိုကာ သနားစဖွယ် ငိုကြွေးရှာလေသည်။

## ကျီးမိုက်အား ဥသြတွေ့ဖမ်း

ထိုအခါ ဥသြငှက်တို့သည် သားသမီးချစ်များကို မတွေ့မြင်ရ၍ ဆင်းရဲကြီးစွာရောက်ကာ သစ်ပင်အောက်၌ရှင်း မြေပြင်၌ရှင်း ချုံနွယ်တို့၌ရှင်း လှည့်လည်ရှာဖွေကြသည်၊ မတွေ့သည့်အဆုံးမှာ ကျီးထံသို့သွား၍ ငိုကြွေးလျက် မေးမြန်းကုန်၏။

အရှင်ကျီး- ငါတို့၏ သားသမီးငယ်ကလေးများ အဘယ် အရပ်သို့ သွားပါသနည်း။
သင်တို့၏ သားသမီးငယ်များ ဘယ်သို့သွားသည်ကို ငါမသိ။

ထိုအခါ ဥဩတို့သည် အိုကျီး- သင်သည် သားတို့ကိုထားခဲ့၊ စောင့်ရှောက်ထားလိုက်မည်ဟု ပြောဆိုဘိ၏၊ ယခု ငါတို့သားသမီးတွေ ဖြစ်ပုံကို ဘယ်သို့မှ မသိဟု ဆိုပြန်၏၊ သင်ဘဲ စားမှာဘဲဟု ပြောဆိုကုန်၏။

အမောင်ငှက်တို့- ငါသည်လည်း ငြိမ်သက်စွာ မြောက်အရပ် မျက်နှာသို့ ရှေးရှုလျက် သီလကို စောင့်ထိန်းနေသည် ဖြစ်၍ သင်တို့၏ သားသမီးများ ဘယ်သို့ဖြစ်သည်ကို မသိလိုက်ပါဟု မုသားစကားကို ပြောဆိုကာ အကယ်၍ သင်တို့ မယုံကြည်အံ့၊ ယခုအခါ ငါသည် တောင်အရပ်မျက်နှာသို့ ရှေးရှုလျက် တည်နေပါအံ့၊ ငါ၏ နှုတ်သီးကိုလည်း မြဲစွာဖွဲ့ထားကုန်လော့ဟု ဆိုလေ၏၊ ထိုသို့ ပြောပြီးလျှင် တောင်ဘက်သို မျက်နှာပြုလျက် သီလစောင့်သကဲ့သို့ တည်နေပြန်လေသည်။

အကြီးအကဲဖြစ်သော ဥဩသည် ကျေးအပေါင်းတို့၏ အကြီးအကဲထံ သွား၍ အဆွေကျေးသား- ဤကျီးသည် ငါတို့အစာရှာ သွားချိန်၌ ငါတို့ ကလေးငယ်များကို သတ်စားပြီးလျှင် မေးသောအခါ မသိသကဲ့သို့ဟန်ဆောင်၍ နေဘိသည်၊ ယခုအခါ ငါတို့သည် အစာရှာသွားမည်ဟု ဆိုကာ သွားဟန်ပြု၍ တနေရာရာ၌ ချောင်းမြောင်းပုန်းအောင်းကာ ကျီးကိုဝိုင်းဖမ်းကုန်အံ့၊ ကလေးငယ်များကို အသိုက်တွင် သေချာစွာ ထားကြကုန်အံ့ဟု တိုင်ပင်ကြကာ ကလေးငယ်များကို ထား၍ အစာရှာသွားမည်ဟု ဆိုကာ မနီးမဝေး တနေရာမှ ချောင်းမြောင်း စောင့်ဆိုင်းနေကြကုန်၏၊ ကျီးသည် ရှေးကကဲ့သို့ ထုံးစံအတိုင်း ငှက်ကြီးများ အစာရှာသွားကြပြီဟု ထင်မှတ်၍ ကျေးသားငယ်များကို စားရန် အသိုက်သို့အလာတွင် ကျေးသားများ ဥဩများစသော ငှက်များ အားလုံးက ဝိုင်း၍ဖမ်းကြကုန်၏၊ကျီးသည် ခိုးထုပ်ခိုးထည်နှင့်တကွ မိနေသောကြောင့် မည်သို့မျှ မငြင်းဆန်နိုင်တော့၍ ဝန်ခံရလေတော့၏။

ထိုအခါ ငှက်အားလုံးတို့သည် ကျီးအား ဝိုင်းဝန်းထိုးဆိတ်ကြကုန်လျက် ဘုရားအလောင်း သာလိကာ၏အထံသို့ ခေါ်ဆောင်သွားကြကုန်၏၊ ဘုရားအလောင်း သာလိကာက ကျီးအား အဆွေကျီး- သင်သည် တိရိစ္ဆာန်အချင်းချင်းအပေါ်၌ ဤမျှရက်စက် ကြမ်းထမ်းသော အမှုကို ပြုလုပ်ဘိသည်၊သင်သတ်ဖြတ်ထားသော ထိုငှက်တို့၏ ကလေးများကို သူ့နေရာသူ ထားပေးလော့ဟု ဆိုလေသည်။ ၂

ထိုအခါ ကျီးက ငှက်ကလေးများမရှိတော့ပါ၊စားထားပါသည်ဟုဆိုကာ မိမိစားထားသည်ကို အန်ထုတ်၍ ပေးလေ၏၊ ငှက်ကလေးများ၏ မိခင်ဖခင် ငှက်ကြီးများသည် မိမိကလေးငယ်များ၏ သေနေသော အသားများကိုတွေ့ရသဖြင့် ဤသို့ငိုကြွေးကြကုန်၏။

ဟယ်-ဟယ် သားချစ်တို့- ဤကျီးသည်ကား ယုတ်မာသော အမှုကို ပြုရက်ပါပေ၏၊ ငါတို့သည် သားသမီးတို့နှင့်ကွေကွင်းကြရပြီ၊ ယနေ့ ဒုက္ခသည်ကား အလွန်ကြီးကျယ်သော စိတ်မချမ်းမှုဒုက္ခပေတကား။

## ဘုရားအလောင်းသာလိကာက ကျီးအားနှင်ထုတ်ခြင်း

ထိုအခါ သာလိကာသည် ငှက်တို့ကို အိုအချင်းတို့- ဤကျီးသည် သင်တို့အား ကြမ်းထမ်းသောအမှုကိုပြုဘိ၏၊ထို့ကြောင့် ဤကျီးအား ဒဏ်ပေးမည်၊ သင်သည် ယနေ့မှစ၍ ကောင်းသောအသားကို မစားရဘဲ သုသာန်၌ လူသေကောင်ပုပ် ခွေးသေကောင်ပုပ်တို့ကိုသာ စားလော့၊ ယုတ်မာသောသင်သည် ငါတို့နှင့်အတူနေရန် မထိုက်တန်ဟုဆိုကာ ကျီးအား နှင်ထုတ်လိုက်ပြီးလျှင်—

ကာက-ဟူသောအသံကို နားရှိသူမှန်သမျှ ကြားရ၏၊ စင်စစ်အားဖြင့် ကောင်းစွာရအပ်သော အသံမဟုတ်၊မကောင်းသဖြင့် ရအပ်သောအသံသာဖြစ်၏၊ ဖြောင့်မှန်ရိုးသားသော အသံမဟုတ်၊ မဖြောင့်မှန်သော အသံသာတည်း၊ ကျီးနှင့်သူတော်ကောင်းတရားကား ဝေးကွာလှပါ၏-ဟု ဆိုလေ၏။

ထိုသာလိကာ၏ စကားကိုကြား၍ ကျေးသားကလည်း ဤသို့ဆို၏။

ကောင်းကင်နှင့် မြေကြီး၊ မြေကြီးနှင့် ကောင်းကင်၊ ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်း ဝေးလှမ်းပုံသွင်၊ ဓမ္မနှင့် ဓမ္မ နှစ်ဝတရားစဉ်၊ ဘယ်ခါမှ ညီမျှလိမ့်မယ်မထင်-ဟု ဆို၏။

အိုငှက်အပေါင်းတို့-မကောင်းသူနှင့် ကောင်းသူသည် ညီမျှရိုးမရှိ၊ ဤကဲ့သို့ ဘုရားအလောင်း သာလိကာသည် ငှက်အပေါင်းတို့အား ကောင်းကြောင်းညွှန်ပြ အဆုံးအမပေးလေသည်။

ထိုငှက်အပေါင်းတို့၏ ဒုက္ခရောက်သည်ကိုတွေ့ရသဖြင့် ထိုငှက်တို့အား ပူဆွေးသောက ကင်းဝေးကြစေရန် အရှင် သာလိကာသည် တရားဒေသနာကို ဤသို့ဟောကြားလေ၏။

မြေခွေးသည်မှုးခြင်္သေ့နှင့်မတူ၊ ကျီးကန်းသည်မှု ဟင်္သာနှင့်မတူ၊ ဘီလူးသည်မှု လူနှင့်မတူ၊ ခွေးသည်မှု ကျားသစ်နှင့် မတူ၊ ရန်သူသဖွယ်ဖြစ်ကြ၏။

သားသမင်သည်မူ ကျွားနှင့်အတူမနေရာ၊ မိတ်ဆွေယုတ်တို့မှာ မိတ်ဆွေကောင်းနှင့် မပေါင်းသင်းရာ၊ ပေါင်းသင်းခဲ့ပါ အကျိုးယုတ်လေစွာ။
အကြင်သူကား၊ ငါးပုပ်များကို၊ ရွက်ဖျားသမန်း၊ ထုပ်၍ထမ်း၏၊ သမန်းအရွက်၊ ပုပ်နံ့ထွက်သို့၊ သူပျက်သူမိုက်၊ ပေါင်းသင်းကျိုက်မူ၊ အလိုက်တူ၏၊ ထိုသူပုပ်နံ့လှိုင်သတည်း။
တောင်ဇလပ်ပွင့်၊ ပေါက်ဖက်သင့်၊ ထုပ်လင့်မွှေးကြိုင်ကြိုင်။
သူတော်ကောင်းနှင့်၊ ပေါင်းတုံလင့်၊ ဂုဏ်ဆင့် တလှိုင်လှိုင်။
ပျင်းရိသူမျိုး သူခိုးနှင့်ပေါင်း၊ အကြောင်းညီလစ် သူခိုးဖြစ်၏၊ ဝီရိယရှိသူနှင့်ပေါင်း သူရဲကောင်းဖြစ်၏။
မကောင်းမှုကျိုးကို မမြင်သူသည် မကောင်းမှုကိုပြု၏၊ သူတော်ကောင်းသည် အလိုဆန္ဒအတိုင်း ကောင်းမှုကိုပြု၏၊ သီလရှိသူသည် သီလမရှိသူနှင့် မပေါင်းသင်းရာ။
အရိယာပုဂ္ဂိုလ်သည် အရိယာပုဂ္ဂိုလ်နှင့် တူမျှ၏၊ ပညာရှိသူသည် ပညာရှိသူနှင့် တူမျှ၏၊ အဓမ္မတရားသည် ငရဲသို့ပို့ဆောင်၏၊ ဓမ္မတရားသည် သုဂတိဘုံဘဝသို့ ရောက်စေ၏။
မိဘနှစ်ထွေ၊ ဆွေစုမျိုးစု၊ သင်ပြုဆရာ၊ တပြာနှောင်တော်၊ အဖော်သဟဲ၊ ကြီးကဲထွေထွေ၊ ရိုသေမရှိ၊ ငါသိငါတတ်၊ ငါနတ်ငါမြင်၊ ငါပညာရှိ၊ထင်ဘိလေငြား၊ နေအထားဖြင့်၊ မာန်ပွားမျက်ထူ၊ ထိုသည့်သူကား၊ စင်ပြူစိတ်ကောင်း၊ မိတ်ဆွေပေါင်းကို ပျက်ကြောင်းရှေးရှု ဖျက်ဆီးသူ။
အကြင်သူလျှင်၊ သစ်ပင်ရိပ်ဦး၊ ခိုနားဘူးလျက်၊ ကျေးဇူးမတင်၊ အပြစ်မြင်တုံ၊ ကောင်းသောဂုဏ်ကို၊ အစုံဖျက်ငြား၊ ထိုသူအားကား မိတ်များဆွေဖျက် သူယုတ်တည်း။
ကိုယ်ကပူဇော်ဘတ်သူဖြစ်မှ ပူဇော်မှုကိုရသည်၊ ရှိခိုးတတ်မှ ရှိခိုးခံမှုကို ရ၏၊ အခြံအရံရှိမှ ကျော်ဇောမှုရ၏၊ ယင်းပုဂ္ဂိုလ်ကား မိတ်မဖျက်သူတည်း။
အကြင်ပုဂ္ဂိုလ်သည် မိတ်ဆွေကို မဖျက်ဆီး၊ ထိုပုဂ္ဂိုလ်သည် မီးကဲ့သို့ တောက်ပ၏၊ နတ်တို့ကဲ့သို့တင့်တယ်၏၊ ကျက်သရေဖြင့်ထွန်းလင်း၏။
အကြင်ပုဂ္ဂိုလ်သည် မိတ်ဆွေကို မဖျက်ဆီး၊ ထိုပုဂ္ဂိုလ်အား နွားတို့သည် တိုးပွားကုန်၏၊ လယ်၌စိုက်အပ်သောမျိုးစေ့သည် ပေါက်ရောက်စည်ပင်၏၊ အသီးများစွာ သီး၏။

အကြင်သူသည် မိတ်ဆွေတို့အား မဖျက်ဆီး၊ စည်ပင်သော အမြစ်ရှိသော ပညောင်ပင်ကို လေသည် မလှဲစွမ်းနိုင်သကဲ့သို့ ထိုသူအား ရန်သူတို့သည် မဖျက်စွမ်းနိုင်ကုန်။

အကြင်သူသည် မိတ်ဆွေတို့အား မဖျက်ဆီး၊ ထိုပုဂ္ဂိုလ်သည် ချောက်ကမ္ဘားမှရင်း, တောင်မှရင်း, သစ်ပင်မှရင်း ကျသည်ဖြစ်၍ သေစေကာမူ- ကောင်းသော ဘဝစား ရလေသည်။

တရားကိုနာကြားရ၍ ကောင်းမကောင်းကို သိကုန်၏၊ မြတ်စွာဘုရားတို့သည် ချီးမွမ်းအပ်ပေ၏။

ပုတ်ခတ်ခြင်း,ဆဲရေးခြင်း,ကြမ်းထမ်းစွာပြောဆိုခြင်းတို့ထက် သည်းခံခြင်းက မိမိအတွက် အမြဲတမ်း ထက်မြက်စူးရှ တန်ဘိုးရှိလှသော လက်နက်ဖြစ်၏၊ ဘုရားရှင်တို့ ချီးမွမ်းပေ၏။

လောက၌ နေနှင့်လ အရောင်တောက်ပမှု တူညီသကဲ့သို့ ရွှေနှင့်ပတ္တမြား အရောင်တောက်ပချင်းတူသည်၊ ဇလပ်နှင့်စန္ဒကူး အမွှေးချင်းတူသည်။ နူးညံ့သောလယ်မြေ၌ စိုက်ပျိုးသော မျိုးစေ့သည် နူးညံ့မှုကိုရသကဲ့သို့ ကြမ်းတမ်းသောလယ် မြေ၌ စိုက်ပျိုးသော မျိုးစေ့သည် ကြမ်းထမ်းလေသည်။

ထို့အတူ ဒုစရိုက်ပြုသူသည် မကောင်းမှုကိုရ၏၊ ရှေးက သုစရိုက်ပြုသူသည် ချမ်းသာမှုရလေသည်။

တရားရှိသူကို တရားကစောင့်ရှောက်၏၊ကျင့်သောတရားသည်ချမ်းသာကိုဆောင်ရွက်၏၊ ဤသည်ကားကောင်းစွာကျင့်သော တရား၌အကျိုးအာနိသင် ပေတည်း၊တရားကျင့် သူသည် ဒုဂ္ဂတိ ဘုံဘဝသို့မသွားရ။

ဤကဲ့သို့ သာလိကာသည် အဆုံးအမကိုပေးလေသည်။

ငှက်အပေါင်းတို့သည် ဘုရားအလောင်း သာလိကာ၏စကားကို နာကြားရ၍ မိမိ၏သီလကို လုံခြုံစွာစောင့်ထိန်းကုန်၏၊ ဤကဲ့သို့ မြတ်စွာဘုရားသည် ဤဒေသနာကို ဆောင်တော်မူ၍ ရှေးကလည်း ဝိဝါဒစကား ဖြစ်ခဲ့ဘူးလေသည်ဟု ဟောတော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။

**ဇာတ်ပေါင်းခဏ်း**

ထိုအခါ စက္ကဝတ်ငှက်သည် ယခုအခါ ရှင်မောဂ္ဂလ္လာန်၊ ဥသြသည် ရှင်သာရိပုတ္တရာ၊သက်န်းစွပ်ငှက်သည် ရှင်သုမင်္ဂလ၊ကျေးသားခေါင်းဆောင်သည် ရှင်အာနန္ဒာ၊ ကြီးသည် ရှင်ဒေဝဒတ်၊ ကြွင်းသောငှက်အပေါင်းသည် ဘုရားပရိသတ်၊ သာလိကာသည် ငါဘုရားဖြစ်ပေ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဝိဝါဒဇာတ် ပြီး၏။

# ၄၇-သိဗ္ဗိသာရစက္ကဝတ္တိဇာတ်

**ပိတ်ဆွန်နှစ်ဦး၊ ကောင်းမှုထူးကြောင်း၊ ကြည်နူးနှတ်ပျား၊ ညွှန်ကာကြား၍၊ သွားကာတပြေ၊ ပင်းဖြစ်လေသည်၊ ပြုပေကံကျိုးတည်း။**

တတောသိဒ္ဓိကုမာရောစ- စသည်ဖြင့် တန်ဆာဆင်အပ်သော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် ဓမ္မစက်အကြောင်းပြု၍ ဟောတော်မူ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ဘုရားသခင်၏ ပါရမီအဆောက်အဦကို ချီးမွမ်းလျက် နေကုန်၏၊ ငါ့ရှင်တို့- မြတ်စွာဘုရားသည် ကုသိုလ်၏အကျိုး ပြည့်စုံပေသည်ဟု ချီးမွမ်းကုန်၏။

မြတ်စွာဘုရားသည် ဂန္ဓကုဋီမှ ထွက်တော်မူ၍ တရားသဘင်သို့ လာကာ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါသည် ဘုရားဟု လျှောက်ကြားလေသော် ချစ်သားရဟန်းတို့- ယခု ဘုရားဖြစ်မှသာ မဟုတ်သေး၊ ရှေးဘုရားအလောင်းဖြစ်သောအခါ၌လည်း ကုသိုလ်၏အကျိုးသည် ဖွံ့ဖြိုးကုံလုံ ပြည့်စုံသည်သာတည်းဟု မိန့်ကြားတော်မူပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

**အတိတ်ဝတ္ထု၊**

အိုရဟန်းတို့- အတိတ်အခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မည်သောမင်းသည် မင်းပြုလေသည်၊ သူ၏မိဖုရားသည်ကား ဝိမလာဒေဝီအမည် ရှိ၏။

ဘုရားအလောင်းသည် တုသိတာနတ်အနေမှ စုတေကာ ဝိမလာဒေဝီ၏ ဝမ်းဗိုက်၌ ကိန်းပိုက်သန္ဓေတည်နေလေသည်၊ ထိုမိဖုရားသည် သားသန္ဓေလွယ်၍ ဆယ်လကြွယ်သော် ရွှေစင်ရုပ်သွင်နှင့်တူသော သားကို ဖွားမြင်လေသည်။

မင်းသားကို ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ သိဒ္ဓိသာရဟု အမည်မှည့်ကြကုန်၏၊ ထိုအခါ ဓနဥ္စယမည်သော အမတ်ဘယောက် ရှိလေရာ သူ၏မယားကား သုန္ဒရီအမည်ရှိ၏၊ ဘုရားအလောင်း၏ မိတ်ဆွေသည်လည်း တုသိတာနတ်ပြေမှ စုတေ၍ ထိုအမတ်ကတော် သုန္ဒရီ၏ဝမ်း၌ ပဋိသန္ဓေ တည်နေလေ

သည်၊ ထိုသူ့နှီရိလည်း ပဋိသန္ဓေလွယ်၍ ဆယ်လကြွယ်သော် ရွှေအဆင်းရှိသော သားကို ဖွားမြင်၏၊ သတို့သားငယ်သည် ဘုန်းကံနှင့်ပြည့်စုံ၍ သူ၏အမည်ကို ပုညသာရဟု မှည့်ကုန်၏။

ဘုရားအလောင်း မင်းသားမှာ အခြွေအရံတထောင် ရှိ၏၊ အမတ်သား ပုညသာရမှာ အခြွေအရံငါးရာရှိ၏၊ သတို့သားနှစ်ယောက်တို့သည် ဘုန်းကံ ရှိကုန်၏၊ ရဲရင့်ကုန်၏၊ တခြားသူတို့ကြောင့် တုန်လှုပ် ချောက်ချားခြင်း မရှိကုန်၊ ကစားသော် တခြားသတို့သားငယ်များကို ဆဲရေး ပုတ်ခတ်ကုန်၏၊ ထိုသူငယ်တို့သည် ငိုလျက် မိဘတို့အား တိုင်ကြားကုန်၏၊ မိဘတို့သည် မင်းသို့ ချဉ်းကပ်၍ ထိုအကြောင်းကို လျှောက်တင်ကုန်၏။

## သားတော်ကို ပြည်တော်မှနှင်ထုတ်ခြင်း

ထိုစကားကိုကြားလျှင် မင်းကြီးသည် အမျက်ထွက်သည် ဖြစ်၍ ထိုသူငယ်နှစ်ဦးတို့အား တိုင်းပြည်မှ နှင်ထုတ်လေသည်။

သားကို တိုင်းပြည်မှနှင်ထုတ်ကြောင်းကို ဝိမလာဒေဝီမိဖုရားကြီးကြားလတ်သော် ငိုကြွေးလျက် မင်းကြီးသို့ ချဉ်းကပ်ပြီးလျှင် ရှိခိုး၍—

အရှင်မင်းကြီး- သားတော်အား တိုင်းပြည်မှ နှင်ထုတ်တော်မမူပါလင့် ဟု လျှောက်ထားလေသည်၊ သို့လျှောက်ထားသော်လည်း မင်းကြီးသည် မိဖုရား၏ စကားကို နားမထောင်ဘဲ ထိုသူနှစ်ဦးတို့အား တိုင်းပြည်မှ နှင်ထုတ်လိုက်လေသည်။

သိဒ္ဓိသာရနှင့် ပုညသာရ သတို့သား နှစ်ယောက်တို့သည် မိဘတို့ကို ရှိခိုးကန်တော့ကြကုန်လျက် တိုင်းပြည်မှ ထွက်ခွာခဲ့ကြလေသည်။

> မင်းကြီးနှင်ထုတ်သောကြောင့် သိဒ္ဓိသာရမင်းသားသည် မင်းကြီးကို ရှိခိုး၍ မျက်ရည်ယိုကာ မြို့မှထွက်လေသည်။
>
> ပုညသာရသည်လည်း မင်းကြီးကိုရှိခိုး၍ မျက်ရည်ယိုကာ မြို့မှထွက်ခွါလေသည်။
>
> မိဖုရားကြီးနှင့် အခြံအရံ အထိန်းတော်များ နန်းတွင်းသူများလည်း မင်းတရားနှင်ထုတ်၍ မင်းသားရုပ်ကို ကြည့်ကာ ငိုကြွေးကြကုန်၏။

ထိုအခါ ဘုရားအလောင်းသည် မိမိ အခြွေအရံတို့အား အဆုံးအမပေး၍ သင်တို့ ဤနေရာမှ ပြန်ကြကုန်၊ အလှူပေးကြ၊ သီလဆောက်တည်ကြ ဟု မှာကြားပြောဆို၏၊ ထိုသူတို့သည် ဘုရားအလောင်းကို ရှိခိုး၍ ပြန်ခဲ့ရာ မြို့သို့ဝင်လျှင် စိတ်မချမ်းမသာဖြစ်ကြကုန်၏။

## တောထဲရောက် နတ်များစောင့်ရှောက်

ထိုနေရာမှစ၍ သိဒ္ဓိသာရနှင့် ပုညသာရ သတို့သားနှစ်ဦးတို့သည် ခရီးဆက်ကြကုန်၏၊ ပညောင်ပင်တပင်သို့ ရောက်လေသော် ပညောင်ပင်စောင့် နတ်သည် သတို့သားနှစ်ဦးကိုမြင်၍ ဤသူငယ် နှစ်ဦးသည် ဘုန်းကံနှင့်ပြည့်စုံသူ ဖြစ်ပေလတံ့ဟု ကြံစည်၍ ထိုသတို့သားတို့အထံသို့ ချဉ်းကပ်ပြီးလျှင် အချင်းတို့-ရွှေဆက်၍ သွားသည့်ရှိသော် ရွှေသမင် တကောင်ကို တွေ့လိမ့်မည်၊ သမင်လည်ပင်းကို သံလျက်ဖြင့် ဖြတ်လော့ဟု ဆို၏။

## သမင်ညာမျက်လုံးဝါးသူကား စကြာ၊ ဘယ်ဘက်မှာ ရတနာမိုယ်း

အိုအမောင်တို့ အကြင်သူသည် သမင်၏ ညာဘက်မျက်လုံးကို စား၏၊ ထိုသူသည် စကြာမင်း ဖြစ်လတံ့၊ အကြင်သူသည် လက်ဝဲမျက်လုံးကို စား၏၊ ထိုသူသည် ပြုံးရယ်သော် ခံတွင်းမှ ရတနာခုနစ်သွယ် ထွက်လတံ့ဟု ပြောလေသည်။

သူငယ်နှစ်ဦးတို့လည်း ရုက္ခစိုးနတ်ပြောစကားကို ကောင်းပြီဟု ဝန်ခံကုန်၏၊ သူတို့ခရီးဆက်သွားကြ၍ ယူဇနာတရာမျှရှိသော် ရွှေသမင်ကိုမြင်၍ ပစ်ခတ်ဖမ်းဆီးလျက် သမင်ဉက္ခောင်းကို ဖြတ်ကုန်၏။

ဘုရားအလောင်းသည် သမင်သေ၏ ညာဘက်မျက်လုံးကို စား၏၊ ပုညသာရသည် လက်ဝဲမျက်လုံးကိုစား၏၊ သူတို့အချင်းချင်း ချစ်ခင် ဝမ်းမြောက်စွာ သွားကုန်၏။

နတ်ကောင်းမလို ကုသိုလ်ကပြည့်စုံ၊ လူ့လောကကောင်းသော ဘုံဝယ်၊ ကောင်းမှုစုံ ပြုသား၊ အကျိုးပေးကြာရှေ မြင်အောင်၊ စာပေတွင် ဟောခဲ့ဘုရား။

ကမလွန်လောက၊ လူ့ဘဝစည်းစိမ်၊ မြိန်မြိန်လေခံစား၊ ဒါနသီလာနှင့် ကုသလအဖြာဖြာ ကောင်းမှုမျိုးကို ကောင်းကျိုးများစွာပြော ဟောခဲ့ဘုရား။

သူတို့နှစ်ဦး ခရီးဆက်သွားသောကာလ ပညောင်ပင်ကြီး တပင်ကို တွေ့ပြန်၏၊ ထိုပညောင်ပင်မှ ပညောင်ပင်စောင့်နတ်သည် ထိုသူတို့ကို မြင်၍ သတို့သားနှစ်ယောက်တို့သည် ဘုန်းရှင်များဖြစ်၍ ငါသည် ထိုသူငယ်နှစ်ဦးတို့အား စောင့်ရှောက်အံ့ဟု ကြံပြီးလျှင် သတို့သားများသို့ ကပ်ရောက်၍ အိုအမောင်တို့-ယူဇနာတရာသို့ သွားမိသော် လမ်းဆုံလမ်းဂွတခုကို တွေ့ကြလတံ့၊ ထိုလမ်းဆုံတွင် စာများ ရေးသားထားလိမ့်မည်၊ စာမှာပါသည့်အတိုင်း သွားကြကုန်လော့၊ လမ်းတလမ်းသည် မိဓိလာပြည်သို့ သွားသောလမ်း ဖြစ်၍ အခြားတလမ်းကား ကုသုမ္ဘပြည်သို့ သွားရာလမ်းဖြစ်သည်ဟု ပြောဆိုလေ၏။

ထိုစကားကို ကြားလျှင် သတို့သား နှစ်ယောက်တို့သည် ကောင်းပါပြီ နတ်မင်းဟု ဝန်ခံလျက် ထွက်ခွာလာကြရာ လမ်းဆုံလမ်းခွဲတခုကို တွေ့ကြလေ၏၊ ထိုလမ်းဆုံ၌ လမ်းတခုသည် မိဓိလာပြည်သို့ သွားရာလမ်းဖြစ်၍ အခြားတလမ်းမှာ ကုသမ္ဘာပြည်သို့သွားရာလမ်း ဖြစ်ကြောင်း စာရေးသားထားသည်ကို တွေ့ရ၏၊ ဘုရားအလောင်း သိဒ္ဓိသာရသည် မိဓိလာပြည်သို့ သွားရာလမ်းအတိုင်းလိုက်၍ အမတ်သား ပုညသာရကား ကုသမ္ဘာပြည် သွားရာလမ်းအတိုင်းလိုက်ကာ ခွဲခွာသွားကြလေသည်။

ဘုရားအလောင်း သိဒ္ဓိသာရသည် မိဓိလာပြည်သို့ရောက်၍ မင်း၏ဥယျာဉ်တော် ကျောက်ဖျာထက်၌ ခေါင်းမြီးခြုံ၍ အိပ်နေလေ၏၊ ထိုနေ့၌ မိဓိလာမင်းသည် ရောဂါနှိပ်စက်၍ နတ်ရွာစံလေသည်၊ လူအများသည် ခုနစ်ရက်မြောက်သောနေ့၌ မီးသင်္ဂြိုဟ်ခြင်း ပြုကြလေသည်။

ထိုသို့ မီးသင်္ဂြိုဟ်ပြီးနောက် မှူးမတ်များ, ပုရောဟိတ်များ, စစ်သေနာပတိများ စုပေါင်း၍ ဆွေးနွေးတိုင်ပင်ကြကုန်၏၊ အိုလူများအပေါင်းတို့- ငါတို့ဘုရင်မင်းမြတ်၌ တိုင်းပြည်၏ ထီးမွေနန်းမွေကို ဆက်ခံရန် သားသမီး တယောက်မျှ မထွန်းကား မကျန်ရစ်ခဲ့၊ ရှင်ဘုရင်မရှိသော တိုင်းပြည်လည်း ပျက်စီးရန်သာရှိပေသည်၊ ထို့ကြောင့် ငါတို့သည် ငါတို့နိုင်ငံကို အုပ်ချုပ်ရန် ဘုရင်ရရှိဘို့ လိုအပ်ပေသည်ဟု ပြောဆိုကြကုန်၏။

ထိုအခါ ပညာရှိ ပုရောဟိတ်တယောက်က- အိုမှူးမတ် အစရှိသောလူအပေါင်းတို့ ငါတို့သည် ရှင်ဘုရင်ရရှိရန်အတွက် မင်္ဂလာရထား (ဖုတ်သွင်းရထား) ကိုလွှတ်၍ ရှာရလျှင် ကောင်းမည်ဟု အကြံပေးလေ၏၊ ပုရောဟိတ်ပညာရှိ၏ အကြံကို အများလက်ခံကြ၍ မင်္ဂလာရထားကိုလွှတ်၍ ဘုရင်ရှာရန် စီမံကြလေ၏၊ အိုမင်္ဂလာရထား- သင်သည် ငါတို့နိုင်ငံကို အုပ်ချုပ်၍ မင်းလုပ်ရန် ထိုက်တန်သော ပုဂ္ဂိုလ်ထံသို့ ရှေးရှူဦးတိုက် သွားပါလောဟု ဆို၍ မင်္ဂလာရထားပေါ်၌ မင်းမြောက်တန်ဆာငါးပါးတို့ကို တင်ဆောင်ပြီးလျှင် မင်္ဂလာရထားကို လွှတ်ကြကုန်၏၊ မင်္ဂလာရထားသည် မြို့တော်၏ တောင်ဘက်တံခါးမှ ထွက်၍ မင်္ဂလာ ဥယျာဉ်တော်သို့ ဝင်ရောက်ပြီးလျှင် မင်္ဂလာကျောက်ဖျာကို လကျ်ာရစ်လှည့်၍ ရထားပေါ်သို့ တက်စေလိုသော အမူအရာကိုပြလျက် ရပ်တည်လေ၏၊ မင်္ဂလာကျောက်ဖျာထက်၌ အိပ်နေသူကိုတွေ့မြင်သဖြင့် ပုရောဟိတ်ပညာရှိသည် ဤသူကား ဘုန်းကံနည်းလျှင်ပြေးပေလတ့်၊စုံစမ်းအံ့ဟု နှလုံးသွင်း၍ အလုံးစုံသော တူရိယာတို့ကို အသံအမြင့်ဆုံး တပြိုင်တည်း တီးစေကုန်၏။

ဘုရားအလောင်း မင်းသားသည် တူရိယာငါးပါးတို့၏ အသံကိုကြားလျှင် ဥက္ကောင်းကို ဖွင့်ကြည့်ပြီး ပြန်ပြောင်းစောင်းငဲ့၍ လက်ဝဲ နံပါးဖြင့် အိပ်၏။

ထိုအခါ ပုရောဟိတ်ပညာရှိသည် ဘုရားအလောင်းသို့ ချဉ်းကပ်၍ ခြေကို ဖွင့်၍ လက္ခဏာတို့ကို ကြည့်၏၊ အမှတ်အသား လက္ခဏာကိုမြင်လျှင် ဤသူကား လေးကျွန်းလုံးကို အုပ်စိုးခြင်းငှာ စွမ်းနိုင်သူတည်း၊ သူ့ကို နှိုးလျက် မြတ်သောမင်းကြီး ကျွန်ုပ်တို့တိုင်းပြည်၌ မင်းပြုတော်မူပါ-ဟု လျှောက်ကြားကုန်၏။

(မင်းသား) သင်တို့၏ တိုင်းပြည်ကို အုပ်ချုပ်သော မင်း ဘ ယ် သွား သနည်း။

(လူများ) နတ်ရွာစံ ကံတော်ကုန်သွားပါပြီ။

(မင်းသား) ထီးမွေနန်းမွေ ဆက်ခံရန် သားသမီးများ မထွန်းကား မကျန်ရစ်သလော။

(လူများ) သားသမီး မကျန်ရစ်ပါ အရှင်မင်းကြီး-ဟု ဝိုင်းဝန်းလျှောက်ထားကြကုန်၏။

ထို့နောက် အလုံးစုံသော အမတ်စသောသူတို့သည် ဘုရားအလောင်း သိဒ္ဓိသာရအား ဥက္ကောင်းနှင့်တကွ ရေချိုးပေးကြပြီးကာ မင်းမြှောက်တန်ဆာနှင့် စင်ကြယ်သောအဝတ်ကို ဝတ်ဆင်စေပြီးလျှင် ရထားပေါ်တင်၍ မြို့သို့ ဆောင်ကုန်၏၊ ပလ္လင်၌ ထိုင်နေစေ၍ စကြဝတေးမင်း အဖြစ် အဘိသိက်သွန်းကုန်၏၊ ထို့ကြောင့် ဘုရားအလောင်းသိဒ္ဓိသာရသည် စက္ကဝတ္တိမည်သော မင်းဖြစ်၍ တရားသဖြင့် မင်းပြုလေသည်။

ထို့နောက် သိဒ္ဓိသာရမင်းသည် ကောင်းမှုကံ၏ အကျိုးအားဖြင့် စကြာရတနာနှင့် ပြည့်စုံ၍ တန်ခိုးကြီးသော စကြဝတေးမင်းအဖြစ်ဖြင့် မင်းပြုအုပ်ချုပ်၏၊ ဘုန်းကြီး၏၊ တန်ခိုးကြီး၏၊ ပညာကြီး၏၊ အခြံအရံများ၏၊ ခွန်အားကြီး၏၊ စွမ်းရည် ပြည့်စုံ၏၊ ထိုမင်းသည် ရှေးဘဝကပြုခဲ့သော ကောင်းမှုကုသိုလ်၏ အစွမ်းကြောင့် စကြဝတေးမင်း စည်းစိမ် ချမ်းသာကို ရရှိခံစားရခြင်း ဖြစ်ပေ၏ဟု မိန့်တော်မူ၏။

လူ့နတ် နိဗ္ဗာန်၊ သုံးတန် ချမ်းသာ၊ ကောင်းစွာဆောင်နိုင်၊ အာဏာပိုင်၍၊ ခရိုင်စိုးနင်း၊ မင်းထက်မင်းဟု၊ အဆင်းတင့်တယ်၊ သက်ဝယ်ရှေကြာ၊ ဖြစ်ရပါလိမ့်။

ပုညသာရ- အမတ်သားသည်လည်း တယူဇနာမျှသွားမိလျှင် ကုသုမ္ဘပြည်သို့ ရောက်လေ၏၊ သူသည် ထိုကုသုမ္ဘပြည်တွင် မြို့တံခါးအနီး သာလာတခု၌ ဝင်ရောက်တည်းခိုရပ်နားနေလေ၏၊ ထိုအခါ ဘုရင်၏ သမီးတော်တပါးသည် အခြံအရံများနှင့်အတူ မြစ်ဆိပ်တွင် ရေချိုးရာမှ တက်လာ၏၊ မင်းသမီးသည် ပုညသာရကိုမြင်၍ ချစ်ခင်သောစိတ်ရှိလျက် အပျိုတော် တဦးအား ထိုသတို့သားကို စုံစမ်းစေလေ၏။

## ပြုံးရယ်သောအခါ ပတ္တမြားထွက်လာ

အပျိုတော်သည် ပုညသာရ၏ အထံသို့ သွား၍ ထွေရာလေးပါးစကားပြောရင်း စုံစမ်းရာ ပုညသာရ ပြုံးရယ်သောအခါတွင် ခံတွင်းမှ ရတနာများထွက်၍ အရောင်တလက်လက်ရှိနေသည်ကိုတွေ့မြင်သွား၏၊ အပျိုတော်သည် ထိုအခြင်းအရာကိုမြင်၍ လျင်မြန်စွာပြန်လာပြီးလျှင် မင်းသမီးအားထိုအကြောင်းကို ပြောကြားလေသည်။

မင်းသမီးသည် ဝမ်းမြောက်သည် ဖြစ်၍ ဖခင်ကြီးအား ပြောကြားလျှောက်တင်လေ၏၊ မင်းကြီးသည် နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ မင်းချင်းတယောက်ကို ထိုသတို့သားအား အခေါ်ခိုင်းလေသည်။

ထိုမင်းချင်းသည် လျင်စွာသွား၍ ပုညသာရကို ခေါ်ခဲ့လေသည်၊ ပုညသာရသည် ပြာသာဒ်သို့ တက်၍ မင်းကိုရှိခိုးပြီးလျှင် နေလေ၏၊ မင်းသည် အကျိုးအကြောင်း မေးမြန်းလျက် နှစ်သက် သဘောကျသဖြင့် ထိုပုညသာရအား မိမိ၏ သမီးတော်နှင့် လက်ထပ် ထိမ်းမြားပေးလေ၏။

> ပုညသာရ၊ အမည်ရသည်၊ ပုရောဟိတ်ဖွား၊ ပုဏ္ဏားသားသည်၊ မင်းတရားစစ်၊ အမှန်ဖြစ်၍၊ မင်းနှစ်စည်းစိမ်၊ ဂုဏ်သိရ်ကုံလုံ၊ ပြည့်စုံလေသည်၊ သူသည်ရှေးက၊ ပုညထွေထွေ၊ ပြုခဲ့လေကြောင့်၊ မင်းနေသုခ၊ ပြည့်စုံရ၏။

မင်းသမီးသည် ပုညသာရနှင့် ပေါင်းသင်းလာသောအခါ ပုညသာရရယ်သည်တွင် ခံတွင်းမှ ရတနာများထွက်သည်ကို သိရသဖြင့် မိမိ၏ခမည်းဘော် မင်းကြီးအား လျှောက်ထားလေရာ ဖခင်မင်းကြီးက ပုညသာရအားဖြားယောင်းလျက် ရတနာခုနစ်ပါးကို တောင်းယူရန် သမီးအား တိုက်တွန်းပြောဆိုလေ၏။

## အချစ်စပ်း၍ တောင်းရမ်းရတနာ

ပင်းသမီးသည်လည်း ဖခင်မင်းကြီး အမိန့်ရှိသည့်အတိုင်း ပုညသာရထံမှ ရတနာခုနစ်ပါးကို တောင်းယူ၍ ဖခင်မင်းကြီးထံ သွားရောက် ပေးအပ် အကြောင်းကြားလေသည်။

သမီးပြောစကားကို ကြားလျှင် ဖခင်မင်းကြီးသည် သမီးတော်အား ချစ်သမီး- ငါတို့သည် မင်္ဂလာဥယျာဉ်သို့ ပျော်ပွဲစားထွက်၍ အောင်သေ သောက်ကြကုန်အံ့၊ ထိုအခါတွင် သေအရက်ကည်း၌ အဆိပ်ကိုထည့်လျက် ပုညသာရအား သောက်စေအံ့ဟု ပြောလေ၏။

မင်းကြီးသည် ဤသို့ပြောဆိုပြီးလျှင် အလုံးစုံသော စစ်သည်တို့ကို စုရုံး စေ၍ မြို့မှထွက်လျက် ဥယျာဉ်သို့ဝင်ကာ ပျော်ပွဲစားကြရာ အောင်သေများ ကို သောက်ကြကုန်၏၊ အလုံးစုံသော တူရိယာတို့ကို တီးမှုတ် ပျော်ဖြေစေ ကုန်၏၊ ခဲဖွယ်သောက်ဖွယ်များကို စားသောက်ကြရာ အဆိပ်ထည့်ထားသော အောင်သေကို ပုညသာရအား တိုက်လေ၏။

ပုညသာရလည်း အဆိပ်ကိုသောက်မိ၍ ဒုက္ခဝေဒနာကို ဆင်းရဲစွာခံစားရ လေသည်၊ မင်းကြီးသည် အပြင်းအထန် ဆင်းရဲစွာ ဝေဒနာ ခံနေရသော ပုညသာရအား စွန့်လွှတ်ထားခဲ့ကာ နန်းတော်သို့ ပြန်လေ၏။

## ရှေးဘုန်း ရှေးကံ

ထိုအခါ ဘီလူးတို့သည် ပုညသာရ ဒုက္ခရောက်သည်ကိုမြင်၍ သူ့ကိုစား ခြင်းငှာ ရောက်လာကုန်၏၊ ပညောင်ပင်စောင့်နတ်သည် ဘီလူးတို့ကို မြင်၍ ဤသို့ ကြံစည်လေသည်၊ ဤပုညသာရသည် ရှေးအခါက ဗာရာဏသီပြည်၌ သူဌေးကြီးဖြစ်၍ ဇရပ် တန်ဆောင်း ကျောင်း ပြာသာဒ် ဆွမ်းသက်န်း ဆေး တို့ကို ရဟန်း သံဃာတို့အား လှူဒါန်းခဲ့သည့်ပြင် ကိုယ်တိုင်လည်း ဥပုသ် သီတင်းစောင့်သုံးခဲ့၏၊ ငါထင်ရှားရှိနေပါလျက် ပုညသာရ၏ သေခြင်းသည် မသင့်ဟု ကြံစည်မိလေသည်။

ထိုသို့ ကြံစည်မိသည့်အတိုင်း ရုက္ခစိုးနတ်သည် စားရန်လာကြသောဘီလူး တို့၏ အထံသို့ သွား၍ အိုဘီလူးတို့- သင်တို့သည် ပုညသာရကို မစားကြပါ ကုန်လင့်၊ ပုညသာရသည် စကြဝတေးမင်း၏ ချစ်စွာသော အဆွေခင်ပွန်း ဖြစ်၍ သူ့အသားကို မစားသင့်ပါဟု ပြောလေ၏။

## ကြမ်းထမ်းသော ဘီလူးများပင်

ထိုစကားကို ကြားလျှင် တယောက်သော ဘီလူးက အရှင်ရက္ခစိုးနတ် ဤပုညသာရသူငယ်၌ ဤသို့သောဂုဏ်ထူးဝိသေသရှိပါလျှင် ငါတို့သည်သူ့အား မစားပါ၊ သေသူကိုပြန်ရှင်စေနိုင်သော နတ်ရေစင်ကို ပေးပါအံ့ဟု ဆိုလေ၏။

အခြားတဦးသောဘီလူးက ကျွန်ုပ်မှာလည်း နတ်၌ဖြစ်သော ထမ်းပိုးတချောင်းရှိပါ၏၊ ယင်းထမ်းပိုးမှာ တဖက်မှ ရွှေများထွက်၍ အခြားတဖက်မှ ငွေများထွက်ပါလတ့်ဟု ဆို၏။

အခြားတဦးသော ဘီလူးကလည်း ကျွန်ုပ်မှာ ရွှေခြေနင်းတခု ရှိပါ၏၊ ယင်းရွှေခြေနင်းကို စီးနင်းလိုက်လျှင် ကောင်းကင်သို့ ပျံနိုင်ပါ၏ဟု ဆို၏။

ရက္ခစိုးနတ်သည် ဘီလူးကြီးများ ပြောသည့်အတိုင်း နတ်ရေစင်ကိုပက်ဖျန်းပေးလေရာ ပုညသာရသည် ခြေလက်များ လှုပ်ရှားလူးလွန့်လာ၏၊ ထိုသို့ ပုညသာရ မသေဘဲ လူးလွန့်လှုပ်ရှားသည်ကို တွေ့သောအခါ အလုံးစုံသော ဘီလူးတို့သည် ကြောက်ရွံ့သည်ဖြစ်၍ နတ်၌ဖြစ်သော နံ့သာ, နတ်၌ဖြစ်သော ထမ်းပိုး,နတ်၌ဖြစ်သော ရွှေခြေနင်းတို့ကိုစွန့်လွှတ်၍ ပြေးကြကုန်၏။

ထိုအခါ ရက္ခစိုးနတ်သည် နတ်၌ဖြစ်သော နံ့သာတို့ကိုယူ၍ ပုညသာရ၏ ကိုယ်ကို လိမ်းကျံပေးသောအခါ အိပ်သောယောကျ်ား နိုးသောအလားကဲ့သို့ အသက်တဖန်ပြန်၍ ရှင်လာ၏၊ ထိုအကြောင်းကို ဘုရားရှင်သည်—

ဤကဲ့သို့နည်း၊ ဆေးပစ္စည်းကို၊ ရမှီးတုံစွ၊ ပုညသာရ၊ မင်းလူလှသည်၊ သက်ရရှင်ကာ၊ ချမ်းသာသုခ၊ ရပြန်ပါလေ၊ ထွေထွေအန္တရာယ်၊ ကပ်တွယ်နှိပ်စက်၊ ပျက်စေတတ်သော၊ ဥပဒ္ဒဝေါတို့၊ ရွှေ့လျှောတဖုံ၊ ပျောက်ကင်းကုန်၏၊ ဘုရား တရား သံဃာအားဖြင့်၊ သုံးပါးမြတ်စွာ၊ ရတနာကို၊ ကြည်ညိုသဒ္ဓါ၊ ရှိသေပါကြောင့်၊ ချမ်းသာအသက်၊ ဆေးပေါင်းဖျက်၏။

### ယောက္ခမ၏ မေလာဘသူပုန်

ယင်းသို့ အသက်ရှင်လာပြီးနောက် ပုညသာရသည် ရက္ခစိုးနတ်ကို မေးမြန်း၍ ရွှေခြေနင်းကို စီးလိုက်သောအခါ ကောင်းကင်သို့ပျံ၍ တက်သွားလေ၏၊ ယင်းသို့ ကောင်းကင်ပျံတက် စီးနင်းလိုက်ပါသွားပြီးနောက် ဘုရင့်နန်းတော် ပြာသာဒ်၌ သက်ဆင်းလေ၏။

မင်းသမီးသည် ပုညသာရကိုမြင်လျှင် ကြောက်ရွံ့၍ ခရီးဦး ကြိုဆိုကာ ကြွပါအရှင်ဟု ဆို၏၊ မိမိလင် ပြန်ရောက်လာသည်ကိုလည်း ဖခင်ကြီးအား အကြောင်းကြားလေ၏၊ ထိုအခါ ဖခင်မင်းကြီးက—

ချစ်သမီး- သင်၏ လင်ယောကျ်ားသည် ဘာကိုယူ၍ လာသနည်းဟု မေး လေ၏။

ဖခင်မင်းကြီး- ကျွန်ုပ်၏ လင်ယောကျ်ားသည် နတ်နံ့သာ နတ်ထမ်းပိုး နတ်ရွှေခြေနင်းတို့ကို ယူလာပါသည်ဟု ပြောလေသည်။

ထိုစကားကို ကြားလျှင် ချစ်သမီး သင့်ယောကျ်ားထံမှ ပစ္စည်းများကို ရအောင် သင်သည် ကြံဆောင်ပါလော့။

သမီးတော်- သင်၏လင်ကို ဟိမဝန္တာသို့ သွားရန် ပြောလေလောဟု ဖခင် ကြီးက သမီးအား အကြံပေးလေ၏။

သမီးဖြစ်သူသည်လည်း ဖခင်ပြောသည့်အတိုင်း ပုညသာရထံ ချဉ်းကပ်၍ မောင်ရေ- ကျမတို့ ဟိမဝန္တာ ို ပျော်ပျော်ပါးပါး သွားကြပါစို့လားဟု ပူဆာလျှင် ပုညသာရသည် သွားတာပေါ့ရှင်မဟု ဝန်ခံ၍ ရွှေခြေနင်းကိုစီး ကာ မယားကို ရင်ခွင်မှာ ပိုက်ပြီးလျှင် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ပျံသန်းသွားလေ၏။

ပုညသာရသည် ထီးရိပ်သဖွယ်ဖြစ်သော ပညောင်ပင် တပင်နှင့် ထီးဖြူ သာလာကို မြင်၍ ကောင်းကင်မှ ဆင်းသက်ကာ ထိုသာလာ၌ လျောင်း၍ တရေးတမော အိပ်နေလေသည်၊ မင်းသမီးသည် ပုညသာရအိပ်ပျော်နေစဉ် ပုညသာရ၏ နတ်နံ့သာ နတ်ထမ်းပိုးနတ်ရွှေခြေနင်းတို့ကို ယူလျက် ရွှေခြေနင်း ကို စီးကာ ကောင်းကင်ခရီးဖြင့် ပျံ၍ ဖခင်ထံ ပြန်လာလေ၏။

ပုညသာရသည် အိပ်ရာမှနိုး၍ ရွှေခြေနင်း စသော ပစ္စည်းများနှင့်တကွ မယားကိုပတွေ့လျှင် သည်းမခံနိုင်သည်ဖြစ်၍ အကြီးအကျယ် စိုးရိမ်မှုဖြစ်ကာ ရေအိုင်ကုံးအိုင် စမ်းမြိုင်မှစ၍ တောတခို၌ လှည့်လည်ရှာဖွေလေသည်၊ မယား ကိုမတွေ့လျှင် ဤသို့ငိုကြွေးလေသည်။

ဤတောထဲမှာ စွန်ရဲနှင့်ကျီး ခိုမှီးလို့နေပါ၊ ငါ့မယား နန်းညွန့်လျှာ
ကြောက်၍ရှာသေလေပြီလား၊ငှက်ကျားနှိပ်စက်၊သည်အတွက်ကြောင့်၊
ဘယ်အရာမူ၊ ဆောင်ကာယူလျက် နှိပ်စက်၍ပေ သေလေ ပြီလော၊
ခြသေ့်၊ ကျားသစ်၊ ဆိုးညစ်တောကောင်၊ တောတွင်း ဆောင်၍၊
မရှောင်ငါ့မယား စားပြီလား၊ထိုသားလုံးစုံ၊ ရဂုံတောင်ရပ်၊ချိုဆောင်
လတ်၍ သတ်လေပြီလော။

လူသားချင်းပင်၊ သားသမင်တို့၊ ချစ်ခင်နိုးရင်း၊ ကွေကွင်းခြင်းကို၊
ရှေးဟိုဘဝ၊ ပြုဘူးစွထင့်၊ ထိုကမ္မမျိုး၊ အကျိုးအားဖြင့်၊ မယား
နှင့်လေ၊ ကွဲရပေ၏၊ လူ့ပြေလူ့ရပ်၊ မြတ်သောအကျင့်၊ ကျင်ဘိလေ

ငြား၊ ရဟန်းတော်များ၌၊ ငါကားဆည်းကပ်၊ လေးမြတ်ဝပ်တွား၊ ခစားစင်စစ်၊ဖြစ်သည်မဟုတ်ပါလား၊ထိုသို့ငြားလျက်၊ ငါ့မယားသည်၊ ဘယ်ကြောင်းမှီ၍ သေရမည်နည်း၊ တောမှီရဂုံ၊ အလုံးစုံသော၊ တော စောင့် တောင်စောင့်၊ များ့ထောင့်လေစွာ၊ နတ်ဒေဝါတို့၊ ကျွန်ုပ်ကို စောင့်ရှောက်တော်မူပါ၊ ကျွန်ုပ်ကို ဒုက္ခမှလွတ်စေတော်မူကြပါ၊ ထိုသို့ မဟုတ်ပါက ထိုအကြောင်းဖြင့် သေရပါလိမ့်လတံ့။

ထိုသို့ငိုကြွေးနေရာမှ ဟိုဟိုဒီဒီ လှည့်လည်ကြည့်ပြန်၏၊ မတွေ့ပြန်၊ တဖန် ပြန်လာကာ မျက်နှာမသာမယာနှင့် မယားကိုတကာ ငိုကြွေးပြန်လေသည်။

ထို့နောက် ပုညသာရသည် တောတောင် သစ်ပင်ရိပ်များသို့ သွား၍ သနားစဖွယ် ငိုကြွေးလေသည်။

ထိုသို့ ငိုကြွေးနေစဉ် ပဉ္စောင်ပင်စောင့် နတ်သည် ငိုကြွေး နေသည်ကို ကြည့်၍ ကြံစည်လေသည်ကား- ထိုပုညသာရသည် ကောင်းမှုနှင့် ပြည့်စုံ၏၊ ရှေးကဗာရာဏသီပြည်၌ သူဌေးကြီးဖြစ်၍ အလှူကြီးပေးခဲ့ဘူးသည်၊ ပဉ္စောင် ပင်စိုက်ပျိုး၍ သစ်ရွက်သာလာကို ဆောက်လုပ်လှူခဲ့ဘူးသည်။

ထို့ပြင် သူသည် တနေ့သ၌ တရားသဘင်သို့ သွား၍ တရားနာကြာပြီး ကြည်ညိုသဖြင့် ပုဆိုးတထည်ကို နှစ်ပိုင်းပိုင်းကာ တပိုင်းကို ဘုရားအားပူဇော် ၏၊ တပိုင်းကိုတရားအား ပူဇော်၏၊ ငါလို ပဉ္စောင်ပင်စောင့်နတ် ထင်ရှား ရှိလျက် ပုညသာရသည် ဆင်းရဲဒုက္ခရောက်ခြင်းငှာ မသင့်၊ သူ့အား ချီးမြှောက် ခြင်းကိုပြုအံ့ဟု ကြံစည်မိလေသည်။

ထိုအခါ ပဉ္စောင်ပင်စောင့်နတ်သည် ပဉ္စောင်ပင်ကိုအသီးရှိအောင် ဖန် ဆင်း၍-

## ဉောင်သီးရဲ့ အကျိုးကြီးပုံ

ဤပဉ္စောင်ပင်၏ အရှေ့ဘက်အကိုင်းမှ အသီးကိုစားသောသူသည် ကျား ဖြစ်မည်၊ တောင်ဘက်အကိုင်းမှ အသီးကို စားသောသူသည် ဝက်ဝံဖြစ်မည်၊ အနောက်ဘက်အကိုင်းမှ အသီးကိုစားသူသည် မျောက်ဖြစ်မည်၊ မြောက်ဘက် အကိုင်းမှ အသီးကိုစားသူသည် ဗျိုင်းဖြစ်မည်၊ ထိပ်ဖျားကိုင်းမှ အသီးကိုစား သူသည် အားအင်ပြည့်တင်း အဆင်းလှပ လူဘဝ ရမည်ဟု ပုညသာရအား ပြောပြလေ၏။

ပုညသာရသည် ရုက္ခစိုးနတ် ပြောသည့် အတိုင်း ထိုအသီးတို့ကို မှတ်၍ သစ်ကိုင်းတခုစီမှ တလုံးစီတလုံးစီကို ခူးယူ၍ အဝတ်ဖြင့် ထုပ်ထားလေသည်၊ ပုညသာရသည် မြောက်ဘက်အကိုင်းမှ အသီးကိုစား၍ ဗျိုင်းဖြစ်သွားပြီးလျှင်

ကောင်းကင်ဖြင့်ပျံ၍ မင်းသမီး၏ ပြာသာဒ်သို့ရောက်ရှိလေ၏၊ မင်းသမီးသည် ပုညသာရကိုတွေ့မြင်သောအခါ-

ဟယ်ဗျိုင်းယုတ်- ငါ၏အိမ်သို့ ဘဲ့ကြောင့်လာရသနည်း-ဟု ရေရွတ်၏။

ပုညသာရက ရှင်မ- ငါသည် သင်၏လင်ဖြစ်၍ လာသည်ဟု ဆိုပြီးကာ ခွန်အားရှိသောအသီးကိုစား၍ ခွန်အားနှင့်ပြည့်စုံ လူ့ဘုံ လူ့ဘဝ ရသည် ရှိသော် ထိုအသီးတို့၏ အကျိုးရှိပုံကို ပြောပြလေသည်။

မင်းသမီးသည် ရှင်ပြောတာအမှန်ဘဲလားဟု သေချာအောင် ထပ်မံမေး လေသည်။

အမှန်ဖြစ်ပေသည်ရှင်မဟု ပုညသာရက ဖြေဆိုလေသည်။

ထိုအခါ ထိုပုညသာရသည် အဖျားကိုင်းမှအသီးကိုစား၍ တင့်တယ်လှပ သွားလေသည်။

ထိုနောက်တုံမှ၊ ပုညသာရ မင်းသားလှသည် ကိုင်းဖျားမှသီး စားပြီး ခါလေ၊ သရေဆောင်ကာ ရုပ်ပါလှငြား ဘုန်းကံကြွားသည်၊ လူသား ယခု ဖြစ်သတည်း၊ သူ၏ အကြံ၊ ပြည့်ဝလျှံ၍၊ အခြံအရံဖြိုးလျက် တန်ခိုးကြီးမားလေသဘည်း။

ပုဗ္ဗေပုညကမ္မေန၊ ယသော ဘောဂသမပ္ပိတော။
ယံယံ ပဒေသံ ဘဇတိ၊ တတ္ထတတ္ထေဝ ပူဇိတော။

ဘောဒ္ဓေ၊ အိုပရိသတ်အပေါင်း သူတော်ကောင်းတို့။ ပုဗ္ဗေပုညကမ္မေန၊ ရှေးရှေးဘဝ တွေးတွေးဆဆဖြင့် အေးအေးနေရအောင်ပြုခဲ့သော ကောင်းမှုကံကြောင့်။ယသောစ၊ ကျော်စောကိတ္တိ သိဒ္ဓိလျှံပွား အခြံအရံများခြင်းသည်ရင်း။ဘောဂသမပ္ပိတောစ၊ စည်းစိမ်ဥစ္စာ အဖြာဖြာနှင့် လိုရာဥဿုံ ပြည့်စုံခြင်းသည်ရင်း။ ဟောတိ၊ မျက်မြင်ဘဝမှာ ကျနစွာလေ ဖြစ်ရပေ၏။ယံယံပဒေသံ၊ အကြင်အကြင် အရပ်မျက်နှာသို့။ ဘဇတိ၊ အခွင့်အရေးပေးသည်အလျောက် ရောက်ရပေ၏။တတ္ထတတ္ထေဝ၊ ရောက်လေရာရာ များစွာသတ်မှတ် ထိုထိုအရပ်၌ သာလျှင်။ပူဇိတော၊ လူနတ်အများ လေးစားကော်ရော် ပူဇော်အပ်သူသည်။ ဟောတိ၊ အမှန်မသွေ ဖြစ်ရပါပေသတည်း။

မင်းသမီးသည် ပုညသာရအား ချစ်လင်- မိဘနှစ်ပါး ကျေးဇူးရှင်တို့အား နတ်ဖြစ်သောအသီးကို ပေးပါလောဟု ဆို၏။

ပုညသာရသည် ပေးပါမည်ရှင်မဟုဆို၍ တမြို့လုံးကိုစည်လည်စေကာ မိဘစသူတို့အား အနောက်ကိုင်းမှအသီးကို ပေးလေ၏၊ မိဘစသည်တို့သည် ထိုအသီးကိုစားပြီးလျှင် မျောက်ဖြစ်ကြကုန်၏။

ထိုအခါ ပုညသာရသည် ရွှေခြေနင်းကိုစီး၍ မယားကိုရင်ခွင်၌ထားပြီးလျှင် ကောင်းကင်ခရီးဖြင့် ပျံသန်းသွားလေရာ စကြဝတေးမင်း၏ အထံသို့ရောက်၍ မိတ်ဆက်စကား ပြောကြားလေသည်။

(စကြဝတေးမင်း) အဆွေ- ဘယ်မှ လာခဲ့သနည်း။

ပုညသာရသည် အကြောင်းစုံကိုပြောပြ၏၊စကြဝတေးမင်းသည် ပုညသာရ အား လက်ျာမျက်စိကိုပေးလျှင် သူသည် ထိုမျက်စိကိုယူ၍ သိမ်းဆည်းထား၏၊ စကြဝတေးမင်းသည် ပုညသာရကို စစ်သူကြီးခန့်ထားလေသည်။

## ပုညသာရအား မင်းဘိသိက်သွန်းခြင်း

စကြဝတေးမင်းသည် အသက်ရှည်သမျှကာလပတ်လုံး ဒါနစသောကောင်း မှုကိုပြု၍ နတ်ရွာစံသော် တုသိတာနတ်ပြည်၌ ဖြစ်လေ၏၊ အလုံးစုံသောအမတ် စသောသူတို့သည် စကြဝတေးမင်း၏ ဈာပနကို ပြုကုန်၏၊ ပုညသာရသည် လက်ျာမျက်စိကို စား၏၊ ထိုအခါ အလုံးစုံသောသူတို့သည် တူရိယာကိုတီး ကုန်လျက် ပုညသာရအား မင်းအဖြစ် တင်မြှောက်ကြကုန်၏။

ပုညသာရသည် စကြဝတေးမင်းဖြစ်၍ တရားနှင့်အညီ မင်းပြုကာ အသက် ရှည်သမျှတည်၍ ဒါနစသော ကောင်းမှုကို ပြုလျက် သေလွန်သော အခါ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာကိုဆောင်၍ ချစ်သားတို့- ရှေးက လည်း ကုသိုလ်၏ အကျိုးတရားသည် ပြည့်စုံသည်သာတည်းဟု ဟောတော်မူ ပြီးလျှင် ဇာတ်ကို ဤသို့ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

ထိုအခါ ရက္ခစိုးနတ်သည် ယခုအခါ ဆန္နထေရ်၊ ဒုတိယရက္ခစိုးနတ်သည် ရှင်သာရိပုတ္တရာ၊ တတိယရက္ခစိုးနတ်သည် ရှင်မောဂ္ဂလ္လာန်၊ စတုတ္ထရက္ခစိုး နတ်သည် ရှင်မဟာကဿပ၊ ပုညသာရသည် ရှင်အာနန္ဒာ၊ ဗာရာဏသီမင်းသည် သုဒ္ဓေါဒန၊ ဝိမလာဒေဝီသည် မဟာမာယာ၊ သိဒ္ဓိသာရမင်းသည် ငါဘုရား ဖြစ်တော်မူ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

သိဒ္ဓိသာရဇာတ် ပြီး၏။

# ၄၉-သီလဇာတ်

သီလစွမ်းအား၊ တန်ခိုးအားကြောင့်၊ ဖြစ်ပြေးဥစ္စာ၊အဖြာဖြာကို၊
သဒ္ဓါပြုလျှမ်း၊ လှူဒါန်းပါ၏။

သဗ္ဗကာမဒဒံသီလံ- ဤသို့ အစရှိသော ဂါထာဖြင့် တန်ဆာဆင်အပ်သော ဤဒေသနာဘော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် မိမိ၏သီလကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါ တယောက်သော ဥပါသကာသည် ဇေတဝန် ကျောင်းအနီး၌ နေ၏၊ သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သတိရှိ၏၊ တရားတော်၌ အလေးပြု၏၊ မိဘကို လုပ်ကျွေး၏၊ အမျိုး၌ အကြီးအကဲဖြစ်သော သူတို့ကိုလည်း လုပ်ကျွေး ပြုစု၏၊ ရဟန်း ပုဏ္ဏားတို့ကိုလည်း ဆည်းကပ် လုပ်ကျွေး၏၊ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်၌ မမေ့လျော့သည်ဖြစ်၍ ဘုရား တရား သံဃာကို ချစ်မြတ်နိုး၏၊ ညချမ်းအချိန် နံနက်စောစောအချိန်တို့၌ ရတနာ သုံးပါးဂုဏ်ကို အောက်မေ့၏၊ နံနက်အခါ ညချမ်းအခါ၌ တရားနာ၏၊ သားမယားတို့ကို တရားသဖြင့် လုပ်ကျွေးမွေးမြူ၏၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏၊ ဂုဒေါင်များ၌ စပါးအပြည့် သိုလှောင်နိုင်၏၊ သီလသိတင်း စောင့်သုံး၏။

ထိုဥပါသကာသည် တနေ့မှာ ပြုဘွယ်ကိစ္စ တစုံတရာဖြင့် တောသို့သွား၍ သစ်တပင်၏အောက်၌ ထိုင်ကာ မိမိ၏သီလကိုဆင်ခြင်၍ သီလစောင့်ထိန်းခြင်း၌ စိတ်ညွတ်ကာ မိမိ၏ပရိသတ်ကို ဤသို့ ပြော၏။

အမောင်တို့- အိမ်ကိုသွားနှင့်ကြ၊ နောက်မှငါလိုက်ခဲ့မည် ဟု ဆိုကာ ဥပါသကာသည် အလုံးစုံသော သူ၏ပရိသတ်ကို လွှတ်လိုက်၍ မိမိကမူ သီလစောင့်ထိန်း၍ ရတနာသုံးပါးဂုဏ်ကို ပွားများကာ ချန်နေရစ်ခဲ့လေသည်။

ထိုခဏ၌ သီလတန်ခိုးကြောင့် အာကာသစိုးနတ်, ဘုမ္မစိုးနတ် တောင်စောင့်နတ်တို့သည် အိုနတ်များတို့- ဤဥပါသကာသည် သီလရှိ၏၊သီလကို ထိန်းသိမ်းစောင့်ရှောက်၏၊ လက်အချည်းနှီး အိမ်သို့ မသွားသင့် လေရာဟု တိုင်ပင်ကုန်၏။

အလုံးစုံသောနတ်တို့သည် အချို့ကပတ္တမြားရတနာ၊ အချို့ကရွှေ၊ အချို့ကငွေ၊ အချို့က အဝတ်တန်ဆာများကိုယူ၍ မထင်ရှားသော အသွင်ဖြင့် လာကာ ဥပါသကာကို ပူဇော်ကုန်၏၊ အလုံးစုံသော ဥစ္စာတို့သည် လှည်း အစီးပေါင်း နှစ်ထောင်တိုက်မျှရှိသော ဟူ၏။

ထိုအခါ ထိုဥပါသကာသည် ဤဥစ္စာတို့ကို ဘယ်သို့ဆောင်ယူရပါအံ့နည်းဟု ကြံစည်စိတ်ကူးလေသော် တယောက်သော နတ်သားသည် လှည်းအစီးနှစ်ထောင် ဖန်ဆင်း၍ အလုံးစုံသော ဥစ္စာကို လှည်းအပြည့် တင်ဆောင်လျက် ဥပါသကာအား ပေးလေသည်။

ထို့နောက် ဥပါသကာသည် နွားများကို အဘယ်သို့ ရပါအံ့နည်းဟု ကြံစည်ပြန်၏။ နတ်သားတယောက်သည် နွားလေးထောင်ဖန်ဆင်း၍ ထိုဥပါသကာအားပေး၏၊ သူတယောက်တည်း လှည်းအစည်းနှစ်ထောင်ကို အဘယ်သို့မောင်းနှင်ရအံ့နည်းဟု ကြံစည်ပြန်၏၊ ထိုအခါ နတ်သား တယောက်သည် သူငယ်နှစ်ထောင်ဖန်ဆင်း၍ ပေး၏၊ ထိုသူငယ်တို့သည် လှည်းပေါ်သို့တက်စီးကုန်၏၊ နတ်သား တယောက်သည် ကုမုဒြာ ကြာအဆင်းရှိသော မြင်းလေးကောင်နှင့် မြတ်သော ရထားကိုဖန်ဆင်း၍ ထိုဥပါသကာအား ပေး၏။

**သီလတန်ခိုး ပြည့်ဖြိုးဥစ္စာ လှူဒါန်းပါ၏၊**

ဥပါသကာသည် ရထားကိုတက်စီး၍ အစဉ်အားဖြင့် ဇေတဝန်ကျောင်းသို့ရောက်၍ ဥစ္စာအလုံးစုံနှင့်တကွ ဇေတဝန်ကျောင်းသို့ ဝင်ပြီးလျှင် မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။

ဘုန်းတော်သခင် အရှင်မြတ်ဘုရား- အလုံးစုံသောဥစ္စာကို အရှင်မြတ်အားရှင်း ရဟန်းသံဃာအားရှင်း လှူဒါန်းပါ၏–

ဟု လျှောက်ထားလေသည်။

ထိုဥပါသကာသည် လှည်းနှစ်ထောင်တိုက် ဥစ္စာတို့ကို မြတ်စွာ ဘုရားအားစွန့်လှူ၍ ရဟန်းသံဃာများနှင့် မအပ်စပ်သော ပစ္စည်းများကိုအပ်သောပစ္စည်းဖြစ်အောင်ပြုလျက် ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား ကြီးစွာသော အလှူကို ပေးလှူလေသည်။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စကားကို ဖြစ်စေကုန်၏၊ ငါ့ရှင်တို့- သီလမည်သည် တန်ခိုးကြီး၏၊ အာနိသင်ကြီး၏၊အံ့ဘွယ်ရှိပေစွ၊ ဤဥပါသကာသည် သီလစောင့်၍ သီလတန်ခိုးကြောင့် ကြီးစွာသော စည်းစိမ်ကိုရလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းတို့ထိုင်နေရာသို့ ကြွလာ၍ ချစ်သားရဟန်းတို့- ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သော စကားဖြင့် စည်းဝေးကြပါသည်ဘုရားဟု လျှောက်ထားလေသော်ချစ်သားတို့-ယခုအခါ၌သာ ဥပါသကာသည် သီလကိုစောင့်ရှောက်၍ သီလတန်ခိုးကြောင့် ကြီးစွာသော စည်းစိမ်ကို ရသည်မဟုတ်သေး၊ ရှေးအခါက

လည်း ပညာရှိသည် သီလကို စောင့်ရှောက်၍ သီလတန်ခိုးကြောင့် ကြီးစွာသော စည်းစိမ်ကို ရဘူးသည်သာတည်းဟု မိန့်တော်မူ၍ ဆိတ်ဆိတ် နေတော်မူ၏၊ ထိုရဟန်းတို့သည် တောင်းပန်အပ်သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ချစ်သားတို့· လွန်လေပြီးသောအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုမင်း၏ သားတော် ဥပရာဇာ၏ထံတွင် ခစားနေပေသည်။

ထိုအခါ တနေ့သ၌ မုဆိုးတယောက်သည် တောသို့ဝင်၍ ငှက်သုံးကောင်ကို ဆောင်ယူခဲ့ကာ အိမ်ရှေ့မင်းသားအား ဆက်သလေ၏၊ အိမ်ရှေ့မင်းသားသည် ထိုငှက်တို့ကို မြင်၍ ယင်းတို့၏ အသားကို စားလိုသောကြောင့် ဘုရားအလောင်းကို အချင်းသီလ· ဤငှက်သုံးကောင်ကို သတ်၍ ချက်ပြီးလျှင် ငါ့အား ပွဲတော်အုပ် တည်ပါလော့ဟု စေခိုင်း၏။

ထိုအခါ ဘုရားအလောင်းသည် ထိုငှက်တို့ကို သနားသည် ဖြစ်၍ မသတ်ရက်ဘဲ မင်းသားသည် ငါ၏ဥက္ကောင်းကို ဖြတ်လိုက ဖြတ်ပါစေ၊ ငါသည် ဤငှက်သုံးကောင်ကို မသတ်ဟုကြံကာ မသတ်ဘဲနေလေသည်။

## ပင်းသားနှိပ်စက်၍ ငါ့အသက်သေစေ သူ့တပါးအသက်ကို မသတ်

ထိုအခါ အိမ်ရှေ့ မင်းသားသည် ဘုရားအလောင်းအား အမျက်ထွက်၍ ငါ၏အာဏာကို ဖီဆန်၍ ငါ့အမိန့်ကို မလိုက်နာသော ဤမောင်သီလအား လက်ပြန်ကြိုးတုပ် သုသာန်ထုတ်၍ သတ်စေရန် မင်းချင်းယောကျ်ား လူသတ်သမားတို့အား အမိန့်ပေးလေ၏၊ မင်းချင်းယောကျ်ား လူသတ်သမားတို့သည် မောင်သီလအား လက်ပြန်ကြိုးတုပ်၍ သုသာန်သို့ ခေါ်ဆောင်သွားကြကုန်၏၊ ဖမ်းသိး ခေါ်ဆောင်သွားရာ လမ်းတလျှောက်ရှိ လမ်းဆုံ လမ်းခွတို့၌လည်း မောင်သီလအား ရိုက်နှက်ပုတ်ခတ်ကြကုန်၏၊ ထို့နောက် မောင်သီလက မင်းချင်းယောကျ်ား လူသတ်သမားတို့အား သင်တို့မင်းသားက အသို့ မှာလိုက်ပါသေးသနည်းဟု မေးလေ၏၊ ထိုအခါ လူသတ်သမားတို့က သင်သည် ထိုငှက်သုံးကောင်ကို သတ်မည်ဆိုပါက သင့်အားလွှတ်ရန် အမိန့် ပေးလိုက်ပါ၏ဟု ပြောကြကုန်၏၊ မောင်သီလက လူသတ်သမားတို့အား သင်တို့မင်းသားသည် ငါ့အား ခေါင်းဖြတ်လိုလျှင်လည်း ဖြတ်ပါစေ၊ ဆုံထဲထည့်၍ ထောင်းထုလိုက လည်းထောင်းထုပါစေ။ ငါသည်ကား ငါ၏သီလကိုဖျက်၍ သူတပါးအသက်ကို

သတ်လိမ့်မည်မဟုတ်ဟု ပြောဆိုပေ၏၊ ထိုအချိန်၌ မြစ်ကြီးတခုသည် ရေစီး သန်၍ မိကျောင်းတို့ ပေါများလှ၏၊ မင်းသားသည် သူသတ်ယောကျ်ားတို့အား မောင်သီလကို မိကျောင်းပေါသော မြစ်ထဲသို့ ပစ်ချ၍ မိကျောင်းစာ ကျွေးကြကုန်လော့ဟု အမိန့်ပေးလိုက်၏၊ လူသတ် ယောကျ်ားတို့ သည်လည်း မင်း၏ အမိန့်အတိုင်း မောင်သီလအား မိကျောင်းပေါသော မြစ်ထဲသို့ ပစ်ချကြကုန်၏။

## သီလစွမ်းကြွယ် မိကျောင်းကယ်ပြီ

ထိုအခါ ဘုရားအလောင်း မောင်သီလ၏ သီလတန်ခိုးကြောင့် ခုနစ်ကောင် ရှစ်ကောင်သော မိကျောင်းတို့သည် မိမိတို့ ကျောကုန်းဖြင့် ခံထားကြလျက် မောင်သီလအား ဝန်းရံစောင့်ရှောက်ကြကုန်၏၊ မြစ်ကိုစောင့်သော နတ်သည် မောင်သီလ၏ သီလတန်ခိုးကြောင့် လာရောက်၍ မိကျောင်းတို့ကို ဖယ်ရှားစေလျက် ရတနာတို့ဖြင့် တန်ဆာဆင်ထားသော ဆယ်လန့်မျှ အမြင့်ပမာဏရှိသော ရွှေပြာသာဒ်တခုကို ပေါ်ပေါက်စေလျက် မောင်သီလအား ခံထားလေ၏၊ ဘုရားအလောင်းသည် ယင်းပြာသာဒ်တွင် ရွှေပလ္လင်ထက်၌ နေလေ၏၊ ပြာသာဒ်၏ လေးဘက်လေးတန်တို့၌ ပဒေသာပင် လေးခုပေါ်ပေါက်၏၊ ရွှေငွေ ရတနာခုနစ်ပါးနှင့် အဝတ်အစားများတို့သည် ပဒေသာပင်၏ လေးဘက်လေး တန်တို့၌ ချိတ်ဆွဲလျက်ရှိကုန်၏။

ထိုရတနာပြာသာဒ်သည် နတ်တို့၏ အာနုဘော်ဖြင့် ရေစုန်ရေဆန်မျော လျက်နေ၏၊ ထိုသို့ဖြစ်သည်ကို မြို့နေသူအားလုံးတို့သည် အုတ်အုတ်ကျက်ကျက် တခဲနက် တအံ့တသြ ရှုမောမဆုံးရှိကြကုန်၏၊ မင်းနှင့် အိမ်ရှေ့မင်းသားတို့ သည် မောင်သီလ၏ သီလတန်ခိုးအစွမ်းသတ္တိကို ရှုမြင်ကြရသဖြင့် များစွာ ကြောက်ရွံ့တုန်လှုပ်လျက် မိမိတို့၏အပြစ်ကို သည်းခံ ခွင့်လွှတ်ကျေနပ်ပါရန် ပူဇော်ဘွယ်များစွာတို့ဖြင့် လာရောက်ပူဇော် တောင်းပန်ကြကုန်၏။

## သီလတန်ခိုး စွမ်းမျိုးဖုံဖုံ

ထိုခဏ၌ နတ်တို့၏ တန်ခိုး အာနုဘော်ကြောင့် ဘုရားအလောင်း မောင်သီလသည် ပြာသာဒ်နှင့်တကွ ကောင်းကင်ယံ ပျံတက်ပြီးလျှင် ကောင်းကင်မှ သက်ဆင်း၍ မြို့အလယ်၌ ရပ်တည်လေ၏၊ ထိုအခါ မင်းကြီး အိမ်ရှေ့မင်းသား မင်းနှစ်ပါးတို့နှင့်တကွ လူအပေါင်းတို့သည် မောင်သီလထံ ချဉ်းကပ် မှီခိုကြကုန်လျက် မောင်သီလအား မင်းစည်းစိမ်ကို အပ်နှင်းကြကုန်

၏၊ ဘုရားအလောင်းသည်ကား မင်း၏ စည်းစိမ်ကိုပယ်၍ မြတ်သောမင်းကြီး- ကျွန်ုပ်သည် စည်းစိမ်ကို အလိုမရှိပါ၊ ကျွန်ုပ်သည် ဟိမဝန္တာတောသို့ သွား၍ ရသေ့ရဟန်းပြုပါအံ့-ဟု ပြောလေသည်။

ထိုအခါ မင်းကြီးနှင့်မင်းသား မင်းနှစ်ပါးတို့က မြတ်သော ယောကျ်ား သင်သည် ဟိမဝန္တာတောသို့ဝင်၍ ရသေ့ရဟန်း ပြုပါလျှင် ကျွန်ုပ်တို့သည်လည်း သင်နှင့်အတူ လိုက်ပါလျက် ရသေ့ရဟန်း ပြုပါကုန်အံ့ဟု ပြောဆိုကုန်၏၊ ထိုအခါ ဘုရားအလောင်း မောင်သီလသည် မင်းနှစ်ပါးတို့ကိုခေါ်၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် သူတို့နှင့်အတူ ရသေ့ရဟန်းပြု၍ တရားအားထုတ်လေရာ သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ရလေ၏၊ မောင်သီလသည် သမာပတ်ရှစ်ပါး အဘိညာဉ် ငါးပါးတို့ကိုရရှိပြီးနောက် ဟိမဝန္တာ၌ ဆက်လက် အသက်ရှည်သမျှ နေပြီးလျှင် ထိုမှစုတေ သေလွန်သော် ဗြဟ္မာပြည်၌ဖြစ်လေ၏။

ထိုကြောင့် ရဟန်းတို့ သီလမည်သည်ကား မကျိုးမပေါက် မပြောက်မကျားအောင် စောင့်ရှောက်ပါလျှင် ဤလောက၌၎င်း၊ တမလွန်လောက၌၎င်း ကြီးကျယ်များပြားသော အကျိုးတရားတို့ကို ရရှိနိုင်ပေ၏၊ ထိးကိုင်ဆောင်သူအား ထီးက အပူကို ကာကွယ် စောင့်ရှောက်သကဲ့သို့ ဖြစ်ပေ၏ဟု မိန့်တော်မူပြီးလျှင် ဤသို့ ဟောတော်မူ၏။

သဗ္ဗကာမဒဒံ သီလံ၊ စက္ကဝတ္တိသုခံ ပဒံ။
နိမိကုမ္ဘာသမံ သီလံ၊ ကပ္ပရုက္ခသမံ သဒါ။

သီလံ၊ ကိုယ်ကျင့်ဆိုရ ကျင့်သီလသည်။ သဗ္ဗကာမ ဒဒံ၊ အလိုရှိရာ အပြောပြောကို နေရာမရွေး ပေးတတ်ပေ၏။ စက္ကဝတ္တိ သုခံပဒံ၊ စကြဝတေး အဖြစ်ပေး၍ အေးချမ်းသုခ ရခြင်းအကြောင်း ကောင်းစွာ ဖြစ်ပေ၏။ သီလံ၊ ကိုယ်ကျင့်မှန်စွ ကျင့်သီလသည်။ နိမိကုမ္ဘာသမံ၊ ရွှေအိုးကြီးနှယ် တကယ်တူလှပေ၏။ သဒါ၊ အခါခပ်သိမ်း။ ကပ္ပရုက္ခသမံ၊ ပစ္စည်းလိုရာ ပေးတတ်စွာသည့် ပဒေသာပင်နှယ် ၌င်းတုဘွယ်ဖြင့် တကယ်စံယူ တူလှပါပေသတည်း။

ရေပြည့်သမုဒ္ဒရာ ဘယ်အခါမှ မကုန်ခန်းသကဲ့သို့ ထို့အတူ သီလရှိသူ၏ အကျင့်သီလသည် စည်းစိမ်ဥစ္စာ ပေးသောအရာမှာ ကုန်ရိုးမရှိ၊ သီလသည် စည်းစိမ်ဥစ္စာကို တိုးပွားစေတတ်၏၊ ကျော်စောကိတ္တိ လက်လက်ညီအောင် ပေးတတ်၏၊ အသက်ကို စောင့်ရှောက်မသွေ

ရှည်စေတတ်၏ အရိယာအရှင်ကောင်းတို့၏ ဥစ္စာလည်း ဖြစ်ပေ၏၊ ထို့ကြောင့် ဘုရားရှင်၏ ကျက်စားရာ ဖြစ်သောသီလကိုမကျိုးမပေါက် မပြောက်မကျားအောင် ကြိုးစား၍ အားထုတ် ရာ၏ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာကို ဆောင်၍ ချစ်သား ရဟန်းတို့-ယခုအခါမှသာလျှင် သီလသည် ဤဥပါသကာအား စည်းစိမ်ချမ်းသာကို ပေးသည်မဟုတ်သေး၊ ရှေးအခါကလည်း ငါ့ဘုရားအား စည်းစိမ်များစွာကို ပေးခဲ့ဘူးသည်သာတည်းဟု မိန့်တော်မူ၍ သစ္စာလေးပါးကို ပြတော်မူပြီးလျှင် ဇာတ်ကို ဤသို့ ပေါင်းတော်မူ၏။

ဇာတ်ပေါင်းခဏ်း

ထိုအခါ မြစ်စောင့်နတ်သည် ယခုအခါ ရှင်သာရိပုတ္တရာ၊ ပြဟ္မာဒတ်မင်းသည် ရှင်မောဂ္ဂလ္လာန်၊ ဗာရာဏသီမင်း၏သားသည် ရှင်အာနန္ဒာ၊ သီလစောင့်သော မောင်သီလသည် ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကိုပေါင်းတော်မူ၏။

သီလဇာတ် ပြီး၏။

# ၅၀–မဟာသုဒဿနဇာတ်

ရဟန်းတပါး၊ လှူပြောင်းရေပ်၊ အမြတ်ပရိက္ခရာ၊ သဒ္ဓါလှူပေး၊
ကုသိုလ်ရေးဖြင့်၊ ဝတေးစကြာ၊ ဖြစ်ရပါ၊ အမှာ ဥဒါန်းတွင်။

ယံကိဥ္စိဒါန်- ဤသို့စသည်ဖြင့် တန်ဆာဆင်အပ်သော ဤဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ နေတော်မူစဉ် အဇိတမင်း၏ ပရိက္ခရာရှစ်ပါးအလှူကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုနှစ် မိုးကာလ၌ ရှင်ကောဏ္ဍည မထေရ်သည် နောက်ပါ အခြံအရံ သံဃာတော်များနှင့်တကွ မြတ်စွာဘုရားကို ပန်ကြား၍ ဇေတဝန်ကျောင်း တော်မှထွက်ကြွကာ သာကေတမြို့သို့ ဆိုက်ရောက်လေသည်။

ထိုနေ့၌အဇိတမင်းသည် ရှင်ကောဏ္ဍညမထေရ်ကိုဖူးမြင်ရ၍ ကြည်ညိုသော စိတ်ရှိရကား အမတ်တို့ကိုခေါ်၍ မိမိအရာမ်၌ဝါကပ်သီတင်းသုံးရန် အပင့်ခိုင်း လေသည်။

ထိုအမတ်တို့သည်လည်း မင်းကြီးပြောသည့်အတိုင်း ကောဏ္ဍည မထေရ်ကို သွားရောက်ပင့်ဖိတ်ရာ ကောဏ္ဍညမထေရ်သည် ပင့်ဖိတ်ခြင်းကို လက်ခံတော် မူလျက် ယင်းသို့လက်ခံတော်မူပြီးနောက် အဇိတမင်း၏ကျောင်း၌ ဝါတွင်း သုံးလပတ်လုံး သီတင်းသုံးနေထိုင်တော်မူ၏။

ကောဏ္ဍည မထေရ်သည် ဝါလကင်းလွတ် သီတင်းကျွတ်သဖြင့် အခြား တနေရာသို့ ကြွရောက်မည်ဖြစ်ကြောင်း အဇိတမင်းကြီးအား ပန်ကြားပြောဆို လေ၏။

ထိုအခါ အဇိတမင်းသည် ကျောင်းအရာမ်၏အလယ်၌ ပဒေသာပင်တခုကို ရှေးဦးစွာပြုလုပ်စီမံလျက် အမြဲတမ်းအလှူဒါန ပြုထားလေသည်၊ ပဒေသာ ပင်၏ အရှေ့မျက်နှာဘက်၌ စပါး, ဆန်, နှမ်းပဲ, ငှက်ပျောသီး, အုန်းသီး, ကြံ စသည်တို့ကိုင်း၊ အနောက်မျက်နှာဘက်၌ ကောသေယျတိုင်း ကုဋုမ္ဗရတိုင်းမှ ဖြစ်သော အဝတ်အထည်အပြာပြာ ဝါဂွမ်းထည် ကမ္ဗလာထည်ကိုင်း၊ တောင် မျက်နှာဘက်၌ ရွှေ, ငွေ, ပတ္တမြား ပုလဲစသော ရတနာ အမျိုးမျိုးတို့ကိုင်း ချိတ်ဆွဲထားကုန်၏၊ ပဒေသာပင်၏အလယ်ချက်၌ ရွှေထီးနှင့် တံခွန်တို့ကိုင်း စိုက်ထူထားလေ၏။

အဇိတမင်းကြီးသည် ပစ္စည်းမျိုးစုံ ချိတ်ဆွဲထားသော ပဒေသာပင်ကိုရှင်း၊ ပရိက္ခရာရှစ်ပါးကိုရှင်း၊ ဆွမ်းဘောဇဉ် ချိုချဉ် အဖျော်ယမကာ တို့ကိုရှင်း ကောဏ္ဍညမထေရ် အမှူးပြုသော သံဃာတော်အား ပေးလှူလေသည်၊ ရှင်ကောဏ္ဍညမထေရ်သည် မင်းကြီး၏အလှူကို သာမုအနုမောဒနာ တရားဟောကြားလေ၏၊ အဇိတမင်းကြီးသည် ရှင်ကောဏ္ဍည၏ တရားဒေသနာကို နာရ၍ နှစ်သက်ဝမ်းမြောက်လျက် မထေရ်အားရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွါသွားလေ၏။

ထိုနောက် တပါးသောအခါ၌ အဇိတမင်းသည် နောက်ပါ အခြံအရံနှင့်တကွ ဇေတဝန်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် သင့်တော်သောနေရာ၌ထိုင်လျက် မြတ်စွာဘုရားကို ဘုန်းတော်ကြီးသော မြတ်စွာဘုရား-တပည့်တော်သည် ပစ္စည်းစုံသီးသော ပဒေသာပင်ကြီးနှင့်တကွ ပရိက္ခရာရှစ်ပါး ဆွမ်း ခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာ အဖျော်ယမကာ များကို ရှင်ကောဏ္ဍညမထေရ်အမှူးရှိသော သံဃာတော်အရှင်မြတ်များအား လှူဒါန်းခဲ့ပါ၏၊ တပည့်တော်၏အလှူဒါနသည် မည်မျှအကျိုးရှိသည်ကို ဒကာတော်အား မိန့်ကြားတော်မူပါဟု လျှောက်ထားလေ၏။

ထိုအခါမြတ်စွာဘုရားက မြတ်သောမင်းကြီး- ဒါနမည်သည်ကား သံဃာအားပေးလှူအပ်သည်ရှိသော် ကြီးမြတ်သော အကျိုးအာနိသင် ရှိပေသည်ဟု မိန့်ကြားတော်မူ၏၊ မြတ်စွာဘုရားဟောကြားသော ဒေသနာတော် အဆုံး၌ မင်းသည် ပရိသတ်နှင့်တကွ သောတာပတ္တိဖိုလ်စသည်တို့သို့ ဆိုက်ရောက်လေ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့- အဇိတမင်းသည် ကောဏ္ဍညအမှူးရှိသော သံဃာတော်အား ပစ္စည်းဥဿုံအစုံပါသော ပဒေသာပင်နှင့်တကွ ပရိက္ခရာရှစ်ပါး ဆွမ်းအဖျော်များကို ပေးလှူသောကြောင့် ဇမ္ဗူဒိပ်ကျွန်းလုံးမှာ ထင်ရှားကျော်ကြား လေသည်ဟု ပြောဆို ဆွေးနွေး နေကြကုန်၏။

ထိုရဟန်းတို့ ပြောဆိုသောစကားကို မြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်မှ ကြားသိတော်မူသဖြင့် ရဟန်းတို့ တရားစည်းဝေးရာ မဏ္ဍပ်သို့ ကြွလာတော်မူ၍ ရဟန်းတို့- သင်တို့သည် ယခုအခါ အဘယ်စကားဖြင့် စည်းဝေးနေကြကုန်သနည်းဟုမေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးကြပါကုန်သည် ဘုရားဟု လျှောက်ကြားလေသော် မြတ်စွာဘုရားသည် ရဟန်းတို့- ရဟန်းသံဃာတို့အား ပေးလှူခြင်းမဟာဒါနမည်သည် ယခုအခါ၌သာ ကြီးမြတ်သော အကျိုးကို ရရှိသည် မဟုတ်သေး၊ ရှေးအခါကလည်း ရှေးပညာရှိ တို့သည်

ကဿပမြတ်စွာဘုရားနှင့် တပည့် သာဝကတို့အား ကျောင်းသာလာ အသုံးအဆောင် လှူဘွယ်ဝတ္ထု များကို ပေးလှူခဲ့ဘူးသောကြောင့် များမြတ်သော အကျိုးတရားတို့ကို ရရှိခဲ့ပေသည်ဟု မိန့်တော်မူလျက် အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

ရဟန်းတို့· ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလေသည်၊ ထိုမင်း၏မိဖုရားသည်ကား သုမနဒေဝီ အမည်ရှိ၏။

ထိုပြည်၌ စီးပွားဉစ္စာကြွယ်ဝချမ်းသာသော သူဌေးကြီးတဦးရှိ၏၊စည်းစိမ်ဉစ္စာကြွယ်ဝ၍ အခြံအရံလည်းများစွာရှိ၏၊ ဘုရားအလောင်းသည် ထိုသူဌေးမျိုး၌ဖြစ်၍ အခြံအရံနှင့် ကြီးပြင်းလာပြီး အဖသူဌေးကြီး ကွယ်လွန်သော် သူဌေးရာထူးကို ရရှိလေသည်။

ထိုအချိန်၌ ကဿပမြတ်စွာဘုရားသည် လောက၌ပွင့်တော်မူလာ၍ နတ်လူတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူလျက် ထိုဗာရာဏသီမြို့ရှိ ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေထိုင်တော်မူ၏။

ထိုသို့ သီတင်းသုံးနေတော်မူသောအခါ ကဿပမြတ်စွာဘုရား၏ တပည့်တပါးသည် ဆိတ်ငြိမ်ခြင်းကို အလိုရှိသဖြင့် တောသို့ဝင်ကာ ကမ္မဋ္ဌာန်းဘာဝနာကို စီးဖြန်းအားထုတ်လေသည်။

ထိုအခါ ဘုရားအလောင်းသည် မိမိကိစ္စတခုဖြင့် တောသို့သွားသောအခါ ဟိုဟိုဒီဒီကြည့်ရှုလတ်သော် တရားအားထုတ် နေသော ထိုမထေရ်ကို မြင်၍ ကြည်ညိုသောစိတ်ရှိရကား မထေရ်မြတ်ထံ ချဉ်းကပ်ပြီးလျှင် အရှင်ဘုရား· အရှင်ဘုရားသည် ဤနေရာမှာသီတင်းသုံးတော် မူပါသလားဟု မေးလျှောက်လေသည်။

မှန်ပေသည် ဥပါသကာဟု မထေရ်ကဖြေကြားလေသည်။

ဘုရားလောင်းသည် ဤအချိန်အခါကား ငါ့အားကောင်းမှုပြုရန် အခွင့်ကောင်း အခါကောင်းပေတည်းဟု ကြံစည်၍ သစ်ဝါးတို့ဖြင့် သာလာတခု ဆောက်လုပ်ပြီးလျှင် ထိုသာလာ၏ထက်ဝန်းကျင်၌ သဲများကိုကြဲခဲ့ပြီးနောက် ရွာသို့ပြန်ခဲ့လေသည်။

နောက်တနေ့တွင် ဘုရားလောင်းသည် နို့သာပန်း စသည်ကိုရင်း၊ အခြားလှူဘွယ်ပစ္စည်းများကိုရင်း ယူဆောင်ကာ မထေရ်ကိုရှိခိုးလျက် အရှင်ဘုရား· တပည့်တော်အားသနားသောအားဖြင့် တပည့်တော်ဆောက်လုပ်စီမံထားသော ဤသာလာ၌ သီတင်းသုံး နေထိုင်တော်မူပါ ဘုရားဟု လျှောက်ထားလျက်

သာလာကို အပ်နှင်းလှူဒါန်းလေ၏၊ မထေရ်မြတ်သည် ဒါယကာအား သနား သောအားဖြင့် ဒါယကာလှူဒါန်းသောသာလာကို လက်ခံတော်မူလျက် ထိုနေ့ ၌ပင် သီတင်းသုံးနေထိုင်တော်မူ၏။

ထို့နောက် ဘုရားလောင်းသည် မထေရ်မြတ်အား သင်္ကန်းစသောလှူဘွယ် ဝတ္ထုကိုပေးလှူလျက် ဤအလှူသည် သဗ္ဗညုတဉာဏ်၏ အထောက်အပံ့ဖြစ်ပါ စေသတည်းဟု ဆုတောင်းလေ၏။

မထေရ်သည် အနုမောဒနာပြုလိုသည်ဖြစ်၍ ဤဂါထာကို ဆို၏။

## ပေးမှုအဖြာဖြာ ရမှုအလွာလွာ

သာလဒေါ ဒိဗ္ဗပါသာဒံ၊ သာရဒေါ ဒိဗ္ဗပါဏာတံ။
စင်္ကမဒေါ မဟာဝါသံ၊ ဌာနဒေါ ပထဝိဿရော။

သာလဒေါ၊ နေထိုင်မှီခိုရာ သာလာတခုကို ဆောက်ပြု လှူဒါန်းသော သူသည်။ ဒိဗ္ဗပါသာဒံ၊ နတ်ပြည်အရပ်ရပ်၌ဖြစ်သော ပြာသာဒ်ကို။ လဘတိ၊ မုချပိုင်ပိုင် ရနိုင်ပါပေ၏။ သရဒေါ၊ အိုင်,ကန်,တူးက အလှူပေးသောဒကာ သည်။ ဒိဗ္ဗပါဏာတံ၊ နတ်ပြည်မှာ ဖြစ်ပေါ်သည့် နတ်အဖျော် ယမကာကို။ လဘတိ၊ အရေးပိုင်ပိုင် ရနိုင်ပေ၏။ စင်္ကမဒေါ၊ စင်္ကြံမည်သား တန်းလျား ကျောင်းကို ဆောက်လုပ်လှူဒါန်းသောသူသည်။ မဟာဝါသံ၊ အရိပ်အာဝါ ကျယ်ကာမြင့်တောင်း အဆောက်အဦ ကောင်းကို။ ဘလတိ၊ အရေးပိုင်ပိုင် ရနိုင်ပေ၏။ ဌာနဒေါ၊ မိမိနေရာ ထကာရှောင်ရေး အလှူပေးသော သူသည်။ ပထဝိဿရော၊ မြေအလုံးကို ပိုင်သုံးအာဏာ အစိုးရသူဖြစ်ပါပေသတည်း။

ဇရပ်တန်ဆောင်း ဆောက်လုပ်လှူဒါန်းသူသည် နတ်ဘုံဌာန၌ နတ်နန်း ပြာသာဒ်ကြီးကို ရနိုင်ပေ၏၊ ရေအိုင်ရေကန် ရေတွင်း တခုကို တူးလှူသော သူသည် နတ်အဖျော်ယမကာကို လိုရာရာ အချိန်မရွေး ရနိုင်ပေ၏၊အတောင် ခြောက်ဆယ် ရှည်လျားသော စင်္ကြံကျောင်းကို ဆောက်လုပ် လှူဒါန်းသူသည် ကြီးကျယ်သော အဆောက်အဦများကို ရ၏၊ မူလတန်းကျောင်း ဆောက်ဘို့ မြေနေရာလှူသူ အထက်တန်းကျောင်းကြီးများ ဆောက်ဘို့ မြေနေရာလှူသူ ဘုရားတန်ဆောင်း ကျောင်းနေရာလှူသူ၊ မီးရထား မော်တော်ကား သင်္ဘော ပေါ်များ၌ နေရာလှူသူများသည် မြေအလုံးကို အစိုးရသူ ရှင်ဘုရင် ဖြစ်နိုင် ပေသည်။

ထမင်း (ဆွမ်း) လှူသူသည် ခွန်အားဗလကို လှူသည်မည်၏၊ အဝတ်ကို လှူဒါန်းသူသည် အဆင်းကို လှူသည်မည်၏၊ (ဤ၌ စက္ကံ-ဟု ပါဠိပျက်

လျက်ရှိ၏၊ ဤသို့ စက္ကဲ့ရှိမှု ထေရဝါဒစာပေများနှင့် မညီ၊ သတိပြု၊ သံယုတ်သဂါထာဝဂ္ဂမှာကြည့်) ဘိနပ်စသော ယာဥ်ကို လှူသူသည် ချမ်းသာသောယာဥ်စကြာကို ရ၏၊ သိမ်း အလင်းရောင်ကို လှူသူသည် ဉာဏ်အမြင်သန်၏။

ညောင်စောင်းကုတင် အင်းပျဥ်လှူလျှင် နတ်၌ဖြစ်သော ပလ္လင်ကိုရ၏၊ တောင်ဝှေးလှူလျှင် အားထားစရာ သားသမီးပေါင်း များစွာရ၏၊ ဒိုးစရည်း (စဥ့်အိုးကြီး) လှူလျှင် ပတ္တမြားအိုးကြီးကို အလှူဒါယကာ ရလေသည်။

ဤသို့ဝတ္ထု ပစ္စည်းစုကို ကောင်းမှုရည်မှန်း၊ လှူဒါန်းရသော ကုသိုလ်ကြောင့် နောင်သောအခါမှာ ဘုရားအဖြစ် ရပေလတ့်၊ ထိုက်၏ အကျိုးအားဖြင့် အလိုရှိသမျှ ပြည့်စုံပေလတ့်။

ဘုရားအလောင်းသည် မထေရ်၏ တရားဒေသနာကို ရိုသေစွာနာကြား ရ၍ အလွန်လျှင် ကြည်ညိုစိတ် ဖြစ်ပေါ်လေသည်။

ဘုရားအလောင်းသည် ရှစ်ရက်လပြည့် လကွယ် ဥပုသ်နေ့များတို့၌ ဥပုသ်သီတင်း စောင့်သုံးလျက် အလှူကောင်းမှုပြုလုပ်ပြီးနောက် အသက်ရှည်သမျှ ကောင်းမှုကုသိုလ်ကို အမြဲ သတိထားပြုလျက် အသက်၏အဆုံး၌ ထိုဘဝမှ စုတေသေလွန်သော် နတ်ပြည်ဝယ် သုံးယူဇနာမြင့်သော ရွှေပြာသာဒ်၌ နတ်သား ဖြစ်လေသည်။

ငါသည် ဇရပ်စသည်တို့ကို ကောင်းစွာပြုလုပ်လှူဒါန်းခဲ့သောကံကြောင့်ဇင်း၊ မွန်မြတ်သော စေတနာတောင်းတချက်တို့ကြောင်ရင်း လူ့ကိုယ်ကိုစွန့်၍ တာဝတိံသာ နတ်ပြည်သို့ သွားရလေသည်။

ထိုနတ်ပြည်၌ ငါသည် ရွှေဖြင့်ပြီးသော အရောင်ပြိုးပြိုး ပြောင်ပြောင် ထွက်သော ယူဇနာခြောက်ဆယ် အလျားရှည်၍ ယူဇနာသုံးဆယ် အကျယ်အမြင့်ရှိသော ပြာသာဒ်, အဆင်းအမျိုးမျိုးရှိသော တံခွန်ကုက္ကား မုလေးဖွားတို့ဖြင့် တန်ဆာဆင်အပ်သော ပြာသာဒ်တို့၌ ဖြစ်ခဲ့ရ၏။

ပတ္တမြားကျောက်နီဖြင့် ပြီးသောတိုင်၊ ရွှေအတိရှိသော နံရံ၊ဣန္ဒနီလာကျောက်အမိုး၊ ဖလ်ဖြင့်ပြီးသော တံခါးမကြီးများ၊ ပတ္တမြားအတိပြီးသော လေသာပြူတင်းတို့ဖြင့် တန်ဆာဆင်အပ်သော ပြာသာဒ်ထက်တွင်-

ပိုးချည် ကမ္ဗလာချည် အဝတ်အထည် အမျိုးမျိုးတို့ဖြင့် ခင်းအပ်သော ပလ္လင်ထက်၌ အဝတ်တန်ဆာအမျိုးမျိုးတို့ကို လှပစွာဝတ်ဆင်ထားသော နတ်တူရိယာအမျိုးမျိုးကို သီဆိုကခုန် တီးမှုတ်သော နတ်သမီးအပေါင်း ခြံရံလျက် ဖြစ်ခဲ့ရ၏။

ထိုင်ါသည် ရွှေငွေ မြဖလ် အတန်တန်တို့ဖြင့်ပြီးသော ခွက်တို့ဖြင့် နတ်ဘောဇဉ် အမျိုးမျိုးကို စားသုံးခဲ့ရ၍ နတ်တို့၌ဖြစ်သော ပန်းနံ့သာ နံ့သာပျောင်း အမျိုးမျိုးတို့ကို ခံစားခဲ့ရသည်ဟု မိန့်တော်မူ၏။

## နတ်သက်ကြွေ လူ့ပြည်၌ဖြစ်

ဘုရားအလောင်းသည် တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ကို ရှည်ကြာမြင့်စွာ ခံစားပြီး ထိုနတ်ပြည်မှ စုတေ၍ ကုသဝတီမြို့တော် မင်းမျိုး၌ဖြစ်၍ များစွာသော အခြံအရံဖြင့် ကြီးပွား၏၊ အဆင်းလှ၏၊ ရှုချင်ဘွယ်ရှိ၏၊ ကြည်လင်၏၊ ရွှေအဆင်းကဲ့သို့ အဆင်းရှိ၏။

နောက်အဘို့၌ ဖခင်မင်းကြီးသည် ဘုရားအလောင်းအား အိမ်ရှေ့ရာထူးကို ပေး၍ မကြာမီပင်လျှင် နတ်ရွာစံလေသည်။

ထိုအခါမှစ၍ ဘုရားအလောင်းသည် မင်းဖြစ်လျက် လေးကျွန်းတို့၌ သုဒဿနမည်သော စကြာမင်းကြီးဖြစ်၍ ခုနစ်ပါးသော စကြာရတနာတို့နှင့် ပြည့်စုံ၏၊ ကိုယ်အား ဉာဏ်အား စွမ်းပကားရှိ၏၊ တန်ခိုးကြီး၏။

ရတနာခုနစ်ပါး ဟူသည်ကား— (၁) စကြာရတနာ၊ (၂) ဆင်ရတနာ၊ (၃) မြင်းရတနာ၊ (၄) ပတ္တမြားရတနာ၊ (၅) မိန်းမရတနာ၊ (၆) သူကြွယ်ရတနာ၊ (၇) သားကြီးရတနာတို့ပင်ဖြစ်၏။

ထိုရတနာခုနစ်ပါးကို စကြဝတေးမင်းအား မိဘလည်းမပေး၊ နတ်လည်းမပေး၊ သိကြားဗြဟ္မာလည်း မပေး၊ ရှေးဘဝက မိမိကိုယ်တိုင် ပြုခဲ့သော ကောင်းမှုကုသိုလ်ကသာ ပေးလေသည်။

မေး- ထိုရတနာခုနစ်ပါးတို့သည် ဘယ်ကလာသနည်း။

ဖြေ- ရတနာသည် ဘုန်းရှိသူမင်းများအတွက် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပြီးလျှင် ကမ္ဘာပျက်သည်တိုင်အောင် မပျက်စီးဘဲ တည်ရှိ၏၊ ထိုစကြာရတနာသည် ရတနာခုနစ်ပါးဖြင့် စီချယ်အပ်သော ဝေဇယန္တာရထားမျှပမာဏရှိ၏၊ စကြဝတေးမင်း ဖြစ်ထွန်းပေါ်ပေါက်သောအခါ ထိုစကြာရတနာသည် သမုဒ္ဒရာမှ အလိုလို ထိုစကြဝတေးမင်းဖြစ်မည့်သူ၏ အထံသို့ ရောက်လာ၏။

ဆင်ရတနာသည်ကား အလုံးစုံသော ဆင်လက္ခဏာနှင့် ပြည့်စုံ၍ တကိုယ်လုံး ဖြူသော ကေလာသဘဆင်မျိုးနှင့် တူလျက် မင်္ဂလာဘိသိက် သွန်းလောင်းခြင်းငှာ ထိုက်တန်သော ဆင်ဖြစ်၏၊ ထိုဆင်ရတနာသည် ဆဒ္ဒန္တဆင်မျိုးမှရင်း၊ ဥပေါသထဆင်မျိုးမှရင်း ဆင်းသက်သော ဆင်မျိုးဖြစ်၏။

မြင်းရတနာသည်ကား အလုံးစုံသော မြင်း၏ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၍ ငွေအဆင်းကဲ့သို့ တကိုယ်လုံးဖြူ၍ တင့်တယ်၏၊ နှစ်သက်ဘွယ်ရှိ၏၊ ထိုမြင်းရတနာသည် မိုးတိမ်စောင့် ဝလာဟကနတ်သား စောင့်ရှောက်ထားသော မြင်းဖြစ်၏၊ ဝလာဟကမြင်းမျိုးမှ ပေါက်ဖွားသော မြင်းဖြစ်၏။

ပတ္တမြားရတနာသည်ကား ဝေပုလ္လတောင်၌ တည်ရှိ၏၊ ကုမ္ဘဏ်တထောင် စောင့်ရှောက်၏၊ စကြဝတေးမင်း ဖြစ်ထွန်းပေါ်ပေါက်သောအခါ ဝေပုလ္လတောင်မှ အလိုအလျောက် ရောက်လာခြင်း ဖြစ်၏။

မိန်းမရတနာသည်ကား မြောက်ကျွန်းသူ အမျိုးသမီးဖြစ်၏၊ စကြဝတေးမင်းဖြစ်ထွန်း ပေါ်ပေါက်သောအခါ သိကြားစသော နတ်တို့သည် မြောက်ကျွန်းမှ ဆောင်ယူ၍ ဆက်သခြင်းဖြစ်၏။

သူကြွယ်ရတနာသည် ဇမ္ဗူဒိပ်ကျွန်း၌နေ၏၊စကြဝတေးမင်း ဖြစ်ထွန်းပေါ်ပေါက်သောအခါ သိကြားစသော နတ်တို့သည် ထိုသူကြွယ်ကိုဆောင်၍ စကြဝတေးမင်းအား လာရောက်ဆက်သကြခြင်းဖြစ်၏။

သားကြီးရတနာသည်ကား အရှေ့ကျွန်း၌ဖြစ်၏၊ စကြဝတေးမင်း ဖြစ်ထွန်းပေါ်ပေါက်သောအခါ သိကြားစသော နတ်တို့သည် ထိုအရှေ့ကျွန်းမှ ဆောင်ယူ၍ စကြဝတေးမင်းအား လာရောက်ဆက်သကြခြင်းဖြစ်၏။

## စကြာရတနာစွမ်းရည်

မေး- စကြဝတေးမင်း၏ ရတနာခုနစ်ပါးအနက် စကြာရတနာသည် ဘယ်ကဲ့သို့ ဘုန်းတန်ခိုး အာနုဘော် ရှိသနည်း။

ဖြေ- စကြဝတေးမင်းသည် တစုံတခုသောအရပ်သို့ သွားလိုလျှင် များစွာသော ကချေသည် မိန်းမတို့နှင့်တကွ စကြာယာဉ်ကို တက်စီး၍ ကုသဝတီမင်းနေပြည်ကို လကျာ်ရစ်လှည့်ပတ်၏၊ ထိုအခါ စကြာယာဉ်သည် မင်းကို ဆောင်ကြဉ်း၍ တပြိုင်နက်တည်း လပြည့်ဝန်းတထောင် ထွန်းလင်းတောက်ပသကဲ့သို့ ထွန်းလင်းလျက် ကောင်းကင်သို့ ပျံတက်၍ ထိုထိုအလိုရှိရာဒေသသို့ ကြွရောက်၏၊စကြဝတေးမင်းသည် စစ်သည်ဗိုလ်ပါတို့ကို အလိုရှိပါလျှင် အလိုရှိသမျှသော

စစ်သည်ဗိုလ်ပါ တရာ တထောင် တသောင်းတသိန်းတို့သည် မင်းအား ခြံရံ၍ ကောင်းကင်သို့ ပျံတက်လိုက်ပါကြကုန်၏။

ထိုအခါ လူတို့သည် များစွာသော လက်ဆောင်ပဏ္ဏာကိုယူ၍ မင်းအား ရှိခိုးချဉ်းကပ်ကြကုန်၏၊ မင်းသည် စကြာရတနာဦးတည်လျက်–

အိုလူအပေါင်းတို့- သင်တို့သည် သီလစောင့်ကြကုန်၊ အလှူဒါန ပေးလှူကြကုန်၊ မမေ့မလျော့ကြကုန်လင့်ဟု အဆုံးအမပေးလေသည်။

အရှေ့ကျွန်းသို့ စကြာရတနာ ရောက်သောအခါ လူတို့သည် ထိုမင်းအား ပူဇော်သက္ကာရပြု၍ ရှိခိုးကြကုန်၏။

စကြာမင်းသည် နတ်ပြည်သို့ သွားလိုသောအခါ စကြာရတနာကို တက်စီး၍ မြို့တော်ကို လက်ျာရစ် လှည့်လျက် သွားလေ၏၊ ထိုအခါ စကြာရတနာသည် ရွှေ့ရှားလျက် မင်းကိုတင်ဆောင်ပြီးလျှင် ကောင်းကင် ခရီးဖြင့် သွားလေ၏၊ အလုံးစုံသော စစ်သည်ဗိုလ်ပါတို့သည်လည်း ကောင်းကင်သို့ ပျံတက်လျက် မင်းနှင့်အတူ ပျော်ရွှင်စွာ လိုက်ပါကြကုန်၏၊ ထိုစစ်သည် ဗိုလ်ပါတို့သည် ကကြခုန်ကြ သီဆိုကြ လက်ပမ်းပေါင်းခတ်ကြ ကောင်းချီးကြွေးကြော်ဟစ်အော်ပျော်မြူးကြကုန်၏၊ မိုးချုန်းသံကဲ့သို့သော တခဲနက်သော တူရိယာသံတို့သည် ခြိမ့်ခြိမ့်သဲမျှ ထွက်ပေါ်ကုန်၏။

စကြာရတနာ နတ်ပြည်သို့ ရောက်သောအခါ သိကြားမင်းသည် နတ်ပရိသတ်နှင့်တကွ ခရီးဦးကြိုဆို၍ နတ်၌ဖြစ်သော လက်ဆောင်ပဏ္ဏာတို့ဖြင့် ပူဇော်ကာ ထိုစကြာမင်းကို ခေါ်ဆောင်၍ တာဝတိံသာ နတ်ပြည်သို့ ဝင်ရောက်ပြီးလျှင် နတ်စည်းစိမ်ကို ပြောကြားပြသ ခံစားစေလေသည်။

သိကြားမင်းသည် စကြာမင်းကို မြင်သောအခါ နှစ်သက်ဝမ်းမြောက်ကာ အံ့သြလေသည်၊ စကြာယာဉ်သည် မင်းအားတင်ဆောင်၍ လေးကျွန်းလုံးကို လှည့်ပတ်ပြီးနောက် ချက်ချင်းပင် မိမိမြို့သို့ ပြန်ရောက်လာ၏၊ ဤသည်ကား စကြာရတနာ၏ အာနုဘော်ပေတည်း။

## ဆင်စသော ရတနာတို့စွမ်းရည်များ

မေး- ဆင်ရတနာသည် ဘယ်သို့တန်ခိုးအာနုဘော် ရှိပါသနည်း။

ဖြေ- စကြဝတေးမင်းသည် နံနက်အချိန်၌ ဆင်ရတနာကို စီး၍ သမုဒ္ဒရာအဆုံးရှိသော မြေအပြင်ရှိသမျှကို လှည့်ပတ် သွားလာပြီးနောက် ကုသဝတီမင်းနေပြည်သို့ ပြန်ရောက်လျက် နံနက်စာကို စားသုံးနိုင်လေသည်၊ဤကား ဆင်ရတနာ၏ တန်ခိုးအာနုဘော်ပေတည်း။

မေး- မြင်းရတနာသည် ဘယ်သို့ တန်ခိုးအာနုဘော် ရှိပါသနည်း။
ဖြေ- စကြဝတေးမင်းသည် နံနက်စောစောအချိန်၌ မြင်းကိုစီး၍ သမုဒ္ဒရာအဆုံးရှိသော မြေအပြင်ရှိသမျှကို လှည့်ပတ်သွားလာပြီးနောက် ကုသဝတီ နေပြည်တော်သို့ ပြန်ရောက်လျက် နံနက်စာကို စားသုံးနိုင်၏၊ စကြဝတေးမင်းသည် ဆင်ရတနာ မြင်းရတနာတို့ကို စီး၍ အလိုရှိရာ အရပ်ဒေသသို့ သွားရောက်နိုင်၏။

မေး- ပတ္တမြားရတနာသည် အဘယ်ပမာဏရှိ၍ အဘယ်သို့ တန်ခိုးအာနုဘော် ရှိသနည်း။
ဖြေ။ ပတ္တမြားရတနာသည် သခွားသီးလုံးမျှ ပမာဏ ရှိ၏၊ ကောင်းသော ကျောက်မျိုး ဇာတိ ဖြစ်၏၊ ရှစ်မြှောင့်ရှိ၏၊ အထူးသဖြင့် ကြည်လင်၏၊ ကျောက်အခြင်းအရာ အင်္ဂါနှင့်ပြည့်စုံ၏၊ ထိုပတ္တမြားရတနာ၏ အရောင်သည်ကား ပတ်ဝန်းကျင် တယူဇနာ(ခုနစ်မိုင်) ခန့်သို့ တိုင်အောင် ထွန်းလင်းတောက်ပ၏။

စကြာမင်းသည် ပတ္တမြားရတနာကို စူးစမ်းလိုသဖြင့် စစ်အင်္ဂါ လေးပါး ရှိသော စစ်တပ်များကိုဖွဲ့၍ ပတ္တမြားရတနာကိုတံခွန်ထိပ်ဖျားသို့တင်ကာ အမိုက်မှောင်ထဲ၌ ထား၏၊ အနီးအနားရွာများကို အလင်းရောင် ဖုံးလွှမ်းသွား၍ ရွာသူရွာသားတို့သည် မိမိတို့လုပ်ငန်းကိစ္စများကို ပြုလုပ်ဆောင်ရွက် နိုင်သည်ကို တွေ့ရ၏၊ ရေကိုအလိုရှိလျှင် ပတ္တမြားရတနာသည် မိမိဖာသာ မြေထဲသို့ဝင်၍ ထန်းပင်လုံးခန့် ဆင်၏ ကိုယ်ပမာဏခန့် ရှိသော ရေများကို ယူဆောင်လျက် မြေမှ ထွက်ပေါ်လာ၏၊ ထို့နောက် ပတ္တမြားရတနာသည် ကောင်းကင်ယံ ပျံတက်လျက် ကြီးစွာသော မိုးရေအလျဉ်ကို ရွာစေ၏။

မီးကိုအလိုရှိလျှင် ပတ္တမြားရတနာကိုမြေသို့ပစ်ချသော် မီးသည် မြေအပြင်မှ ထ၍ အခိုးအလျှံနှင့်တကွ တောက်ပလာ၏၊ တဖန်ပတ္တမြားရတနာသည် ကောင်းကင်သို့ ပျံတက်၍ မီးမိုးကို ရွာသွန်းစေ၏၊ လေကိုအလိုရှိသော် ပတ္တမြားရတနာသည် သူ့ဖာသာ အရပ်ရှစ်မျက်နှာသို့ဖြန့်၍ လေပြေလေညှင်း လေပြင်းလေမုန်တိုင်းတို့ကိုထစေ၍ အရပ်မျက်နှာတို့မှ လေလာစေနိုင်၏၊ စကြာမင်းကြီး အလိုရှိရာသည် ပတ္တမြားရတနာဖြင့် ပြည့်စုံ၏၊ ဤသည်ကား ပတ္တမြားရတနာ၏ တန်ခိုးအာနုဘော်တည်း။

မေး။ မိဖုရားရတနာသည် အဘယ်သို့ တန်ခိုးအာနုဘော်ရှိသနည်း။
ဖြေ။ ထို မိဖုရား ရတနာသည် အဆင်းလှ၏၊ ယဉ်ကျေး၏၊ ရွှေစင်ရုပ်တမျှ လှပ၏၊ ရွှေအဆင်း ပတ္တမြားရောင် အဆင်းကဲ့သို့ အဆင်းရှိ၏၊

(၁) မနိမ့်လွန်း၊ (၂)မမြင့်လွန်း၊ (၃) မဆူလွန်း၊ (၄) မကျုံလွန်း၊ (၅)မဖြူလွန်း၊ (၆)မညိုလွန်း အပြစ်ခြောက်အင် ကင်းစင်၍ လူ့အဆင်းကိုလွန်မြောက် နတ်အဆင်းသို့ရောက်လုမတတ်ဖြစ်၍ နတ်အဆင်းကဲ့သို့ အဆင်းရှိ၏၊ ကောင်းသော အသွေးရှိသော ဝါဂွမ်းဆိုင်လဲဆိုင်ကဲ့သို့ နူးညံ့သော အတွေ့ ရှိ၏၊ ထိုမိဖုရားကို မြင်သော်ယောကျ်ားတို့သည် အရူးကဲ့သို့ ဖြစ်ကုန်၏။

ထို မိဖုရား၏ ကိုယ်နံ့သည် စန္ဒကူးနံ့သာအနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင် ရနံ့လှိုင်၏၊ ခံတွင်းနံ့သည် ကြာညိုပန်းနံ့ကဲ့သို့ ပျံ့လှိုင်၏၊ သွားတို့သည် ဖြူဖွေး၍ ပုလဲတမျှ ညီညာလှပကုန်၏၊ ကိုယ်သားကိုယ်ရေသည် ဖြူ၏၊ မရွှေမညှီးစဉ်းငယ်နီရောင်ရှိသော ကြာညိုပန်း အဆင်းရှိ၏၊ ဆံပင်တို့သည်ကား ပိတုန်းရောင်ပမာ နက်မှောင်လျက်ရှိကုန်၏၊ လက်ခြေတို့ကား ပတ္တမြားနီအဆင်းရှိကုန်၏၊ ထိုမိဖုရားသည် မိန်းမတို့၏ ကြန်အင်လက္ခဏာ အဖြာဖြာနှင့် ပြည့်စုံ၏၊ ဘုန်းရှိ၏၊ သီလနှင့်ပြည့်စုံ၏၊ လင်ကို ရိုသေ၏၊ ရှေ့ဦးထ၍ နောက်မှအိပ်လေ့ရှိ၏၊ နှစ်လိုဘွယ်သော အကျင့်ရှိ၏၊ ချစ်ဖွယ်သော စကားကို ဆိုတတ်၏၊စိတ်နှလုံးကို ဆောင်နိုင်၏၊ ထိုမိဖုရား၏ ကိုယ်သည် အေးသောအခါ၌ နွေး၍ ပူသောအခါ၌ အေး၏၊ ဤသည်ကား မိဖုရားရတနာ၏ တန်ခိုးအာနုဘော်တည်း။

မေး။ သူဌေးရဘနာသည် အဘယ်သို့ တန်ခိုးအာနုဘော်ရှိသနည်း။

ဖြေ။ သူဌေးရတနာသည် လယ်သို့သွားသော် လယ်၌ စပါးတို့သည် ကိုယ်တိုင် စိုက်ပျိုးထားသကဲ့သို့ ပေါက်ရောက်ကုန်၏၊ စပါးကျီများသို့ သွားသော် စပါးကျီများသည် စပါးဖြင့်ပြည့်နေ၏၊ ဆင်တင်းကုပ် မြင်းတင်းကုပ်, နွားတင်းကုပ်များသို့သွားလျှင် ဆင် မြင်း နွားတို့သည် သားပေါင်းများစွာ မွေးဖွား၍ အများအပြား ဖြစ်လာ၏၊ သူဌေးရတနာသည် သိမ်းဆည်းယူငင်အပ်သော ဥစ္စာ ရွှေငွေများကို ရေဖြင့်မမျော မီးဖြင့်မလောင် ခိုးသူလည်း မခိုးယူနိုင်၊ သွားလေရာရာ ဘေးကင်း၏၊ အလုံးစုံသော ကျောက်စရစ်ခဲ သစ်ပင် မြက်စသည်တို့ကို ကိုင်ယူလိုက်လျှင် ထိုကျောက်စရစ်တို့သည် ရွှေငွေဥစ္စာတို့ဖြစ်လာကြ၏၊ ထိုသူကြွယ်အား ကံ၏အကျိုးကြောင့်ဖြစ်သော နတ်မျက်စိသည် ထင်ရှားစွာဖြစ်၏၊ ယင်း ဒိဗ္ဗစက္ခု (နတ်မျက်စိ)ဖြင့် ဥစ္စာရှင်မရှိသော မြေထဲ၌ နစ်မြုပ်နေသော ရွှေအိုးတို့သည် သူဌေးသို့ချဉ်းကပ်၍ အိုအရှင်- ကြောင့်ကြမဲ့ နေတော်မမူပါလင့်၊ ရွှေငွေများဖြင့် ပြုဘွယ်ရာကို ပြုပါလေ့ဟု ဆိုသကဲ့သို့ ရောက်လာကြကုန်၏။

စကြဝတေးမင်းကြီးသည် သူကြွယ်ရတနာကို စုံစမ်းလိုသည်ဖြစ်၍ လှေကို တက်စီးကာ မြစ်ပင်လယ်ခရီးဖြင့်သွားရာ မြစ်အလယ်သို့ ရောက်သောအခါ အိုင်ါ၏ သူဌေးရတနာ- ငါသည် ရွှေငွေဖြင့် အလိုရှိ၏ဟု မင်းက ဆိုလျှင် လှေကို မြစ်ကမ်းသို့ ဆိုက်ကပ်စေလျက် ရေကိုလက်ဖြင့် သုံးသပ်၍ ရွှေအိုးများကို ယူဆောင်ကာ မင်းအား ပေးလေ၏။ ဤသည်ကား သူဌေးရတနာ၏ စွမ်းရည်ဘုန်ခိုး အာနုဘော်ပေတည်း။

မေး။ သားကြီးရတနာသည် အဘယ်သို့ တန်ခိုးအာနုဘော် ရှိသနည်း။

ဖြေ။ ထိုသားကြီးရတနာသည် ပညာရှိ၏၊ ဗျတ္တိရှိ၏၊ ခွဲခြမ်းစိတ်ဖြာနိုင်သော အသိဉာဏ်ရှိ၏၊ စွမ်းရည်ရှိ၏၊ စကြဝတေးမင်းသို့ ချဉ်းကပ်၍ အရှင်မင်းကြီး ကြောင့်ကြမဲ့ နေတော်မူပါ၊ ကျွန်ုပ်သည် စီမံပါအံ့ဟု သို့၍ စီမံအုပ်ချုပ်၏။

ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်၏၊ ရဲရင့်၏၊ တဖက် စစ်သည်တို့ကို နှိမ်နင်းခြင်းငှာ စွမ်းနိုင်၏၊ စစ်မြေပြင်၌ရင်း, တရားဆုံးဖြတ်ရာ၌ရင်း လိမ္မာကျွမ်းကျင်၏၊ သားကြီးရတနာ ရောက်ရာအရပ်တွင် ဘေးကင်း၏၊ အလုံးစုံသော မင်းတို့သည် သားကြီးရတနာကို မြင်လျှင်သော်ရင်း, အသံကြားလျှင်သော်ရင်း အဝေးမှ ရှောင်ရှားကြရကုန်၏၊ ဤကား သားကြီးရတနာ၏ တန်ခိုးအာနုဘော်ပေတည်း။

ဤသို့လျှင် စကြဝတေးမင်းအား ဘုန်းတန်ခိုးအာနုဘော်ရှိသော ဤရတနာခုနစ်ပါးတို့သည် ရရှိပေါ်ထွက်လာခြင်း ဖြစ်ကုန်၏။

## ကုသိုလ်အကျိုး အမျိုးမျိုး

ညောင်စောင်းကုတင်ကို လှူသော ကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ပလ္လင်ပေါင်း ရှစ်သောင်းလေးထောင် အိပ်ရာအတွက် ဖြစ်ကုန်၏၊ ဆင်ပေါင်း ရှစ်သောင်းလေးထောင်, မြင်းပေါင်း ရှစ်သောင်းလေးထောင်, ရထားပေါင်း ရှစ်သောင်း လေးထောင်တို့သည် နိသီဒိုင်ကို လှူသော အကျိုးဆက်အားဖြင့် ဖြစ်ကုန်၏။

ထိုပစ္စည်းတို့တွင် အချို့က ရွှေဖြင့် အချို့က ငွေဖြင့် အချို့က ပတ္တမြားနီဖြင့် အချို့က ဖလ်ဖြင့် အချို့က ပတ္တမြားပြောက်ဖြင့် အချို့က ပုလဲဖြင့် အချို့က ရတနာ ခုနစ်ပါးဖြင့် တန်ဆာဆင်ကုန်လျက် စကြဝတေးမင်းကို ရံ၍ သွားကုန်၏၊ ဤသည်တို့ကား-ရေကန်ပေါင်း ရှစ်သောင်းလေးထောင် လှူသောအကျိုးဆက်ကြောင့် ဖြစ်ကုန်၏။

မိန်းမပေါင်း ရှစ်သောင်းလေးထောင်၊ သူကြွယ်ပေါင်း ရှစ်သောင်း လေးထောင်တို့သည်ကား- အသုံးအဆောင်ပစ္စည်းဖြစ်သော ခွက်ငယ်, ရေစစ်, သင်ဓုန်း, အပ်, လက်သည်းလှီးဓား,နားဖါကလော်, ဘိနပ်, ထီး, တောင်ဝှေး စသည်ကို လှူသော ဒါန၏ အကျိုးဆက်ဖြစ် ကုန်၏။

နွားနို့အရသာ လှူဒါန်းခဲ့သော အကျိုးဆက်ကြောင့် နို့စားနွားမ ပေါင်း ရှစ်သောင်းလေးထောင်၊ ဆွမ်းလှူသော အကျိုးဆက်ကြောင့် သလေးထမင်းအုပ်ပေါင်း ရှစ်သောင်း လေးထောင်၊ ဆီမီးတတိုင်လှူ ခဲ့သော အကျိုးဆက်ကြောင့် ပတ္တမြားပေါင်း ရှစ်သောင်း လေး ထောင်၊ကြုတ်ခွက်တခုလှူသောအကျိုးဆက်ကြောင့် ရဲရင့်သော တဖက် စစ်သည်ကို နှိမ်နင်းနိုင်သော သားပေါင်း တထောင်၊ ထိုသားတို့ သည် မြတ်သော အဆင်းကို ဆောင်ကုန်၏၊ အခင်းကို လှူသော အကျိုးဆက်အားဖြင့် ရတနာဖြင့် ပြီးသော အခင်းပေါင်းရှစ်သောင်း လေးထောင်၊ သင်္ကန်းလှူသော အကျိုးဆက်အားဖြင့် အဝတ်အထည် အပြည့်ရှိသော ဂိုဒေါင်ပေါင်း ရှစ်သောင်းလေးထောင်၊ ထိုဂိုဒေါင် တို့တွင် တခုသော ဂိုဒေါင်မှာ ပိုးထည်အပြည့်၊ တခုသော ဂိုဒေါင်မှာ ဝါထည်အပြည့်၊ တခုသော ဂိုဒေါင်မှာ ဘဲ့ဖြူပုဆိုးအပြည့်၊ တခုသော ဂိုဒေါင်မှာ ခုံချည်အဝတ်အပြည့်၊ တခုသော ဂိုဒေါင်မှာ ကာသိတိုင်း ဖြစ် အဝတ်အပြည့်၊ တခုသော ဂိုဒေါင်မှာ အဝတ်ဖြူအပြည့်၊တခုသော ဂိုဒေါင်မှာ ကမ္ဗလာနီ အဝတ်အပြည့်၊ တခုသော ဂိုဒေါင်မှာ ကမ္ဗလာ ညို အဝတ်အပြည့်၊ တခုသော ဂိုဒေါင်မှာ ကမ္ဗလာရွှေအပြည့်၊ တခု သော ဂိုဒေါင်မှာ ကမ္ဗလာနက်အပြည့်၊ ကြွင်းသော ဂိုဒေါင်တို့မှာ နတ်ဝတ်တန်ဆာအပြည့်၊ အိုးငယ် အိုးကြီး လှူဒါန်းခဲ့သော အကျိုး ဆက်အားဖြင့် ရွှေအိုး ငွေအိုး ပတ္တမြားအိုးပေါင်း ရှစ်သောင်းလေး ထောင်၊ ဗိတာန်တခုလှူသော အကျိုးဆက်အားဖြင့် ဗိတာန်ပေါင်း ရှစ်သောင်းလေးထောင်၊ တကဲမှီပျဉ်တခု လှူသော အကျိုးဆက်အား ဖြင့် တကဲမှီပျဉ်ပေါင်း ရှစ်သောင်း လေးထောင်၊ တံတိုင်းစောင်း ရန်းအတွက် ဆူးပင်စိုက်ပျိုးခြင်း၊ အရံအကာအတွက် ထန်းပင်စိုက် ပျိုးခြင်း ကုသိုလ်အကျိုးဆက်အားဖြင့် တံတိုင်းအရံ ခုနစ်ခုဖြစ်ပေါ် လေသည်။

ထိုတံတိုင်း ခုနစ်ခုတို့တွင် တခုက ရွှေတံတိုင်း၊ တခုက ငွေတံတိုင်း၊တခုက ကြောင်မျက်ရွဲ တံတိုင်း၊ တခုက ဖလ်တံတိုင်း၊ တခုက ပတ္တမြားနီတံတိုင်း၊

တခုက ပတ္တမြားပြောက် တံတိုင်း၊ တခုက ရတနာမျိုးစုံရောသော တံတိုင်းတို့ပင် ဖြစ်လေသည်။

တံတိုင်းအတွက် ထန်းပင်စိုက်ပျိုး လှူဒါန်းခဲ့သော ကုသိုလ်ကံ၏ အကျိုးဆက်အားဖြင့် ထန်းပင်တံတိုင်းကြီးခုနစ်ခု ဖြစ်လေသည်။

ထန်းပင် တံတိုင်းကြီး ခုနစ်ခု ဟူသည်ကား-

(၁) ရွှေထန်းပင်တံတိုင်းကြီး၊ (၂) ငွေထန်းပင်တံတိုင်းကြီး၊ (၃) ကြောင်မျက်ရွဲ၊ (၄) ဖလ်၊ (၅) ကျောက်နီ၊ (၆) ပတ္တမြားပြောက်၊ (၇) ရတနာအမျိုးမျိုးဖြင့် ပြုလုပ်သော တံတိုင်းကြီးတို့ပင် ဖြစ်သည်။

ထိုတွင် ရွှေထန်းပင်တံတိုင်း၌ ပင်လုံးကား ရွှေဖြင့်ပြီးသည်၊ ငွေထန်းပင်တံတိုင်း၌ ပင်လုံးကား ငွေဖြင့်ပြီးသည်၊ ကြောင်မျက်ရွဲတံတိုင်း၌ ပင်လုံးကား ကြောင်မျက်ရွဲဖြင့် ပြီးသည်၊ ဖလ်တံတိုင်း၌ ပင်လုံးကား ဖလ်ဖြင့်ပြီးသည်၊ ကျောက်နီတံတိုင်း၌ ပင်လုံးကား ကျောက်နီဖြင့် ပြီးသည်၊ ပတ္တမြားပြောက်တံတိုင်း၌ ပင်လုံးကား ပတ္တမြားပြောက်ဖြင့် ပြီးသည်၊ ရတနာအမျိုးမျိုး ရောသောတံတိုင်း၌ ပင်လုံးကား ရတနာအမျိုးမျိုးဖြင့် ပြီးသည်၊ အသီးတို့မှာလည်း ရွှေထန်းပင်မှာ ရွှေထန်းသီး စသည်ဖြင့် သီးကြလေသည်၊ လေခတ်သောအခါ ထွက်သောအသံကား တူရိယာငါးမျိုး တီးသံကဲ့သို့ သာယာလေသည်။

ကုသဝတီမြို့ဘော်မှာ ရွှေတံခါး, ငွေတံခါး, ကြောင်မျက်ရွဲတံခါး, ဖလ်တံခါး ဟူ၍ တံခါး လေးခုရှိ၏၊ တံခါး တခုတခုမှာ တံခါးတိုင်ခုနစ်လုံးစိုက်၏၊ သုံးတသူ* သုံးတသူကျယ်၍ အမြင့်တဆဲ့နှစ်သူ ဖြစ်သည်။

*မှတ်ချက်။ ။တသူ-ဟူသည်ကား လက်ခုပ်တဖောင် ရှိသော အတိုင်းအတာဖြစ်သည်၊ တံခါး တခုတခုမှာ တိုင်ခုနစ်လုံးကား- (၁) ရွှေတိုင် (၂) ငွေတိုင် (၃) ကြောင်မျက်ရွဲတိုင် (၄) ဖလ်တိုင် (၅) ပတ္တမြားနီတိုင် (၆) ပတ္တမြားပြောက်တိုင် (၇) ရတနာခုနစ်ပါးဖြင့် ပြီးသော တိုင်များ ဖြစ်သည်။

ကုသဝတီမြို့တော်၌ နေသော သူတို့သည် ချိုမြိန်ကောင်းမြတ်သော ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ကို စားသောက်ကြကုန်လျက် အောင်သေတို့ကို သောက်ကြကုန်၍ လုပသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ကြပြီးလျှင် သံဆိုကခုန် မြူးတူး ပျော်ပါးကြကုန်၏။

ကုသဝတီ တပြည်လုံး၌ နေကြသူ အားလုံးတို့မှာ ဘေးဥပဒ် အန္တရာယ် မငြိတွယ်ဘဲ စိတ်ဝယ်လျှမ်းဖြာ ချမ်းသာစွာနေကြရကုန်၏၊ ဆင်သံ၊မြင်းသံ ရထားသံ၊ မုရိုးစည်သံ၊ ထက်စည်သံ၊ ကြေးတီးသံ၊ စည်ကြီးတီးသံများဖြင့် တရံမပြတ် မြေခါတ်ပထဝီ နှစ်လီအက်ကွဲမတတ် အုံးအုံးကျက်ကျက် တခဲနက် ပျော်မဆုံး ရှိကြကုန်၏၊ ကုသဝတီ မြို့တော်ကြီးကား ရာဇဓာနီပြည်ကြီးပီပီ အလုံးစုံသောကာမဂုဏ်နှင့်ပြည့်စုံ၏၊ အာဟာရမျိုးစုံနှင့်လည်းပြည့်စုံ၏၊ရတနာ နှင့်လည်းပြည့်စုံ၏၊ ပဒေသာပင်မြို့တော်ကြီးဖြစ်၏။

သုဒဿန စကြာမင်းကြီးသည် ထိုကုသာဝတီ မြို့၌ မင်းဖြစ်၏၊ သူငယ် ဘဝနှင့် အနှစ်ရှစ်သောင်းလေးထောင်၊ ဖုတ်မှုန့်ကစားအရွယ်နှင့် နှစ်ပေါင်း ရှစ်သောင်းလေးထောင်၊ အိမ်ရှေ့မင်းဘဝနှင့် နှစ်ပေါင်း ရှစ်သောင်းလေး ထောင်၊ စကြဝတေးမင်းဘဝနှင့် နှစ်ပေါင်းရှစ်သောင်းလေးထောင်၊ယောဂီ ဘဝနှင့် နှစ်ပေါင်း ရှစ်သောင်းလေးထောင်၊နှစ်ပေါင်း ခြောက်သိန်း အသက် ရှည်သည်၊ ဤကဲ့သို့ စကြဝတေးမင်းစည်းစိမ် ချမ်းသာတို့ကိုရခြင်းကား- ထို မင်းကြီးသည် တခုသော ဘဝ၌ ရဟန်းတပါးအား သစ်ရွက်မိုး ကျောင်း တဆောင်နှင့် ပရိက္ခရာရှစ်ပါးကို လှူဒါန်းခဲ့သော အကျိုးအာနိသင်အားဖြင့် ရရှိသောအကျိုးများ ဖြစ်လေသည်။

တတောသော ပဏ္ဏသာလဥ္စ၊ သမ္ဗဒါနဥ္စ ယံကိဉ္စိ။
ဒတွာ စက္ကဝတ္တိရဇ္ဇံ၊ ကတွာ သဂ္ဂံ ဥပဇ္ဇတိ။

တတော၊ဗာရာဏသီ မင်းနေပြည်မှာ ဂုဏ်ရည်ပြန့်မွှေး သူဌေးဘွဲ့ထူးရသော အချိန်အခါမှနောက်၌။ သော၊ ထိုတရားကြောင်းနှင့် အများကောင်းအောင် ဆောင်ရွက်သည့် ဘုရားအလောင်းသူဌေးသည်။ ပဏ္ဏသာလဥ္စ၊ ရဟန်းတော် ဘို့နေဘ် မှန်းမျှော်ရည်လျက် သဒ္ဓါထွက်သည့် သစ်ရွက်မိုး ကျောင်းကိုရင်း။ သမ္ဗ၊ခပ်သိမ်းဥဿုံ အလုံးစုံသော။ယံကိဉ္စိဒါနဥ္စ၊ ကျောင်းနှင့်ဆိုင်ရာ အဖြာဖြာ သော ဒါနဝတ္ထုကိုရင်း။ ဒတွာ၊ စေတနာဖွေးဖြူ ပေးလှူခဲ့လေသောကြောင့်။ စက္ကဝတ္တိရဇ္ဇံ၊ စကြာယာဉ်ပိုင် တုပြိုင်ကင်းလစ် စကြာမင်း အဖြစ်ကို။ ကတွာ၊ ငါးဝအာရုံ ကာမဂုဏ်အစားစား စိတ်တိုင်းကျခံစား စံထားလောက်အောင် ဇိမ်ယူပြီး၍။ သဂ္ဂံ၊ မွေ့ပျော်ဘွယ်စုံ နတ်တို့ဘုံ၌။ ဥပဇ္ဇတိ၊ ကုသိုလ်ကံမြင့် အမှန်သင့်၍ တဆင့်ဘဝ ဖြစ်ရပြန်လေသတည်း။

ထိုစကြဝတေးမင်းကြီးသည် ဒါနစသော ကောင်းမှုတို့ကိုပြု၍ တော ထွက်တော်မူကာ ရဟန်းအသွင် စခန်းဝင်တော်မူပြန်သည်၊ ဈာန် အဘိညာဉ်တို့ကို ဖြစ်ပွား စေ တော် မူ၏၊ ထိုဘဝမှ စုတေပြန်သော် ဗြဟ္မာပြည်၌ ဖြစ်လေသည်။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့· ယခုအခါ၌သာ ဒါနမည်သည်ကိုပြုကြသည်မဟုတ်သေး၊ ရှေးအခါ၌လည်း ပညာရှိတို့သည် အလှူဒါနကိုပြုကြကုန်သည်သာတည်းဟု ဟောတော်မူ၍ ဇာတ်ကိုဤသို့ ပေါင်းတော်မူ၏။

## ဇာတ်ပေါင်းခဏ်း

စကြဝတေးမင်း၏ သွေမျိုးများသည် ယခုငါဘုရား၏ဆွေမျိုးများဖြစ်၏၊ စကြာမင်း၏ ဆင်ရတနာသည် ယခုသုဒ္ဓေါဒနမင်း၏ ဆင်တော်ဖြစ်၏၊ မြင်းရတနာသည် ယခု ကဏ္ဍကမြင်း၊ စကြာမင်း၏အဖသည် ယခုသုဒ္ဓေါဒန၊ စကြဝတေးမင်း၏ အမိသည် ယခု မဟာမာယာ၊ စကြဝတေး မင်း၏ မိဖုရား မြောက်ကျန်းသူသည် ယခု ယသောဓရာ၊ သားကြီးရတနာသည် ရှင်သာရိပုတ္တရာ၊ စကြာမင်းပရိသတ်သည် ငါဘုရား၏ပရိသတ်၊ မဟာသုဒဿနစကြာမင်းသည် ငါဘုရားဖြစ်တော်မူ၏ ဟု ဇာတ်ကိုပေါင်းတော်မူ၏။

မဟာသုဒဿန စကြာမင်းဇာတ် ပြီး၏။

ဇာတ်၏နိဂုံး အုပ်ဖုံးသော်ကား- (၁) အာဒိတ္တဝဂ်၌ ၁၀-ဇာတ်၊ (၂) သုမနကုမာရဝဂ်၌ ၁၀-ဇာတ်၊ (၃) စန္ဒကုမာရဝဂ်၌ ၁၀-ဇာတ်၊ (၄) အရိယဆတ္တဝဂ်၌ ၁၀-ဇာတ်၊ (၅) ဗြဟ္မကုမာရဝဂ်၌ ၁၀-ဇာတ်အားဖြင့် ဇာတ်ပေါင်း ၅၀-ဖြစ်သတည်း။

ဤသို့လျှင် ဇာတ်ပေါင်းငါးဆယ်တို့ဖြင့် တန်ဆာဆင်အပ်သော ဇင်းပယ်ပဏ္ဏာသဝတ္ထုတော်ကြီးသည် ၁၃၃၈-ခုနှစ် တန်ခူးလဆန်း ၄-ရက်၊ (၂၂-၃-၇၇)အင်္ဂါနေ့ နံနက် ၁၁-နာရီခွဲအချိန် မြန်မာဘာသာ ပြန်ဆိုရေးသား၍ အပြီးအဆုံးသို့ ရောက်သတည်း။

ဇင်းပယ်ပဏ္ဏာသဝတ္ထုတော်ကြီး ပြီး၏။

# မြန်မာပြန် နိဂုံး

၁။ နိဋ္ဌံ ဂတော ဝရော စိတြ- ပဏ္ဏာသ ဇာတလင်္ကိတော။
လိခိတော ယံ မယာ မြန်မာ-ဘာသာယ ပရိဝတ္တိယ။

မယာ၊ ထွန်းသိန်း အမည်ရှိ ပြည်သိသမုတ် အကျွန်ုပ်သည်။ မြန်မာ ဘာသာယ၊ တိုင်းရင်းမြန်မာ ကိုယ့်ဘာသာဖြင့်။ ပရိဝတ္တိယ၊ ရှေးဟောင်းမဆန် ရှေးစံနမူ တုမတူဖြင့် ဘတ်သူတိုင်းနှင့် နားပိုင်းသင့်အောင် နိုင်းချင့်ဉာဏ်ပို စကားပြေပြန်ဆို၍။ လိခိတော၊ ဆရာရှင်များ ပေးဉာဏ်အားဖြင့် ရေးသား အပ်သော။ ဝရော၊ စာပေရှင်တို့ အစဉ်ကြောင့်ကြ တောင့်တအပ်သော။ စိတြ- ပဏ္ဏာသဇာတလင်္ကိတော၊ ဇာတ်လမ်းနွဲ့ကျစ် ဇာတ်ဖွဲ့သစ်၍ ဇာတ်ဖြစ်ဆန်းကြွယ် ဇာတ်လမ်းထယ်သည့် ငါးဆယ်သတ်မှတ် ဝတ္ထုဇာတ် တို့ဖြင့် မှုရပ်မှန်စွာ တန်ဆာဆင်အပ်သော။ အယံဂန္ထော၊ ယိုးဒယားမြောက်ပိုင်း သမိုင်းရင်းတွယ် ဇင်းမယ်-ဇင်းမယ်ဟု ဆင်းကြွယ်မှည့်ခေါ် ဇင်းမယ်ဝတ္ထုတော် ကျမ်းသည်။ နိဋ္ဌံဂတော၊ ဘေးမသန်း ရန်မတွယ် အန္တရာယ်မနှောက် အပြီးအဆုံးသို့ရောက်ခဲ့ ပါသတည်း။

ဤဇင်းမယ်ဝတ္ထုတော်ကြီးကို မြန်မာနည်းကျကျ သောတရှင်တွေ နားဝင် လှအောင် စကားပြေ ပြန်ဆိုရသည်မှာ နဂိုက တောင်ပိုင်း ဗုဒ္ဓဘာသာ ပါဠိ ကျမ်းစာများကဲ့သို့ ကျမ်းနိုးမဟုတ်သည့်ပြင် မီရာဋီကာကျမ်းများနှင့် နိဿယ ပြန်ကျမ်းများကလည်း မယ်မယ်ရရ ကြွယ်ကြွယ်ဝဝမရှိသောကြောင့် အဆက် အတွဲမှာ အခက်အခဲတွေ့ရပေသည်။

ပါဠိ အနေအထားပိုင်းမှာ နဂိုအတိုင်း ဟုတ်ဟန်မတူဘဲ ပုဒ်မှားပုဒ်ပျက် ပုဒ်ဆက်ပုဒ်စပ် ပုဒ်ဟပ်ပုဒ်သွား အနေအထား မှားယွင်း နေသည် ကလည်း အများအပြားပင်၊ အက္ခရာဖောက်ပြားသဖြင့် အနက်ကောက်မှားဘွယ်လည်း မနည်းလှ၊ သို့ဖြစ်၍ ဤကျမ်းစာကို မြန်မာပြန်ဆိုရာ၌—

(၁) ပါဠိနေပါဠိထား၊ (၂) ဝါကျအနေအထား၊ (၃) တပုဒ်ချင်း ဟောနက်၊ (၄) တွဲဖက်ဟောနက်၊ (၅) ကျမ်းဆရာ၏ရည်ရွယ်ရင်း၊ (၆) မြန်မာပြန်ဆိုရာမှာ မြန်မာသုံးထုံးနည်းကျမကျ၊ (၇)စာရှုသူတို့နားရှင်းမရှင်း၊ အထက်ပါခုနစ်ချက်ကို ဉာဏ်သက်ဝင်အောင် ကြည့်ရှုဆင်ခြင်ရပေသည်။

ဤကျမ်းကို မြန်မာပြန်ဆိုရာ၌ အားကိုးတခုပြုရသော ကျမ်းများကား- မာဂဓ၊ သက္ကတ အဘိဓာန်ကျမ်းများ၊ သက္ကတ အင်္ဂလိပ် အဘိဓာန်ကျမ်းများနှင့် တောင်ပိုင်း ဗုဒ္ဓဘာသာကျမ်းစာများ ဖြစ်ပေသည်။

ဇင်းမယ် ဝတ္ထုတော်ကြီးသည် နိပါတ်မဝင် သင်္ဂါယနာဘင် မဟုတ်ဟု သမုတ်ပြောဆိုနေသဖြင့်လည်း အထူးဂရုစိုက်၍ နိပါတ်တော်အဆိုနှင့် မလိုမပို စေရအောင် ညှိနှိုင်းတိုက်ဆိုင် ကြည့်ရှုရလေသည်၊ ယင်းဝတ္ထုတော်ကြီးသည် သင်္ဂါယနာတင်မဟုတ်သော်လည်း ဇာတ်ထုတ်ဆင်ရာမှာ ညင်သာညက်ညော ချောပြေလေသည်၊ ဝတ္ထုအဆက် အကွက်လှသည်၊ လောကယုတ္တိ သဘောမိသည်၊ ဤကျမ်းကဲ့သို့ သင်္ဂါယနာမဝင်သော်လည်း စာပေဇင်တွင် စာပေရှင်တို့ လေးစားလျက် အရေးထားကိုးကားသောကျမ်းစာများကို တွေ့ရပေသည်။

ဗုဒ္ဓဝင်ကျမ်းပြု အရှင်တို့သည် သင်္ဂါယနာမတင် ဇာတတ္တကီ-သောတတ္တကီ အမည်ရှိသော သဟိုဠ်ဖြစ်ကျမ်းစာများ ကိုမှတည်ထားလျက် ပါရမီဖြည့်စဉ်များကို ရေးသားပြပြကြလေသည်၊ ဇင်းမယ်ဝတ္ထုဇာတ်သည်လည်း နှစ်ပေါင်းရှည်ကြာခဲ့လေပြီ၊ ဒါန၊ သီလ၊ ဘာဝနာကို အခြေခံထား၍ စာရှုသူစိတ်ဝင်စားအောင် ဝတ္ထုသွားဖြင့် အကျိုးတရားကို ဖော်ပြသွားပေသည်၊ တောင်ပိုင်း ဗုဒ္ဓစာပေနှင့်တိုင်းဘာနှိုင်းစာသင့်သော အချက်များရှိပေသည်၊ ပေတဝတ္ထုမှာ ပြသော အချက်အလက်များထက် ဖြစ်ရပ်များက မပိုပါ။

ဤကျမ်းကို ဘာသာပြန်ဆိုနိုင်စွမ်းသည်မှာ ကျွန်ုပ်၏ကျေးဇူးရှင်ဆရာသခင်များမှ နည်းမှန်လမ်းကျ ရရှိခဲ့သော ဉာဏ်စွမ်းဉာဏ်စသာ ဖြစ်ပါချေသည်။

## ကျေးဇူးရှင်များနှင့် ကျွန်ုပ်ဘဝ

ပုသိမ်ခရိုင် မြောက်ပိုင်း ငါးသိုင်းချောင်းမြို့၏ အနောက်ဖက် မြောက်မိုင်ကျော်ကျော်တွင် ပျော်စရာတကွက် အုန်း၊ ငှက်ပျော မရန်း၊ သရက် တို့ဖြင့် အဖက်ဖက်မှ အုံ့ဆိုင်းမှုန်မှိုင်းနေသော ရွာတရွာ ရှိပေသတတ်၊ ထိုရွာကို ထိုအခါက ခိုလာသူတို့အဝေးကကြည့်လျှင် အတွေးအဆ အပြည့်ဝင်ပေသည်၊ အလွန်ကြီးကျယ်သည်ဟုထင်ရပေသည်၊ရွာကိုရောက် အိမ်ခြေလျှောက် ရေတွက်လျှင်ကား ခေါင်းရင်းကအဖိုးအိမ်၊ အလယ်က အဖွားငယ်အိမ်၊ ခြေရင်းက အဖွားကြီးအိမ်၊ ဤသုံးအိမ်ကိုသာ တွေ့ရပေမည်၊မောင်နှမသုံးယောက် တရွာဆောက်၍ နေကြသည်။

သီတာချောင်း၏ လက်ဘက် ရိုးချောင်းကလေး၏ မြောက်ဘက် ကမ်းမှာ တည်ရှိသည်၊ နှစ်ဖက်ကမ်းတွင် စပယ်ပင်များ ပေါက်ရောက်၍ ထိုရိုးချောင်း

ကလေးကို ဇပယ်ရိုးချောင်းဟု ခေါ်ဆိုလေသည်၊ ဤချောင်းကို အမှီပြု၍ တည်လာသောရွာကို ဇပယ်ရိုးရွာဟု အများတကာက သမုတ်ခေါ်ဝေါ်လေသည်၊ထိုချောင်း၏အနောက်ဖက်တွင်လည်း ထိုမောင်နှမသုံးဦး၏ အစ်ကိုအစ်မများပင် တရွာတည်၍ နေကြလေသည်၊ ကမ်းနှစ်ဖက်ပေါင်းသော် အိမ်ခြေတဆဲ့ရှစ်အိမ်မျှရှိလေသည်၊ ဆွေစုမျိုးစု စိုးပြုသောရွာဖြစ်၍လည်း ချစ်မေတ္တာသွေးဖျန်းလျက် အေးချမ်းသာယာလေသည်၊ပစ္စည်းရေး လူမှုရေးဖြင့် အသေးအမွှားပြဿနာများမှ၏ မပေါ်ပေါက်ခဲ့ပေ။

အုဂ်ဖိုဆရာတော်ဘုရား ဒွါရသာသနာ ပြုလာသောအချိန်မှာ ဆရာတော်ဘုရားအား အလွန်ကြည်ညို၍ ဆရာတော်ကြီး ချထားပေးသော ဘုန်းတော်ကြီးကို ကျောင်းဆောက်ကိုးကွယ်ရာမှစ၍ အနီးအပါးက ဇပယ်ရိုးဒွါရစုဟု ခေါ်ဝေါ်မှုပြုလာပေသည်၊ ထိုအချိန်က ဒွါရအရှိန်အဝါ ထိန်ထိန်ပြာသော ရွာကလေးပင်။

ထိုရွာကလေး၌ လယ်ပိုင်ရှင်ကြီးကား မဟုတ်၊ ကိုယ်ပိုင်လယ်ပဲ့ကိုလုပ်ပြီး ကုပ်ကုပ်နေထိုင်သော ဦးစံမိတ်- ဒေါ်ငွေခင် ဗုဒ္ဓဘာသာဝင် ဇနီးမောင်နှံတို့သည် ရှိကြပေသည်။

ကျမ်းပြုရှင်သည် ၁၂၇၄-ခုနှစ် ပြာသိုလဆန်း ၅-ရက် စနေနေ့နံနက် ၈-နာရီအချိန်တွင် အထက်ပါလယ်သမားကြီး မိဘနှစ်ပါးတို့မှ တတိယမြောက်သားအနေဖြင့် ဖွားမြင်ခဲ့ပေသည်၊ ပဌမအမကြီးကား ဒေါ်စိန်ပု၊ ဒုတိယမြောက်သားကား ဖွားပြီးစကပင် သေပျောက်ခဲ့သည်၊ တတိယမြောက်အဖြစ် ဤကျမ်းစာရှင်ကိုမွေးသည်၊ ထိုနောက် ဒေါ်မြလေးနှင့် ဒေါ်မလေး၊ ထို့နောက် ဦးမောင်အေးကို မွေးဖွားလေသည်၊ ယခုအခါ ကျမ်းစာရှင်တို့မှာ မွေးချင်း ဒေါ်စိန်ပု၊ ဒေါ်မလေး၊ ကျမ်းစာရှင် သုံးဦးသာကျန်တော့သည်။

မိဘနှစ်ပါးတို့သည် ကျမ်းစာရှင် ကိုးနှစ်သားအရွယ်ရှိလျှင် ဇပယ်ရိုးဒွါရကျောင်းဆရာတော် အရှင်စန္ဒထေရ်ထံ အပ်နှံ၍ တတ်ရန်သင့်သော ပညာများကို သင်ကြားစေလေသည်၊ ၂-နှစ်မျှ သင်အံလေ့ကျက်မိသော် ဇပယ်ရိုးဆရာတော်၏ အခြေခံသင်ရိုးညွှန်းတမ်း ကုန်စင်အောင် ပုံဝင်တတ်မြောက်လေသည်၊ မူလသင်ရိုး အစဉ်ကျိုးသောအခါ ထိုကျောင်းမှာပင် လောကဓာတ်ပညာသင် ဆရာကြီး ဦးဘိုးသင်း အထံ၌ လောကဓာတ်ပညာကို သင်ကြားရလေသည်၊ (အတွက်အချက် ဂဏန်းသင်္ချာများကို ဆရာကြီးကသင်ပြပေးသည်၊ တလကို တယောက် တမတ်ကျဖြင့် ဆရာကြီးအား ပူဇော်ရသည်။)

ဆရာကြီး ပညာသင်ကြားပေးနေစဉ်မှာပင် ဆရာတော် အရှင်ဝိနာယက လည်း ကျုံပျော်မှဇပယ်ရိုးကျောင်းသို့ရောက်လာ၍ ဆရာကြီးနှင့်အတူ ဂဏန်း သင်္ချာ တွက်ပုံစာ အပြာပြာကို သင်ပြပေးလေသည်။

ကျမ်းစာရှင် ၁၃-နှစ်သားအရွယ်သို့ ရောက်သောအခါ တောရွာအနေ အားဖြင့် စာရင်းကလေးများ အကြမ်းစား ရေးတတ်မှတ်တတ်လာပေသည်၊ ထို ၁၃-နှစ်သားအရွယ်မှာပင် တွယ်တာသောဖခင် သေဆုံး၍ လုံးလုံးကြီး လယ်ယာတွင် ဝင်ရောက်ကာ ထမ်းဆောင်ရလေသည်၊ ဖခင်ဆုံးသောအချိန် ကား သီတင်းကျွတ်လ မိုးကသည်းထန်တုန်းပေမဲ့ သီးနှံက အားလုံးပြီး၍ ဝိုက်ဝရာအထူးမလို၊ လယ်မြေမှာ ရေနေရေထား ရေသွားရေလာကြည့်လျက် ဖောက်သင့်လျှင်ဖောက် ရောက်သင့်ရာ အရောက်ပို့၍ ပိတ်သင့်လျှင် ပိတ်၍ ပေးရလေသည်။

ရွှေဝါနှံများ ရင့်ဖျားမကျန် အဆံပြည့်တင်း မှည်ဝင်းသော အချိန်မှာ ကား မလိမ်ဘမာဖြစ်သော ကျွန်ုပ်သည် ဖခင်လုပ်ထားသော လယ်ယာကို ဦးဆောင်ကာ ရိတ်သိမ်းရလေသည်၊ အလေ့အကျင့်နှင့် အတွေ့အဆင့်မှာ အများမှီအောင် နားလည်မှုမရသေးသော ကျွန်ုပ်ကား အများထက် အမြင် ဆန်း၍ အသွင်ပန်းရလေသည်၊ ပင်ပန်းသော်လည်း ဘဝင်ချမ်း ရွှင်လန်း ယျက်ပင်၊ မျှော်လင့်ချက်ကား အထူးမရှိ၊ မြေကြီးက ရွှေသီးသည်ဟုသာ အမှတ်ထားသည်၊ ဒီအချိန်က ဇပယ်ရိုးရွာကို တာဝတိံသာ နတ်ပြည်ထက် ခင်သည်၊ ဒီမိ ဒီဖ ဒီနှမနှင့် ဒီကကွယ်လျှောမည်ဟု ဘယ်သောအခါမှ မထင် မိခဲ့၊ အမြင်မှားတဲ့ ထင်စားမှုကတော့ သွင်ခြားဘခု ဖြစ်ခဲ့ရပြီကောနော်။

ဖခင်သေဆုံးတော့ အားလုံးထင်စားမှုပြီးပြတ်ခဲ့သည်၊ ဒွါရအုဂ်ဖို ထုတ်ဆို တော်မူတဲ့ဥဒ္ဒြမာတကံ၊ သေလေပြီးနောက်သုံးရက်မြောက်၌ လေလျှောက်ကိုယ် လုံး လေခေါင်းအုံးသို့ စုရုံးဖွဲ့နှောင် ဖူးဖူးရောင်ပုပ် ဟောင်ဟောင်စုတ်ဖြင့် စက်ဆုပ်ဖွယ်ရှိသော အကောင်ပုပ်ရင်း ဟူသော အသုဘကမ္မဋ္ဌာန်း စီးဖြန်း ရွတ်ပွားလျက် စိတ်ထားကို ကျိတ်အားနဲ့ ဖြေနေရပေသည်၊ အနိစ္စ အနိစ္စနှင့် ဒိဋ္ဌမလွတ် စိတ်ကညွတ်၍ ရွတ်သည်၊ ကလေးအရွယ်ပေမဲ့ အရေးနှယ်တော့ အပေးတွယ်လို့ အတွေးကြွယ်ခဲ့သည်။

ကျမ်းစာရှင်ကား နှင်းငွေရည်ပုလဲဥတို့ စုကာဖျန်းတဲ့ ပန်းလှခူါညို ဆန်း လပြာသိုမှာ ဘာလိုလိုနှင့် တဆဲ့လေးနှစ်တွင်းသို့ ချဉ်းခဲ့လေသည်၊ ဖခင်၏ အေးမသာနှင့် ရှင်သာမဏေပြုပွဲယှဉ်တွဲ၍ဆင်နွှဲသည်၊ ဆိုင်းဝင်သည့်ည ကလေး ဘဝမို့ အတွေးအဆက မရင့်ကျက်၊ အေးဘဝလို့လဲ့ ဆင့်မတွက်ဘဲ နေခဲ့

သည်၊ နောက်တနေ့မှာ ရှင်ပြုတရားနာ ဖခင်၏ဥတုဇရုပ်ခန္ဓာကို တရားနာ ဖိတ် စိတ်က လှုပ်ရှားနေသည်။

ပင့်သံဃာအများတွင် ဘိုးဆရာတော်ဘုရားလည်းပါသည်၊ ဓမ္မကထိက ကိုယ်တော်က မလိုချော် အမှားပအောင် တရားပြသည်၊ ရေစက်ချ အမျှဝေ ဦးသက်ရှေဆိုင်းက ဘာကိုတီးသည်ဆိုတာကိုတော့ မသိ၊ မချိအောင် ကာလိ ယောင် ဇက်လေး၍ လွမ်းမျက်ရည်လေးများ ယိုမိသည်၊ မျောက်မင်းအူသံ လေလော မပြောတတ်ပါခဲ့။

ဖခင်၏ တယုတယကို ခံခဲ့ရသူမို့ ဖခင်မိုးမိုးမတ်ဖတ် ရပ်နေသောအသွင် ကို မမြင်ရ၍ ဘဝင်မကျ အသွင်မလှ ဖြစ်ခဲ့ရသည်၊ ဖခင်အေးမသာလည်း ဝေးတနေရာမှာ ဆွေးမြေဇာမှုရင်းဖြင့် ဂူသွင်းသင်္ဂြိုဟ်ခဲ့ပြီ၊ ကျွန်ုပ်မှာလည်း သွင်ရုပ်မှာ အဝါရေလွှမ်းလို့ သက်နှိုးချည်ရပြီ၊ တွက်ချေကတော့ ရက်ရှေ မဟုတ်ပါ၊ အလွန်တွက်မှ ခုနစ်ရက်မျှသာ သာသနာမှာ ရှင်သာမဏေဟန် ဖြင့် နေဘို့ရန်ကြံမိသည်၊ ခုနစ်ရက်စေ့တော့ အမေ့ကိုမှာ လူထွက်လိုတာကို ပြောပြ အမေကဒေါထ၍ဆူ သဘောကမတူ ကျွန်ုပ်က မကြည်ဖြူ။

နောက်ဆုံးအချုပ်မှာတော့ ကျွန်ုပ်သာ သွင်ရုပ်မပြေ တင်နှုတ်မချောဘဲ အမေ၏ ဆန္ဒအတိုင်း တရံမျှမဆိုင်း ငါးသိုင်းချောင်းမှ ဘိုးဆရာအကြိုက် ဆိုးအဝါ အထည်ပိုက်၍ အကြည်မဆိုက်ဘဲ လိုက်ခဲ့ရလေသတည်း။

## ငါ့သဘော မင်းပြောစရာမလို

ပျော်ပျော် မပျော်ပျော် တော်ရာမှာနေ ဆိုချေသည့်စကားဖြင့် ဘိုးဆရာ ထံပါးမှာ ကြံအားမမျှ ဉာဏ်သွားမရ ကံတရားချပြီး သင်ပြသောသဒ္ဒါကို ကြိုးပမ်းကာ သင်အံ နေရလေသည်။

ဘိုးထေရ်ရှင်ကား ရွှေကျင်ဂိုဏ်းစီး ဆရာတော်၏တပည့်ကြီးဖြစ်၍ ရွှေကျင် နည်း ကျင့်စဉ်အတိုင်း ကျင့်ရလေသည်၊ နံနက်စောစောမှာ ကျောင်းတခု လုံး ဖုံမရှိအောင် တံမြက်လှည်း၊ညနေစောင်းတော့ ရွှေကျောင်းတော်အောင် ပျော်တဲ့ဘုရား ရေသွားလို့လှူ၊ နေ့လယ်တော့ သဒ္ဒါကျက် ဗာလာဝတာရ ဆက်၍ဆို၊ နေညိုလို့ လေချိုသွေးတော့ ရွှေကိုယ်လေးစောင်း ကျောင်း၏ တောင်ဘက်မှာရှိတဲ့ ဇရပ်ခြေမြင့်ကလေးဆီသို့ပြေး နေလေးမဝင့်တဝင် မိမိ တာဝတိံသာလို့ ထင်ခဲ့သော ဇပယ်ရိုးရွာကိုမျှော်၍ ငယ်ပေါင်းငယ်ဖော် တွေကို သတိရလျက် ရှိုသမျှမျက်ရေ တတွေတွေ သွန်ခဲ့သည်။

ကျွန်ုပ်၏စာသင်မှုကား ဂရုတစိုက်မို့ ယခုအခိုက် မကြာမနွေးဆောင်ငင်၍ သဒ္ဒါလေးစောင်ပင် ကျွတ်ခဲ့သည်၊ တနေ့နှင့်တမိုး စာသင်သက်။

သိတင်းဝါလကျွတ်တော့ ရန်ကုန်မှ သရာတော်၏ တပည့်ကြီး (ယခု ပြောင်းမြ အဂ္ဂမဟာပဏ္ဍိတ ဇေယျမေဒနီဆရာတော်) ရဟန်းတော် နောက် ပေါ်တပည့်များနှင့် ရောက်လာသည်၊ ရန်ကုန်ဝေဠုဝန် စာချ ဘုန်းတော် ကလေး ဖြစ်ပေသတဲ့။

ဆရာတော်ကြီး၏ လွှဲအပ်ချက်ဖြင့် စာချရဟန်းတော်ရဲ့ထံပါးမှာ ဆက် လက် သင်ကြားရ ပြန်ပါသည်၊ တနေ့တဝါကျွတ်၍ ဗာလဝတာရကျမ်း လည်း ဆုံးခန်းတိုင်ရောက် ပြီးမြောက်ခဲ့ပြီ၊ ယခုအချိန်မှာတော့ ဖော်သဟာ ရှိပြီမို့ ကလိလုံသော အလွမ်းမာတ် တခန်းရပ်ခဲ့ပြီ၊ စာပေသစ်ကို ကြာရှေ မလစ်အောင် တရစ်လှမ်းရပြန်လေသည်၊ သဒ္ဒါကြီးဆက်တက် ရပ်တွက်ပုံ ကား ဗာလာဝတာရမှ အခြေရခဲ့လို့ အစစနားလည်၍ အားစည်လာသည်၊ တိုးတက်၍ ဖြိုးလက်ကာ အသိဉာဏ်ကို အရှိန်ရန် စိတ်ဝင်စားလာသည်။

ကထိန်လကုန်ဆုံး ရွှေဝါနှံဖုံးလုံးလို့ လယ်ယာဦးကြီးတွေ ပြုံးတုန်းရာသီမှာ စာချဆရာထေရ်က အညာပြည်ကို စာတချီသင်ရန် ကြွဦးမည်တဲ့ ပြောစကား နဲ့ ကြားရသည်၊ အစစအရာရာ ကျနစွာ ပြင်ဆင်လျက်ရှိသည်။

ကျွန်ုပ်အား စာချဆရာက ရွှေညာကို လိုက်ပါဘို့ ခေါ်သည်၊ ဘိုးဆရာ တော်ကြီး ဝပ်တွားရိုကျိုး ရှိခိုးလျှောက်ထား၍ အညာသွားခရီးအတွက်ဆက် ခွင့်ရလေသည်၊ မိဘနှင့်ရပ်ရွာ ထပ်တရာ ကြံသဘောဝင်၍ သံယောဇဉ်ရှိခဲ့ သော ကျွန်ုပ်သည်ကား ပန်းမြဒွါ ညိုဆန်းလပြာသိမှာ စန်းထလာသလိုလိုနဲ့ အညာကို ခိုရပါတော့မည်၊ စာပေတွင်သာ ဖတ်ရ၍ အတပ်မျက်မြင်မဟုတ် သော အရပ်ဒေသများကို ယခုရောက်ရပြီ၊ ငါ့ဘဝအတွက် အလှအပအမြတ် ထွက်ဘာဘဲဟု တွက်ဆပါသည်၊ ပခုက္ကူမှာ တဝါဆို ဆရာ၏ အလိုအတိုင်း တဝါပြီးပြန်တော့ အမရပုရသို့ တချီလှမ်းရပြန်သည်၊ အမရပုရမှာ စာချဆရာ ၏ ကရုဏာရှေ့ပြေး ချပို့ပေးမှုဖြင့် သဂြိုဟ်သရုပ် အဘိဓမ္မာညဝါ သဒ္ဒါရှုပသိဒ္ဓိ တို့လည်း ထိထိမိမိ အသိရှိသင့်သလောက် ရှိခဲ့ပြီ၊ စာကြီးပေကြီးများကိုပင် ဖြိုးဖြိုးဖျောက်ဖျောက် ဒိုးဒိုးဒေါက်ဒေါက် ကြည့်ရှုတတ်လာပေပြီ။

ကျွန်ုပ်၏ဆရာ စာချအကျော် ရဟန်းတော် အရှင်မြတ်ထံမှာ အစဉ်မပြတ် အံ့ကာဖြင့် နေ့ဆိုဝါဠီကာကျော် ညသော်မာတိကာ နံနက်မှာ ကခ်ါတက် ပညာဘက် ဖြိုးကြွားဝေအောင် ကြိုးစားနေပါသည်။

ညနေညနေ ဘိုးဘုရားအမွေ ရေလျှဝတ်ကို အမရပုရရောက်မှ တဖန်ဆက်၍ လှူနိုင်ပြန်ပါသည်၊ အခြေအနေမသစ်သဖြင့် နှစ်နှစ်နီးပါးမျှ ရေဒါန ပြတ်ခဲ့ရလေသည်၊ ရေလှူရမှ စိတ်ကရှင်းသလိုလို။

ကျွန်ုပ်အသက် ဆဲ့ငါးနှစ်ကျော်ကျော်မှာ မိခင်သေဆုံးပြန်ပါသည်၊ အညာမြေမှာ ကျွန်ုပ်ကား နှစ်နွေဖြစ်ခဲ့ပြီ၊ ကျွန်ုပ်ရင်ရွာမှ ထွက်ခဲ့၍ သေသွားသည့်တိုင်အောင် ကျွန်ုပ်အား တွေ့မသွားရရှာသော မိခင်၊ သားရွှေစင်ကို တွေ့ချင်လွန်းလို့ မသေမီရက်ပိုင်းက စိတ်တိုင်းကျ ရွှေညာ သားရှိရာ ငါသွားမည်၊ ငါ့သားကို အောက်မေ့သည်၊ စကားလတ်ဆတ် ရက်တပတ်မကျော်မီ မရဏပြည်သို့ မြန်းရသည်ဟု ကဆင့်စကား ကြားရပေသည်၊ အသိဉာဏ်ပသွားခင်က အမိဟန် မတရားဟု ထင်စားခဲ့သော အတွေးများ လေးစားစွာ ညွှန်တမော့မော့ဖြင့် ကျွန်ကန်တော့ပါသည် မိခင်။

## မိဘနှစ်ပါး စွန့်ခွါသွားလည်း ကိုးစားလောက်ပေ ဆရာထေရ်

မိဘနှစ်ပါး ဘဝခြားသော်လည်း ဆရာတော်များကို အားထား၍ လောကကြီးကို လျှောက်ခဲ့သည်၊ ဆရာတော်လည်း ကျွန်ုပ်မှာသော် နှစ်ဖော်မိဘအသစ်ရသကဲ့သို့ အဝဝမြောက်မြင့် ထောက်ပင့်သည့်ပြင် အပ်သင့်ရာအပ် ပို့သင့်ရာပို့၍ ပညာနှီကို သောက်စို့စေပါသည်။

ကျွန်ုပ်အသက် ၁၇-နှစ်ကျော်တွင် အမရပုရ မင်္ဂလာတိုက်ဟောင်း စာချဆရာတော် အရှင်ဝိမလ (အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဝိပဿနာ)ဆရာတော်ထံသို့ ပို့အပ်ပေးပါသည်၊ မိုးကုတ်ဆရာတော်ကလည်း ကျွန်ုပ်အား ပဋ္ဌာန်းညဝါကို အထောက်သာမဏေ စာဆိုအနေအထားနဲ့ သင်ကြားပို့ချပေးပါသည်။

အမရပုရကညဝါပြီးပြန်တော့ မန္တလေးအနောက်ပြင် စိန်းပန်းရပ် အဘယာရာမရွှေကူဆရာတော်ထံ အပ်နှံပေးတော်မူပြန်ပါသည်၊ ဆရာတော်ဘုရား အထံ၌ အဘိဓာန် အသုံးအနှုန်း ရေးထုံးပုံစံနှင့် တကွ မောဂ္ဂလ္လာနဗျာကရဏကို စာဆိုဝါအဖြစ်ဖြင့် သင်ကြား တတ်မြောက်ခဲ့ရပေသည်၊ ပါဠိစာပေနယ်မှာ ကြွယ်ကြွယ်ဝဝ လှလှပပသုံးတတ် ရေးတတ်သည်ကား မြောင်းမြ အဂ္ဂမဟာပဏ္ဍိတ ဇေယျမေဒနီဆရာတော်နှင့် မန္တလေး အဘယာရာမ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ထိုဆရာနှစ်ပါးတို့၏ ကျေးဇူးတရားဖြစ်ပါသတည်း။

ဤကဲ့သို့ ပါဠိစာပေ၌ အဝါးဝဝ အသားကျကျ ဖြစ်ရသည်မှာ ပါဠိစာပေနယ်၌ အခြေခံအုတ်မြစ် တွယ်စေသော ဆွဲလည်းကုန်း ဆရာတော်၊ မြောင်းမြ ဇေယျမေဒနီ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်နှစ်ပါးတို့၏ ရှေးရေးကို ပျော်တွေးကြံဖန် လမ်းမှန်တခုဖြစ်၍ ဘဝတကွေ့မှာတော့ မေ့၍မရစကောင်းသော ဆရာတော်တို့ပါတည်း၊ ဇေယျမေဒနီ ဆရာတော်၏ ဦးဆောင်နည်းပေးမှုဖြင့် စာမေးပွဲအဝဝကိုလည်း အလှအပ အောင်မြင်ရပေ၏၊ သက္ကတ စာပေနှင့် အင်္ဂလိပ်စာပေကိုလည်း ဆရာတော်၏ ကျေးဇူးဖြင့်ပင် ရခဲ့ပေသည်။

ကျေးဇူးအလေ့ထွေကို ဆပ်ပေးသော အနေအားဖြင့် ကျွန်ုပ်သည် ၂၃-နှစ်အရွယ်မှာ မြောင်းမြသို့ပြန်၍ ဆရာတော်၏ သာသနာရေးတွင် အကူအညီပေးခဲ့ပါသည်၊ သာသနာရေး အားပေးတူမှီ ကူညီမှုဖြင့် ရတုသစ်၍ တခေတ်ပြောင်းခဲ့ပါပြီ၊ တိုက်တာ အဆောက်အဦ အထွေထွေနှင့် ဘွေနေရာသစ်၍ ရှေမြေလှာဖြစ်ခဲ့ပါပြီ၊ ဤဘဝတာ ဤမျှသာ ကြည်မြပါသော်လည်း အခါတော်မသစ် ကြမ္မာနေဝ်ဆင်၍ ဆရာတော်ချစ်နှင့် ခွဲခွါခဲ့ရသည်မှာ ၃၀-နှစ်ကျော်၍ ၄၀-နှစ်ပင် ဆန်းသစ်ခဲ့ပါပြီ၊ မှန်းမပြေဖြင့် လွမ်းငွေ့ဝေလျက်ပင် ရှိပေသေးသည်။

သာသနေ ယမ္ဗရေ စေရာ၊ ဂုရဝေါ သူရိယောပမာ။
ပူဇေမိ စိပိနာ တေသံ၊ မာတာပိတူန မာဒရံ။

သာသနေ အမ္ဗရေ၊ တရားခြည်ရောင် ဝင်းဝင်းပြောင်သည့် လင်းဆောင်ဘွဲ့ဟာ သာသနာခေါင်တွင် လေဟာပြင်၌။ ဂုရဝေါ၊ သီလသဒ္ဒါ ပညာမောက်ဖြိုး ကျောက်ထိုးတန်၊ သန္တာန်ရှု၍ စံပြုရေးထား လေးစားတိုက်ကုန်သော။ သူရိယောပမာ၊ ကမ္ဘာ့ဘောင်လည် ပြောင်ပြောင်ကြည်၍ ရောင်ခြည်လှဆင်း ပပဝင်းသည့် နေမင်းကြီးတဆူ တူတော်မူကြပေကုန်သော။ ယေအာစေရာ၊ အဂ္ဂမဟာ ဆက်လာပဏ္ဍိတ် တံဆိပ်ရ-မရ အနန္တဂိုဏ်း စံပြန်နိုင်း၍ သမိုင်းတွင်လာ အကြင်ဆရာမြတ်တို့သည်။ သန္တိ၊ အသွင်မခြား အမြင်အားဖြင့် ထင်ရှားရှိကြပါကုန်၏။ တေသဥ္စ၊ အနန္တဂိုဏ်း သမိုင်းအဝင် ထိုဆရာရှင်တို့အားရင်း။ မာတာပိတူနဥ္စ၊ မြင်းမိုရ်တောင်ဦး အခေါင်ကျူးသည့် ကျေးဇူးကြီးမား မိဘနှစ်ပါးတို့အားရင်း။ ဠမိနာ၊ ကိုယ်တိုင်လေးစား အတွေးကြွား၍ ရေးသားရင်းတယ် ရှုခင်းကျယ်သည့် ဇင်းမယ်မည်ချီး ဤဝတ္ထုတော်ကြီးဖြင့်။ အာဒရံ၊ မိဘဆရာ ကျေးဇူးသာ၍ မေတ္တာစိုပြေ ပိုမိုဝေလျက် ရိုသေလှစွာ။ ပူဇေမိ၊

ကျေးဇူးအဖုံဖုံ ဂုဏ်အစုံစုံကို အာရုံယူမြော် အထူးဖော်၍ ပူဇော်ကန်တော့ပါ
သတည်း။

မိဘနှစ်ဖြာ၊မြတ်ဆရာတို့၊ မေတ္တာရှေ့ထား၊ ပေးညာဏ်အားဖြင့်၊ လူများ
အလယ်၊ သိပွားကြွယ်၍၊ နှစ်သွယ်အကြောင်း၊ ဆိုးအကောင်းနှင့်၊
ရုပ်ပြောင်းရုပ်ခွါ၊ ရုပ်ခန္ဓာဝယ်၊ ဘယ်ဟာဘယ်ရုပ်၊ ခေါ်သမုတ်ဟု၊
ဖော်ထုတ်နာမ်မှာ၊ သိညာဏ်ဖြာတို့၊ ဝေါဟာဆိုရေး၊ စုံစွာပေးသည့်၊
ကျေးဇူးအထု၊ တွက်ရေပြုလည်း၊ ကုန်မှုဘယ်မှာ၊ ရှိတို့ပါလိမ့်၊ တင်
လာအထူး၊ ထိုကျေးဇူးကို၊ ရှင်မြူးဝမ်းသာ၊ ဤကျမ်းစာဖြင့်၊ မှန်း
ကာမာန်လျှော့၊ ကျွန်ကန်တော့၏။

ကျမ်းစာပြုစု၊ ဤကောင်းမှုကား၊ ပြုသမျှထိုထို၊ များကုသိုလ်တွင်၊
သာပိုဦးစီး၊ ကုသိုလ်ကြီးဟု၊ စောဓိဘုရား၊ဟောမိန့်ကြား၏၊ ပြုငြား
မှုပို၊ ဤကုသိုလ်ဖြင့်၊ ဗိုလ်လူကောင်းကျိုး၊ သယ်ဆောင်ပိုးသည့်၊ဖွံ့ဖြိုး
သိလျှံ၊ သဗ္ဗညာဏ်ကို၊ ကေန်စင်စစ်၊ ရကြောင်းဖြစ်၍၊ ထွန်းသစ်ရောင်
ဝေ၊ ဗုဒ္ဓဟောဝယ်၊ ငါးထွေမာရ်သင်း၊ ပယ်လှန်ရှင်းလျက်၊ မင်းမင်းရာ
ဇ၊ သုဂတဟု၊ ပြုသဂုဏ်ဟိတ်၊ ပုံတံဆိပ်ဖြင့်၊ ညောင်ရိပ်ပလ္လင်၊အောင်
လံတင်သည်၊ နောင်တွင်မုချ ဖြစ်ရလိုသည်ဘုရား။

ယံ မေ လဒ္ဓံ တုင်္ဂံ ပုညံ၊ နိဿာယ ဇင်းမယ်ဇာတကံ။
တေဇေနဿ ဓဇံ ဗောဓိံ၊ ဒုမေ ဥဿာပယေ ယတိံ ။

မေ၊ ထွန်းသိန်း ထွန်းသိန်းဟု မည်ပြုဘမ်းသာ ငါဆရာသည်။ ဇင်းမယ်
ဇာတကံ၊ ဇင်းမယ် ဇင်းမယ်နှင့် သတင်းထယ်သည့် ဇင်းမယ်ဝတ္ထုတော်ကြီးကို။
နိဿာယ၊ မာဂဓမှတဖန် မြန်မာဟန်ဖြင့် မြန်မာပြန်မှု အမှီပြု၍။ တုင်္ဂံ၊ ပြုပြု
သမျှ ကုသလမျိုးဝယ် တုမရတန်ခိုးကြွယ်၍ စိုးဘွယ်လွတ်ဆိတ် အထွတ်အထိပ်
ဖြစ်သော။ ယံပုညံ၊ တိဟိတ်ဥက္ကဋ္ဌ အမြတ်ခေါ်ဆို အကြင်ကုသိုလ်ကို။လဒ္ဓံ၊
ညာဏ်စွမ်းညာဏ်စ စွမ်းရည်ပြ၍ မုချမှန့်စွာ ရအပ်ပါ၏။ အဿ၊ ဇင်းမယ်ဝတ္ထု
တော်ကြီး အားသည်းရေးပြု ထိုကောင်းမှု၏။ တေဇေန၊ စွမ်းရည်ဘက်ရိုး သူ့
ထက်မိုးသည့် တန်ခိုးလွှမ်းကြွား စွမ်းပကားဖြင့်။ ဒုမေ၊ စစ်ချီအားပြိုင် မာရ်
ငါးခိုင်ကို အောင်နိုင်ရာဘိ အပရာဇိတ ဗောဓိပင်ခြေ ပလ္လင်မြေ၌။အာယတိံ၊
ပါရမီမျိုး စုံညီဖြိုး၍ ကောင်းကျိုးဆောင်လာ နောင်အခါဝယ်။ ဗောဓိံဓဇံ၊
ပညာမိက အမိတဟု ဇိနရောင်လျှံ အောင်လံတော်ကို။ ဥဿာပယေ၊ မြင့်မြင့်

မားမား ဝင့်ဝင့်ကြွားကြွား လွှင့်လွှင့်ဖားဖား ဘုရားအဆူဆူအနေ တရားတကြူကြူခြေ ကြွားတလူလူဝေလို့မို့ (သြ) တင်ပါရစေသား- အရှင်မြတ်ကြီးဘုရား။

ယာဝ ဗုဒ္ဓေါတိ နာပမ္ဘိ၊ လောကာန် ဇာယတေ မုဝေ။
ဝိဋ္ဌတံ တာဝ ရာမေန္တိ၊ ဠက္ခတံ ငင်းမယ်ရှုပိနိ။

မြတ်ဘုရားရယ်လို့ ရပ်စကားမှာဖြင့် ကြွားရပါသေးရဲ့ အသံတော်။

လူ့လောကကို ပြုငယာဂိ ဖန်ဝါသင်းရယ်-(အိုကွယ်) ကင်းပေမဲ့နော်၊ ငင်းမယ်ဂဲ့ဝေါ် ပြည်ကျော်တဲ့ ပျိုထွား။

ပူပူပင်နေပျော်ဘို့ လူသူကိုမြေပျော်လို့ သပြေပေါ် တောင်မြောက်ကျွန်းမှာအရှေ့နော် အောင်စေညွန်းလို့ရယ်- (အိုကွယ်) ထွန်းသစ်စေသား။